www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

မဂ္ဂဇင်း

(၆၂) ကြိမ်မြောက်

ဝိဇ္ဇာမိုရ် အဘဘိုးမင်းခေါင်

ထွက်ပွဲ အထိမ်းအမှတ်





စိတ်သာချ ဝိဇ္ဇာမ,မည်

ဓာတ်တူမှ နတ်ကူမည်

နတ်ကူမှ ဂြိုဟ်မ,မည်


- ဆင်ပေါ်က အဘ (စာ - ၂၈)
- ရွှေကြီးမြင့်ဘုရား (စာ - ၃၉)
- အသေထွက် အရှင်ထွက်(စာ-၇၉)
- လေးကြိုးထိပ်ခေါင် (စာ - ၈၅)
- မင်းတို့၏ အစီအမံ (စာ - ၉၇)
- အံ့ဖွယ်ဝိဇ္ဇာမိုရ်များ (စာ - ၁၄၇)
- ရိုးရာနတ် (စာ - ၁၇၀)
- ရိုးရာကန်တော့ပွဲ (စာ - ၁၈၃)
- အိမ်တွင်းအုန်း (စာ - ၁၈၈)
- ဒရက်ကူလာ (စာ - ၂၅၅)


Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၄၉)

# မာတိကာ

## ရောင်ပြန် ကဗျာ

ဝင်းမြင့်ကျော်(တောချောင်းဦး)၊ မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)၊
သားထက်ခွေ၊ မှူးအိမ်ဇင်၊ သန်းလေး(မာန်အောင်)၊
စိုးကိုကို(လေးမျက်နှာ)၊ ဆုမွန်ဦး(ဟသ်ာတ)၊ မောင်မိုးလှိုင်(သစ္စာမြေ)။

## ရောင်ပြန် အခန်းဆက်ရသ

နတ်ကတော်စိန်မျက်ခုံး(၉)
ကျော်မြသန်း ———— ၁၀၂
အရိုးပြာတွန့်လေသော်(၁)
မကွေးညိုစိမ့် ———— ၁၂၄
ဒွန္တပူရ ကောရီသခင်မလေး ပေမမာလာ(၅)
မောင်ယဉ်မွန်(မော်စနေခြည်) ———— ၁၆၂
မေတ္တာရှင်···(၁၀)
ဘုန်းပွင့်တေဇာ ———— ၂၆၆
လူထဲကဘဝ ဘဝထဲကလူ
လင်းရောင်တင် ———— ၂၉၉







၈-၂၈

# ဆင်ပေါ်က အဘ

နှင့်

# ဆင်ပေါ်က ဆရာကြီး မင်းသိင်္ခ

မောင်မောင်မြင့်အေး



www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်ထီးဆောင်း ဆရာတော်



## မြန်မာ့ရေးရာ


တန့်ဆည်မြို့ ရွှေမောင်းခံစေတီ ထီးတင်ပွဲ
မောင်ချိုမင်း(ကန္တာရဝတီ) ——— ၁၇

ထူးထွေဆန်းကြယ် ဝက်ပြည့်လွယ်ကု ငွေကြွယ်မြတ်စွာဘုရား
မြန်မာ့အသံသိန်းဟန် ——— ၂၁

ဝရမုနိ မဟာဗိန္ဒီရှင် မြတ်စွာဘုရားသမိုင်းတော်
အောင်မြင့်စိုး ——— ၂၅

ရှေးဟောင်းသမိုင်းဝင် ရွှေနန်းသွင် ဓာတ်တော်မြတ်ကြီး
ဟံသာဝတီဦးအုန်းကြိုင် ——— ၃၁

ရွှေကျိုးမြင့်မြတ်စွာဘုရား
မကြွယ်ကြွယ် ——— ၃၉

တောင်ကွဲစေတီ(သီရိမင်္ဂလာတောင်)
ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်) ——— ၄၁

ရမည်းသင်းမြို့နယ်ဆင်ကျုံးတောရ သက်တော်ရှည်ဘုရားကြီး
မြနန်းရှင် ——— ၄၅

ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ဝေရုပ္ပတ္တိအဖွင့်
မြစံပယ် ——— ၅၁

ဗုဒ္ဓအမွေအနှစ်များ ဦးခိုက်ပူဇော်
မောင်စိုးထိုက်(သုံးဆယ်) ——— ၁၁၁




ပုဂံခေတ် အနော်ရထာမင်းလက်ထက်
နတ်ကိုးပါးဝေ့ရှင်းပါ
**မူမွားမယ်တော် မယ်ဝဏ္ဏ**
ဂမ္ဘီရဆရာလှမျိုး(B.Sc)
ဓာ - ၁၇၂




ယ်ဒီတာအဖွဲ့/ကျော်ကြားနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅



www.burmeseclassic.com




## လောကီရေးရာ


ကြည်နူးပူဇော် ချမ်းသာကြီးဂါထာတော်
မခင်မြင့်သွင်(ပြည်) ———————— ၂၄
ဆင်ပေါ်က အဘနှင့် စင်ပေါ်က ဆရာကြီးမင်းသိမ်
မောင်မောင်မြင့်အေး ———————— ၂၈
ရောင်ပြန်မင်္ဂလာပြက္ခဒိန်
အင်ကြင်းမြူမြူ(တောင်ငူ) ———————— ၃၃
တရုတ်နက္ခတ်ဗေဒင်ပညာ ဆောင်ရန်၊ ရှောင်ရန်
သတိပြုရန်အချက်များ
ကောတီအောင်သိန်း ———————— ၃၄
ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီးမို့ဒူးပိုက်ဆံ၏ လအလိုက်အဟော
ဦးတိုး(တက္ကသိုလ်) ———————— ၃၇
အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒီကျော်ခေါင် ———————— ၆၀
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———————— ၆၁
သည်တစ်လတာ ကံကြမ္မာ
ဆရာမိုးဟာန်ကြွယ် ———————— ၆၃
သည်တစ်လတာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ———————— ၆၄
စိုက်ပျိုးရေးရာ သည်တစ်လတာ
တောကကိုရင် ———————— ၆၅
စီးပွားရေး ရေနှင့်ကြာပမာတက်စေမည့် ခရုသင်းယတြာ
အောင်ဘုန်းမြင့်(ကချင်မြေ) ———————— ၆၆
လူ့ကျွန်းနိုင်တဲ့ဂါထာ
နှင်းနှင်း ———————— ၆၉
သေမင်းလက်မခံသော အဆောင်
ခင်မောင်အေး(မန္တလေး) ———————— ၇၃
အသေထွက် အရှင်ထွက်
အောင်အေး(ရန်ကုန်တက္ကသိုလ်) ———————— ၇၉
ကြံ့ခိုင်စေချင်သည့်
သံသရာအေး(လှိုင်ကော်) ———————— ၈၂
လေးကြိုးထိပ်ခေါင် ဘိုးမင်းခေါင်
ရေကျော်စိုးအောင် ———————— ၈၅
အဘဘိုးမင်းခေါင် ချီးမြှင့်သော ဂူဗ္ဘာသယဆေးတောင့်အစွမ်း
မင်းသန့်ကျော်(ဖီးကုန်း) ———————— ၈၇
စိန္တာမဏိ မန္တန်တန်ခိုး
ရွှေကလောင် ———————— ၉၂
ဆေးဝိဇ္ဇာဘိုးဘိုးကြီးနဲ့ ကိုယ်တွေ့
မောင်ပုတ်စည် ———————— ၉၅
မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတက်စေရန် အစီအမံများ
မြန်မာဟိန်းကျော် ———————— ၉၇





www.burmeseclassic.com

www.burmeseclassic.com

26 AU 2014

## လောကီရေးရာ

ဆွမ်းတော်ကပ်ရန် လှူဒါန်းပါ
မောင်စံထား(ဓနုဖြူ) ——— ၁၁၀
ကျွန်တော့်ဆရာ
တက္ကသိုလ်သခ် ——— ၁၁၇
နည်းလမ်းကောင်းတွေ မေးချင်တယ်
မနုဿကျော်ဝင်း ——— ၁၂၀
အနိစ္စဒေသနာတော်
မဟာထွန်း ——— ၁၄၃
ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ
ပထမံဆရာကြီး ဦးအောင်သူ ——— ၁၄၇
ယတြာကောင်းလျှင်
မောင်မောင်မြင့်အေး ——— ၁၅၅
ဘဝအမောစင်မယ့် လူတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ——— ၁၅၇
ပုဂံခေတ် အနော်ရထာမင်းလက်ထက် နတ်ကိုးပါးစာရင်းပါ
ပုပ္ပားမယ်တော် မယ်ဝဏ္ဏ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ——— ၁၇၂
လေ့လာမှတ်သား အလယ်နတ်နှင့် အထက်နတ်များ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ——— ၁၇၉
မိုးရာနတ်သို့ ကန်တော့ပွဲပြင် စားတော်ဆက်လျှင်
ဗဟိန်းသန်း ——— ၁၈၃
အုန်းခွဲခြင်းဓလေ့
ဆင်ဖြူကျွန်းအောင်သိန်း ——— ၁၈၈
မြေးကလေးဖတ်ဖို့
မောင်ကောင်းမြင့် ——— ၁၉၂
ခုနစ်ရက်သားသမီးများ ယတြာမပြုရန်နှင့် မဆောင်ရန်
ဆရာဝေယံဦး(လူမှုထူးချွန်ဒုတိယအဆင့်) ——— ၁၉၅
နတ်မကြိုက်တဲ့ ဗုဒ္ဓဟူးနေ့နှင့် မာကျူရီဂြိုဟ်၏ ထူးခြားချက်
စိုးနွယ်အောင်(လှိုင်) ——— ၂၀၁
အဘထွန်း ပုတီးစိပ်နည်း
ရှယ်လီစိန် ——— ၂၂၃
ရွှေတက် ငွေတက် စီးပွားတက်
ဂမ္ဘီရဆရာလှမျိုး(B.Sc) ——— ၂၂၇
ဗုဒ္ဓမြတ်အရှင်ဟောကြား အဘိဓမ္မာတရား
ရေကျော်စိုးအောင် ——— ၂၃၀
အလုပ်ရအောင် အာလူးပေါ် အောင်လံစိုက်
နှင်းအဥ္စလီ ——— ၂၄၃
အသက်ရှင်လျက် သေနေသူများအား ကမ္မဋ္ဌာန်းပေးခြင်း
အရှင်ဇာရိဏ္ဍ ——— ၂၆၂
အသက်ရှည်ကြောင်း ဂါထာ
ကျော်သန်း(တိုင်းရင်းဆေး) ——— ၂၆၅
ကျွန်မသိသော ပုဂ္ဂိုလ်ထူး
ဒေါက်တာဥမ္မာ ——— ၂၇၆
ကောင်းမှုမြတ်နိုး တိုးပွားစေဖို့
ညွန့်ဟံ(ကြူတော) ——— ၂၇၉




www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ


တောင့်တပြည့်စုံ တန်ခိုးကြွယ်ဂါထာ
လှအောင်ကြည်ဖြိုး —————————— ၂၈၅
အခါပေးသော်လည်း ရွေးတတ်ဖို့လိုသည်
သုတေသီဆရာငြိမ်း —————————— ၂၈၇
ဆေးဖက်ဝင် ကြက်ခါး
အောင်မြင့်မော်(စကု) —————————— ၂၈၉
သားဆိုး သမီးဆိုး ၁၆၉
မြတ်မိုး —————————— ၂၉၁
သဘာဝကိုပုံတင် ရေချိုးနည်းဆင်ခြင်
နိုင်ခင်အင်ကြင်း —————————— ၂၉၃
ဈေးရောင်းကောင်းအောင် ဒါလေးဆောင်
ချစ်မမသက် —————————— ၂၉၅
ရွှေဆိုင်၊ ဈေးဆိုင်၊ ထမင်းဆိုင်၊ စားသောက်ဆိုင် အစီအမံ
တက္ကသိုလ်အောင်နိုင် —————————— ၂၉၇
လှတိုင်းကျန်းမာရေး သားငါးသီးနှံ စားသုံးပေး
ရှေ့ဆောင်တင်ဆွေ —————————— ၂၈၁
ပိုးဝါးစိတ်တွင် အထင်အရှား
နိုင်ခင်အင်ကြင်း —————————— ၂၈၃


## ရောင်ပြန် ရသ


ဥပါဒါန်အစွဲ ဝဲဂယက်နှစ်နေသူ
သိန်းထွန်းသစ် —————————— ၁၃၆
သူတော်ငတေနှင့် ပန်းပဲဆရာ
ဝေယံလင်းခေါင် —————————— ၁၅၀
ချစ်လှည့်ကြုံနိုးနှင့်သာ
မြမြလှိုင် —————————— ၂၀၄
အညှို
နေပုည —————————— ၂၁၀
ကြမ္မာဆိုးလှရှိုင်း
တာတေကြီး —————————— ၂၁၈
သံသရာရယ် ကံကြမ္မာရယ် မေတ္တာရယ်
ရေနံ့သာအောင်ချမ်းဇော် —————————— ၂၄၄
ခွက်မဲ့ ရေခံသူ
ဖိုးတင့်(ကမြူ) —————————— ၂၅၈


## ရောင်ပြန် ဆေးဖက်ဝင်အပင်များ


အာဟာရပြည့် ဆေးဖက်ဝင်သီးနှံအစားအစာများ(၂)
သုတေသီဆရာငြိမ်း —————————— ၁၄၃








www.burmeseclassic.com

www.burmeseclassic.com

## လူတွေသိ နှတ်တွေကြားစေ


လူတွေသိ၍ နှတ်တွေကြားစေ ——— ၃၂၆


## ရောင်ပြန်ဗေဒင်



သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ——— ၃၁၃


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ——— ၃၂၂


## ရောင်ပြန် လူ့ဂုဏ်သိက္ခာဆန်းကြယ်


အာကာသဂြိုဟ်သားများ၏ အံ့ဖွယ် ဘုံဝါး
ကိုမောင်သန်းဝင်း ——— ၁၇၇
အံ့ဖွယ်ထူးခြား အဆောင်များ
သုတေသီမင်းသဘင်းဝင်း ——— ၁၈၅
ပြည်တွင်းပြည်ပ ဝိညာဉ်လောက ရည်ရွယ်ချက်များ
လှတိုး(စိတ်ပညာ) ——— ၂၂၇
အမျိုးသမီး ဒရက်ကူလာ
ကိုမောင်သန်းဝင်း ——— ၂၃၂
သွေးစုပ်ဖုတ်ကောင် ရှာဖွေသူ
ကိုမောင်သန်းဝင်း ——— ၂၃၅
မှန်တိုင်း စဲလေသော်
လှမိုး(ပညာရေး) ——— ၂၃၈



အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅








www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄-ခုနှစ်၊ ဂက်တင်ဘာလတွင် ပါဝင်ခဲ့သော ပြည်မြို့ရှိ ရွှေပေါက်ပင် ဆရာတော်၏ ဝိဇ္ဇာကျင့်စဉ်အား ပြန်လည်ဖော်ပြပေးလိုက်ပါသည်။

## ပြည်မြို့ နဝဒေးနယ်မြေ၊ ရွှေပေါက်ပင်တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောမာစာရ ၏ ဝိဇ္ဇာကျင့်စဉ်

ဤကျင့်စဉ်သည် စာပေပညာ လေ့လာသူများအတွက် အလွန်ကောင်းမွန်ပါသည်။ မြတ်စွာဘုရားရှင်၏ ဉာဏ်တော် ရှစ်ပါးကို အာရုံပြု၍ ပွားရပါသည်။ မြတ်စွာဘုရားဟု ခေါ်ဝေါ်ရခြင်းသည် ဉာဏ်တော်ကြောင့် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် လူသားထဲက လူတစ်ယောက် ဖြစ်သော်လည်း လူသာမညတို့ မရရှိသော ဉာဏ်တော်များကို ရရှိထားပါသည်။ ဉာဏ် ဆိုသည်မှာ ထိုးထွင်း၍ သိစေသောအရာ၊ သဘောတရားကို ဉာဏ်ဟု ဆိုပါသည်။

__မွေ့စကြာ်သုတ်၌__ - "စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ" ဟု ဟောတော်မူရာ ဉာဏ်၏အရာကို ချဲ့ထွင်၍ ဟောခဲ့ပါသည်။ ထို့ကြောင့် ဤကျင့်စဉ်ကို ကျင့်သူတို့သည် ထူးခြားသောအသိ၊ ထိုးထွင်းသောပညာများ ရရှိနိုင်ပါသည်။ ပွားနည်းကို အစီကောက်ပွားနည်းပြုထားပါသည်။ အင်းဆံ၌ အသုံးပြုလည်း ရပါသည်။ အင်းဝိဇ္ဇာ အချိန်ပိုင်းနည်းဖြင့် သုံးနိုင်ပါသည်။ __ကျင့်စဉ်၏ အကျဉ်းအဓိပ္ပာယ်မှာ__ **"ဦး အရာဉသုံ အထုံးစုံ ပြီးမြောက်ပါစေသား"** ဟု အဓိပ္ပာယ်ရပါသည်။

ပု - ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ယူပါသည်။ ဒိ - ဒိဗ္ဗစက္ခုဉာဏ်ကို ယူပါသည်။ အာ - အာသဝက္ခယဉာဏ်ကို ယူပါသည်။ ဝိ - ဝိပဿနာဉာဏ်ကို ယူပါသည်။ စေ - စေတောပရိယတ္တိဉာဏ်ကို ယူပါသည်။ မ - မနောမယိဒ္ဓိဉာဏ်ကို ယူပါသည်။ ဣ - ဣဒ္ဓိဝိဓဉာဏ်ကို ယူပါသည်။ ဤဉာဏ်တော်ရှစ်ပါးကို ရည်ရွယ်၍ ပွားပါသည်။ တစ်ပါး တစ်လုံး ပွားပါသည်။

__ဝိဇ္ဇာကျင့်စဉ် ဆုတောင်း__ ။ ။ ကိလေသာ အမိုက်အမှောင်ကို ဉာဏ်အလင်းဆောင်၍ အောင်မြင်ခြင်း ရှိတော်မူသော မြတ်စွာဘုရား။ တပည့်တော် ——— နေ့ သား/သမီးသည် ——— ခုနှစ်၊ ——— လ၊ -----ရက် ရက်နေ့မှစ၍ (၉)ရက်တိုင်တိုင် တစ်နေ့ (၉)ပတ်တိတိဖြင့် ဝိဇ္ဇာအကျင့်မြတ်ကို ပွားများအားထုတ်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုအပ်ပါသည်။ အရှင်မြတ်ဘုရား။ ဤသစ္စာစကားသည် မှန်ကန်ပါ၏။ ထိုသစ္စာအရာ၌ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့သည်လည်းကောင်း၊ ဝိဇ္ဇာဉာဏ်သိ ပညာရှိတို့သည်လည်းကောင်း၊ သူရဿတီ စန္ဒီ စသော ဒေဝီအပေါင်းတို့သည်လည်းကောင်း၊ အရပ်လေးမျက်နှာ၌ စောင့်ကြပ်ကြကုန်သော နတ်မင်းကြီးလေးပါးတို့သည်လည်းကောင်း၊ တောစောင့် တောင်စောင့် မြို့စောင့် နယ်စောင့် သာသနာစောင့်တို့သည်လည်းကောင်း၊ ဘဝအဆက်ဆက်၌ တော်စပ်ကြသော ဆွေတော်မျိုးတော်တို့သည်လည်းကောင်း သက်သေအရာ တည်ပါစေသား။ အရှင်မြတ်ဘုရား။ ဤသစ္စာမကျိုးပေါက်ခဲ့သော် တပည့်တော်အား (လိုသောဆု) ပြည့်စုံပါစေသတည်း။

__အကျဉ်းပွားနည်း__ - "ဦ - ပု - ဒိ - အာ - ဝိ - စေ - မ - ဒိ - ဣ" တစ်ပုဒ်တစ်လုံး (၉)လုံးပွားပါ။

__လှူရန်__ - ပွင့်သောပန်း။

__အကျယ်__

| | | |
|---|---|---|
| ပု | - | ပုဗ္ဗေနိဝါသ နုဿတိ ဉာဏံ သရဏံ ဂစ္ဆာမိ |
| ဒိ | - | ဒိဗ္ဗစက္ခု ဉာဏံ သရဏံ ဂစ္ဆာမိ |
| အာ | - | အာသဝက္ခယ ဉာဏံ သရဏံ ဂစ္ဆာမိ |
| ဝိ | - | ဝိပဿနာ ဉာဏံ သရဏံ ဂစ္ဆာမိ |
| စေ | - | စေတောပရိယတ္တိ ဉာဏံ သရဏံ ဂစ္ဆာမိ |
| မ | - | မနောမယိဒ္ဓိ ဉာဏံ သရဏံ ဂစ္ဆာမိ |
| ဒိ | - | ဒိဗ္ဗသောတ ဉာဏံ သရဏံ ဂစ္ဆာမိ |
| ဣ | - | ဣဒ္ဓိ ဝိဓ ဉာဏံ သရဏံ ဂစ္ဆာမိ |

www.burmeseclassic.com

www.burmeseclassic.com



# ရွာရောက်ချိန်

ဝင်းမြင့်ကျော်(တောချောင်းဦး)


● စိတ်ဝန်ပိုးတွေကို
ရွာအဝင်ညောင်ညိုရိပ်မှာထားခဲ့တယ်။

● ဓာတ်ပြားဟောင်းဖွင့်သံတွေကြားမှာ
ဆိုးဆေးမပါတဲ့ ငယ်ရှုခင်းက
တဖိတ်ဖိတ်အရောင်လက်လာခဲ့
ရိုးတံကျဲကျဲနဲ့ ငါ့စိတ်တွေ
သဇင်ပွင့်တဲ့ရာသီကိုဆင်မြန်းရင်း
စိမ်းစိုလှပလို့။ ။



www.burmeseclassic.com

www.burmeseclassic.com




# ဖျင်းတောင်

မောင်မောင်မျိုးသစ်
(ရန်ကုန်တက္ကသိုလ်)

● မျက်လုည့် လက်လုည့်
အလုည့်အပတ်၊ အပြတက်၍
ရင်သပ်နှစ်ထောင်း၊ ရှုဖွယ်ကောင်းစွ
ဒါမှပညာ၊ မာယာပဥ္စလက်
မိုးထက်မြင့်မောက်၊ မာနခြောက်လည်း…

● ပွဲလမ်းမဟုတ်…
အချုပ်အခြာ၊ အာဏာတည်ရေး
စွမ်းရည်မြင့်ကဲ၊ ယှဉ်သည့်ပွဲမှာ
မာယာပဥ္စလက်၊ လာမစွက်နှင့်
အက်ကွဲမောင်းသံ၊ ဘဝဂ်ညံလို့
သံစဉ်ဝှန်းနိုင်း၊ ကဆုန်စိုင်းရင်း
သံချိုင်းကုန်းသို့ ပို့လိုက်မည်။ ။

www.burmeseclassic.com

www.burmeseclassic.com





# သတိ

## သားထက်ဆွေ

- လုပ်ခနဲ့ အမေးတွင်
  ဖျတ်ခနဲ့ပင် ပြေကာသွား။

- အံ့လောက်စရာ လျှောက်တင်ပင့်
  ဆားနှင့်ပါဘုရား....။ ။



www.burmeseclassic.com

www.burmeseclassic.com




# လက်ခုပ်သံတောင်ချောက်

မှူးအိမ်ဖြင်

● ငါ့နံ့ရုံတွေထက်မှာ
လက်ခုပ်သံစဉ်များ
ဂန္တဝင်မြစ်ကြီးလို စီးဆင်းနေလေရဲ့ . . .၊

● တစ်ခါတစ်ရံ
လက်ခုပ်သံသည်
နှင်းဆီရနံ့လို
သင်းပျံ့ရှိုုးအီ . . .၊

● တစ်ခါတစ်ရံ
လက်ခုပ်သံဟာ
ကျီးအာသီးထစ်လုံးလို ခါးသက် . . .၊

● တကယ်တော့
လက်ခုပ်သံဖျော့ဖျော့ဖြစ်ဖြစ်
နော့နော့ဖြစ်ဖြစ်
အိုအေစစ်မဟုတ်တဲ့
ဘဝရဲ့တောင်ချောက်တွေဆိုတာ
ငါမေ့နေခဲ့ပေါ့ . . . .။



www.burmeseclassic.com

www.burmeseclassic.com




# လျှို့ဝှက်ခြင်း၏ရလဒ်

သန်းဆေး (မာန်အောင်)

● အင်္ဂရိတ်ကျမ်း အံ့မခန်းဖြင့်
ထွက်လမ်းပေါက်သွား ဘိုးဘေးများတို့
သနားရေရှု မေတ္တာထုဖြင့်
တိုင်းပြု ပြည်ပြု သာယာစေသတည်း . . .။

● ငါးသာပေးလျက် ကွန်ချက်မပြ
လျှို့ဝှက်ကြ၍ ကမ္ဘာ့အလယ်
မဝင့်ထည်သော် . . .။

● ဆေးသာပေး၏ ဆေးနည်းမပြော
လျှို့သဘောကြောင့် လောကထိပ်ပန်း
တက်လှမ်းမပိုင် ငေးမောငိုင်သော် . . .
နိုင်ငံအရှုံးပြပြီတကား ။ ။



www.burmeseclassic.com

www.burmeseclassic.com




# ရာသီပျက်

စိုးကိုကို(လေးမျက်နှာ)

● နွေဆိုလည်းနွေ
ပီစေချင်တာ၊

● မိုးဆိုလည်းမိုး
ကန်သင်းကျိုးအောင်ရွာ၊

● ဆောင်းဆိုလည်းဆောင်းအခါ
အေးစမ်းပါနှင်းစို့ရွဲ၊

● နွေမပီမိုးမဟုတ်
ဆောင်းသရုပ်တကယ်မပီတော့
ဘယ်မြေဆီဖြစ်တည်မခန်းတဲ့တိုင်
ဘယ်ရေကြည်တောက်ကာဖျန်းလို့ရယ်
ပန်းပွင့်မှာလဲ။ ။



www.burmeseclassic.com

www.burmeseclassic.com

# နှင်းကြွေဆောင်းရဲ့အလွမ်းဖတ်စာ

ဆုမွန်ဦး (ဟင်္သာတ)

● ညဟာ
လရောင်ကိုလှုံ
ဆိတ်ငြိမ်ခြင်းကိုခြုံကာထွေးပွေ့
အတိတ်တံခါးပိတ်
မေ့ထားခဲ့တဲ့ အရိပ်တွေက
မြောက်ပြန်လေနဲ့တွေ့ဆုံတော့
အလွမ်းနှင်းမှုံမှုံတွေဖြစ်လာတယ်…။

● ဖြေသာဖြေ
မပြေတဲ့လွမ်းရေး
ဆောင်းရယ်…ဘယ်လိုနွေးနိုင်ပါ့မလဲ။

●ပန်ပေးခဲ့တဲ့
မင်းခေါင်းထက်က သဇင်ပန်းတစ်ခက်
မင်းအတွက် တစ်သက် တစ်ကမ္ဘာ
ကိုယ့်အတွက်ကတော့
ကမ္ဘာတည်မယ့် ဆောင်းညတွေပါပဲ။




●ခဲခဲလှုပ်လှုပ်
သည်းသည်း ရတ်ရတ်နဲ့
သတိရနေတုန်းမှာ
ဩော်…
နှင်းအုပ်တွေက
မစဲမကွဲ
တဖြုတ်ဖြုတ်ကြွေ…။ ။

www.burmeseclassic.com

www.burmeseclassic.com

# အမေ့မေတ္တာစကြဝဠာ

မောင်မိုးလှိုင် (သစ္စာမြေ)




- ဒီကမ္ဘာကြီးကို လှပအောင်
အမြဲတမ်းခြယ်မှုဆင်ခဲ့
ကျွမ်းကျင်တဲ့နှလုံးသား
ကဗျာဆရာများထက်သာတာ
( ဒီလောကမှာကြည့် )
"အမေ"တစ်ယောက်ပဲရှိတယ်၊

- နေ့ကပြောတယ်
ပိတောက်ရနံ့ထက်
သာလွန်တဲ့ရေမွှေးဆိုတာ
ဒီကမ္ဘာမှာမပေါ်သေးဘူးတဲ့၊

- မိုးကပြောတယ်
ဘယ်သူတွေအလွမ်းပိုင်တယ်ပြောပြော
လွမ်းမိုးဖြိုင်ဖြိုင်မငိုနိုင်တဲ့
မိုးကိုမနိုင်မျက်ဝန်းများ
ဒီကမ္ဘာမှာရှိနေတုန်းပါပဲတဲ့၊

- ဆောင်းကပြောတယ်
ပင်ခြေမြင့်မြင့်မှာ
သဇင်တွေပွင့်ပွင့်လာလည်း
နှင်းပွင့်အလှအေးမြမှုကို
ဘယ်လိုမှမမီပါဘူးတဲ့၊

- အမေကပြောတယ်
ဒါတွေအားလုံးကို
ဘာတွေမှုတွားသုံးစရာမလိုပါဘူးတဲ့ . . .
( ငါ့သားလေးအတွက် )
အမေ့ရဲ့မေတ္တာ
စကြဝဠာရင်ခွင်ညှာမှာ
အားလုံးဟာတိတိကျကျ
စေ့စေ့ငုငုနဲ့
ပြည့်ပြည့်ဝဝရှိပြီးသားပါကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သည့်နှစ်ပေါင်း ၈၀၀ ကျော်မှ သမိုင်းဝင် ရွှေမောင်းခံစေတီတော်မြတ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်(ဒဇယ်)မြို့အတွင်းတွင် တည်ရှိ၍ မြို့နှင့် အတန်ပင် အလှမ်းဝေးသေးသည်။ အခြားစေတီများကဲ့သို့ တောင်ပေါ်ကုန်းမြေမြင့်ပေါ်တွင် တည်ထားခြင်းလည်းမဟုတ်၊ ဘုရားပတ်ဝန်းကျင်တွင် လူနေအိမ်ခြေ ရွာငယ်ရှိုင်းပြီး သစ်ပင်ဝါးပင်များ ဝန်းရံအုံ့ဆိုင်းနေခြင်းလည်းမရှိ၊ မြစ်ကမ်းပါး၊ ကမ်းပါးယံပေါ်တွင်လည်း မဟုတ်၊ လွင်းထီးတည်းစေတီတော်ကြီး ဖြစ်သည်။ သို့ပင်ဖြစ်ငြားသော်လည်း သီတင်းကျွတ်လ ဆွမ်းကြီးလောင်းပွဲတို့၊ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်တို့တွင် ခပ်လှမ်းလှမ်းမှ ရွာငယ်များဖြစ်ကြသော ကျွန်းလည်ရွာ၊ အင်ပင်သာရွာ၊ မြောက်အင်းရွာ၊ ငွေးကုန်းရွာ၊ သစွေးကုန်းရွာ၊ သဲစားရွာ၊ အင်တောသာရွာ၊ တဆယ်ကြဲရွာ၊ ရွှေကျင်ရွာ၊ ဖက်သန်းကုန်းရွာ၊ ဘောရင်းရွာ၊ ကဘဲရွာ စသည့် ရွာအသီးသီးမှ လှည်းဝိုင်းများဖြင့် ဘုရားဖူးရင်း၊ ပွဲကြည့်ရင်း လာတတ်ကြသည်မှာ ကြက်ပျံမကျ စည်ကားလှသည်။ စေတီတော်အနီးတွင် ဘုန်းကြီးကျောင်း တစ်ကျောင်းသာရှိပြီး တစ်ပါးတည်း သီတင်းသုံးနေထိုင်သည်။

ပွဲတော်ရက်များတွင် ထန်းလက်များမိုးထားသော ဝါးတန်းလျားကြီးဖြင့် ရပ်ဝေးဘုရားဖူးဧည့်သည်များအတွက် ရေမီးအစုံ၊ အိမ်သာသန့်သန့်ဖြင့် စီမံထားတတ်သည်။

ပြီးခဲ့သည့် ၁၃၇၅ ခု၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ၁၀ ရက်နေ့များက ယင်းရွှေမောင်းခံစေတီ ထီးတော်တင်ပွဲသို့ ကျွန်တော် မောင်ချိုမင်း (ကန္တာရဝတီ) မြန်မာ့ဂီတအင်အားစုက အဖွဲ့သားအစုံအလင်ဖြင့် မမျှော်လင့်ဘဲ ရောက်ခဲ့ရသည်။

ရန်ကုန်မှ ကားစင်းလုံးဖြင့် ညနေကတည်းကပင် ထွက်ခဲ့ရာ နောက်တစ်နေ့ နေ့လယ် ရွှေဘို၊ ရေဦးတို့ကို ဖြတ်ကျော်ပြီး အတော်သွားရပါသေး

# တန့်ဆည်မြို့ ရွှေမောင်းခံစေတီ ထီးတင်ပွဲ

■ မောင်ချိုမင်း(ကန္တာရဝင





www.burmeseclassic.com

www.burmeseclassic.com




ဒဇယ် ရွှေမောင်းခံစေတီ (စိန်ပူးတော်တင်)

သည်။ မိုင်ပေါင်း ၅၀၀ ကျော် ကွာဝေးသည့် ခရီးကို ဘုရားတန်ခိုးဖြင့် ပူလောင်အိုက်စပ်ရမှန်းမသိ၊ တပေးပေး တဟားဟားဖြင့် ဂီတအဖွဲ့သားတို့ ပျော်ရွှင်စွာ ရောက်ရှိခဲ့ရပေသည်။ ကျွန်တော်တို့ ရောက်ရောက်ချင်း ၂၃-၃-၂၀၁၄ နေ့က မမျှော်လင့်ဘဲ လေရောမိုးပါ တစ်နာရီသာသာ ရွာချလိုက်သည်မှာ နာဂစ်ကိုပင် ပြန်လည်သတိရလိုက်မိပါသေး။

"စေတီတော် ထီးတင်ပွဲဟာမို့ အိုလေလေး အုံးခြိမ့်ခြိမ့်ည်"ဟု ကျွန်တော်တို့ ကောင်းကင်ကြီး ဆိုခဲ့တီးခဲ့သည့်အတိုင်း အနယ်နယ်အရပ်ရပ်မှ ပရိသတ်ကလည်း ကွင်းထဲရှိ မဏ္ဍပ်ကြီးတစ်ခုလုံး တအုန်းအုန်းထလျက် ဘုရားပြူပြင် အလှူရှင်များထဲတွင် မြစ်ကြီးနား၊ ဖားကန့်၊ မဲဇာ စသည့် ကချင်ပြည်နယ်မှ ရပ်ဝေးစေတနာရှင်များကလည်း တဲတန်းလျားကြီးတစ်ခုလုံး နေရာမလပ် ပြည့်ကျပ်လျက် ထီးတော်တင်နှစ်ရက်စလုံး ဆန်တင်းပေါင်း ၁၀၀ ကို မီးမပြတ်ချက်နေရသည်က ကျွန်တော်တို့အမြင်။ စေတီတော်ပစ္စယံပေါ်မှ ကြဲချလိုက်သည့် ကျပ်တစ်ထောင်တန်၊ ငါးရာတန်နှင့် နှစ်ရာတန် ငွေစက္ကူတွေကလည်း ဝေဟင်တွင် ပလူပျံဝဲလျက်။ ထီးတော်တင် အလှူရှင်များဖြစ်ကြသော ဖားကန့်မြို့မှ ဦးဖိုးဇော်၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ကိုအောင်နိုင်နှင့် ဦးအောင်ဘော်တို့၏ သဒ္ဓါတရားက မြင့်မြတ်လှပေစွ။ ပျော်ပွဲရွှင်ပွဲအဖြစ် ပွဲတော်ရက် နှစ်ညစလုံး မန္တလေးဇာတ်ပွဲ "ပွဲတိုင်းကျော်"အဖွဲ့ကိုပင် ထည့်ထားလိုက်သေး။ ဇာတ်အဖွဲ့ကလည်း ပစ္စည်းကိရိယာ စုံလင်စွာဖြင့် လူငယ်ကြိုက် ခေတ်ပေါ်စတီရီယိုတေးများ ပါဝင်သည့်ပြင် မြန်မာမှု၊ မြန်မာ့ဟန် နောက်ပိုင်းကိုလည်း ရှေးရိုးမပျက် အချိန်ယူ ကခဲ့ကြပါသည်။


တကယ်တော့ ရန်ကုန်ရွှေမြို့တော်နှင့် ဤမျှဝေးကွာ စရိတ်ထောင်းလှသော ဘုရားထီးတင်ပွဲသို့ ကျွန်တော်တို့ ရောက်ရန်အကြောင်းမရှိ။ သို့သော် ယင်းစေတီ ထီးတင်ပွဲအကျိုးဆောင်ဆရာတော် ဉာဏောဘာသလင်္ကာရနှင့် ကျွန်တော်က ဆရာတော့်မွေးနေ့ပွဲကို သွားရောက်တီးမှုတ်ပူဇော်ပေးဖူးရာမှအစ ဆရာတကာရင်းလိုရင်းနှီးခဲ့ကြသည်။ ဆရာတော်က စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော်တစ်ပါးပင်။

သာမဏေကျော်ဘွဲ့၊ သာသနာ့ဓဇ သိရိပဝရဝိနယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ တိပိဋကစာမေးပွဲတွင် ဝိနယရေဘွဲ့



ဒဇယ် ရွှေမောင်းခံစေတီ (မပြုပြင်မီ)

www.burmeseclassic.com



ဒဗယ်ရွှေမောင်းခံ ဘုရားထီးတင်ပရိသတ်

စသည်တို့ကို အောင်မြင်ထားရှိရုံအပြင် လွန်ခဲ့သော ခုနစ်နှစ်ခန့်ကပင် နိုင်ငံတော်အစိုးရမင်းတို့ ကပ်လှူပူဇော်သော မဟာကဏ္ဍဝါစကပဏ္ဍိတဘွဲ့ထူးကို အလှူခံရရှိထားပြီးသော ပုဂ္ဂိုလ်။

သူ့ဇာတိမှာ ဒဗယ် ကျွန်းလည်ရွာမှ ဖြစ်၍ သာသနာ့အကျိုးကို တတ်စွမ်းသမျှ ဆောင်ရွက်မည့်ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့သို့ လှမ်းကြွလာကာ သင်္ကန်းကျွန်းမြို့နယ်၊ နန္ဒာကုန်းရပ်ကွက်၊ ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်ကို စတင်တည်ထောင်ခဲ့သူ။ ယခုဆို ဆရာတော်သာသနာပြုသီတင်းသုံးရာ အာရာမ်ကျောင်းမြတ်သည် နှင်းဆီကုန်းဘူတာအနီးတွင် ခမ်းနားထည်ဝါလှစွာသော စာသင်တိုက်၊ သိမ်တိုက်အသွယ်သွယ်တို့ဖြင့် ကြည်နူးစဖွယ် တင့်တယ်နေလေပြီ။ ဤဆရာတော်က ကျွန်တော့်တီးဝိုင်းအဖွဲ့အား သူ့ဇာတိမြေတွင်ရှိ ဘုရားရွှေထီးတော်တင်ပွဲအတွက် ဦးဆောင်ဖိတ်ခေါ်သွားခြင်းဖြစ်၏။

ရွှေမောင်းခံစေတီတော်မှာ မူလက ကိုးတောင်ခန့်သာ ဉာဏ်တော်အမြင့်ဆောင်သော စေတီငယ်တစ်ဆူသာ ဖြစ်ခဲ့သည်။

အရိမဒ္ဒနာ ပုဂံပြည်ကို စိုးမိုးအုပ်ချုပ်သော နရပတိစည်သူမင်းသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်ရင်း မူးမြစ်နဒီကမ်းနံဘေး စစ်ကိုင်းတိုင်း၊ တန့်ဆည်(ဒဗယ်)သို့ ဆိုက်ရောက်ခဲ့သည်။ ဒဗယ်သို့ ဖောင်တော်ဦးခိုက် ဆိုက်ရောက်တော်မူသည်ဆိုလျှင်ပင် ဘုရင်မင်းမြတ်၏ နဂိုမူလ ခက်ထန်ကြမ်းကြုတ်သော အရိုင်းစိတ်ဓာတ်သည် တစ်မဟုတ်ချင်း နူးညံ့ပျော့ပျောင်းသွားပုံရသည်။

ဟုတ်ပါသည်။ ဖောင်တော်ဖြင့် ခြေမဆန့်မီ ပုဂံနေပြည်တော်တွင် ရေမြေ့သခင်အာဏာရှင်ဖြစ်စက အတော်ပင် လက်လွတ်စပယ်အမူမျိုးကို ပြုခဲ့၏။ ရှေ့နောက်တိုင်းထွာ မဆင်ခြင် မစူးစမ်းဘဲ မထင်လျှင် မထင်သလို စားဆွဲ၊ သံလျက်ဆွဲသည့် ဘုရင်မျိုး။ ဒေါသကလည်း ကြီးသည်။

မိမိအိမ်ရှေ့ဖြစ်နေစဉ်က နောင်တော်ဘုရင်၏ အရေးပေးမြှောက်စားခံရသော အနန္တသူရိယအမတ်ကို နည်းနည်းလေးမှ သူ့ကြည့်၍မရ။ သူ ထီးနန်းရသည်နှင့်တစ်ပြိုင်နက် ပညာရှိအမတ်ကို နိုင်ငံရေးပုဒ်မဖြင့် စွဲချက်တင်ကာ "အမတ်သုတ် စားခုတ်သတ်စေ" ဟူသော အမိန့်မျိုးကို ပေးခဲ့သူ။ ပြီးတော့ မိမိအိမ်ရှေ့မင်းဘဝက သူ့အကျိုးကို မပြတ်ဆောင်ခဲ့သူ ငယ်ကျွန်တော်ရင်း မြင်းတော်ခံမောင်ပြည့်ကိုလည်း ဝေဠုဝတီကိစ္စနှင့် စပ်လျဉ်းပြီး မယားစိတ်မွှန်ကာ အမှုထမ်းနှောင့်နှေး သတင်းပို့မှုဖြင့် အရှင်မထားခဲ့။ တစ်ဖန် သူ့ကို ရာဇပလ္လင်စင်မြင့်ပေါ်သို့အရောက် အဓိကအခန်းမှနေ၍ နောင်တော်မင်းယဉ်နရသိင်္ခဘုရင်ကို လုပ်ကြံအာဏာသိမ်းပေးခဲ့သူ အမတ်အောင်စွာကိုလည်း လူသတ်သမားလက်သို့ ဝကွက်အပ်ခဲ့သူ။

ဤသို့ဤနယ် အကုသိုလ်ကံအမှုမျိုးသည် ဘုရင်နရပတိစည်သူအဖို့ တွေးမိတိုင်း အချိန်တိုင်း ခြောက်လှန့်နေဟန်တူသည်။ မင်းကြီး စိတ်လက်မကြည်၊ စိတ်မကြည်တော့ သူ့အဖို့ ဘုရားမှတစ်ပါး အားစားရန် မမြင်။ ပြုခဲ့ပြီးသော အကုသိုလ်ကံတရားတို့ ပြေပျောက်ဒိမ့်သောငှာ စေတီပုထိုး ဘုရားတည်ခြင်းဖြင့် အပြစ်တို့ကို ကုစားလိုဟန် တူသည်။ သည့်တော့ အတူပါလာသူ မှူးမတ်ပုဏ္ဏား



www.burmeseclassic.com

www.burmeseclassic.com

တော်များကို တိုင်ပင်သည်။

"အရှင်မင်းမြတ် . . . မူးမြစ်နဒီကမ်းနံဘေး ဖောင်တော်ဦးဆိုက်ရာ ဤနေရာသည်ကား ဘူမိနက်သန် မြေနေရာမှန်ဖြစ်၍ ဘုရားတည်ရန် သင့်မြတ်လှပေ၏။ ဤသို့ ဘုရားတည်ခဲ့လျှင် နောင်သတ္တဝါဝေနေယျတို့အတွက် သာသနာတော်တည်တံ့၍ ကျေးဇူးတရား ပွားများပေလတ္တံ့။

အမတ်ပုဏ္ဏားတော်တို့၏လျှောက်ထားချက်ကို ကြားသော် ဘုရင်ထီးဘုရား ရွှေသဘောတူမှု၍ ဖောင်တော်တွင် အသင့်ပါလာသော အမိန့်ကြော်ငြာမောင်းကို ဌာပနာပြုကာ ကိုးတောင်ဥဏ်တော်အမြင့်ကို ဆောင်သော စေတီငယ်ကို တည်ထားခဲ့ပါ၏။

ဘွဲ့တော်ကား "ရွှေမောင်းခံ" ဣစ္ဆာသယစေတီတော်ဟူ၏။

ရွှေမောင်းခံစေတီငယ်သည် မူလက မူးမြစ်နဒီကမ်းနံဘေးတွင် တည်ရှိခဲ့သော်လည်း နှစ်ပေါင်း ၈၀၀ ကျော်ကြသော ယခုအခါတွင် မူးမြစ်ကြောင်းပြောင်းသွားပြီး မြစ်နှင့် စေတီမှာ အတော်အလှမ်းကွာသွားလေပြီ။ မူးမြစ်ကမ်းမှ သဲများကလည်း စေတီအား ဖုံးလွှမ်းလျက်ရှိရာ စေတီငယ်ပင် ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရသည်။ ဤတွင် စေတီတော်နှင့် နှစ်မိုင်ခန့်အကွာတွင်ရှိသော ကျွန်းလည်ရွာ လေသာကျောင်းဆရာတော်ကြီး ဦးသာဂရက သဲများကို တူးဆွကာ မူလစေတီကို အတွင်းမှုံ၍ ၂၇ တောင်အမြင့်ဆောင်သော စေတီအဖြစ် ပြန်လည်မွမ်းမံခဲ့ပါသည်။

ဆရာတော်' ဦး ဦးသာဂရ ပြန်လည်ပြုပြင်ပြီး၍ နှစ်ပေါင်း ၉၀ ခန့်ကြာမြင့်ပြီးသောအခါ ဤရွှေမောင်းခံစေတီတော်မှာ သဘာဝဘေးရန်အထွေထွေတို့ကြောင့် ပျက်စီးချွတ်ယွင်းခဲ့ရပြန်ပါပြီ။

ဤအခါ လေသာကျောင်း စတုတ္ထဆရာတော် ဘဒ္ဒန္တသေီအရှင်မြတ်က သူ့အားအထားရဆုံးသော တပည့်သံဃာ "ဘဒ္ဒန္တဇာဂရ ဉာဏောဘာသလင်္ကာရနှင့် ဣန္ဒာစက္က" အရှင်မြတ်သုံးပါးတို့ကို အားပြု၍ ယင်းစေတီတော်ကို ပြုပြင်ရန် စိတ်အားထက်သန်နေသည်။

ဘုရားပုထိုး ပြုပြင်သည်ဆိုရာ၌ စေတနာမည်မျှပင် ထက်သန်ကြသည်ဆိုစေကာမူ ပစ္စယာနုဂ္ဂဟဖြင့် ပံ့ပိုးကူညီလှူဒါန်းသူ မရှိက မည်သို့မျှ အထမမြောက်နိုင်။ သည်တော့ အထက်ဖော်ပြပါ ဆရာတော်သုံးပါးအနက် အရှင်ဣန္ဒာစက္က(မွှာစရိယ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း)မှ ဦးဆောင်၍ တန့်ဆည်၊ ကန့်ဘလူ၊ ကောလင်း၊ ဝန်းသို၊ အင်းတော်၊ ဖားကန့် မြို့နယ်များနှင့် ဂျီးထောင်၊ နန်းခမ်း၊ မဲဇာ၊ မော်လူး စသည့် ဒေသများသို့ ကြွမြန်းကာ တကာ၊ တကာမများအား နှိုးဆော်လျက် ဘုရားတကာ၊ ဘုရားတကာမများအဖြစ် ခံယူစေကာ ကျပ်ငွေ သိန်း ၃၀၀၀ ကျော်ကို အလှူခံရရှိခဲ့ပါသည်။ ယင်းအစုစု ဝတ္ထုငွေတို့ဖြင့် ၉၉ ပေအမြင့်ကိုဆောင်သော ရွှေမောင်းခံစေတီတော်အဖြစ် ခံ့ထည်တောက်ကြွား ဖူးချင်စဖွယ် ပြန်လည်ပြုပြင်နိုင်ခဲ့သည်။

စေတီတော်၏ ထူးခြားချက်ကား မူလစေတီပေါင်းကို ငုံ၍တည်ထားပြီး မုခ်ဦးအတွင်း ပထမအဆင့်၌ ဉဏ်တော်အမြင့် ခြောက်ပေ ကိုးလက်မရှိ ရုပ်ပွားတော်ကြီးကိုလည်းကောင်း၊ လှေကားမှတစ်ဆင့် တက်သွားပြန်လျှင် ဒုတိယအဆင့်၌ ရုပ်ပွားတော်မြတ်ရှစ်ဆူ၊ ဘေးပတ်ပတ်လည်၌ မုခ်ငယ်များနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများကိုလည်းကောင်း ဖူးတွေ့နေရပြီဖြစ်သည်။

ထိုမှတစ်ဆင့် လှေကားဖြင့် တက်သွားလျှင် တတိယအဆင့်၌ ရုပ်ပွားတော် ၁၈ ဆူနှင့် ဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးတစ်ဆူ ပူဇော်ထားရှိမည် ဖြစ်သည်။ ထိုမှတစ်ဆင့် လှေကားမှတက်သွားလျှင် ဖောင်းရစ်အထိ တက်ရောက်နိုင်စေရန် လှေကားများ တစ်ဆင့်ဆင့်တည်ထားပါသည်။ စေတီတော်ကို ၁၃၅၇ ခုနှစ်မှစ၍ ပြုပြင်ခဲ့ရာ ယနေ့ ၁၃၇၅ ထိ ၁၉ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည်။ စေတီတော်ပြင်ပနှင့် အတွင်းပိုင်း ဒုတိယအဆင့်သာ အချောကိုင်နိုင်ပြီး ကျန်အဆင့်များမှာ အကြမ်းထည်မျှသာ ရှိပါသေးသည်။ စေတီတော်အောက်တွင် ကြမ်းခင်းခြင်း၊ ရင်ပြင်တော်တံတိုင်းနှင့် ဘုရားဝင်းတံတိုင်း မုခ်ဦးများတည်ဆောက်ရန်အတွက် ကျပ်ငွေသိန်းပေါင်း ၁၀၀၀ ခန့် လိုအပ်နေသေးရာ ပေးလှူမည့်သူတကာပေါ်ပေါက်လာမှသာ ပြီးပြည့်စုံနိုင်လိမ့်မည် ထင်ပါသည်။

**မောင်ချိုမင်း(ကန္တရဝတီ)**

www.burmeseclassic.com

# ထူးထွေဆန်းကြယ် ဝကုံပြည့်လွယ်
# ကုဋေကြွယ် မြတ်စွာဘုရား

မြန်မာ့အသံသိန်းဟန်

ကျွန်တော်တို့ မိသားစုသည် စမ်းချောင်းမြို့နယ် ဝေဠုဝန်(မြောက်ပိုင်း)ရပ်ကွက် ဝေဠုဝန်အိမ်ရာ၏ တိုက်ခန်းတစ်ခန်းတွင် နေထိုင်ပါသည်။ ဤတိုက်ခန်းတွင် ကျွန်တော်တို့ နေထိုင်လာသည်မှာ နှစ်ပေါင်း ၃၀ ကျော်ပါပြီ။ ကျွန်တော်၏ဇနီး အထက်တန်းပြဆရာမ၏ ပညာရေးလုပ်သက်နှင့်အညီ ဖြစ်ပါသည်။

ကျွန်တော်တို့ မိသားစုတွင် သားတစ်ဦး၊ သမီးနှစ်ဦးရှိရာ သမီးငယ်တစ်ဦးကလွဲ၍ အားလုံးဘွဲ့ရ အလုပ်အကိုင်နှင့် ဖြစ်ပါသည်။ ကျွန်တော်တို့မိသားစုသည် ထေရဝါဒဗုဒ္ဓ အဆုံးအမနှင့်အညီ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ နေအိမ်တိုက်ခန်းတွင် ဆရာတော်အရှင်သူမြတ်များကိုပင့်ဖိတ်၍ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းကပ်ပူဇော်ဒါနပြုခြင်း စသည်တို့ကို အလျဉ်းသင့်သလို ကုသိုလ်ဒါနပြုပူဇော်လှူဒါန်းပါသည်။

သို့သော် မိမိနေအိမ်တွင် ရုပ်ပွားဆင်းတုတော်တစ်ဆူဆူအား ဒေသစာရီကြွချီအပူဇော်ခံခြင်း၊ ပင့်ဆောင်ပူဇော်ခြင်းကိုကား အကြောင်းမတိုက်ဆိုင်မိသဖြင့် မပြုလုပ်၊ မစီစဉ်နိုင်ခဲ့ပါ။

ကျွန်တော်၏ဇနီး ဆရာမ ဒေါ်ဝင်းယုသွယ်သည် တစ်နေ့၌ သူနှင့်အလုပ်လုပ်ဖက် ပညာရေးဆရာမတစ်ဦး၏နေအိမ်သို့ ဒေသာစာရီကြွချီလာသော မြတ်စွာဘုရားဆင်းတုတော်တစ်ဆူအား သွားရောက်ဖူးမြော်ခွင့် ကြုံခဲ့ပါသည်။

ထို့နောက် ယင်းရုပ်ပွားဆင်းတုတော်အား ထိန်းသိမ်းစောင့်ရှောက်တော်မူသော ဆရာတော်ထံမှ မိမိနေအိမ်သို့ ပင့်ဆောင်ပူဇော်ခွင့် နှစ်ရက်မျှ ချီးမြှင့်ပေးသနားပါရန် ခွင့်တောင်းလျှောက်ထားခဲ့သည်၊ ယင်းဆရာတော်ကလည်း အများသူငါပင့်လျှောက်သည့် လွတ်ရက်နှစ်ရက်ကို စီစစ်ပြီး မိမိ၏ဇနီးသည် ဆရာမသို့ ဘုရားပင့်ခွင့်ပေးခဲ့ပါသည်။



ဝကုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား

ထိုနေ့ရက်သည် ကောဇာနှစ် ၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ခရစ်နှစ် ၂၀၀၆၊ ဖေဖော်ဝါရီလ ၁၉ ရက်တနင်္ဂနွေနေ့ ဖြစ်ပါသည်။ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်မြတ်သည် တနင်္ဂနွေနေ့နံနက်မှ နောက်တစ်နေ့ တနင်္လာနေ့ ညနေအထိ ဖြစ်ပါသည်။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏ အမည်မှာ "ဝကုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား"ဖြစ်ပါသည်။ ဉာဏ်တော်မှာ ၃ ပေ ၉ လက်မ ရှိ ပါသည်။ ရှင်ဘုရင်များ ဘိသိက်သွန်း နန်းတက်တော်မူရာတွင် ရတနာအတိပြီးသော မင်းမြောက်တန်ဆာငါးပါးဖြင့် ဆင်ယင်ကာ ထုလုပ်ထားတော်မူပါသည်။ ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက်ကဟု ယူဆရသော ပုဂံလက်ရာ ရှေးရုပ်ပွားဆင်းတုတော်တစ်ဆူ ဖြစ်ပါသည်။ လက်ချောင်းများ၌ ဓာတ်လုံးလက်စွပ်များ ဝတ်ဆင်ပူဇော်ထားသဖြင့် "လက်စွပ်တော်ဘုရား"ဟုလည်း အမည်တွင်ပါသည်။

ရုပ်ပွားဆင်းတုတော်၏ ဘွဲ့တော်မှာ "လေးကျွန်းစကြာ အောင်တော်မူ မဟာအတုလရတနာမုနိ"ဟု အမည်တော် ရှိပါသည်။

ယခုအခါ ခုနစ်ရက်သားသမီးများက "ဝကုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်"ဟု ခေါ်ဆိုကြပါသည်၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ခုနစ်ရက်သားသမီး အများသို့ ပူဇော်နိုင်ပါရန် နိုင်ငံတော်



နိုင်ငံခြားပြန် သျှုတ္တဝေဒလက္ခဏာဆရာကြီး ဦးမင်းကျော်ခေါင်နှင့် မိသားစု ရုပ်ပွားတော်မြတ်အား ပူဇော်နေစဉ်



စာရေးသူ၏ဇနီး ဆရာမဒေါ်ဝင်းယုသွယ်၊ သားနှင့်သမီး မိသားစုကို ရုပ်ပွားတော်မြတ်ရှေ့၌ ပူဇော်အပြီး မြင်တွေ့ရစဉ်

ပြည်တွင်း တစ်နံတစ်လျား မည်သည့်မြို့ ရွာ၊ ကျေးလက်သို့မဆို ဘုရားပိုင်မော်တော်ယာဉ်ဖြင့် အိမ်တိုင်ရာရောက် ကြွရောက်တော်မူသည်။ "ဝကုံပြည့်လွယ် ကုဋေကြွယ်" ဟူသော နာမပညတ်အနတ္တသညာ စကားလုံး ခုနစ်လုံး၏ အလိုအရ တစ်လုံးချင်း အနက်အဓိပ္ပာယ်ရှိပါသည်။

ရခိုင်ဘုန်းတော်ကြီး အရှင်အာစိဏ္ဏ၏ အစီအစဉ်ဖြင့် မိမိနေအိမ်တိုက်ခန်းသို့ ဝကုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား ဒေသစာရီကြွတော်မူသည့်နေ့တွင် နေအိမ်ဘုရားခန်း၌ အမည်အမျိုးမျိုးသော ပန်းများဖြင့် ပူဇော်၊ အမည်စုံသော သစ်သီး၊ မုန့်အစုံစုံ၊ အမွှေးနံ့သာအဖုံဖုံဖြင့် ထွန်းညှိပူဇော်ပါသည်။ ရုပ်ရှင်တော်မြတ် ယာယီကိန်းဝပ်စံပယ်တော်မူရာ တိုက်ခန်း၊ ဘုရားခန်းဆောင်သည် အနိုင်းမဲ့ ကျက်သရေမင်္ဂလာ ရှိလှပါသည်။ စာရေးသူ၏ တိုက်ခန်းသည် ဘုရားကျောင်းဆောင်၊ ဧည့်ခန်းနှင့် အိပ်ခန်းနှစ်ခန်းပါရှိရာ ပုဂ္ဂလိကနေအိမ်ရှိ ဘုရားခန်းများနှင့်ယှဉ်သော် ကျဉ်းလှသည်။ ထို့ကြောင့် မိမိတိုက်နှင့် မျက်နှာချင်းဆိုင်တိုက်နှစ်တိုက်၊ ရင်းနှီးသော ဓမ္မမိတ်ဆွေ၊ စာပေမိတ်ဆွေနှင့် ရုံးမှလူရင်းအချို့ကို ဖိတ်မန္တကပြုခဲ့ပါသည်။

ဤသို့သော ဘုရားဖူးမိတ်ဆွေများတွင် နိုင်ငံခြားပြန် သျှုတ္တရပညာရှင် ဝေဒလက္ခဏာဆရာကြီး ဦးမင်း

www.burmeseclassic.com



**ကေသီပန်ဦးလှမြင့်၊ ဘုတလင်မောင်လှခိုင်၊ မြန်မာ့အသံဒေါ်စမ်းစမ်းယဉ်နှင့် ခင်ပွန်း ဦးကျော်ဝင်း(သစ်တောဦးစီးဌာန)တို့ ပူဇော်နေကြစဉ်**

ကျော်ခေါင်နှင့်ဇနီး၊ ကေသီပန်ဦးလှ မြင့်(မြတ်ချမ်းသာဆေးတိုက်ပိုင်ရှင်)၊ ကဗျာဆရာ ဘုတလင်မောင်လှခိုင်၊ မြန်မာ့အသံမှ ဒေါ်စမ်းစမ်းယဉ်နှင့် ခင်ပွန်း ဦးကျော်ဝင်း၊ ရေဒီယိုသတင်းဖတ်သူ ဦးမြင့်ဝေ၊ စာရေးသူ၏ဇနီး၊ သား၊ ချွေးမနှင့် သမီးများ၊ သား၏ ဇနီးဘက်မှ ဖခင်၊ မိခင်များ စသူတို့ ပါဝင်ပါသည်။

ယနေ့တိုင်းရင်းဆေးဝါး လုပ်ငန်းဖြင့် စီးပွားရေးအောင်မြင်နေသလို ထေရဝါဒဗုဒ္ဓအဆုံးအမဖြင့် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးအဖြစ် ကျင့်ကြံအားထုတ် လှူဒါန်းပေးကမ်း ဒါနပြုနေသူ ကေသီပန်ဦးလှမြင့်က မိမိနေအိမ်သို့ ပင့်ဆောင်ပူဇော်ထားသော ဝက်ပြည့်လွယ်ကုဋ္ဌေကြွယ် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ကို စူးစိုက်ကြည်ညို ဖူးမြော်နေသည်။

"ဤဆင်းတုတော်၏ ထူးခြားချက်မှာ မြတ်စွာဘုရား မျက်နှာတော်ပုံတော်သည် 'ငြိမ်းအေးနေမှု' ဝိသေသ လက္ခဏာတော် ရှိခြင်းပဲဗျ။ မြတ် စွာဘုရားဆင်းတုတော်သည် အတွင်းရေး ငြိမ်းအေးနေပုံ၊ အတွင်းစိတ်ငြိမ်းအေးပြီး မျက်နှာတော်က ပြုံးနေပုံ မြင်ရတယ်ဗျ"ဟု ကေသီပန်ဦးလှမြင့်က ရုပ်ရှင်တော်မြတ်အား အာရုံစူးစိုက်ဖူးမြော်ရင်း ဤသို့ပြောပါသည်။

မှန်ပါသည်။ မြတ်စွာဘုရားသည် ကိလေသာဆယ်ပါး လုံးဝကင်းပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို အာရုံပြုနေသူဖြစ်သဖြင့် အတွင်းရေး ဝမ်းအေးနေ၏။ အတွင်းစိတ်ငြိမ်းအေး၍ ကိုယ်တော်မြတ်၏ မျက်နှာတော်သည် မည်သည့် ရုပ်တု၊ ဆင်းတုနှင့်မျှ မတူအောင် ထူးခြားသပ္ပာယ် ကြည်ညိုဖွယ် ဖြစ်နေခြင်းပင်။

စေတီတော် လေးဆူရှိရာ မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတုတော်ကို ပူဇော်ရှိခိုးကြသည့်သူများမှာ "သက်တော်ထင်ရှား မြတ်စွာဘုရားပါတကား"ဟု ဂုဏ်တော်ကိုးပါးကိုစိတ်ရောက်ပြီး ကြည်ညိုသူများ ဖြစ်ကြပါသည်။ "သမေစိတ္တေ သမံဖလံ"ဆိုသည့် ပါဠိတော်လာအရ "စိတ္တေ-မိမိစိတ်သည်၊ သမေ-သက်တော်ထင်ရှားမြတ်စွာဘုရားနှင့် ရုပ်တု၊ ဆင်းတုတော်နှင့် အညီအမျှထားနိုင်သည်ရှိသော်၊ သမံဖလံ-ဘုရားစင်စစ်ကို ပူဇော်ရဘိသကဲ့သို့ အကျိုးတရားအတူတူပင် ရရှိနိုင်ပါသည်ဟု အနက်အဓိပ္ပာယ် ဖော်ဆောင်ပါသည်။

စာရေးသူတို့၏ နေအိမ်ဂေဟာသို့ အမှတ်မထင် ဒေသစာရီ ကြွချီ ရောက်ရှိတော်မူသော ဤဝက်ပြည့်လွယ်ကုဋ္ဌေကြွယ် မြတ်စွာဘုရား၏ ဘုန်းတန်ခိုးကား မည်မျှစွမ်းသည်ကို မဖော်ညွှန်းလိုပါ။

"မိမိအပါအဝင် ဖူးမြော်လာကြ သူဝေနေယျအပေါင်း၏ စိတ်သန္တာန်ဝယ် အေးချမ်းကြည်လင် ငြိမ်းချမ်းမှုကိုကား လက်တွေ့ရရှိ ခံစားရပါသည်။ ဤကား အမှန်ဖြစ်ပါသည်။ လောကတွင် ကိုယ်၏ကျန်းမာ၊ စိတ်၏ချမ်းသာခြင်းသည် မည်သည့်လောကီစည်းစိမ် ဥစ္စာရတနာနှင့်မျှ မလဲနိုင်ချေတကား"

"အရဟံ-ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ-စိတ်ကွယ်ရာ အရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ-ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ-ရှိသေ မြတ်နိုး လက်စုံမိုးပြ ရှိခိုးပါ၏ အရှင်ဘုရား"

မြန်မာ့အသံသိန်းဟန်




www.burmeseclassic.com

www.burmeseclassic.com

# ကြည်နူးပူဇော် ချမ်းသာကြီးဂါထာတော်

မခင်မြင့်သွင် [ ပြည် ]



ချမ်းသာကြီးဘုရား

* ချမ်းသာကြီးဂါထာ *

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**သုခံအဂ္ဂံ၊ ဗလဒေဿ၊ ယသတေဇော၊**

**လာဘံအာယု၊ အဋ္ဌဝရာနိမာနေဝ၊ ဝဇ္ဇန္တု၊ ငိနုတေဇသာ။**

ဘုရားအားရှိခိုးပါသည်။ ရှိခိုးခြင်းကိုပြုသူအား ချမ်းသာခြင်း၊ ကုသိုလ်ကံကောင်းခြင်း၊ အင်အားရှိခြင်း၊ အောင်မြင်ခြင်း၊ အခြံအရံများခြင်း၊ အာဏာရှိခြင်း၊ ဥစ္စာပေါ၍ လာဘ်များခြင်း၊ အသက်ရှည်ခြင်း။

ဤမြတ်တရားရှစ်ပါးတို့သည်သ၊ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် တိုးပွားစေကုန်သတည်း။

ရွှေတိဂုံစေတီ ဘက်စုံပြုပြင်ရေးနှင့် ထီးတော်ပြုပြင်မွမ်းမံမှုအတွက် ပြည်သူလူထုမှ ရတနာ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အစရှိသည်တို့အား နှစ် ၁၀၀ အတွင်း ကြုံတောင့်ကြုံခဲ အလှူတော်ပွဲအား ချမ်းသာကြီးဘုရားတန်ဆောင်းနှင့် ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင် အလှူခံဌာနများတွင် အလှူငွေနှင့် ပစ္စည်းများအား အလှူခံခဲ့ပါသည်။

ကျွန်မလည်း ကြုံတောင့်ကြုံခဲ ဤအလှူတော်မင်္ဂလာပွဲအား လှူဒါန်းလိုစိတ် ပြင်းပြကာ မိဘဘိုးဘွားလက်ထက်က စုဆောင်းထားခဲ့သော ငွေ၊ ဒေါ်ာ အစရှိသည့် ပစ္စည်းများနှင့် ရေးဟောင်းကျောက်များအား လှူဒါန်းသည်။ ဝမ်းသာကြည်နူးပီတိထူးများ ခံစားရပါသည်။

လှူဒါန်းရာတွင် အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ပြုပြင်မှုပြပွဲ အထိမ်းအမှတ်၊ ထီးတော်မြတ်ကြီး၏ ပုံတော်ရာအမျိုးမျိုးပါ ပုံတော်များအား အမှတ်တရအဖြစ် ပေးခြင်း၊ ချမ်းသာကြီးတန်ဆောင်းအတွင်းရှိ **ချမ်းသာကြီးဂါထာတော်မြတ်**အား ကူးယူထားသော စာရွက်များ လက်ဆောင်အဖြစ် ပေးခြင်းများကို ရရှိခဲ့ပါသည်။

၎င်းဂါထာတော်မြတ်အား နေ့စဉ်ရွတ်ဖတ်ခြင်းဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုးများ ရနိုင်ခြင်းကို ရောင်ပြန်ပရိသတ်အတွက် အကျိုးပွားစေရန် ဝေငှလိုစိတ်ပြင်းပြသောကြောင့် ဓမ္မလက်ဆောင်အဖြစ် ရေးသားအပ်ပါသည်။ ကျွန်မကဲ့သို့ အကျိုးထူးများ ရရှိကြပါစေ...။


**မခင်မြင့်သွင်(ပြည်)**



www.burmeseclassic.com

www.burmeseclassic.com

# ဝရမုနိမဟာဗုဒ္ဓိရှင်
# မြတ်စွာဘုရားသမိုင်းတော်



လွန်ခဲ့သော လကဖြစ်ပါသည်။ ဓမ္မမိတ်ဆွေ ဒေါ်ရီရီခိုင်၏ ဖိတ်ကြားချက်အရ စမ်းချောင်းမြို့နယ်၊ မမကြီးလမ်းရှိ သားရွှေစင်သက်န်းတိုက်သို့ 'ဝရမုနိမဟာဗုဒ္ဓိရှင်မြတ်စွာဘုရား'အား ဒေသာစာရီကြွခြင်း ဖူးမြော်ရန်အလို့ငှာ E.E.R(G.M) ကိုထွန်းလွှင်နှင့် ဓာတ်ဆီမောင်တို့နှင့်အတူ ရောက်ခဲ့ပါသည်။

**အောင်မြင့်စိုး**



www.burmeseclassic.com

www.burmeseclassic.com

ညဏ်တော် သုံးလက်မခွဲခန့်ရှိသော "ဝရမုနိရုပ်ရှင်တော်မြတ်"ဘုရား၏ ရှေ့တော်မှောက်တွင် အောက်ပါဂါထာ တစ်ပုဒ်ဆုံး၊ တစ်လုံးချ ပုတီးတစ်ပတ်စိပ်ရပါသည်။

**"နှစ်ကျိပ်ရှစ်ဆူ ဂါထာတော်"**

တံမေသဒိ၊ ကောမံသုရေ၊
သော အပနှာ၊ ပသုသုပိ၊
အခံသိတိ၊ ဖုဝိသိဝေ၊
ကကော ကဂေါ၊ နမာမဟံ။

ဒေါ်ရီရီခိုင်မှ ဝရမုနိရုပ်ရှင်တော်မြတ်၏ ၁၃.၁၀.၂၀၀၆ မှ ၁၀.၁. ၂၀၀၇ ထိ ရက် ၉၀ အပူဇော်ခံကြွရောက်ခြင်း(ရန်ကုန်မြို့)၊ ပုံတော်တစ်ဆူလှူဒါန်းပြီး ဝရမုနိမဟိဒ္ဓိရှင်မြတ်စွာဘုရားသမိုင်းတော်အား သိခွင့်ရခဲ့ခြင်းအား တင်ဆက်အပ်ပါသည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဇေယတု။

သတ္တမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် ရန်ကုန်သို့ သာသနာပြုကြွမြန်းတော်မူတိုင်း ညစဉ် ၇ နာရီမှ ၉ နာရီအတွင်း ရွှေတိဂုံဆံတော်ရှင် မြတ်စွာဘုရားကြီး၏ အရှေ့မျက်နှာ ဒေါ်ငွေဇင်ကောင်းမှု၊ ရေကြည်တော်တန်ဆောင်း၌ ပုတီးစိပ်တော်မူလေသည်။ **၁၃၈၈ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက် ဗုဒ္ဓဟူးနေ့၊ ညနေ ၇ နာရီအချိန်** ရေကြည်တော်တန်ဆောင်းသို့ ကြွလာတော်မူသောအခါ တန်ဆောင်းဝမှစ၍ ဆရာတော်ဘုရားဝတ်ပြုသော နေရာတိုင်အောင် တဘက်များ သူ့ထက်ငါ ခင်းကြပြီး ပန်းမွှေ့ရာများကြဲဖြန့်ထားလေ၏။ ပန်း၊ တံခွန်၊ ကုက္ကား၊ နံ့သာတိုင်၊ အလင်းတိုင် စသည်များ လှူဖွယ်ဝတ္ထုများတို့ကို တိုးဝှေ့လှူဒါန်းကြလေသည်။ ဆရာတော်လက်မှတစ်ဆင့် ကပ္ပိယဒကာများက ယူပြီး ပုတီးစိပ်သော နေရာဘေးချထားကြလေသည်။ ဆရာတော်ဘုရားကြီးကလည်း လက်တော်ဖြင့် ပွေ့ပိုက်လာသော ပန်း၊ နံ့သာ စသည်များကို ရှေ့တော်အခင်းပေါ်တွင် ဘုရားလှူပြီး ချထားတော်မူလေသည်။ ပန်းပုံမှာ တစ်တောင်လောက် မြင့်နေပါသည်။ ရှေးဦးစွာ ပုတီးစိပ်ရန် နေရာအဆင်သင့်ယူကြပါသည်။ တကာ/တကာမများ ရေတွက်ကြည့်သောအခါ ၃၂ ယောက် ရှိပါသည်။ ဘေးဝဲယာက လာရောက်ဖူးမြော်နေကြသောလူများ ခန့်မှန်းခြေ ၅၀ လောက်ရှိမည်ဖြစ်၏။

ဆရာတော်ဘုရားက ပရိတ်တိုးတိုးချပေးပြီး ယနေ့ဗုဒ္ဓဟူးနေ့ဖြစ်၍ 'သုဂတောသိဒ္ဓိ'ဂုဏ်တော် ၂၇ ပတ်စိပ်ရန် မိန့်တော်မူ၍ အားလုံးမျက်စိမှိတ်၍ ဘုရားကိုအာရုံပြုပြီး ပုတီးစိပ်နေကြ၏။ ည ၇:၄၅ နာရီလောက်တွင် ပုတီးစိပ်ပြီးကြသောအခါ မေတ္တာခံယူ၊ မေတ္တာပို့၊ အမျှဝေပြီးကြလျှင် အများလှူဒါန်းထားသော ပန်းပုံပေါ်မှ ပစ္စည်းဝတ္ထုတစ်ခုကို ဆရာတော်ဘုရားကြီးသည် လက်ကိုင်ပုဝါအဖြူဖြင့် ဖုံးအုပ်၍ ယူထားပြီး ဆရာတော်ဘုရား၏ ဘေးမှထိုင်နေသော ငါးနှစ်အရွယ် ချောကလျာလေးအား ပုတီးစိပ်နေတုန်း ဘာမြင်ရသလဲဟု နှစ်ခါလောက်မေးသောအခါ "အဝတ်ဖြူဝတ်ထားသော ဆံထုံးကြီးနဲ့ အဘိုးကြီးတစ်ယောက် တောင်ဝှေးလည်းပါတယ်၊ ပုတီးလည်းပါတယ်။ လာရပ်နေတာ မြင်ရတယ်ဘုရား"ဟု ချောကလျာလေးက လျှောက်လေ၏။ ပရိသတ်က ငြိမ်ပြီးနားထောင်နေကြ၏။ ထိုစဉ် ဆရာတော်ဘုရားက အားလုံး ရွှေတောင်တန်းဦးအေးအိမ်သို့ လိုက်ခဲ့ကြဟု မိန့်တော်မူပြီး ကြွတော်မူ၏။ အားလုံးလိုက်သွားကြ၏။ ရွှေတောင်တန်းသို့ ရောက်သောအခါ ပရိသတ် ဘယ်နှယောက်ရှိပါသလဲဟု ထပ်ရေတွက်ကြပါဟု မိန့်၍ ရေတွက်ကြသော အခါ ၃၁ ယောက် ရှိ တော့ကြောင်း လျှောက်ထားကြ၏။

Dr.ဦးချစ်ဆွေကို ဖုန်းဆက်ခေါ်ရန် မိန့်ပြီး တင်ထားဖို့ရာ တစ်ခုတောင်း၍ ကြွေကလာပ်တစ်ခုရှေ့တော်မှောက်တွင် ချထားပေး၏။ အဝတ်ဖြူနှင့် ဆရာတော်ကိုင်ယူလာသော အရာဝတ္ထုကို ထိုကြွေကလာပ်ပေါ်တွင် ဖွင့်၍တင်လိုက်သောအခါ ဘုရားဆင်းတုတော်မြတ်ဖြစ်နေ၍ ပရိသတ်များ သဒ္ဓါကြည်ညိုလှစွာ ဖူးမြော်ဖြစ်နေကြ၏။ ဦးချစ်ဆွေတို့လည်း ရောက်လာကြ၏။

www.burmeseclassic.com

ထိုအခါ ဆရာတော်ဘုရားက မိန့်တော်မူသည်မှာ ဦးချစ်ဆွေတို့အိမ်မှာ ဆရာတော် မနက်က "လာဇာနတ်သမီး"ညသန်းခေါင်ယံ လာ၍လျှောက်တဲ့အကြောင်း မိန့်ပုံကို ပရိသတ်များကြားရအောင် ပြောပြပါဟု မိန့်သောအခါ Dr. ဦးချစ်ဆွေမှ ပြောသည်မှာ ...

"မဟိဒ္ဓိပုဂ္ဂိုလ်ကြီးများက ဘုရားရှင် ဆင်းတုတော် ပဉ္စလောဟာဝရမုနိ ဓာတ်သေငါးပါးကို ကမ္ဘာသူကမ္ဘာသား မြန်မာပြည်သူ၊ မြန်မာပြည်သားတို့ ကပ်ကြီးသုံးပါးမှ ကျော်လွတ်စေရန် ကိုးကွယ်စေရန် ပေးလှူလာမယ်ဆိုတာကို 'လာဇာဒေဝီနန္ဒသမီး'က ဆရာတော်အား ညက လာလျှောက်တဲ့အကြောင်း မိန့်တော်မူပါတယ်။ တကာ/တကာမများ ကြားကြပြီမဟုတ်လား။ ထို့ကြောင့် ဤရုပ်ရှင်တော်မြတ်ကို အောက်ပါအတိုင်း သမိုင်းထိုးရမည်။

ဘွဲ့တော်

၁။ ဝရမုနိမဟိဒ္ဓိရှင် မြတ်စွာဘုရား

၂။ သွန်းလုပ်သည့် ဓာတ်သေငါးပါး(သံ၊ သွပ်၊ ဘော်၊ ပြဒါး၊ ကျွတ်)

၃။ ပေးလှူရန်အကြောင်းကြားလာသူ "လာဇာဒေဝီနတ်သမီး"(သူ့အကြောင်း ဝိမာနဝတ္ထုတွင်ကြည့်ပါ။)

၄။ ပေးလှူလာသောပုဂ္ဂိုလ် မဟိဒ္ဓိပုဂ္ဂိုလ်ကြီးများမှတစ်ဆင့် ဘိုးသစ္စာ။

၅။ လှူဒါန်းသော ဌာန-ရွှေတိဂုံ ဆံတော်ရှင်ဘုရား အရှေ့ဘက် ဒေါ်ငွေဇင်ကောင်းမှု ရေကြည်တော်တန် ဆောင်းအတွင်း ၃၂ ယောက်သော ကောင်းမှုရှင်များ လှူဒါန်းထားသော ပန်းပုံမွေ့ရာကြီးပေါ်။

၆။ အလှူခံပုဂ္ဂိုလ်-'သတ္တမမြောက် ကျော်အောင်စံထား ဆရာတော် အရှင်ဝါယမဘိဝံသမဟာထေရ်'။

၇။ ပူဇော်ကိုးကွယ်ထားရန်နေရာ- အမရပူရ ရွှေမြို့တော် ကျော်အောင်စံထားကျောင်းတိုက်အတွင်း မဟာအောင်သိဒ္ဓိရှင်တော်မြတ် ကိန်းဝပ်ရာဌာန။

၈။ ပေးလှူမည်ဟုပြောလာသောနေ့-၇.၁၂.၁၉၇၆ ရက်၊ အင်္ဂါနေ့ ညသန်းခေါင်ယံအချိန်။

၉။ ပေးလှူသည့်နေ့- ၁၃၈၈ ခု နတ်တော်လပြည့်ကျော် ၇ ရက်၊ ၈.၁၂.၁၉၇၆ ရက်၊ ဗုဒ္ဓဟူးနေ့ ည ၇ နာရီ ၄၅ မိနစ်အချိန်။

၁၀။ ဘုရား၏ ညဏ်တော်-သုံးလက်မခွဲ။

၁၁။ ဘုရားရှင်၏အလေးချိန် ၆၀ ကျပ်သားကျော်ကျော်။

၁၂။ ဘုရားရှင်၏ မူလအရောင်တော်၊ အဖုသွားတော်- ၄က်ခါးရောင်သန်းပြီး 'နီ-ဝါ-ဖြူ'သန်းနေ၏။

ပထမဦးစွာ "ဝရမုနိမြတ်စွာဘုရား"ကို ပူဇော်လှူဒါန်းရသူများမှာ ၃၁ ယောက်ဖြစ်၏။ တစ်ယောက်လျှင် မတ် ၃၁ မတ်လှူဒါန်းပြီး ကိုယ်တော်လုံး ရွှေချပူဇော်လှူဒါန်းကြ၏။ တစ်ယောက်လျှင် ဝရမုနိရုပ်ရှင်တော်မြတ်ကို သုံးရက် အိမ်တွင် ပူဇော်ခွင့်ရ၏။

**မှတ်ချက်။** ။ ကျော်အောင်စံထား၏ မေတ္တာစေတနာ ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၁၄.၁၀.၂၀၀၆၊ စနေနေ့ နေ့စွဲပါ ဝရမုနိမဟိဒ္ဓိရှင်မြတ်စွာဘုရားသမိုင်းတော် လက်ကမ်းကြော်ငြာပါ ဘွဲ့တော်၏ အပိုဒ်(၉)တွင် ပေးလှူသည့်နေ့ ၁၃၃၈ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ၈.၁၂.၁၉၇၆၊ ဗုဒ္ဓဟူးနေ့ဟု ပါဝင်ပါသည်။ ထိုအင်္ဂလိပ်ရက်စွဲအား စာရေးသူမှ နှစ် ၁၀၀ ပြက္ခဒိန်တွင် ရှာဖွေတိုက်ဆိုင်ကြည့်ရာ ၁၃၈၈ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ဟု တွေ့ရှိရပါကြောင်း။ ။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု။

**● အောင်မြင်စိုး**




www.burmeseclassic.com

www.burmeseclassic.com


# ဆင်ပေါ်က အဘ
# နှင့်
# ဝင်ပေါ်က ဆရာကြီး မင်းသိင်္ခ

## မောင်မောင်မြင့်အေး



ဆရာကြီး ဂန္ဓာရီခရီး ထွက်စဉ်က စည်ကြီးတင်စခန်းတွင် တစ်နှစ်ခန့် နေခဲ့သည်။ စည်ကြီးတင်စခန်းသည် ရန်ကုန်မြို့မှ ၁၅၃ မိုင်ဝေးသည်။ ဇေယျာဝတီနှင့် ကျွဲပွဲကြားတွင် ရှိသည်။ စည်ကြီးတင်ရွာကြီး ဖြစ်သည်။ ရန်ကုန်-မန္တလေး လမ်းမကြီးဘေးတွင် ကပ်လျက်ရှိသည်။ ကုန်ကားကြီးများ ခေတ္တရပ်နားသည်။ ဖြူးမြို့ ဇေယျာဝတီမြို့များ အလွန်တွင် ရှိသည်။ လမ်းဘေးဝဲယာတွင် ကုက္ကိုပင်ကြီးများ အုပ်ဆိုင်နေသည်။ အနောက်ဘက်တွင် ရိုးမကြီး ရှိနေသည်။ ကျွဲပွဲမှ သစ်တင်ကားများ ဖြတ်သန်းသွားသည်။ ဆရာကြီးသည် စည်ကြီးတင် စေတီဝင်းအတွင်း၌ တဲပိုင်းကြီး ထိုးပြီးနေသည်။ ဖြူး ဇေယျာဝတီ၊ ညောင်ပင်သာ၊ တောင်ငူစသော အရပ်များမှ ခုနစ်ဂေါက် သားသမီးများကို တွေ့သည်။ ယတြာပေးသည်။ ထိုစဉ်က ဖြူးဘုတာရုံပိုင်ကြီးမှာ ဦးသန်းလောင်း ဖြစ်သည်။ သူက ကဗျာဆရာတစ်ဦးဖြစ်သည်။ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းထွက် ဖြစ်သည်။ တောင်ငူ လူမော်မှာ သူနှင့်ညီအစ်ကို တော်သည်။ တောင်ငူဘူတာနှင့် ဖြူးဘူတာကို ထိုအချိန်က ကားရထား ပြေးသည်။ ကားရထား ဆိုသည်မှာ TE 1 ကုန်တင်ကားဟောင်းနှင့် ရထားတွဲနှစ်တွဲ ဆက်ထားခြင်းဖြစ်သည်။

www.burmeseclassic.com



မီးရထား အင်ဂျင်နီယာကြီးတစ်ဦး တီထွင်ထားခြင်းဖြစ်သည်။ ၎င်းတောင်ငူ-ဖြူး ကားရထားသည် နေ့ခင်း ၂ နာရီခန့်တွင် တောင်ငူမှ ထွက်လာပြီး မိုင်တိုင် ၁၅၃ တွင် ခေတ္တရပ်ပေးသည်။ ဖြူးက ထွက်လာလျှင်လည်း ရပ်ပေးသည်။ ထိုရထားလမ်းပေါ်မှဆင်းပြီး ရန်ကုန်-မန္တလေး ကားလမ်းကြီးဖြတ်ကျော်လျှင် ဆရာကြီး၏ စည်ကြီးတင်စခန်းသို့ရောက်သည်။

ဆရာကြီးသည် စည်ကြီးတင်တွင် နေထိုင်စဉ် အဆုတ်ရောဂါဖြင့် တောင်ငူဆေးရုံကြီးသို့ ရောက်သွားသည်။ တောင်ငူဆေးရုံကြီးတွင် ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်က စမ်းသပ်ပြီး ရန်ကုန်သို့ သွားရောက်ကုသရန် ညွှန်ကြားသည်။ *(မှတ်ချက်- ထိုဆရာဝန်ကြီးသည် နောင်အခါ ကျန်းမာရေးဝန်ကြီး ဖြစ်လာပြီး ဆရာကြီး မကွယ်လွန်မီ ရန်ကုန် ဆေးရုံကြီးသို့ လာရောက်ကြည့်ရှုခဲ့သည်။)*

ဆရာကြီးသည် ရန်ကုန် မဟာမြိုင်ဆေးရုံတွင် ဆေးကုသမှု ခံယူပြီး (၂၉)လမ်း အခန်းတွင် ခေတ္တနားသည်။ ထိုကဲ့သို့ ခေတ္တနားနေစဉ်တွင် ဆရာကြီးသည် ၎င်းနေရာနှင့်သူ မတည့်ဟု တွက်ချက်ပြီး နေရာပြောင်းရန် ရှာသည်။ ၎င်းနေရာသည် ဒေးစွန်ပါတောင်ခြေ ဖြစ်သည်၊ ဒေးစွန်ပါတောင်ခြေတွင် စခန်းသစ် ဆောက်သည်။ ထိုအဆောက်အဦ ဆောက်ရန်ပန္နက်ရိုက်သည်။ အဆောက်အဦ ဆောက်သည်။ ထို့နောက် ဆရာကြီးသည် စည်ကြီးတင်သို့ ခေတ္တပြန်သည်။

တစ်နေ့ စည်ကြီးတင်သို့ ကျွန်တော်တို့ လိုက်သွားရာ ဆရာကြီးက…

“မောင်မြင့်အေး မင်းက တနင်္ဂနွေသားဆိုတော့ ငါ့ကို ဒေးစွန်ပါကနေပြီး ဆင်နဲ့ ကြိုကွာ”

ဟု ပြောသည်။ ကျွန်တော်က…

“ဆင်နဲ့ ဘယ်လိုကြိုရမှာလဲ”

ဟု မေးရာ ဆရာကြီးက…

“ဒီလိုကွာ…အခု ငါ ဒေးစွန်ပါမှာ ငါနေဖို့ အဆောင်ရယ်၊ ဓာတ်စခန်းရယ် ဆောက်နေပြီ၊ ပြီးရင် အဲဒီမှာသွားဖို့



www.burmeseclassic.com

www.burmeseclassic.com

ဘိုးမင်းခေါင်ကို ဆင်ပေါ်မှာတင်ပြီး ဆင်ပေါ်ကအဘ ထားချင်တယ်၊ အဲဒါ မင်းက ငါ့ကို အဲဒါနဲ့ ကြိုပေါ့ကွာ၊ အဲဒီဆင်ပေါ်က အဘ ဆိုတဲ့ ပန်းချီပုံကို မင်း မြင်ဖူးလား၊ မြေနီကုန်းမှာ ကိုစောလှိုင်၊ မမြမြ ဆိုတဲ့ စာအုပ်ဆိုင်ရှိတယ်၊ အဲဒီကိုစောလှိုင်က ပန်းချီဆရာကွာ၊ သူ့ဆိုင်မှာ အဲဒီပုံရှိတယ်၊ သူဆွဲထားတာ၊ နောက်ပြီး ဗိဿနိုးတွေပုံကိုကွာ ဂရုဖိတိုလို ဆွဲထားတာလည်း ရှိတယ်ကွာ၊ ပန်းပုထုထားတာတော့ ငါ မတွေ့သေးဘူး၊ အဲဒါတော့ မင်း စီစဉ်ပြီး ငါ့ကို ကြိုရမယ်၊ သဘောကတော့ကွာ မင်းနဲ့ ငါက တနင်္ဂနွေသားဆိုတော့ အဲဒီလို အဘ ဘိုးမင်းခေါင်ကို ဆင်ပေါ်မှာတင်ပြီး ကိုးကွယ်ရင် တို့လည်း စင်ပေါ်ရောက်ပြီ ပေါ့ကွာ"

ဟု ပြောပြီး ပြန်ခဲ့သည်။

တကယ်တော့ ဆင်ပေါ်မှာ အဘ ဘိုးမင်းခေါင် ထိုင်နေပုံကို ပန်းပုဆရာကို ထုခိုင်းရန် လွယ်ကူသော ကိစ္စတော့ မဟုတ်ပါ။ ကျွန်တော့်အနေနှင့် ဆရာကြီးကိုသာ ကတိပေးလိုက်ရသည်။ မည်ကဲ့သို့ ဆောင်ရွက်ရမည်မသိ ဖြစ်နေသည်။

သုံးလေးရက်ခန့်အကြာတွင် ကျွန်တော့်ဇနီး၏ အစ်ကိုကြီးသည် အိမ်သို့ လေးဘီးကားနှင့် ရောက်လာ၏။ လေးဘီး နောက်ခန်းတွင် ဆင်ရုပ်ကြီးနှစ်ရုပ် ပါလာသည်။ ဆင်ရုပ်ကြီးများမှာ အမြင့် သုံးပေခန့် ရှိသည်။ သူက···

"ငါတို့ ရန်ကုန်တိုင်း သမက အရုပ်အပေါင်းတွေ လေလံဈေးနဲ့ ရလို့ ငါယူလာတယ်၊ မင်းက အဲဒါတွေ ဝါသနာပါလို့ အဲဒါ နှစ်ကောင်မှ ၅၀၀ဝိ/- ကျတယ်"

ဟု ပြောရာ ကျွန်တော်က···

"ယူမယ်ဗျာ"

ဟု ပြောလိုက်ပြီး···

လေးဘီးခ ၁၀ဝိ/- နှင့် ဆင်ရုပ်ဖိုး ငါးထောင် ပေးလိုက်သည်။ ဆင်ရုပ်ကြီး နှစ်ရုပ်မှာ ကျွန်တော် လိုချင်သော အရွယ်ဖြစ်နေသည်။ ကျွန်တော်က ဆင်ရုပ်အနေအထားကို မြင်အောင်မှတ်ထားပြီး နောက်တစ်နေ့တွင် ရွှေတိဂုံစေတီ မြောက်ဘက်မုခ် ဓာတ်လှေကားအထက်မှ မြောက်မှ အနောက်ဘက်မုခ်သို့သွားသော မော်တော်ကားလမ်းဘေးရှိ ပန်းပုတန်းသို့ သွားကြည့်ရာ နှစ်ပေခွဲခန့်ရှိ ဘိုးမင်းခေါင်ရုပ်တုကို တွေ့သည်နှင့် ၅၀၀ဝိ/-နှင့် ဝယ်လာလိုက်၏။ ဝယ်ကတည်းက ပန်းပုဆရာကို အောက်ခံခုံကို အနည်းငယ် ထွင်းခိုင်းထားပြီး အိမ်တွင်ရှိသော ဆင်ပေါ်တွင် တင်လိုက်ရာ အံဝင်ခွင်ကျ ဖြစ်နေသည်ကို တွေ့ရတော့၏။

ကျွန်တော်လည်း အိမ်တွင် အဘဘိုးမင်းခေါင်ကို ဆင်ပေါ်တင်ပြီး ကန်တော့ပွဲဖြင့် ပူဇော်ခြင်း၊ စီးကရက်၊ ကော်ဖီ၊ အဖန်ရည်တို့ ဆက်ခြင်းဖြင့် ပူဇော်ထား၏။

ထို့နောက် ဆရာကြီးရှိရာ စည်ကြီးတင်သို့ သွားရောက်ပြီး ဆင်ပေါ်ကအဘ ရပြီဟု ပြောပြန်၏။ ဆရာကြီးက နေ့ကောင်းရက်သာရွေးပြီး ရက်ရွေးပေးလိုက်၏။

ထိုစဉ်က ကျွန်တော်၏ မော်တော်ကားမှာ ဟွန်ဒါ စီဗစ်ကားလေး ဖြစ်သဖြင့် ဆင်ပေါ်ကအဘကိုတင်ရန် ကား ငှားရပြန်၏။

ကိုကျော်သက်နှင့် ညီများ တာယာဆိုင်ပိုင်ရှင် ကိုကျော်သက်ကို အကူအညီတောင်းရာ ၎င်း၏ ဟိုင်းလက်ကား နှင့် လိုက်ပို့၏။

ဒေးစွန်ပါတွင် အသင့်စောင့်နေသော ဦးဖြူဝင်းကို ဆင်ပေါ်မှ အဘကို အပ်ထားလိုက်၏။

ဆရာကြီးလည်း မကြာခင် ဒေးစွန်ပါသို့ ပြောင်းလာပြီး ၎င်း၏ဓာတ်ခန်းတွင် ဆင်ပေါ်မှ အဘကို ထည်ထည်ဝါဝါကြီး ထားထားသည်ကို တွေ့ရ၏။

ထိုအချိန်မှ စတင်၍ ဆရာကြီးလည်း စင်ပေါ်သို့ မသိမသာ ရောက်ရောက်လာ၏။ ကျွန်တော်လည်း···

မောင်မောင်မြင့်အေး

(မှတ်ချက် ။ ။ စင်ပေါ်ရောက်လိုသူတိုင်း ဆင်ပေါ်က အဘကို ယုံယုံကြည်ကြည် ဆည်းကပ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



### နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီး လက်လုပ်တောင်တောရ

# ထူးထွေ ဆန်းကြယ် အံ့မှုယ်ဘနန်း လွန်ထူးဆန်းသည့် မြန်မာ့နိုင်ငံရေး၊ မြန်မာ့ငြိမ်းချမ်းရေး၊ မြန်မာ့လွတ်မြောက်ရေးဘုရား ရှေးဟောင်း သမိုင်းဝင် ရွှေနန်းသွင်း စေတီတော်မြတ်ကြီး

ဟံသာဝတီ-ဦးအုန်းကြိုင်

(ယခင်လမှအဆက်)

**ရွှေနန်းသွင်းစေတီတော် ဘက်စုံမွမ်းမံပြုပြင်ခြင်း**

ရွှေနန်းသွင်းစေတီတော်မြတ်ကြီးအား မူလဖြစ်တည်လျက်ရှိသော အခြေအနေထက် ပိုမိုသပ်ရပ်ကြည်ညိုဖွယ် တင့်တယ်စွာဖြင့် အများပြည်သူတို့ ဖူးမြော်ကြည်ညိုနိုင်ကြစေရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး(ဗိုလ်ချုပ်မှူးကြီး) မင်းအောင်လှိုင် ကိုယ်တိုင် ဦးဆောင် ဦးရွက်ပြုလျက် တပ်မတော် အကြီးအကဲများ စုပေါင်းကြ၍ အသစ်တစ်ဖန် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ကြရာတွင် အောက်ဖော်ပြပါ ကုသိုလ်တော်များကို ဖန်တီးတည် ဆောက်ခဲ့ကြပါသည်။

၎င်းရွှေနန်းသွင်း စေတီတော်ကြီးကို ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်း၊ အရံစေတီတော် (၈)ဆူတို့ကိုလည်း ရွှေထီး (၈)ဆူ အသစ်တင်လှူပူဇော်ခြင်း၊ ရှေးမူလစေတီတော်ကြီးနှင့် အရံစေတီတော် (၈)ဆူတို့ကို ရှေးမူရှေးလက်ရာမပျက် လုံးတော်ပြည့် အင်္ဂတေသရိုး ကိုင်ခြင်း၊ သရွတ်အချောကိုင်ခြင်းတို့ဖြင့် အသစ်မွမ်းမံပြုပြင်ကြပြီး ရွှေဆေးသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ အလျား×အနံ (၉၂)ပေစီ အကျယ်အဝန်းရှိသော ရင်ပြင်တော်ကိုလည်း ပြန်လည်ပြုပြင်၍ ကျောက်ပြားများအပြည့်စီခင်းကြပါသည်။

(ထိုစဉ်က) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစု တို့၏ကုသိုလ် "ရွှေနန်းသွင်းရုပ်ပွား ကြေးဆင်းတုတော်မြတ်ကြီး" ကိန်းဝပ် စံပယ်တော်မူရာ အလျား ၂၂ ပေ×အနံ ၁၂ပေ×အမြင့် ၁၀ ပေရှိ စေတီတော်မြောက်ဖက်အာရုံခံ တန်ဆောင်း (ဂန္ဓကုဋိတိုက်) အသစ်ဆောက်လုပ်ခြင်း။ အလားတူ အရှေ့ဖက်၊ တောင်ဖက်၊ အနောက်ဖက်မုခ် အာရုံခံ တန်ဆောင်း အသစ် ၃ ဆောင် တည်ဆောက်ခြင်း၊ အမြင့်



www.burmeseclassic.com

www.burmeseclassic.com




တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ဇနီး ဒေါ်ကြူကြူလှ မိသားစုမှ
ကုသိုလ်တံခွန်တိုင်ကြီး

၁ဂ ပေရှိ တံခွန်တိုင်အသစ် (၁)တိုင် တည်ဆောက်ခြင်း။ (ယင်းတံခွန်တိုင်တွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့၏ ကုသိုလ်အဖြစ် ကမ္ပည်းထိုးထားသည်)

ထို့နောက် အလျား ၉၄ ပေ × အကျယ် ဂ ပေရှိ မြောက်ဖက်စောင်းတန်း လှေကားတစ်စင်း အသစ်တည်ဆောက်ခြင်းနှင့် စကျင်ကျောက်ပြားများ ခင်းခြင်း။ အလျား ဂ ပေ×အကျယ် ဂပေရှိ တောင်ဖက်မုခ် လှေကားတစ်စင်း အသစ်တည်ဆောက်ခြင်း။ အလျားပေ (၁၀၀)×အကျယ်(၁၀)ပေရှိ နတ်လမ်း အသစ် တည်ဆောက်ခြင်း။ စကျင်ကျောက်ပြားများ ခင်းခြင်း။ ဓမ္မမဏ္ဍိုင်ဓမ္မာရုံအရှေ့ရှိ အလျားပေ ၃၀×အနံ ၁၀ပေရှိ နတ်လမ်းနှင့် ဝိဇ္ဇောဓရ ဓမ္မာရုံရှေ့တို့၌ အသစ်တည်ဆောက်ခြင်းနှင့် အလျား ၃၅ ပေ×အနံ ၁၀ပေရှိ နတ်လမ်းတို့ကို စကျင်ကျောက်ပြားများ ခင်းခြင်း။

၎င်းနောက် သံဃာကုန်းဘောင် အတက် ပေ ၂၀ လှေကားကြီးရှေ့တွင် ပေ ၃၀ × ပေ ၂၀ ရှိ ကွန်ကရစ်ခင်း ယာဉ်ရပ်နားရန် နေရာအသစ် တည်ဆောက်ခြင်း။ စေတီတော်အဝင် မုခ်ပေါက်ဝမှ လှေကားအခြေအထိ အကျယ် ၁၄ ပေ× အရှည်ပေ ၂၀၀ ရှိ ကွန်ကရစ် လမ်းအသစ် တည်ဆောက်ခြင်းပသာည့် ဘက်စုံမွမ်းမံ ပြင်ဆင်တည်ဆောက်ရေး လုပ်ငန်းများကို အမှတ်(၉၄ဂ) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲမှ အရာရှိစစ်သည် ဝန်ထမ်းများနှင့် မြန်မာမှုပညာရှင်ဦးမြင့်ဦး (မြန်မာမှု အဖွဲ့တို့က ဘက်စုံပြန်လည် ပြုပြင်မွမ်းမံတည်ဆောက် ခဲ့ရာ ၁၃၇၃ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက် (၂၉-၉-၂၀၁၁) နေ့တွင် လုပ်ငန်းအဝဝ ချောမောစွာ ပြီးစီး အောင်မြင်ခဲ့သည်ဖြစ်၍ ဆရာတော် သံဃာတော်များ ရှေ့တော် မှောက်တွင် ရေစက်သွန်းချ လှူဒါန်းပူဇော် နိုင်ခဲ့ကြသည် ဟု သိရှိရပါသည်။




တပ်မတော်အကြီးအကဲပုဂ္ဂိုလ်များ ဘုရားကြီးအား မွမ်းမံပြုပြင်နေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂင်နန်းဦးကုသိုလ်တော်

ရွှေနန်းသွင်းစေတီတော် မြောက်ဖက်မုခ်ဦး အာရုံခံ တန်ဆောင်းထိပ်တွင် "မဂ္ဂင်နန်းဦး" ဟူ၍ ကမ္ပည်းစာတမ်း ရေးထိုးထားပြီး တန်ဆောင်းအတွင်းရှိ ဂန္ဓကုဋိကျောင်းဆောင် အတွင်း၌ "နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီးဒေါ်ကြိုင်ကြိုင် တို့နှင့် သားသမီးမြေးတစ်စုတို့က လှူဒါန်းပါသည်ဟု ကမ္ပည်း မော်ကွန်းရေးထိုးထားသော "ရွှေနန်းသွင်း ရုပ်ပွားကြေးဆင်း တုတော်" ကို သပရိဝါရ အခြံအရံ ပရိမာရုပ်ပွား ရုပ်လုံးတော် များနှင့်တကွ ဖူးတွေ့ခဲ့ရပါသည်။

## အောင်လံတလူလူ လွှင့်ထူထားသော တံခွန်တိုင်

စေတီတော်ကြီး၏ အနောက်တောင်ထောင့် ရင်ပြင်တော် ပေါ်တွင် အမြင့် (၁၈)ပေရှိ အနုလက်ရာ ရုပ်လုံးရုပ်ကြွများဖြင့် သပ်ရပ်လှပသော တံခွန်တိုင် အသစ်ကြီးတွင် "တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့ ကုသိုလ်" ဟု ကမ္ပည်းရေး ထိုးထားသည်ကိုလည်း တွေ့ခဲ့ရပါသည်။

## ငြိမ်းအေးအောင်မြင် ရေချမ်းစင်


စေတီတော်မြောက်ဖက်မုခ် လှေကားထိပ်ဦး အနောက် ဖက်ခြမ်းနေရာတွင် "စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး နှင့် ဇနီး ဒေါ်ခင်သန်းငွေး မိသားစုမှလှူဒါန်းပါသည်။

၁၃၇၂ ခု၊ တပေါင်းလပြည့် (၁၉-၃-၂၀၁၁)နေ့ တန်ဖိုးငွေ(၁၀၁)သိန်းကျပ်" ဟု ကမ္ပည်းစာတမ်းရေးထိုး လှူဒါန်းထားသော သောက်ရေသန့်ရေစင်နှင့် စတီးဘုံဘိုင် ခေါင်းများ တပ်ဆင်ထားရှိသည့် ခေတ်မီ ရေချမ်းစင်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

## သမိုင်းအဆို "လက်လုပ်တောင်"

ထိုရွှေနန်းသွင်းစေတီတော်ကြီးတည်ထားရာ ကုန်းတော် ကြီးမှာ ရှေးလွန်လေပြီးသောကာလက မဇ္ဈိမဒေသ (ကသည်း) ပြည်ကြီးရှင်ဘုရင်ကြီးတွင် တောင်ညာစံမိဖုရားမှဖွားသော သားတော်သုံးပါး ထွန်းကားခဲ့သည်ဆို၏။ နောင်တော်အကြီး နှစ်ပါးက ထီးနန်းငြီးငွေ့၍ တောထွက်ခဲ့ကြရာ မြန်မာနိုင်ငံ အလယ်ပိုင်း ယက်ပေါက်တောင်တန်းအစ (ယခု လက်လုပ် တောင်) ဒေသသို့ရောက်ခဲ့ကြ၏။ အစ်ကိုအကြီးဆုံးဖြစ်သူက ယခုလက်လုပ်တောင်၏ အရှေ့မြောက်အရပ်ရှိ "လွန်းတောင်" တွင် နေ၍လည်း ဈာန်အားထုတ်နေ၏။ ညီအလတ်က ယခု "လက်လုပ်တောင်"တည်ရာ နေရာတွင်နေ၏။ အဆိုပါ နောင်တော်နှစ်ပါးတို့သည် ဖော်ပြပါနေရာများ၌ သိဒ္ဓိ မဟိဒ္ဓိ လောကီထွက်ရပ်ပေါက် ကျင့်စဉ်များကို ကြိုးစားအားထုတ် နေကြခြင်း ဖြစ်လေသည်။


လက်လုပ်တောင်ဟူသည်မှာ ၎င်းတောင်တည်ရာ နေရာ၏ မြောက်ဖက်တစ်မိုင်ခွဲခန့်မှ မြေများကို ညတွင်း ချင်းအပြီး သယ်ယူ၍ ဖို့ခဲ့ကြသော တောင် ဖြစ်သည်ဆို၏။ နောင်တော်နှစ်ပါး၏ သိဒ္ဓိမဟိဒ္ဓိ တန်ခိုးများအပါအဝင် နမတော် များနှင့် အခြံအရံ တစ်စုတို့သည် မြေများကို လက်ခုပ်တို့ဖြင့် သယ်ယူ၍ဖို့ခဲ့ကြသောတောင်ဖြစ်၍ "လက်ခုပ်တောင်" ဟု အမည်တွင်ခဲ့ရာမှ ကာလရွေ့လျော့မှုနှင့်အတူ "လက်လုပ် တောင်" တွင်ခဲ့ခြင်းဖြစ်သည်ဟု သမိုင်း အရဆိုကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com



**မင်းတုန်းမင်းကြီးတည်လုပ်သောတောင်**

ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည်လည်း ထိုလက်လုပ်တောင်ကို ထပ်မံဆည်ဖို့ပြီး တောင်ပေါ်ရှိ ရှေးဟောင်းစေတီတော်ကို ပြုပြင်တည်လုပ်တော်မူခဲ့သည်ဟု သမိုင်းအရအဆိုရှိကြပါသည်။

ထိုစဉ်ကာလက မြန်မာပြည်အောက်ပိုင်းကို ဗြိတိသျှအင်္ဂလိပ်နယ်ချဲ့များက သိမ်းပိုက်ထားပြီး မြန်မာပြည်အလယ်ပိုင်းတွင်သာ မြန်မာဘုရင့်အာဏာ တော်စိုက်ထူနိုင်သည့် ကာလဖြစ်၍ အဆိုပါ ပျဉ်းမနား လက်လုပ်တောင်တွင် မင်းတုန်းမင်းတရားကြီးက မြန်မာ-အင်္ဂလိပ်တို့၏ ကြားခံနယ်မြေအဖြစ် သတ်မှတ်ထားရှိပြီး နယ်ချဲ့ဗြိတိသျှအင်္ဂလိပ်တို့ အလယ်မြန်မာပြည်သို့ တက်မလာနိုင်အောင် ရှေးခေတ်ဟောင်းဂမ္ဘီရလောကီပညာ အစီအရင်များဖြင့် ထိုလက်လုပ်တောင်၌ ပြုလုပ်ခဲ့သည်ဟု ဆိုပါသည်။


**မဟာဗောဓိမြိုင်ဆရာတော်ကြီး မိန့်ကြားချက်များ**

ယခုခေတ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ၁၃၅၃ ခုနှစ် (၁၉၉၁ ခုနှစ်)မှစ၍ ထိုလက်လုပ်တောင်တွင် တောရဆောက်တည် သီတင်းသုံးတော်မူခဲ့သော နောင်တွင် မုံရွာမြို့အနောက်ဖက် ၁၆၁ မိုင်မျှကွာဝေးသော မဟာမြိုင်တောကြီးထဲ၌ တောရဆောက်တည်နေသော မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ဝနဝါသီဧဍယျဓမ္မသာမိ မဟာထေရ်မြတ်ကြီးက ၎င်းသီတင်းသုံးတော်မူခဲ့သော ဤလက်လုပ်တောင် နှင့် နန်းသွင်းစေတီတော်တို့နှင့် စပ်လျဉ်း၍ လက်ရင်းတပည့်ကြီးဖြစ်သော မော်ဘီဗောဓိရိပ်ငြိမ်တောရ ဆရာတော် ဗုဒ္ဓါရသ ရှင်ဣန္ဒာစရိယအား မုံရွာ မဟာမြိုင်တောကြီးအတွင်း အကျွတ်အလွတ် တောင်ပေါ်စခန်းတွင် ဖူးမြော်ဩဝါဒခံယူစဉ် အောက်ပါအတိုင်း မိန့်ဆိုတော်မူခဲ့ပါသည်။

**မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ထူးခြားသော ဩဝါဒ မိန့်ကြားချက်များ**

"ဦးဗောဓိရေ . . .၊ တပည့်တော်ဖြစ်ချင်တာလေ . . .။ အေး . . .ဖြစ်ချင်တာကိုသာ ပြောတာနော်။ ဒီလက်လုပ်တောင် နန်းသွင်းစေတီတော်ကြီးမှာ မင်းတုန်းမင်းတရားကြီး လှူဒါန်းပူဇော်ခဲ့တဲ့မြေကို ဘုရားကုန်းတော် အောက်ခြေကနေ နန်းမြို့ရိုးပုံစံအတိုင်း အုတ်တံတိုင်းတက်ချင်တာ။ အရင်တုန်းက အုတ်တံတိုင်းတက်ဖို့ရန် စီမံကြတုန်းက ဦးကျန်က အုတ်တစ်သိန်းတောင်လှူမယ်လို့ ကတိခံထားခဲ့ဘူးသေးတယ်ဗျာ . . .။ မင်းတုန်းမင်းကြီး ထားခဲ့တဲ့ မြေမပျက်အောင် ကာရံထားချင်တာ။ အပြင်ဖက်ကနေ ကြည့်လိုက်ကြမယ်ဆိုရင် မန္တလေး ရတနာပုံနန်းမြို့ရိုးကြီး လိုပေါ့။ အဲဒါက အောက်ခံမြေကြီးရဲ့အပေါ်ကို အနည်းဆုံး ရင်တားလောက် ရှိရမှာပေါ့လေ . . ."

"အဲဒီကပြီးတာနဲ့ ဘုရားကုန်းကနေ ဆင်းလာရင် သံဃာကုန်းလို့ခေါ်တဲ့ ရင်ပြင်ကိုရောက်မယ်။ ဒီကုန်းကို ဓမ္မမဏ္ဍိုင်ကုန်းလို့လဲ ခေါ်တယ်။ အဲဒီ သံဃာကုန်းကိုလဲ မြေထိန်း နံရံတံတိုင်းလေး လုပ်ချင်ခဲ့ဘူးတယ် . . .။"



www.burmeseclassic.com

www.burmeseclassic.com

"ကျန်တဲ့ အောက်ခြေက ကုန်းက ယောဂီကုန်းလို့ ခေါ်တယ်နော်…"

နန်းသွင်းစေတီတော်ကြီးတည်ရာ လက်လုပ်တောင်ကုန်းမှာ ကုန်းမြေသုံးဆင့်တပ်ထားသကဲ့သို့ ဖြစ်နေပါသည်။ နန်းသွင်းစေတီတော်တည်ရာ အထက်ကုန်းကို "ဘုရားကုန်း" ခေါ်သည်ဟု ဆရာတော်ကြီးက မိန့်ပါသည်။ အလယ်ပစ္စယံ ဓမ္မမဏ္ဍိုင် ဓမ္မာရုံကြီးတည်ရှိရာကုန်းကို "သံဃာကုန်း" ဟု မိန့်ပါသည်။

ထိုကုန်းအဆင့်၌ ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ပြီး ယခုဇောဓိရိပ်ငြိမ်ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းတော်တည်ရှိပါသည်။ အောက်ဆုံးလွှာမြေပြင်နှင့် ၁၀ ပေခန့်မြင့်သော ကုန်းအခြေကို "ယောဂီကုန်း" ဟု ခေါ်ဆိုကြောင်း မိန့်ပါသည်။ ၎င်းကုန်းအခြေ ယောဂီကုန်းတွင် သာသနာ့မဏ္ဍိုင် တည်းခိုဇရပ်ဆောင်ကြီး တစ်ဆောင်နှင့် အခြားတည်းခိုဇရပ်ဆောင် လေးငါးဆောင် တည်ဆောက်ထားပြီး တူရူတစ်ဖက်တွင် ဆွမ်းချက်၊ ဆွမ်းစားဆောင် ဓမ္မာရုံဇရပ်ကြီး တည်ဆောက်ထားပါသည်။

ထိုစဉ်က မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး မိန့်ဆိုညွှန်ကြားတော်မူသည့်အတိုင်း လက်လုပ်တောင်ကုန်းတော် သုံးဆင့်စလုံးတွင် ယခု တပ်မတော်မိသားစုများ တည်ဆောက်လုပ်ဆောင်ကြရာ၌ မန္တလေးနန်းမြို့ရိုးတူ တံတိုင်းကြီး၊ သူရဲခိုမှဒ်များနှင့် အုတ်အင်္ဂတေတံတိုင်းများ စိုက်ထူကာရံထားရှိသည် ကိုတွေ့မြင်ရပါသည်။

**လက်လုပ်တောင် မဏ္ဍိုင် (၅)ဆောင်**

၎င်းလက်လုပ်တောင်တွင် "မဏ္ဍိုင်" ဟု ကမ္ပည်းစာတမ်းထိုးထားသော ဓမ္မာရုံအဆောက်အဦ (၅)ဆောင်ရှိပါသည်။ ကုန်းတော်၏ အရှေ့ဖက်အရပ်တွင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး (၂)ဝါ သီတင်းသုံးနေတော်မူခဲ့သော ယခုနောက်ပိုင်း၌ မော်ဘီဗောဓိရိပ်သာဆရာတော် သီတင်းသုံးတော်မူသော (၁) ဗောဓိမဏ္ဍိုင် - သံဃာ့ကုန်းပေါ်တွင် ဆရာတော်ကြီး ၁ - ဝါသီတင်းသုံးတော်မူခဲ့သော (၂) ဓမ္မမဏ္ဍိုင် (၃) အရိယာမဏ္ဍိုင် (၄) သာသနာ့ မဏ္ဍိုင်နှင့် (၅) ရတနာမဏ္ဍိုင်ဟူ၍ ဓမ္မာရုံအဆောင်ကြီး ၅ ဆောင်ရှိပါသည်။ ထို့ပြင် အလှူအတန်း၊ တရားပွဲများ စသည် ပရိသတ်အများနှင့် ကျင်းပရသော အခမ်းအနားကြီးမှာ ဆင်ယင်ကျင်းပရာ ဝိဇ္ဇောဒယဓမ္မာရုံကြီးဟူသည့် အဆောင်ကြီး (၆)ဆောင် ဆောက်လုပ်ထားရှိပါသည်။ ထို အဆောင်ကြီးများကို ဆရာတော်ကြီးကိုယ်တော်တိုင် ကမ္ပည်းမော်ကွန်းထိုး၍ အမည်များမှည့်ခေါ်သတ်မှတ်ပေး တော်မူခဲ့ပါသည်။

**မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ နိမိတ်ပေးသြဝါဒ စကားတော် များ**

"အခု ဒီနန်းသွင်းစေတီတော်ဟာ ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး အဓိဋ္ဌာန်ပြုပြီး အထူး ဂရုတစိုက်တည်ထားခဲ့တဲ့ မြန်မာ့သမိုင်းဝင် နိုင်ငံရေးဘုရား၊ နိုင်ငံတော်ငြိမ်းချမ်းရေးဘုရား၊ နိုင်ငံတော်လွတ်မြောက်ရေး ဘုရားဖြစ်တယ်"

"ဟိုး…အင်္ဂလန်က အင်္ဂလိပ်တွေ မြန်မာပြည်အောက်ပိုင်းကို သိမ်းထားတုန်းက မြန်မာတွေက အင်္ဂလိပ်တွေဆီမှာ အောက်မြန်မာပြည်ကို လွတ်လပ်ရေးပေးဖို့ တောင်းဆိုကြတော့ ဟို… နေမဝင်အင်ပါယာကြီးရှင် အင်္ဂလိပ်တွေက ရင့်ရင့် သီးသီးပြန်ပြောခဲ့ကြတယ်လေ။ မင်းတို့တိုင်းပြည် ကမ္ဘာပေါ်မှာ နေဝင်မှ ပြန်ပေးမယ်လို့ ပြောလိုက်သတဲ့ဗျာ…"

"အဲဒါနဲ့ မင်းတုန်းမင်းကြီးက သင်းတို့ရဲ့ နေမဝင်အင်ပါယာကို နေဝင်စေရမယ်ဆိုပြီး အခုဒီနန်းသွင်းစေတီတော်မှာ အစီအရင်တွေနဲ့ချပြီး ဆောင်ရွက်ခဲ့တယ်။ ဟို… အခု ဥပ္ပါတသန္တိစေတီကြီး တည်ထားတဲ့နေရာရဲ့ အရှေ့ဖက်မှာ နေရောင်ပြ အင်းရှိတယ်။ အဲဒါက အရှေ့ပြည်ပေါ့။ ဒီလက်လုပ်တောင်က သူတို့ရဲ့အနောက်ဖက်(အနောက်တိုင်း) ပေါ့။ ဟိုအရှေ့ဖက် နေရောင်ပြအင်းဖက်ကနေ နေစထွက်ပြီး လက်လုပ်တောင်ကနေ နေဝင်တာနဲ့ နေဝင်ပြီဟော့လို့ ကြွေးကြော်ကြပြီး တစ်နေ့တစ်နေ့ နေထွက်နေဝင် စည်ကြီးတွေတီးခတ်ရတယ်။ မင်းတုန်းမင်းကြီး သက်ထက်တုန်းက ဒီလိုဓာတ်ဆင်ပြီး နေထွက်နေဝင် စည်ကြီးတွေတီးခတ်ကြရတယ်…"

"အဲဒီမှာ ရှိသေးဗျား…။ အရှင်ဘုရားတို့ (ဗောဓိရိပ်ငြိမ်ဆရာတော်အား ရည်ညွှန်းချက်)အာရုံ နဲ့နည်းနည်းကြည့်လေ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီစဥ်တုန်းက အောက်ပြည်ဟာ (အင်္ဂလိပ်လက်အောက်မှာ) မလွတ်မြောက်သေးတာဖြစ်လို့ ဒီအောက်ပြည်ကို ဒီမန္တလေး ရတနာပုံဘက်ပါလာရအောင်လို့ အဲဒီစဥ်က ဒီနန်းသွင်း စေတီတော်ကို တည်လုပ်ကြတဲ့နေရာမှာ လက်လုပ်တောင် ကနေ မန္တလေး နန်းတော်နဲ့တည့်တည့် မြောက်ဖက်အရပ်ဆီ ကိုညွှန်းပြီး စေတီတော်မှာ မြောက်ဖက်မုခ် လှေကားတစ်ခုထဲပဲ လုပ်ခဲ့တယ်။ စေတီတော်မှာ အရှေ့ဖက်၊ တောင်ဖက်၊ အနောက်ဖက်မုခ်တွေ လှေကားတွေ လုံးဝမရှိခဲ့ဘူး။ မလုပ်ခဲ့ဘူး။ နန်းသွင်းစေတီက မုခ်လှေကားဟာ မန္တလေးနန်းတော်မြို့ ရိုးအဝင်ပေါက်နဲ့ တည့်တည့် အံကိုက်ပဲဗျား. . ."

"မင်းတုန်းမင်းကြီး တည်လုပ်တဲ့ ဒီဘုရားရဲ့ ဘွဲ့တော်ကိုလဲ မန္တလေးနန်းတော်ထဲသွင်းရမယ့် နိမိတ်ကိုဆောင်ပြီးတော့ နန်းသွင်းစေတီတော်လို့ ကမ္ပည်းမော်ကွန်းထိုးခဲ့တယ် . . ."

"အဲဒီ နန်းသွင်းစေတီတော်ကြီးရဲ့ တောင်ဖက်မှာကျတော့ ကြို့ပင်သာရွာရှိသဗျ။ အဲဒီ ကြို့ပင်သာရွာမှာက အခုအထိ အိမ်ခြေ ၁၂ အိမ်ထက်ပိုပြီး မထားရဘူးဗျ။ ဒါက ဆယ့်နှစ်ရာသီပတ်လုံး ကြိုဆိုနေတာလေ။ တပည့်တော်တို့ အထက်အရပ် မြန်မာတွေဘက်ကို အာဏာစက်ရောက်ဖို့ ကြို့ပင်သာရွာ ဆယ့်နှစ်အိမ်ထက် ပိုလို့မရအောင် ဓာတ်ဆင် ခဲ့တာလေ. . ."

"ဒီကြို့ပင်သာရွာနဲ့ ပတ်သက်ပြီး ဥပမာ တစ်ခုလောက် ပြောပြရရင် ကြို့ပင်သာက သမီးတစ်ယောက် ယောက်ျားရ အိမ်ထောင်ကျလို့ အဲဒီရွာမှာပဲ သီးခြားအိမ်တစ်လုံးဆောက်ပြီး တော့ နေလို့မရဘူးဗျ။ ဒါကိုမနာခံ အယုံအကြည်မရှိဘဲ ဆောက်နေတာနဲ့ သေကုန်တော့တာပဲ။ ဓားပြတိုက်၊ လူ သတ်တာတွေလဲ ဖြစ်ကုန်တော့တာပဲ။ အေး. . . ဒီအတိုင်း။ သားက အိမ်ထောင်ကျလာလို့ အဲဒီရွာထဲ အိမ်တစ်လုံး မဆောက်ရဘူး။ ဆောက်တာနဲ့ တစ်မျိုး မျိုးဖြစ်ကြရတယ်။ အောက်ပြည် အောက်ရွာတွေ မြန်မာ့ပိုင်နယ်ထဲ ရောက်ဖို့ရာ တစ်ဆယ့်နှစ်ရာသီလုံး ကြိုဆိုနေတဲ့အတွက် ဆယ့်နှစ်ရာသီ ဆယ့် နှစ်အိမ်လေ။ တိုးဆောက်လို့ကို မရဘူး။ ဘုရင်ရဲ့ အာဏာစက်လေဗျာ။ ဒီအစီအရင်က ကြို့ပင်သာက ဆယ့်နှစ် ရာသီ ကြိုဆိုနေလျက်ပါလို့ အဓိပ္ပါယ်ရတယ်ဗျ . . ."

"ဟို တောင်ဘက် သပြေတန်း (ရွာ)က သပြေပန်းတွေနဲ့ လက်ကမ်းလို့ ကြိုဆိုတဲ့နေရာလေ။ သပြေတန်း၊ သပြေ တန်းဗျာ။ ကြို့ပင်သာ ကြို့ပင်သာဗျာ။ အဓိပ္ပါယ်ရှိတယ်နော်။ သပြေတန်းက သပြေပန်းနဲ့ လက်ကမ်းလို့ ကြို့ပင်သာ ဆယ့်နှစ်အိမ်က ဆယ့်နှစ်ရာသီလုံး ကြိုနေပါတယ်လို့ ဆိုလို ပါတယ် . . ."

"အေး ဒါနဲ့ ဟိုတုန်းကတော့ အောက်ပြည်က မလွတ် မြောက်တာကို ဒီလွတ်မြောက်တဲ့နေရာ ရောက်အောင်လို့ မြောက်ဖက်မုခ်ပေါက်နဲ့ လှေကား တစ်ပေါက်တည်းတစ်ခု တည်းထားတာ။ အခုကတော့ အကုန်ရောက်နေကြပြီတော့ လှေကားလေး ပေါက်စလုံးထား ရတော့မှာဗျာ။ ဆောင်ရွက်ကြ မယ်ဆိုရင် ဒီအတိုင်းဆောင်ရွက်ပါ။ ဘပည့်တော်ကတော့ အကြံပြုသမားပဲဗျာ။ ဒီအတိုင်းထားမယ်ဆိုလဲ ဒီအတိုင်း ပဲထား။ အကယ်၍ လုပ်ကြမယ်ဆိုရင်တော့ မုခ်လေးဘက် စလုံး လှေကားထားပေါ့။ အခုကတော့ ဘယ်ကလာလာ အားလုံးလွတ်လပ် နေကြပြီပဲလေ . . ."

"နောက်ပြီး ဘုရားပြုပြင်တော့ ဘယ်ပုံစံဘယ်လိုထားရ မလဲဆိုတော့ ကြိုက်သလို ဆောင်ရွက်နိုင်တယ်။ သူတို့က နဂိုပုံစံမကောင်းလို့ လျှောက်ထားတာ ဘယ်ပုံညာပုံတည် မယ်လို့မပါဘူးဗျာ။ ဒီတော့ နန်းသွင်းစေတီတော်နဲ့ နန်းမြို့ရိုး၊ အုတ်တံတိုင်း၊ မုခ်လေးမုခ်၊ လှေကားလေးဘက်၊ သံဃာတော် ကုန်း အုတ်တံတိုင်းများ။ စွမ်းနိုင်ရင်တော့ ဆောင်ရွက်ကြ ပါဗျာ။ ဆောင်နိုင်ရင်တော့ ကောင်းကြတယ်ဗျာ"

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက မဟာမြိုင် တောနက်ကြီးအတွင်း အကျွတ်အလွတ် တောင်ပေါ်စခန်းတွင် လာရောက်ဖူးတွေ့နေသူ မော်ဘီဗောဓိရိပ်မြိုင်တောရ ဗုဒ္ဓါရသ ဣန္ဒာစရိယ ဆရာတော်အား အထက်ပါသြဝါဒစကားများ မိန့်တော်မူပြီးနောက် မိမိ လက်လုပ်တောင်တောရတွင် သီတင်း သုံးခဲ့စဥ်က ဂေါစရဂါမ်များဖြစ်ကြသော သပြေကုန်း၊ ကံလု ရေပြာ၊ သပြေတန်း၊ ကြို့ပင်သာ၊ ငွေလှုံကုန်း စသည့် ရွာများ၊ အခြေအနေ၊ ရွာသူရွာသား ဒကာ၊ ဒကာမများအကြောင်းမှ နှင့် ဆရာတော် သံဃာတော်များ အကြောင်း၊ နေပြည်တော် တည်ဆောက်နေပုံ အကြောင်းများကို မေးမြန်းတော်မူသည်

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်ဆရာတော် ဘုရားကြီးသည် အဆိုပါရွာများနှင့် နေပြည်တော် တစ်ဝန်းသို့ မေတ္တာဘာဝနာပွားများ ပို့လွှတ်နေတော်မူသည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

**လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က**

"ဦးဖောမိကြီး…ဘယ်နယ့်လဲဗျ။ နန်းသွင်းစေတီကြီးတို့ သာသနာ့မဏ္ဍိုင်၊ ကမ္ဘာ့မဏ္ဍိုင်၊ မြန်မာ့မဏ္ဍိုင် တည်ရှိတဲ့ နေရာလေ"

"မှန်လှပါဘုရား။ လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်ကျော် ၁၃၅၃ (၁၉၉၁)ခုနှစ်က ဆရာတော်ဘုရား မိန့်ခဲ့ဘူးတာ၊ ဒီနေရာ မြို့လယ်ခေါင်ဖြစ်မှာ (ထိုအချိန်က လက်လုပ်တောင်နေရာ ဒေသတစ်ဝိုက်မှာ တောခေါင်ခေါင်ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ထိုစဉ်က မိန့်ကြားချက်ကို မည်သူကမျှ လက်ခံကာ မယုံကြည်ဝံ့ကြပါ)။ မမြင်စဘူး၊ မတွေ့စဘူး၊ မကြုံစဘူး၊ မကြားစဘူး၊ မစားစဘူး။ ကိုယ်တိုင်မြင်တွေ့ကြားရ စားကြရမယ့်၊ ကြက်ပျံမကျစည်ကားတဲ့ မင်းနေပြည် မြို့ကြီးပြကြီး တည်လိမ့်မယ်လို့ ဆရာတော် ဘုရားမိန့်ခဲ့ဘူးတဲ့အတိုင်း အခုတော့ နေပြည်တော်မြို့တော်ကြီး ဖြစ်နေပါပြီဘုရား…"

"ဘာတဲ့လဲ…အမြန်ဆုံးနဲ့ မြို့တော်ကြီးဖြစ်လာတာ (ကမ္ဘာ့အံ့ဖွယ်စာရင်း)ဂင်းနစ်ဖောင်ဝင်နိုင်ဆိုပဲဗျ၊ ဟင်…"

"အေးလေ…ဒါကတော့ သာသနာ့မဏ္ဍိုင်၊ ကမ္ဘာ့မဏ္ဍိုင်၊ မြန်မာ့မဏ္ဍိုင်တို့ တည်နေတဲ့ နေရာကိုးဗျ…"

[ဤစကားကို မိန့်ဆိုပြောကြားရင်း ဆရာတော်ကြီးပြုံးနေတော်မူသည်]

"ဟိုရှေးအရင်ကတည်းက မဏ္ဍိုင်ရှိပြီးသားပဲဗျ။ ဒါတောင် တပ်ကုန်းက ဒကာမတစ်ယောက်က လာပြီး ရန်လုပ်သွားသေးသဗျ…"

"လက်လုပ်တောင်မှာ ဈာန်ပျံတယ်ဆိုပြီး လူ လေး ငါးထောင် ဝိုင်းကြတုန်းကပေါ့ဗျာ။ တပည့်တော်က ဆွမ်းခံကြွနေတုန်း၊ ဆွမ်းလောင်းပြီးတော့ သူက အော်ပြီး လျှောက်တာဗျ။ မဏ္ဍိုင်က တပည့်တော်တို့ တပ်ကုန်းပါဘုရား။ မဏ္ဍိုင်က တပ်ကုန်းပါဘုရားလို့ လမ်းဘေးကနေ ဆွမ်းလောင်းရင်း လျှောက်တာဗျာ့။ လက်လုပ်တောင်ကို မဏ္ဍိုင် အမည်ပေးရပါ့မလားလို့ ရန်လုပ်ပြီး လျှောက်သဗျား…"

ထို့နောက် စကားစ ခေတ္တပြတ် သွားပြီးသည့်နောက် ဖောမိရိပ်ငြိမ် ဆရာတော် ဗုဒ္ဓေါရသက လက်လုပ် တောင်ကျွင်း တရားစခန်းဖွင့်ပေးခဲ့ပြီး (ထိုနှစ်) တပို့တွဲလပြည့်နေ့က သံဃိက ဆွမ်းလောင်းပွဲ ကျင်းပကာ သံဃာတော် (၆၄)ပါး ပင့်ကြောင်း ဖြင့် လျှောက်ထားလေ၏။ ထိုစဉ် ဆရာတော်ကြီးက ပြန်လည်မေးမြန်းလေ၏။

"ဘာပြုလို့ ၆၄ ပါး ဆွမ်းလောင်းကြ တာလဲဗျ"

"ဆရာတော်ဘုရား မိန့်တော်မူထားတဲ့အတိုင်း အန္တရကပ် ၆၄ ကပ်ပါ ဘုရား…"

"တပည့်တော်တို့က အန္တရကပ် ၆၄ ကပ်ကို သုံးပြီး ကပ်ကျော်စေချင်တာကိုးဗျာ့။ သတ္တဝါတွေ ကပ်ကျော်စေချင်လို့ သုံးခဲ့တာဗျ…"

မုံရွာမြို့ အနောက်ဖက် ၁၆၄ မိုင်အကွာရှိ မဟာမြိုင်တောကြီးအတွင်း အရှည်ကင်မတင်ဆောင်လျက် တောရဆောက်တည် နေတော်မူသော မဟာဖောမိမြိုင်ဆရာတော်ဘုရားကြီး၏ ယခင် ပျဉ်းမနား ယခု နေပြည်တော် ပုဗ္ဗသီရိ မြို့နယ်၊ ရာဇဌာနီလမ်းမကြီးအနီးရှိ လက်လုပ်တောင်တောရ နန်းသွင်းစေတီတော်မြတ်ကြီးနှင့် စပ်လျဉ်းသည့် ဩဝါဒကထာမိန့်ဆိုတော်မူချက်များကို ဖော်ပြရခြင်းဖြစ်ပါသည်။

စာရေးသူနှင့်တကွ သမီးဒေါ်သန္တာ (ဓမ္မဝီရ-သန္တာ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်)၊ သမီး ဒေါ်တင်တင်အောင် (တင်တင်အောင်-လှည်းတန်း) တို့နှင့်အတူ မဟာဖောမိမြိုင်ဆရာတော်ဘုရားကြီး ထိုစဉ်က သီတင်းသုံးတောရ ဆောက်တည်ရာ မဟာမြိုင်တောခေါင် နန်းပလ္လင်သို့ အဖူးအမြော်ရောက်ရှိခဲ့ကြပါသည်။

ထိုစဉ်က မဟာဖောမိမြိုင် ဆရာတော်ဘုရားကြီးအားလည်း ထူးထူးကဲကဲ ဆွမ်းများလောင်းလှူ ကပ်လှူကာ ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော ဩဝါဒကထာ တရားဓမ္မများကိုလည်း ထူးခြားစွာ နာယူပူဇော်ခဲ့ရပါကြောင်း မှတ်တမ်းပြု အပ်ပါသည်။

ဆက်ပါဦးမည်…

ဟံသာဝတီ

**ဦးအုန်းကြိုင်**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရွှေကျီးမြင့် မြတ်စွာဘုရား

## မကြွယ်ကြွယ်

တစ်မနက်စောစော မြန်မာ့အသံက သီချင်းတစ်ပုဒ် အသံလွှင့်တာကို နားထောင်လိုက်မိပါတယ်။ ဘုရားစုံဖူးမယ် ဆိုတဲ့ သီချင်းပါပဲ။ သီချင်းထဲမှာ မန္တလေးမြို့ကိုသွားပြီး မန္တလေး သားတွေ အခေါ်တော့ ဘုရားကြီးပေါ့လေ။ ကျွန်မတို့အောက် သားတွေအခေါ်တော့ မဟာမုနိဖူးမယ်ဆိုတာ သီချင်းထဲမှာ ကြားလိုက်ရပါတယ်။ မဟာမုနိတင်မက ရွှေကျီးမြင့်ဘုရားဖူး ဖို့ပါ ထည့်ဆိုပါဦးလို့ သီချင်းနားထောင်ရင်း ကျွန်မဘာသာ ပြောနေမိပါတယ်။

ရွှေကျီးမြင့်ဘုရားဆိုတာ မန္တလေးမြို့ အောင်မြေသာစံ မြို့နယ်၊ ပြည်ကြီးကျက်သရေ အရှေ့အရပ်မှာ ရှိပါတယ်။ အရှေ့ ဘက်က ၈၂ လမ်း၊ အနောက်ဘက်က ၈၄ လမ်း၊ တောင် ဘက်မှာ ၂၄ လမ်းနဲ့ မြောက်ဘက်က ၂၃ လမ်းတို့ ကြားမှာ ရှိတဲ့ စေတီတော်ကြီး ဖြစ်ပါတယ်။

ရွှေကျီးမြင့်ဘုရားကို ဘာလို့ဖူးစေချင်လဲဆိုတော့ ဘုရား ရဲ့ လိုဏ်ဂူတော်အတွင်းမှာ ရှေးဟောင်းရုပ်ပွားတော်(မုဒြာ) အမျိုး မျိုးကို ဖူးတွေ့နိုင်လို့ပဲ ဖြစ်ပါတယ်။

ရွှေကျီးမြင့်ဘုရားရဲ့ မူလဒါယကာက သရက်မင်းရှင်စော ဖြစ်ပါတယ်။ သရက်မင်းရှင်စောဟာ ဖခင်ဖြစ်သူ အလောင်း စည်သူမင်းကြီးရဲ့ စိတ်မကျေနပ်မှုကြောင့် မန္တလေးနဲ့မဝေးလှတဲ့ အောင်ပင်လယ်အရပ်မှာ လာနေတဲ့အချိန် ယခု ရွှေကျီးမြင့် ဘုရားတည်ရာကို ရောက်ခဲ့ပါတယ်။ ဒီအခါမှာ ရွှေရောင်တောက် နေတဲ့ ကျီးတစ်ကောင်ကို ဘုရားတည်မယ့်နေရာနားမှာ တွေ့တဲ့ အတွက် ဒီနေရာမှာ စေတီတည်တယ်လို့ အဆိုရှိပါတယ်။ တချို့ ကတော့လည်း ဒီနေရာမှာ ရှေးကတည်းက စေတီဟောင်းတစ်ဆူ ရှိပါတယ်။ ဒီပေါ်မှာ ရွှေကျီးတစ်ကောင် နားနေတာတွေ့ရ တာကြောင့်လို့ အဆိုရှိပြန်ပါသတဲ့။

အလောင်းစည်သူမင်းကြီးရဲ့ သားတော်မင်းရှင်စောဟာ သူ့မှာပါတဲ့ ပညာရှိတွေကိုမေးတော့ စေတီတည်စေချင်လို့ နတ် တွေက နိမိတ်ပြတာလို့ တင်လျှောက်တာကြောင့် ပုဂံခေတ် လက်ရာနဲ့ စေတီတည်ပါသတဲ့။ ပုဂံခေတ်ဟန် လိုဏ်မှန်ခံ စေတီပုံပါတဲ့။ ဒါပေမယ့် ခုခါမှာ နောင်းလူတွေရဲ့ ပြုပြင်မွမ်းမံ မှုတွေကြောင့် စေတီတော်ဟာ ပုဂံခေတ်လက်ရာရယ်လို့ ပြောလို့ မရတော့ပါဘူး။ ဒါပေမယ့် အတော့်ကို ရှေးကျတဲ့ စေတီဖြစ်ပါ တယ်။ စေတီတော်ရဲ့ ရှေ့ဘက်၊ ဝဲနဲ့ ယာဘက်တွေမှာ ရွှေကျီး ဦးစေတီနဲ့ ခုံတော်မင်းစေတီ တည်ထားတာကိုလည်း ဖူးတွေ့ နိုင်ပါတယ်။ စေတီတော်ကြီးရဲ့ပရဝဏ်ဟာ သန့်ရှင်းသာယာ လှပါတယ်။ တန်ဆောင်းတော်တွေထဲမှာလည်း ရုပ်ပွားဆင်းတု တော်တွေ များစွာကိုးကွယ်ထားရှိပါတယ်။ ထူးခြားတာကတော့ အာရုံခံတန်ဆောင်းထဲ ဝင်လိုက်တဲ့အခါပါပဲ။

အာရုံခံတန်ဆောင်းထဲဝင်၊ ရှေ့နားဆက်ဝင်လိုက်တော့ အမျိုးသမီးတွေပါ လိုဏ်ဂူထဲမှာ အာရုံခံဝတ်ပြုနေတာကို တွေ့ရ လို့ ကျွန်မလည်း ဝင်လိုက်ပါတယ်။

အခန်းမကြီးတစ်ခန်းလုံး ငွေပန်းနှံတွေနဲ့ သင်းပျံ့လှိုင် နေပါတယ်။ ငွေပန်းကုံးတွေ၊ ငွေပန်းကုံးတွေ တွဲလွဲဆွဲပြီး ပူဇော် ထားတာမို့ ဘုရားဝတ်ပြုတဲ့အခါ အင်မတန်မှ သဒ္ဓါစိတ်ဖြစ်ရပါ တယ်။ ဘုရားကို ကြည်ညိုသဒ္ဓါစိတ်နဲ့ ဖူးနေရသလို အံ့ဩ ထူးဆန်းတဲ့စိတ်လည်း ခံစားရစေနိုင်ပါတယ်။

၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူပြီးတဲ့နောက် မန္တလေး နန်းတော်ကြီးထဲမှာရှိတဲ့ ရှေးမင်းအဆက်ဆက် ကိုးကွယ်ခဲ့တဲ့ ရုပ်ပွားဆင်းတုတော်တွေ များစွာရှိနေကြပါတယ်။ အဲဒီဆင်းတု တော်တွေ မပျောက်မပျက်ရအောင်၊ ရန်သူမျိုးငါးပါးဘေးက ကင်းဝေးအောင် စောင့်ရှောက်ရမယ့်တာဝန်ကို အဲဒီခေတ် မန္တလေးသား ဗုဒ္ဓဘာသာဝင်တွေက တာဝန်ယူလိုက်ကြပါတယ်။ မာလာလင်္ကာရ ဓမ္မသေနာပတိ၊ အတုလဓိပတိ သိရိပဝရ မဟာ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တောင်တော်သာသနာပိုင် ဆရာတော်ဘုရားကြီးအမှူးပြုတဲ့ ဘွဲ့တံဆိပ်တော်ရ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးများ၊ မြန်မာဘုရင်များရဲ့ ဆွေတော်မျိုးတော်များနဲ့ မန္တလေးမြို့သားတွေဟာ ၁၂၅၁ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့မှာ နန်းတော်တွင်းက ရုပ်ပွားဆင်းတုတော်အမျိုးမျိုးကို ဝေါတော်ကြီး နှစ်စင်းမှာတင်ပြီး ရွှေကျီးမြင့်ဘုရားကို ပင့်ဆောင်ကြပါတယ်။ အဲဒါကြောင့် အခုအခါမှာ ရွှေကျီးမြင့်စေတီတော်ကြီးရဲ့ လိုဏ်ဂူတော်ကြီးထဲမှာ တင့်တယ်သပ္ပာယ်လှတဲ့ ရှေးဟောင်းရုပ်ပွားတော်တွေ များစွာကို ဖူးတွေ့နေရခြင်း ဖြစ်ပါတယ်။

ဘုရားဖူးပါတယ်။ ဒါပေမယ့် ပြန်ပြောချင်တာတော့ဝါသနာက ရှိနေတော့ များစွာသော ရုပ်ပွားတော်၊ ဆင်းတုတော်တွေကို ဖူးရင်း ရေးထိုးထားတဲ့စာတန်းတွေကို ကျွန်မဖတ်မိလိုက်ပါတယ်။

တစ်ဆူသော ရုပ်ပွားတော်ကတော့ အလောင်းစည်သူမင်းကြီးရဲ့ သားတော် မင်းရှင်စော ကိုးကွယ်ပူဇော်ခဲ့တဲ့ ဉာဏ်တော် သုံးတောင်တစ်မိုက်ရှိ ရွှေကျီးမြင့်မြတ်စွာဘုရား။ အလောင်းစည်သူမင်းကြီး ကိုးကွယ်တော်မူခဲ့တဲ့ ဉာဏ်တော် ၂၉ လက်မ ရှိတဲ့ သီဟတောဘုရားလည်း ရှိပါတယ်။ သီဟတောဘုရားကို ရွှေသားအတိပြီးတဲ့ အခေါင်းပါ ရွှေသားဆင်းတုတော်အတွင်းမှာ ထည့်ထားကိုးကွယ်ထားလို့ ပြင်ပက ရွှေသားဆင်းတုတော်ကိုပဲ အလောင်းစည်သူမင်းကြီးရဲ့ သရက္ခန်သား သီဟတောဘုရား ရယ်လို့ ရည်မှန်းဖူးမြော်ရပါတယ်။ ပြီးတော့ ဉာဏ်တော် တစ်တောင်နှစ်မိုက်လေးသစ်ရှိတဲ့ ရှင်ဖြူဘုရားလည်း ဖူးရပါတယ်။ ဒီဘုရားကို စကားသားနဲ့ ထုလုပ်ပူဇော်ထားတာလို့ သိရပါတယ်။ ရွှေလင်းပင်မြတ်စွာဘုရားလို့ စာတန်းထိုးထားပါတယ်။ အလွန်ပဲ ကြည်ညိုစရာကောင်းလှပါတယ်။

ပြီးတော့ ဉာဏ်တော်နှစ်တောင်တစ်မိုက်ရှိတဲ့ ရွှေကွန်အုပ်မြတ်စွာဘုရား။ သထုံပြည်က မနူဟာမင်းကိုးကွယ်ခဲ့တဲ့ ရွှေမိုးမောက်မြတ်စွာဘုရားက ဉာဏ်တော် တစ်တောင်နဲ့ လက်လေးသစ် ရှိပါတယ်။ ကုန်းဘောင်ခေတ်ဦးက နောင်တော်ကြီးမင်းတရား ကိုးကွယ်ခဲ့တဲ့ ဉာဏ်တော်တစ်တောင် ခြောက်သစ်ရှိတဲ့ မဟာလောကဝေယျာသိမ်ဘုရား။ ပုဂံမင်းတရားကြီးကိုးကွယ်ခဲ့တဲ့ ဉာဏ်တော် နှစ်တောင် နှစ်မိုက်ရှိတဲ့ မကိုဋ်ဆောင်းမြတ်စွာဘုရား၊ ရှေးမင်းအဆက်ဆက် ကိုးကွယ်ခဲ့တယ်လို့ စာတန်းထိုးတားတဲ့ ဉာဏ်တော် နှစ်မိုက် ရှစ်သစ်ရှိ ဒက္ခိဏာသာခါ နန်းဦးဆုတောင်းပြည့် မြတ်စွာဘုရား၊ တရုတ်ဦးတည်မင်းက အနော်ရထာမင်းကို ဆက်သသည့် ဉာဏ်တော်အမြင့် နှစ်မိုက်လေးသစ်ရှိတဲ့ မြသိန်းတန်မြတ်စွာဘုရားအပြင် ရှေးမင်းများကိုးကွယ်ခဲ့တဲ့ မြသားဆင်းတုတော်၊ စိန်ဆင်းတုတော်၊ ပယင်းဆင်းတုတော်တွေကိုပါ ဖူးရပါတယ်။ ဒါတင်မက သီရိလင်္ကာမင်းတွေ ကိုးကွယ်ခဲ့တဲ့ အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီးပုံကိုလည်း ဖူးရပါတယ်။ ဉာဏ်တော်က နှစ်မိုက်လေးသစ် ရှိပါတယ်။

ရွှေကျီးမြင့်ဘုရားဟာ အတွင်းလိုဏ်မုခ်တစ်ဖက်ခံ အုတ်အင်္ဂတေစေတီတော် ဖြစ်ပါတယ်။ အာရုံခံတန်ဆောင်းလေးဘက်မှာလည်း ရုပ်ပွားတော်ကြီးတွေကို ပူဇော်ထားကြပါသေးတယ်။ ပတ်ဝန်းကျင်မှာလည်း ရုပ်လုံးရုပ်ကြွတွေနဲ့ ပုံတော်တွေ များစွာပဲ ရှိပါသေးတယ်။ အေးချမ်းတိတ်ဆိတ်ပါတယ်။ သန့်ရှင်းလှပါတယ်။ လိုဏ်ဂူတော်အတွင်း ဝင်သွားလိုက်တဲ့အခါမှာ စာစောကရေးခဲ့သလို ငွန်ပန်းရနံ့ငွေ့ ကြိုင်လှိုင်နေတဲ့အတွက်ရော၊ ရွှေသားစစ်စစ်တွေ ဆက်ကပ်ထားတဲ့ ရုပ်ပွားတော်အမျိုးမျိုးရဲ့ ကြည်ညိုဖွယ်ရာတွေကြောင့် တကယ့်ကို စိတ်ချမ်းမြေ့ကြည်လင်မှု ရစေပါတယ်။ ကျွန်မဖြင့် တကယ်ပဲ စိတ်ချမ်းသာမှု၊ အေးငြိမ်းမှု ခံစားခဲ့ရတာ အမှန်ပါပဲ။

အာရုံခံလိုဏ်ဂူတော်ကြီးအတွင်းမှာ လူတွေအများကြီး ဘုရားဝတ်ပြုနေကြပါတယ်။ တိတ်ဆိတ်စွာ တရားထိုင်နေကြ၊ စိတ်နဲ့ ဘုရားကို ပူဇော်နေကြတာတွေပါ။ ကျွန်မကသာ ဤမျှ ရွှေသားရောင်တထိန်ထိန်နဲ့ ပူဇော်ထားတဲ့ များလှစွာသော ဘုရားရုပ်ပွားတော်တွေကိုကြည့်ပြီး အံ့ဩစိတ်၊ ကြည်ညိုစိတ်နဲ့ လှုပ်ခတ်နေမိတာပါ။ ပြီးတော့ ဘုရားတွေမှာရေးထိုးထားတဲ့ စာတွေကိုလည်း ဖတ်မိနေတာပါ။

ဘုရားဝိုင်းထဲမှာ ကျောက်စာလေးချပ် ရှိတယ်လို့တော့ သိရပါတယ်။ ကျွန်မ မဖတ်ခဲ့ရပါဘူး။ နောက်တစ်ခေါက် ဖူးခွင့်ရရင်တော့ ရှာပြီးဖတ်ဦးမယ်လို့ တေးမှတ်ထားမိပါတယ်။

မဟာမုနိဘုရားကြီးကို ဖူးရတာလည်း အင်မတန်မှ ကြည်ညိုသဒ္ဓါ ပွားမိပါတယ်။ ဒါပေမယ့် မန္တလေးရောက်တဲ့အခါ ရွှေကျီးမြင့်ဘုရားကိုလည်း ဖူးလိုက်ပါဦးလို့ ကျွန်မက နိဗ္ဗာန်ဆော် လုပ်လိုက်ရပါတယ်ရှင်။ အင်မတန်မှ ရှေးကျပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်တွေကို ဖူးစေချင်လို့ပါ…။

မကြွယ်ကြွယ်




www.burmeseclassic.com

www.burmeseclassic.com

# တောင်ကွဲစေတီ
# (သိဂ်ရိမင်္ဂလာတောင်)

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



တောင်ကွဲစေတီ (သိဂ်ရိမင်္ဂလာတောင်)သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် တည်ရှိပြီး ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောတောင်ဟု အဓိပ္ပာယ်ရပါသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် (သန်းဌေးနှင့်ရောင်းရင်းများ) ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ ကျက်သရေဆောင် တောင်ကွဲစေတီသို့ ၂၅·၃·၁၄ ရက်နေ့က သွားရောက်ခဲ့ကြပါသည်။ တောင်ကြီးမြို့မှ နံနက်စာစားသောက်ကြပြီး နေ့လယ် ၁ နာရီတွင် လွိုင်ကော်မြို့သို့ ခရီးစတင်ထွက်ခဲ့ကြပါသည်။ ရာသီဥတုမှာ အေးမြမြရှိပါသဖြင့် ဘုရားဖူးခရီးသွားများအတွက် အလွန်ပင် အဆင်ပြေလှပါသည်။

မြို့အဝင်၌ "ကိန္နရီမောင်နှံ" စုံတွဲလေးက ရပ်ဝေးရပ်နီး ဧည့်သည်များအား မင်္ဂလာနှုတ်ခွန်း ဆက်သလိုက်ပါသည်။ လွိုင်ကော်မြို့တွင် ကျောက်မှုန့်များဖြင့် ဆောက်လုပ်ထားသော ခိုင်ခံ့လှသည့် အိမ်ကြီးအိမ်ကောင်း အများအပြားပင် ရှိပါသည်။ မြို့နေလူဦးရေ၏ သုံးပုံနှစ်ပုံသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။ မြို့အဝင်မှ တောင်ကွဲစေတီထိ သုံးနာရီ



www.burmeseclassic.com

www.burmeseclassic.com



ခန့် မောင်းနှင်ရပါသည်။ ညနေ ၅ နာရီ နေဝင်ဖျိုးဖျ အချိန်လောက်တွင် အပေါ့အပါးသွားရန်နှင့် မော်တော်ယာဉ်ခေတ္တရပ်နားရန် လမ်းဘေးရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းရှေ့တွင် ရပ်တန့်လိုက်ပါသည်။ ကျောင်းခြံဝန်းသည် တော်တော်လေးကျယ်ပြီး တိုက်ကျောင်း၏နောက်ဘက်တွင် ရေသန့်စင်ခန်း သုံးခန်းတွဲရှိပါသည်။ အစွန်ဆုံးအခန်းမှာ ရေချိုးခန်းဟုသိရပါသည်။

ကားပေါ်မှ ခရီးသည်အားလုံး ဆင်း၍ အပေ့ါအပါး သွားပြီးချိန်၊ ကားအား ရေဖြည့်၊ ဘီးရေလောင်းခြင်းများ ပြုလုပ်ပြီးစီး၍ ကားပြန်ထွက်ရန် လူဦးရေစစ်ဆေးရာ စာရေးသူနှင့်အတူလိုက်လာသော မဒီတို့ညီမနှစ်ယောက်သာ ကျန်တော့သဖြင့် စောင့်ဆိုင်းနေစဉ် ညီမနှစ်ယောက် ပျာယီးပျာယာဖြင့် ကားပေါ်တက်လာကြပြီး စာရေးသူအား လှမ်းပြောလိုက်ပါသည်။

"အန်တီရေ . . . သမီးတို့ သရဲခြောက်ခံရလို့"ဟု ပြောချလိုက်ပါတော့သည်။ ကားထွက်တော့ မေးမြန်းကြည့်ရာ ရေသန့်စင်ခန်း သုံးခန်းအနက် တစ်ခန်းမှာ ရေချိုးခန်းဖြစ်၍ ကျန်နှစ်ခန်း၌ စောင့်ဆိုင်းနေကြစဉ် မဒီရှေ့မှ အသက် ၃၀ ကျော် အမျိုးသမီးတစ်ဦး ပါတိတ်ခရမ်းရောင် ဝမ်းဆက်ဝတ်လျက် သူ့ရှေ့မှ သန့်စင်ခန်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရပါသည်။ မဝင်မီ သူ့အား "တခြားတစ်ဖက်မှာ ရေချိုးခန်းရှိတယ်၊ မဝင်နဲ့နော်"ဟုပင် ပြောသွားပါသေးသည်။ မဒီလည်း သူထွက်လာမည်ကို အပေါက်ဝမှ စောင့်ဆိုင်းနေပါသည်။

တစ်ဖက်ခန်းတွင် စောင့်နေသော မဒီညီမ အလှည့်ရောက်၍ သန့်စင်ခန်းဝင်စဉ် ရေဘုံဘိုင်ခေါင်းမှာ အလိုအလျောက်ပွင့်ထွက်လာသဖြင့် ရေများပန်းထွက်လာကာ ထဘီတစ်ထည်ပင် စိုသွားကြောင်း မဒီအား ပြောလိုက်ပါသည်။ သည့်အတွက် မဒီက လူတွေလည်း အားလုံးနီးပါး ကားပေါ်ရောက်ကုန်ပြီ၊ တို့ညီမနှစ်ယောက်ပဲ ကျန်တော့သည်ဟု ဆိုကာ သူစောင့်နေသော အခန်းအား တံခါးခေါက်ကြည့်ရာ ပြန်လည်ထူးသံ မကြားသဖြင့် ဆွဲဖွင့်ကြည့်ရာ အခန်းထဲတွင် တစ်ယောက်မှမရှိဘဲ ရေချိုးခန်းဖြစ်နေ၍ သရဲခြောက်ခံရမှန်းသိပြီး ညီမနှစ်ယောက် ကပျာကယာ ပြေးထွက်လာခြင်းဖြစ်သည်ဟု သိရှိရပါတော့သည်။

သို့နှင့် စာရေးသူလည်း ဘုရားဖူးများထံ အမျှအတန်းလိုချင်၍ ဤသို့ပြုလုပ်သည်ဟု ယူဆလျက် မဒီအား အမျှဝေလိုက်ပါဟု ပြောရင်း ကိုယ်တိုင်လည်း အမျှပေးဝေလိုက်ပါသည်။ ဤအကြောင်းအရာလေးအား ဖော်ပြရခြင်းအကြောင်းမှာ ဘုရားဖူးခရီးသွားအားလုံး ယခုကဲ့သို့ ကြုံဖူးသူရှိသလို၊ မကြုံဖူးသူများလည်း ရှိပါလိမ့်မည်။ သို့ပါ၍ မိမိမရောက်ဖူးသော ဒေသများအား ရောက်ရှိပါက တောတောင်ရေမြေ စောင့်ရှောက်လျက်ရှိသော နတ်များနှင့် ပုဂ္ဂိုလ်သတ္တဝါတွေအားလုံးအား မမေ့မလျော့ဘဲ မေတ္တာပွား အမျှဝေပေးကြစေလို၍ ထည့်သွင်းဖော်ပြပေးခြင်းဖြစ်ပါသည်။

ဘုရားဖူးမော်တော်ယာဉ် ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၆ နာရီအချိန်၌ မိမိတည်းခိုမည့်နေရာသို့ ရောက်ရှိ၍ အုပ်စုနှစ်စုခွဲကာ တည်းခိုကြလျက် ညစာများ စားသောက်ပြီး တစ်နေ့တာ ပင်ပန်းသမျှ အိပ်စက်အနားယူ



www.burmeseclassic.com

www.burmeseclassic.com

ကြပါတော့သည်။

နံနက်မိုးသောက် အလင်းရောက်သော် ရွှေဥမုန့်ဟင်းခါး၊ ကော်ဖီ၊ မုန့် မိမိနှစ်သက်ရာတို့ကို သုံးဆောင်ပြီး တောင်ကွဲစေတီသို့ သွားရောက်ဖူးမြော်ကြပါသည်။

ခရစ်သက္ကရာဇ် ၁၇၄၅ ခုနှစ်တွင် အရှေ့ကယားပြည်နယ် ကန္တရဝတီနယ် ကယားမင်းဆက် ပထမ ဖဖော်ကြီး ကွယ်လွန်၍ ထိုနှစ်တွင် ဒုတိယမြောက် စောဖျာဖဖော်ကလေး ဆက်ခံလေသည်။

ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်တွင် စောဖျာဖဖော်ကလေး ကွယ်လွန်၍ တတိယမြောက် စောဖျာဖဖော် (စောဖျာလင်) ဆက်ခံရာ ထိုနှစ်တွင်ပင် စောဖျာလင်ကွယ်လွန်သွားပြန်၍ စတုတ္ထမြောက်စောဖျာ(မဟာစောလဖော်) ဆက်ခံလေသည်။

အထက်မြန်မာနိုင်ငံ၊ မန္တလေး သီပေါဘုရင်မင်းမြတ် ပါတော်မူပြီး ဗြိတိသျှအစိုးရသည် ရှမ်းပြည်ကို သိမ်းယူပြီးနောက် အရှေ့ကယားပြည်၊ စတုတ္ထမြောက် စောဖျာမဟာကို အကြိမ်ကြိမ် ခေါ်သော်လည်း မလာနိုင်ကြောင်း၊ ကယားပြည်နယ်သို့ လာရောက်တွေ့ဆုံရန် ဗြိတိသျှအစိုးရကို ဖိတ်ခေါ်လိုက်လေသည်။ ထိုအခါ ဗြိတိသျှအစိုးရသည်

> သူစောင့်နေသော အခန်းအား
> တံခါးခေါက်ကြည့်ရာ
> ပြန်လည်ထူးသံ မကြားသဖြင့်
> ဆွဲဖွင့်ကြည့်ရာ အခန်းထဲတွင်
> တစ်ယောက်မှမရှိဘဲ ရေချိုးခန်း
> ဖြစ်နေ၍ သရဲခြောက်ခံရမှန်းသိပြီး
> ညီမနှစ်ယောက် ကပျာကယာ
> ပြေးထွက်လာခြင်းဖြစ်သည်ဟု
> သိရှိရပါတော့သည်။

မည်သည့်အကြောင်းရင်းမျှ ပြန်ကြားခြင်းမပြုဘဲ တိတ်တဆိတ် လျှို့ဝှက်စွာဖြင့် ၁၈၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုးဗြဲနယ်ခြား ကန့်ကျိုင်းစခန်းသို့ ဗြိတိသျှအစိုးရစစ်တပ် ရောက်ရှိလာလေသည်။

အရှေ့ကယားပြည် စောဖျာမဟာ စောလဖော် စစ်တပ်နှင့် ဒီဇင်ဘာလ ၂၉ ရက်နေ့မှစ၍ လောဝါမြို့ ဖရေမနေ၏သားများဖြစ်သော ကျဲရယ်နှင့် ဦးရယ် ဦးဆောင်လျက် စတင်တိုက်ခိုက်ရာ ကယားတပ်ရှုံး၍ စောဖျာမဟာ စောလဖော်မြို့တော် ဖရိုးဒေါ(စောလုံ)မြို့တော်သို့ ဆက်လက်ချီတက်သွားလေသည်။

ခရာဇ် ၁၈၈၉ ခုနှစ် ကန္တရဝတီ စောဖျာစစ်လဝီလက်ထက်တွင် ကျေးဇူးသစ္စာစောင့်သိသော ဦးနီအား အမတ်ကြီးရာထူးနှင့် ဆီရီဒေါ(လွိုင်ကော်)မြို့ကို အပိုင်စားပေးသနားလိုက်လေသည်။ အမတ်ကြီးဦးနီသည် ဆီရီဒေါမြို့ကို ပြုပြင်ခြင်း၊ ရောင်းဝယ်ရန်ဌာန၊ ဈေးများကို တည်ဆောက်ခြင်း အစရှိသည်တို့ ပြုလုပ်ပေးခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၂၅၇ ခုနှစ်တွင် အမတ်ကြီးဦးနီ အမှူးပြု၍ အဘွားပေါင်အှာ၊ ပွဲစားညင်းတို့က သာသနာပြု တလီဘုန်းကြီး ညွှန်ကြားချက်အရ ရွှေယပ်တောင်ကို ဌာပနာပြုလျက် ရွှေယပ်တောင်စေတီကို တည်တော်မူခဲ့ပါသည်။

မြန်မာလို တောင်ကွဲ၊ ရှမ်းလို လွိုင်ဖာဘတ်၊ ကယားလို ယူဆချက်အရ ဤတောင်သည် ကိုးစိတ်ကိုးမြွာကွဲနေသော်လည်း သာသနာပြုမင်းပေါ်ထွန်းလာသောအခါ ဤတောင်တွင် စေတီတော်တစ်ဆူ တည်ထားမည်ဟု အဓိဋ္ဌာန်ရှိသည့်အတိုင်း ၁၂၅၇ ခုနှစ်တွင် အမတ်ကြီးဦးနီ ဦးစီး၍ ရွှေယပ်တောင်စေတီတော်ကိုလည်းကောင်း၊ ရွှေရင်အေးစေတီတော်ကိုလည်းကောင်း၊ ၁၂၇၆ ခုနှစ်တွင် ကျောက်သမ္ဗန်စေတီတော်ကိုလည်းကောင်း၊ အောင်တော်မူစေတီတော်မြတ်အား ၁၂၉၁ ခုနှစ်တွင် ရပ်ဝေးရပ်နီးအလှူရှင်များ စုပေါင်းတည်ထားပြီး ဒေါ်အေးခင်၊ ဒေါ်အေးတင် ခေါင်းဆောင်မှုဖြင့် နန္ဒင်းမှုန့်ထောင်း အမျိုးသမီးများက ဆုတောင်းပြည့်စေတီတော်ကိုလည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ဦးဘအေးဦးဆောင်၍ ပြည်လုံးချမ်းသာစေတီ

www.burmeseclassic.com

ကိုလည်းကောင်း၊ ၁၂၉၅/၉၆ ခုနှစ်တွင် အထက်၊ အောက် ကျိုက်ထီးရိုးစေတီကို အများကောင်းမှုဖြင့်လည်းကောင်း၊ ၁၃၁၂ ခုနှစ်တွင် ဦးဆရာရုပ်၊ ဒေါ်စိန်မြတို့ ဦးဆောင်၍ ရွှေပြည်အေးစေတီကို အများကောင်းမှု ပေါင်းစု၍ တည်တော်မူခဲ့ကြပါသည်။ ၎င်းစေတီများအားလုံးအား တောင်ကွဲစေတီပေါ်၌ ဖူးတွေ့နိုင်ပါသည်။

ထိုတောင်ကွဲစေတီတော်အား ၁၉၄၈ ခုနှစ်တွင် မင်္ဂလာသီရိတောင်ဟူ၍ သဘောတူခေါ်ဆိုခဲ့ကြပါသည်။ ၁၉၅၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ နံနက်အချိန်အခါတွင် ပြည်ထောင်စုနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် ကယားပြည်နယ် ပါလီမန်အတွင်းဝန် မဟာသရေစည်သူ ကယားဦးစိန်တို့သည် ကယားပြည်နယ်တွင် ဗုဒ္ဓသာသနာတော် တည်တံ့နိုင်မြဲပါစေသတည်းဟု အဓိဋ္ဌာန်ပြု၍ မဟာဗောဓိပင်ကို စိုက်ထူခဲ့ပါသည်။

၁၃၁၇ ခုနှစ်မှစ၍ မဟာဗောဓိပင်နှင့်တကွ တောင်ကွဲစေတီကို ဈေးစုရပ်ကွက်နေထိုင်သူ ဦးချစ်ဖေသည် လျှပ်စစ်မီးပူဇော်ရေးနှင့်တကွ ဘုရားတန်ဆောင်းများကို ၁၃၃၄ ခုနှစ်အထိ ပြုပြင်ထိန်းသိမ်းခဲ့ပါသည်။ ထို့နောက် မင်္ဂလာသီရိတောင်ကို သီရိမင်္ဂလာတောင်ဟူ၍ ၁၉၇၀ ခုနှစ်တွင် ပြောင်းလဲခေါ်ဆိုကြပါသည်။

ယခုအခါတွင် တောင်တစ်တောင်နှင့်တစ်တောင် အကူး၌ စတီးလက်ကိုင်တန်းများနှင့် ခိုင်ခံ့သော လှေကားထစ်များပြုလုပ်ပေးထားခြင်း၊ သက်ကြီးရွယ်အိုများ တောင်ပေါ်ထိ ဘုရားဝတ်ပြုရန်အတွက် ဓာတ်လှေကားတပ်ဆင်ပေးထားပါသဖြင့် အလှူရှင်များအားလုံးအား ကျေးဇူးတင်ရှိမိပါသည်။ စာရေးသူ ပထမအကြိမ်ရောက်စဉ်က တောင်ပေါ်မတက်နိုင်၍ တောင်ခြေမှပင် ဖူးမြော်ခဲ့ရပါသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့များအားလုံး သေသေချာချာ ဘုရားဝတ်ပြု ဆုတောင်းမေတ္တာပို့၊ အမျှဝေပြီးနောက် လှူဖွယ်ကိစ္စများ လှူဒါန်းကာ ခရီးဆက်လက်ထွက်ခွာကြပါသည်။

ကယားပြည်နယ်၏ ငွေတောင်ဆည်ကိုလည်းကောင်း၊ ကိန္နရီညီမခုနစ်ဖော် ရေချိုးသော ကန်ခုနစ်ဆင့်ကန်အား သွားရောက်လေ့လာကြပါသည်။ ကန်ခုနစ်ကန်တစ်ခုနှင့်တစ်ခု ထိလုနီးပါးဖြစ်နေပါ၍ ရှုခင်းမှာ အလွန်ပင်နှစ်ခြိုက်ဖွယ် ကောင်းလှပါသည်။ ထို့နောက် ကန်ခုနစ်ဆင့် မနီးမဝေး၌ရှိသော ထီးပွင့်ကန်သို့ သွားရောက်ခဲ့ကြပါသည်။ ၎င်းထီးပွင့်ကန်အား ကယားလူမျိုးများက "ဘုတ်တလုပ်" ကန်ဟု အဆိုရှိကြပါသည်။ ထီးပွင့်ကန်အား စောင့်ရှောက်ပေးလျက်ရှိသော တောင်တန်းသာသနာပြုဆရာတော်မှလည်း ၎င်းကျောင်းဝင်း၌ ကလေးငယ် ၃၀ ဦးအား ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ပို့ချပေးနေသည်ကို တွေ့ရပါသဖြင့် ဆရာတော်အား အရမ်းပင် ဝမ်းမြောက်ဂုဏ်ယူမိလိုက်ပါသည်။

ဤကလေးငယ်များသည် နောင်တစ်ချိန်တွင် ကယားပြည်နယ်တွင်း၌ သာသနာပြုနိုင်သော ပုဂ္ဂိုလ်များဖြစ်မည်မှာ ဆရာတော်၏ စေတနာပင်ဖြစ်ပါ ဆရာတော်အား လေးစားကြည်ညိုမိပါတော့သည်။

သို့ပါ၍ မြို့ကြီးပြကြီးများနှင့် အလှမ်းကွာဝေးလှသော တောတောင်များရှိ စေတီများ ပြုပြင်မွမ်းမံခြင်းနှင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တောင်တန်းသာသနာပြုဆရာတော်များကိုလည်း ကြည်ညိုသဒ္ဓါပွားများရန်အတွက် ဘုရားဖူးခရီးသည်များလည်း ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ တစ်ခါတစ်ခေါက် အရောက်သွားလျက် လှူဒါန်းမှုပြုပါစေလိုကြောင်း အကြံပြုရေးသားတင်ပြလိုက်ပါသည်။

ဤခရီးစဉ်အား စလယ်ဆုံး ဘုရားဖူးခရီးသွားများအပေါ် အစစအရာရာ တာဝန်ကျေပွန်ခဲ့သော "သန်းငွေနှင့်ရောင်းရင်းများ ဘုရားဖူးအဖွဲ့" ကိုလည်းကောင်း၊ လမ်းခရီး၌ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးသော ကျော်ကျော်စိုးနှင့် မအိတို့ဇနီးမောင်နှံကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်အပ်ပါသည်။

*ကယားပြည်နယ်ရောက် အမှတ်တရ . . .*

**ရွယ်လီသိန်းမောင်(စိန်မိုက်ကယ်)**

<u>မှတ်ချက်</u> ။ သီရိမင်္ဂလာ တောင်ကွဲစေတီတော်သမိုင်းမှ ကောက်နုတ်ဖော်ပြပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# ရမည်းသင်းမြို့နယ် ဆင်ကျုံးတောရ သက်တော်ရှည်ဆရာတော်ကြီး

**မြနန်းရှင်**


ဆင်ကျုံးဆရာတော်
ဘဒ္ဒန္တ ကောသလ္လ (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက)

ပြီးခဲ့သော နှစ်ဆန်းပိုင်းက စာရေးသူအား ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ချုပ်ရွာ(၁)၊ သုဝဏ္ဏနေ ဆရာမကြီး ဒေါ်သင်းသင်းမှ ဖိတ်ခေါ်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ 'ဆင်ကျုံးတောရကျောင်းတိုက်'သို့ ရောက်ရှိခဲ့သည်။

စာရေးသူ ဝါသနာအရ သက်တော်ရှည် ဆင်ကျုံးဆရာတော် ဘဒ္ဒန္တကောသလ္လ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)အား ကျန်းမာစွာ ဖူးတွေ့ခွင့်ရခဲ့သည်။ 'ဆင်ကျုံးတောရ'ဟု ဘာကြောင့်ခေါ်တွင်ပါသလဲဟု အတွေးကဝင်လာသည်။ အကြောင်းမဲ့တော့ ဤ အမည်မတွင်နိုင်ပေ။ ရာဇဝင်သမိုင်း အခိုင်အမာရှိမည်ဟု ယုံကြည်ပါသည်။

## ဆင်ကျုံးသမိုင်းအစ

စာရေးသူ၏ သိလိုသောအကြောင်းအရာများကို တိုက်အုပ်ဆရာတော်မှ လိုက်ပါရှင်းပြပါသည်။

"ဆင်ကျုံးသမိုင်းအစ ပျဉ်ပြားမင်းကလို့ ရာဇဝင်ရှိပါတယ် ဒကာမရဲ့"

"ပျဉ်ပြားမင်းဆိုတာ ပုဂံမြို့တည် မင်းပြုတဲ့ ပျဉ်ပြားရွာစားကို ပြောတာပါလား ဘုရား"

"ဟုတ်တယ်။ ပျဉ်ပြားမင်းသားဘဝမှာ ခမည်းတော် စောခင်နှစ်မင်း၊ နောင်တော် ခဲလူးမင်းလက်ထပ်မှာ ပျဉ်ပြားမင်းသားအဖြစ် နေခဲ့ရတယ်။ ပျဉ်ပြားရွာဆိုတာ ရမည်းသင်းမြို့အရှေ့ ခုနစ်မိုင်အကွာ ရွှေမြင်တင်ဘုရားတောင်ရဲ့ အရှေ့တောင်ယွန်း လေ့ကျင့်ရေး(၃) စစ်တပ်အနီးရှိ ပျဉ်ပြားမြင်းနားရွာဖြစ်တယ်။ ပျဉ်ပြားမင်းသားဘဝမှ သက္ကရာဇ် ၂၀၈ ခုနှစ်မှာ နန်းတက်မင်းပြုသည့် ပျဉ်ပြားမင်းက အနော်ရထာမင်းရဲ့ ဘေးတော်စပ်တယ်။ စတုတ္ထပုဂံမြို့တည်နန်းတည်မင်းအဖြစ် ပုဂံရာဇဝင်မှာ ထင်ရှားတဲ့မင်းတစ်ပါးပါပဲ။ သက္ကရာဇ် ၂၁၁ ခုနှစ်မှာ ယခုရှိ ပုဂံမြို့ကို အသစ်တည်ထောင် စံတော်မူခဲ့တယ်လို့ ဆိုတယ်။

နိုင်ငံတည်ထောင်ပြီ ဆိုကတည်းက စစ်အင်္ဂါလေးပါးမှာ အဓိကဖြစ်တဲ့ ဆင်တပ်တော်ကြီး တည်ထောင်ဖွဲ့စည်းတဲ့အခါမှာ ပျဉ်ပြားရွာရဲ့အရှေ့ဘက် တောနက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြား လျှိုမြောင်ကြီးတွေထဲမှာ ဆင်တွေက အုပ်သင်းဖွဲ့ပြီး သွားလာလှည့်လည် နေထိုင်ကြတာကို ရွာစားဖြစ်စဉ်က သိရှိခဲ့လေတော့ အဲဒီရွာအနောက်ဘက် မြေအနေအထား အဆင်ပြေမယ့်အရပ် အခု ရမည်းသင်းအရပ်ပေါ့။ အဲဒီကာလတုန်းက ရမည်းသင်းမြို့ မရှိသေးဘူးလေ။ နေက်ပလာ၊ ဆင်ဝန်ခန့်ထားပြီး ဆင်ကျုံးတူးလုပ်စေပြီးနောက် ဆင်များရှိရာ ရှမ်းရိုးမတောင်ကြီးများ၊ နန်းခွဲရွာရဲ့ အရှေ့ဘက် ပေါင်းလောင်းမြစ်ဖျား ချောင်းတစ်ဖက်မှာရှိတဲ့ ဆင်တောင်ကြီး ၆၁၁၃ ပေအမြင့်ရှိတယ်။ နန်းခွဲတောင်၊ ဝါးဖြူတောင်ဆုံးတဲ့ လျှိုမြောင်များကနေ ဆင်တွေကို ဆင်ဖမ်းကျွမ်းကျင်တဲ့ ကရင်လူမျိုးများနှင့် ကျော့ဖမ်းစေပြီး ရမည်းသင်းအနီးရှိ ဟောဒီဆင်ကျုံးရှိရာကို ဆင်ယဉ်နဲ့ မျှားခေါ်ကျုံးသွင်းပြီး ယဉ်ပါးအောင်ပြုစေပြီးမှ ပုဂံနေပြည်တော်ကို ပို့ဆောင်ပေးရတာလို့ ဆိုတယ်။

ဆင်တောင်၊ နန်းခွဲတောင်၊ ဝါးဖြူတောင်အကြား ပေါင်းလောင်းမြစ်ဖျားဆုံရာ လျှိုမြောင်ချိုင့်ဝှမ်းမှာ ပေတစ်ထောင်မျှနက်တဲ့ ဆင်ကျုံးတည်ရှိတယ်လို့ သိရတယ်။

ဆင်တောင်က ဆင်ရိုင်းတွေကို ဆင်ယဉ်ဖြစ်အောင် ကျုံးသွင်းယဉ်ပါးစေရာ ဌာနဟာ အခု ဆင်ကျုံးတောရကျောင်းတိုက်တည်ရာဖြစ်တယ်။ ပျဉ်ပြားမင်းက နန်းစံသက် ၃၂ နှစ်၊ အိမ်နိမ့်စံ ၄၅ နှစ် သက်တော် ၇၇ နှစ်မှာ နတ်ရွာစံတော်မူတယ်လို့ မှတ်သားတာ သိခဲ့ရတယ်"


ဆင်ကျုံးတောရ သမိုင်းရာဇဝင်အား ကြားသိခွင့်ရပြီးနောက် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် သာသနာရေး ဆောင်ရွက်ချက်များမှာလည်း ကြည်ညိုဖွယ်ရာ မှတ်သားရပြန်သည်။

## မီးရှူးသန့်စင် မွေးဖွားခြင်း

ဆင်ကျုံးဆရာတော် ဘဒ္ဒန္တကောသလ္လ လောင်းလျာကို မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်းရွာ ခမည်းတော်ဦးပန်းလှိုင်၊ မယ်တော် ဒေါ်ငွေမယ်တို့မှ မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက် (၆. ၁. ၁၉၁၉) ခုနှစ်၊ တနင်္လာနေ့တွင် သားရတနာအဖြစ် ဖွားမြင်ခဲ့သည်။

## ရှင်သာမဏေနှင့် ရှင်ရဟန်းဘဝ


ဆရာတော်လောင်းလျာသည် ၁၂၉၂ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်နေ့တွင် ဥသျှစ်ကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးကုမာရာဘိဝံသထံ ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၈ ခုနှစ်တွင် သထုံမြို့ ရင်းငြိမ် ကျောက်လုံးကြီးစာသင်





www.burmeseclassic.com

www.burmeseclassic.com



တိုက်မှာ ပညာသင်ကြားခဲ့ပြီး ၁၂၉၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် စနေနေ့တွင် ဥသျှစ်ကုန်း ခဏ္ဍာသိမ်တော်၌ ဆရာတော် ဦးနာရဒထံမှာ ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပြီး ရဲဘော်မင်းညီ၏အဖေ ဦးပေါ်ကြွယ်၊ ဒေါ်ထယ်မိသားစုတို့၏ သိမ်ထပ်မင်္ဂလာကိုလည်း ခံယူတော်မူခဲ့သည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာ ရှင်သာမဏေဘဝဖြင့် အောက်ပါဆရာတော်ကြီး ငါးပါးထံတွင် ပညာဆည်းပူးခဲ့ပါသည်။

၁။ ဥသျှစ်ကုန်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးကုမာရဘိဝံသ၊

၂။ ပဲခူး ဘုရားကလေးဆရာတော် ဦးဉာဏိန္ဒ၊

၃။ ပဲခူး အဘိဓဇမဟာဂုရု(မဟာန ဥက္ကဋ္ဌချုပ်) ဆရာတော်ကြီး ဦးဣန္ဒာစာရ၊

၄။ သထုံမြို့ ရင်းငြိမ်ကျောက်လုံးကြီး စာသင်တိုက် ဆရာတော်ကြီး ဦးရာဇိန္ဒ၊

၅။ ရန်ကုန်မြို့ သရက်တောတိုက်၊ ထန်းတောကျောင်း(သာသနောဒယ) ဆရာတော် ဦးသီလာစာရ (ဗေဒပါရဂူ) တို့ထံတွင်လည်းကောင်း။

ရဟန်းအဖြစ်သို့ရောက်သောအခါ အောက်ပါဆရာတော်ကြီး ခြောက်ပါးထံတော်၌ ဂန္ထဝိဓူရ ဝိပဿနာဓူရတို့အားထုတ်သင်ယူ ဆည်းပူးခဲ့ပါသည်။

၁။ ပျော်ဘွယ် ညောင်လွန့်တောရရွဲ ကန်မြင့်တောရကျောင်းတိုက် ဆရာတော်ကြီး ဦးသီလာစာရ၊

၂။ သိမ်ကုန်း မုဋ္ဌလိန္ဒာချောင်ဆရာတော်ကြီး ဦးသုန္ဒရ၊

၃။ ဇီးဖြူကုန်း ဂန္ထဓူရတိုက်သစ် ဆရာတော်ကြီး ဦးဥက္ကံသ၊

၄။ ပျော်ဘွယ်ရေကြည်တောရ ဆရာတော်ကြီး ဦးသောဘဏ (ပရိယတ္တိပထမကျော်)

၅။ ဂန္ဓဝေါတောရ ယောဆရာတော်ကြီး ဦးပညာဇောတ(ဘာသန္တရဆေက)၊

၆။ ဆင်ကျုံးဆရာတော် ဦးပညာနှင့် ကမ္ဘဌာန်းဘုန်းကြီး ဦးဣန္ဒာစာရတို့ ဖြစ်ပါသည်။

အထက်ပါဆရာတော်များထံမှာ ပညာသင်ယူဆည်းပူး၍ အာစရိယမုဒ္ဒိ လက်ကိုင်ရရှိထားသော ဦးကောသလ္လသည် ရဟန်းသိက္ခာ ၁၂ ဝါ၊ ၁၃၁၁ ခုနှစ်တွင် ဆင်ကျုံးတောရ ပရိယတ္တိစာသင်တိုက်ကြီးကို ဦးစီးနာယကအဖြစ် အုပ်ချုပ်ကာ ဓူရနှစ်ဖြာ သာသနာအလုပ်များကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆင်ရိုင်းများ ကျုံးသွင်းရာနေရာ ဖြစ်ခဲ့သည့် သမိုင်းအရ ဆင်ကျုံး ထိုနေရာတွင် တောရဆောက်တည် သံဃာတော်များနေခဲ့သည်ကြောင့် ထိုဗျူတ်ပတ်နှင့်အညီ ရွာမှနယ်မှကိုရင်ဝတ်ခါစ၊ သာသနာ့ဘောင်ဝင်ခါစ အရိုင်းလေးများကို ဘုရားရှင်၏ဝိနည်းတော်နှင့် လျော်ညီစွာ ယဉ်ကျေးလိမ္မာတန်ဖိုးရှိသော ကျောက်များအဖြစ် သွေးသည့်ပမာကဲ့သို့ မိမိ၏တပည့်များကို 'အချိန်သည်ဘဝ ဘဝသည်အချိန်' တန်ဘိုးထားတတ်စေရန် လေ့ကျင့်သင်ကြားပေးခဲ့ပေသည်။

ထို့ကြောင့် စည်းကမ်းတကျ နေကျင့်ရှိပြီးသော ဆင်ကျုံးသံဃာတော်များသည် ဘယ်မြို့၊ ဘယ်ရွာ ဘယ်

www.burmeseclassic.com

ကျောင်းသို့ ပြောင်းရွှေ့နေရပါစေ ပညာဆက်လက်ဆည်းပူးနိုင်ရန် ဆရာကောင်းတပည့်အဖြစ် နေထိုင်နိုင်ခဲ့ကြပါသည်။

## ဆင်ကျုံးဆရာတော်၏ သာသနာရေး ဆောင်ရွက်ချက်များ

၁၉၅၄ ခုနှစ် (၁၃၁၄-၁၅) ခုနှစ်၊ ရမည်းသင်းခရိုင် ဆဋ္ဌသံဂါယနာ ပါဠိဝိသောဓကအဖွဲ့ဝင် ၁၇ ပါးတို့သည် ရမည်းသင်းမြို့ လေသာတိုက် သိမ်ဦးကျောင်း ဆရာတော် ဦးကဝိန္ဒ၊ ဆဋ္ဌသင်္ဂါယနာ ဩဝါဒစရိယ၏ကျောင်းကို ရုံးခန်းဖွင့်၍ ရုံးထိုင်ကာ 'ပါဠိဝိသောဓက'အလုပ် လုပ်ဆောင်ခဲ့ ကြပါသည်။

ဆဋ္ဌသင်္ဂါယနာ ဝိသုဒ္ဓိမဂ်၊ ပါဠိသောဒကနှင့် သင်္ဂီတိကာရ၊ ပဋ္ဌမသန္နိတပါတတွင် အပရဂေါယာနကျောင်း အဆောင်မှူး။ သံဃာ့အကျိုးဆောင်ခဲ့ခြင်း။

၁။ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်မှစ၍ သင်္ဂါယနာဖွင့်ပွဲ သုံးရက် ကျင်းပရာတွင် တစ်ကြိမ်၊


၂။ ကဆုန်လပြည့်ကျော် ၃ ရက်မှ ဝါဆိုလဆန်း ၈ ရက်အထိ ပထမသန္နိပါတ ဝိနယပိဋက (ရက်ငါးဆယ်ကြာ) သင်္ဂါယနာတင်ရာတွင် တစ်ကြိမ်၊

၃။ ၁၃၁၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်နေ့ တတိယသန္နိပါတသင်္ဂါယနာတင်ရာတွင် တစ်ကြိမ်၊

၄။ ၁၃၁၈ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် ပဥ္စမ သန္နိပါတသင်္ဂါယနာတင်ရာတွင် တစ်ကြိမ်၊

၅။ ဆဋ္ဌသင်္ဂါယနာ(ပါဠိတော်)တင်နှင့် သာသနာ ၂၅၀၀ ပြည့်အောင်ပွဲ အခမ်းအနားကြီးကို ၁၃၁၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်မှ လပြည့်ကျော် ၃ ရက်နေ့ထိ ခြောက်ရက်တိုင်တိုင် ကျင်းပသည့်အောင်ပွဲကြီး တစ်ကြိမ်၊

၆။ ၁၃၁၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် ကမ္ဘာအေးကုန်းမြေသို့ အရောက်ပင့်၍ လပြည့်ကျော် ၅ ရက်နေ့တွင် အဋ္ဌကထာ သင်္ဂါယနာ ဒုတိယသန္နိပါတ သင်္ဂါယနာ



စတင်ရာတွင် တစ်ကြိမ်

စုစုပေါင်း ခြောက်ကြိမ်တိုင်တိုင် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ဆင်ကျုံးဘောရကျောင်းတိုက်တွင် ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း သုံးမြို့နယ်လုံးဆိုင်ရာ တိပိဋကဓရဆရာတော်များဖြစ်သော တိပိဋက မင်းကွန်းဆရာတော် ဘုရားကြီး၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းဆရာတော် ဦးကောသလ္လ (နောင်သော် ပဋ္ဌနိကာယ)၊ ပခုက္ကူဆရာတော် ဦးနေမိန္ဒ၊ တိပိဋက ရန်ကုန်ဆရာတော် ဦးသုမင်္ဂလတို့အား သုံးမြို့နယ်လုံးသို့လှည့်လည်ကာ တရားဟော၊ တရားပြ၍ ပူဇော်မှုပြုခြင်း ဆောင်ရွက်ခဲ့ပါသည်။

၁၃၃၁ ခုနှစ်မှစ၍ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း သုံးမြို့နယ်လုံးဆိုင်ရာ ဝိနယဓမ္မပူဇာ စာတော်ပြန်ပွဲကြီးကို ကျင်းပတော်မူခဲ့ပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေး ၆၆ ပါးဝင် မူလသံဃာ့ဝန်ဆောင်ဖြစ်ပြီး ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

ဒ္ဓဘာသာဝင် သီလရှင်များကို လူမှတ်ပုံတင် သီလရှင်အဖြစ်မှ သာသနာ့နွယ်ဝင် သီလရှင်အဖြစ် လျှောက်ထားပြင်ဆင်နိုင်ခဲ့သည်။

၁၃၂၆ ခုနှစ် တပေါင်းလဆန်း ၇ ရက်တွင် မော်ဘီ ရွှေပြေး အစည်းအဝေးပွဲကြီးကျင်းပရာ၌ ကမ္ဘာအေး အပရဂေါယာနကျောင်းဆောင်၌ ခရိုင်သမ္မုတိရပဓာန ကိုယ်စားလှယ်အဖြစ် ကြိုတင်တက်ရောက်နှင့်ပြီး ဒုတိယနေ့၌ ဆွေးနွေးပြောကြား လျှောက်ထားခဲ့သည်။ မော်ဘီ အစည်းအဝေးကြီး၌လည်း ပညာရေးမှုအသစ် အဆိုတင်ဆောင်ရွက်ခဲ့ပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် နိုင်ငံတော်သံဃာ့ဗဟို ဝန်ဆောင် နိုင်ငံတော်သံဃမဟာနာယကတာဝန်များကို အားသွန်ကြိုးပမ်း ထမ်းဆောင်ခဲ့ပြီး ယခုအခါ၌ နိုင်ငံတော်ဩဝါဒစရိယတာဝန်ကို တာဝန်ယူထမ်းဆောင်ဆဲ ဖြစ်တော်မူပါသည်။

ကျမ်းစာအုပ်များအဖြစ် ...

၁။ သုခကာရီရှုဘွယ် (၁၃၁၅ ခုနှစ် ပုံနှိပ်)၊ ၂။ သင်္ဂြာယပိဝါဒရှင်းတမ်း (၁၃၂၂ ပုံနှိပ်)၊ ၃။ ကထိန်တရားတော် (၁၃၂၃ ခုနှစ် ပုံနှိပ်)၊ ၄။ ဥသျှစ်ကုန်း ဘုရားသမိုင်း (၁၃၅၀ ပြည့်နှစ် ပုံနှိပ်)၊ ၅။ နိုင်ငံတော်သာသနာပြုတရားတော်နှင့် ဆင်ကျုံးဆရာတော်၏ သံဝေဂ (၁၃၂၅ ခုနှစ် ပုံနှိပ်)၊ ၆။ ရမည်းသင်းခရိုင် ငါးမြို့သမိုင်းနှင့် ရမည်းသင်းရာဇဝင်ကျမ်းစာအုပ် (ဒုတိယအကြိမ် ၁၃၈၁-၂၀၁၀) စသည့် ကျမ်းစာအုပ်များ ရေးသားခဲ့ပြီး ဆက်လက်၍လည်း ရေးသားနေဆဲ ဖြစ်ပါသည်။

## ဆင်ကျုံးဆရာတော်၏ ကုသိုလ်တော်

၁၉၇၈ ခုနှစ်ကာလက ဆင်ကျုံးဆရာတော် မကျန်းမာ၍ ရန်ကုန်မြို့ သံဃာ့ဆေးရုံတွင် တက်ရောက်ကုသစဉ် ဓာတ်မှန်ရိုက်သည့်အခါ လျှပ်စစ်မီးအား လိုအပ်နေသဖြင့် ကပ္ပိယကာရက သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းအောင်ဖြင့် လျှပ်စစ်ဗို့အားမြှင့်စက်ကြီးတစ်လုံး လှူဒါန်းခြင်း၊ ဇီဝိတဒါနဆေးပဒေသာပင်လှူဒါန်းပြီး နှစ်စဉ်လက်ဖက်ရည်ခဲဘွယ်ဘောဇဉ် စုံလင်စွာ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ယခင်က ဆင်ကျုံးတောရသည် ထွက်ရေမရှိ၍ ရေဒုက္ခရှိခဲ့သည်။ ဆင်ကျုံးတောရ ကျောင်းတိုက်တည်နေရာသည် မြန်မာပြည်အလယ်ပိုင်းတွင် အမြင့်ဆုံးမြေနေရာ ဖြစ်နေသောကြောင့် လက်တူးသဘာဝထွက်ရေတွင်းတူးဖော်၍မရနိုင်ခဲ့ပါ။

ယခု ဆရာတော်လက်ထက်တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးပေးမှုကြောင့် အုတ်ရှစ်ကုန်း စက်ရေတွင်းကြီးမှ ဆင်ကျုံးတောရကျောင်းတိုက်သို့ သံပိုက်လုံးကြီးဖြင့် ရေသွယ်ယူနိုင်ရန် ပေပေါင်း ၆၈၀၀ အကွာအဝေးမှ ပိုက်ဆက် ၄၈၀၀ ပေ လေးလက်မပိုက်လုံးများ ဆက်သွယ်ပေး၍ ရေသုံးစွဲခွင့်ရခဲ့သည်။ ရေဂါလံ ၆၀၀၀ ဆံ့ အုတ်ရေကန်ကြီးဆောက်လုပ်ခဲ့ခြင်း၊ ကျောင်းတိုက်နှင့်နီးသော ရပ်ကွက်ကြီး၊ ရပ်ကွက်ငယ်တို့အား ရေဖြည့်ဝေပေးရုံမက ခရိုင်စီမံကိန်းရုံး၊ ဂျီတီအိုင်ကျောင်းကြီး၊ စက်မှုလယ်ယာစခန်းတို့ပါ ရေချမ်းသာ လွယ်ကူစွာ သောက်သုံးနိုင်ကြပြီ ဖြစ်ပါသည်။

ဆရာတော်၏ ကျောင်းနယ်မြေအနီး ဘိုးဘွားရိပ်သာ အဆောက်အဦကြီး ဆောက်လုပ်လှူဒါန်း ကုသိုလ်ပြုထားတာလည်း တွေ့မြင်ခဲ့ရပါသည်။ ယခုအခါ ဆရာတော်သည် သက်တော်အရ၊ ကျန်းမာရေးအရ ဧည့်ပရိသတ်ကိစ္စများ လျှော့ထားသော်လည်း အချိန်အားမထားဘဲ ကျမ်းစာများ ရေးသားနေဆဲဖြစ်သည်။ ကျောင်းတိုက်၏ကိစ္စများ လွှဲသင့်တာလွှဲ၍ မိမိသာသနာအတွက် တစ်ရက်မျှမနား လှုပ်ရှားလျက်ရှိသည်မှာ အရွယ်တော်နှင့် မမျှပေ။

ဆရာတော်အား နိုင်ငံတော်အစိုးရမှ အမြင့်ဆုံးသော၊ အမြတ်ဆုံးသော၊ အကြီးဆုံးသော သာသနာပြုဘွဲ့တံဆိပ်တော်အား ဆက်ကပ်တော်မူရာ "အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့ကို ကပ်လှူခဲ့ပါသည်။

သာသနာတော်အတွက် တစ်ချက်မနား၊ မိမိကျန်းမာရေးကိုပင် အဓိကမထား ကြိုးပမ်းဆောင်ရွက်တော်မူသည့် ဆင်ကျုံးတောရ ဆရာတော် ဘဒ္ဒန္တကောသလ္လ သက်တော်ရှည်ဆရာတော်ဘုရားကြီးအား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ပန်ရပါတော့သည်။

မြနန်းရှင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# ဒေါက်တာဘဒ္ဒန္တပညာဒီပ

## ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ထေရုပ္ပတ္တိအဖွင့်

(မြစံပယ်ဖီ)

### ဇာတိအစ

ဆရာတော်လောင်းလျာကို ခမည်းတော် ဦးစံဖေနှင့် မယ်တော်ဒေါ် စောကျင်တို့မှ ၁၂၉၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁ ရက် ကြာသပတေးနေ့ (၁၉. ၄. ၁၉၂၈)တွင် ဖွားမြင်ခဲ့ပါသည်။ ငယ်နာမည်မှာ မောင်အောင်ငြိမ်းဖြစ်ပါ၏။ ဇာတိမှာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ဖြစ်ပါသည်။

### သာမဏေပြုခြင်း

၁၃၀၂ ခုနှစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကနွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါ၏။

### နွားကျောင်းသားဘဝ

ဘဝပေး အခြေအနေအရ ရှင်သာမဏေမှ ထွက်ခဲ့ရရှာပြီး ဆွေမျိုးများနှင့် နေထိုင်ခဲ့ရ၍ နွားကျောင်းခဲ့ရပါသည်။ နွားကျောင်းခဲ့ရစဉ်က ကျိုက်ထီးဆောင်းကုန်းတော်ကြီးမှာ သစ်ပင်ချုံနွယ်များဖြင့် ဖုံးလွှမ်းနေခဲ့ကြောင်း၊ နွားချေး၊ ခွေးချေးများ ပြည့်နှက်နေခဲ့ကြောင်း၊ ဘုရားကြီးမှာလည်း ရေညှိများဖြင့် မည်းနက်နေခဲ့ပြီး ထီးတော်မှာလည်း စောင်းနေခဲပါသဖြင့် ထီးစောင်းဘုရားကြီးဟုသာ အမည်တွင်ခဲ့ပါကြောင်း။ ဤကုန်းတော်ပေါ်သို့ နွားကျောင်းရောက်ခဲ့လေတိုင်း ကြက်သီးများ ထခဲ့ရကြောင်း။ ဘုရားကြီးကို ရွှေရောင်ဝင်းပနေသည့် ရွှေဘုရားကြီးအဖြစ် ကလေးဘဝကတည်းက စိတ်ကူးယဉ်ခဲ့ပါကြောင်းတို့ကို တရားပွဲများမှာ တစ်ခါတစ်ရံ ဟောကြားတတ်ပါသည်။ သို့သော် ထီးစောင်းနေသည့် ဘုရားမည်းမည်းကြီးမှနေ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ကစားဖော်သူငယ်ချင်းနှင့်အတူ ဖူးမြော်ခဲ့ရကြောင်းကိုလည်း မိန့်ကြားလေ့ရှိပါသည်။

### ရန်ကုန်မြို့ကြီးမှာ

ဆရာတော် လောင်းလျာသည် အသက် ၁၈ နှစ်အရွယ်တွင် ရန်ကုန်မြို့ကြီးသို့ ရောက်ရှိသွားခဲ့ပြီး ဝါရှင်ကုမ္ပဏီတွင် မက္ကင်းနစ်ပညာများ သင်ယူခဲ့ပါသည်။ ဤပညာရပ်များသည် တောတောင်ထဲရှိ ဆံတော်များကို ဖွင့်ဖော်ခဲ့ချိန်မှာ များစွာအသုံးဝင်ခဲ့ပါသည်။ ရန်ကုန်မြို့ကြီးတွင် ၁၈ နှစ်တိတိ နေခဲ့ပြီး ဘဝအစုံစုံ၏ လောကဓံလှိုင်းများ အကြား အလူးအလဲခံခဲ့ရပါသည်။ သို့သော် ကိလေသာနွံတွင်း မနစ်ဆင်းစေရဘဲနှင့်လွတ်အောင် ခုန်ထွက်နိုင်ခဲ့ပါ၏။

### မဟာဂန္ဓာရီလမ်းသို့

ဆရာတော်လောင်းလျာသည် ဆေးဝါး၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ ဗေဒင်လက္ခဏာ မပါဝင်ဘဲ သီလ၊ သမာဓိ၊ ပညာတို့ကို အခြေခံ၍ မဟာဂန္ဓာရီကျင့်စဉ်ကို အားထုတ်ပါတော့သည်။ သဘာဝဓမ္မပညာကိုသာလျှင် မိမိနှင့် တန်ရာတန်ရာ လေ့လာလိုက်စားခဲ့ပါကြောင်း၊ မနောမယပညာ၊ စိန္တာမယပညာ၊ ဘာဝနမယပညာများဖြစ်ကြောင်း သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း နေစက်၊ လစက်၊ နဝင်းစက်၊ လူသူတော်စခန်း၊ မင်းဆရာစခန်းများ။ ၁၉၆၆ ခုနှစ်မှ ၁၉၆၉ ခုနှစ်အတွင်း ဝင်စမ၊ ထွက်စမ၊ ကိုးနဝင်းစမကို ဆောင်သော ဆံရှည်ဘဝဖြင့် ဥမ္မတ္တက အရှူးစခန်း။ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်းမှာ ထိန်းစမ၊ သိမ်းစမ၊ မဟာဒွိစမပိုင်းဆိုင်ရာ ဈာန်နဝင်း တပသီအကျင့်၊ ရသေ့အဝတ်ဖြင့် အထွက်စခန်းအထိ အဆင့်ဆင့်သော ဝိဇ္ဇာပညာရပ်များကို လေ့လာလိုက်စားခဲ့ရာ ရေမြေပေး ဆေးဖြစ်သည်အထိ ဣဒ္ဓိမဟာဒ္ဓိဆိုင်ရာ ပညာများ ပြည့်စုံခဲ့ပါကြောင်းကိုလည်း တရားပွဲများမှာ ကြားနာခဲ့ရပါသည်။ ရသေ့ဘွဲ့မည်မှာ နာဂဝိဇ္ဇာ တိုးသစ္စာဖြစ်၍ မိုးမခကိုယ်တော် အဖြစ် ဂုဏ်သတင်းကြီးခဲ့ကြောင်းများကိုလည်း မှတ်သားခဲ့ရပါသည်။

## ရဟန်းပြုခြင်း

ကောဇာသက္ကရာဇ် ၁၃၃၃ ခုနှစ် နွေဦးတု၊ ကဆုန်လဆန်း ၁ ရက် (၂၅-၄-၁၉၇၁) ကြာသပတေးနေ့ နံနက် (၇ နာရီ ၄၅ မိနစ်) အချိန်တွင် ဇုတ်သုတ်ရွာ နောင်တော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တကုန္တာသဇကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပြီး ဆံတော်ရှင်သာသနာကို ဖွင့်ဖော်ထိန်းသိမ်းစောင့်ရှောက်နေခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

## စာပေသင်ယူခြင်း

သာသနာ့ဝန်ထမ်း မြတ်ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် တောင်စွန်းတိုက်နယ် တောင်ကုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဝဏ္ဏနှင့် ဒီဃဘာဏကာက ဘဒ္ဒန္တသောဘဏအရှင်မြတ်တို့ထံတွင် ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ကြားတော်မူခဲ့ပါသည်။ ပဋိပတ်အကျင့်ဖြင့် အဓိကထား ကျင့်ကြံနေထိုင်နိုင်ရန် ဘုရားရှင်တရားတော်နှင့်အညီ ထုတ်နှုတ်ရေးသားထားသော ကျမ်းဂန်အဆောင်ဆောင်တို့ကို လေ့လာသင်ယူတော်မူခဲ့ပါသည်။

## ဆောင်ရွက်ချက်များ

ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားရေးအတွက် သာသနာ့အကျိုးတို့ကို သယ်ပိုးဆောင်ရွက်ရုံသာမက လောကလူသားအပေါင်းတို့၏ အကျိုးစီးပွားများအတွက် လမ်းဖောက်၊ တံတားဆောက်ပေးခြင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ စာကြည့်တိုက်များ ဆောက်ပေးခြင်း အစရှိသည့် လောကတ္ထစရိယနှင့် ဉာဏတ္ထစရိယတို့ကိုလည်း ဖြည့်ဆည်းပေးတော်မူခဲ့ပါသည်။

လူတိုင်း ရောက်နိုင်ခက်ခဲလှပါသော တောင်ထိပ်တောင်ဖျားများအထိ ကားလမ်းများ ဖောက်ပေးခဲ့ပြီး ဆံတော်ရှင်ဘုရားများကို ဖူးမြော်ကြည်ညိုစေခဲ့ပါ၏။ မြေပြင်တွင် အဆောက်အဦများ ဆောက်လုပ်ထားခြင်းသည် မထူးခြားလှသော်လည်း တောင်ထွတ်များပေါ်တွင် သာသနိကအဆောက်အဦများ တစ်ခုပြီးတစ်ခု တိုးပွားလာရခြင်းနှင့် အမြဲတစေ သန့်ရှင်းသပ်ရပ်နေမှုတို့ကို ရောက်ဖူးကြသူတိုင်း အံ့ဩဘနန်း ခံစား၍ ကြည်ညိုပီတိများ ဖြစ်ပေါ်စေပါသည်။

## ဘွဲ့တံဆိပ်တော်များ

၁၉၉၂ ခုနှစ်၊ မတ်လ ၉ ရက် တနင်္လာနေ့တွင် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူခဲ့ပြန်ပါသည်။ ၂၀၁၄ ခုနှစ်၊ မေ ၁၈ ရက် တနင်္ဂနွေနေ့တွင် သာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့တော် (Honorary Doctorate Degree of Philosophy,Buddhism) ကို ထိုင်းနိုင်ငံ၊ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ဆက်ကပ်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သက်ရှည်ကျန်းမာ၍ သာသနာ့အကျိုး ပိုမိုဆောင်ရွက်နိုင်စေကြောင်း မေတ္တာများပို့သပါသည်။ မေတ္တာများကိုလည်း ခံယူပါသည် ဘုရား။

■ မြစံပယ်


www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လ - တန်ဆောင်မုန်းလ

## 2014 OCTOBER

| | | |
|---|---|---|
| ဗုဒ္ဓဟူး Wednesday | 1 ၈ | |
| ကြာသပတေး Thursday | 2 ၉ ရက်ရာဇာ | |
| သောကြာ Friday | 3 ၁၀ | |
| စနေ Saturday | 4 ၁၁ | 18 ၁၀ |
| တနင်္ဂနွေ Sunday | 5 ၁၂ ရက်ယုတ်မာ | 19 ၁၁ |
| တနင်္လာ Monday | 6 ၁၃ | 20 ၁၂ ရက်ယုတ်မာ |
| အင်္ဂါ Tuesday | 7 ၁၄ ရက်ရာဇာ | 21 ၁၃ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 8 ၁၅ အဘိဓမ္မာနေ့ သီတင်းကျွတ်လပြည့် | 22 ၁၄ သီတင်းကျွတ်လကွယ် |
| ကြာသပတေး Thursday | 9 ၁ ရက်ရာဇာ | 23 ၁ |
| သောကြာ Friday | 10 ၂ မဟာရက်ကြမ်း | 24 ၂ |
| စနေ Saturday | 11 ၃ | 25 ၃ မဟာရက်ကြမ်း |
| တနင်္ဂနွေ Sunday | 12 ၄ | 26 ၄ ရက်ရာဇာ |
| တနင်္လာ Monday | 13 ၅ | 27 ၅ |
| အင်္ဂါ Tuesday | 14 ၆ ရက်ရာဇာ | 28 ၆ |
| ဗုဒ္ဓဟူး Wednesday | 15 ၇ | 29 ၇ ရက်ရာဇာ |
| ကြာသပတေး Thursday | 16 ၈ ရက်ရာဇာ | 30 ၈ |
| သောကြာ Friday | 17 ၉ | 31 ၉ |



၈. ၁၀. ၂၀၁၄ စန်းပြောင်းရက်စွဲ ၂၂. ၁၀. ၂၀၁၄

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ဂြိုဟ်ပြောင်းချိန်**

တနင်္ဂနွေသည် - ၁၇. ၁၀. ၂၀၁၄ သောကြာနေ့ ညနေ ၆ နာရီ ၅၁ မိနစ် ၅၅ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်၊

အင်္ဂါသည် - ၁၈. ၁၀. ၂၀၁၄ စနေနေ့ မွန်းလွဲ ၂ နာရီ ၂၃ မိနစ် ၄၀ စက္ကန့်တွင် မနုရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၄. ၁၀. ၂၀၁၄ စနေနေ့တွင် တူရာသီ၌ စ၍ ဝကြသွားသည်။

ဗုဒ္ဓဟူးသည် - ၁၆. ၁၀. ၂၀၁၄ ကြာသပတေးနေ့တွင် ကန်ရာသီသို့ ပြန်ဝင်သည်၊

ကြာသပတေးသည် - ကြဋ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၉. ၁၀. ၂၀၁၄ တနင်္ဂနွေနေ့ နံနက် ၉ နာရီ ၂၃ မိနစ် ၁၇ စက္ကန့်တွင်တူရာသီသို့ ပြောင်းသည်။

စနေသည် - တူရာသီသို့ ပြောင်းသည်။

ရာဟုသည် - ကန်ရာသီသို့ ပြောင်းသည်၊

**အောက်တိုဘာလ ၄ ရက်နေ့ ၂၀း၃၁ နာရီမှ ၂၁း၂၃ နာရီအတွင်းသည် နေသိဒ္ဓိနက္ခတ် အားအကောင်းဆုံးအချိန်ဖြစ်သည်။**

### အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်ရာ

***တနင်္ဂနွေသားသမီး***သည် အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

***တနင်္လာသားသမီး***သည် အရှေ့အရပ်တွင် ဩဇာပင် စိုက်ပါ။

***အင်္ဂါသားသမီး***သည် အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီး***သည် မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

***ကြာသပတေးသားသမီး***သည် အနောက်အရပ်တွင် လောက်သေပင် စိုက်ပါ။

***သောကြာသားသမီး***သည် တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

***စနေသားသမီး***သည် အရှေ့တောင်အရပ်တွင် သစ်အုံး၊ သစ်အယ်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၄ ခုနှစ် ၊ အောက်တိုဘာလ

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

**ကေတီ-အောင်သိန်း(ရန်ကုန်ဘက္ကသိုလ်)**

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကုသိုလ် နိမ့်ကျနေသဖြင့် စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုသင့်ဘဲ ခဏခေတ္တ ရပ်နားထားပြီး ဘာသာရေးလုပ်ငန်း၊ ကုသိုလ်ကောင်းမှု၊ အလှူအတန်း ဖောက်ချလုပ်ကိုင်ပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ရင်းနှီးမြှုပ်နှံမှု၊ လောင်းကစားမှု လုံးဝရှောင်ကြဉ်ရပါမည်။ မရှောင်ကြဉ်ပါက ဆုံးရှုံးပျက်စီးမည်။ ငွေကြေးအကုန်အကျများမည်။ ငွေကြေးစနစ်တကျ သုံးစွဲပါ။ ကျန်းမာရေးဂရုစိုက်ပါ။ အိမ်ထောင်ရေး အချစ်သစ်ပေါ်တတ်သည်။ အိမ်ထောင်ရှင်အဖို့ သစ္စာတရားရှေ့ထားပါ။ ခေါင်းအေးအေးထားစဉ်းစားပါ။ နားမယောင်ပါနဲ့။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကောင်းနေသဖြင့် လုပ်ငန်းအကြံအစည် ထမြောက်အောင်မြင်မည်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်၏။ ငွေဝင်ကိန်းရှိ၏။ ငွေများလိုမ့်၍ဝင်လာပါလိမ့်မည်။ အခွင့်ကောင်းကို လက်မလွတ်ပါစေနှင့်။ သူတော်ကောင်း မစမည်။ ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေရတုန်း စုထားပါ။ မိုးရွာတုန်း ရေခံထားပါ။ နောင်အခါ ငွေကြေးပြတ်လပ်မှုအား ကြိုတင်ကာကွယ်ထားပါ။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်သင့်သေးပါ။ ခဏစောင့်ပါဦး။ မစောင့်နိုင်လျှင် အကျိုးယုတ်မည်။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ အခြား စက်မှုလုပ်ငန်းများလည်း လုပ်နိုင်၏။ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း အကျိုးရှိ၏။ ခရီးထွက်ပေးပါ၊ ထူးခြားမှုရှိမည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်းရပ်တွင် တွေဝေခြင်းမပြုကြရ။ အခွင့်ကောင်းများ လွတ်သွားပါလိမ့်မည်။ ငွေကြေးအရမ်းထုတ်ချေးခြင်း မပြုပါနှင့်။ အလိမ်ခံရမည်။ ပြန်ရမည်မဟုတ်။ လက်ထပ်ခြင်းမပြုသင့်သေး။ လေကြောင်းခရီးကို ရှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ ပုံမှန်ရှိမည်။ ဖြည်းဖြည်းနှေးနှေးဖြင့် ပန်းတိုင်ရောက်ရှိမည်။ စိတ်ရှည်သည်းခံပါ။ အောင်မြင်ခြင်း တစ်နေ့ နောက်ဆုံးရှိချေမည်။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ပါသည်။ အသင့်အတင့် ရင်းနှီးမြှုပ်နှံမှုပါ။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်းတွင် ပျာလောင်ခြင်းမပြုရ။ သိပ်ပျာ၊ သိပ်လောအားကြီးလျှင် ပျက်စီးဆုံးရှုံးတတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါ။ ရှိသမျှအင်အား၊ ငွေကြေးများဖြင့် စုပုံရင်းနှီးမြှုပ်နှံခြင်း မပြုသင့်ပါ။ ငွေများ အိပ်နေတတ်၏။ အိမ်ထောင်ရှင်အဖို့ အချစ်သစ်ကို ရှောင်ရှားနိုင်ပါစေ။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကုန်သည်များအဖို့ အသင့်အတင့် ကုန်စည်သို လှောင်ထားနိုင်ပါသည်။ လောဘမကြီးရ။ ကုန်ဈေးနှုန်း ကစားမှုအား နေ့စဉ်သတိထား စောင့်ကြည့်လေ့လာပါ။ ကျန်းမာရေး ဂရုစိုက်ပါ။ ခရီးထွက်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

အမျိုးသမီးများ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ အမျိုးသမီးရောဂါ ရတတ်၏။ လောဘတကြီး ကုန်မလှောင်ကြရ။ ဈေးကျတတ်၏။ ပျက်စီးဆုံးရှုံးမှု ကြုံမည်။ ရေကြောင်းခရီးမသွားရ။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ ကုသိုလ်ကံကြမ္မာ စန်းပွင့်နေပေသည်။ ရုံးဝန်ထမ်း၊ ကုမ္ပဏီအလုပ်ကို ကြိုးစားလုပ်ကိုင်ပါ။ ရာထူးတက်ဖွယ်ရှိ၏။ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် အကျိုးထူးမှုရှိမည်။ မိုးရွာတုန်းရေခံပါ။ ငွေရတုန်း စုဆောင်းထားပါ။ ငွေကြေးပြတ်လပ်မှုအား ကြိုတင်ကာကွယ်ထားပါ။

### ရှောင်ကြဉ်ရန်အချက်များ

ငွေအဝင်အထွက်မျှတအောင် သုံးစွဲတတ်ပါစေ။ ငွေကြေးကုန်ကျမှုများမည်။ စေ့စပ်နိုင်၏။ လက်ထပ်ခြင်း မပြုရ။ ခရီးဝေးရှောင်ပါ။ နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်း အကျိုးထူးမှုမရှိပါ။ ပြည်တွင်းကုန်သွယ်မှု မလုပ်ရ။ အရှုံးပေါ်မည်။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးပြိုင်ဘက်နှင့် သင့်တင့်မျှတအောင်နေပါ။ စီးပွားရေးထိုးစစ်မဆင်ပါနှင့်။ မိမိရှိရင်းစွဲလုပ်ငန်း မပျောက်မပျက်ရန် ထိန်းသိမ်းထားပါ။ ရေကြောင်းခရီးကို ရှောင်ရှားရာမလိုပါ။

### ရှောင်ကြဉ်ရန်အချက်များ

ငွေထုတ်ချေးခြင်းမပြုရ အလိမ်ခံရတတ်၏။ ပြန်ရမည်မဟုတ်ပါ။ အိမ်ထောင်ရေးအချင်းများတတ်သဖြင့် လင်မယားပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ အိမ်တွင်းရှိ သက်ကြီးရွယ်အိုတို့၏ ကျန်းမာရေးကို ဂရုစိုက်ပါ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာလန်းလန်းဆန်းဆန်းရှိနေ၏ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ မှန်မှန်လုပ်ကိုင်ပါ။ လောဘမကြီးရ။ မိမိစိတ်ကြိုက် ရင်းနှီးမြှုပ်နှံနိုင်၏။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်ကိန်းရှိ၏။ လုံးဝ လက်မခံသင့်ပေ။ အမှုပြဿနာတက်လိမ့်မည်။ သတိနှင့် ဆင်ခြင်ပါ။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လောသဘောမစီးရ။ ဘေးအန္တရာယ်များလှ၏။ လက်ထပ်ခြင်း မသင့်သေး၊ ခဏစောင့်ဆိုင်းပါဦး။ အကျိုးယုတ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆိတ်ဆိတ်နေခြင်းသည် ဘေးရန်ကင်း၏။ စီးပွားရေးပြိုင်ဘက်အား ရန်မစသင့်ပါ။ စိတ်ရှည်ရှည်ဖြင့် သည်းခံခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်လည်း ၎င်းနည်းအတိုင်းပြုကျင့်ပါ။ အခက်အခဲကို ကျော်လွှားနိုင်ပါလိမ့်မည်။ အောင်မြင်မည်။

### ရှောင်ကြဉ်ရန်အချက်များ

လည်ချောင်းနာရောဂါ ရတတ်သဖြင့် ဆီပူပူဖြင့် ကြော်လှော်ထားသော အစားအစာများကို ရှောင်ပါ။ အပူအစပ်များလည်းရှောင်ပါ။ ခရီးဝေးမသွားရ။ ဘေးအန္တရာယ်များ စောင့်ကြိုနေ၏။ ရေကြောင်းခရီးကို ရှောင်ပါ။ အသစ်စေ့စပ်ခြင်း မပြုသင့်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လလယ်ရက်၊ သို့မဟုတ် လကုန်ရက်များအတွင်း စီးပွားရေးလုပ်ငန်း တည်ထောင်ပါ။ ဈေးဆိုင်သစ်တည်ပါ။ စက်မှုလုပ်ငန်းနှင့် အကျိုးပေးမည်။ ပြည်တွင်းဖောက်ကားရောင်းဝယ်မှု အသင့်အတင့်လုပ်နိုင်၏။ အိမ်ထောင်ရေး၊ လင်မယားပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

လင်မယား စိတ်သဘောထား ကွဲလွဲတတ်သဖြင့် ဆိတ်ဆိတ်နေပါ။ ဆိတ်ဆိတ်နေ ထောင်တန်၏။ ရေကြောင်းနှင့်လေကြောင်းခရီးကို ရှောင်ပါ။ လဆန်းရက်တွင် လုပ်ငန်းသစ် မစရပါ။ ပျက်စီးဆုံးရှုံးတတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါ။ ရေတွင်းရေကန် မတူးဖော်ရ၊ ရေမြောင်းမဖောက်ရ။ ခိုက်တတ်ပါသည်။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သူတော်ကောင်း၊ မိတ်ကောင်းဆွေကောင်းတွေ့မည်။ မစကျူညီမည်။ အခွင့်ထူး၊ အခွင့်ကောင်း လက်မလွှတ်ပါစေနှင့်။ ရင်းနှီးမြှုပ်နှံပါ။ အကျိုးထူးမှုရှိမည်။ လလယ်ရက်တွင် ကံစမ်းနိုင်၏။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။

### ရှောင်ကြဉ်ရန်အချက်များ

အချစ်ရေး၊ အိမ်ထောင်ရေးတွင် တတိယကြားလူ ဝင်မည်။ နားမယောင်ပါနှင့်။ ခေါင်းအေးအေးထားပါ။ တတိယကြားလူကြောင့် အိမ်ထောင်ရေး၊ အချစ်ရေး အပျက်မခံပါနှင့်။ ခရီးဝေးထွက်ခြင်းမှ ရှောင်ကြဉ်ပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏ နေအိမ်ခြံဝင်းတွင် ပန်းနှင့် သစ်ပင်စိုက်ပါ။ ကံကောင်းလာဘ်ရွှင်လာပါလိမ့်မည်။ နေအိမ်ပြုပြင်နိုင်၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ စေ့စပ်နိုင်၏၊ လက်ထပ်နိုင်၏၊ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ


မီးဖိုချောင် မပြင်ရ။ လာဘ်တိတ်၏၊ ခိုက်တတ်လေ၏။ ခဏခဏ စောင့်ဆိုင်းရွှေ့ဆိုင်းထားပါ။ ရေကြောင်းခရီးသွားနိုင်ပါသော်လည်း လေကြောင်းခရီးကို ကျပ်ကျပ်ရှောင်နိုင်ပါစေ။ ငွေထုတ်မချေးရ။ အလိမ်ခံရတတ်သည်။ အချစ်သစ်တွေ့မည်။ လက်မခံရ၊ လက်မခံသင့်၊ ပြဿနာ တက်တတ်သည်။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊
၂၀၁၄ ခုနှစ်၊ စက်ဘုနိုင်ငံ။

www.burmeseclassic.com



# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ ၏

# လအလိုက်အဟော

## စက်တင်ဘာလ

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

■ ဦးတိုး(တက္ကသိုလ)

**မကာရ ရာသီဖွား (ဆိတ်ရုပ်)**
**ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂**

ယခုလတွင် သင်ကံဆိုးနေပါမည်။ အလုပ်အကိုင်နှင့် ပတ်သက်သည့် အရေးအကြီးဆုံးသော ကိစ္စတစ်ရပ်အပေါ် ညှိနှိုင်း၍ သဘောတူညီမှု ရရှိရေး၊ အားကစားယှဉ်ပြိုင်မှု တစ်ခု၊ အပြိုင်လေလံဆွဲမှုတစ်ရပ်၊ ဝယ်ယူရေးကိစ္စ ဆောင်ရွက်မှုတစ်ခုတို့တွင် အောင်မြင်မည်မဟုတ်ဘဲ အရောင်းဦးတည်ချက်များမှာလည်း ပြည့်မီနိုင်မည်မဟုတ်ချေ။ တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရတတ်သည်။ သို့သော်ငြားလည်း စက်တင်ဘာလကုန်ဆုံးချိန်မှ အောက်တိုဘာလအတိုင်း တဖြည်းဖြည်းချင်း အခြေအနေတိုးတက်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
### ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄

သင်၏အလုပ်အကိုင် ဖိအားပေးခြင်း ခံနေရမည်၊ သို့မဟုတ် အလုပ်ပြောင်းရွှေ့ခြင်း ခံရမည်။ အကြွေးများ ပတ်လည်ဝိုင်းနေမည်၊ သို့မဟုတ် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရတတ်သည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
### မတ်လ ၁၅ မှ မတ်လ ၁၂

ယခုလတွင် အမှားလုပ်မိခြင်းများနှင့် စိတ်အနှောင့်အယှက်ဖြစ်စရာတို့ကို ရှောင်လွှဲရန် ဆက်ဆံရေးကို အထူးသတိထားပြီး ဆောင်ရွက်ပါ။ သင်သည် လိမ်လည်လှည့်စားခြင်း ခံရတတ်သည်၊ သို့မဟုတ် စက်တင်ဘာလ ၁၁ ရက်နှင့် ၂၁ ရက်အကြား ကန်ထရိုက်စာချုပ်တစ်ခု မချုပ်ဆိုဖြစ်ဘဲ ပျက်ယွင်းသွားတတ်သည်။

### မိဿရာသီဖွား (သိုးထီးရုပ်)
### ဧပြီလ ၁၃ မှ မေလ ၁၃

ရှောင်ကွင်းမရနိုင်သည့် မျှော်လင့်မထားသော ကုန်ကျစရိတ်များပြားနေမှုနှင့် ရင်ဆိုင်ရမည်။ သင်၏အလုပ်အကိုင်နှင့်ပတ်သက်၍သော်လည်းကောင်း၊ အမြတ်ခွန်ကိစ္စရပ်များဖြင့်သော်လည်းကောင်း ဒဏ်ရိုက်ခြင်းခံရမည်။

### ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
### မေလ ၁၄ မှ ဇွန်လ ၁၄

စက်တင်ဘာလ ၁ ရက်နေ့မှ ၁၁ ရက်အကြားတွင် သင်၏လုပ်ငန်းခွင်တွင် အခက်အခဲ၊ အကျပ်အတည်းများ၊ ဖိအားပေးမှုများနှင့် ရင်ဆိုင်ရသောအခါ စိတ်ရှည်သည်းခံနေလျှင် သင်၏လုပ်ငန်းကိစ္စရပ်များ အောင်မြင်သွားပါလိမ့်မည်။ စက်တင်ဘာလ ၁၂ မှ ၃၀ ရက်အတွင်းတွင် ပြဿနာဖြစ်နေမှုအားလုံးကို မိတ်ဆွေဟောင်းတစ်ဦးမှ လာရောက်ကူညီဖြေရှင်းပေးပါလိမ့်မည်။ ယခုကာလအတောအတွင်း၌ သင်၏ စီးပွားရေးလုပ်ငန်းနှင့် မိသားစုအတွက် ပျော်ရွှင်စရာများ ခံစားရပါမည်။

### မေထုန်ရာသီဖွား (အမြွှာရုပ်)
### ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

သင်ကိုယ်တွယ်ထားရသည့် အလုပ်မှာ ခက်ခဲကြမ်းတမ်းမည်ဖြစ်သော်လည်း အကျိုးအမြတ်ရရှိပါလိမ့်မည်။ သင်ရာထူးတိုးပြီး ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုရပါလိမ့်မည်။ အမြတ်အစွန်းများရရှိရန် မျှော်လင့်နိုင်သည်။ စတော့ရှယ်ယာများနှင့် မြေကွက်တစ်ကွက် ရောင်းချ၍ မြတ်စွန်းခြင်း ဖြစ်သည်။

### ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
### ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

ယခုလတွင် သင်ငွေတစ်ပုံတစ်ခေါင်းကြီး သုံးလိုက်ရမည်။ တစ်စုံတစ်ရာကြောင့် သင်၏အမည်ပျက်ကိန်းကြုံမည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လိုက်ရ၍ သင်၏ စီးပွားရေးမှာ ဆိုးရွားစွာ ထိခိုက်သွားမည်၊ သို့မဟုတ် ကန်ထရိုက်စာချုပ် ချုပ်ဆိုရန်ရှိနေသော်လည်း ပျက်သွားပါလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com



**သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)**
**ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆**

ယခုလတွင် သင်၏သက်မွေးမှုလုပ်ငန်းသည် အလားအလာကောင်းနေမည်။ သို့သော်လည်း အတားအဆီး အခက်အခဲများ စသည် မမျှော်လင့်ထားသော ပြဿနာများကို ဖြေရှင်းရန် အသင့်ဖြစ်နေပါစေ။

**ကန်ရာသီဖွား (အပျိုစင်ရုပ်)**
**စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆**

ကံဆိုးမှု ကျရောက်လာ၍ စိတ်ပျက်အားငယ်နေရပေလိမ့်မည်။ သင့်အား လိမ်လည်လှည့်ဖြားခြင်းခံရပြီး အဖိုးတန်ပစ္စည်းတစ်ခု ဆုံးရှုံးသွားမည်။ ကျန်းမာရေးမကောင်းသဖြင့် ခွဲစိတ်ကုသမှု ခံယူရတတ်သည်။

**တူရာသီဖွား (ချိန်ခွင်ရုပ်)**
**အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆**

စက်တင်ဘာလ ၁ ရက်နေ့မှ ၁၂ ရက်နေ့ကြား သင်ဘာပဲလုပ်လုပ် အရာရာအားလုံး အောင်မြင်မှုကို ရရှိမည်။ တရားရုံးယှဉ်ရမှုတွင် သင်အနိုင်ရရှိမည်။ စတော့ဈေးကွက်တွင် သင်၏လုပ်ငန်း စာရင်းဝင်သွားမည်။ အမွေရရှိ၍သော်လည်းကောင်း၊ မြေကွက်တစ်ခုရောင်းချ၍သော်လည်းကောင်း ငွေဒလဟောဝင်လာလိမ့်မည်။ သို့သော်လည်း လောင်းကစားလုပ်လျှင် ကံဆိုးမည်။ ကိုယ်ချစ်ရသူနှင့် မယ်တစ်ရွာ မောင်တစ်မြို့ ဖြစ်နေမည်။ စက်တင်ဘာလ ၁၃ ရက်နေ့နောက်ပိုင်း ခရီးရှည်တစ်ခုထွက်၍ ရလဒ်ကောင်းမည် မဟုတ်ပါ။ ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုနိုင်ရန် ယခင်သဘောတူထားမှုကို ရရှိခဲ့သော်လည်း ပြောင်းလဲသွားပါလိမ့်မည်။ ထိတ်လန့်မသွားပါလေနှင့်။

**ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)**
**နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅**

သင်၏ဘဝလမ်းခရီးတွင် ပြောင်းလဲမှုကြီးရှိနေသည်။ ရုံးထိုင်ရသည့်သက်တမ်းနှင့် တာဝန်ခံကိုင်တွယ်ထားရမှုများ အဆုံးသတ်သွားမည်။ သင်စိတ်ညစ်နေပေမည်။ ခွဲစိတ်ကုသမှု ခံယူပြီးနောက် နာကျင်မှုဝေဒနာကို ခံစားနေရပါမည်။

**ဓနုရာသီဖွား (လေးစွဲယောကျ်ားရုပ်)**
**ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃**

ယခုလတွင် အရာရာကို တက်သုတ်နှင့်၍ ဆောင်ရွက်လိုက်ရမည်။ ချိန်းဆိုမှုများနှင့် ဈေးနှုန်းညှိနှိုင်းဆို ကန့်သတ်မှုများ အလျင်စလို ပြင်ဆင်လိုက်ရမည်။ ဤသည်တို့ကြောင့် သင်မောဟိုက်နေပါလိမ့်မည်။ ဝင်လာသောငွေများသည် သင့်လက်ချောင်းများ၏ အကြားမှ လျှောထွက်သွားကြပေလိမ့်မည်။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုများမှ ငွေအမြောက်အမြားရကိန်း မရှိပေ။

**ဦးတိုး(တက္ကသိုလ)**

***Reference:***
The Bangkok Post's LIFE
Year of the HORSE
Your month-by-month
horoscope for 2014
By MOHDU PAISARN



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်

**မဟိဒ္ဓိကျော်ခေါင်**

**၁။ တနင်္ဂနွေနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၃)၊ (၄)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၃၀) စသောရက်များသည် တနင်္ဂနွေသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၂။ တနင်္လာနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၆)၊ (၂၇)၊ (၂၉)၊ (၃၀) စသောရက်များသည် တနင်္လာသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၃။ အင်္ဂါနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၁)၊ (၂)၊ (၅)၊ (၈)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၅)၊ (၂၈) စသောရက်များသည် အင်္ဂါသားသမီးတို့အတွက် အလုပ်အကိုင် အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၄။ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၁)၊ (၄)၊ (၇)၊ (၈)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၇)၊ (၂၈)၊ (၂၉) စသောရက်များသည် ဗုဒ္ဓဟူးသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၅။ ကြာသပတေးနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၁)၊ (၄)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် ကြာသပတေးသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၆။ သောကြာနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၁)၊ (၅)၊ (၆)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၉) စသောရက်များသည် သောကြာသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၇။ စနေနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၄)၊ (၅)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၅) စသောရက်များသည် စနေသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၈။ ရာဟုနေ့တွင် မွေးဖွားသူများ**

အောက်တိုဘာလ (၁)၊ (၄)၊ (၇)၊ (၈)၊ (၁၆)၊ (၂၁)၊ (၂၈) စသောရက်များသည် ရာဟုသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်

နွယ်သာကီအောင်

မိုးလက်ကျန်များက တဖြည်းဖြည်း ပါးလျသွားပေပြီ။ မကြာခင် ဝသန္တ၏ တေးသွားလည်း တိုးလျကာ တိတ်ဆိတ်သွားပေရော့မည်။

ထိုအခါဝယ် သံဝါဖြောက်ဖြောက် ဆီးနှင်းပေါက်တို့မှာလည်း မိုးလောက်ပြင်းထန်ထက်ယုဂန်မှ သွန်းချပြန်ပေဦးရော့မည်။ ထိုသို့သော ဆောင်းဦးနိဒါန်းအစဌ် မြကန်သာ ရေပြင်ဝယ် ကြာမျိုးငါးမည်တို့ စည်းနရီညီလျက် ပေမာန်၏သင်္ကေတကို လှပစွာ ဖော်ကျူးပေရော့မည်။ မကြာခင်မှာပင် ဝါတွင်းကာလ သုံးလစလုံး မိမိတို့ကျောင်းဝိဟာရတွင် ဝါဆိုလျက် တရားကမ္မဋ္ဌာန်းတို့ ရှုပွားကြကုန်သော၊ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒ အဖြာဖြာတို့ကို ကျင့်သုံးဆောက်တည်ကုန်သော ရဟန်းသံဃာတော်တို့မှာလည်း ဝါကျွတ်နှင့် ကြုံရပေရော့မည်။ ထိုအခါဝယ် အလှူရေစက်လက်နှင့်မကွာလိုကြသူများအဖို့ ကြည်နူးဖွယ် ကုသိုလ်ကောင်းမှုနွယ်သော လကလေးတစ်လ ဖြစ်လာပေဦးတော့မည်တကား။ ထိုအခါဝယ်...

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

အောက်တိုဘာလ (၈)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၉) စသော ရက်များသည် နေအိမ်တိုက်တာများဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

အောက်တိုဘာလ (၃)၊ (၄)၊ (၂၄) စသော ရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုး ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

အောက်တိုဘာလ (၃)၊ (၄)၊ (၉)၊ (၁၄)၊ (၁၇)၊ (၂၆)၊ (၂၉) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ လက်ထပ်မင်္ဂလာ ကျင်းပရာ

အောက်တိုဘာလ (၃)၊ (၄)၊ (၉)၊ (၁၄) စသော ရက်များသည် လောကီမင်္ဂလာဖြစ်သည့် လက်ထပ်မင်္ဂလာပွဲကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ ခရီးဝေးနီး ထွက်ဖို့ရာ

အောက်တိုဘာလ (၃) (၄)၊ (၁၄)၊ (၁၇)၊ (၂၁)၊



www.burmeseclassic.com

www.burmeseclassic.com

(၂၆) စသောရက်များသည် ရုပ်ဝေးရပ်နီးခရီးများ ထွက်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ <u>လယ်ထွန်မင်္ဂလာပြုဖို့ရာ</u>

အောက်တိုဘာလ (၃) (၄)၊ (၉)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ <u>ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ</u>

အောက်တိုဘာလ (၈)၊ (၉)၊ (၁၆)၊ (၂၂)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ <u>ကျောင်း/အိမ်ဆောက်ဖို့ရာ</u>

အောက်တိုဘာလ (၂)၊ (၃)၊ (၄)၊ (၇)၊ (၈)၊ (၉)၊ (၁၆)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၆) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ <u>ရှင်ပြုနားသ ကျင်းပဖို့ရာ</u>

အောက်တိုဘာလ (၄)၊ (၇)၊ (၈)၊ (၂၄) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ <u>အိမ်ပြောင်းရွှေ့ရာ အိမ်သစ်တက်ရာ</u>

အောက်တိုဘာလ (၂)၊ (၇)၊ (၈)၊ (၂၁)၊ (၂၆) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်း စသော ကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ <u>အရောင်းအဝယ်ပြုဖို့ရာ</u>

အောက်တိုဘာလ (၃)၊ (၄)၊ (၉)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၂၉) စသောရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ <u>သီးနှံမျိုးစေ့ကြဲဖို့ရာ</u>

အောက်တိုဘာလ (၃)၊ (၄) (၉)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၂၉) စသောရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ <u>ရေတွင်းရေကန် တူးဖို့ရာ</u>

အောက်တိုဘာလ (၃)၊ (၄)၊ (၇)၊ (၉)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၂၉) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ <u>အတတ်ပညာ သင်ဖို့ရာ</u>

အောက်တိုဘာလ (၃)၊ (၄)၊ (၉)၊ (၁၇)၊ (၂၆) စသောရက်များသည် အတတ်ပညာများ သင်ယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ <u>အောင်ဘာလေထီ ထိုးဖို့ရာ</u>

အောက်တိုဘာလ (၃)၊ (၇) (၂၄)၊ (၂၇) စသောရက်များသည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ <u>ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ</u>

အောက်တိုဘာလ (၃)၊ (၇)၊ (၈)၊ (၁၆)၊ (၂၂)၊ (၂၆) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ <u>အခါပေးသင့်သည့်ရက်များ</u>

အောက်တိုဘာလ (၁)၊ (၂)၊ (၃)၊ (၄)၊ (၆)၊ (၇)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၉)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်များ ဖြစ်ကြပါသည်။

။ နွယ်သာကီအောင်

www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လတာ ကံကြမ္မာ

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

မိမိ၏တန်ခိုးအရှိန်အဝါကြီးထွားလာမည်။ ဦးနှောက်များများသုံးရသော အလုပ်များကို လုပ်ရမည်။ အလုပ်ကိစ္စအတွက် ရပ်ဝေးဒေသသို့ ခရီးသွားရလိမ့်မည်။ တောင်ပေါ်တိုင်းရင်းသားတို့၏ အကျိုးပြုခြင်းကို ခံရမည်။ မထင်မှတ်သော ငွေကြေးပစ္စည်းများရမည်။ အလုပ်ရာထူး တိုးတက်မှုရှိမည်။ မိမိ၏ တန်ခိုးအရှိန်အဝါ ကြီးမားလာမည်။ မိမိ၏ဂုဏ်သတင်းကိုထိန်းသိမ်းပါက စီးပွားရေးတိုးတက်လာမည်။

အိမ်ထောင်ဘက်၏ ကျန်းမာရေး ညံ့တတ်သည်။ အိမ်တွင်းရေးကိစ္စများတွင် သားချင်းများ ဝင်ရောက်စွက်ဖက်မှု ရှိလိမ့်မည်။ ကလေးငယ်ရှိပါက အမြင့်တစ်နေရာမှ လိမ့်ကျတတ်သည်။ လုပ်ငန်းခွင်၌ စီးပွားရေးပြိုင်ဘက်များပေါ်လာတတ်သည်။ သားသမီးနှင့် ပတ်သက်၍ စကားများရန်ဖြစ်တတ်သည်။ ဝမ်းဗိုက်ပိုင်းတွင် အဆိပ်သင့်သောဝေဒနာများ ခံစားရတတ်၏။ ငွေကြေးကိစ္စများအတွက် လူကြီးများနှင့် စကားပြောရတတ်သည်။

သားသမီးများ၏ ကျန်းမာရေး၊ အချစ်ရေးများတွင် စိတ်ဆင်းရဲနေတတ်သည်။ မိမိကိုယ်တိုင်လည်း ကျန်းမာရေး ညံ့နေတတ်သည်။ သွေးတိုး၊ နှလုံးရောဂါများ ခံစားနေရတတ်သည်။ သားချင်းများထံမှ အကူအညီပစ္စည်းများရရှိမည်။ အိမ်ထောင်ဖက်နှင့် စိတ်သဘောထား ကွဲလွဲတတ်သည်။ ရတနာဥစ္စာ ထွက်ကိန်းရှိသည်။ အလုပ်နေရာဌာနအပြောင်းအလဲရှိမည်။ ငွေကြေးကိစ္စများအတွက် အကူအညီပေးမည့်သူများ ပေါ်မည်။

သွေးနှင့်ပတ်သက်သော ရောဂါများ ဖြစ်နေတတ်သည်။ အိမ်,ကားအတွက် ငွေကုန်ကြေးကျများမည်။ ခရီးသွားရန် အစီအစဉ်များ ပျက်တတ်သည်။ မိသားစုအတွင်းပြဿနာပေါ်တတ်သည်။ မိမိနာမည်ဂုဏ်သတင်း ထိပါးမှုဖြစ်တတ်သည်။ အလုပ်ပြောင်းရတတ်သည်။ မင်္ဂလာကိစ္စပြုလုပ်ရန် မသင့်သေးပါ။ ရေအောက်၊ မြေအောက်ပစ္စည်းများ အကျိုးပေးမည်။ ရပ်ဝေးမှ သူငယ်ချင်းများ ရောက်လာမည်။ အကူအညီပေးလိမ့်မည်။ သားချင်းများရှိရာအရပ်သို့ သွားရတတ်သည်။ စီးပွားရေးကိစ္စ အဆင်ပြေမည်။ မွေးစားသားသမီး ရတတ်သည်။ အလုပ်ကိစ္စများတွင် အောင်မြင်မှုရှိမည်။ မိသားစုအတွင်း အမြင်သဘောထားလွဲနေတတ်သည်။ သတ္တု၊ စက်ပစ္စည်းများမှ အကျိုးခံစားရမည်။ ကမ်းရိုးတန်းဒေသများသို့ ခရီးသွားရတတ်သည်။ ငွေကြေး၊ ပစ္စည်းများ ဝင်အားကောင်းမည်။ မိန်းမများကိုသတိထားပါ။ အလိမ်ခံရတတ်သည်။ အများနှင့်လုပ်ရသောအလုပ်များမှ အကျိုးခံစားရလိမ့်မည်။

အခက်အခဲများကြားမှ စီးပွားရေးတိုးတက်မည်။ အရိုးအကြောနှင့် ပတ်သက်သော ဝေဒနာခံစားရမည်။ အထက်လူကြီးများအတွက် အကျိုးဆောင်ပေးရတတ်သည်။ အဝတ်အထည်ဝင်မည်။ ကံကောင်းသော သတင်းစကား ကြားရတတ်သည်။ အလုပ်နှင့်ပတ်သက်၍ အဆက်အသွယ်များ ရောက်လာမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ မိဘများ၏ ကျန်းမာရေးညံ့တတ်သည်။

အိမ်ကိစ္စ၊ မြေကိစ္စများအတွက် အမှုပြဿနာများနှင့် ရင်ဆိုင်ရတတ်သည်။ မိမိက အနိုင်ရမည်။ မိမိ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်သူ ပေါ်မည်။ ဝန်ထမ်းဖြစ်ပါက ရာထူးလစာ တိုးတက်မည်။ အများ၏ လေးစားမှု၊ နေရာပေးမှုကို ရရှိခံစားရမည်။ နေအိမ်ပြောင်းရွှေ့ရတတ်သည်။ ဘုရားဖူးသွားရတတ်သည်။

*ယတြာပြုလုပ်လိုပါက* - မိမိ၏မွေးနံကျသည့်ရက်၌ သံဃာတော်တစ်ပါးအား ဆေးလှူပါ။ ●



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်

နေမျိုးထွဋ်ခေါင်

၁။ အောက်တိုဘာလ (၉)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၉) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ဂူ၊ကျောင်း၊ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ အောက်တိုဘာလ (၁)၊ (၅)၊ (၁၀)၊ (၁၅)၊ (၂၁)၊ (၂၆)၊ (၃၀) စသောရက်များသည် "**ဘဒ္ဒြာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ အောက်တိုဘာလ (၂)၊ (၆)၊ (၁၆)၊ (၂၂)၊ (၂၇)၊ (၃၁) စသောရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ အောက်တိုဘာလ (၃)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၃)၊ (၂၈) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ အောက်တိုဘာလ (၈)၊ (၁၃)၊ (၂၄) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဌင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ အောက်တိုဘာလ (၂)၊ (၇)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၂)၊ (၂၆)၊ (၂၉) စသောရက်များသည် "**ရက်ရာဇာ**"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးထွဋ်ခေါင်

www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်**

■ တောကကိုရင်

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်ရွယ်ကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ အောက်တိုဘာလ (၃)၊ (၈)၊ (၁၃)၊ (၁၄)၊ (၂၄)၊ (၃၀)၊ (၃၁) စသော ရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ အောက်တိုဘာလ (၃)၊ (၄)၊ (၉)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၂၉) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ အောက်တိုဘာလ (၄)၊ (၇)၊ (၁၅)၊ (၁၇)၊ (၂၃)၊ (၃၀)၊ (၃၁) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ အောက်တိုဘာလ (၅)၊ (၆)၊ (၁၆)၊ (၂၃)၊ (၂၅)၊ (၃၀)၊ (၃၁) စသော ရက်များသည် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ချုံနွယ်၊အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ၊အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

■ အောင်ဘုန်းမြင့်(ကချင်မြေ)

# စီးပွားဓန ရေနှင့်ကြာပမာ တက်စေမည့် ခရုသင်းယတြာ

**ခရုသင်း**

မဟာဗုဒ္ဓဘာသာဝင်များနှင့် ပြဟ္မဏဂိုဏ်းဝင် ဟိန္ဒူဘာသာတို့၏ ယဉ်ကျေးမှုအလိုအရ ခရုသင်းမည်သည်မှာ လောကီ၊ လောကုတ္တရာ ရတနာတစ်ပါးဖြစ်သည် ဟူ၏။ ဝိနည်းတော်များအရ ရဟန်းတော်မြတ်တို့၏ သိက္ခာပစ္စည်း ကိုးပါးတွင် ပတ္တမြား၊ မြ၊ ပုလဲ၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ နီလာ၊ ငွေသားဟူ၍ ခရုသင်းသည်လည်း တစ်ပါးအဖြစ်ပါဝင်သကဲ့သို့ လောကီရတနာ ၁၀ ပါး၌လည်း တစ်ပါးအပါအဝင် ဖြစ်လေ၏။ ခရုသင်းကို ပင်လယ်နက် ရေသတ္တဝါတို့မှ ရှားရှားပါးပါး ရရှိနိုင်သော ရတနာမျိုးဖြစ်သည်။

ခရုသင်းသည် မြတ်စွာဘုရားရှင်၏ ခြေတော်ရာ အကန့်အကွက် ၁၀၈ ပါးထဲတွင် မင်္ဂလာအထိမ်းအမှတ် တစ်ပါးအဖြစ်ပါဝင်လေသည်။ ဘုရားလောင်းတော် သိဒ္ဓတ္ထ မင်းသား ရဟန်းပြု၍ သဗ္ဗညုတဉာဏ်တော်ရရှိသည်ထိ ကျင့်ကြံအားထုတ်ခဲ့ရာ၌လည်း သိကြားမင်းက မင်္ဂလာခရု သင်းတော်ကိုမှုတ်၍ နတ်ကောင်းဒေဝါတို့နှင့်အတူ ကောင်း ချီးပေးခဲ့သည်။ မင်္ဂလာခရုသင်းများသည် လူပြည်၌သာ မက သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့၏ ရတနာပစ္စည်းလည်း ဖြစ်ဟန်တူ၏။

ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်သော စကြဝဠာ လောကကြီးတစ်ခုလုံးကို စောင့်ရှောက်ပေးတော်မူသော ဗစ္စနိုး(ဝိသနိုး)နတ်ဘုရားသည် လက်တော်လေးဖက်ရှိပြီး လက်တစ်ဖက်တွင် မြင့်မြတ်သောမဟာခရုသင်းကို မင်္ဂလာ ပြရုပ်အဖြစ်နှင့် ကိုင်ဆောင်ထားလေ၏။ ထို့ပြင် ဘုရင်မင်း ကေရာဇ်တို့နှင့် သက်ဆိုင်သော မင်းခမ်းမင်းနားဝင် ပစ္စည်း တစ်ပါးလည်း ဖြစ်သည်။

မင်္ဂလာခရုသင်းသည် မြင့်မြတ်သော မင်္ဂလာအခမ်း အနားများ၌ ကောင်းမြတ်သော အောင်အတိတ် အောင် နိမိတ် ဆောင်စေနိုင်ရန် အခါအားလျော်စွာ မင်္ဂလာအခမ်း အနားကို ဦးဆောင်ရသည့် ပုဏ္ဏားပဏ္ဍိတ် ဆရာအကြီး အမှူးများကသာ မှုတ်ပေးရ၊ ရေစင်သွန်းလောင်းပေးရ သော အမြတ်ပစ္စည်းဖြစ်သည်။ သက်ဆိုင်ရာ အကြီးအကဲ များက ရိုးရာစဉ်လာအရ ကိုင်တွယ်ကြရသည်။

ရှေးအခါက သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)၌ မင်းချင်း များ မသင့်မတင့်ဖြစ်၍ အချင်းချင်းစစ်ထိုးကြရာတွင် ခရု သင်းကိုမှုတ်၍ စစ်ကစားသည့်ဘက်က စစ်အောင်နိုင်ပြီး အခြားဘက်၌ စစ်ဦးပြိုကာ အရှုံးကြီးရှုံးနိမ့်၍ ဖရိုဖရဲ ဆုတ် ခွါပြေးကြရသည်ဟူ၏။ ထူးခြားသည်မှာ အိန္ဒိယနိုင်ငံ မြောက်ပိုင်း တိုင်းဒေသများတွင် နေထိုင်ကြသူများသည် လက်ဝဲရစ် ခရုသင်းကို အရေးပါသော မင်္ဂလာအဆောင် အယောင်ပစ္စည်းအဖြစ် အသုံးပြုကြသော်လည်း တောင် ပိုင်းဒေသများကမူ လက်ယာရစ် ခရုသင်းများကိုသာ အသုံး ပြုကြသည်ဟု ဆိုသည်။ လက်ဝဲ၊ လက်ယာ ခရုသင်း များသည် တစ်ဘာသာစီ အစွမ်းထက်တတ်ပါသည်။

ရှေးမြန်မာမင်းများ လက်ထက်တော်၌လည်း ဘေး ကင်းရန်ကွာ ကောင်းခြင်းမင်္ဂလာအပေါင်းတို့နှင့် ခညောင်း ပြည့်စုံနိုင်စေရန် ခရုသင်းများကို အုတ်နှင့်ထုပ်၍ မနုဆောင် အတွင်း၌ လက်ယာဘက်မှ အစီအမံပြုကာ သိဒ္ဓိတင် အဆောင် ပြုထားတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

**လက်ယာရစ်ခရုသင်း**

ဝိဇယုတ္တမည်သော ခရုသင်းသည် လက်ယာရစ်ခရုသင်းဖြစ်သည်။ ငွေရောင်အဆင်းရှိပြီး လက်ယာဘက်မှ ရေစင်ထွက်သည်။ ဝိဇယုတ္တခရုသင်းကို အလွန်မြင့်မြတ်သော မင်္ဂလာကိစ္စများ၌သာ အသုံးပြုရပြီး အလွန်ရှားပါး၍ အဖိုးဘာဂ လွန်စွာထိုက်တန်သည်ဟူ၏။ ဘုရားထီးတော်တင်၊ ရေစက်ချ၊ ဘိသိက်မင်္ဂလာစေတီတော်တည်၊ ရေစက်ချ ဘိသိက်မင်္ဂလာ၊ ဗုဒ္ဓဘိသေက ဘိသိက်မင်္ဂလာ၊ အထူးသဖြင့် ရတနာသုံးပါးနှင့်သာသက်ဆိုင်သော ဘိသိက်မင်္ဂလာ အခမ်းအနားကြီးများ၊ နိမ့်ရာမှမြင့်ရာသို့ တင်မြှောက်ပေးရသော မင်္ဂလာအခမ်းအနားများနှင့် စစ်ရေးစစ်ရာ စစ်ထိုး၊ စစ်တိုက်၊ စစ်အောင်နိုင်ရေးများတွင် လက်ယာရစ်ခရုသင်းကို အသုံးပြုကြရသည်။

အချို့ကျမ်းများ၌ ဝိဇယုတ္တခရုသင်းကို နတ်ပြည်ခြောက်ထပ် အစိုးရသော သိကြားမင်းက ပိုင်ဆိုင်သည့် မင်္ဂလာပစ္စည်းဖြစ်ပြီး သိကြားမင်းအလိုအရ သက်ဆိုင်သူများကသာ မှုတ်ရသည်ဟု ဆိုသည်။ သိကြားမင်းအလိုဆန္ဒနှင့်အညီမှုတ်ရလျှင် ခပ်သိမ်းသော ကပ်ဒုက္ခ၊ ဝဋ်ဒုက္ခနှင့် စစ်ပွဲ၊ ရန်ပွဲ၊ ဆူပူသောင်းကျန်းမှု အနိဋ္ဌာရုံ အမျိုးမျိုး အဖုံဖုံတို့မှ ကင်းငြိမ်းလွတ်မြောက်စေပြီး လိုရာဆန္ဒ ချမ်းသာသုခအဖြာဖြာတို့နှင့် ခညောင်းပြည့်စုံစေနိုင်သည်ဟုဆိုသည်။

လက်ဝဲရစ်ခရုသင်း–အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများ၌ အသုံးများသော လက်ဝဲရစ်ခရုသင်းများတွင် အမည်နာမအမျိုးမျိုးနှင့် မျိုးကွဲများ ရှိလေ၏။ ထင်ရှားကျော်ကြားလူသိများသော အမည်လေးမျိုးကို အကျဉ်းချုံး၍ တင်ပြရလျှင်

**၁။ သခ်ခရုသင်း–** အများနှင့်သက်ဆိုင်၍ လူမျိုးနွယ် အဆင့်အတန်းမရွေး အသုံးပြုနိုင်သော လက်ဝဲရစ်ခရုသင်းဖြစ်သည်။ သင်္ဘောဆောင်မင်္ဂလာ၊ မွေးနေ့မင်္ဂလာ၊ ဆံထုံးဆံရိတ်မင်္ဂလာ၊ ပုခက်တင်မင်္ဂလာ၊ တမျှုလပတ္တာ ဆွမ်းထမင်းခွန့်မင်္ဂလာ၊ အမွေပေးမင်္ဂလာ၊ အိမ်တက်မင်္ဂလာ အစရှိသော မင်္ဂလာ ၁၂ ပါး အခမ်းအနားများ၌ မင်္ဂလာရေစင်သွန်းလောင်း၍ သိဒ္ဓိတင်ပေးခြင်း၊ မင်္ဂလာအစီအမံပြုပေးခြင်း စသည်ဖြင့် ရှေးထုံးနှင့်အညီ အသုံးပြု ဆောင်ရွက်ပေးရပါသည်။

**၂။ သကျခရုသင်း–** ရှေးက သကျသာကီနွယ်ဝင်မင်းမျိုးတို့က အသုံးပြုခဲ့သော လက်ဝဲရစ်ခရုသင်း ဖြစ်သည်ဟူ၏။ နှောင်းခေတ်ကာလပိုင်း၌လည်း ရွှေနန်းတော်တွင်းရှိ မင်းမိဖုရား၊ မင်းညီမင်းသား၊ မင်းမြေးများနှင့် ရွှေနန်းတော်သူ၊ ရွှေနန်းတော်သားတို့နှင့်သာ သက်ဆိုင်အသုံးပြုရသော ခရုသင်းမျိုး ဖြစ်သည်။ မြင့်မြတ်ခြင်းနှင့်သာ သက်ဆိုင်ပါသည်။

ခရုသင်း ယဉ်ကျေးမှုသည် အိန္ဒိယနိုင်ငံမှ ဆင်းသက်လာခဲ့ခြင်းဖြစ်ပြီး သကျခရုသင်းကို ခတ္တိယရာဇာ ဘိသိက် မင်းအဖြစ်ခံယူသော ဘိသိက်မင်္ဂလာ၊ ရွှေနန်းဦးကင်းဖွင့်ရသော မုဒ္ဒါဘိသိက်မင်္ဂလာ၊ ဥပရာဇာဘိသိက် အိမ်ရှေ့မင်း တင်မြှောက်ရသော ဘိသိက်မင်္ဂလာ၊ ဆင်ဖြူတော် သိမ်းပိုက်ရသော ဘိသိက်မင်္ဂလာ၊ မဟေသီမိဖုရား တင်မြှောက်ရသော ဘိသိက်မင်္ဂလာ၊ သီရိယာဘိသေက ဘိသိက်မင်္ဂလာ အစရှိသော မင်းမှုဆိုင်ရာ မင်္ဂလာဘိသေက အခမ်းအနားများ၌ အသုံးပြုကြရလေသည်။

**၃။ ပြဒုမခရုသင်း–** အများနှင့်ဆိုင်သော မင်္ဂလာအခမ်းအနားများတွင် အသုံးပြုရသော လက်ဝဲရစ်ခရုသင်းဖြစ်သည်။ အလှူမင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ လူမှုအခမ်းအနားများနှင့် အများနှင့်သက်ဆိုင်သော ကြိုပွဲ၊ ပို့ဆောင်ပွဲ အခမ်းအနားများ၊ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများ၌ အသုံးပြုကြသည်။ ပြဒုမခရုသင်းကို အလှူမင်္ဂလာ အခမ်းအနားကို ဦးဆောင်ရသော ဘိသိက်ဆရာများ (၁၃) အခမ်းအနားမှူးများက ဦးဆောင်ကိုင်တွယ်အသုံးပြု မှုတ်ပေးရသော ခရုသင်း ဖြစ်ပါသည်။

**၄။ ဂန္ဓခရုသင်း–** သိပ္ပံအသိပညာ၊ ဝိဇ္ဇာအတတ်ပညာ၊ ဉာဏ်စွမ်းရည် ပညာများနှင့်သာ သက်ဆိုင်သော ပညာရေးအကျိုးဆိုင်ရာ လက်ဝဲခရုသင်းဖြစ်သည်။ ပညာသင်ကြားရေးဆိုင်ရာ အမှုကိစ္စများ၌ အသုံးပြုကြသည်။ ထို့ပြင် ဂန္ဓခရုသင်းကို ပညာရှင်ဆိုင်ရာ ကိစ္စများ၊ ပညာပေါ်အခြေခံလုပ်ကိုင်ရသော ကိစ္စကြီးငယ်များ၊ ပညာရေး မင်္ဂလာ အစီအမံများတွင် အသုံးပြုကြသည်။

အထူးသဖြင့် ပညာရေးဆိုင်ရာ အစပြုခြင်း၊ ပညာသင်ကြားခြင်း၊ ပညာရေးဆိုင်ရာ ကျောင်းများ ပန္နက်ရိုက်ခြင်း၊ ပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးခြင်း၊ ပညာရေးဆိုင်ရာ အခမ်းအနားများပြုလုပ်ကြရာတွင် ထည့်သွင်းအသုံးပြုကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနှင့် ခရုသင်း

မြန်မာ့သမိုင်း ရှေးပျူခေတ်က ပျူဒင်္ဂါးများနှင့် ကြေထည်၊ မြေထည် ပစ္စည်းများကို ခရုသင်းပုံများဖြင့် ပုံဖော်ထားသည်ကို တွေ့ရှိနိုင်သလို ကိုးကွယ်ရာပစ္စည်းများတွင်လည်း မင်္ဂလာပစ္စည်းအဖြစ် ပုံဖော်ထားသော ရှေးဟောင်းပစ္စည်းများကို တွေ့ရှိနိုင်ပါသည်။ မြန်မာမင်းအဆက်ဆက်၌ မင်းအဖြစ် ရာဇာဘိသိက် ခံယူကြသည့်အခါ ဘွဲ့သဖန်းတွင် မင်္ဂလာခရုသင်းနှင့် ရေစင်ဖျန်းပက်၍ ရာဇာဘိသိက် ခံယူခဲ့သော အစဉ်အလာများ ရှိခဲ့သည်။ အစဉ်အလာအဖြစ် ပြုလုပ်ရသော ဘိသိက်ပွဲဖြစ်လေသည်။

ထိုသို့ မင်းကေရာဇ်များ ရာဇာဘိသိက်ခံယူသည့်အခါ ပုဏ္ဏားရစ်ဦး၊ သူကြွယ်ရစ်ဦး၊ သီလစင်ကြယ်သော အပျိုစင်ရှစ်ယောက် အသီးသီးတို့က မင်္ဂလာခရုသင်းတွင် ရေစင်သွန်း၍ ဘိသိက်ခံယူလိုက်သော မင်းကေရာဇ်၏ ဦးခေါင်းတော်ပေါ်မှ သိဒ္ဓိတင်ဦးခိုက်ပေးရသည်။ ယင်းသို့ ဦးခိုက်ပဏာမပြုပြီးလျှင် "ခပ်သိမ်းသောသူတို့အား ကိုယ်တော်၏ အသက်စည်းစိမ်ချမ်းသာအကျိုးစီးပွားကို စောင့်ရှောက်ဘိသကဲ့သို့ မြဲမြဲခိုင်ကြည်စွာ စောင့်ထိန်းပေးတော်မူပါလော့" ဟူ၍ ရွတ်ဆိုဆုတောင်းကြရသည်။ မင်းက ပြည်သူများပေါ်ထားရှိရမည့် ကတိသစ္စာနှင့် မင်းနှင့်ပြည်သူတစ်သားတည်းရှိသည်ဟူသော ပြရုပ်ဖြစ်လေသည်။

ယခုကာလ၌လည်း အချို့သော အစဉ်အလာအခမ်းအနားများ၌ သီရိကျက်သရေ မင်္ဂလာအစဉ်အလာနှင့် ညီညွတ်စေရန် မင်္ဂလာခရုသင်းကို ခေတ်နှင့်အညီ စီမံအသုံးပြုတတ်ကြသည်ကို တွေ့ရှိနိုင်ပါသည်။ သို့ဖြစ်သောကြောင့် ခရုသင်းမည်သော မင်္ဂလာအဆောင်အယောင်ပစ္စည်းသည် မြန်မာတို့၏ အမြတ်ရတနာပစ္စည်းများတွင် တစ်ပါးအပါအဝင် ဖြစ်လေတော့သည်။

## ခရုသင်းယတြာ

မင်္ဂလာခရုသင်းထဲတွင် ရေစင်ရေသန့်ထည့်၍ အိမ်ရှိ ဘုရားကျောင်းဆောင်တွင် ကပ်လှူပူဇော်ထားပြီးလျှင် ပြန်စွန့်ယူသည့်အခါ ဘုရားရေမန်းတော်အဖြစ် ဆုတောင်းစွန့်ယူရပါမည်။ ယင်းဆုတောင်းစွန့်ယူလာသော ဘုရားရေမန်းတော်ကို ၉၆ ပါးသော ရောဂါဝေဒနာတစ်မျိုးမျိုး စွဲကပ်ခံစားနေရသူများအတွက် နှုတ်မှ "ခန္ဓာကိုယ်အတွင်းရှိ မကောင်းသော ရောဂါဝေဒနာများအားလုံး ပျောက်ကင်းချမ်းသာရ၍ ကျန်းမာသန်စွမ်း အသက်ရှည်ရောဂါကင်းရှင်းသူ ဖြစ်ရပါစေ" ဟူ၍ ယုံယုံကြည်ကြည် ရွတ်ဆိုဆုတောင်းသောက်သုံးမှီဝဲပေးနိုင်သည်။

ခရုသင်း ရေမန်းကို ငွေဖလားတွင် ရေသန့်နှင့်ပွားယူ၍ အိမ်တွင်းအိမ်ပြင်ရှိ မကောင်းသော နာနာဘာဝ၊ စုန်းကဝေ အောက်လမ်းမိစ္ဆာ နတ်တိုက်၊ ပယောဂတိုက်၊ အစိမ်းတိုက်၊ အင်းတိုက်၊ အတိုက်အခိုက်မှန်သမျှ မစွန်းမကျန် ထွက်စေ ကင်းစေ ပစေ ပျောက်စေ ရှင်းစေလော့၊ ဘုရားငါးဆူအမိန့်ဟူ၍ ရွတ်ဆိုအမိန့်ပေးလျက် ခရုသင်းရေမန်းကို လက်ဖြင့်တောက်၍ အိမ်ခြံမြေနေရာအနှံ့၌ လက်ဖြင့်တောက်ဖျန်းပေးပါက မကောင်းသော ဝိနာဘာဝများ ကင်းရှင်းပစေနိုင်သည်။

လက်ယာရစ် ခရုသင်းကို အိမ်ရှိဘုရားကျောင်းဆောင်၏ လက်ယာဘက်နှင့် လက်ဝဲရစ်ခရုသင်းကိုမူ ဘုရားကျောင်းဆောင်၏ လက်ဝဲဘက်တွင် ကြွေးပန်းကန်အသစ် သန့်သန့်ဖြင့် လှူဒါန်းပူဇော်ထားပြီး ကောင်းမှုပြုခြင်း၊ သီလစောင့်တည်ခြင်း၊ မေတ္တာသုတ်ရွတ် ဆိုပူဇော်ပေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့် အိမ်ထောင်ရေးသာယာ၍ စီးပွားဥစ္စာခနေ ရေနှင့်ကြာပမာ ပွားများစေနိုင်သည်။ ရာထူးဂုဏ်သိမ် တိုးတက်ခိုင်မြဲစေပြီး နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားစေနိုင်သည်။

ထို့ပြင် တောင်းဆုများပြည့်လျှံစေ၍ လိုရာဆန္ဒ အဝဝ ပြီးမြောက်အောင်မြင်စေနိုင်မည် ဖြစ်ပါကြောင်း ကျက်သရေမင်္ဂလာတို့၏ စုဝေးရာဖြစ်သော မင်္ဂလာခရုသင်း အကြောင်း စုစည်းတင်ပြလိုက်ရပါသည်။

*ပန်းလို စမ်းလို လမင်းလို သာယာ ချမ်းမြေ့ကြပါစေ ...*

**အောင်ဘုန်းမြင့် (ကချင်မြေ)**

www.burmeseclassic.com

# လူကျားနိုင်တဲ့ဂါထာ

## နှင်းနှင်း

"သားကြီး ကျော်ကျော် ယခု လာမယ့် စတုတ္ထတန်းမှစပြီး မြို့မှာရှိတဲ့ လေးလေးထံမှာသွားနေပြီး ကျောင်းတက်။ ညီမလေးမွန်မွန် ကျောင်းစတက်တော့မယ်ဆိုတော့ မေမေ နည်းနည်းသက်သာအောင်ပေါ့"

"ဟုတ်ကဲ့ မေမေ"

မေမေသည် တစ်ဦးတည်း မွေးချင်းဖြစ်သည်။ လေးလေးကို အရမ်းအားကိုးသည်။ ဖေဖေထက် ပိုဦးစားပေးသည်။ ဖေဖေက စစ်သားဆိုတော့ အိမ်မမြဲ၍လည်း ဖြစ်နိုင်သည်။ အမြဲတမ်းလိုအပ်နေသော ငွေမှန်သမျှ ဦးလေးအိတ်ထဲ နှိုက်ယူခဲ့ကြသည်။

မေမေတို့မောင်နှမနှစ်ဦး အမွေခွဲယူစဉ်ကလည်း မေမေပိုယူခဲ့ပြီး ဆရာဝန်ပေါက်စ လေးလေးက မေမေပေးသမျှ ဘာတစ်ခွန်းမှ မဟာခဲ့ဘဲ ရသမျှ ကျေနပ်ခဲ့သည်။ မေမေက **B.E.D** ဘွဲ့၊ လေးလေးက **M.B.B.S** ဘွဲ့ ကိုယ်စီမှာ မိဘများဆုံးပါးခြင်းဖြစ်ရာ လေးလေးမှာ မိဘလက်ထက်ပါ အိမ်ကိုထားခဲ့ပြီး ဆေးကုရန် နေရာအနှံ့ ထွက်ခွာသွားတော့သည်။

ဆယ်နှစ်လောက် ကြာသောအခါ ရန်ကုန်မှာ အခြေချကာနေသည်။ ဖွင့်သမျှဆေးခန်း (ပုဂ္ဂလိကဆေးရုံ)များတွင် အချိန်နဲ့ထိုင်ပေးသည်။ ဒွိမ်ထောင်မပြု၊ အပျော်အပါးမရှာခဲ့ဘဲ ဘာသာရေး စွဲမြဲနေခဲ့သည်။

ကျော်ကျော့်ဘဝတွင် ဖေဖေထက် ပြဿနာမှန်သမျှ ကူညီပေးရသော မေမေ၏မောင်ကိုသာ လေးစားကိုးကွယ်သော သူ့ရဲကောင်းကြီးဖြစ်၍ လာခဲ့သည်။ ကလေးဘဝမှစ၍ မိမိလိုရာဆန္ဒ ဖြည့်ပေးသူကို ယုံကြည်အားထားမိသည်။ ကျပ်တည်းသောခေတ်မို့ မေမေအကောင်းကြိုက်သမျှ ငွေကပြတ်လပ်နေစမြဲ။ လေးလေးကလည်း တစ်ယောက်တည်းရှာပြီး မိသားစုလေးဦးရှိသော အစ်မတောင်းသမျှ မငြင်းတတ်ရှာပါ။

ကျော်ကျော် ရန်ကုန်မြို့၌ ကျောင်းတက်ရန်ရောက်လာသဖြင့် လေးလေးက ကားအကောင်းစားတစ်စီးဝယ်ပြီး ကျောင်းများ၊ ကျူရှင်များကို ထမင်းချက် နောင်မဲနယ်ကိုပို့ခိုင်းသည်။ စာကို ကြိုးစားခိုင်းသည်။

'နောင်'ဆိုသည်မှာ အစ်ကိုဆိုသောအဓိပ္ပာယ်ယူရသည့် ထားဝယ်သား ထမင်းချက် ကိုမဲနယ်သည် ဖွယ်ရာစုံလင်ချက်ပြုတ်ကာ ဦးလေးကို လစာမယူဘဲ အမှုထမ်းပေးနေသည်။ ထားဝယ်မှာရှိစဉ်က အသက်ကိုကယ်ပေးသော ကျေးဇူးရှင်ဖြစ်သည်ဟု သိရသည်။

ဦးလေးတို့ ကျောင်းသားအရွယ်က လူရည်ချွန်ရခဲ့သည်။ စာတစ်ခုတည်းတော်ခြင်း မဟုတ်ဟုသိနိုင်ပေပြီ။ ကျော်ကျော်ရောက်လာသည့်အခါ အားကစားလုပ်နေသည်ကိုကား မတွေ့ရဘဲ တရားထိုင်နေခြင်းကိုသာ အမြဲတွေ့တွေ့ခဲ့သည်။

"ကိုကြီး . . . ထမင်းစားကောင်းအောင် ငါ သဲပလုပ်ကောင် မှာထားတယ်"

"လေးလေးကို အကောင်းရှာဖွေကျွေးပြီး နောင်မဲနယ်က ဘာလို့မစားလဲ။ နောင်မဲနယ်ဘာလုပ်လုပ် လေးလေးအတွက်ချည်းပဲနော်"

"အေး . . ငါ့ရဲ့ အသက်ရှင်ခြင်းဟာ ကျော်ကျော်ရဲ့ လေးလေးကြောင့်ဖြစ်ခဲ့ရတာမို့ ငါ့ဘဝမှာ ဘာပဲလုပ်လုပ် သူ့အတွက်ပေါ့"

"သဲပလုပ်ကောင်က ရန်ကုန်မှာ မရှိဘူးလား"

"မရှိဘူး သဲတွင်းတွေထဲမှာ ပဲပင်ပေါက် အကောင်လေးတွေလို နေထိုင်ကြပြီး ပင်လယ်ရေသောက်တဲ့အကောင်မို့ သိပ်အာဟာရဓာတ်ရှိတယ်။ အလုပ်ပင်ပန်းတဲ့ကိုကြီး အားရှိဖို့လိုတယ်"

"နောင်မဲမယ် . . . လေးလေးအကြောင်း ပြောပြပါ"

"လေးလေးအကြောင်း သိချင်ရင် ကျော်ကျော်ကိုယ်တိုင် လေးလေးအားတဲ့အချိန်မှာ သွားမေး။ နောင်မဲ

www.burmeseclassic.com

နယ်လေ ‥ ကိုကြီးနောက်ကွယ်မှာ သတင်းဖြစ်စေ၊ အတင်းဖြစ်စေ မပြောရဲဘူး။ ကိုကြီးက သူတော်ကောင်းကြီး။ သူ့အပေါ် ဘာအမှားမှ မလုပ်ရဲဘူး''

''ဒီလောက်တောင် ကြောက်ရသလား''

''ကြောက်တယ်ဆိုတာထက် စိတ်ရင်းနဲ့ကို သူ့အပေါ် မြူမှုန်လေးလောက်မှ အစွန်းအထင်း မတင်ရဲဘူး။ သူကယ်ထားလို့ အသက်ရှင်ပြီး သူကျွေးထားတဲ့ထမင်း နေ့တိုင်းစား၊ သူ့အရိပ်မှာ ခိုလှုံနေပြီးမှ သူ့ပါရမီဖြည့်တာ။ ဝိုင်းကူပြည့်အောင်ပဲကူညီမယ်''

ရိုးသားသော ထားဝယ်လူမျိုးတစ်ဦးနဲ့ ထူးခြားသော ဦးလေးတို့ ဘယ်လိုရေစက်နဲ့ လူ့ဘဝကို တွေ့ကြုံဆုံနေထိုင်သည်ကို စပ်စုတတ်သောအရွယ်မို့ သိချင်လှသည်။

★★★

''လေးလေး''

''ဘာလဲကျော်ကျော်၊ မုန့်ဖိုးလိုသလား''

''ရန်ကုန်ရောက်တာ သုံးနှစ်ပြည့်ပြီ။ နွေရာသီကျောင်းပိတ်ရက်ရောက်ရင် လေးလေးနဲ့အတူ ထားဝယ်ပြန်ပြီး ကိုရင်ဝတ်ဖို့ အမေမှာနေတယ်။ ညီလေးကိုနားသပြီး ဖေဖေရယ်၊ လေးလေးရယ်၊ ကျော်ကျော်ရယ်က ဘုန်းကြီးဝတ်ရမယ်တဲ့။ ခွင့်ရအောင် ကြိုစီစဉ်ထားဖို့ ဖေဖေနဲ့မေမေက ပြောခိုင်းလို့ လေးလေးရဲ့''

''အေး ‥‥ ဖြစ်အောင် စီစဉ်ရမယ်။ စိတ်ချနေနော်''

''မောင်မဲနယ်လည်း လုပ်ချင်သတဲ့ လေးလေးရဲ့''

''အို ‥‥ လုပ်ပေါ့။ ငွေရှိပါတယ်။ မပူနဲ့လို့''

ထားဝယ်မြို့သို့ပြန်ပြီး လေးလေးသည် မိတ်ဆွေတချို့ကိုလည်း တူတူ သက်နိုးစည်းပေးသည်။ မေမေ့လက်ထဲသို့ ဖေဖေပေးသောငွေထက် များစွာသောငွေကိုပေး၍ ဒါနအမှုကို ပြီးဆုံးအောင် မေမေ့စိတ်တိုင်းကျ ဖေဖေလည်း အရပ်ထဲ မျက်နှာလှအောင် စီမံစေသည်။

သကြိန်ကြိုမိုးက တနင်္သာရီကမ်းရိုးတန်းဖက်မှာ စိုရွှဲမကဘဲ သဲမဲစွာ ရွာချသည်။ မိုးများသော ပင်လယ်ရပ်ဝန်းဒေသမို့ သိမ်ဇရပ်ထဲမှ မထွက်ရဲအောင် ညနေမှ ညရောက်လာသည်အထိ မိုးကိုကြည့်နေမိ၏။

''ကျော်ကျော် ကိုရင်ဝတ်နဲ့ စိတ်ကူးယဉ်နေတာပဲ''

''ဟဲ ‥‥ ဟဲ ‥ တရားထိုင်လို့ ပြီးပြီလား ဦးပဥ္ဇင်း''

''အေး ‥‥ မိုးတအုန်းအုန်းဆိုတော့ အေးသွားတော့ ထိုင်ရကောင်းတယ်''

ကိုရင်ငယ်က ဒုလ္လဘရဟန်းဝတ်နဲ့ ဦးလေးအား –

''ဦးပဥ္ဇင်း ကိုရင်တို့အရွယ်လောက်က ဘယ်လိုကြိုးစားခဲ့လို့ ယခုအသက်လေးဆယ်ကျော်လာတော့ ဘဝမှာ ငြိမ်းအေးနေရသလဲဆိုတာကို ပြည့်ပြည့်စုံစုံပြောပြပါ။ မိုးရွာနေတော့ သိမ်ထဲရှင်းနေတာပဲ ပြောပြ''

''လိုရင်းတိုရှင်း ပြောပြမယ်။ ဘုန်းကြီးလေသံတွေချထားပြီး ကိုရင်လည်း နားလည်လွယ်၊ သိမ်ထဲမှာဆိုတော့ မုသားလည်းမရောမိဖို့ပေါ့။ လေးလေးတို့ရဲ့ အဘိုးတွေ၊ အဖေတွေက အလောင်းမင်းတရားကြီး လာရောက်မတိုက်ခိုက်မီမှာ ကြိုတင်နယ်မြေလမ်းကြောင်းထောက်ဖို့ ရောက်နေတဲ့ သစ္စာခံသွေးသောက်ရဲဘော်တွေလေ။ ယိုးဒယားလက်အောက်ရောက်နေတဲ့ တို့မြေကို တို့ပြန်ပိုင်ဆိုင်နိုင်အောင် နယ်မြေခံလူထုထဲမှာ ဝင်ရောက်ပူးကပ်နေတဲ့ အချိန်ပေါ့။ အဲဒီအချိန်၊ အဲဒီခေတ်က သစ္စာရှိကြတယ်။ ဂါထာမန္တရား အသုံးများကြတယ်။ ဆေးဝါးဒ င်းအိုင် စွမ်းတယ်။ အဘိုးက အာဋ္ဌာဝက ဆေးစောင့်ဘီလူး ထိုးထားတယ်။ သူဆေးကုရင် အားလုံးပျောက်ကို ပျောက်ကင်းတယ်။ ဆေးစောင့်နေနိုင်အောင် အဘိုးက သီလတွေ စောင့်ထိန်းရတယ် ‥‥။ ယောကျ်ားသားဖြစ်တဲ့ဖေဖေ့ကို တောတွေတောင်တွေထဲ ခိုင်းစရာရှိရင် ကျားဆေးထိုးပေးရတယ်။ တို့ ဘိတ်ထ ားဝယ်မှာသာရှိနေတဲ့ ကျားခေါ်ပွဲတွေက တစ်ခါတုန်းက တကယ်ကျားစိတ်ဝင်ခဲ့ရတဲ့ လူကျားတွေတဲ့။ အဘိုးလိုအပ်တဲ့ သစ်ပင်သစ်ရိပ်က ဂမုန်းဆေးကို ဖေဖေက တက်တက်ယူပေးရတယ်။ အောက်မြန်မာပြည်ကို မြန်မာပိုင်ဖြစ်အောင် တိုက်စဉ်က အခုလို ခေတ်မီလက်နက်တွေ မရှိခဲ့ဘူး။ အရေးထဲမှာ ယိုးဒယားတွေက သိပ်ပြီး စုန်းအတတ် အင်းအိုင်အတတ် သုံးတာတဲ့။ အဲဒါကို ပြန်ဖြေရတာက တို့မင်းတရားကြီး ဘုန်းကံကလည်း ကြီးမားလို့တဲ့''

''တိုတိုပြောရရင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရဲ့ အောင်ပွဲခံရပေမယ့် အသက်ပေါင်းများ

www.burmeseclassic.com

စွာ စတေးပေးခဲ့ရတယ်။ ဘိုးဘိုးလည်း ကျဆုံးခဲ့တော့ ဖေဖေ့ကို ကျားဆေးမ နှုတ်ခဲ့ရဘူး။ ကျားစိတ်ပေါက်လာတဲ့ ဖေဖေ့ရဲ့အစွမ်းဟာ ရုပ်ရှင်ထဲကလိုပဲ ကျွမ်းကျင်ပြီး ခုန်ပေါက်လိုက်တာ မြို့တွေကိုကာထားတဲ့ မြို့ရိုးကို ကျော်ဝင်နိုင်တာတဲ့။ လေးလေးအရမ်း သဘောကျတယ်။ ဒါပေမယ့် ဖေဖေက အာဋ္ဌာဝကဆေးစောင့်ရော၊ လူကျားဆေးရော မထိုးပေးခဲ့ဘဲ ဂါထာတစ်ပုဒ်ကို ကျက်ခိုင်းတယ်။ ဒီဂါနာမှလွဲပြီး ဘာဆေးမှမထိုးဘဲ ဆေးပဲကုတယ်။ ငယ်သေးတော့ ပြန်မပြောရဲလို့ ဂါထာပဲ ကျက်ခဲ့ရတယ်။ လေးလေးမှာ ဒီဂါထာအစွမ်း ဘိုးဘိုးရဲ့ ဆေးစောင့်များ စောင့်ရှောက်မှုကြောင့် ဆရာဝန်ဖြစ်လာတော့ ရောဂါကုတဲ့အခါ လွယ်လာခဲ့တာပေါ့။ ဆရာဝန်မဖြစ်ခင်မှာ တစ်နှစ်တုန်းက ဖေဖေတို့နဲ့အတူ ခရီးထွက်ရတယ်။ ဖေဖေတို့က အရင်ငယ်ဘဝမှာ ဘိတ်သားတွေပါပဲ။ အဲဒီအချိန်တုန်းက တစ်နှစ်တစ်ကြိမ် ကျားခေါ်ပွဲ၊ ကျားဖမ်းပွဲကို မြိတ်မှာ မှန်မှန်လုပ်တယ်။ ဖေဖေက ကျားခေါ်အသံ၊ ဖုံတီးသံ၊ ကျားပွဲအနံ့ရတာနဲ့ ကျားစိတ်ဝင်တော့တာပဲ။ ဒါကြောင့် ရှောင်ပြေးပြီး ယခုနေတဲ့ ထားဝယ်ဖက် ရောက်နေတာတဲ့။ သူ့ရဲ့ငယ်ပေါင်းဖော် ရဲဘော်ရဲဘက်တွေရှိတဲ့ ဘိတ်ကို မသေမီ တစ်ခေါက်အသွားပေါ့။ လှေနဲ့ကူးဆင်းလာကြတယ်။ နောင်မဲနယ်တို့က လှေသားတွေပေါ့။ မထင်ထားခဲ့ဘူး။ လုံးဝမမျှော်လင့်ခဲ့ဘဲနဲ့ လှေဆိပ်နားမှာပဲ ရုတ်တရက် ဘယ်ကမှန်းမသိ ကျားဖုံသံ တစ်ချက်ကြားလိုက်ရတယ်။ အိမ်တစ်ဆောင်ဆောင်မှာ သိမ်းထားတဲ့ဖုံများ ပြုတ်ကျသလား မသိဘူး။ ဒီအသံကို နည်းနည်းမှ ကြားလို့မရတဲ့ ဖေဖေက အိုကြီးအိုမ ကျားစိတ်ဝင်သွားခဲ့ရတယ်။ မစီးရတာကြာတဲ့ မိုးနီကြီးစီးတာခံရတဲ့ ဖေဖေရဲ့လူစိတ်ပျောက်သွားခဲ့တယ်။ နှစ်ပေါင်းများစွာ ရှောင်ပုန်းခဲ့တဲ့ ဆေးကျားရိုင်းက လူသွေး တမ်းတသလားမသိဘူး။ ထမင်းကူချက်နေတဲ့ အငယ်ဆုံးလူ နောင်မဲနယ် ကုပ်ကို ကိုက်ဆွဲပြီး လှေဦးကို ခုန်ထွက်လာခဲ့တယ်''

"အဲဒီအချိန်မှာ ဒီလိုပြဿနာဖြစ်ရင် ဒီလိုရှင်းဆိုပြီး တစ်ခုခုက အသိပေးသလို ဆေးစောင့်တွေ တိုက်တွန်းသလား မသိဘူးလေ။ အငယ်ဆုံး လေးလေးက ကျားဆရာကြောင်ဆိုပြီး ဖေဖေ့ရှေ့ကို ဂါထာရွတ်ပြီး ခုန်ဝင်တယ်။ လူမျက်လုံးမဟုတ်တဲ့ ကျားမျက်စိ ဖေဖေ့ရှေ့မှာ ကြောင်တစ်ကောင်လို ဝင်ဆောင့်ကြောင့်ထိုင်မိတယ်။ သားအရင်းလည်းဖြစ် ဖုံသံကလည်း ဆက်မမြည်၊ ရွတ်ဆိုထားမိတဲ့ဘုရားရှင်ရဲ့ နှုတ်ကပတ်ဂါထာက စွမ်းခဲ့တော့ အိုးဘန်းမီးရှို့ဖို့ မလိုဘဲနဲ့ ဖေဖေကျားစိတ် ပျောက်လာတယ်။ ပြောရင်းနဲ့ အဲဒီအချိန်ကို သတိရမိတော့ ကြောက်စရာကြီးပါပဲ။ နောင်မဲနယ်ရဲ့ လည်ကုပ်မှာ ခုထိ ကျားစွယ်ခဲထားတာ ရှိနေသေးတယ်။ ကံကောင်းလို့ အလွန့်အလွန် ကံကောင်းလို့ ကျားစိတ်ဝင်ပြီး နောင်မဲနယ် အသတ်ခံရမယ့်ဘေးက ဝေးခဲ့ရတယ်။ ဖေဖေလည်း တစ်ခါတည်း ဘိတ်တောင်မတက်ရဲဘဲ ထားဝယ်ပြန်ပြေးခဲ့ရတယ်။ နောင်မဲနယ်လဲ လှေဆက်မလိုက်ဘဲ လေးလေးနောက်လိုက်နေတာ ခုထိပဲ။ မယုံလို့မရဘူး။ အခုထိ မြိတ်မှာ ကျားပွဲတွေ ရှိတုန်းပဲ။ ဆေးဝါးကိုထားကြီးတွေမှာ အာဋ္ဌာဝက ဆေးစောင့်ကို အရှိအသေရှိနေတုန်းပဲ။ ဘုန်းကြီးဝတ်နဲ့လည်းဖြစ်၊ အမြတ်ဆုံး သိမ်ဇရပ်ထဲလည်းဖြစ်တဲ့ အချိန်မှာ ပြောတဲ့လေးလေးစကားကို ယုံနော်''

"ယုံပါတယ် လေးလေး၊ ဒါနဲ့"

"တော်ပြီ ကျော်ကျော်။ လေးလေး စိတ်တွေ သိပ်ပြီး အတိတ်ဆီ ပြန်ရောက်သွားမိပြီ။ မတည်မငြိမ်ဖြစ်လာတဲ့အတွက် ဘုန်းကြီးဝတ်ကြီးနဲ့ မသင့်တော်ဘူး။ နောက်မှ ဆက်ပြောမယ်။ စိတ်တည်ငြိမ်ဖို့ ကမ္မဋ္ဌာန်းတစ်ခုခုလုပ်မှဖြစ်မယ်၊ သွားနားနေတော့''

ဆရာဝန်တစ်ဖြစ်လဲ ဦးပဥ္ဇင်းသည် ဘုရားရှေ့ကိုထွက်ကြွ တင်ပလ္လင်ခွေကာ ထိုင်လိုက်သဖြင့် မေးချင်သည်ကို ဆက်မမေးရလိုက်ပေ။ သြော် မြန်မာ့ရိုးရာ အစောင့်အရှောက်များ တကယ်စွမ်းခဲ့ကြပါလား။ ကြားဖူးသည်က ပေါင်မှာကြောင်ဆေးထိုးပြီး ကြောင်တစ်ကောင်လို ခုန်တက်ဆင်းသည်ပဲ ကြားဖူးခဲ့သည်။ ကျားဆေးထိုးခဲ့သည်ကို အခုမှ အမျိုးအရင်း အဘိုးထံမှာ ရှိခဲ့သည်တဲ့။ အဘိုးကို မမီသဖြင့် လက်တွေ့လွဲခဲ့ရပြီ။

★ ★ ★

"လေးလေး"

"ဘာလဲ ကျော်ကျော်၊ ကျောင်းပြန်ဖွင့်မှာ ငွေလိုသလား"

"ငွေထက် အရေးကြီးတာ တောင်းမလို့ လေးလေးရဲ့"

"ဟေ ... ဘာလိုနေသေး၊



www.burmeseclassic.com

www.burmeseclassic.com

တောင်းစေဖျား''

''လေးလေးကို ဘိုးဘိုးတို့သင်ပေးတဲ့ ဂါထာပါ''

''ဗျာ ... အေးအေး၊ မျိုးရိုးလိုက်တယ်ဆိုတာ တကယ်ကိုးကွဲ့။ လိုက်ဆို **အဋ္ဌာနမေတ်၊ ဘိက္ခဝေ၊ အနဝကာသော၊ ယံပစ္စုပဏ္ဏမန တထာ ဂတံဇီဝိတာ ဝေါရောပေယျ အနုပဏ္ဏမေန ဘိက္ခဝေ တထာ ဂတာ ပရိနိဗ္ဗာယန္တိ ...**''

''အဓိပ္ပာယ်ရော လေးလေး''

''ဟို ... မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လေးကြိမ်လောက် လုပ်ကြံသတ်ဖြတ်တဲ့ ... ယောက်ဖတော် ဒေဝဒတ်ကို ညွှန်ပြီး ဘုရားဆိုမိန့်ခဲ့တဲ့ ဂါထာပဲ။ ဘုရားရှင်ရဲ့အသက်ကို ဘယ်သူမှ၊ ဘယ်လိုမှ လုပ်ကြံသတ်ဖြတ်ခြင်းငှာ မအောင်မြင်ရာ၊ ဘုရားများ ပရိနိဗ္ဗာန်ပြုခြင်းသည် ကိုယ်တော်တိုင် အသက်ဇိဝိန်ကို စွန့်ခြင်းမျှသာဖြစ်သည်လို့ လွယ်လွယ်မှတ်။ ဇာတ်လမ်းစုံစုံသိချင်ရင် ဟိုးယောင့်က စာအုပ်တွေ့လား ... ဖတ် ယူ။ စာမျက်နှာ ၃၅၆ မှာရှိတယ်။ အရေးကြီးတာ ဘာလဲသိလား''

''ဘာလဲဟင်''

''ယုံကြည်မှု၊ အဲဒါ အဓိက''

''ဂါထာပေါ်မှာယုံကြည်မှုလား''

''ရတနာသုံးပါး အပေါ်မှာ အသက်နဲ့ရင်းပြီး ယုံကြည်ဖို့လိုတယ်။ တကယ်ယုံကြည်လျှင် ဂါထာကစွမ်းတယ်။ လက်တွေ့လုပ်ကြည့်''

''လေးလေး ကိုယ်တွေ့ပဲလား''

''ကိုယ်တွေ့ပဲပေါ့။ စက်ရာခဲဆစ်လူနာများကို ဒီဂါထာလေးရွတ်ရွတ်ပြီး ဆေးဝါးကုသပေးရတာ။ ဒီဆေး ဒီဆေးပေးမယ့် ဆေးလိုက်တယ်၊ ကုသရလွယ်တယ်။ အသေအပျောက် အဖိတ်အစင် မရှိဘူး။ လူနာရှင်တွေနဲ့လည်း စကားပြောရကောင်းတယ်။ တချို့ နောင်တတ်ပလူနာရှင်တွေက သူတို့ဘာသာ အဲဒီရောဂါဖြစ်နေလို့ ဒီဆေးထိုးပေးပါဆိုပြီးအထိ ဆရာထက်ဆရာလာလုပ်ပေမယ့် ရတယ်၊ သူတို့အကြိုက် လုပ်ပေးနိုင်တယ်။ ဂါထာသာ နေ့စဉ်ရွတ်။ တရားစွဲခံရတဲ့ ဆရာဝန်တော့ ဘယ်တော့မှဖြစ်မှာ မဟုတ်ဘူး။ လေးလေးတစ်ခုပြောချင်တာ ဆရာဝန်တွေအားလုံးသာ ဒီဂါထာရွတ်မယ်ဆိုရင်ကွာ ဆေးပေးမှားတာတို့၊ ရောဂါရှာမတွေ့တာတို့ မရှိ။ လူနာအမြန်ဆုံး ပျောက်ကင်းဖို့ ဖြစ်လာနိုင်တယ်လို့။ ခက်တာက ဆရာဝန်တွေဖြစ်လာမယ့် ပညာတတ်လူတွေက ရုပ်ဝါဒကိုသိပ်ပြီး ဦးစားပေးတယ်။ ယုံကြည်မှုစိတ်စွမ်းရည်ကို အားမကိုးချင်ဘူး။ အဲဒါကြောင့် ခက်နေတာပါပဲ''

''အင်း ... ဒါဆို ကျော်ကျော်လည်း ဆရာဝန်လုပ်မှပဲ''

''ရည်ရွယ်ချက်က ဘာလဲ''

''ဆေးဝါးကို အစွမ်းထက်စေမယ့် ဂါထာရှိနေခဲ့တော့ လူ့အသက်တွေကို ကယ်တင်နိုင်တာပေါ့''

''ထိုနေအောင် ယုံကြည်ပြီးရွတ်နော်''

''ဟုတ်ကဲ့''

မြိတ်မြို့နယ်တွင်း ရှေးကမြန်မာပညာရပ်များ၏ အစွမ်းအစများ ရှိနေဆဲဖြစ်သည်။ ဓါသရပ်နေ့ဆိုပြီး အရုဏ်မှမတက်မီ ဝိညာဉ်များအတွက် အလှူပေးရသော နေ့ထူးတစ်ရက်လည်း ရှိနေသေးသည်။ လူကျားများ ကျားသဏ္ဌာန်နှင့်လှည့်လည်သော ကျားပွဲများလည်း ရှိနေခဲ့သည်။ ပရှူးခေါင်းဖြတ်များမှ ဆင်းသက်လာသော ပရှူးလူမျိုးနွယ်စုများနေသော ပရှူးကျွန်းလည်းရှိနေသည်။ ရေထဲနေ၊ ရေထဲသေသည့် ဆလုံမျိုးနွယ်လည်း ရှိနေသေးသည်။ အလောင်းမင်းတရားကြီးသိမ်း၍ မြို့တည်နန်းစိုက်နိုင်ရန် စတေးခဲ့သည့် မအောင်သာကျောက်တိုင်ကြီးသည်လည်း တနင်္သာရီတွင် အမှန်အကန်ရှိနေဆဲဖြစ်သည်။ မြန်မာရှေးလူကြီးတို့၏ပညာခန်းသည် တစ်နေ့သောအခါ ပျောက်ကွယ်သွားမည်ကို စိုးရသည်။

သို့သော် ဘုရားရှင်နှုတ်တော်ထွက်ဂါထာကိုမူ မပျောက်ကွယ်ရလေအောင် ရွတ်ဆိုသူဘဝတွင်လည်း အောင်မြင်မှုများ ရရှိစေလေသော် ဂါထာကို ထိန်းသိမ်းရင်း နေ့စဉ်ပူဇော်ကြပါစို့။

ထိုဂါထာအစွမ်းကြောင့် လူစိတ်ပျောက်ကွယ်နေသည့် ဆေးကျားခေါ် လူကျားတစ်ကောင်၏ အန္တရာယ်မှ ကိုမဲနယ်သည် လွတ်မြောက်ခဲ့၏။ ကြောင်မကြီး ကြောင်ငယ်လေးကို ကိုက်ချီသည့် လည်ကုပ်နေရာမျိုးတွင် ကိုမဲနယ် သေသည့်အထိ ကျားစွယ်ရာ ရှိနေပေဦးမည်။

မြန်မာပြည်အောက်ပိုင်း မြိတ်ကျွန်းစုတွင် ယခုချိန်ထိ နွေနှောင်းကာလ ရာသီဥတုရောက်လာလျှင် လူများ (ဆေးထိုးထားသူတို့)ကျားစိတ်ဝင်ဆဲ ကျားသဏ္ဌာန်ပေါ်နေဆဲ ရှိသည်။

■ နှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com

# သေမင်းလက်မခံသော အဆောင်

ခင်မောင်အေး(မန္တလေး)

## ဘေးရန်အမျိုးမျိုးမှကာကွယ်ပေးနိုင်သော အစွမ်းထက်သည့် ဂါထာ

ဖုဋ္ဌဿ ဂါထာတော်

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿန ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။

## ဂါထာ၏ အနက်မြန်မာပြန် အဓိပ္ပာယ်

**လောကဓမ္မေဟိ** - ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ အရှင်သူမြတ်၊ နတ်နှင့်တကွသော လူအပေါင်းတို့၊ အကြောင်းအားလျော်စွာ တွေ့ကြုံမြဲဓမ္မတာဖြစ်သော လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒါ၊ ပသံသာ၊ သုခံ၊ ဒုက္ခံတည်းဟူသော လောကဓံရှစ်ပါးတို့နှင့်။

**ဖုဋ္ဌဿ** - အကုသလဝိပတ်၊ ကုသလဝိပတ်၊ ပြီးယှက် ထိုက်လိုက်၊ တိုက်ဆိုင်တွေ့ကြုံသော။

**ယဿ** - အရှင်ရဟန္တာပုဂ္ဂိုလ်၏။

**စိတ္တံ** - စိတ်သည်။

**နကမ္ပတိ** - လာဘ်ရခြင်း၊ အခြံအရံများခြင်း၊ သူတစ်ပါးတို့ ချီးမွမ်းခြင်း၊ ချမ်းသာသုခနှင့် ပြည့်စုံခြင်းတည်းဟူသော ဣဋ္ဌလောကဓံလေးရပ်ရှားပါးခြင်း၊ အခြံအရံနည်းပါးခြင်း၊ သူတစ်ပါးတို့ ကဲ့ရဲ့ရှုတ်ချခြင်း၊ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရခြင်းတည်းဟူသော အနိဋ္ဌ လောကဓံလေးလီ၊ ဤရှစ်ပါးသော ဣဋ္ဌရုံ၊ အနိဋ္ဌာရုံတို့ကြောင့် တစ်စုံတစ်ခုမျှ တုန်လှုပ်ခြင်း မရှိသည်လည်း တစ်ပါး။

**အသောကံ** - ဉာတိဗျသန စသည်အမျိုးမျိုး မီးပြင်းထိုးသကဲ့သို့သော ညှိုးတမှိန်မှိန်၊ ခိုးအရှိန်ကြောင့်ကြတို့ မရှိခြင်းသည်လည်း တစ်ပါး။

**ဝိရဇံ** - ရာဂ၊ ဒေါသ၊ မောဟတို့ကို မြူဟုဆိုသဖြင့် ထိုမြူရစ်ထွေး အညစ်အကြေးကို လေးပါးသော မဂ်ရေစင်ဖြင့် သုတ်သင်ဆေးလျှော်ရကား ကြေးညှော်ဟူသော မြူကိလေသာမရှိခြင်းသည်လည်း တစ်ပါး။

**ခေမံ** - ဝဋ်ဋ္ဋ မပြတ်ယှဉ်စေတတ်သော လေးရပ်သော ယောဂကင်းသဖြင့် အချင်းခပ်သိမ်း ငြိမ်းပြီးသော ဘေးရန်ရှိခြင်းသည်လည်းတစ်ပါး။

**ဧတံ** - ဤလေးပါးသော တရားတို့သည်။

**ဥတ္တမံ** - မြတ်သော။

**မင်္ဂလံ** - မင်္ဂလာ ဟူပေ၏။

× × ×   × × ×

အမှတ်(   ) ခြေမြန်တပ်မဟာနချုပ်၏ တာဝန်ပေးချက်အရ ကျွန်တော်ဦးစီးသော စစ်ကြောင်းတစ်ကြောင်းဖြင့် တောင်တွဲဂံနယ်မြေတစ်ဝိုက်တွင် ဘိန်းမည်းအမြောက်အမြား သယ်ဆောင်လာသော သောင်းကျန်းသူအဖျက်သမားတို့၏ လားတန်းတစ်ခုကို လိုက်လံရှာဖွေလျက်ရှိနေချေသည်။ ရန်သူသတင်းများကို ရရှိသော်လည်း မှန်ကန်ခြင်းမရှိသောကြောင့် စစ်သည်များ အတော်ပင်ပန်းနေကြသည်။ ရန်သူ၏ လှုပ်ရှားမှုက အတော်ကြာကြာကြီးပင်လျှင် ငြိမ်သက်နေသည်။ သတင်းအစအန လုံးလုံးမရသည် မဟုတ်သော်လည်း ရရှိသည့်သတင်းများက မှန်မှန်ကန်ကန်မဟုတ်။ နယ်မြေခံ ဆက်ကြေးအဖွဲ့ထံမှ ကျွန်တော်တို့စစ်ကြောင်း၏ လှုပ်ရှားမှုသတင်းကို ရရှိထားပုံရသည်။ သိသိကလေး ကပ်လွဲနေသည်။ သတင်းအတိအကျရရှိသဖြင့် မိမိတပ်တွေ ဖြန့်ကြဲလိုက်သည့် အခါတိုင်း ခွင်အတွင်းမှ လွတ်ထွက်သွားသည်ချည်းပင်။ သည်လိုနှင့် စစ်ဆင်ရေးရက်များ ကာလကြာရှည်ဖြစ်လာလေသည်။

www.burmeseclassic.com

စစ်ကြောင်းနားပြီး နောက်တစ်နေ့ စစ်သည်တွေ ဖျတ်လတ်သွက်လက် တက်ကြွနေကြ၏။ ပြည့်ပြည့်ဝဝ နားလိုက်ကြရပြီးပြီ ဖြစ်ပါသည်။ တောင်စောင်းရှိ ရွာကလေးမှ အချိန်လေးဆယ်ခန့် ဝက်တစ်ကောင် ဝယ်ယူရရှိခဲ့ပြီး တပ်ခွဲများကို ဝေငှပေးခဲ့၏။ စစ်သည်တွေ ဝဝလင်လင် စားကြရပြီး နားနားနေနေ နေကြရသည်ဖြစ်ရာ နောက်တစ်နေ့နံနက်စောစော စစ်ကြောင်းလှုပ်ရှားရန် အမိန့်ပေးလိုက်တော့ အားလုံးလိုလို ကြော့ကြော့မော့မော့ ရင်ကိုကော့ကာ အသင့်ဖြစ်နေကြပေပြီ။ ဝေလီဝေလင်း အရုဏ်ပင် နီးကြားမလာသေးမီ စစ်ကြောင်းလှုပ်ရှားခဲ့၏။ ဘေးတစ်ဖက်တစ်ချက်တွင် ပေသုံးထောင်ခန့် မြင့်သော တောင်ကြောများကို မြင်ကြရသည်။ တောင်ခြေမှ ဒုဋ္ဌာဝတီချောင်းက တသွင်သွင် စီးဆင်းနေသည်။ ချောင်းကလေးကို ဖြူပြားတစ်ပြားအလား မြင်တွေ့ရ၏။ သဘာဝအလှကို ကြည့်မနေနိုင်ပါ။ စစ်ကြောင်းလုံခြုံရေးကို အဓိက အလေးထားဂရုစိုက်ကာ လှုပ်ရှားရ၏။

ခွဲမှူးနှစ်ယောက်ကို ခေါ်ယူလျက် ရန်သူ့သတင်းထူးမထူး မေးကြည့်လိုက်သည့်အခါ ရန်သူအချို့ ယမန်နေ့ နေ့လယ်အချိန်ခန့်က ဝမ်လယ်ရွာအနီးမှဖြတ်လျက် အနောက်ဘက်သို့ ဆက်လက်ထွက်ခွာသွားသည်ဟု သိလိုက်ရပေသည်။ သည်တစ်ကြိမ်ရရှိသော သတင်းက မှန်ကန်ပုံရသည်။ ကျောင်းဆရာတစ်ဦးက လိုလိုလားလား လာရောက်၍ ပေးသွားသည့်သတင်း ဖြစ်သည်။ ကျောင်းဆရာ၏ အိမ်သူသည်လည်း နန်းပုံကျဲဆိုသော ကျေးရွာမှ မူလတန်းပြ ဆရာမဖြစ်သည်။ သောင်းကျန်းသူတွေ မနှစ်က နန်းပုံကျဲရွာသို့ ဝင်ရောက်လာကြပြီး ကျောင်းကိုပိတ်ခိုင်းကာ အဆောက်အအုံကိုပါ ဖျက်ဆီးသွားကြ၏။ ဆရာမကိုလည်း လက်တစ်ဖက်ကျိုးသွားအောင် ရိုက်နှက်သွားကြသည်။ ယခု ဆရာမ လက်တစ်ဖက် မသန်တော့။ စာလည်း သင်၍မဖြစ်နိုင်တော့။ ဆရာမ၏ခင်ပွန်းက ယခုလာရောက်သတင်းပေးခြင်းဖြစ်သည်။

"တို့ ဒီတစ်ခါတော့ သတင်းအမှန်ရပြီနဲ့တူတယ်။ ခွဲတစ်က ဦးဆောင်ပြီး ထွက်ပေတော့။ ရန်သူသွားတဲ့ လမ်းကြောင်းကို ခြေရာခြေကြောင်းခံပြီးပဲ လိုက်ကြမယ်။ အထက်ကိုလည်း တို့စစ်ကြောင်း ထွက်ပြီလို့သာ သတင်းပို့လိုက်တော့။ ခွဲသုံးက ရှေ့တပ်ခွဲထွက်ပြီး နာရီဝက်ကြာမှ ဆက်လိုက်။ ကိုင်း...နာရီတိုက်ကြ။ အခုအချိန် ၅ နာရီ ၁၅ မိနစ်။ ဆက်လုပ်..."

စစ်ကြောင်းမှ တပ်ခွဲတစ်ခွဲ ထွက်ခွာသွားပြီး တစ်နာရီအကြာ တပ်ခွဲသုံးနှင့်အတူ ဆက်လိုက်သွားကြ၏။ ရှေ့တပ်ခွဲမှ သတင်းပို့ချက်အရ ရန်သူသွားထားသည့် စွပ်ကြောင်းရာတွေကို မြင်တွေ့ရသည်ဟု သိရ၏။ ယင်းအပြင် လမ်းပြအဖြစ် ဝမ်ပေါင်ရွာမှ ရွာလူကြီး၏သားကို ထည့်ပေးလိုက်သည်ဟု သိရှိရပါသည်။ သည်အတိုင်းဆိုပါက ဝမ်ပေါင်ရွာလူကြီးပင် သောင်းကျန်းသူများအပေါ် ဘဝင်မကျတော့ကြောင်း သေချာပေသည်။ ရှေ့တပ်ခွဲ ချီတက်နေနိုက်ဖြစ်၍ ကျွန်တော်တို့ စိတ်ချလက်ချ ချီတက်ခဲ့ကြသည်။ လမ်းဘေးတွင် ပြောင်းခင်းများ တစ်လမ်းလုံး မြင်တွေ့ရ၏။ သစ်ပင်ကြီးများ ကျိုးတိုးကျဲတဲမျှသာ။ ချုံနွယ်ပိတ်ပေါင်းလည်း သိပ်မထူချေ။ သတိဆိုသည်က ပိုသည်မရှိ။ ထို့ကြောင့်...

"ခွဲတစ်၊ ခွဲသုံးနဲ့ ဘယ်ညာနှစ်ဖက်ခွဲပြီး ရှေ့က တောင်ကြောကို တက်မယ်။ တစ်ခွဲနဲ့ တိုက်ပွဲဖြစ်ရင် တစ်ခွဲက ဘေးကပန်းပြီး ပစ်ကူပေး။ ပြီး..ကွန်မန်ဒိုတပ်စုကို ထုတ်ပြီး တရကြမ်းဝင်တိုက်မယ်။ နားလည်ရင် ဆက်လုပ်"

တောင်ကြောသည် ပေသုံးထောင်အောက် မယိုပေ။ ကျောက်သားကျောက်တောင်ဖြစ်သောကြောင့် ခြေကုပ်ပင် ခက်ခက်ခဲခဲ ယူ၍တက်ရမည် ဖြစ်၏။ ခွဲတစ်သည် သတိနှင့် တဖြည်းဖြည်း စတက်သွား၏။ စစ်ကြောင်းတစ်ခုလုံး လှုပ်ရှားနေသည်။ တောင်ကြောအတိုင်း တက်နေသည့် ခွဲတစ်က တောင်ထိပ်သို့ နီးသည်ထက် နီးကပ်သွား၏။ ကိုက် ၁၀၀၀၊ ထိုမှ ကိုက် ၉၀၀၊ နောက် ၈၀၀၊ ၇၀၀၊ ၆၀၀၊ ၅၀၀။

"ဖောင်း...ဖောင်း...ဖောင်း။ ရွှီ...ရွှီ...ဝေါ"

မမျှော်လင့်ဘဲ ရုတ်တရက် တောင်ထိပ်မှ လက်နက်ငယ်များ ပစ်ခတ်လိုက်သံတွေ ပေါ်ထွက်လာလေသည်။

သည့်နောက် ခွဲသုံး၏ ပွိုင့်တပ်စုမှ တန်ပြန်တိုက်ခိုက်သော လက်နက်ငယ်သံ၊ ဂျီသရီး၊ ဂျီဖိုးနှင့် စက်လတ်သံတွေ ညံနေသည်။ ရန်သူ၏ အမ် ၁၆၊ ကာဘိုင်သံတွေအပေါ် လွှမ်းခြုံသွားသည်။ ရန်သူက အပေါ်စီးရထားပြီးဖြစ်၍ အလေးသာနေသည်။ တပ်ခွဲမှ စိန်ပြောင်းများဖြင့် တန်ပြန်ပစ်ခတ်၏။ သူတို့၏ အမ် ၇၉ ပုံးသီးတွေ တဝုန်းဝုန်းကွဲနေ၏။ အခိုက်အတန့်မျှ ခေါင်းပင်မဖော်နိုင်။ တပ်ခွဲသုံးမှ စိန်ပြောင်းသံတွေ တဝုန်းဝုန်းပေါ်ထွက်လာသည်။ နှစ်ခွဲစလုံး ပစ်အားသုံး



www.burmeseclassic.com

www.burmeseclassic.com

ကာ တန်ပြန်တိုက်စစ်ဆင်နေသည်။ တိုက်ပွဲက ကြမ်းသည်ထက် ကြမ်းလာသည်။ ရန်သူက အပေါ်စီးရထားသဖြင့် တောင်ကြောကို လှန်တက်ရသည့် တပ်ခွဲများ အခက်အခဲတွေ့နေသည်။ တောင်ကြောတစ်ခုလုံး လက်နက်ကြီး၊ လက်နက်ငယ်သံတွေ ညံနေသည်။

"တပ်ခွဲသုံးက ကွန်မန်ဒိုတပ်စုကို ထုတ်ပြီးတိုက်ခိုင်းတော့။ တပ်စုမှူး ဗိုလ်တင်ရွှေကို ဦးဆောင်ခိုင်း။ လက်ပစ်ဗုံးများများပေးလိုက်ပြီး အမ် ၇၉ ဗုံး သုံးခိုင်း။ ကြားရင် ဆက်လုပ်တော့"

"အားလုံး ရထားပဲ၊ ဆက်လုပ်မယ်၊ ဒါပဲ"

တပ်ခွဲတစ်နှင့် တပ်ခွဲသုံးမှ စစ်သည်များ ပစ်အားကို သွန်လျက် ကာပစ်ပစ်ပေးနေသည့် အခိုက် ဗိုလ်တင်ရွှေ ဦးဆောင်သာ ကွန်မန်ဒိုတပ်စုက တောင်ကြောကို ဟနမန် မျောက်တွေပမာ ကုတ်ကတ်တက်သွားကြသည်။ တပ်ရင်းတစ်လအနားရချိန်တွင် ဗိုလ်တင်ရွှေတို့ အပြည့်အဝ မနားကြရပါ။ တပ်မဌာနချုပ်တွင် ဖွင့်လှစ်သော မွမ်းမံသင်တန်းကို နှစ်ပတ်သွားတက်ကြရသည်။ သင်တန်းက ပင်ပန်းသလားမမေးနှင့်။ တပ်ရင်းသို့ ဗိုလ်တင်ရွှေတို့ ပြန်ရောက်လာသည့်အခါ ခြေကုန်လက်ပန်းကျနေတော့သည်။ အနားရမည်မှ ကြံရုံရှိသေး၊ စစ်ကြောင်းပြန်ထွက်ရလေသည်။ သို့တစေ ဤသင်တန်း၏ ကျေးဇူးဟုပင် ဆိုရချိမ့်မည်။ ယခုလက်တွေ့ ထွေးလုံးတိုက်ပွဲကျတော့ ကွန်မန်ဒိုစစ်သည်တွေ မျောက်တွေအလား တောင်ကြောကို တက်သွားလိုက်တာများ ပုပ္ပါးတောင်ကလပ်မှ မျောက်တွေထက်ပင် သာသေးသည်။

မိနစ်နှစ်ဆယ်။ တပ်ခွဲတစ်နှင့် တပ်ခွဲသုံး၏ ပစ်အားက မသေးလှပါ။ မီးကုန်ယမ်းကုန်ဟုပင် ပြောလို့ရ၏။ ယင်းတပ်ခွဲနှစ်ခွဲ၏ ပစ်အားကြောင့်ပင် ဗိုလ်တင်ရွှေတို့ ကွန်မန်ဒိုတွေ တောင်ထိပ်သို့ တက်သွားနိုင်သည်။ သူတို့လည်းရောက်၊ ဂျီသုံး၊ ဂျီဖိုး၊ လက်ပစ်ဗုံးနှင့် အမ် ၇၉ ဗုံးသီးပေါက်ကွဲသံတွေ ကမ္ဘာပျက်မတတ် ပေါ်ထွက်လာလေသည်။

"ဆယ့်သုံးပေ့၊ ဆယ့်သုံး။ မျိုးမစစ်တွေ သေကြစမ်း။ တပ်မတော်ပေ့...တပ်မတော်လာပြီ"

မိမိစစ်သည်တို့၏ ထွေးလုံးတိုက်စစ်ကို ရန်သူမခံနိုင်ချေ။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်မျှပင် မကြာလိုက်။ တောင်ကြောအနောက်ဘက်သို့ တရကြမ်းဆုတ်ခွာထွက်ပြေးသွားကြ၏။ ဗိုလ်တင်ရွှေ၏ တပ်စုထံမှ မီးကျည်အနီနှစ်လုံး ကောင်းကင်ထက်သို့ ရှေ့ဆင့်နောက်ဆင့် တက်လာလေသည်။ တိုက်ပွဲအောင်ပြီ။ ရန်သူအင်အားက မနည်းလှပါ။ တစ်ရာ့ငါးဆယ်ကျော် ရှိနိုင်ပါသည်။ တောင်ထိပ်တွင် မီးခိုးတွေ အများအပြားတွေ့ရသည်။ သွေးစသွေးနတွေလည်း ရဲပလောင်းခတ်နေသည်။ ဒဏ်ရာရသူ တော်တော်များပုံရသည်။ ဒဏ်ရာရသူ တော်တော်များပုံရ၏။ ရန်သူအသေသုံးလောင်း။ ကာဘိုင်တစ်လက်၊ အမ် ၁၆ နှစ်လက် သိမ်းပိုက်ရရှိသည်။ ကျောပိုးအိတ်တွေ တစ်ထမ်းကြီး ရန်သူက ထားပစ်ခဲ့ရ၏။ ပြေးနိုင်မှ လွတ်တော့မည်လေ။

ဌာနချုပ်သို့ ပြန်လည်ရောက်ရှိကြသည့်အခါ စစ်ကြောင်းအား နှစ်ပတ်အနားပေးသည်။ တိုက်ခိုက်ရေးရိက္ခာ ချက်ချင်းရောက်လာသည်။ စစ်သည်တွေ တစ်ယောက်မျှ အထိအခိုက်မရှိကြပါ။ တပ်ကြပ် ဇေယျာမောင်တစ်ဦးသာ တောင်ကြောပေါ်က ဆင်းအလာ နမော်နမဲ့ ခြေချော်လဲကာ ဦးခေါင်းဆောင့်မိပြီး ခေါင်းကွဲသွားသည်။ လေးချက်လောက် ချုပ်လိုက်ရ၏။

"နေပါဦး။ ဗိုလ်တင်ရွှေရဲ့။ မောင်ရင့်တပ်စု တောင်ကြောပေါ်တက်သွားတော့ ငပွေးတွေ ပစ်လိုက်ခတ်လိုက်ကြတာ ခေါင်းတောင်မှ ဖော်လို့ရနိုင်မယ်လို့ မထင်မိဘူး။ ဒါနဲ့တောင် မောင်ရင့်တပ်စုက ရဲဘော်တွေ ဘယ်သူမှ အထိအခိုက်မရှိကြဘူး။ တော်တော်အံ့သြစရာကောင်းတာပဲ။ မောင်ရင့်မှာ အဆောင်တွေ၊ ဘာတွေ တစ်ခုခုများ ရှိနေလို့လား။ ဒါမှမဟုတ် ကံပဲကောင်းလို့လား။ ပြောစမ်းပါဦး"

"ကျွန်တော့်မှာ ဘာအဆောင်မှ မရှိပါဘူး တပ်မှူးခင်ဗျ။ တစ်ခုတော့ရှိတယ်။ ကျွန်တော့်အဖေ ငယ်ငယ်ကတည်းက အမြဲရွတ်ခိုင်းခဲ့တဲ့ ဂါထာတော့ အစဉ်အမြဲရွတ်ပါတယ်။ အခု ဒီတိုက်ပွဲမှာလည်း ကျွန်တော်တိုက်ပွဲမဝင်ခင်ကတည်းက ရွတ်နေခဲ့ပါတယ်။ အဖေက ပြောထားခဲ့တာက ငါ့သားတဲ့၊ မင်းအဘယ်ချိန်မှာပဲဖြစ်ဖြစ် ဒီဂါထာကို ရွတ်နေပါတဲ့။ အိပ်တဲ့အခါက လွဲရင်ပေါ့တဲ့။ အသံထွက်မရွတ်နိုင်ရင် စိတ်ထဲက ရွတ်ပါတဲ့။ အဲဒီလို မှာထားခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်အဆောင်ပဲ ထင်ပါတယ်ခင်ဗျာ"

**ခင်မောင်အေး [မန္တလေး]**



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားဆောင်

## ဈေးခေါ်မည်

ဂမ္ဘီရဆရာလှမျိုး(B.Sc)




လောကီပညာ ခါတ်ယတြာတွင် အဆောင်အမျိုးမျိုး၊ ယတြာအမျိုးမျိုး ခါတ်ဆင်နည်းအမျိုးမျိုးအဖုံဖုံ ရှိပါသည်။ ထိုအဆောင်ယတြာအမျိုးမျိုး အနက်မှ လူအများစိတ်ဝင်စားသော ယတြာမှာ ဈေးခေါ်ယတြာ အဆောင်ပင် ဖြစ်ပါသည်။ ဈေးရောင်းနေသူများ၊ စီးပွားရေးသမားများ အရောင်းအဝယ် ကောင်း၊ ဈေးဝယ်သူများ လာစေရန် မိမိရောင်းလိုသည့် ကုန်ပစ္စည်းများ အရောင်းစွံစေရန် လူဝင်၊ လာဘ်ဝင်၊ ဝင်ငွေတိုးတက်စေရန် ဆောင်ရွက်ပြု လုပ်သော အဆောင်ကို 'ဈေးခေါ်'ဟု ခေါ်ပါသည်။

www.burmeseclassic.com

ထိုဈေးခေါ်ဟူသော ဝေါဟာရသည် ဗေဒင်ပညာဖြင့် ကြည့်ပါက အင်္ဂါ+တနင်္လာနံ (၃+၂) ဖြစ်နေ၏။ ထို့ကြောင့် ရှေးဆရာကြီးများက 'ဓာတ်တူနံတူ ဆေးဖက်ယူ'ဟူသော အင်္ဂဝိဇ္ဇာပညာနှင့် ညှိနှိုင်း၍ ခီးကွက်ဇော်ဂျီယတြာကို တီထွင်ထားခဲ့ပါသည်။ အဆောင်ယတြာတစ်ခုသည် အစွမ်းမထက်ပါက နှစ်ကာလကြာလျှင် မှေးမှိန်ပျောက်ကွယ်သွားတတ်ပါသည်။ ယခု ခီးကွက်ပေါ် ဇော်ဂျီထိုင်၍ ဆေးကြိတ်နေပုံ အဆောင်မှာ နှစ်ပေါင်းကြာလေ ထင်ရှားလေ ဖြစ်နေ၏။

မဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း ဖော်ပြရေးသားခဲ့ကြပါသည်။ ဈေးဆိုင်များတွင်လည်း တွေ့ရှိရပါသည်။ အချို့လည်း အကုန်အကျသက်သာအောင် ဓာတ်ပုံ၊ ပန်းချီပုံ ပြုလုပ်ပေးကြပါသည်။ ယခု စာရေးသူရေးသားမည့် အစီအရင်မှာ ဘိုးဝါယမ ရေးသားချီးမြှင့်ပေးထားသော နည်းဖြစ်ပါသည်။ ထိုစာအုပ်တွင် "အောင်ဇော်မင်းရုပ်တုဆောင်ရွက်နည်း"ဟု ရေးသားထားပါသည်။ အဘယ်ကြောင့် အောင်ဇော်မင်း အမည်ပေးထားရသနည်းကိုတော့ ရှင်းပြမထားပါ။ ထုလုပ်ဆောင်ရွက်နည်းနှင့် သိဒ္ဓိတင်နည်းကိုသာ သေချာရေးသားထားပါသည်။

ဆောင်ရွက်နည်းမှာ– စစ်ကိုင်း၊ စဉ့်ကိုင်၊ စဉ့်ကူးမြို့တွေမှာ ပေါက်တဲ့ ဇောင်းချမ်းသားကို ခီးကွက်ပေါ် ဇော်ဂျီဆေးကြိတ်နေပုံကို ထုပါဟု ဖော်ပြထားပါသည်။ အကယ်၍ မြို့ရွာဒေသကွဲလွဲပြီး အညာဒေသမှ ရလာသော "ဇောင်းချမ်းသား"စစ်လျှင်လည်း ပြုလုပ်၍ရပါသည်။ ဇောင်းချမ်းသား အခေါက်မှာ သနပ်ခါးအခေါက်ကဲ့သို့ ပုံစံခပ်ဆင်ဆင်တူပါသည်။ အတွင်းပင်စည်သားမှာ ဖြူနေပါသည်။ ပန်းပုဆိုင်များတွင် ရှိတတ်ပါသည်။

ခီးကွက်ပေါ်တွင် ဇော်ဂျီဆေးကြိတ်နေပုံကို အချိုးအစားညီညီ ထုပြီး ဆေးခြယ်ပါ။ ဇော်ဂျီဆေးကြိတ် ဆေးခြယ်အားလုံး အင်္ဂါ+တနင်္လာ ဖြစ်နေပါသည်။

ထိုအရုပ်ကလေးကို ဆန်ကောတစ်ချပ်တွင် စက္ကူခင်း၊ ဆန်ကွဲကြဲပြီး အရုပ်ကလေးတင်ပါ။ လောကီပညာရှင် ဆရာကြီးတစ်ဦးမှ မည်သည့်ဓာတ်ယတြာကက်ကင်း ဓာတ်တူ၊ နံတူမဆို အဆင့် ၉ ဆင့်ထက် မပိုစေရဟု မှတ်သားရပါသည်။

ထိုအရုပ်ကလေးရှေ့တွင် စံပယ် ၉ ပွင့် (သို့မဟုတ်)၊ စိန်ပန်း(သို့မဟုတ်)၊ ဆပ်သွားဖူး၊ ဇွန်ဖူး၊ ဇွန်ပန်း စသည့် အင်္ဂါနံနှင့်စပြီး ကြာသပတေးနံဆုံးသည့် ပန်းတစ်မျိုးနှင့် မတ်စေ့ ၉ စေ့တင်ပြီး ဆောင်ပါ။

ထိုဆန်ကောအောက်တွင် ဆန်ကာ(စကာ)ခုံးတစ်ခုခံပါ။ ဆန်ကောမှာ အပေါက်မပါ။ ဆန်ကာမှာ အပေါက်ပါသည်။ ဆန်ကာခုံးထဲသို့ ပေါက်ပေါက်ပွင့်ထည့်ပါ။ ဆန်ကောနှင့် ဆန်ကာမှာ သီလရှင်များ ဆန်ခံသော အသေးကလေး အသုံးပြုနိုင်ပါသည်။ စာရေးသူအနေနှင့် ပန်းချီမကျွမ်းကျင်သော်လည်း ဆရာကြီးရေးသားထားသည်ကို ပုံဖော်ကြည့်မိလိုက်ပါသည်။

*(ဤဆောင်ရွက်ပုံ ဆောင်ရွက်နည်းကို မည်သည့် မဂ္ဂဇင်း၊ ဂျာနယ်တွင်မှ မတွေ့မိသေးပါ။*

*စာရေးသူ)*

| | | | | |
|---|---|---|---|---|
| စစ်ကိုင်း၊ | ခီးကွက်၊ | ဇော်ဂျီ၊ | ဆေးကြိတ်၊ | ဆေးခြယ် |
| ၁ | ၂ | ၃ | ၄ | ၅ |

| | | | |
|---|---|---|---|
| ဆန်ကော၊ | စက္ကူ၊ | ဆန်ကွဲ၊ | ဆန်ကာ |
| ၆ | ၇ | ၈ | ၉ |

စုစုပေါင်း ဓာတ်တူနံတူ ကိုးဆင့် ဖြစ်နေပါသည်။ ဈေးခေါ်နှင့် အားလုံးတူနေပါသည်။ အကယ်၍ ၎င်းအဆင့် ကိုးဆင့်ထက် လျော့နေပါကလည်း အစွမ်းရှိပါသည်။ ကိုးဆင့်ထက် မပိုရ။ အောင်ဇော်မင်း (၁+၃+၅)=၉ ဖြစ်နေ၏။ ဘိုးဝါယမမှ ပညတ်ကောင်းစေရန် အမည်ပေးထားခြင်း ဖြစ်ဟန်တူ၏။ ဤသို့ဆောင်ရွက်ပြီး အားလုံးပြည့်စုံလျှင် ဈေးဆိုင်ထဲထား၍ အောက်ပါ သုံးဂါထာ ပုတီးစိပ်ပါ။

၁။ သုဂတော ငါးချက်ဂါထာ

သုဂတော သုဂတဋ္ဌာနံ၊ သုဂ တော သုန္ဒရံပါစ
သုဂတော နိဗ္ဗာနံဟတိ၊ သုဂ တော တေ
နမော နမာ။

၂။ ပဋ္ဌမံဂါထာ

ပဋ္ဌမံ သကလကွဏာ မေ က ပဒံ၊ ဒုတိယာဒိ
ပဒဿ၊ နိဿနတော သမနိ ဒုန်မာ သမဒ္ဒ၊



www.burmeseclassic.com

www.burmeseclassic.com

သနိဒ္ဒူကမတော၊ ဝိဘဇ္ဇေ ပဋ္ဌမေန ဝိနာ။

၃။ ဓိ ၁၀ ချက်ဂါထာ

ဓိနပါပံ ဓိန်သေဋ္ဌော၊ ဓိနပါပံ ဓိ နံ ဓမ္မော၊
ဓိနပါပံ ဓိန်သံဃော၊ ဓိနေ့ာရသံ ဓိန်ဂုရု၊
ဓိနဘီဓံ – ဓိန်နမေ။

မှတ်ချက်

- သုဂတောငါးချက် ဂါထာကို တစ်ဂါထာ တစ်လုံးချ တစ်ပတ်နှုန်း။
- ပဋ္ဌမ်ဂါထာကို တစ်ဂါထာ တစ်လုံးချ သုံးပတ်။
- ဓိ ၁၀ ချက် ဂါထာကို တစ်ဂါထာ တစ်လုံးချ တစ်ပတ်။

  အားလုံးပေါင်း ငါးပတ်ကို မနက် ငါးပတ်၊ ည ငါးပတ်စိပ်ပါ။ နေ့စဉ် မစိပ်နိုင်လျှင် စတင်ဆောင်ရွက်နေသော နေ့မှာ အဓိက သိဒ္ဓိတင်ဆောင်ရွက်ပါ။ တစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် သိဒ္ဓိတင်ပါ။ အထူးမှာ ...
- ပုတီးစိပ်တိုင်း သစ်သီး၊ အလင်းတိုင်၊ အမွှေးတိုင်၊ ရေတော်တင် လှူပါ။
- ဘုရားရှိခိုး၊ အလှူဒါနပြု၊ သီလခံယူ ပုတီးစိပ်ပါ။ ထို့နောက် လိုရာဆန္ဒကို အနည်းဆုံး ငါးခါပြောဆို ဆုတောင်းပါ။
- ထိုဇော်ဂျီ ဓိးကွက်အဆောင်ကို ဆရာပြုလုပ်သူအား ဆောင်ရွက်ခိုင်းပါက ထိုက်တန်သော ဉာဏ်ပူဇော်ခ ချီးမြှင့်ရပါမည်။
- ကိုယ်တိုင် ပြုလုပ်မည်ဆိုပါက အထက်ပါအတိုင်း စနစ်တကျ ပြုလုပ်ဆောင်ရွက်ရပါမည်။

အရွယ်အစားမှာ ၃ လက်မခန့်လောက် ပြုလုပ်လျှင် ရပါသည်။ အလွန် သေးလွန်း၊ ကြီးလွန်းလျှင် မသင့်တော်ပါ။ အိတ်ထဲ ထည့်ဆောင်ရမည့် အဆောင် မဟုတ်ပါ။ ဈေးဆိုင်တွင် သီးသန့်စင်တစ်ခု၊ စားပွဲ၊ ကောင်တာ၊ မြင့်သောနေရာ၊ ဗီရို စသည်တို့ပေါ်တွင် တင်ထားရပါမည်။ အဆောင်ကောင်းလျှင် ပျောက်တတ်၍ သတိထားပါ။

မည်သည့် ဈေးခေါ်အဆောင် ယတြာမဆို ယုံကြည်စွာ ပြုလုပ်ဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။ တန်ဖိုးနည်းခြင်း/များခြင်းထက် ယုံကြည်သက်ဝင်ဟူသော အဆိုအရ ယုံကြည်မှ သက်ဝင်နေပါမည်။ ဓာတ်ပုံ၊ ပန်းချီပုံထက် သစ်ပင်အရွက်အသားမှာ သာ၍ အစွမ်းထက်ကြောင်း အင်္ဂဝိဇ္ဇာပညာက ဆိုထားပါသည်။ ဤဈေးခေါ်အဆောင်တွင် မတ်စေမှလွဲ၍ ကျန်ပစ္စည်းများမှာ သဘာဝပစ္စည်းများဖြစ်၍ ဤနည်းကဲ့သို့ ပြုလုပ်ပါလျှင် အန္တရာယ်အမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုး ကင်းမည်။ ဈေးရောင်းကောင်းမည် လာဘ်ရွှင်မည်၊ ကျက်သရေမင်္ဂလာရှိမည်၊ မိမိအလိုဆန္ဒအားလုံး မုချပြည့်စုံလာပါမည်၊ သိန်းသန်းချီ၍လုပ်ငန်း လုပ်ငန်းအောင်မြင်မည်၊ လက်တွေ့ဆောင်ရွက်၍ အကျိုးထူးခံစားရသူ များလှပေပြီ။

ဤမျှဆိုလျှင် စာဖတ်ပရိသတ်များ ဤဈေးခေါ်အဆောင်ကို လက်တွေ့ဆောင်ရွက်ကြည့်သင့်ပါပြီ။ ဆောင်ထားသူလည်း အမွှေးနံ့သာ ပက်ဖျန်း၍ ဖော်ပြပါ အစီအစဉ်အတိုင်း အသစ်တစ်ဖန် ပြန်လည်ဆောင်ရွက်နိုင်ပါသည်။ အခက်အခဲရှိသူများ စာရေးသူထံ ဆက်သွယ်ပါ။ ကူညီဆောင်ရွက်ပေးပါမည်။ ယခု ဖော်ပြပါ ဆောင်ရွက်နည်းများသည် စာရေးသူ၏ အာဘော်တီထွင်ရေးသားခြင်းမဟုတ်ဘဲ ဘိုးဝါယမ၏ ကျမ်းမြတ်မှ ပြန်လည်ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

# အသေထွက် နှင့် အရှင်ထွက်

■ အောင်အေး(ရန်ကုန်တက္ကသိုလ်)



ထွက်ရပ်ပေါက် ဝိဇ္ဇာဘဝကို လူသားတိုင်း မရောက်နိုင်။ ရောက်နိုင်ရန် မဆိုထားနှင့် နားလည်ယူနိုင်ရန်ပင် ခက်ခဲလှ၏။ သို့သော် လုံးဝနားလည်နိုင်စွမ်း မရှိသော အရာကိစ္စမျိုးတော့ မဟုတ်။ မြန်မာဗုဒ္ဓဘာသာတိုင်း နားလည်လက်ခံသင့်သော ၃၁ ဘုံသား သတ္တဝါများအကြောင်း သဘောပေါက်ပြီဆိုလျှင် ထွက်ရပ်ပေါက် ဝိဇ္ဇာဘဝကို စိတ်ကူးနှင့် ပုံဖော်ခံစားနိုင်ပါလိမ့်မည်။

၃၁ ဘုံသား သတ္တဝါများအကြောင်း ဗုဒ္ဓဘာသာကျမ်းဂန်များ၌ လေ့လာယူနိုင်၏။ ဘုန်းတော်ကြီးများထံ လျှောက်ထားမေးမြန်းနိုင်၏။ ဤသို့သော အခွင့်အလမ်းများရှိပါလျက် အချို့သောသူတို့၌ ၃၁ ဘုံ အသိဉာဏ် မရှိသေး။ လူ့ဘဝဆိုသည်မှာ ပုခက်နှင့် ခေါင်းအကြားရှိ အချိန်ကာလတိုကလေး တစ်ခုမျှသာဟု သဘောရကြသူများရှိ၏။ ထိုသူတို့သည် တမလွန်ဘဝရှိမရှိ သံသယနှင့် ဒွိဟဖြစ်နေကြလေသည်။

ကျွန်တော် ငယ်ငယ်တုန်းကလည်း ထိုကဲ့သို့သော သံသယသမားဖြစ်၏။ နတ်ပြည်နှင့် ငရဲပြည်ဆိုသည်မှာ ဒဏ္ဍာရီထဲမှ ယုံတမ်းစကားများဟု ယူဆ၏။ လူသေလျှင် ဘယ်ရောက်သနည်း။ သင်္ချိုင်းကုန်းထဲ ရောက်ကုန်ကြသည်ကိုသာ မြင်၏။ တမလွန်ဘဝကို နားမလည်။ ငရဲပြည်မှာရှိသော ဒယ်အိုးကို မယုံ။ ဒယ်အိုးထဲမှာ လူတွေကို အမိပ္ပာယ်မဲ့ ထည့်ကြော်နေသော ငရဲသားများရှိသည်ဟု မထင်။ လူ့ဘဝမှာ သေပြီး ငရဲပြည်က ဒယ်အိုးထဲမှာ ငရဲခံသတ္တဝါ သွားဖြစ်သည်ဟုဆိုလျှင် ဤလူသား ခန္ဓာကိုယ်မျိုးနှင့် သွားဖြစ်သည်ဟု ထင်ခဲ့၏။ လူသားခန္ဓာကို ဆီထဲ၌ အကြာကြီးထည့်ကြော်လျှင် တူးခြစ်ကုန်မည်ဟု စဉ်းစားကာ ယုတ္တိမရှိသော စကားများဟု အယူလွဲခဲ့သည်။ စင်စစ် စာပေကျမ်းဂန် မန္တစပ်၊ ဆရာကောင်း၊ သမားကောင်းနှင့်လည်း လွဲခဲ့သောကြောင့်

www.burmeseclassic.com

အသိဉာဏ် လမ်းချော်ခဲ့ခြင်းပင်တည်း။

ကျွတ်ချိန်တန်လာသောအခါ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သူ ပန်းချီဆရာကိုအေးကြည်က ကျွန်တော့်လက်ထဲကို စာအုပ်တစ်အုပ် လာထည့်ပေး၏။ မဟာစည် ဆရာတော်ဘုရားကြီး၏ ဘဝပြဿနာ။ ထိုစာအုပ်ငယ်ကလေးထဲတွင် ပဋိသန္ဓေလေးမျိုးအကြောင်း ဖတ်လိုက်ရသောအခါ များစွာတုန်လှုပ်ခဲ့ရလေသည်။ ပြဟ္မာ၊ နတ်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲစသော သတ္တဝါတို့၏ ကိုယ်ခန္ဓာသည် လူသားနှင့် တိရစ္ဆာန်တို့၏ ရုပ်ကြမ်းခန္ဓာမျိုးမဟုတ်ကြောင်း သိခွင့်ရခဲ့၏။ ၃၁ ဘုံ ကျင်လည်ပုံကို ရှင်းပြထားသည်မှာ ယုတ္တိယုတ္တာရှိလှ၏။ ထိုစာအုပ်ငယ်ကို ဖတ်ပြီးသောအခါ လောကကြီးတွင် မမြင်ရသော သတ္တဝါများရှိသေးကြောင်း ကျွန်တော် လက်ခံသွားပါသည်။ မြင်တွေ့ရ၍ မဟုတ်။ ဆင်ခြင်ဉာဏ်နှင့် လက်ခံခြင်းဖြစ်၏။

ရန်ကုန်မြို့ ၄၉ လမ်း၊ အမှတ် (၁၀၂-၁၀၄) တွင်ရှိသော မြန်မာပြည် သီအိုဆိုဖီအသင်းမှ ရှားပါးစာအုပ်စာတမ်းများကို ဖတ်ခွင့်ရလိုက်သောအခါ ဝိညာဉ်လောကသားတို့ အကြောင်း ပို၍သဘောပေါက်လာ၏။ ပရလောကသားတို့၏ ခန္ဓာကိုယ်သည် သာမန်မျက်စိနှင့် ကြည့်၍မမြင်နိုင်သော အီသာဓာတ်ခန္ဓာ (Eitheric body) ဖြစ်ကြောင်း သိရ၏။ အီသာဓာတ်ဆိုသည်မှာ စကြဝဠာတစ်ခုလုံးတွင် ပြည့်နှက်တည်ရှိနေသည့် အလွန်တရာ နူးညံ့လှစွာသော ဒြပ်မှုန်ကလေးများ ဖြစ်လေသည်။ အီသာဓာတ်နှင့် အီသာဓာတ်ခန္ဓာတို့ အကြောင်းကို အနောက်နိုင်ငံ မနောသုတေသီတို့က သိပ္ပံနည်းကျစွာ လေ့လာထားပြီးကြပြီ။ သူတို့သည် ပရလောကရှိကြောင်းကို သိပ္ပံအမြင်နှင့် လက်ခံပြီးဖြစ်၏။ ထိုအချက်များကို ကျွန်တော် လေ့လာသိရှိရသောအခါ တစ်ချိန်က ပရလောကအပေါ် သံသယဖြစ်ခဲ့သည့် ကျွန်တော့်ကိုယ်ကျွန်တော် သနားကရုဏာသက်ရသည်။ မတောက်တခေါက် သိပ္ပံပညာသည် ကျွန်တော့်ကို ဒုက္ခပေးခဲ့၏တကား။

အနောက်တိုင်း မနောသုတေသီတို့က 'အီသာဓာတ်ခန္ဓာ'ဟုခေါ်သော ရုပ်ခန္ဓာကို ကျွန်တော်တို့က ဗုဒ္ဓဘာသာ ကျမ်းဂန်များအလိုအရ 'ဥပပါတ်ခန္ဓာ'ဟု ခေါ်နိုင်ပါသည်။ ဘွားခနဲပေါ်လာသော ပဋိသန္ဓေနှင့် မွေးဖွားရသည့် ကိုယ်ခန္ဓာဖြစ်၏။ မိခင်ဝမ်း၌ သန္ဓေတည်စရာမလို။ ဥခွံတွင်း၌လည်း ကိန်းအောင်းစရာ မလိုချေ။

အဆိုပါ ရုပ်ခန္ဓာနှင့် လူသားများ တိရစ္ဆာန်များတွင်ရှိသော ရုပ်ကြမ်းခန္ဓာတို့သည် အနုအရင့်သာ ကွာ၏။ ရုပ်ခန္ဓာများ ဖြစ်ကြ၏။ ရုပ်များဖြစ်ကြ၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ ဖြစ်ကြသည်။ သိတတ်သောသဘော မရှိကြချေ။

ထိုကဲ့သို့ သိတတ်သောသဘော မရှိသည့် ရုပ်ချင်းအတူတူဖြစ်သော်လည်း အနုအရင့်ကွာသောကြောင့် သတ္တိလည်း ကွာလေသည်။ ဆီပူဒယ်အိုးထဲထည့်အကြော်ခံရသော ငရဲသားတို့၏ ခန္ဓာကိုယ်များ တူးခြစ်မကုန်ကြခြင်းမှာ ရုပ်ခန္ဓာ၏ သတ္တိဖြစ်လေသည်။ နတ်သား၊ နတ်သမီးတို့၏ အဆင်းသည် အလွန်တရာလှပပြီး၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပကြည်လင်လှသည်ဟု ကျမ်းဂန်များ၌ ဖတ်ရှုရ၏။ ဤသည်လည်း ရုပ်ခန္ဓာ၏ သတ္တိဖြစ်လေသည်။

ဤသို့ဖြင့် ၃၁ ဘုံသား သတ္တဝါတို့၏ ခန္ဓာနှစ်မျိုးရှိကြောင်း နားလည်သွားသောအခါ ထွက်ရပ်ပေါက်ဝိဇ္ဇာတို့၏ ခန္ဓာသည် ရုပ်ခန္ဓာပင်ဖြစ်လိမ့်မည်ဟု ရိပ်စားမိလာ၏။ တကယ်မှာလည်း မိမိခန္ဓာကိုယ် ရုပ်နုခန္ဓာအဖြစ် ကူးပြောင်းကာ ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်ဘဝ ခံယူခြင်းသည် ထွက်ရပ်လမ်း လိုက်စားသူတို့၏ အထွဋ်အထိပ် ရည်မှန်းချက်ပင် ဖြစ်လေသည်။

ကျွန်တော်သည် ဝိဇ္ဇာရေ ဂမ္ဘီရ ပညာရပ်များကို အပတ်တကုတ် ဆည်းပူးလေ့လာနေစဉ် ယောနသန်စင်ရော် စာရေးဆရာ ရစ်ချတ်ဘား၏ ပဥ္စလှည့် (Illusion)စာအုပ်ကို ဖတ်ရသောအခါ ထွက်ရပ်ပေါက်ဖို့အတွက် ထွက်ရပ်ဖောက်ပုံကို နားလည်သဘောပေါက်ရပြန်သည်။ ခန္ဓာပြောင်းကာ ထွက်ရပ်ပေါက်၍ရကြောင်း ရစ်ချတ်ဘားက သူ့စာအုပ်တွင် အရိပ်အမြွက်ပြကာ ဖွင့်ဆိုပေးထား၏။

ပေါက်ဖတ်သည်
လောက၏ အဆုံး၌
ဘာကို ဖန်ဆင်းသနည်း။
ဆရာအရှင်သည်
လိပ်ပြာတစ်ကောင်ကို ဖန်ဆင်း
လေသည်။

အထက်ပါ စာပိုဒ်ကလေးသည် ရစ်ချတ်ဘား အရိပ်အမြွက်ဖော်ပြသော ထွက်ရပ်လမ်းဖြစ်၏။ သူသည် ပေါက်ဖတ်ကို ဆရာအရှင်ဟု ရင်စား ခေါ်ဝေါ်လိုက်သည်။ မှန်သည်။ ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ဖတ်သာဥ်ႈ သဘာဝတရားမှ ပေါ်ထွက်လာသော ဆရာအရှင်တစ်ဦးပင် ဖြစ်လေသည်။ ဝိဇ္ဇာမိုရ်ဆရာကြီး ပေါက်ဖတ်ဟုလည်း တင်စားခေါ်ဝေါ်နိုင်သေး၏။ ပေါက်ဖတ်သည် မွေးဖွားခြင်းနှင့် သေခြင်းအကြား၌ရှိသော ကာလအတွင်း လိပ်ပြာဘဝသို့ လှလှပပကူးပြောင်းပြခဲ့သည်မဟုတ်ပါလား။

တိရစ္ဆာန်ဘုံသားများ ဖြစ်သော ပေါက်ဖတ်များနှင့် ခူကောင်များသည် သူတို့ ဘာသာဘာဝအားဖြင့် ဘဝပြောင်းတတ်ကြ၏။ ဘဝပြောင်းခါနီးတွင် သူတို့သည် ကိုယ်မှထွက်သော အစေးအမျှင်များကို အသုံးပြုကာ ခိုအောင်းစရာ ပိုးအိမ်ကလေးများ ဆောက်ကြရ၏။ ထိုပိုးအိမ်ကလေးများအတွင်း ခိုလှုံကာ အသွင်ပြောင်းကြရသည်။ ပိုးအိမ်ကလေးများကို ဖောက်ထွက်လာကြသောအခါ အလွန်တရာလှပသော လိပ်ပြာကလေးများ ဖြစ်သွားကြလေပြီ။

အဆိုပါဖြစ်ရပ်က လောကကြီးအတွင်းရှိ ရုပ်ခန္ဓာသည် ပြုပြင်ပြောင်းလဲ၍ရသည့်သဘောသဘာဝရှိကြောင်း မီးမောင်းထိုးပြထား၏။ ထိုဖြစ်ရပ်ကို ကြည့်ကာ အမြင်ကို ပညာလုပ်ကြသည့် ဉာဏ်ကြီးရှင်တို့၏ ဂမ္ဘီရပညာ အဖြစ်သို့ ဆက်လက်တိုးပွားခဲ့ကြလေသည်။

ဝိဇ္ဇာနယ်ပယ်၏ ဝေါဟာရတစ်ခုဖြစ်သော 'ထုံကူးခြင်း'ဆိုသည်မှာ ပေါက်ဖတ်၊ ခူကောင်တို့ ပိုးအိမ်ကလေးများအတွင်း ခိုလှုံကာ အသွင်ပြောင်းခြင်းမျိုးဖြစ်၏။ မီးထုံ၊ ရေထုံ၊ မြေထုံ၊ လေထုံ စသဖြင့် ထုံကူးနည်းလေးမျိုးရှိသည်။ ထုံကူးခြင်းဖြင့် လူအိုက လူပျိုအသွင် ပြန်ယူနိုင်၏။ တန်ခိုးသိဒ္ဓိများရအောင် လေ့ကျင့်ထားသည့် လူသားဝိဇ္ဇာမိုရ်ဘဝမှ ပရလောကသားဝိဇ္ဇာမိုရ်အဖြစ် ထွက်ရပ်ပေါက်စေနိုင်၏။

မကြာသေးမီက သတင်းစာ၊ ဂျာနယ်များတွင်ပါခဲ့သော အတုအယောင် မြေထုံကူးခြင်းကို ဖတ်မိသောကြောင့် မြေထုံကူးခြင်းမရှိဟု မယူဆသင့်။ လောကကြီးတွင် အတုရှိသလို အစစ် လည်းရှိ၏။ လေသံကြားဖမ်းတရားနာပြီး လိမ်ညာလုပ်စားနေသူများ ရှိသကဲ့သို့ ဂမ္ဘီရပညာရပ်များစွာကို စနစ်တကျ လေ့လာလိုက်စားနေကြသူများလည်း ရှိပေသည်။

လိုရင်းကို ပြန်ကောက်ရလျှင် ထုံကူးသည့်နည်းကို အသုံးပြုကာ ပရလောကသား ဝိဇ္ဇာမိုရ်ဘဝ ခံယူသွားသော ဝိဇ္ဇာမိုရ်များလည်း အများအပြားရှိ၏။ ထိုသူတို့ကို 'အရှင်ထွက်' ထွက်သွားသည်ဟု ဝိဇ္ဇာနယ်ပယ်တွင် သုံးစွဲကြလေသည်။ လူ့ဘဝသက်တမ်းမစေ့မီ၊ မကွယ်လွန်မီ ဂမ္ဘီရနည်းပညာရပ်များအနက်မှ ပညာရပ်တစ်ခုဖြစ်သော ထုံကူးသည့်နည်းနာနှင့် ဘဝပြောင်းအောင် လုပ်သွားသောကြောင့် 'အရှင်ထွက်'ဟု ခေါ်ကြခြင်းဖြစ်၏။ အရှင်လတ်လတ် ဤခန္ဓာကြီးနှင့် ထထွက်သွားခြင်းမျိုး မဟုတ်။

အသေထွက်သမားကတော့ တစ်မျိုး။ အသက်ရှင်စဉ်ကာလတွင် ဖြတ်လမ်းနည်းဖြစ်သည့် ထုံကူးနည်းကို မသုံး။ မိမိ၏စိတ်ကို မိမိနိုင်နင်းအောင်သာ သမထကျင့်စဉ်များ ဖိလုပ်ထား၏။ သေဆုံးခြင်းဆိုသည်မှာ သဘာဝအတိုင်းရှိနေသည့် ဘဝပြောင်းခြင်းဖြစ်ပေရာ သေခါမှ ပရလောကသားဝိဇ္ဇာဘဝသို့ ပြောင်းလဲခံယူသွား၏။ ဘိုးတော်အောင်မင်းခေါင်သည် ဤနည်းကိုသုံးကာ ထွက်သွားကြောင်း (တစ်နည်းအားဖြင့်) အသေထွက်ခဲ့ကြောင်း လေ့လာသိရှိရလေသည်။

မည်သို့ပင်ဖြစ်စေ အသေထွက်သမားရော၊ အရှင်ထွက်သမားပါ ရုပ်နုခန္ဓာနှင့်တည်နေသော ပရလောကသား ဝိဇ္ဇာဘဝ ခံယူသွားကြခြင်းဖြစ်၏။ အရှင်ထွက်သမားက ရုပ်ကြမ်းခန္ဓာကို ဖွတ်အတင်းမမှ ဖျောက်ဖျက်ပစ်ရသောကြောင့် အလောင်းမကျန်ရစ်တော့။ အသေထွက်သမားကား အလောင်းကျန်ခဲ့၏။ ချန်ရစ်ခဲ့သော အလောင်းသည် မသေမီကရှိခဲ့သော သူ့ဆန္ဒ၊ သူ့အစီအစဉ်အတိုင်း ပုပ်ချင်ပုပ်မည်၊ မပုပ်မသိုး ရှိကောင်းရှိမည်။ အလောင်းပုပ်ခြင်း မပုပ်ခြင်းဖြင့် ဝိဇ္ဇာဖြစ်ခြင်း၊ မဖြစ်ခြင်းကို တိုင်းထွာ၍မရပေ။ ဘိုးတော်အောင်မင်းခေါင်က တစ်ပိုင်းပုပ်၊ တစ်ပိုင်းမွှေးစေခဲ့ကြောင်း အတ္ထုပ္ပတ္တိစာအုပ်များတွင် ဖတ်ရှုရသည်။

အချို့ကမူ အသေထွက်ဆိုသည်မှာ လုံးဝမရှိဟု ယတိပြတ် ငြင်းဆိုထားကြ၏။ ဤသို့ ငြင်းဆိုခြင်းကား တစ်ဖက်စောင်းနင်း ဖြစ်စရာရှိ၏။ သေဆုံးခြင်းကိုယ်တိုင်ပင် ဘဝပြောင်းခြင်း ဖြစ်ပေရာ အသေထွက်ထွက်ကာ ထွက်ရပ်ပေါက်ဝိဇ္ဇာဖြစ်သွားခြင်း ရှိနိုင်သည်ဟု ဆင်ခြင်သင့်၏။

**အောင်အေး(ရန်ကုန်တက္ကသိုလ်)**

စာမူခွင့်ပြုချက်အမှတ် -၄၀၁၂၈၃၁၀၀၉
(ဘိုးတော်သုတေသန)



www.burmeseclassic.com

www.burmeseclassic.com



# ကြုံစေချင်သည်

**သံသရာအေး(လွိုင်ကော်)**

စာရေးသူနာမည်ကို သံသရာအေးလို့ပဲ သတ်မှတ်လိုက်ချင်ပါသည်။ သတ်ကို သတ်မှတ်လိုက်ပါပြီ။ သတ်မှတ်ရသည့်အကြောင်းရင်းက အဟုတ်ကိုပဲ သံသရာအေးလွန်းလို့ပါ။ ဒီလို သံသရာ အေးရလေအောင်လည်း ကျေးဇူးရှင် အဘအောင်မင်းခေါင်ကြီးက သွန်သင်ညွှန်ပြဆုံးမမှုတွေနဲ့ လိုက်နာကျင့်သုံးဆောင်ရွက်ရင်း ယခုဘဝအတွက်သာမက သံသရာထိအေးအောင် နေတတ်၊ စားတတ်၊ ကျင့်ကြံတတ်အောင် သွန်သင်ညွှန်ပြပေးတတ်လွန်းလို့လည်း ကျွန်မဘဝ သံသရာထိပါ စိတ်အေးချမ်းသာလှပါပြီ။

စာရေးသူ ကျွန်မဟာ အဘ၏ဆုံးမလမ်းညွှန်မှုတွေ အောက်မှာနေလာခဲ့တာ အနှစ် ၃၀ ကျော်လာခဲ့ပါပြီ။ စာရေးသူ လွန်ခဲ့သော နှစ် ၃၀ လောက်က အိပ်မက်ထဲမှာ ''သမီး အဘက အောင်မင်းခေါင်လို့ ခေါ်တယ်။ အဘပုံရှာပြီး ငါ့သမီး ကိုးကွယ်ထား။ တစ်နေ့ သာသနာပြုရမယ်''လို့ ဆိုလာပါတယ်။ ဒီလိုနဲ့ စာရေးသူလည်း အိပ်မက်အကြောင်းကို အခေါ်တစ်ယောက်ကို ပြောပြတော့ အဘတို့အကြောင်းကို နားလည်ပြီး အဘတို့ကိုကိုးကွယ်တဲ့ အခေါ်က အဘဓာတ်ပုံတစ်ပုံ ပေးလာလို့ စာရေးသူလည်း ဘုရားကျောင်းဆောင်ဘေးမှာ စင်ကလေးတစ်ခုရိုက်ပြီး အဘကို ကိုးကွယ်ဆည်းကပ်ထားပါတယ်။ အဲဒီနောက်မှာတော့ အဘက အာရုံနဲ့ ညွှန်ကြားပေးရင်း အဘညွှန်ကြားချက်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း စာရေးသူလိုက်နာကျင့်သုံးခဲ့ပြီး အဘ၏ ဆိုဆုံးမမှုများကိုလည်း အမြဲတမ်း နာခံလိုက်နာခဲ့ပါတယ်။ ဒီလိုနဲ့ စာရေးသူဘဝ သာသနာကိစ္စအတော်များများလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ခုနစ်ရက်သားသမီးကိစ္စတွေလည်း အဆင်ပြေအောင် အများကြီး ကူညီပေးနိုင်ခဲ့သလို၊ စာရေးသူ ဘဝလည်း ယခုအခါမှာ စားဝတ်နေမှု၊ လျှဒါန်းမှု၊ ပူပင်ကြောင့်ကြမှုမရှိ ပင်ပင်ပန်းပန်း ဘယ်အရာမှ မဆောင်ရွက်ရဘဲ အလွန်အေးချမ်းသာယာစွာ နေထိုင်လျက်ရှိကြောင်းပါ။ စာရေးသူ ကြုံကြိုက်ခဲ့ရသည့် အေးချမ်းတဲ့ဘဝကို စာဖတ်ပရိသတ်ကြီးလည်း ကြုံစေ၊ ဆုံစေချင်သဖြင့် ဖော်ပြရခြင်းဖြစ်ပါသည်။

စာရေးသူဘဝဟာ အပူပင်ကြောင့်ကြမဲ့ပါ။ မချမ်းသာပေမယ့် ချမ်းသာပါတယ်။ အေးချမ်းနေပါတယ်။ ဒါကြောင့် စာရေးသူက အဘတို့လောကကြီးမှာ အေးချမ်းအောင်၊ နေထိုင်တတ်အောင်၊ နေနိုင်အောင်ထားတဲ့ အဘရဲ့ကျေးဇူးတွေကို ဦးထိပ်တင်လျက် အဘအကြောင်းကို အဖော်သူငယ်ချင်းဖြစ်သူ ခင်ခင်ကို အမြဲတစေ ပြောပြလေ့ရှိပါတယ်။ ခင်ခင်ဆိုတာကလည်း စာရေးသူကိုမှီပြီး အဘကျွေးမွေးပေးကမ်းမှုတွေကို ခံစားနေရတဲ့သူတစ်ယောက်ပါ။ စာရေးသူ အမြဲတမ်း ခင်ခင်နဲ့ပြောလေ့ရှိတာက "အဘကို အခု တို့တစ်တွေ တွေ့နေရသလို၊ ပြောနေရသလို နဂိုမူလအတိုင်း အပြင်မှာ တွေ့ချင်တယ်။ အဘအကြောင်းလည်း သေသေချာချာ သိချင်တယ်။ အဘကျေးဇူးလည်း သေချာဆပ်ချင်တယ်။ "အပြင်မှာ မြင်ချင်တွေ့ချင်တာတွေကို ခဏခဏ ပြောဖြစ်ကြပါတယ်။ တကယ့်ကိုလည်း တမ်းတပါတယ်။ အာရုံထဲမှာတော့ အမြဲမြင်တွေ့နေရပါတယ်။ အဘပြောသံ၊ ဆုံးမသံ၊ ညွှန်ကြားသံတော့ အဘမိန့်တဲ့အတိုင်း နားနဲ့ဆတ်ဆတ် ကြားနေရတာပါ။ တစ်နေ့တော့ ကြုံလာခဲ့ပါပြီ။ စာရေးသူ၏ အစ်မဖြစ်သူက အဘထွက်ပွဲအကြောင်းပါတဲ့ စာအုပ်ကို ငှားလာပေးပြီး "နင့်အဘအကြောင်း ပါတယ်။ ဖတ်ဖို့ လာပေးတာ" ဆိုပြီး အစ်မပြန်သွားတဲ့နောက် စာရေးသူလည်း တစ်ယောက်တည်း အေးအေးဆေးဆေးဖတ်ရင်း အဘထွက်ပွဲရှိတဲ့အကြောင်းကို သိရတော့ ယခုလို တမ်းတမိပါတယ်။ "အဘရေ အဘခေါ်ရင်လည်း အဘထွက်ပွဲ သမီးရောက်မှာပေါ့" လို့ တစ်ယောက်တည်း တိုင်တည်ပြောဆိုမိပါတယ်။

ဒီလိုနဲ့ ရက်မကြာမီ စာရေးသူ အိမ်ကို စာရေးသူတို့ ကိုးကွယ်သော ဦးဇင်းကြွလာတာနဲ့ ဦးဇင်းကို အိမ်မှာ ခဏနားနေစေပြီး ဦးဇင်း မနက်အရုဏ်ဘုဉ်းပေးရန်အတွက် မုန့်သွားဝယ်ခဲ့ရာမှ မုန့်ရောင်းတဲ့ကလေးက

"အရင်က ‥ ကားဝယ်ပြီးရင် ဦးဇင်းနဲ့ အန်တီတို့ကို ဘုရားဖူးပို့ပေးမယ်ပြောထားခဲ့တဲ့အတိုင်း အန်တီတို့ တစ်နေရာ ဘုရားဖူးထွက်ကြပါလား။ ဒကာခံပါ့မယ်"

ဆိုပြီး တောင်းဆိုလာပါတယ်။ မကြာခဏပြောနေတာနဲ့ စာရေးသူကလည်း အခါတိုင်းငြင်းပယ်ခဲ့ပေမယ့် "ဒီတစ်ခါ သွားမယ်" လို့ပြောပြီး ပြန်လာခဲ့ပါသည်။ အိမ်ရောက်တော့ –

"ဦးဇင်းဘုရား၊ ကလေးတွေက ဘုရားဖူးလိုက်လို့ တောင်းဆိုလာတော့ အတွက် သွားကြရအောင် ဘုရား" လို့ လျှောက်တင်ပြီး –

"ဦးဇင်း၊ ဘယ်သည့်ဘော်တို့ နေပြည်တော် ဘုရားဖူးသွားပြီး ပဋ္ဌာန်း ပူဇော်ရအောင်လို့"

လျှောက်တော့ ဦးဇင်းက "ငါမကြွချင်ဘူး" လို့ ပြန်မိန့်ခဲ့တယ်။ ကလေးတွေက သွားဖြစ်အောင် သွားပေးပါဆိုပြီး တောင်းဆိုထားတော့ စာရေးသူက နောက်တစ်ကြိမ် ဦးဇင်းကို လျှော်ထားရာ –

"ဦးဇင်း ပုပ္ပားမှာ အဘထွက်ပွဲ တစ်ကျော့ပြန် ကန်တော့ခံပွဲရှိတယ်။ အဲ့ဒီကို ကြွမလား" လို့ဆိုတော့ "သွားကြတာပေါ့" ဆိုတာနဲ့ စာရေးသူလည်း ကားဒကာခံမယ့် ကလေးနဲ့ ဆက်သွယ်ပြီး ပုပ္ပားကို သန်ဘက်ခါသွားမယ်ဆိုပြီး စီစဉ်ဖြစ်ကြတယ်။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (၁၃၇၄၊ တော်သလင်းလ အမြင့်ဆုံး နေ့) မှာ သွားဖြစ်ခဲ့ကြသည်။ ပုပ္ပား ပုဂံဆိုတာ စာရေးသူ ကြားဖူးခဲ့တာ။ ယခုတော့ ရောက်ခဲ့ကြရပြီ။ သွားသွားချင်းမှာ ပုပ္ပားကို အရင်မသွားဘဲ ပုဂံကို အရင်သွားခဲ့ပါတယ်။

အဘက လပြည့်နေ့ ပုပ္ပားတောင်ပေါ်အရောက်မိန့်တာနဲ့ အဖိတ်နေ့မှာပဲ ပုဂံ–ရွှေစည်းခုံဘုရားကို စတင်ဖူးမြော်ပြီး တစ်နေကုန် ပုဂံရှိဘုရားအကုန် လည်ပတ်ဖူးမြော်ပြီး ညဘက်ရောက်တော့ ရွှေစည်းခုံဘုရားဇရပ်ထဲမှာ နားကြသော စာရေးသူအဖွဲ့အပါအဝင် အခြားဘုရားဖူး အဖွဲ့များလည်းရှိတော့ ဘုရားလည်းဆူ၊

www.burmeseclassic.com

ရာသီဥတုပူတာကလည်း ပြင်းပြလွန်းတာကြောင့် စာရေးသူမှာ နှလုံးရောဂါ အခံရှိတော့ နှလုံးရောဂါ စဖောက်ပါလေရော။ ဆူတာရော၊ ပူတာရောနဲ့ အဲ့ဒီမှာတင် နေခဲ့ရလောက်ပြီ ထင်နေခဲ့တာ။ အဲ့ဒီအချိန်မှာပဲ အဘကိုတိုင်တည်ရင်း ဆေးသောက်တော့ နှလုံး ငြိမ်ပြီး အိပ်ပျော်သွားတာပဲ။ မအိပ်ခင် ဦးဇင်းက "ငါတို့ ပုပ္ပားသွားလို့မရဘူး ထင်တယ်။ ကားလည်းညပ်၊ လူလည်းပြည့်၊ ဆိုင်ကယ်တွေကလည်း များနဲ့ တိုးမနိုင်လောက်ဘူး"မိန့်တော့ အားလုံးသဘောတူညီချက်နဲ့ "အဘ တောင်ခြေဦးတိုက် လှည့်ပြန်ကြတာပေါ့"လို့ ဆုံးဖြတ်လိုက်ပြီး အိပ်ရာဝင်ခဲ့ကြတယ်။ စာရေးသူ အိပ်မပျော် တပျော်မှာ အဘက "ငါ့သမီး လမ်းရှင်းထားမယ်"လို့ လာမိန့်တယ်။ စာရေးသူက "လမ်းရှင်းထားတာဟုတ်ပြီအဘ။ ပုပ္ပားမှာ မျောက်တွေကလည်းများတယ်၊ လူတွေကိုလည်း လိုက်ဆွဲတယ်။ သမီးကြောက်တယ် အဘ"လို့ပြန်လျှောက်တော့ "မျောက်တွေဖယ်ထားမယ်။ ရောင်နီမှာ အောင်စည်အောင်မောင်းနဲ့ ကြိုမယ်။ အတီးအမှုတ်နဲ့ ကြိုမယ်"လို့ အဘမိန့်ပြီး ပျောက်သွားတယ်။ စာရေးသူလည်း နှလုံးတုန်တာငြိမ်သွားပြီး အိပ်ပျော်သွားလိုက်တာ မနက် ၃ နာရီမှာ ခင်ခင်လာနှိုးလို့ အဖွဲ့တွေအားလုံး အိပ်ရာထ၊ မျက်နှာသစ်၊ အဝတ်အစားတွေလဲပြီး ပုပ္ပားကို ချီတက်လာခဲ့ကြပါသည်။

ပုပ္ပားလည်းရောက် မနက်စာစားပြီး တော်ပေါ်တက်ကြတာ ပထမမုခ်ဦးမှာပဲ အဘကို ဦးခိုက်ကန်တော့ကြတယ်။ အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ ကန်တော့ရအောင်ဆိုပြီး ပွဲကိုကိုင် အဘကိုတိုင် တည်ကန်တော့တာနဲ့ တစ်ဖက်ကနေ အောင်စည်အောင်မောင်း ကိုးချက်တိတိ ထုလိုက်သံကို မနက် အရုဏ်မှာ ဟိန်းနေအောင် ကြားလိုက်ရတော့ ဝမ်းသာပီတိဖြစ်ရပြီပေါ့။ ဒီလိုနဲ့ တောင်ပေါ်ကို ဆက်လက်တက်ကြပြီး ပုပ္ပားမယ်တော် နန်းရှေ့ရောက်တော့ "... တို့ကို ကြိုဆိုပါတယ်"လို့ နားက ကြားလိုက်တာနဲ့ တပြိုင်တည်း ရှမ်းအိုးစည်ဗုံမောင်းသံကို သာယာစွာကြားလိုက်ရလို့ လှည့်အကြည့် အသက် ၁၇၊ ၁၈ အရွယ်ရှိ အရွယ်တူ ကောင်လေး အယောက် ၂၀ ခန့်မှာ တူညီဝတ်စုံများနှင့် ဗုံမောင်းအိုးစည်ကြီး မြိုင်ဆိုင်စွာတီးပြီး တက်လာလိုက်တာ တကယ့်ကို အံ့မခန်း ပျော်စရာပါပဲ။ စာရေးသူတို့ အတီးအမှုတ်နောက် လိုက်ကြည့်ပေမယ့် စာရေးသူ နှလုံးဖောက်တာနဲ့ အပေါ်ထိ မတက်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ပျော်လည်းပျော် အံ့သြခြင်းများစွာနဲ့ တောင်ပေါ်က ဆင်းပြီး လာရာလမ်းကို ပြန်ခဲ့ကြပါတယ်။ တောင်ပေါ်မှာ အဘပြောခဲ့တဲ့ ကားရှင်းထားမယ်ဆိုတဲ့အတိုင်း ကားတွေလည်းမတွေ့ရ၊ ဆိုင်ကယ်လည်း မမြင်ရ၊ လူတွေလည်းရှင်းနေပြီး များလှပါတယ်ဆိုတဲ့ မျောက်များကို စာရေးသူကိုယ်တိုင် တစ်ကောင်တလေမျှတောင် မတွေ့ခဲ့ရပါဘူး။ ကားပေါ်ရောက်မှ အဖော်တစ်ယောက်က "ငါတော့ မျောက်အစာကျွေးလာခဲ့သေးတယ်"ဆိုတော့ စာရေးသူက အံ့သြစွာနဲ့ "မျောက်တွေ့လာလို့လား"လို့ မေးတော့ "တွေ့လာလို့ပဲ မျောက်စာဝယ်ပြီး ကျွေးခဲ့တာပေါ့"ဆိုခဲ့ပေမယ့် စာရေးသူက အဘဖယ်ထားပေးလို့ မတွေ့လိုက်ရပါဘူး။

တောင်ပေါ်မှ အဆင်းလမ်းကနေ စာရေးသူတို့ကားအဆင်း ကုန်းမို့မို့ လမ်းမောက်မောက်နား အရောက် အောက်မှ ကားတစ်စီးနဲ့ဆိုင်ကယ် တက်လာလို့ ရှောင်ကြရင်း စာရေးသူတို့ကားဘီး ပြေလွှတ်ပြီး ကားထောင်နေစဉ် "အဘရေ ... ဒီမှာကားဘီး ထောင်နေပြီ၊ လာကြည့်ပါဦး။ သမီးတို့ကြောက်တယ်"လို့ တိုင်တည်တမ်းတလိုက်သည်နှင့် ကောင်လေးတစ်ယောက်မှ ကားဘီးကို ကျောက်ခဲကြီးနှင့် လာခုထားပေးပြီး အန္တရာယ်လွတ်ကင်းစွာ ဆက်လက်မောင်းထွက်လာနိုင်ခဲ့ရာ စာရေးသူတို့ အိမ်အရောက်ပဲပေါ့။

အဘရဲ့ မျက်ဝါးထင်ထင် စောင့်ရှောက်မှုကို ခံယူခဲ့လိုက်ရပါပြီ။ ယခုကဲ့သို့ ခရီးသွားရေး မဟုတ်ပါဘူး။ စာရေးသူ ဘဝတစ်လျှောက် နှစ် ၃၀ လုံးလုံး အဘထံမှ စောင့်ရှောက်မှု၊ ဖေးမမှု၊ ကူညီမှုတွေ များစွာကြုံခဲ့ရပါတယ်။ ထပ်မံဖော်ပြနိုင်မယ်ဆိုရင်လည်း စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ကိုယ်တွေ့များစွာကို စာဖတ်ပရိသတ်များသိရှိရန်နှင့် အဘကျေးဇူးအားလုံးကို သိသည်ထက်ပိုပြီး ဦးခိုက်နိုင်အောင် ဖော်ပြပေးပါဦးမည်။

ကျေးဇူးရှင် အဘအောင်မင်းခေါင်၏ ဂုဏ်တော်ကျေးဇူးတော်များကို ဦးထိပ်တင်ပန်ဆင်လျက် ...။

*အဘအောင်မင်းခေါင်၏သမီး*

*သံသရာအေး(လှိုင်[illegible]ကော်)*



www.burmeseclassic.com

www.burmeseclassic.com



# လေးကြိုးထိပ်ခေါင် ဘိုးမင်းခေါင်

ရေကျော်စိုးအောင်

လူ့ဘောင်ဘဝ၌ ယုံကြည်မှုသဒ္ဒါ တရားသည် ယုံကြည်သူအတွက် အစ စအရာရာ အောင်မြင်မှုနှင့် ကြုံရမည်သာ ဖြစ်၏။ မယုံလျှင် သည်အတိုင်း နေပါ။ စော်ကားမှုမဖြစ်ရန် အလွန် အရေးကြီးလှသည်။ စာရေးသူ၏ ဘဝ ပဋ္ဌာန်းဆက်ဟုဆိုရမည့် အဘတို့နှင့် ဆက်နွှယ်မှုရှိရသည်ဟုဆိုလျှင် မှားအံ့ မထင်ပါ။

အမိဝမ်းအတွင်း ရောက်ခဲ့ရသည်မှာ ပိတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးက သည်ကလေးမွေးဟု ပြောပြောဆိုဆိုနှင့် အိပ်မက်ပေးခဲ့သည်ဟု အမေက တဖွဖွပြောပြဖူး၏။ အချိန်တန် အရွယ်ရောက်လာပြန်သည့်အခါ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အဘတို့ကို အိပ်မက်အတွင်းမှာ အကြိမ်ကြိမ်ဆုံခဲ့ဖူး၏။

အထူးသဖြင့် အိပ်မက်အတွင်းမှ ပုဂ္ဂိုလ်ကား အဘဘိုးမင်းခေါင်ပင် ဖြစ်သည်ဟု အကြွင်းမဲ့ယုံကြည်မိ၏။ တိုက်ဆိုင်မှုဟုဆိုဆို အမှတ်မထင်ကြုံရသည့် ကိစ္စရပ်များမှာ အမှန်ကြုံရသည်က ငြင်းမရခဲ့ပါပေ။

စာရေးသူဖြတ်သန်းရသည့် ဘဝခရီးလမ်းကား ပန်းလျှလှပါဘိ။ နွမ်းတလျှလျှရှိခဲ့ရ၏။ ဖြောင့်ဖြူးသည်ဟူ၍ မရှိခဲ့ပေ။ လောကဓံတရား၏ သဘာဝကို အရိပ်အမြွက် နားလည်ထားသူဖြစ်၍ ဖြစ်ပေါ်ခံစားရသည့် ပြဿနာများ သမျှ ကြံ့ကြံ့ခံနိုင်ခဲ့သူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ငယ်ဘဝမှစ၍ ယခုလက်ရှိဘဝ အထိ ရတနာသုံးပါးမမေ့၊ ရံဖန်ရံခါ အဘတို့အား တိုင်တည်ဖူး၏။ အဘတို့ ချမှတ်ထားသည့် ပုတီးစိပ်နည်းနှင့် ဂါထာများမကျန် အမြဲလိုလို ရွတ်ဖတ်ဖူး၏။

အမှန်စင်စစ် အဘဟုဆိုရသည်မှာ အဘဘိုးမင်းခေါင်ပင် ဖြစ်သည်။ အဘသည် သာသနာပြုပုဂ္ဂိုလ်တစ်ပါးပင်ဖြစ်သည်ဟု ယုံကြည်၏။ အဘဘိုးမင်းခေါင်နှင့် ပုပ္ပားတောင်သည် ဘူမိနက်သန်မှန်သည်ဟု ဆိုရမည်ဖြစ်သည်။

အဘဘိုးမင်းခေါင်သည် ပုပ္ပားတောင်မကြီးအရှေ့မြောက် စင်မြင့်ရွာ၌ အဘဦးအောင်ပု၊ အမိဒေါ်မင်းသစ်တို့မှ ၁၈၈၀ ပြည့်နှစ်၊ မေလ ၂ ရက်တွင် ဖွားမြင်ခဲ့သည်ဟု သိရ၏။ ငယ်နာမည် ဘိုးအောင်ဖြစ်၍၊ ရဟန်းဘွဲ့မှာ ဦးအာစိဏ္ဏ ဖြစ်သည်။ ရဟန်းဘဝတွင် ၁၀ ဝါ အရတွင် မြို့ရွာအနှံ့ ခြေဆန့်ခဲ့ပြီး မွေးရပ်မြေ စင်မြင့်ရွာ၌ ပြန်လည်အခြေချနေခဲ့၏။

ရဟန်းဘဝ ၁၃ ဝါအရောက် အနှစ် ၃၀ ခန့် ရဟန်းဝတ်ဖြင့် ခရီးထွက်၍ ထူးဆန်းစွာ ပျောက်ဆုံးနေခဲ့သည်ဟု သိရပြန်သည်။ ပျောက်ဆုံးချိန်အတွင်း ခရစ်နှစ် ၁၉၃၈ ခုနှစ်၌ ကချင်ပြည်နယ်၊ မိုးညှင်းနယ်ရှိ နမ္မားခရူချောင်းရွာ၌ အရူးအသွင်ယူကာ သာသနာဓာတ်ပန္နက်ချ၍ သာသနာ့လုပ်ငန်း လုပ်ဆောင်နေသည်ဟုလည်း မှတ်သားမိပါသည်။

၁၉၂၆ ခုနှစ်၌ ကသာမြို့တွင် ဗြိတိသျှတို့က မသင်္ကာ၍ အဘဘိုးမင်းခေါင်ကို ခေတ္တဖမ်းဆီးခဲ့၏။ အဘဘိုးမင်းခေါင်သည် သာမန်လူတို့ လုပ်ဆောင်ရန်ခက်သည့် ထမင်းဆိုင်၌ လည်လိုးပြီးသား ကြက်သေကို ပြန်ရှင်အောင်ပြုခြင်း၊ ဧရာဝတီမြစ်အတွင်း၌ သစ်တုံးစီးပြီး ရေဆန်တက်ပြခြင်း၊ ကျားရိုင်းများကို ကြောင်သဖွယ် ကစားပြခြင်း၊ အင်ဂျင်မပါသော ကားကို ပုပ္ပားမှ ကျောက်ပန်းတောင်းအထိ မောင်းနှင်ပြခြင်းတို့ကား ထူးထူးဆန်းဆန်း အံ့ဩဘနန်းရှိခဲ့သည်ဟု မှတ်သားမိပါသည်။

အဘဘိုးမင်းခေါင်သည် ပုပ္ပားတောင်ကလပ် ဓာတ်ခန်းတွင် အောင်မင်းခေါင်စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။ အဘသည် ၁၃၁၄ ခုနှစ်တွင် ကမ္ဘာလုံးစေတီ တည်ခဲ့သည်။ အဘသည် ၇၂ နှစ်အရွယ်တွင် ပုပ္ပားတောင်ကလပ် (ယခု ဘိုးမင်းခေါင်စေတီဓာတ်စခန်းတည်ရာ) အဆောက်အဦး၌ ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် (၅-၉-၁၉၅၂)ခုနှစ် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မူလရုပ်ပေါင်းစွန့်၍ ထွက်ရပ်စခန်း ကြွမြန်းခဲ့သည်ဟုလည်း လေ့လာတွေ့ရှိရပေ၏။

အဘဘိုးမင်းခေါင်၏ ထွက်ရပ်စခန်းဝင်ချိန်၌ ခန္ဓာကိုယ်အောက်ပိုင်း ပုပ်စော်နံနေပြီး ခန္ဓာကိုယ်အထက်ပိုင်းမှာ မွှေးကြိုင်နေခဲ့သည်ဟု အသက်မီလိုက်သူ ခါမင်းဝဲတောင်ဆရာတော် ဦးကုန္တက(စစ်ကိုင်း)၏ မိန့်ကြားမှုအရ သိခဲ့ရပြန်၏။

ဤသို့ အဘ၏ အောက်ပိုင်းပုပ်စော်နံနေမှုကြောင့် အောက်တန်းကျသူများက မိမိနာမည်နှင့် လုပ်စားကြမည်ဖြစ်သကဲ့သို့ အထက်ပိုင်း မွှေးနေမှုအရ အထက်တန်းစားပုဂ္ဂိုလ်များက မိမိဂုဏ်သတင်းမွှေးအောင် ဆောင်ရွက်ကြမည်ဟု ဆရာတော်ဦးကုန္တက(စစ်ကိုင်း)က မိန့်ကြားခဲ့ကြောင်း သိရ၏။

အဘဘိုးမင်းခေါင် ထွက်ရပ်မမြန်းမီ တပည့်များကို ဤသို့မှာခဲ့ပြန်သည်ဟု သိရ၏။ ရုပ်ကိုမသုံး၊ နာမ်ကိုသုံးမည်၊ မိမိပုံသဏ္ဌာန်အမျိုးမျိုးနှင့် ကြွလာမည်။ မိမိသည် နတ်ကြိုး၊ ဓာတ်ကြိုး၊ သိုက်ကြိုး၊ သာသနာ့ကြိုးတွေ ပိုင်နိုင်စွာ ကိုင်ထားခဲ့၍ "လေးကြိုးမင်းခေါင်"ဟုလည်း မှာကြားခဲ့သည်။ အဘဘိုးမင်းခေါင်၏ သီးသန့် အောင်ဂါထာမှာ -

ဗုဒ္ဓေါ မောစေယျ၊
မုဋ္ဌော မောစေယျ၊
တိဏ္ဏော ဋ္ဌာနေယျ . . .ကို

ပြင်းပြင်း သုံးလောက်ရွတ်ရမည်ဟုလည်း မှာကြားခဲ့ပြန်သည်။ မည်သို့ပင်ဆိုစေကာမူ အဘဘိုးမင်းခေါင်သည် မြန်မာနိုင်ငံ၏နေရာအနှံ့၌ ထင်ရှားကျော်ကြားသူဖြစ်၏။ အဘထွက်ပွဲများကို နှစ်စဉ်လိုလို ယုံကြည်သူ ဓမ္မမိတ်ဆွေအပေါင်းက ဦးညွှတ်ကြည်ညိုနေကြသည်ကိုလည်း နှစ်စဉ်မြင်တွေ့နေရပေသည်။

ထိုနည်းနှင်နှင်ပင် စာရေးသူ၏ဘဝတစ်လျှောက် စာရေးသူ၏အိပ်မက်ဒါတွင်းနှင့် စာရေးသူ၏ အနီးအပါး၌ ကောင်းမှုဂုဏ်တော်ပုတီးစိပ်နေသည့်အခါတိုင်း အရိပ်သဖွယ် ရှိနေပါသည်ဟုသာ လေးလေးနက်နက် ယုံကြည်မှုဖြင့် ရေးသားအပ်ပါတော့သည်။

● ရေကျော်စိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးမင်းခေါင် ချီးမြှင့်သော

# ဣစ္ဆာသယဆေးတောင့်အစွမ်း

## မင်းသန့်ကျော် ( ဗိုးကုန်း )

ယခုလို မိုးဦးကျလာပြီဆိုလျှင် ဗတ်ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းအုံ့ဆိုင်းလျက်ရှိလေသည်။ လယ်ကွင်းများတွင် လယ်ထွန်နေသူများ၊ ပျိုးနုတ်နေသူများ ကောက်စိုက်နေသူများဖြင့် စည်ကား၍ နေလေသည်။

ဘိုမသည် လေးနှစ်အရွယ် သားကလေးအား လက်ဆွဲလျက် တောစပ်သို့လာနေလေသည်။ ဘေးမှ အဖော်ဖြစ်သော မသီတာသည် ဆေးလိပ်ဖွာကာ စကားတစ်လုံးမျှ မပြောဘဲ လိုက်ပါလာလေသည်။

သူတို့ရွာမှ ထွက်လာသည်မှာ နံနက်စာ ထမင်းစားပြီးစအချိန် ဖြစ်လေသည်။

နံနက်ကပင် ဘေးအိမ်ရှိ ရေဒီယိုမှ မုန်တိုင်းသတင်း ကြေညာနေသည်ကို ကြားခဲ့ရသေးသည်။ ဘင်္ဂလားပင်လယ်တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်တဲ့။ မုန်တိုင်းအသွင်ကူးပြောင်းပြီး ဘုံ ဗတို့နေထိုင်ရာ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်နိုင်သည်တဲ့။

မုန်တိုင်းလာနိုင်သည်ကိုတော့ သိပါသည်။ သို့သော် အင်ဖက်ခူးသည်မှာ မကြာလှသည်မို့ အချိန်ရှိခိုက်တွင် အင်ဖက်ခူးရန် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ ဘိုမသည် အင်ဖက်ရောင်းရငွေထဲမှ အချို့အဝက်ကို စုထားကာ သားကလေးရှင်ပြုရာတွင် ထည့်သွင်းသုံးစွဲမည် ဖြစ်လေသည်။

ဘိုမသည် တကယ်တော့ ဤအရပ်သူမဟုတ်ချေ။ အညာသူဖြစ်လေသည်။ ဘိုမ လေးနှစ်သမီးအရွယ်လောက်က အောက်ပြည်အောက်ရွာမှ ကောက်စိုက်ခေါ်ရန် လာသူများနှင့် အမေက လိုက်ပါလာခြင်းဖြစ်၍ ဘိုမ ပါလာခြင်းဖြစ်ပါသည်။

ကောက်စိုက်ချိန်တွင် အောက်ပြည်အောက်ရွာ၌ ကောက်စိုက်မ မလုံလောက်၍ အညာသို့လာခေါ်ရခြင်း ဖြစ်လေသည်။

အောက်ပြည် အောက်ရွာ၌ ကောက်စိုက်၍ပြီးသော်လည်း အမေသည် အညာသို့မပြန်တော့ဘဲ အောက်ပြည်အောက်ရွာ၌ပင် သောင်တင်နေလေသည်။

တကယ်တော့ ဘိုမတွင် အဖေ မရှိတော့ပါ။ ကွယ်လွန်ခဲ့ပြီ ဖြစ်လေသည်။ အမေနှင့် ဘိုမတို့သည် အမေ့ညီမအိမ်တွင် ခိုကပ်နေထိုင်ခဲ့ရခြင်း ဖြစ်လေသည်။ အမေ့ညီမသည် ဘိုမတို့သားအမိအား ကြည်ဖြူခြင်း မရှိပါ။

အောင်လံတွင် နေစရာမရှိသည့်အတူတူ အောက်ပြည်အောက်ရွာမှာပင် အမေသည် ရွာလူကြီးအား နေစရာတောင်းကာ ရွာလူကြီးပေးသော ခြံလွတ်တစ်ခုတွင် တဲကလေးထိုးကာ နေလိုက်လေသည်။

အမေသည် ကောက်စိုက်ရန်ရှိသည့် အချိန်တွင် ကောက်စိုက်၍ ကောက်စိုက်ပြီးသည့် အချိန်များတွင် တောထဲ၌ အင်ဖက်ခူးပါသည်။

ဘိုမ အရွယ်ရောက်လာသော်လည်း အမေသည် ဘိုမအား ကောက်စိုက်ရန် ခွင့်မပြုခဲ့ချေ။ အိမ်၌ ထမင်းချက်လုပ်ငန်းကိုသာ လုပ်စေလေသည်။ ဘိုမအား အမေသည် ကျောင်းထားပေးခဲ့ခြင်းလည်း မရှိပါ။

သို့နှင့် ဘိုမ အရွယ်ရောက်လာသည်တွင် သူတို့မြို့၌ စစ်တပ်တစ်ခုလာရောက်တပ်စွဲပါသည်။ လူကြီးများပြောသံဆိုသံအရ နယ်မြေလုံခြုံရေးအတွက် ရောက်လာခြင်းဖြစ်ကြောင်း သိရပါသည်။

တစ်နေ့တွင် ဘိုမသည် အမေနှင့် ဈေးသို့လိုက်လာရာမှ စစ်တပ်အတွင်းမှ တပ်သားကလေးမောင်သာကျော်သည် ဘိုမအား တွေ့မြင်သွားလေသည်။

မောင်သာကျော်သည် စစ်သား



www.burmeseclassic.com

www.burmeseclassic.com

ပီပီ ကျားကျားလျားလျားနှင့် ရုပ်ရည်မှာလည်း သနားကမားရှိလေသည်။ ဘိုမမှာလည်း တစ်ခါမြင်လိုက်ရုံနှင့် စွဲလမ်းလောက်သည့် ရုပ်ရည်ရှိလေသည်။

တစ်ခါတွင် မောင်သာကျော်သည် နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်စဉ် ဘိုမတို့ ရွာအနီးရောက်လာကာ ရွာထိပ်ရေကန်၌ ဘိုမရေခပ်နေသည်ကို တွေ့ရှိ၍ ဘိုမကို ချစ်ကြိုက်ကြောင်း ပြောလေတော့သည်။

ဘိုမသည်လည်း မောင်သာကျော်ကို စွဲလမ်းနေသည်ဖြစ်၍ သူတို့နှစ်ဦးသည် ချစ်သူများဖြစ်သွားလေသည်။

ဘိုမသည် အချိန်အားရတိုင်း ဈေးသို့သွားချင်နေလေသည်။ တစ်နေ့ အမေနှင့် ဈေးသို့လိုက်လာရာတွင် စစ်တပ်ရွှေ့မှုဖြစ်လာရာ မောင်သာကျော်နှင့် တွေ့လေသည်။

အမေ ဈေးဝယ်နေစဉ် အလစ်တွင် မောင်သာကျော်သည် ဘိုမအနားသို့ ကပ်လာကာ သူတို့စစ်တပ်နက်ဖြန် ပြောင်းရွှေ့ရတော့မည်ဖြစ်ကြောင်း ဘိုမကို သူနှင့်တစ်ပါတည်းလိုက်ခဲ့စေလိုကြောင်း ပြောလေသည်။

ဘိုမသည် ဈေးမှပြန်လာပြီး အမေ့ကိုလည်း စကားမပြောဘဲနေကာ စစ်သားကလေး မောင်သာကျော်နှင့် လိုက်သွားမည်လော၊ နေရစ်မည်လောဟု အပြန်ပြန်အလှန်လှန် စဉ်းစားနေမိ၏။

သူမသည် ဆင်းရဲလှသည်။ စစ်သားကလေး မောင်သာကျော်နှင့် လိုက်သွားမည်ဆိုပါက သူမဘဝသည် သာယာလိမ့်မည် ထင်သည်။ ဤသို့ဖြင့် အမေ့အား ဖွင့်မပြောတော့ဘဲ ဘိုမသည် နောက်တစ်နေ့နံနက် ၄ နာရီခန့်တွင် မောင်သာကျော်ရှိရာ မြို့သို့ လာခဲ့လေသည်။

တပ်မတော်သားများသည် တပ်ပြောင်းရွှေ့ရန် ပြင်ဆင်နေချိန်တွင် ဘိုမရောက်လာပြီး မောင်သာကျော်နှင့် တွေ့ဆုံပြီး တပ်ပြောင်းရွှေ့ရာသို့ လိုက်ပါသွားလေတော့သည်။

ဤသို့ဖြင့် ဘိုမသည် တပ်သားလေးမောင်သာကျော်နှင့် ပေါင်းသင်းနေထိုင်ပြီး သုံးနှစ်မျှကြာသောအခါ မောင်သာကျော်မှာ ရှေ့တန်းတစ်နေရာတွင် ရန်သူနှင့် တိုက်ပွဲဝင်ရင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားလေသည်။

ဘိုမမှာ လူမမည်သားယောက်ျားကလေးနှင့်အတူ ရွာသို့ပြန်လာခဲ့ရာ အမေမှာ ဘိုမအားတမ်းတရင်း ရောဂါဝေဒနာခံစားနေရကြောင်း တွေ့ရှိရလေသည်။ ဘိုမတို့ရောက်ပြီး တစ်ရက်မျှအကြာတွင် ဘိုမ၏အမေသည် ကွယ်လွန်သွားလေသည်။

သို့နှင့် ဘိုမမှာ လင်ယောက်ျားလည်းဆုံး၊ အမေလည်းဆုံးကာ ယူကျုံးမရဖြစ်လျက် ကြီးစွာပူဆွေးသောက ရောက်ရလေသည်။

ဘိုမတို့သားအမိမှာ အမေနေသွားသော အိမ်ကလေးတွင် ဆက်လက်နေထိုင်ရင်း တောတွင်း၌ အင်ဖက်ခူးရောင်းသော အလုပ်ကို လုပ်ကိုင်နေလေသည်။

ကွယ်လွန်တပ်သား မောင်သာကျော်အတွက် ရရှိသော ပင်စင်လစာဖြင့် ဘိုမတို့သားအမိသည် စားလောက်၊ သောက်လောက် ရှိပါသည်။ အင်ဖက်ခူး၍ ရောင်းရသော ငွေမှာ

သူမသည်
ဆင်းရဲလှသည်။
စစ်သားကလေး
မောင်သာကျော်နှင့်
လိုက်သွားမည်ဆိုပါက
သူမဘဝသည်
သာယာလိမ့်မည်
ထင်သည်။
ဤသို့ဖြင့် အမေ့အား
ဖွင့်မပြောတော့ဘဲ
ဘိုမသည်
နောက်တစ်နေ့နံနက်
၄ နာရီခန့်တွင်
မောင်သာကျော်ရှိရာ
မြို့သို့
လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အပိုဝင်ငွေဖြစ်၍ စုဆောင်းထားပြီး ဘိုမသားကလေးအား သာသနာ့ဘောင်သို့ သွတ်သွင်းသည့်အခါ သုံးစွဲမည်ဖြစ်လေသည်။

ပြီးခဲ့သောလက ဘိုမသည် အောင်လံရှိ ဆွေမျိုးများထံ သွားရောက် လည်ပတ်ခဲ့လေသည်။ အပြန်တွင် ပြည်မြို့သို့ဝင်ကာ ရွှေဆံတော်ဘုရားအား ဖူးမြော်လေသည်။ ထို့နောက် ဆယ်ထပ်ပြီးဘုရားသို့ သွားရောက်ဖူးမြော်ပြီး ဆယ်ထပ်ကြီးဘုရားရှိ ဘိုးမင်းခေါင်ဓာတ်နန်းသို့ဝင်ကာ အဘဘိုးမင်းခေါင်အား ရိုသေစွာ ကန်တော့ပါသည်။

"တပည့်တော်မ အလွန်ဆင်းရဲလှပါတယ် ဘုရား။ ဒုက္ခလည်း အစုံရောက်ခဲ့ပါတယ်ဘုရား။ အဘဘိုးမင်းခေါင် ကူညီစောင်မ ကြည့်ရှုပါဘုရား"

ဘိုမသည် အဘဘိုးမင်းခေါင်အားကန်တော့ရင်း အထက်ပါအတိုင်း ဆုတောင်းခဲ့လေသည်။

ဘိုမသည် သူ၏ရှေးဖြစ်များကို ပြန်လည်တွေးတောရင်း သားကလေးအား လက်ဆွဲ၍ လျှောက်လာခဲ့ရာ အင်ဖက်ခူးရမည့် နေရာသို့ပင် ရောက်လာခဲ့လေသည်။

ဤသို့ရှိစဉ်မှာပင် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်အုံ့မှိုင်းလာကာ မိုးသားများအက်လာလေသည်။ လျှပ်စီးများလည်း မကြာခဏ လက်လာကာ လေပြင်းများ တိုက်ခတ်လာလေသည်။ မိုးဖွဲကလေးများလည်း ကျလာ၏။ မိုးသည် မကြာမီ ကြီးပေတော့မည်။

ဘိုမတို့သည် မိုးခိုရန် နေရာရှာရ၏။ မီးသွေးဖုတ်သမားများ မီးသွေးဖုတ်သွားသည့် ကျင်းကြီးတစ်ခုကို ရှာတွေ့သဖြင့် ထိုကျင်းထဲဝင်ကာ မိုးခိုကြလေသည်။ မိုးသည် သဲကြီးမဲကြီး ရွာလေတော့၏။

မသီတာသည် ဆေးလိပ်သောက်တတ်သူဖြစ်၍ မီးခြစ်သည် ကိုယ်နှင့်မကွာ အမြဲရှိနေ၏။ ထို့ကြောင့် မီးမွှေးရန်အတွက် သစ်တိုသစ်စများ စုဆောင်းကာ မီးမွှေးလေတော့သည်။

ဘိုမသည် ကလေးအား နွေးထွေးစွာထားရင်း သူတို့သုံးယောက်သားသည် မီးလှုံနေကြလေသည်။ အပြင်တွင် မိုးသည် သည်းနေ၏။

"ဘယ်အချိန်လောက် ရှိပြီလဲ မသိဘူး"

"မိုးတော့ မချုပ်သေးဘူးအစ်မ။ မိုးပြတ်မှပဲ သွားလို့ရတော့မှာပဲ"

"ငါအိပ်ချင်လိုက်တာ။ ခေါင်းထဲလည်း မကောင်းဘူး"

ဘိုမသည် ပြောပြောဆိုဆို မီးဖိုဘေးတွင် လှဲချလိုက်လေသည်။ သူမသည် မကြာမီ အိပ်ပျော်သွားလေသည်။ သူ့သားကလေးလည်း အနားတွင် အိပ်ပျော်နေ၏။

ဘိုမသည် အိပ်ပျော်ပြီး မကြာမီ ထူးဆန်းသော အိပ်မက်ကို မက်လေသည်။

အိပ်မက်ထဲတွင် ပုဂ္ဂိုလ်ကြီးတစ်ဦး ပေါ်လာကာ သူမအား နှိုးလေသည်။ ပုဂ္ဂိုလ်ကြီးသည် အသက်ကြီးပိုင်း အဘိုးကြီးတစ်ဦး ဖြစ်သော်လည်း သန်မာဖျတ်လတ်လေသည်။ အရပ်မှာ ထောင်ထောင်မောင်းမောင်းရှိပြီး ခြေဆံလက်ဆံများမှာ အရပ်အမောင်းနှင့် လိုက်လျောညီထွေရှိကြောင်း တွေ့ရလေသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် တိုက်ပုံအင်္ကျီကို ရင်ဖွင့်ကာ ဝတ်ထားပြီး၊ အောက်ပိုင်းတွင်ကား ပုဆိုးကွက်တုံးကြီးနှင့် ဖြစ်ပါသည်။

"သမီး . . ထ . . ထ . . ဟောဒီမှာ သမီးအတွက် အဘချီးမြှင့်တဲ့ ကြက္ကဋ္ဌာသယ ဆေးတောင့်ပဲ။ သမီး စိတ်ကူးတည့်သလိုသာ အသုံးပြုပေတော့။ သတ္တဝါတွေအားလုံးအပေါ်မှာ မေတ္တာရှေ့ထားပြီး ဆေးကုသပေးပါ။ သားလေးရှင်ပြုဖို့အတွက်လည်း လုံလုံလောက်လောက် ရရှိလာလိမ့်မယ်"

ပုဂ္ဂိုလ်ကြီးသည် ပြောပြောဆိုဆိုနှင့် ဘိုမလက်ကို ဆွဲဖြန့်ကာ ဆေးတောင့်ကလေး တစ်တောင့်ကို လက်ဝါးထဲထည့်ပေးလိုက်လေသည်။

ဘိုမသည် လန့်နိုးလာပြီး အနီးရှိ မသီတာအား . . .

"မသီတာ . . . အစ်မ ဘာဖြစ်သွားတာလဲဟင်"

"အစ်မ ပင်ပန်းပြီး အိပ်ပျော်သွားတာ။ ဘာမှမဖြစ်ပါဘူး။ မီးလှုံလိုက်ပါဦး။ သားလေးလည်း အိပ်ပျော်နေတယ်"

ဘိုမသည် မိမိလက်ကို ဖြန့်လိုက်ရာ လက်ထဲတွင် ဆေးတောင့်လိုလို သစ်ဥသစ်ဖုလိုလို အတောင့်တစ်ခုကို တွေ့ရလေသည်။ အိပ်မက်ထဲ၌ ပုဂ္ဂိုလ်ကြီးတစ်ဦး လာရောက်ပေးသွားခြင်းဖြစ်ကြောင်း ဘိုမမှတ်မိလေသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ အဘဘိုးမင်းခေါင်ဖြစ်ကြောင်းလည်း ခိုပ်မိသိရှိလိုက်ပါသည်။

ဘိုမသည် ဆေးတောင့်ကလေးအား တရိုတသေပင် သူမ၏ဦးခေါင်းထက် ဆံပင်ကြားတွင် ထားရှိလိုက်ပါတော့သည်။

မိုးသည် မတိတ်သေး။ ရွာတုန်း



www.burmeseclassic.com

www.burmeseclassic.com

ဘိုမသည် ဆေးကုသရာတွင် အဘဘိုးမင်းခေါင်အား တိုင်တည်လျက် ဝေဒနာဖြစ်ပေါ်ရာ နေရာသို့ ဆေးတောင့်ဖြင့် လှိမ့်ပေးခြင်း၊ တို့ပေးခြင်းများ ပြုလုပ်ပေးသည့်ပြင် ဆေးတောင့်ကို ရေတွင်စိမ်ပြီး တိုက်သည်လည်း ရှိသည်။

ပင်ဖြစ်၏။ လျှပ်စီးများလက်၍ မိုး ချိန်းသည့်အသံများ၊ လေတအားတိုက်သည့်အသံများဖြင့် ပတ်ဝန်းကျင်သည် ဆူညံလျက်ရှိလေသည်။ မိုးချုပ်တော့မည် ဖြစ်လေသည်။

ခဏအကြာတွင် လေတိုက်နေသေးသော်လည်း မိုးသည် တဖြည်းဖြည်း စဲလာသည်။ သို့နှင့် ဘိုမတို့သည် မိမိတို့ရွာသို့ မရောက်နိုင်သော်လည်း နီးစပ်ရာရွာတစ်ရွာသို့ ဝင်ရောက်နားနေရန်အတွက် မိုးစဲတုန်း ခပ်မြန်မြန်ထွက်ခွာလာခဲ့လေသည်။ မိုးသည် တစ်ဖန်ရွာလာပြန်လေသည်။

သို့နှင့် နီးစပ်ရာ ရွာထိပ်ရှိ တဲကလေးတစ်လုံးအတွင်းသို့ မိုးခိုရန် ဝင်ရောက်လိုက်လေသည်။

တဲအတွင်းမှ အဘွားအိုတစ်ယောက် ထွက်လာပြီး ....

"အထဲဝင်ကြလေကွယ်။ မိုးတွေစိုလာသကိုး။ သားလေးလည်း ပါလာတာကိုး"

ဘိုမတို့သည် တဲအတွင်းဝင်ရောက်ကာ မိုးခိုကြလေသည်။

ထိုစဉ် တဲအတွင်းမှ ကလေးတစ်ဦး၏ ညည်းသံထွက်ပေါ်လာလေသည်။

"ကယ်ပါဦး အမေရယ်။ သေရပါတော့မယ်"

အဘွားအိုသည် တဲအတွင်းသို့ ပြေးဝင်သွားကာ ...

"ဆေးကလည်း မရှိဘူး သမီးရယ်။ ခုညတော့ ဒီအတိုင်းပဲ သည်းခံနေပြီး မနက်လင်းတော့မှ ဆရာပင့်ရမှာပဲ"

"အောင့်တာက အရမ်းပဲ အမေရဲ့"

ထိုအသံကို ဘိုမကြားသောအခါ

"ကလေးက ဘာဖြစ်တာလဲ အမေ"

"အောင့်လို့ကွယ်။ အမေ့မှာ ဆေးလည်း မရှိ။ မိုးချုပ်တော့မယ်ဆိုတော့ ဘယ်မှလည်း မသွားနိုင်ဘူး သမီးရယ်။ မနက်လင်းတော့မှပဲ ဆရာခေါ်တော့မယ်"

ဘိုမသည် ထိုအခါတွင် သူမအိပ်ပျော်သွားစဉ်က ပုဂ္ဂိုလ်ကြီးတစ်ဦးရောက်လာပြီး သူမအား ဣစ္ဆာသယဆေးတောင့်ဟုဆိုကာ ဆေးတောင့်ကလေး ပေးသွားပုံ၊ သတ္တဝါများအပေါ်တွင် စေတနာကောင်းထား၍ ဆေးကုသပေးရန် ပြောကြားသွားပုံတို့ကို သတိရလိုက်၏။

သို့နှင့် ဆံပင်ထဲတွင် သိမ်းထားသော ဆေးတောင့်ကလေးကို ယူလိုက်ကာ ရေစင်စင်ဆေး၍ ...

"အမေ ဒီအတိုင်း ခံနေမယ့်အစား ကျွန်မဆေးကုကြည့်ချင်တယ် ခွင့်ပြုပါ"

အဘွားကြီးက ချက်ချင်းပင်

"သမီးက ဆေးကုတတ်သလား။ ကုပါကွယ် ...ကုပါ"

ဘိုမသည် သောက်ရေသန့်သန့်တစ်ခွက်ကို တောင်းကာ ဆေးတောင့်ကလေးအား စိမ်လိုက်ပြီး နှုတ်မှလည်း

"အဘဘိုးမင်းခေါင် ပေးတဲ့ဆေး ခုသောက် ခုပျောက်။ အောင့်နေတဲ့ ရောဂါပျောက်"

ဘိုမသည် ဆေးတောင့်စိမ်ထားသောရေအား အောင့်နေသော လူနာအား တိုက်ကျွေးလိုက်လေသည်။

လူနာသည် ဆေးတောင့်စိမ်ထားသောရေကို သောက်ပြီး ခဏမျှ



www.burmeseclassic.com

www.burmeseclassic.com

ကြာသောအခါ အအောင့်ပျောက်ကင်းသွားပုံနှင့် အိပ်ပျော်သွားလေသည်။

အဘွားက ...

"ကျေးဇူးတင်လိုက်တာ သမီးရယ်။ အဘွားရဲ့မြေးမကလေးမှာ သမီးပေးတဲ့ အသက်ပဲရှိပါတော့တယ်"

အဘွားသည် ဘိုမတို့ စားဖို့အတွက် ထမင်းဟင်းများ ချက်ပြုတ်ပြင်ဆင်နေရာ ဘိုမတို့က ကူညီဆောင်ရွက်ပေးကြလေသည်။ ဘိုမ၏သားကလေးသည် ဆာဆာနှင့် အိပ်ပျော်နေပါသည်။

ဘိုမသည် သည်တော့မှ အိပ်မက်ထဲတွင် အဘဘိုးမင်းခေါင် ပေးသွားသော ဆေးတောင့်ကလေးသည် အတော်အစွမ်းထက်ကြောင်း အံ့ဩတကြီး ဖြစ်နေလေသည်။

အပြင်တွင် မှောင်မည်းနေပြီဖြစ်ကာ မိုးမှာ စဲစပြုနေပြီဖြစ်လေသည်။ ဘိုမတို့သည် ထိုညတွင် အဘွားအိမ်၌ ဖြစ်သလိုအိပ်စက်ကာ နံနက်စောစောထ၍ ရွာသို့ ခရီးဆက်ခဲ့ကြပါသည်။

မိုးနှင့်လေများ ရပ်စဲသွားပြီဖြစ်လေသည်။ အင်ဖက်လည်း မခူးဖြစ်တော့ချေ။

ရွာသို့ပြန်ရောက်သောအခါ ဘိုမသည် ဆေးတောင့်ကလေး ရရှိခဲ့ကြောင်း လမ်းကရွာတွင် အောင့်သည့်လူနာအား ထိုဆေးတောင့်ဖြင့် ကုသခဲ့ရာ အောင်မြင်ခဲ့ကြောင်း သတင်းကိုမသိတာမှ ပြောပြ၍ ရွာမှလူများသည် ဘိုမအကြောင်းကို သိသွားကြလေသည်။

ဤသို့ဖြင့် ရွာထဲမှ ဗိုက်အောင့်သူ၊ ဗိုက်နာသူ၊ ခေါင်းကိုက်သူတို့သည် ဘိုမထံသို့လာရောက်ကာ ဆေးကုသပေးပါရန် တောင်းပန်ကြလေသည်။ ဘိုမ ကုသပေးလိုက်သောလူနာအားလုံး အကောင်းပကတိဖြစ်ကာ ပြန်သွားကြလေသည်။ ဘိုမ၏နာမည်မှာလည်း ဒေါ်ဘိုမဖြစ်သွားလေသည်။ ရပ်ရွာ၏ လေးစားမှုကိုလည်း ခံရလေသည်။

ဘိုမသည် ဆေးတောင့်ကလေးကို သောက်ရေသန့်ဘူးတွင် စိမ်ပြီး ဘုရားကျောင်းဆောင်၌ တင်ထားပါသည်။ ဘိုမသည် ညစဉ်ညတိုင်း ဘုရားရှိခိုးသည့်အခါတိုင်း အဘဘိုးမင်းခေါင်အား ထည့်သွင်းရှိခိုးလေသည်။

ရောဂါ ပျောက်ကင်းသွားသူများသည် ဘိုမအား မိမိတို့တတ်အားသရွေ့ ကန်တော့ကြပါသည်။ မည်ရွေ့မည်မျှဟု မပြောချေ။

ဘိုမသည် ဆေးကု၍ရသည့်ငွေကြေးကလေးများထဲမှ အချို့အဝက်ကို အဘဘိုးမင်းခေါင်အတွက် ကန်တော့ပွဲပြင်ကာ ပန်းသပြေ၊ အလင်းတိုင်၊ အမွှေးတိုင်များနှင့်တကွ ကျကျနန အလေးအမြတ်ထားကာ ပူဇော်သည့်ပြင် အဘပေးသော ဆေးတောင့်ကလေးဖြင့် ဆေးကုသအောင်မြင်မှုရပါစေကြောင်း ညတိုင်း ဆုတောင်းလေသည်။

ပိုသည့်ငွေကို သားကလေးရင်ပြုသည့်အခါ ထည့်သွင်းအသုံးပြုရန်အတွက် သိမ်းဆည်းထားလေသည်။

ဘိုမသည် ညတိုင်း ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းများ ပြုလုပ်ပြီး အဘဘိုးမင်းခေါင်အားလည်း ရှိခိုးခြင်း ဆုတောင်းခြင်းများပြုလုပ်ကာ သတ္တဝါအများတို့အား အမျှအတန်းဝေပြီးမှ အိပ်စက်လေသည်။

ယခုဆိုလျှင် ဘိုမထံသို့ လာရောက်ကြသော ရောဂါဝေဒနာများမှာ အစုံဖြစ်လျက် ဘိုမကုသလိုက်တိုင်း ပျောက်ကင်းလေသည်။

ဘိုမသည် ဆေးကုသရာတွင် အဘဘိုးမင်းခေါင်အား တိုင်ကည်လျက် ဝေဒနာဖြစ်ပေါ်ရာ နေရာသို့ ဆေးတောင့်ဖြင့် လိမ့်ပေးခြင်း၊ တို့ပေးခြင်းများ ပြုလုပ်ပေးသည့်ပြင် ဆေးတောင့်ကို ရေတွင်စိမ်ပြီး တိုက်သည်လည်း ရှိသည်။

တစ်နေ့တခြား လူနာများပြားလာသည့်အတွက် မသိတာသည် လူနာများတန်းစီပေးခြင်း၊ အရေးကြီးသောလူနာများအား ဦးစားပေးကုသရန် စီစဉ်ပေးခြင်းမှအစ ဘိုမအား လိုအပ်သည့်နေရာများတွင်ကူညီရလေသည်။

ယခုအခါ ... ဘိုမသည် သားကလေးအား သာသနာ့ဘောင်သို့ သွတ်သွင်းပြီးဖြစ်သည့်ပြင် သားလေးအား ကျောင်းတက်စေပြီ ဖြစ်လေသည်။

သည်တစ်ခါ သားလေးကျောင်းပိတ်လျှင်တော့ ဇာတိဖြစ်သည့် အောင်လံမြို့သို့ သွားရောက်လည်ပတ်ရန်၊ အပြန်တွင် ရွှေဆံတော်ဘုရားအား ဖူးမြော်ရန် စီစဉ်ထားပြီး ဖြစ်လေသည်။ ရွှေဆံတော်ဘုရားဖူးပြီးလျှင် ဆယ်ထပ်ကြီးဘုရားအား ဝင်ရောက်ဖူးမြော်ပြီး အဘဘိုးမင်းခေါင်ဓာတ်နန်းသို့ ဝင်ရောက်ပြီး အဘကို ကန်တော့ရမည်ဟု ဆုံးဖြတ်ထားပါတော့သတည်း။

**မင်းသန့်ကျော်(ဦးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



# စိန္တာမဏိမန္တန်တန်ခိုး

■ ရွှေကလောင်

တစ်နေ့ လက်ဖက်ရည်ဆိုင်၌ ကျွန်ုပ်၏ မိတ်ဆွေ တစ်ဦးက တန်ဆောင်မုန်းလပြည့်နေ့ ရွှေတိဂုံဘုရားကြီး ရင်ပြင်ပေါ်၌ စိန္တာမဏိ စာရွက်များကို ဆရာတစ်ဦးမှ ဝေငှရာတွင် အရောက်နောက်ကျ၍ မရတော့ကြောင်း ညည်းညူပြောပါသည်။ ကျွန်ုပ်ကိုလည်း ယင်းမန္တန်အကြောင်း သိရှိပါက ရှင်းပြရန်ပြောပါသည်။

ကျွန်ုပ်က လွန်ခဲ့သော ၂၅ နှစ်ခန့်က ဆရာကြီး မိုးတား ဦးထွန်းရှိန်ထံ ပညာယူရင်း ဆရာကြီးပြောပြချက်များကို မှတ်မိသမျှ ပြန်လည်ပြောပြလိုက်ပါသည်။

ဆရာကြီး မိုးတားဦးထွန်းရှိန်သည် ငယ်ရွယ်စဉ်က သစ်ဆင်များဖြင့် မိဘ၏ လက်ငုတ်အလုပ် သစ်လုပ်ငန်း လုပ်ခဲ့သည်။ မိုးတွင်းကာလ ဆင်တစ်ကောင် မုန်ယိုပြီး ရှေ့ကဖြတ်သွားသော ဆင်ကို ဒေါသထွက်၍ အစွယ်ဖြင့် လိုက်ထိုးရာ အထိုးခံရသောဆင်ကြီး လဲသွားစဉ် ယင်းဆင်ကြီး ဗိုက်အောက် ဆရာကြီးပိသွားခဲ့သည်။ ဆင်ဗိုက် အောက်မှ ရုန်းကန်ထွက်မရသဖြင့် အားကိုးရာ မြတ်စွာဘုရားကို ရည်မှန်းရှိခိုးလျက် စိန္တာမဏိမန္တန်မှ "ဩောင်း နမော အနန္တကောဋိကပ္ပေ သဗ္ဗညုတ ဉာဏံ စိန္တာတိ စိန္တော"ကို ရွတ်ဆိုလိုက်ရာ အသက်ဘေးမှ လွတ်မြောက်ခဲ့ ကြောင်း ပြောပြလိုက်ပါသည်။

ဓမ္မပဒ အဋ္ဌကထာနှင့် ဇာတ်အဋ္ဌကထာတို့တွင် မန္တန်ပေါင်း ၁၉ မျိုးရှိပြီး ယင်းမန္တန်တို့တွင် စိန္တာမဏိမန္တန် လည်း ပါဝင်ကြောင်း သိရှိရပါသည်။ ငါးရာ့ငါးဆယ် နိပါတ် ပဒကုသလဇာတ်တွင် ဘုရားအလောင်းတော် ပဒကုသလ လုလင်ကို မယ်တော်သာမုခိ ဘီလူးမက စိန္တာမဏိမန္တန် (အကြီး)ကို သင်ပေးသဖြင့် ယင်းမန္တန်ကြောင့် ပဒကုသလ မင်း ဖြစ်ခဲ့ကြောင်း ပါရှိပါသည်။

စိန္တာမဏိမန္တန်(အလတ်)ကို မင်္ဂလာအခမ်းအနား များတွင် အချို့သော ပညာရှိ ဘိသိက်ဆရာကြီးအချို့က သက္ကတစာသား သီဟိုဠ်အသံဖြင့် "အ မင်္ဂ ဟရိ ဟရိ ဆရိမုခံ ပန္တြရံ ဗာဟ ဗြဲ မဟိဗြဲ ဗုကြဗြဲ နရကြဗြဲ ဗေဒါဓ ရာ ဂျဟာ သျှကုရာဂျာ ဂဂြတြာ ကဇိနိတာ မဏိကိုး ဆမဇ္ဈ ဟရိ ဟရိ ကရ ဗုဒ္ဓျ မေဂျမင်္ဂလံ"ကို ရွတ်ဆိုပြီး နောက် ခရုသင်းမှုတ်ပါသည်။ သတို့သား၊ သတို့သမီး ချစ်ထုံးမပြယ် ရာသက်ပန် ရိုးပြေကျပေါင်ဖော်ပြီး စည်းစိမ် ဥစ္စာရတနာများ ပွားများကြီးပွားစေရန်ဟု အယူရှိကြ ပါသည်။

စိန္တာမဏိမန္တန်(အကျဉ်း)မှာ လူအတော်များများ ရရှိကြသည့် "စိန္တာ မဏိ ရတနာနိ"အချီ ဖြစ်ပါသည်။

စိန္တာမဏိ မန္တန်ကြီး၏ အနက်အဓိပ္ပာယ်မှာ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား ဂုဏ်တော်များကို အံ့သြမကုန်နိုင်အောင် ဖွဲ့ဆိုထား ပါသည်။ ဟိတ်ကလည်း လွန်စွာ ပြင်းပါသည်။ (အမ)(သို့) အတွင်းမန္တန်နှင့် (အဖို) (သို့) အဖုံးမန္တန်ဟူ၍ နှစ်မျိုးရှိပါ သည်။ အကြံအောင်ပြီး အန္တရာယ်ကင်းသည့်အပြင် စနစ် တကျ ရွတ်ဆိုကျင့်ကြံမည်ဆိုလျှင် သိဒ္ဓိ၊ မဟိဒ္ဓိလိုရာ ဆောင်ပြီး ထွက်ရပ်စခန်းသို့ ကြွမြန်းနိုင်ကြောင်း သိရှိရပါ သည်။ (အခါခွင့်သင့်လျှင် ဆရာသခင်ကြီး သင်ကြားပြ သသည့် ကျင့်စဉ်ကို ရေးသားပေးပါမည်။)

ကျွန်ုပ်က မိတ်ဆွေကို စိန္တာမဏိ မန္တန်တော်ကြီး အား ရှေးမြန်မာဘုရင်များ ဖြစ်ကြသော အနော်ရထာ နရပတိစည်သူ၊ ရာဇာဓိရာဇ်၊ တပင်ရွှေထီး၊ ဟံသာဝတီ ဆင်ဖြူရှင်မင်းတို့သည် စစ်ထွက်ရာ၌ စစ်အလံများတွင် စိန္တာမဏိ မန္တန်အင်းကွက်များချ၍ အသုံးပြုခဲ့ကြောင်း ပြောပြလိုက်ရာ လွန်စွာစိတ်ဝင်စားလျက် ရေးကူးပေးပါရန် ခယယ ကျိုးနွံစွာသော အမူအရာဖြင့် လိုက်လိုက်လှဲလှဲ ပြောဆိုပါသည်။

နောက်တစ်နေ့ လက်ဖက်ရည်ဆိုင်၌ ကျွန်ုပ်သည် မိတ်ဆွေထံကူးရေးထားသော စိန္တာမဏိမန္တန်(အမ)နှင့် (အဖို)အား ပေးလိုက်ရာ မိတ်ဆွေသည် ကျွန်ုပ်ကုသိုလ်လုပ် သော လက်ဖက်ရည်ကိုပင် သောက်ရန် သတိမရတော့ဘဲ ကွန်ပျူတာဆိုင်သို့ ထွက်ခွာသွားပါတော့သည်။

## စိန္တာမဏိမန္တန်
## (အတွင်းဂါထာတော်ကြီး)(အမ)

၁။ ဇေယတု – ဩြောင်းနမော အနန္တ ကောဋိကပ္ပေါ် သဗ္ဗညုတ ဉာဏံ စိန္တာတိစိန္တော၊

၂။ သဗ္ဗဒေဝါယ သင်္ဂမော သော မနသော မနော ဟာရေ စိန္တောစိန္တာ နံ စိန္တာတိ စိန္တော၊

၃။ ဘုမ္မိပဒေသေ စိန္တာတိ စိန္တော

၄။ တြိဘုမ္မိရတိ စိန္တာတိ စိန္တော၊

၅။ သတ္တလောကံ စိန္တာတိ စိန္တော၊

၆။ ဩကာသလောကံ စိန္တာတိ စိန္တော၊

၇။ သင်္ခါရလောကံ စိန္တာတိ စိန္တော၊

၈။ နာမရူပံ စိန္တာတိ စိန္တော၊

၉။ ကုသလံ အကုသလံ အဗျာ ကတံ စိန္တာတိ စိန္တော၊

၁၀။ သုခံ ဒုက္ခံ အဒုက္ခ မသုခံ စိန္တာတိ စိန္တော၊

၁၁။ စိတ္တံ စေတသိကံ ရူပံနိဗ္ဗာနံ စိန္တာတိ စိန္တော၊

၁၂။ မဂ္ဂပုဂ္ဂလံ ဖလံ စိန္တာတိ စိန္တော၊

၁၃။ ဈာနံ ဈာနင်္ဂံ စိန္တာတိစိန္တော၊

၁၄။ အရဟတ္တံ အရဟတ္တမဂ္ဂံ စိန္တာတိ စိန္တော၊

၁၅။ နိရောဓံ နိရောဓ သမာပန္နံ စိန္တာတိ စိန္တော၊

၁၆။ သတ္တဓမ္မံ သတ္တဗောဇ္ဈင်္ဂံ စိန္တာတိ စိန္တော၊

၁၇။ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ စိန္တာတိ စိန္တော၊

၁၈။ စတုရော ဓမ္မံ စတ္တာရိ ကုသ္ဒိ ပ္ပါဒါနိ စိန္တာတိ စိန္တော၊

၁၉။ စတ္တာရိ ပဋိသမ္ဘိဒါ မဂ္ဂါနိ စိန္တာတိ စိန္တော၊

၂၀။ အရိယသစ္စေ စတ္တာရိ အရိ ယ သစ္စာနိ စိန္တာတိ စိန္တော၊

၂၁။ အဝိဇ္ဇာသု အဝိဇ္ဇာ ဘာဂိ ယေသု စိန္တာတိ စိန္တော၊

၂၂။ ဝိမုတ္တိဉာဏေသု စိန္တာတိ စိန္တော၊

၂၃။ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာ သဝက္ခယ ဉာဏေသု စိန္တာတိ စိန္တော၊

၂၄။ လောကိယ လောကုတ္တရ ဉာဏေသု စိန္တာတိ စိန္တော၊

၂၅။ ကဗဠီကာရာဟာရေသု စိန္တာတိ စိန္တော၊

၂၆။ ပညတ္တိဓမ္မေ ပရမတ္ထဓမ္မေသု စိန္တာတိ စိန္တော၊

၂၇။ ဣတ္ထိဘာဝ ပုမ္ဘာဝေသု စိန္တာတိ စိန္တော၊

၂၈။ ပဉ္စကာမ ဂုဏေသု စိန္တာတိ စိန္တော၊

၂၉။ အပ္ပက ဗဟုကေသု စိန္တာတိ စိန္တော၊

၃၀။ အတီတာ နာဂတ ပစ္စုပ္ပန္နေ သု စိန္တာတိ စိန္တော၊

၃၁။ သဗ္ဗဇနေ စိတ္တေသု စိန္တာတိ စိန္တော၊

၃၂။ တေန မနောဟာရေန မဏိရတနံဝိသ၊

၃၃။ သဗ္ဗကာမ ပူရဏော၊

၃၄။ ဂရုဂါရဝ ဒီဟိ သဗ္ဗာယန္တာ နံ ပဝရော၊

၃၅။ သမ္မာ သမ္ဗုဒ္ဓေန ဒေသိ တော၊

၃၆။ အယံ မန္တော

၃၇။ စိန္တာနတ္တေန၊

၃၈။ စိန္တာမဏိ ယောနာမာတိ ဝုစ္စတိ၊

၃၉။ ဣစ္စေတံ အာသနံ အာဂမ္မ၊

၄၀။ တိဋ္ဌတု တိဋ္ဌတု၊

၄၁။ ဒီပါယ ဒီပါယ၊

၄၂။ ဝသာယ ဝသာယ၊



www.burmeseclassic.com

www.burmeseclassic.com

၄၃။ ဒဒါတု ဒဒါတု၊
၄၄။ စိန္တာမဏိ ရတနံ၊
၄၅။ မံပါလယန္တု၊
၄၆။ ဟုလု ဟုလု၊
၄၇။ သွာဟာယျ၊
၄၈။ သွာဟုံဟုံ၊

## စိန္တာမဏိမန္တန်(အဖုံးဂါထာတော်ကြီး) (အပို)

၁။ ဖေယတု ဩောင်းနမော အနန္တ ကောဋိကပ္ပေါ် သဗ္ဗညုတ ဉာဏော သဗ္ဗဒေဝဂဏော စိန္တာတိ စိန္တော၊
၂။ စိန္တာနတ္တေန စိန္တာမဏိယော မနောမယ ဂြဟိတော၊
၃။ အတုလျ ပဝရ ဂုဏဓမ္မော သဗ္ဗကာမ ရောစိဏော၊
၄။ ပုရဏော
၅။ စိန္တာမဏိ
၆။ ဗြဟ္မာ သိဒ္ဓေါ
၇။ ဗြဟ္မ ဝဏ္ဏော
၈။ ပဝရော
၉။ တြိဘူန ဝသွာရော သုဂ တော ဟောတိ
၁၀။ သဗ္ဗဝေရီနံ နိဝါရဏော
၁၁။ အကာလမရဏာ နိဝါရတော
၁၂။ မတျုဝဥ္စနာ ဒီဃာယုကော
၁၃။ သိဒ္ဓိကရော
၁၄။ ပုညဝန္တော
၁၅။ မဟာတေဇော
၁၆။ မဟာလာဘော
၁၇။ မဟာယသော
၁၈။ ဘဂျ ဝန္တော
၁၉။ ဒိဋ္ဌဓမ္မဝေဒနီယ ဘူတော
၂၀။ အရိယဖလ ဝရဓမ္မော ဝိသု ဒ္ဓိဒေဝေါ် နရာသဘော အနန္တသမ္ဗာ သမ္ဗုဒ္ဓေါ ဒေသိတော အယံ မန္တော မံ ပါလယန္တု
၂၁။ မရမေ သွာရော မဟာဒေ ဝေါ ဝရဂဏာပဗ္ဗတ္တော ကူန္တဒေဝေါ မဟာ ဗြဟ္မာ မဟေသွာရော ဘုမ္မိဝသုန္ဓရော မေဖယဒေါ
၂၂။ မဇ္ဈာသ ကောသိရိဝါသော မဏိမေခလာ အာကာသ ဒေဝေါ ရုက္ခ ဒေဝေါ နာဂေါ်သုပဏ္ဏော ဂန္ဓဗ္ဗော စတုလောက ပါလာသူရိယော စန္ဒိမာ နက္ခတ္တရော ဟိမဝန္တော သိနေရုံပဗ္ဗတော စက္ကဝါဠ သီလုစ္စယော သတ္တပဗ္ဗတော ဂင်္ဂါယမုနာ အစိရဝတီ မဟီသရဘူ ဇမ္ဗုရုက္ခော ကဒမ္ဗော ကပ္ပရုက္ခော သိရိယော ပါဋ္ဌလိပါရိဆတ္တကော ဆဒ္ဒန္တော ရောဝဏ္ဏော ဉသဘော တေဒေဝေါ ကေပုတ္တံဝ မံပါလယန္တု
၂၃။ သိရိန္ဒရော
၂၄။ ဝေပုလ္လပဗ္ဗတဖသော
၂၅။ မနောဟရော
၂၆။ မဏိရတနံဝိယ
၂၇။ သဗ္ဗကာမ ပူရဏော
၂၈။ ဂရုဂါရဝိ ဒီဟိ သဇ္ဈာယန္တော နံ ပဝရော
၂၉။ သမ္ဗာ သမ္ဗုဒ္ဓေန ဒေသိ တော
၃၀။ အယံမန္တော
၃၁။ စိန္တာနတ္တေန
၃၂။ စိန္တာမဏိ ယောန မာတိ ဝဓွတိ
၃၃။ ကူစ္စေတံ အာသနံ အာဂမ္မ
၃၄။ တိဋ္ဌတု တိဋ္ဌတု
၃၅။ ဒီပါယ ဒီပါယ
၃၆။ ဝသာယ ဝသာယ
၃၇။ ဒဒါတု ဒဒါတု
၃၈။ စိန္တာမဏိရတနံ
၃၉။ မံပါလယန္တု
၄၀။ ဟုလု ဟုလု
၄၁။ သွာဟာယျ
၄၂။ သွာဟုံဟုံ။


ကိုယ်စိတ်ချမ်းသာပါစေ။

ရွှေကလောင်



www.burmeseclassic.com

www.burmeseclassic.com



# ဆေးဝိဇ္ဇာဘိုးဘိုးကြီးနဲ့ ကိုယ်တွေ့

မောင်ပုတ်စည်

တစ်နေ့ မဖူးဖြစ်တာ တော်တော်ကြာလို့ ကျောက်ကုန်း၊ မိုးကောင်းဘုရား အဖူးရောက်သွားတယ်။ တစ်ကြောင်းကလည်း မြေးမလေး သျှိန့်စောက သူ့အလုပ်ကိစ္စ ဗေဒင်မေးဖို့ ဗေဒင်ဆရာမကြီး ကြာညိုသင်းဆီ သွားပို့ပေးရတာဖြစ်ပါတယ်။

ဟိုရောက်တော့ ဘုရားဖူးပြီး ဗေဒင်မေးဖို့ မြေးက စောင့်နေတဲ့အချိန်မှာ ကိုယ်က ဘုရားရင်ပြင်တော် ပတ်ရင်း ဆေးဝိဇ္ဇာဘိုးဘိုးကြီးရှေ့ ရောက်တော့ ဆေးဘိုးဘိုးကြီး ရုပ်တုကို နှိပ်ပေးပြီး ဝတ်ပြုတယ်။ ကျန်းမာအောင်ဆုတောင်းတယ်။ ဒီလောက်ပါပဲ။ အဖေတို့၊ အမေတို့ကလည်း ဆေးဘိုးဘိုးကြီးကို နှိပ်ပေးပြီး ဝတ်ပြုရင် ကျန်းမာရေးကောင်းတယ်လို့ ပြောဖူးတာကို။

အဲဒီအချိန်မှာ အသက်ရှစ်ဆယ့်လောက် ကျန်းကျန်းမာမာ ပြည့်ပြည့်စုံစုံနဲ့ အဘွားကြီးတစ်ယောက်လည်း ဆေးဘိုးဘိုးကြီးကို ဝတ်ပြုနှိပ်ပေးဖို့ ရောက်လာတယ်။ မြေးနှစ်ယောက်ပါလာတယ်။ တစ်ယောက်က ငါးတန်းကျောင်းသားအရွယ်၊ မြေးမအကြီးက ဆယ်တန်းကျောင်းသူအရွယ်။

သူတို့အလှည့်ရတော့ အငယ်ကောင်လေးကို သေချာနှိပ်ခိုင်းတယ်။ ပြီးတော့ မြေးမအလှည့်။ မြေးမအကြီးက ဖယောင်းတိုင်၊ အမွှေးတိုင် ပူဇော်တယ်။ ပြီးတော့ လက်ထဲက ပန်းစည်းကို ရိုရိုသေသေ ကပ်လှူတယ်။ နောက် ဆေးဘိုးဘိုးကြီးကို သေသေချာချာ စိတ်ပါလက်ပါ နှိပ်ပေးနေတယ်။

နံဘေးက အဘွားကလည်း ဘယ်လိုနှိပ်၊ ဘယ်လိုဆုတောင်း။ ဘယ်လိုအဓိဋ္ဌာန်ပြုဆိုပြီး တတွတ်တွတ် ပြော

www.burmeseclassic.com

www.burmeseclassic.com

ပေးနေတယ်။ အားလုံးဝတ်ပြုပြီးမှ တန်ဆောင်းထဲကို မြေးဘွားတစ်စု ဝင်ဘုရားဝတ်ပြုပြီး နားနေကြတယ်။ မြေးမက ခါးမဆန့်နိုင်ဘဲ ခါးကြီးကုန်းပြီး လျှောက်သွားတာ တွေ့ရတော့ စိတ်ဝင်စားမိပြီး တန်ဆောင်းထဲလိုက်သွားတယ်။ ဆေးဘိုးဘိုးကြီးကို နှိပ်ပေးတာ နံဘေးက စိတ်ဝင်စားပြီး ကြည့်နေမှန်း သိပုံရတယ်။ အဘွားက ပြုံးပြတယ်။ ဒီတော့မှ မိတ်ဆက်ပြီး မေးကြည့်တယ်။

"မြေးမလေးက ခါးကြီးကုန်းနေတာ သူ့မွေးနေ့တိုင်း လာလာပြီး ဆေးဘိုးဘိုးကြီး နှိပ်ပေးတယ်။ အမွေးတိုင်၊ ဖယောင်းတိုင်၊ ပန်း တတ်နိုင်သမျှလှူပြီး မိဌာန်တယ်။ ဆုတောင်းတယ်တဲ့။

ဘယ်လိုထူးခြားပါသလဲ အဘွားလို့ မေးတော့ -

"ဟာ • • •ထူးခြားပါပြီလားကွယ်။ မြေးမလေးဟာ ပထမတစ်လကျော်က လမ်းမလျှောက်နိုင်လို့ ကားပေါ်က ပွေ့ချပြီး နှိပ်နှိပ်ခိုင်းရတယ်။ ချီပြီး ကားပေါ်ပြန်တင်ပေးရတယ်။ အခုတော့ သားမြင်တဲ့အတိုင်းပဲ သူ့ဟာသူ လမ်းလျှောက်နိုင်သွားပြီ။ တော်တော်ထူးခြားတာပေါ့။ ခါးကုန်းတာတော့ ကျန်သေးတယ်။

တစ်ခုတော့ ရှိတယ်နော်။ ဆေးဘိုးဘိုးကြီးဆီမှာလည်း လှူဒါန်း၊ မိဌာန်ဆုတောင်း၊ ဆရာတွေ၊ သမားတွေ၊ ဆေးဝါးတွေနဲ့လည်း တစ်ဖက်ကတော့ ကုသရတာပေါ့ကွယ်။ ယုံကြည်ဖို့တော့ လိုတာပေါ့နော်"

"ဟုတ်ကဲ့ • • •ဟုတ်ကဲ့၊ ကောင်းပါပြီ။ ဘယ်လိုဆုတောင်းတယ်၊ အဓိဌာန်တယ်ဆိုတာလည်း ပြောပြပါ အဘွားရယ်"လို့ မေးတော့ သူက ဆက်ရှင်းပြတယ်။

"ရိုးရိုးပါပဲ၊ လွယ်ပါတယ်။ ဘာမှမဖြစ်လည်း ဘုရားဖူးရောက်တိုင်း ဆေးဘိုးဘိုးကြီးကို နှိပ်ပေးပေါ့။ တကယ်လို့ ခါးကိုက်ရင် ခါးကိုနှိပ်၊ ခေါင်းကိုက်ရင် ခေါင်းကိုနှိပ်၊ လက်ကိုက်ရင်လက် စသဖြင့်ပေါ့။ ပြီးတော့ -

"ဘိုးဘိုးကြီး၊ သားတော်ဝတ်ပြုပြီး နှိပ်ပေးပါတယ်။ သားတော် အခု စွဲကပ်နေတဲ့ဝေဒနာကို ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ သီသာထင်ရှား ဒိဌချက်ချင်း ပျောက်ကင်းအောင် အဘဆေးဘိုးဘိုးကြီးရဲ့ မေတ္တာတော်၊ ဆေးတော်များနဲ့ ကုသပေးသနားတော်မူပါ။ သားတော် အမိန့်ပေးစေခိုင်းခြင်း မဟုတ်ပါ။ ဦးတိုက်ပန်ကြားခြင်း ဖြစ်ပါတယ်။ အဘဆေးဘိုးဘိုးကြီး ကြားပါစေ၊ မြင်ပါစေသတည်းပေါ့ကွယ်။ ရုပ်တုကိုတို့နှိပ်ပေးတာ ဘိုးဘိုးကြီးကို တိုက်ရိုက်ဘကယ် ရရှိခံစားရတယ်တဲ့ကွဲ့။

ဘာမှမဖြစ်လည်း ဘုရားဖူးလာကိုင်း ကြုံတိုင်း ဝတ်ပြု။ ဘာဖြစ်လို့လဲသိလား။ နေထိုင်မကောင်းဖြစ်တဲ့အခါ အိပ်ရာထဲ လဲနေရာက မှန်းပြီး မနောနဲ့ ဝတ်ပြုနှိပ်ပေး။ ပြီးတော့ သစ္စာဆို။ သားတော် ကြုံကိုင်း ဘိုးဘိုးကြီးကို ဝတ်ပြုခဲ့ဖူးပါတယ်။ အခုလည်း မနောနဲ့ ဝတ်ပြုပါတယ်ဆိုပြီး စိတ်ထဲက မှန်းနှိပ်။ ဤမှန်သော သစ္စာစကားကြောင့် ယခုခံစားနေရတဲ့ အနာရောဂါဝေဒနာ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ပျောက်ကင်းရပါစေသတည်း။ အဘဆေးဘိုးဘိုးကြီး မေတ္တာတော်၊ ဆေးတော်များနဲ့ ကုသချီးမြှင့်ပေးပါစေသတည်းဆိုရင် ရပြီ။ ဒါပေမဲ့ အဘွားခုနပြောသလို ဆေးဝါးနဲ့လည်း ကုသပေါ့နော်။ ဆေးလိုက်ပြီး အနာနဲ့ ဆေးပိုတည့်တာပေါ့ကွယ်"လို့ ရှင်းပြသွားပါတယ်။

ဘုရားထပ်ပြီး မရောက်ဖြစ်တော့ အဲဒီနောက် လေးငါးလနီးပါး ပြန်မဆုံတော့ဘူး။ ဒါပေမဲ့ အဲဒီနေ့က ကြာသပတေး။ ကိုယ်ကလည်း ကြာသပတေးသားကိုး။ မြေးမလေးက သူ့မွေးနေ့တိုင်း လာဝတ်ပြုတယ်ဆိုတော့ ကြာသပတေးသမီးပဲပေါ့။ ဒါကိုတော့ မှတ်မိတယ်။

တစ်ရက်တော့ မွေးနေ့နဲ့ ကြုံတာနဲ့ မိုးကောင်းဘုရားရောက်သွားတယ်။ ဘုရားဖူးပြီး ဆေးပိဌာဘိုးဘိုးကြီးဆီသွားတော့ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ အဘွားနဲ့တွေ့တယ်။ သူ့မြေးမလေးတော့ မတွေ့တော့ဘူး။ အသယ်ကောင် နှိပ်ပေးပြီး ဝတ်ပြုနေတယ်။ မြေးမလေး မပါဘူးလားလို့ မေးတော့ အဘွားက လက်ညှိုးထိုးပြီး ဟိုမှာလေ ပန်းဝယ်နေတယ်တဲ့။

လှမ်းကြည့်လိုက်တော့မှ အံ့တော်အံ့သြရတယ်။ ခါးလုံးဝ မကုန်းတော့ဘဲ စန့်သွားပြီး မူလအကောင်းပကတိအတိုင်း ပန်းစည်းလေးကိုင်လို့ ကျန်းမာရွှင်လန်းစွာနဲ့ လျှောက်လာတာ ကိုယ်တွေ့ မြင်ခဲ့ရကြောင်းပါခင်ဗျား • • •။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com

# မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ

## မြန်မာဟိန်းကျော်

ယခင်လမှအဆက်

### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အလံ

တိုင်းရင်းသားလုပ်သားပြည်သူ တစ်ရပ်လုံးက ဝိုင်းဝန်းဆန္ဒပြုရေးဆွဲခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့မှ (၃၁)ရက်နေ့အထိ ကျင်းပခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် ပြည်သူလူထု၏ ရာနှုန်းပြည့်နီးပါးထောက်ခံမှုဖြင့် တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းအတည်ပြုလိုက်သည်။

ယင်းဥပဒေသစ်အရ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့မှ ဖေဖော်ဝါရီလ (၁၅)ရက်နေ့အထိ ကျင်းပသော ရွေးကောက်ပွဲဖြင့် ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်ခဲ့သည်။ ထိုနှစ် မတ်လ(၂)ရက်နေ့တွင် တော်လှန်ရေးကောင်စီက ပြည်သူ့လွှတ်တော်သို့ အုပ်ချုပ်ရေးအာဏာကို ပြန်လည်အပ်ခဲ့၍ အုပ်ချုပ်ရေးစနစ်သစ်အရ မြန်မာနိုင်ငံသည် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဟူသော အမည်သစ်ဖြင့် နိုင်ငံတော်သစ် ဖြစ်လာခဲ့လေသည်။

၂၀၁၀ ခုနှစ်၊ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပနေချိန်အထိ အသုံးပြုခဲ့သော ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အလံသည် ထောင့်မှန်စတုဂံဖြစ်၍ အလျား ၉ ပေ၊ (၂၇၄ ဒသမ ၃၂ စင်တီမီတာ)နှင့် အနံ ၅ ပေ (၁၅၄ ဒသမ ၄ စင်တီမီတာ)ရှိရမည်။ အလံတော်၏ အောက်ခံအရောင်သည် အနီရောင်ဖြစ်၍ လက်ဝဲဘက် အထက်ထောင့်တွင် အလျား ၄ ပေ ၁၂၁ ဒသမ ၉၂ စင်တီမီတာ)နှင့် အနံ ၂ ပေ ၆ လက်မ (၇၀ ဒသမ ၂

www.burmeseclassic.com

စင်တီမီတာ)ရှိ အပြာရင့်ရောင် အောက်ခံလေးထောင့်ခန်း ရှိရမည်။ ယင်းလေးထောင့်ခန်းတွင် အရွယ်တူ ကြယ်ဖြူ ၁၄ လုံး ဝန်းရံထားသော ပင်နီယံနှင့် စပါးနှံရှိရမည်။ ပင်နီယံ၏ ဗဟိုချက်သည် အပြာရင့်ခန်း၏ ဗဟိုချက်ဖြစ်ပြီး ပင်နီယံ အတွင်း တူညီသော စက်သွားစိပ် ၁၄ စိပ်ရှိရမည်။ ပင်နီယံ အတွင်း စပါးနှံနှစ်ခက်ရှိ၍ စပါးနှံတွင် စပါးစေ့ ၁၄ စေ့ ရှိရမည်။

စပါးနှံသည် အောက်မှ အထက်သို့ ထောင်တက်သွားပြီး အဖျားပိုင်းသည် လက်ဝဲဘက်ရှိ စက်သွားစိပ်ကြား ကိုင်းညွတ်ဝင်သည်။ စပါးနှံတစ်ဖက်တစ်ချက်စီတွင် စပါးရွက်နှစ်ရွက်စီပါသည်။ ကြယ်များသည် စက်သွားစိပ်တစ်ခုစီ၏ ထိပ်တည့်တည့်တွင်ရှိသည်။ ကြယ်တစ်လုံးတွင် ၅ ထောင့်ရှိပြီး ကြယ်တစ်လုံးစီ၏ ထိပ်ချွန်းတစ်ခုစီသည် နိုင်ငံတော်အလံ၏ အထက်သို့ မှုသေမတ်မတ်ထောင်ကာ ရှိနေသည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အလံတွင်ပါရှိသည့် ပင်နီယံနှင့် စပါးနှံသည် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး၏ အခြေခံလူတန်းစားများဖြစ်သော အလုပ်သမားနှင့် တောင်သူလယ်သမားများကိုလည်းကောင်း၊ အရွယ်တူကြယ်ဖြူ (၁၄)လုံးသည် ပြည်ထောင်စုပြည်နယ်နှင့် တိုင်း (၁၄)ခုတို့၏ တန်းတူညီတူရှိမှု၊ စည်းလုံးညီညွတ်မှုကို လည်းကောင်း ဖော်ညွှန်းထားသည်။

အလံတော်တွင်ပါရှိသော အရောင်အသွေးနှင့် စပ်လျဉ်း၍ အနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်းအဓိပ္ပါယ်ကို ဆောင်သည်။ အဖြူရောင်သည် သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းကို ဆောင်သည်။

အလံတော်၏ လက်ဝဲဘက် အထက်ထောင့်မှ အခန်း၏ အပြာရင့်ရောင်သည် ငြိမ်းချမ်းခြင်း၊ တည်ကြည်ခြင်း အဓိပ္ပါယ်ကို ဆောင်သည်။ နိုင်ငံတော်အလံ၏ အရွယ်အစား အတိုင်းအတာမှာ ကြီးငယ်မဟူဖော်ပြခဲ့သော အချိုးအစားအတိုင်း ကိုယ်ညီနိုင် သမျှ ကိုက်ညီအောင် ပြုလုပ်ရန်ဖြစ်သည်။

ရှေ့တွင်ဖော်ပြထားသော အကြောင်းအရာများအရ မြန်မာနိုင်ငံတွင် အလံအမျိုးမျိုးကို လွှင့်ထူလာခဲ့ရာ တိုင်းပြည်သည်လည်း အကြောင်းမျိုးမျိုးဖြင့် ပြောင်းလဲလာခဲ့ရသည်။

ကဒေါင်းပါသော အလံသည် ဗြိတိသျှတို့၏ စိုးမိုးမှုကို ခံခဲ့ရပြီး၊ အနီ၊ အပြာနှင့် ကြယ်ခြောက်ပွင့်အလံသည်လည်း ဆိုရှယ်လစ်စနစ်တွင် ပြောင်းခဲ့ရသည်။

အလုပ်သမား၊ လယ်သမားကိုယ်စားပြုသော ဆိုရှယ်လစ်ခေတ်သည်လည်း ဒီမိုကရေစီအရေးတော်ပုံတွင် ပြောင်းလဲရပြန်သည်။

ယခုအခါတွင် ဒီမိုကရေစီခေတ်ကို အခြေခံသော အလံသည်လည်း အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ကို ဆန့်ကျင်ခဲ့သော ဒို့ဗမာ အစည်းအရုံးအလံကို အခြေခံထားသည်ကို တွေ့မြင်လာရပေတော့သည်။

ထိုအလံကို ပြဋ္ဌာန်းစဉ်ကလည်း ၂၀-၁၀-၂၀၁၀ ဆိုသော ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့သည်မှာလည်း ဝါ၊စိမ်း၊နီ ကို ကမ္ဘာကော်နှံ့မည့် ဓာတ်ဖော်သော်နေ့ပင် ဖြစ်နေ၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀-၁၀-၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အလံဥပဒေကို ပြဋ္ဌာန်းရာ ယခုလက်ရှိ သုံးရောင်ခြယ်အလံနှင့်ပတ်သက်သော အကြောင်းအရာများကို ကောက်နှုတ်ဖော်ပြရသော် . . .

## နိုင်ငံတော်အလံ၏ စံပြုအရွယ်အစား၊ အတိုင်းအတာနှင့် အရောင်အသွေး

နိုင်ငံတော်အလံ၏ စံပြုအရွယ်အစား၊ အတိုင်းအတာနှင့် အရောင်အသွေး စသည်တို့မှာအောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အလံ၏ စံပြုအရွယ်အစားသည် ထောင့်မှန်စတုဂံပုံဖြစ်ပြီး အလျား ၉ ပေနှင့် အနံ ၆ ပေ ဖြစ်သည်။

(ခ) နိုင်ငံတော်အလံ၏ အောက်ခံ အရောင်မှာ အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ ဖြစ်သည်။ အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့မှာ အလံတော်၏ အနံ ဖြစ်သော (၆)ပေကို သုံးပုံတစ်ပုံစီ အညီအမျှရှိရမည်။

(ဂ) (၁) အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင် အောက်ခံပေါ်တွင် ရောင်ခြည်ထက်တဲ



www.burmeseclassic.com

www.burmeseclassic.com

ငါးခု ပါသော ကြယ်ဖြူကြီး တစ်လုံးရှိရမည်။

(၂) ကြယ်ဖြူကြီး၏ အပေါ် ကြယ်လက်တံသည် နိုင်ငံတော်အလံ အလျား၏ ထက်ဝက်ဖြစ်သော ၄ ပေ ၆ လက်မနှင့် တည့်တည့်နေရာတွင်ရှိပြီး အထက်သို့ မတ်မတ်ညွှန်းရမည်။

(၃) ကြယ်၏ထိပ်မှ အလံ၏ အဝါရောင် အနားသတ်အထိ အကွာအဝေးနှင့် အနီရောင်အတွင်းရှိ အောက်ပိုင်း ကြယ်လက်တံနှစ်မှထိပ်မှ အလံ၏အနီရောင် အနားသတ်အထိ အကွာအဝေးတို့သည် ၁ ပေစီရှိရမည်။

(၄) ကြယ်လက်တံ ထိပ်တစ်ခုနှင့် တစ်ခုသည် ၂ ပေ ၇.၂ လက်စီ အကွာအဝေး တူညီရမည်။

၄။ နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ အောက်ခံအဖြစ်ပါရှိခြင်းမှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုကာလက ထည်ဝါစွာ အသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကို အလေးအမြတ်ပြု ဖော်ညွှန်းခြင်းဖြစ်သည်။

၅။ အလံတော်၏ အရောင်များနှင့် ကြယ်၏အဖြူရောင်တို့၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အဝါရောင်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာ ကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် တိုင်းရင်း သား အားလုံးချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(ခ) အစိမ်းရောင်သည် မြေဆီသြဇာကြွယ်ဝခြင်း၊ ညီညွတ်မျှတခြင်းနှင့် အေးချမ်းသာယာ၍ စိမ်းလန်းစိုပြေသည့် နိုင်ငံဖြစ်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(ဂ) အနီရောင်သည် ရဲရင့်ခြင်းနှင့် ပြတ်သားခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(ဃ) ကြယ်၏ အရောင်ဖြစ်သော အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ် မှန်ကန်ခြင်း၊ ကရုဏာ တရားပြည့်ဝခြင်းနှင့် ခွန်အားပြည့်ခြင်း ဟူသော အဓိပ္ပါယ်ကို ဖော်ညွှန်းသည်။

ဟူသော အကြောင်းအရာတို့ကို တွေ့ရှိရပေသည်။

*** *** ***

## နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ပါ အမှတ်အသားများ

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများမှာ အောက်ပါအတိုင်းဖြစ်သည်...

(က) နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၏ အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြေပုံပါရှိသည်။ အရွက် (၁၄)ရွက်စီ ပါဝင်သော သပြေခက်များသည် မြေပုံ၏ တစ်ဖက်တစ်ချက်တွင် ပါရှိသည်။

(ခ) သပြေခက်၏ တစ်ဖက်တစ်ချက်တွင် အနုပညာမြောက် မြန်မာခြင်္သေ့တစ်စီး စီရှိသည်။ လက်ဝဲဘက်မှ ခြင်္သေ့သည် လက်ဝဲဘက်မှ လည်းကောင်း၊ လက်ယာဘက်မှ ခြင်္သေ့သည် လက်ယာဘက်သို့ လည်းကောင်း မျက်နှာမူလျက်ရှိသည်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော် ဟူသော စာတမ်းကို နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အောက်ခြေဖဲပြားပေါ်တွင် ဖော်ပြထားသည်။ ပြည်ထောင်စုဟူသော စာတမ်းကို လက်ဝဲဘက်ရှိ ခြင်္သေ့အောက်တွင် လည်းကောင်း၊ သမ္မတဟူသော စာတမ်းကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် မြေပုံအောက်ရှိ အလယ်



www.burmeseclassic.com

www.burmeseclassic.com

ဗဟိုတွင်လည်းကောင်း မြန်မာနိုင်ငံတော် ဟူသော စာတမ်းကို လက်ယာဘက်ရှိ ခြင်္သေ့ အောက်တွင်လည်းကောင်း ထားရှိသည်။

(ဃ) နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်၏ ထိပ်တွင် ကြယ်လက်တံ ငါးခုရှိသော ကြယ်တစ်လုံးသည် အထက်သို့ မတ်မတ်ညွှန်းလျက်ရှိသည်။

(င) ကြယ်၏ တစ်ဖက်တစ်ချက်တွင် မြန်မာပန်း ပုံသဏ္ဍာန် ပန်းခတ်ပြားများရှိသည်။

(စ) နိုင်ငံတော်တံဆိပ် နမူနာပုံစံမှာ နောက်ဆက်တွဲပါ အတိုင်းဖြစ်သည်။

## သုံးရောင်ခြယ်

တေးရေး . . . ရွှေတိုင်ညွန့်　　တေးဆို . . . မကြည်အောင်

တို့ဗမာ ခေတ်အစဦးမည်ဖြိုးပြီး ရှစ်ပလ္လင်စိုးပါတဲ့ . . .
ဓမ္မရာဇ်ဘုရင်ရိုး ကုန်းဘောင်နွယ်မှန်သည် . . . သုံးရောင်ခြယ်
အလံတော်ကြီး ကမ္ဘည်းနဲ့ စိုက်ထူမည် . . .

“ဗုဒ္ဓ မြန်မာပြည် ဥတ္တမဇာဂီ အောင်မင်္ဂလာတရားနဲ့
စုံညီ”

“အတိတ်တဘောင် ဩဘာထွန်းသည် နိမိတ်ဆောင်ကာ
ပြောရဦးမည် . . . အတိတ်တဘောင် ဩဘာထွန်းသည်
ကျွန်းလကျာ် ဇမ္ဗူဒီ”

တို့အမျိုးဇာတိက ဘုန်းရှိခဲ့တာမှန်သည် ဇာက်လူများသည်
စိတ်ထားနဲ့ စွန့်စားခဲ့ကြသည် ကျုပ်တို့ အမျိုးဇာတိက
ဘုန်းရှိခဲ့တာ ယုံကြည်ပါသည် . . . ဇာက်လူများသည်
စိတ်ထားနဲ့ စွန့်စားခဲ့ကြသည် . . .

“ဗမာပြည်ဝယ် ဘုန်းရောင်လက်သည် သာကီနွယ်တွေ
ကုန်းဘောင်ဆက်တည်”

ကမ္ဘာကို စိုးမိုးအုပ်ချုပ်ခဲ့ကြပြီ . . . ခေတ်သစ် ထူထောင်
မည် အရောင်သုံးမျိုးနဲ့ တို့အလံစိုက်ထူမည် . . .

ဗမာကိန်းအညီ . . . အဝါ အစိမ်း အနီ အဝါရောင်
ရည်ရွယ်ချက်က သာသနာရယ် ဘာသာရယ် ပညာတွေတိုး
လိမ့်မည် . . . အစိမ်းရောင်ဆိုတာကတော့ စပါးဆန်ရေ
ရွှေငွေအထွေထွေပေါမည် . . .

“အနီရောင် မြင်သူအသည်းမှာ ရဲစိတ် ရဲမာန်
ထက်သန်ကြသည်”

တို့ဗမာ ကုန်းဘောင်နွယ်မှန်သည် . . . သုံးရောင်ခြယ်
အလံတော်ကြီး ကမ္ဘည်းနဲ့ စိုက်ထူမည် . . .

ထို့မြန်မာပြည် ကျုပ်တို့မြန်မာပြည် . . . အနောက်ဘက်
ကတော့ ဗုဒ္ဓဟောနန်းတည် အရှေ့ဘက်ကတော့ . . .
ပြုငွေ ရှမ်းပြည် . . . မြောက်ဘက်ကတော့ တရုတ်ပြည်
စခန်းညီ . . . တောင်ဘက်မှာတော့ သမုဒ္ဒရာစမ်း အေးချမ်း
သာယာစည် . . .

“မြန်မာပြည် ရာဇာကင်းပေမယ့် သာသနာ အတွင်းတော့
လင်းပေသည်”

မင်းနေပြည် တရားအမှန် ကြိုက်သည် ကမ္ဘာအလံ
စိုက်မည် တိုက်တစ်သောင်းက ခသြောင်းရပေသည် . . .
တို့အလံသည် အရောင်သုံးမျိုး တန်ခိုးနဲ့စုံညီ . . .

“မျိုးဇာနည် သမ္ဘာမညီး . . . ခိုးကြားလာကြပြီ . . .
တို့ဗမာပြည် . . . ဆထက်ထမ်းပိုး တန်ခိုးသာလိမ့်မည် . . .
ရိုးရာသည် ကမ္ဘာအတွင်း ထွန်းလင်းကြလိမ့်မည်”

ပိုင်အုပ်စိုး ဖြိုးမောက်ခဲ့ပြီ
ဗမာကိန်း . . . . . စိုက်ထူမည် . . .

***　　***　　***

ဆက်ပါဦးမည် . . .

မြန်မာဟိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# နတ်ကတော် စိန်မျက်ခုံး

[ အခန်းဆက်ဝတ္ထုရှည် ]

(ယခင်လမှအဆက်)

(၉)

စိန်မျက်ခုံးတင်တင်တို့ထံမှ လေ့လာချက်အရ မလျာတို့အကြောင်း ဇာစ်မြစ်ကို ဤသို့ ကြားနာမှတ်သားလိုက်ရ၏။

မိန်းမလျာဟူ၍ ပေါ်လာသည်မှာ ဘယ်အချိန်၊ ဘယ်ကာလဟု သတ်မှတ်ချက်မရှိသလို ကြည့်မြင်တိုင်က စပေါ်သည်ဟု တရားဝင် ဆိုလိုခြင်းလည်း မဟုတ်ပေ။ သို့သော် မိန်းမလျာတို့ အင်နှင့်အားနှင့်၊ အစုအဝေးနှင့် နေထိုင်ကြသည်မှာ ကြည့်မြင်တိုင်တွင် ဖြစ်ပေသည်။ ရန်ကုန်မြို့တွင် အခြားသောရပ်ကွက်များ၌ မလျာများ ရှိကြသော်လည်း ကြည့်မြင်တိုင်မှာလို အစုအဝေးနှင့် မရှိကြပေ။ ခုခေတ်လို မလျာတွေ မများသေးခင်ကပင် ကြည့်မြင်တိုင်မှာ အများကြီးရှိခဲ့သည်။ စစ်ပြီးခေတ် ကြည့်မြင်တိုင်မှ မလျာခေါင်းဆောင်အဖြစ် အသိအမှတ်ပြု၍ ဗိုလ်ဝန်ခံကြရသည်။ မလျာအစ နတ်ကနားပွဲကဟု ဆိုရသည်မှာ ယခင်က ကနားစီးနှင့် နတ်ဝင်သည်များမှာ မိန်းမများသာ ဖြစ်ကြ၏။ နတ်ကနားပွဲများတွင် မိန်းမများသာ ကကြသည်။ ထိုမှ ကနားစီးမိန်းမလျာ ဘစိန်ဟူ၍ ပေါ်လာသည်။ ဘစိန် ကနားစီးဖြစ်လာသည့်အခါ ဘစိန်နှင့်နွယ်၍ နတ်ဝင်သည် လုပ်ချင်သူ ယောကျ်ားများ မလျာဖြစ်လာကြသည်။ နောက်ပိုင်း မလျာတွေက အကပိုကောင်း၍လားမသိ။ မလျာပါသော ကနားပွဲမှာ လူမစည်စဖူး စည်သည်သို့ ဖြစ်လာသည်။ ထို့ကြောင့်လည်း မလျာအစ နတ်ကနားပွဲဟု ဆိုခြင်း ဖြစ်ပေလိမ့်မည်ထင်၏။

ခုခေတ်ပဲကြည့်။ ဇာတ်ဇာရတနာတို့ကို မိန်းမမင်းသမီးတွေထက် ပိုကြိုက်ကြသည် မဟုတ်လား။

ဒုတိယကမ္ဘာစစ်အပြီး သီတင်းကျွတ် မီးထွန်းပွဲတော်တွင် ရုပ်သေသရုပ်ပြစင်များဖြင့် ဖျော်ဖြေမှုကို စတင်ခဲ့ရာတွင် မုခ်ဦးဝင်နှင့် ရုပ်သေစင်များ၌ သရုပ်ဆောင်အဖြစ် မိန်းမလျာများသာ တက်ကခဲ့ကြ၏။ ရုပ်သေအကစင်များကို ကြည့်မြင်တိုင် မီးထွန်းပွဲတော်များတွင် စတင်တည်ထောင်ခဲ့ရာ မလျာများ ပွဲတက်ခဲ့ကြ၏။

ထိုမှစ၍ အရပ်ရပ်ရှိ မလျာတို့သည် ကြည့်မြင်တိုင် မလျာတို့နှင့် ပေါင်းခဲ့ကြရ၏။ သူတို့အောက်သို့ လျှိုဝင်ခဲ့ကြရ၏။

စိန်မျက်ခုံးတင်ဘင်ပင် ကြည့်မြင်တိုင် မလျာအုပ်စုအထွက်ဖြစ်၍ အကကို အငြိမ့်မင်းသမီးကြီး ယူ၊ တီ၊ စီ ရွှေနှင်းဆီထံမှာ သင်ယူခဲ့၏။ သူက ကနားစီ။ ကနားစီးဆိုတော့ နတ်အကကို သူများထက် ညက်ညောမှ ပိုကောင်းမှဖြစ်တာ။ ပြီးသူက လမ်း

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

ဘေးကနားတွေမှာ ကသည်မဟုတ်။ တိုက်ကြီးပေါ်မှာလုပ်သည့် အထက်တန်း ကနားပွဲမှာမှ ကသူဖြစ်သည်။ သီးသန့် ဖိတ်ခေါ်ပွဲရှိလျှင်တော့ လမ်းဘေးကနားပွဲမှာလည်း တစ်ခါတစ်ရံဆိုသလို ကဖြစ်သည်။ ထိုသို့ ကသည့်အခါ မဏ္ဍပ်ထဲမှာ တစ်နေ့ကုန် တစ်နေ့ခန်း သွားထိုင်နေသည် မဟုတ်။ ကခါနီးမှ ကားကလေးနှင့် ကြော့ကြော့သွားသည်။ ကပြီးသည်နှင့် မော့မော့လေး ပြန်လာသည်။

လမ်းဘေးကနားပွဲတွေက တစ်ခါတစ်ရံမှဖြစ်တာ။ တိုက်ကြီးပေါ်က ကနားတွေက နေ့တိုင်းဖြစ်နေတာ။ ကိုယ့်နန်းမှာမဖြစ်လျှင်လည်း တခြားနန်းတွေမှာ အမြဲဖြစ်နေသည်။

တိုက်ကြီးပေါ်က ကနားပွဲက မည်သူ၏ အမိန့်ကိုမှ ခံစရာမလို။ သူတို့နှင့် အဆက်အနွယ်မရှိသူများ ဆိုလျှင် နေ့စဉ်ကနေသော ကနားပွဲများကို သိပင် မသိလိုက်ကြ။

တိုက်ကြီးပေါ်က ကနားပွဲတွေမှာကတာ အအပြင်မှာလို ဝုန်းဝုန်းဒိုင်းဒိုင်း အကမျိုးမပါ။ ညက်ညက်ညောညော ခေတ်ပေါ်အကများကို ကာလပေါ် တီးကွက်ဆန်းများနှင့် ဆက်နွယ်ကကြရသည်။ သူတို့ပွဲတွေက အထူးပွဲတွေ။ သိန်းချီချမ်းသာသော စီးပွားရေးသမားများက သူတို့ လုပ်ငန်းအတွက် သီးသန့်ပေးသော ကနားပွဲများဖြစ်သဖြင့် အလုပ်ဖြစ်ပြီဆိုလျှင် အစိတ်တန်အုပ်လိုက်၊ ရာတန်အုပ်လိုက် ဆက်ကြတာ။ ဒါအပြင် ရွှေဆွဲကြိုးကြီးတွေ၊ ရွှေလက်ကောက်ဆက်တာတွေလည်း ပါသေးသည်။

ငွေလေးငါးဆယ်သိန်း အနည်းဆုံးကိုင်ပြီး အလုပ်လုပ်နေမယ့်ဟာ အလုပ်မဖြစ် ဘယ်သို့ရှိမှာပ။ ဖြစ်မည်သာပြော ဖြစ်ကိုဖြစ်ရမည်။

စိန်မျက်ခုံးတို့ သတိထားရသည်မှာ အပေးအကမ်း တွန့်သူမျိုးလား၊ အပေးအကမ်း ရက်ရောသူလား ဆိုသည်ကိုတော့ အကဲခတ်ရသည်။ စီးပွားရေးလုပ်ငန်းမှာက အပေးအကမ်းတွန့်ရင် အလုပ်မဖြစ်တတ်။ အပေးအကမ်းသာ ရက်ရောပစေ၊ အလုပ်မဖြစ်ဘူးဆိုတာ မရှိ။

မဖြစ်တော့ကော သူတို့ကိုတရားစွဲနိုင်တာမှ မဟုတ်ဘဲ။ မဖြစ်လို့ပြောလာရင် သူတို့ဘက်ကလည်း ပြောစရာတွေ အများကြီးရှိသည်။

ရွှေပြုံးအရှင် နှစ်ပါးသခင်တို့ မကြိုက်တာလုပ်မိလို့၊ ဘဘပခန်းအမျက်တော်ရှလို့၊ အမေပုပ္ပား မကြည်လို့။ မမနဲ့ ဘာဖြစ်လို့။ အမေဂျမ်း စိတ်ဆိုးလို့ ဘယ့်နှယ် စသည်ဖြင့် ပြောစရာတွေအများကြီး။ အကြောင်းပြစရာတွေ တစ်လှေကြီး။ ပြစ်တင်စကားပြောဖို့ လာသူကပင် ဒါလောက်ဖြစ်တာပဲ တော်ပါသေးရဲ့ဟု တောင်းပန်တိုးလျှိုးပြီး ပြန်ကြရသည်။

ခုကြည့် . . .

သုံးအစ၊ ကိုးအလယ်၊ လေးနှစ်လုံးထပ်က မပေါက်ပါလား မမတင့်ရဲ့ဟု ဆိုခဲ့တော့ စိန်မျက်ခုံး၏ အဖြေက စင်းစင်းကလေး။

"ညီမက သူဘို့လူမှ မဖြစ်သေးဘဲကိုး။ ပေးတော့ပေးချင်ပါရဲ့။ ပေးလို့မရ ဖြစ်နေတယ်လေ။ ညီမက လိပ်ပြာလှလွန်းလို့ ပေးမလို့လုပ်သား။ သူတို့လူဖြစ်မလာတော့ အပေးရခက်နေတာပေါ့"တဲ့။

ဘယ်လို စောဒကတက်ပြီး ဘယ်လိုငြင်းချက်ထုတ်ရပ။

ကိုယ့်ဘက်သား မဟုတ်လို့ ပေးချင်ပေမယ့် မပေးနိုင်ဘူးဆိုတာကလည်း ဟုတ်သလိုလို သဘာဝကျသလိုလို။

သူတို့ရဲ့ စည်းကမ်းကလနားကို ပြောပြသည်။

ဆိုပါတော့။ ကနားပွဲတစ်ခုကို ကြည့်တဲ့လူချင်းဘူတူတောင် မဏ္ဍပ်အပြင်ကကြည့်သူနှင့် မဏ္ဍပ်အတွင်းကကြည့်သူပင် မတူသေး။

မဏ္ဍပ်အပြင်က ကြည့်သူမှာ အပြင်လူ။ သူတို့နှင့်မဆိုင်။ သူတို့နှင့် မပတ်သက်။ မဏ္ဍပ်ထဲဝင်ကြည့်မှ သူတို့လူ။ သူတို့နှင့် သက်ဆိုင်သည်။ တောင်းစရာရှိလည်း တောင်းသည်၊ ပေးစရာရှိလည်း ပေးမည်။

ဆိုလိုသည်မှာ အေးက သူတို့လူ မဖြစ်သေး၊ အတွင်းစည်းက လူမဟုတ်။ အပြင်စည်းကလူ။

အေးတို့ကလည်း ပေါက်တာမပေါက်တာထား။ ထီမဖွင့်ခင်စပ်ကြား အိပ်မက်ကောင်းလေးများ မက်လိုက်ရသည်။ စိတ်ကူးယဉ်ရေခဲအိမ်လေးများ ဆောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ မည်သို့ပင်ဆိုစေ အေးက ကိုသန့်ဇင်ကို ပိုချစ်သွားရသည်မှာ တော့ အမြတ်။

တကယ်ထိမပေါက်ပေမယ့် အိပ်မက်ထီနဲ့ပဲ မိန်းမအတွက် ဝယ်ပေးလိုက်တဲ့ စိန်တွေ နည်းမှတ်လို့။ ကိုယ့်ယောကျ်ားက ကိုယ့်ကိုတော်တော်ချစ်ပါလား။ သည်တော့ ကိုယ်ကလည်း ပြန်ချစ်ရသည်ပေါ့။

ပန်းသီးနှင့် ချောကလက် အဝ တုတ်ရတာကလည်း နတ်မသည်ပဲ ဆိုရချေမည်သာ။

ထီပေါက်တာ၊ မပေါက်တာ ထား။ ကိုယ့်လင်မယားချင်းမို့ ချစ်ရသည်မှာ အမြတ်။ မောင်ထောင်မွေးလေးကိုလည်း နတ်မသည်ဟုပဲ ဆိုရမည်။ နို့မှုန့်ဖိုးငွေ တစ်ရာ့ငါးဆယ်တောင် ရခဲ့သည် မဟုတ်ပါလား။

ထားဘိတော့။

တောင်ပြုံးပွဲတော်သွားဖို့မန္တလေး ရောက်လာသည့် စိန်မျက်ခုံးတင်တင်က ကိုသန့်ဇင်တို့ တောင်ပြုံးပွဲ လိုက်ဖို့ အတင်းခေါ်သည်။ သူကိုယ်တိုင် ထီတိုက်ကြီးကို ဒုတိယအခေါက် အလည်ခေါ်သွားပြန်သည်။ ဗိုက်ခွေးနမ်းဆိုသော စကားအရာနှင့် တင်စားရလောက်အောင်ကို အီဆိမ့်အောင် စားခဲ့ကြရ၏။ ထီတိုက်က တော့ စိန်မျက်ခုံးတင်တင်ကို ပျူပျူငှာငှာ ပျာပျာသလဲ။ ကျို့ကျို့ယို့ယို့ ဆက် ဆံခဲ့၏။ တည်ခင်းလာသည့် စားစရာများမှာ စားပွဲတစ်လုံးအပြည့်။

လက်မှတ်စောင်ရေ သိန်းချီ ရောင်းရသမို့ စိန်မျက်ခုံးတင်တင် အဟောထုတ်သလို ပေါက်လိမ့်မည် ထင်ပ။ သူတို့ သုံးစောင်သမားက တော့ ဗလာ။

အဲသည်နေ့က သည်တိုက်မှာ အမေပုပ္ပားကို မြတဘက်ဆက်ပွဲ လုပ်သည်။ ဆက်ပွဲလုပ်ပုံကို ထားပါ တော့။ ထူးခြားသည်က အမေပုပ္ပားကို ဆက်သသည့် မြတဘက်တန်ဖိုး ဖြစ်၏။ အနံ တစ်တောင့်တစ်ထွာ၊ အလျား တစ်ကိုက်ခွဲမျှသာရှိမည့် မြတဘက်တစ်ထည်၏တန်ဖိုးမှာ ကျပ်ငွေ သုံးထောင်ငါးရာ တန်ဖိုးရှိပေ သတတ်။

သုံးထောင့်ငါးရာတန် မြတဘက် လှမှလှ။ ရွှေရောင် တဖိတ်ဖိတ်တောက်နေသည်။ မြတဘက်အနားပတ် နှစ်ဘက်တွင် လက်နှိပ်စက်ရိုက်သော စက္ကူအပါးစတစ်မျှ ရွှေပြားလေးများ၊ အပ်ချည်ကြိုးသာသာ ရွှေနန်းကြိုးများ တွဲခတ်ထားသည်မှာ လက်ရာမြောက်လှ၏။

သက်မဲ့အရုပ်ကြီးပေါ်မှာ လွှမ်းတင်ပေးလိုက်သော သုံးထောင့်ငါးရာတန် မြတဘက်ကြီးကို ကြည့်ပြီး အေးခမျာ တအံ့တသြ တငေးတမော ဖြစ်နေရ၏။ သူမ၏ တစ်ကိုယ်လုံး ပေါ်တွင် ရှိနေသော ရွှေထည်တန်ဖိုး သည်ပင် သုံးထောင်ဖိုး မပြည့်တတ်။ လျှပ်တစ်ပြက်အတွေးမှာ အေး၏ ရင်ထဲတွင် လှုပ်ခတ်သွားရ၏။

"ထီနံပါတ်တွေ ပေးမယ့်အစား မြတဘက်ကို စွန့်လိုက်ရင်"ဟုပါ၍

ပြဲထား။ နှစ်

ပို၍ အံ့သြရသည်မှာ စနေ့ကျော်ခုံး၏ နောက်ဆက်တွဲအပြောကြောင့်။

"ဒီမြတဘက်က အလတ်စားတဲ့။ ငါးထောင်တန်၊ တစ်သောင်းတန်တို့ ရှိသေးတယ်"တဲ့။

ကဲ . . မအံ့သြ ဘယ်သို့ရှိရမှာပ။

အံ့သြပြီးရင်း အံ့သြရင်းဖြစ်ရသည်မှာ တောင်ပြုံးသို့ ရောက်သောအခါတွင် ဖြစ်ပေသည်။

* * *

ကိုသန့်ဇင်က ဘယ်ကိုမှမလိုက်နိုင်။ ထောင်မှူးအလုပ်ဆိုတာက ခဏခဏ ခွင့်ယူလို့ကောင်းသည်မဟုတ်။ တော်ရုံတန်ရုံ နေမကောင်းတာလောက် ခွင့်ယူပြီး နားရိုးထုံးစံ မရှိ။ ပြီး ထောင်မှူးသက်ကလေး ရလာရင် အုတ်ရိုးအပြင်မှာ နေရသည်ကို မပျော်ကြ။ အုတ်ရိုးထဲမှာ နေရမှ ပျော်ကြသည်။ သူတို့အုပ်ချုပ်နေရသော အကျဉ်းသားများနှင့် ကင်းကွာနေလျှင် ကိုယ့်ချစ်သူ မယားနှင့် ကင်းကွာနေသည်သို့ ခံစားကြရသည်။ ဥပဒေစာမေးပွဲကလည်း နီးနေပြီ။

သူ့မှာ စာကျက်စရာတွေ ရှိနေသည်။ အေးက မောင်မပါဘဲ မလိုက်လိုပါဆိုသည်ကို အတင်းတိုက်တွန်းပြီး သွားခိုင်းရသည်။ မန္တလေးရောက်နေလို့မှ လက်တစ်ကမ်းသာဝေးသော ပျို့တောင်ပြုံးကို မရောက်ဖူးဟု ဆိုရမည်မှာ မသင့်။ ထောင်မှူးအလုပ်ဆိုတာက တစ်ထောင်တည်း



www.burmeseclassic.com

www.burmeseclassic.com

ဘေးကနေ ဟုတ်။ မိုးကုတ်မှ ပုသိမ်အထိ၊ မြစ်ကြီးနားမှ စစ်တွေအထိ၊ ပြည်မှ ထားဝယ်၊ မြိတ်အထိ။ ရန်ကုန်မှ သီပေါ လားရှိုးအထိ ကြားမှာ ရှိလေသမျှ ထောင်များကို ပြောင်းရမည်။ ဝေးမှ သွားချင်လှချည့်ဆို မလွယ်။ နီးတုန်း၊ အဖော်ကောင်းတုန်း သွားထားမှ။ ပြီး သူမလိုက်နိုင်သမို့ သူ့ကိုယ်စား လေ့လာစေချင်သည့် အကြောင်းများလည်း ရှိသည်။ ဒါက တခြားအဖော်နှင့်သွားလျှင် နှိုက်နှိုက်ချွတ်ချွတ် မသိနိုင်။ စိန်မျက်ခုံးတို့နှင့် သွားမှ သိနိုင်မည်။ အေးကို လိုက်သွားဖို့ အတင်းတိုက်တွန်းပြီး လိုက်စေခဲ့ရသည်။

အေးကလည်း လိုက်ချင်ချင်ပါ။ မောင်မပါလို့သာ ငြင်းရတာ။ တောင်ပြုံးပွဲက အမျိုးသမီးတွေ ပို၍ တပ်မက်သည့်ပွဲ။ နတ်နှင့်ဆက်နွယ်သော ဆင်းရဲသားများဆိုရင် သည်ပွဲကို လာနိုင်ဖို့ တစ်နှစ်လုံးလုံး မူးစုပဲစု စုကြရတာ။ မူးစုပဲစု စုလို့မှ စရိတ်စက မလုံလောက်သေးဘူးဆိုရင် စားမဝင် အိပ်မပျော် ဖြစ်ကုန်ကြ၏။ အသေးစား ငွေချေးဌာနကို ပြေးကြရသည်။ အသေးစား ငွေချေးဌာနက

လက်မခံသော ပစ္စည်းဆိုရင် ဒေါ်ဘုမတို့ဆီ စာအုပ်အပ်ပြီး တောင်ပြုံးပွဲအရောက် သွားကြသည်သာ။

ခုဟာက ဂရိတ် နတ်ကတော်ကြီး စိန်မျက်ခုံးနှင့် လိုက်ရမှာ။ သွားသည့်နေရာ၊ စားသည့်နေရာ၊ အိပ်သည့်နေရာ ဘာတစ်ခုမှ လိုလေသေးမရှိ။ တဲနန်းတစ်ခု သပ်သပ်ဆောက်ထားပြီးသား။ အချက်အပြုတ်သမားတွေကလည်း အဆင်သင့်ရောက်နှင့်နေပြီးသား။ သူတို့က ကြော့ကြော့မော့မော့လေး သွားရုံ၊ နေရုံ၊ အိပ်ရုံသာ။ စိန်မျက်ခုံးအတွက် ထီတိုက်နှင့် ပုလဲတိုက်က လိုသမျှ အစီအစဉ် လုပ်ပေးကြသည်။

သူတို့က တောင်ပြုံးပွဲမစခင် သုံးရက်ကြိုရောက်နှင့်ကြသည်။ ဟိုမှာရှိနေသည့် နတ်ထိန်းကြီးများက ပျူပျူငှာငှာ လှိုက်လှိုက်လှဲလှဲ ဆီးကြိုကြသည်။

စိန်မျက်ခုံးမျက်နှာထက် ထီတိုက် အစ်မကြီးမျက်နှာက ပိုကြီးသည်ထင်ပ။ နတ်ဆက်ဖို့ ယူသွားသည့်ပစ္စည်းတွေက လှည်းတစ်စီးတိုက်စာ။ ပြီး . . . အဖိုးတန်တွေချည်း။ ပန်းသီး၊ ချောကလက်တွေ

ကလည်း အလျှံပယ်။ အရက်ပုလင်းလှလှကြီးတွေဆို စက္ကူသေတ္တာနဲ့ တစ်သေတ္တာ။ သုံးရက်ကြိုရောက်အောင်သွားကြသည်မှာ ဆက်သချင်လို့ပါ။ သူတို့ထက်ဦးသူများလည်း ရှိသပေါ့။ ဒါပေသည့် ပစ္စည်းအားချင်းတော့ သူတို့ကို မပြိုင်နိုင်။

ဟိုမှာတော့ အရာရာသည် သူတို့အတွက် တခမ်းတနား ရှိပေ၏။ ပျို့တောင်ပြုံး စည်သည့်အကြောင်းကိုတော့ စာမဖွဲ့လို။ ပဲပြုတ်သည်အလွှာကအစ ထိပ်တန်းကတော်ကြီးတွေအထိ အားလုံး တပျော်တပါးကြီး ဝါဝင်သည့်ပွဲ။ ကိုယ့်ကိုယ်ကို ဘာလဲဆိုသည်ကိုမေ့ပြီး စည်းလွတ်ဝါးလွတ် ပျော်ပျော်ကြီး ကကြသည့်ပွဲ။ သောက်ကြသည့်ပွဲ။ ပါးစပ်စည်းကမ်း အထိန်းအကွပ်မရှိသော ပွဲဟာ စည်ပြီပေါ့။

အဆိုတော်တွေ၊ ရုပ်ရှင်မင်းသမီးတွေနောက်မှာ အအုပ်အသင်းဖွဲ့ပြီး တကောက်ကောက် လိုက်နေသူတွေကလည်း တိုးမပေါက်။

စိန်ရောင်တွေဆိုတာ တလက်လက်၊ တဖျတ်ဖျတ်၊ စိန်ချင်းပြိုင်သည့် ပွဲတော်လား အောက်မေ့ရသည်။ သာမန်လူတိုင်းက စိန်တွေ ဝတ်လာကြသည်တော့ မဟုတ်။

စိန်မျက်ခုံးတင်တင်ပြ၍ မြင်းဖူးလိုက်သော ရန်ကုန်က နတ်အနွယ်ဝင် ပဂေးကြီးများနှင့် နာမည်ကြီးနတ်ကတော်ကြီးများ၊ ထိပ်တန်းကတော်ကြီးများဖြစ်ကြ၏။ အလက်

---

ငွေစက္ကူတွေ သုံးလိုက်ကြသည်မှာလည်း အံ့သြစရာ။ သတင်းစာစက္ကူကို ဆုတ်ဆုတ်ပြီး သုံးနေရသလား အောက်မေ့ရသည်။ ချိုးရေတော်သုံးသည့် နေ့ကများ ဆယ်တန် အုပ်လိုက်။

---



www.burmeseclassic.com

www.burmeseclassic.com

အောက် နတ်ကတော်ကြီးတွေ ကိုယ့်အင်အားကို စိန်သီးပြီးများ ပြနေကြသလား မသိ။ စိန်မဝတ်နိုင်သည့် နတ်ကတော်ကတော့ အလိုလို တန်းနိမ့်ထဲ ဝင်ပြီးသားပေါ့။ စိန်မျက်ခုံးတောင် ဒီပွဲမှာ တဖျတ်ဖျတ် လက်လိုက်သည်မှာ စိန်မင်းသမီးလေးသို့နှယ် ရှိခဲ့ချေ ၏။

ငွေစက္ကူတွေ သုံးလိုက်ကြသည်မှာလည်း အံ့သြစရာ။ သတင်းစာစက္ကူကို ဆုတ်ဆုတ်ပြီး သုံးနေရသလား အောက်မေ့ရသည်။ ချီးရေတော်သုံးသည့် နေ့ကများ ဆယ်တန်အုပ်လိုက်။ ပွဲတော်လာသူ အများစုက ချို့ချို့တဲ့တဲ့ပါ။ ဒါတောင် သူတို့အထဲကလည်း ဆယ်တန်တွေ အမှတ်ထင်ထင်ကြည့်ရလောက်အောင် ထွက်ထွက်လာသေးသည်။ တစ်နှစ်လုံးစုထားသမျှ ဒီတစ်ပွဲမှာ အပြတ်အောသည် ထင်ပ။ သူတို့ကလည်း စိန်မသီးပေမယ့် ရွှေသီးအောင်တော့ ကိုယ့်ကိုယ်ကို ပွဲထုတ်ကြသည်သာ။

ကတော်မဟုတ်သော ကိုးကွယ်ရုံသက်သက်သမားတွေကတော့ ရှိတာကလေးတွေထုတ်ပြီး ဆက်ကြရသည်။ ဒီပွဲကအပြန် အမအစကို တဖွဖွတောင်းခံရင်း အပြန်ခရီးမှာ ပေါင်ထားသောပစ္စည်းတွေကို ဘယ်လိုပြန်ရွေးရပါ့မလဲဟု တွက်ရချက်ရ အဖြေရှာပြီး မောရသူတွေလည်း များ။

ရန်ကုန်က မလျှာတွေ အစုံမြင်ရသည်။ ဟိုခေတ်ကတော့ မသိ။ ဒီဘက်ခေတ် တောင်ပြုံးပွဲကို မလျှာပွဲလို့ပင် အမည်ပေးဖို့ ကောင်းသေးတော့။

မည်းမည်းသည်းသည်း မလျှာ၊ ညိုစိမ့်စိမ့် မလျှာ၊ ဝါဖန့်ဖန့် မလျှာ၊ ဖြူဖြူဖွေးဖွေး မလျှာ အစုံပါပဲ။ ဒါပေသည့် အပြင်အဆင်တတ်ကျွမ်းလွန်းလို့လား မသိ။

မည်းမည်းသည်းသည်း မလျှာက တစ်မျိုးကြည့်ကောင်းသလို၊ ညိုညိုစိမ့်စိမ့် မလျှာကလည်း တစ်ဘာသာကြည့်ကောင်းသည်။ ခြုံ၍ပြောရလျှင် အားလုံးကြည့်လို့ကောင်းနေကြသည်သာ။

တစ်ခုတော့ ထူးခြားသည်။

မြန်မာမလျှာ၊ ကုလားမလျှာ၊ ဗိုလ်ကပြားမလျှာတွေများပေမယ့် တရုတ်မလျှာတော့နည်းသည်။ နည်းသမှ တော်တော်လေး ရှာဖွေယူရလောက်အောင်ကို နည်းသည်။

လက်ထပ် မင်္ဂလာပွဲတွေကလည်း တခြိမ့်ခြိမ့်။ မင်းကလေးတစ်ယောက် ဂျင်ဂျင်ကိုလည်းနေရော့မည်။ မယားပေါင်း သောင်းခြောက်ထောင်ဆိုတာ စကားအရာဖြင့် ပြောကြသည်ကို ကြားဖူးဖန်များသဖြင့် နားရည်ဝနေကြပါလိမ့်မည်။ အပြောသာပဲဟု ဆိုကောင်း ဆိုကြပါလိမ့်မည်။ ဟုတ်ပ။ တကယ်တော့ ဘယ်ဖြစ်နိုင်မှာပ။ ဒါပေသည့် မင်းကလေးမှာတော့ မယားပေါင်း သောင်းခြောက်ထောင် ဘယ်ကပါ့မလဲ။ တစ်နှစ်တစ်နှစ် မင်းကလေးနှင့် လက်ထပ်သူ သုံးရာပဲထား။ နှစ်ပေါင်းများစွာဆိုတော့ သုံးသောင်းအထက်ပင် ကျော်ပေရော့မည်။

မင်းကလေးကို သနားဂရာတော့ ကောင်းသည်။ မလျှာဘုံ့နဲ့လည်း လက်ထပ်ရသည်။

တော်သေးသည်ဟု ဆိုစရာတော့ရှိသည်။ လက်ထပ်ထားပေမယ့် ပေါင်းချင်မှဖြစ်တာ။ မပေါင်းချင်ရင်လည်း ရသည်ပဲကိုး။

တကူးတကန့် တောင်ပြုံးပွဲအရောက်လာပြီး လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲခဲ့ကြသည့် မင်းကလေးအဆက်တွေ များသလို ကိုကြီးကျော်တပည့်များ၏ အင်အားမှာလည်း ထုနှင့်ထည်နှင့်။ မူးသိုက်ကြသည်မှာ စည်းလွတ်ဝါးလွတ် ပျော်ပျော်ပါးပါးကြီး။ ကဲ့ရဲ့တင်းဆဲ စကားပြောသူမရှိ။ မေးငေါ့သူ မရှိ။ သည်ပွဲမှာ အမျိုးသမီးများ ကကြရမည်။ အမျိုးသားများက မူးရမည်။ တစ်ခါမှ မရောက်ဖူးသူများပင် သည်ပွဲရောက်ရင် ကဖြစ်ကြသည်၊ မူးဖြစ်ကြသည်။

ကွက်ခြေရရ ကသူရှိသလို ဆံပင်မနိုင်၊ ပဝါမနိုင်၊ လုံချည်မနိုင်အောင် ကကြသူများလည်း ရှိသည်။ ကွက်ခြေရရ မူးသူများပါသလို စည်းလွတ်ဝါးလွတ် ဟပ်ထိုးလဲအောင် မူးသူများလည်း ပါကြသည်။

အာစလျှာစသွက်ရုံ ဟဲကောင်းရုံ သောက်သူများနှင့်တွေ့လျှင် ပျော်ဖို့ပင်ကောင်းသေး။ အဲ . . . သစ်ပင်ခြေရင်းခေါ်င်းစိုက်ပြီး အယုတ္တအနတ္တ



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်သရမ်းသူများနှင့် တွေ့ပါမှ စိတ်ညစ်စရာ အလွန်ကောင်းဘိ၏။

သည်ပွဲမှာ ဘယ်လောက်မူးမူး ကိုကြီးကျော်တပည့်တွေကို ဘယ်သူကမှ အပြစ်မဆိုရဲကြ။ အမူးသမားများကို အပြစ်ဆိုခြင်းသည် ကိုကြီးကျော်ကို အပြစ်ဆိုဘိသို့ ရှိချေသည် မဟုတ်ပါလား။ ကဲ . . . ဘယ်သူက အပြစ်ဆိုရဲမှာပ။ ကိုကြီးကျော်ကိုယ်တိုင်က သည်ပွဲမှာ ပျော်ပျော်ကြီးမူးသည်။ ဝိုင်းရှိသမျှ ရောက်သည်။ ကနားပွဲမှန်သမျှ မပါမရှိ။ ညာဘက်လက်က ကြက်ပေါင်ကိုင်ပြီး ဘယ်ဘက်က ဝီစကီ၊ ဘရန်ဒီကိုင်ထားသည့် ကိုကြီးကျော်၏ဟန်မှာ ဘယ်သူမှ ထီမထင်သည့်ဟန်။ ကိုယ့်ဟာကိုယ်မူးတာ ဘာဖြစ်တယ်ဟု ပြောနေဘိသို့။

ဘာဘပခန်းက သူ့နယ်နှင့်သူ သီးခြားအုပ်စိုး မင်းမူနေပေသည်။ သည်အချိန်ရောက်ရင် တောင်ပြုံးကို အရောက်ကြွကြရသည်။ သွေးဆိုးသော မင်းကလေးထိန်းဖို့ တာဝန်ရှိသပ။

မည်သို့ရှိစေ၊ တစ်ခါမှမရောက်ဖူးသူ၊ တောင်ပြုံးနှင့် အကျွမ်းမဝင်သူ အေးအဖို့ စိတ်ညစ်စရာအနည်းငယ် တွေ့ရသည်မှအပ ပျော်ရသည်။ မယုံလျှင် ပုံပြင်လို့မှတ်စရာ ထူးထွေသည့် အံ့ရာသော်များကို တွေ့ကြုံခဲ့ရပေသည်သာ။

တောင်ပြုံးပွဲ၏ ပျော်စရာအကောင်းဆုံးသော အကြောင်းရင်းမှာ လွတ်လွတ်ယပလပ် ကရခြင်းနှင့် အပြစ်တော်မမြင်တတ်သူများ အလယ်တွင် ထည်ထည်ဝါဝါကြီး မူးနိုင်ခြင်းပင် ဖြစ်ပေသည်။

ကကြပြီဆိုမှဖြင့် ဘယ်သူ့မျက်နှာကိုမှ ကြည့်စရာမလို။

ကိုယ့်အကကောင်းမှ ကောင်းပါ့မလားဟု စိုးထင့်စရာမလို။ ဘယ်သူတွေက ဘယ်သို့ပြောကြမှာပါလိမ့်ဟု စနိုးစနောင့် ဖြစ်စရာမလို။ ကတတ်သလိုက၊ ကချင်သလိုက။ နတ်အနွယ်ဝင် မဟုတ်သူများအပ အားလုံး ကကြသည်ပဲဟာ။ ရင်နှစ်ခြမ်းပြန်းပြန်းကွဲရုံမက ကွဲချင်ရာတွေပါ ကွဲအောင် ကကြသည့်ပွဲ။

ရှူးမာစတာနား၊ တေးရာနား။ ကုလားလိုဆိုပြီး ကုလားလို ကမလား။

အို . . . အိုင်လပ်(ဖ်)ယူ၊ ဟေး . . . ယူလပ်(ဖ်)မီ၊ ဟား . . . ပိ(စ်)၊ ပိ(စ်) အင်္ဂလိပ်လိုဆိုပြီး တက်(ပ်)ဒန့်(စ်) ကမလား။

ချစ်ချစ် အသည်းကလေးက ပွမ်ပွမ်မြည်သည်။ ကိုယ့်နှလုံးသားက တဂွမ်ဂွမ်မြည်သည်။ စတီရီယိုတေးဆိုပြီး ဒိုးဒိုးဒန်ဒန် ကမလား။

တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့၊ ခေတ်ဟောင်းတေးဆိုပြီး ညက်ညက်ကလေး ကမလား။

မြင်းလှည်းလေးနှင့် တူပျော်ပျော်၊ တောင်ပြုံးပွဲတော် သွားစို့နော်။ အနှစ်နှစ်ဆယ်တေးဆိုပြီး ဆတ်ဆတ်ကလေး ကမလား။ ကချဖြစ်သည်။ ဟန်မည့်သူ၊ တားမည့်သူမရှိ။ အကကောင်းလည်း မကောင်းဘူးလို့ ပြောမည့်ဆိုမည့်သူ မရှိ။ သည်တော့ ပျော်ပျော်ကြီးသာပ။

တောင်ပြုံးပွဲပဲဟာ။ မူးတာ၊ ကတာ ဆန်းတာမှတ်လို့၊ စာဖွဲ့နေရသလားဟု ဆိုလေမလား။ အဆိုမစောပါနှင့်။ မူးတာ၊ ကတာ မဆန်းပါ။ ဒါပေသည့် မူးသည့်လူတွေ၊ ကသည့်လူတွေက ဆန်းသောကြောင့်ပါ။

ကသည့် လူတွေအကြောင်း အေးက မသိပါ။ သူတို့ ဘယ်သူဘယ်ဝါဆိုသည်ကိုလည်း အေးမသိပါ။ စိန်မျက်ခုံးတင်တင်က တစ်ဦးစီပြပြီး ဘယ်သူဘယ်ဝါပေါ့ဟု ပြသည့်အခါ တအံ့တာသဖြစ်ရသည်။ မျက်လုံးလေး ဝိုင်းသွားရသည်။

ဝိသာနာရိပ်သာကြီးများမှာ ဖော့ရှုန် ယောဂီဝတ်စုံများနှင့် ရှေ့ဆုံးတန်းက နေရာယူခဲ့သူတွေ၊ ဝိသာခါအမျိုးသမီးအဖွဲ့က အရေးပါခဲ့သူတွေ သည်ပွဲမှာ သူတို့လည်း အထင်ကရ ပါကြသည်။ သူတို့က ဘုရားအလုပ်လည်း လုပ်သည်၊ နတ်အလုပ်လည်း လုပ်ကြသည်။ ဘုရားအလုပ်လုပ်တော့ ဥပုသ်သီတင်းသီလ စောင့်ကြသည်။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြသည်။ နတ်အလုပ်လုပ်တော့ တစ်ကြိမ်နှစ်ကြိမ် သူရာမေရယကို ဝေရာမဏီလုပ်ဖို့ မေ့သွားကြသည်ထင်ပ။ ကနားဝိုင်းအလယ်မှာ ပုလင်းကိုင်လို့၊ [illegible] တော့ ဆိုစရာရှိသည်။ သောက်တာ



www.burmeseclassic.com

www.burmeseclassic.com

က သူတို့မဟုတ်၊ ကိုကြီးကျော်တို့ သောက်သွားတာဟု ဆင်ခြေပေးနိုင်သည်။

ကိုကြီးကျော်တပည့် အမျိုးသားများတွင်လည်း ထိုနည်းလည်းကောင်း။ မထင်မှတ်သောပုဂ္ဂိုလ်များ ပါဝင်နေကြသည်။

ပုဂ္ဂိုလ်ကြီး နှစ်ယောက်-သုံးယောက်၏ ရာထူးနှင့် နာမည်များကို ကြားလိုက်ရစဉ်က အေးပါးစပ်ကလေး ဟောင်းလောင်းဖြစ်သွားရသည်။ သူတို့တွင် မကသေးပါ။ ရန်ကုန်မှာ စိန်မျက်ခုံးတို့နှင့်အပြိုင် ဆရာဝန် ကနားစီး နတ်ကတော်ကြီးများကိုလည်း မမတင်ပြလို့ တွေ့လိုက်ရသည်။

ကုလားဆင်ချော ချောသူကတစ်ယောက်၊ မြန်မာချော ချောသူက တစ်ယောက်၊ အသားမည်းမည်း အရုပ်ခပ်ဆိုးဆိုးက တစ်ယောက်။ သူတို့သုံးယောက်စလုံး ဆရာဝန်တွေ။ တစ်ယောက်ကဆို နိုင်ငံခြားဘွဲ့များပင် ရပြီးသား။ သူတို့ကြောင့် စိန်မျက်ခုံးပင် ရန်ကုန်မှာ တော်တော်လေး မှိန်သွားရသည်။ ဆရာဝန်နတ်ကတော်ဆိုတော့လည်း ပိုပြီး အရှိန်အဝါကြီးသလို ယုံကြည်သူတွေ ပိုများသည်။ ပထမတုန်းက စိန်မျက်ခုံးတပည့်တပန်းတွေပ။ နောက်တော့ သူတို့တွေက တစ်စင်ခွဲထောင်သွားကြသည်။

အဲသည်ထဲက ခပ်ချောချော နှစ်ယောက်ဆို အတိအလင်းပင် ယောကျ်ားယူထားကြသည်တဲ့။

သူတို့ ယောကျ်ားများ ဘယ်လောက်ဗိမ်ရှိဆို ရေချိုးခန်းဝင်ခါနီး စွပ်ကျယ်တို့၊ အကျီတို့ကို ကိုယ့်ဟာကိုယ် မချွတ်ရ။ ရေချိုးခန်းအထွက်မှာ မျက်နှာသုတ်ပဝါကိုင်ပြီး အဆင်သင့် စောင့်နေကြသည်။ ရေစက်ရေပေါက်ကို ကိုယ့်ဟာကိုယ် မသုတ်ရ။ ရေချိုးခြင်းကိစ္စမှာ သည်လောက်ဗိမ်ရှိရင် ကျန်တာဘာပြောစရာလိုမှာပ။

ဒါက စိန်မျက်ခုံးရဲ့ အပြော။

သူတို့က စိန်မျက်ခုံးတင်တင်ကို တလေးတစားဆက်ဆံကြသည်။ မြတ်မြတ်တင်တင် နေရာပေးကြသည်။ မမတင် . . မမတင်နှင့် လျှာဖျားလေးမှာပင် တင်ထားကြသည်။

မမတင်ကလည်း ရှေ့တန်တော့ ရယ်ရယ်ပြုံးပြုံး။ သူတို့ကွယ်ရာတော့ အရုပ်ဆိုးလောက်အောင် မဲ့သွားတတ်၏။ အပြိုင်အဆိုင်ဆိုတော့လည်း ဘယ်ကြည်မှာပ။

ဆရာဝန် မလျာတွေက အကမှာတော့ ထိပ်။ ဇာဇာရတနာတို့နဲ့ ပြိုင်ကရင် ဇာဇာရတနာပင် အရှုံးပေးရလိမ့်မည်ထင့်။ မလျာတွေဆိုတာ သူတို့နောက်မှာ တရှုန်းရှုန်း။ သူတို့ဟန်ပန်တွေကို နည်းယူဖို့နောက်က တကောက်ကောက် လိုက်ကြသည်။ အနားက မခွာကြ။

တောင်ပြုံးပွဲတော်မှာ စိန်မျက်ခုံးတင်တင်နဲ့ မင်းကလေးတို့ လက်ထပ်ပွဲကတော့ အကြီးအကျယ်ဆုံး၊ အခမ်းနားဆုံး။ တကယ့်လူချင်း လက်ထပ်ပွဲထက်တောင် ခမ်းနားသေးသည်။ စိန်မျက်ခုံးတင်တင်က တစ်နှစ်တစ်ခါ ယင်းသို့သောမင်္ဂလာပွဲကို တောင်ပြုံးမှာ ဆင်ယင်ကျင်းပလေ့ရှိသည်။

အေးခမျာလည်း အားနား ပါးနာနှင့် သတို့သမီးအရံ လုပ်လိုက်ရသေးသည်။ အရှုံးတော့မရှိ။ သတို့အမျိုးသမီးဝတ်သည့် ဝတ်စုံတစ်စုံ လက်ဆောင်ရလိုက်သည်။ ဝတ်စုံအကျီကို နာရီပိုင်းအတွင်း ရအောင် စီစဉ်နိုင်သည်က သူတို့အသိုက်အဝန်းအင်အား ဘယ်သို့ရှိသည်ကို ဖော်ညွှန်းပြဘိသို့ ရှိချေ၏။

အပြန်ခရီးတွင် မောင်မောင့်ကို ပြောစရာတွေက တစ်ပုံကြီး ပါလာသည်။ တစ်နေ့-နှစ်နေ့နှင့် ပြော၍ပင် ပြီးမည်မထင်။

အေးက တောင်ပြုံးပွဲမှာ မင်းကလေးနှင့်လက်ထပ်ပေးသည့် လက်ထပ်သူ သတို့သမီးအရံ လုပ်ရသဖြင့် မင်းကလေးပင် မျက်စိကျသွားလေမလားဟု စိုးထင့်မိရသည်။ မင်းကလေးသဘောကျရင် အတင်းကောက်တတ်သည်ဟု ကြားဖူးသမို့ ကြောက်သလိုလိုတော့ အရှိသား။ အိမ်ပြန်ရောက်ရင် မောင်မောင့်ကိုပြောရမည်။

"မောင်မောင်ရေ . . ဝက်သားများများစားမှ ဖြစ်တော့မယ်"လို့။

*(ဆက်လက်ဖော်ပြပါမည်။)*

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# ဆွမ်းတော်ကပ်၍ လှူဒါန်းပါ

■ မောင်စံထား(မနုဖြူ)

လူမှာ အရွယ်သုံးပါးရှိတဲ့အနက် ပထမအရွယ် လွန်မြောက်ပြီး ဒုတိယအရွယ် ရောက်လာခဲ့ပြီဆိုတာနဲ့ စီးပွားဥစ္စာကို ရှာဖွေရပါတော့မယ်။ ပညာအခြေခံကလည်း ကောင်းမယ်၊ ကျောထောက်နောက်ခံကလည်း တောင့်တောင့်တင်းတင်းရှိမယ်၊ ကိုယ့်မှာလည်း ရာထူးရာခံ ရှိမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပဲပေါ့။

စီးပွားဥစ္စာ ရှာဖွေတဲ့အခါမှာ စီးပွားပျက်စေမယ့် အပျော်အပါး၊ လောင်းကစား စတာတွေကိုတော့ ရှောင်ကြဉ်ရမှာပေါ့။ ရတာနဲ့သုံးတာကာမိဖို့လည်း အရေးကြီးပါတယ်။ အများနဲ့ ဆက်နွှယ်နေတဲ့ လုပ်ငန်းတွေ လုပ်ကိုင်ကြတဲ့အခါမှာ ကိုယ့်လုပ်ငန်း အောင်မြင်ဖို့တင်မက ကိုယ့်ကိုလည်း အများက လေးစားတာကို ခံယူချင်ကြမှာပဲ။ ကိုယ့်ရဲ့ဂုဏ်သတင်းဟာလည်း ကျော်ကြားမယ်၊ ထင်ရှားမယ်၊ စီးပွားလာဘ်လာဘတွေလည်း ဝင်လာမစဲ တသဲသဲဆိုရင် မကောင်းပေဘူးလား။ ဒီလိုမျိုးပြည့်စုံရဖို့အတွက် "ဆွမ်းတော်ကပ်ပြီး လှူဒါန်း"တဲ့ ယတြာလေး ပေးချင်ပါတယ်။ လုပ်ရမယ့်အချိန်က မနက် ၉း၀၀ နာရီ တိတိ။ ကိုယ့်မွေးနေ့မှာလုပ်။ ကိုယ်တိုင်လုပ်ဖို့ မအားရင် ကိုယ့်အိမ်သူ၊ အိမ်သားကို လုပ်ခိုင်းပါ။ ထူးခြားမှုတွေ ကြုံတွေ့ရပါလိမ့်မယ်။

၁။ **တနင်္ဂနွေဖွားများ** နံနက် ၉ နာရီ ငှက်ပျောသီး ၁၀ လုံးကို အခွံနွှာ၊ သကြားဖြူး၊ ဆွမ်းတော်ကပ်ပါ။

၂။ **တနင်္လာဖွားများ** နံနက် ၉ နာရီ၊ ပန်းသီး ၉ လုံးမှာ သကြားထည့်ပြီး ဆွမ်းတော်ကပ်ပါ။

၃။ **အင်္ဂါဖွားများ** နံနက် ၉ နာရီ ပန်းကန်ပြားထဲ ရှောက်ယို ၅ ပုံပုံပြီး ဆွမ်းတော်ကပ်ပါ။

၄။ **ဗုဒ္ဓဟူးဖွားများ** နံနက် ၉ နာရီ ပန်းကန်ပြား ၃ ချပ်မှာ ပဲပင်ပေါက်ကြော်ထည့် ဆွမ်းတော်ကပ်ပါ။

၅။ **ကြာသပတေးဖွားများ** နံနက် ၉ နာရီ သရက်သီး ၆ စိတ် စိတ်ပြီး ဆွမ်းတော်ကပ်ပါ။

၆။ **သောကြာဖွားများ** နံနက် ၉ နာရီ ပန်းခွက် ၈ ခွက်မှာ နွားနို့အစိမ်းထည့်ပြီး ဆွမ်းတော်ကပ်ပါ။

၇။ **စနေဖွားများ** နံနက် ၉ နာရီ ပန်းကန်ပြား ၈ ချပ်ထဲ အုန်းသီးခြစ်ထည့်ပြီး ဆွမ်းတော်ကပ်ပါ။

**မောင်စံထား(မနုဖြူ)**



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

# ဗုဒ္ဓအမွေနှစ်များ ဦးခိုက်ပူဇော်

မောင်စိုးထိုက်(သုံးဆယ်)

## မြန်မာ့ရိုးရာသင်္ကြန်ပွဲ နွဲ့ကြလို့ဖြင့် နှစ်သစ်ကြို

ယနေ့ (၁၃-၄-၂၀၁၄)နံနက်(၁၀း၃၀)နာရီတွင် ဘော်ကြိုဘုရားကြီး ရှိရာမှ ရှေ့ခရီးဆက်ကြသည်။ မိမိ အစီအစဉ်ဖြင့် နေ့လည်စာ (၁၁း၃၀)နာရီခန့် စားသောက်ကြရန် ခရီးလမ်းယာဉ်ရပ်စခန်းတစ်ခုတွင် ကားရပ်ပေးသည်။

စားသောက်ဆိုင်ကြီးမှာ ခန့်ညားပြီး မြန်မာစာ၊ ရှမ်းစာ ပြည့်စုံသော်လည်း ဝန်ဆောင်သူအင်အား မပြည့်စုံသဖြင့် မော်တော်ယာဉ်များ ရှေ့ခရီးထွက်ရန် အချက်ပေးဟွန်းတီးချိန်အထိ မစားမသောက်ရသေးဘဲ ယာဉ်ပေါ်ပြန်တက်ရသူများ ရှိလာသည်။

ဘုရားဖူးမိတ်ဆွေအားလုံး ကားဆရာများနှင့် ဘုရားဖူး Guide ၏ စေလိုရာစေ၊ ညွှန်ကြားသမျှ လိုက်နာဖို့အပြင် အခြားဘာမျှမတတ်နိုင်သည်မို့ အစာငတ်သူငတ်ပြီး ရှေ့ခရီးဆက်ကြရပြန်သည်။

လားရှိုးမြို့၊ တန်ခိုးကြီး မန်ဆူဘုရား စေတီတော်ကြီး မုခ်ဝသို့ မွန်းလွဲ (၃း၀၀) နာရီခန့်တွင် ဆိုက်ရောက်ကြသဖြင့် ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်လေ့လာ အပန်းဖြေခွင့်ရကြတော့သည်။ ဘုရားကြီးအနီးတွင် လိုအပ်သောပစ္စည်း၊ သင့်တင့်သော ရှမ်းအစားအစာ ဆိုင်လေးများ ရှိနေသဖြင့် နေ့လည်စာ မစားမသောက်ခဲ့ရသူများ ဝယ်ယူစားသောက်ခွင့်ရကြသဖြင့် အာဟာရကိစ္စ ဖြည့်ဆည်းခွင့်ရခဲ့ကြသည်။ လန်းဆန်းမှုများနှင့် ပြန်လည်ဆုံဆည်းခွင့် ရရှိကြပါသည်။

ဤမန်ဆူဘုရားကြီးနှင့်ကပ်လျက် မြန်မာမန်ဆူဘုန်းတော်ကြီးကျောင်းတွင် တစ်ညတာ အိပ်စက်ရမည်။ တစ်ရက်တာခရီး ရပ်နားရတော့မည်မို့ ပိုမိုရွှင်လန်း တက်ကြွလာကြပါသည်။

ထို့ထက်ဝမ်းမြောက်ရွှင်လန်းဖွယ်ရာမှာ ဘုရားဖူးပြီး ကားပေါ်ပြန်တက် ရေပူစမ်း အပန်းဖြေခရီး (တစ်ရက်တာ ရေချိုးသန့်စင်ရန်) ခရီးဆက်ပို့ပေးပါသည်။

အမှန်တော့ ဘုရားဖူးများ ရေပူစမ်းတွင် အပန်းဖြေနေစဉ် ယနေ့ညနေမှ စတင်ပြီး ရွှေကြေးစည်အဖွဲ့မှ တာဝန်ယူ ထမင်းကျွေးမည်မို့ ချက်ပြုတ်ရေးအဖွဲ့မှ ချက်ပြုတ်ရန် စီစဉ်ဆောင်ရွက်နေစဉ် ဘုရားဖူးများကို ရေပူစမ်းပို့ထားခြင်းလည်း ဖြစ်ပါသည်။ သင့်လျော်အဆင်ပြေသည့် စီမံခန့်ခွဲမှု ဖြစ်ပါသည်။

ရေပူစမ်းတွင် အပန်းဖြေရန် ညနေ (၆း၀၀) နာရီအထိ အချိန်ပေးထားသည်။

၁၉၉၀ ပြည့်နှစ်က စာရေးသူတို့မိသားစုသည် ခေတ်ရှေ့ဆောင် ဘုရားဖူးအဖွဲ့နှင့် (၁၈)ရက်ခရီး မြန်မာပြည်အနှံ့ (ရန်ကုန်-ပြည်-မကွေးဘုရားစုံနှင့် ရွှေစက်တော်ပုဂံ၊ ပုပ္ပါး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ တောင်ကြီး၊ အင်းလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ တောင်ငူ၊ ပဲခူး) ဘုရားဖူးထွက်ခဲ့စဉ်က ဤရေပူစခန်းသို့ရောက်ခဲ့ဖူးပါသည်။

သဘာဝ ရေပူစမ်းကို သဘာဝရေကန်၊ သဘာဝသစ်ပင်များကြားတွင် လွတ်လပ်စွာ အချိန်ကန့်သတ်ချက်မရှိ အခကြေးငွေမရှိ ပျော်ပျော်ရွှင်ရွှင် အပန်းဖြေ ရေပူစိမ်ခွင့်ရခဲ့ကြသည်။ လန်းဆန်းမှုရကြသလို ကျန်းမာရေးအတွက်လည်း ကောင်းမြတ်သည်ဟု ဒေသခံများက ညွှန်းဆိုကြသဖြင့် ရေပူစမ်းရောက်သူတိုင်း ရေပူကန်ထဲ မဆင်းရဲသည့်တိုင် အနည်းဆုံး ရေပူခပ်ယူ ပွတ်သပ်သူများ ရှိကြသည်။ ထိုစဉ်က ဒေသခံတို့က ရေပူစမ်းထဲ



www.burmeseclassic.com

www.burmeseclassic.com

ရေချိုးပုံချိုးနည်း မေတ္တာဖြင့် သင်ကြားလမ်းညွှန်ပေးသည်။ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်လျှင် လန်းဆန်းပေါ့ပါးသွားသည်။ ကျန်းမာရေး ကောင်းသွားသည်ဟု ခံစားရပါသည်။ ကြက်ဥ၊ ဘဲဥ ကြိုးသိုင်းချကြည့်လျှင် (၅)မိနစ်အတွင်းကျက်သည့် ရေပူထဲတွင် တစ်ကိုယ်လုံးနှစ်ပြီး ရေစိမ်နိုင်ကြသည်။ ကန်ထဲမှ ကန်ပေါ်တက်လိုက်ပါက အေးစိမ့်သွားသည့် ခံစားမှု ကြည်နူးဖွယ် ဖြစ်ပါသည်။

❐

**ရှေ့ရှေ့က ရေပူစမ်းတွင် ရေပူစိမ်ပုံ တင်ပြလိုပါမည်။**

လားရှိုးမြို့ရောက်သည်နှင့် တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သော မာန်ဆူဘုရားသို့ တက်ရောက်ဖူးမြော်ပြီး လားရှိုးမြို့၏ အံ့ဩဖွယ်တစ်ခုဖြစ်သော ရေပူစမ်းသို့ အပမ်းဖြေရန် သွားဖြစ်တော့သည်။ အလွန်အံ့ဩဖွယ်ကောင်းလှပါသည်။ သဘာဝအလျောက် ပူနေသော ရေပူစမ်း(ကန်) ဖြစ်ပါသည်။ ထိုရေပူစမ်းနှင့်ကပ်လျက် အေးနေသော ရေအေးစမ်း(ကန်)လည်း တစ်ဆက်တည်းရှိနေပါသည်။ အံ့ဩမကုန်နိုင်စရာ ဖြစ်ပါတော့သည်။ ရေပူစမ်းသည် ကြက်ဥ ပြုတ်လျှင် ကျက်နိုင်လောက်အောင်ပူသည်။ ချမ်းအေးနေချိန် ရေနွေးစပ်၍ ရေချိုးသကဲ့သို့ဖြစ်သည်။ ပူအိုက်နေချိန်တွင် ရေကန်ထဲ ဆင်းဝံ့မည်ပင် မထင်ပါ။

သို့သော် မည်သည့်အချိန်တွင်မဆို ရေပူကန်ထဲဆင်းနည်းရှိသည်။ ဆန္ဒစောပြီး မဆင်းရ၊ ရေသည် ပူနေသည်။ သို့အတွက် ကန်ဘောင်တွင်ထိုင်ပြီး ပထမခြေဖျား၊ ခြေသလုံးအထိ ရေပူနှင့် ပွတ်သပ်ပေးရသည်။ ရေပူဒဏ်ခံနိုင်မှ ရေပူစမ်းထဲသို့ ခြေထောက်ချရသည်။ ပြီးမှ ကျန်ခန္ဓာကိုယ်အား ရေပူနှင့် ပွတ်သပ်ပေးရသည်။ ရေပူဒဏ်ခံနိုင်မှ တဖြည်းဖြည်း ခန္ဓာအား ရေပူထဲသို့ နှစ်ရသည်။ ထိုအခြေအနေ ရောက်ပြီဆိုလျှင် ရေပူထဲမှ ပြန်ထရန်ပင် ဝန်လေးလာသည်။ မတ်တပ်ရပ်ကြည့်လျှင် ရေပူနှင့် လွတ်ရာနေရာသည် အေးစိမ့်လာသည်။ ရေပူပြန် စိမ်ရသည်။ အပမ်းဖြေစရာတစ်ရပ် ဖြစ်ပါသည်။ ထိုရေပူစမ်းသည် ခန္ဓာကိုယ်အတွင်း အပူအအေး မမျှသော ရောဂါသည်များအတွက် ရောဂါကုရာဌာနတစ်ခုဟုပင် ဆိုစမှတ် ရှိနေကြပါသည်။

❐

ယခုအခေါက်က ခေတ်မီလာသည့် ရေပူစိမ်ကန်တွင် ရေပူစိမ်ကြရမည်။ တစ်ယောက်ခန်း ၁၅၀၀ိ နှုန်း၊ နှစ်ယောက်ခန်း ၂၀၀၀ိ နှုန်း စသဖြင့် အခန်းဖွဲ့ထားသည့် အခန်းတွင်း ရေပူစိမ်ခွင့်ရကြသည်။ အခမဲ့ ရေစိမ်ရန် သဘာဝရေကန် တစ်နေရာရာတွင် ရှိသေးဟန်တော့ ပြောသံ၊ ဆိုသံကြားရသည်။ သို့သော် ညွှန်သူမှ အချိန်ပေး မသွားကြတော့ပါ။ သတ်မှတ်အခန်းအတွက် အခပေးပြီး အဆင်ပြေသလို ရေပူချိုးခန်းတွင် ရေပူစိမ်ကြသည်။ ရေချိုးခန်းထဲရှိ ဇလားရေကန်ထဲသို့ ဘုံဘိုင်နှစ်ခုမှ ရေပူ၊ ရေအေးပိုက်နှစ်ခု ဖွင့်ပေးထားသည်ကို တွေ့ရသည်။ ရေပိုက်တစ်ခုက ရေအေး၊ တစ်ပိုက်က ကြိုချက်ထားသော ရေနွေးလွှတ်ပေးသည့်သဘော ဖြစ်နေသည်။ သဘာဝဖြစ်ကောင်းဖြစ်မည်။ သို့သော် ရှေးရှေးသဘာဝ ရေပူကန်တွင် ရေအေးကန်မှ ရေအေးလွှတ်ပေးသည် မရှိ။ ယခုတော့ ဆန်းဆန်းပြားပြား ဖြစ်နေပါရော့။

မိုးမချုပ်မီ တည်းခိုရမည့် မန်ဆူကျောင်းသို့ပြန်၊ ကျောင်းရှိ ကျယ်ဝန်းသည့် အခန်းများတွင် ဘုရားဖူးများကို (ကျား၊ မ)ခွဲခြားပြီး နေရာချထားပေးသည်။ နေရာစီစဉ်ပေးကြသည်။ ကောင်းလေစွ။

တစ်နာရီခန့် နားနားနေနေ နေပြီး ညစာထမင်းကို ရွှေကြေးစည် ချက်ပြုတ်ရေးအဖွဲ့ထံမှ ကိုယ်တိုင်ယူစနစ်ဖြင့် စားသောက်ရသည်။ မြန်မာဆန်၊ မြန်မာထမင်းမို့ မြန်မာဘုရားဖူးများ အာဟာရ ဖြစ်ကြရပါသည်။

စာရေးသူက လားရှိုးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ-ဆရာကောင်းညွှန့်ဝေ(ရေစကြို)အဖွဲ့ကို တွေ့ဆုံပြီး စာပေဆိုင်ရာများ ပြောကြဆိုကြဖို့ ချိန်းဆိုထားသည်။ သို့သော် ရေပူစမ်းကို စာရေးသူတို့တွေ ရောက်နေသဖြင့် လွဲချော်ကုန်သည်၊ ယနေ့သည် သကြံန်အကြိုနေ့မို့-

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင်



www.burmeseclassic.com

www.burmeseclassic.com

၁၃၇၅ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမရှေ့ရှိ ရေလသဘင်မဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်တို့ တက်ရောက်အားပေးကြသည်။ ရှေးဦးစွာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က နှစ်သစ်အကြို နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်အေး၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းမွန်နှင့် ဦးလွယ်မောင်းတို့က မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာနှင့် ရပ်ကွက် (၁၂) ရပ်ကွက်တို့မှ သင်္ကြန်တေးများ သံပြိုင်သီဆို ကပြဖျော်ဖြေကြသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အရှေ့မြောက်ပိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မဟာသင်္ကြန်ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။ နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖွင့်လှစ်ပေးသည့် လားရှိုးမြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကြီးကို စာရေးသူအနေနှင့် ခရီးကြုံသည့်အဖြစ် ဆုံဆည်းခွင့် ရရှိလိုက်ပါသည်။ လားရှိုးမြို့တွင် တစ်ညတာ အိပ်စက်နားနေရန်သာ ရှိပါတော့သည်။

□

ယ[illegible]နေ့ညကတည်းက ယနေ့ (၁၄-၄-၂၀၁၄) သင်္ကြန်အကျနေ့ နံနက် (၄း၀၀) နာရီတိတိ မူဆယ်မြို့သို့ ခရီးဆက်မည်ဟု တာဝန်ခံ Guide ဆရာလေးက အသိပေးထားသည်မို့ ရွှေကြေးစည် ရွှေလီခရီးစဉ် ယာဉ်ကြီး (၃) စီးနှင့် လိုက်ပါလာသော ဘုရားဖူးများ မိမိရရှိထိုင်ခုံများတွင် နံနက်(၃း၄၅)နာရီကတည်းက နေရာယူထားကြပြီးဖြစ်သည်။ ဘုရားဖူးခရီးသည်များဘက်မှ တာဝန်ကျေပြီ ဖြစ်ပါသည်။ အမှန်တကယ်ကားစထွက်တော့ နံနက် (၄း၃၀)နာရီ ဖြစ်ချေပြီ။

□

ယာဉ်မောင်းချိန် (၁၅) မိနစ်၊ မိနစ် (၂၀) ခန့်တွင် ကျောက်မဲမြို့နယ်စာရင်းဝင် လားရှိုးမူဆယ်လမ်းမပေါ်ရှိ ကျေးရွာအဆင့် ရပ်ကွက်အဆင့် ကားရပ်ပေးသဖြင့် စျေးဆိုင်ငယ်လေး(၃/၄)ဆိုင်သာရှိသည့် နေရာတွင် နံနက်ခင်းစာအဖြစ်၊ အဆာပြေစားသောက်နိုင်ရန် ရရာဝယ်စားစနစ်ဖြင့် အားဖြည့်ကြရသည်။

လမ်းမကြီးအနီးရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်စင်ခန်းတွင် သန့်စင်မှုလုပ်လိုသူတို့ လုပ်ကြရသည်။ ကျောင်းအဝင် မုခ်ဦးပေါက်ဝန်းကျင်တွင် ရှိနေသော ကိုရင်ငယ်လေးများက တစ်ကြိမ်(၅၀၀) တစ်ကြိမ်(၅၀၀) ဟု မြန်မာသံမပီ ချစ်စဖွယ်အသံလေးများဖြင့် အသံပေးနေကြသည်။

အလှူငွေအဖြစ် လှူကြသူများရှိသလို မလှူဖြစ်ကြသူများ ရှိနိုင်ပါသည်။ မြန်မာတို့သည် သဒ္ဓါနည်းကြသူများ မဟုတ်ပါ။ မလှူချင်၍ ဟုတ်မည်မထင်ပါ။ Guide က ကြိုတင်မှာ ကြားမှုမရှိသဖြင့် ငွေမပါ၍ မလှူနိုင်ခဲ့ခြင်း ဖြစ်နိုင်ပါသည်။

ကားပေါ်တွင် လူစုံသည်နှင့် ရှေ့ခရီးဆက်ကြပြန်သည်။ နံနက် (၁၁း၀၀)နာရီ မထိုးမီ မူဆယ်မြို့ စိန်ကမ္ဘာဟိုတယ် ယာဉ်ရပ်နားကွင်းသို့ ဆိုက်ရောက်သဖြင့် ဟိုတယ်တွင် တည်းခိုလိုသူများအတွက် Guide ဖြစ်သူက ကြိုတင်စီစဉ် မှာကြားငှားရမ်းပေးသည့် တစ်ညအိပ် တစ်ယောက်ခန်း (၁၅၀၀၀ိ)၊ နှစ်ယောက်ခန်း (၂၀၀၀၀ိ)၊ လေးယောက်ခန်း (၂၅၀၀၀ိ) နှစ်ည အိပ်ရမည်မို့ ၂-ဆ ပေးချေကြရမည် ဖြစ်ပါသည်။ ဟိုတယ်အဆင့် အခန်းငှား တည်းခိုသော်လည်း နံနက်ခင်း အဆာပြေ မကျွေးဟု ကြားသိရသည်။

စိန်ကမ္ဘာဟိုတယ်တွင် နှစ်ရက်တည်းရမည့် နေ့လယ်စာ/ညစာကို ရွှေကြေးစည် ချက်ပြုတ်ရေးအဖွဲ့မှ



www.burmeseclassic.com

www.burmeseclassic.com

ကျွေးမည်။ ကိုယ်တိုင်ယူစနစ် အဆင်ပြေတဲ့နေရာမှာ မိမိအစီအစဉ်ဖြင့် စားကြရမည်။ မူဆယ်သို့ စောနိုင်သမျှ စောစောရောက်အောင် ကြိုးစားပြီး ခရီးဆက်ခဲ့ကြသည်မှာ ဘုရားဖူး Guide များအနေနှင့် ရွှေလီ-ဝမ်တိန်-မံစီ ခရီးစဉ် (မြန်မာ-တရုတ်ပြည်) နယ်ခြားဒေသ ဖြတ်သန်းခွင့် Temporanry Borden pass ရရှိရေးကိစ္စ၊ မြန်မာငွေနှင့် ယွမ်ငွေ လဲလှယ်ရေးကိစ္စ၊ တစ်ဖက်နိုင်ငံတွင် လည်ပတ်ရေး(ကား+လမ်းညွှန် Guide) တရုတ်မြန်မာ Guide (မတရုတ်မ)ကို ဆက်သွယ်ရရှိရေးကိစ္စတို့ကြောင့်ဟု ရှင်းပြထားသည်။

အခြားဘုရားဖူးလုပ်ငန်း အဖွဲ့တို့၏ ဘုရားဖူးကားကြီးများနှင့်လည်း စိန်ကမ္ဘာဟိုတယ် ကားရပ်နားစခန်းကြီးတွင် ဆုံကြရသည်။ သို့သော် ရွှေကြေးစည်က မြန်မာပြည်-ရွှေလီခရီးစဉ်အတွက် ကားထွက်အများဆုံးအဖြစ် တွေ့ဆုံရသည်။ လူ(၄၀)ကျော်ပါ ယာဉ်ကြီး(၃)စီးတစ်ပြိုင်တည်း ထွက်လာခြင်း ဖြစ်ပါသည်။ အောင်မြင်သော ဘုရားဖူးလုပ်ငန်း၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်စွမ်းရှိသည့် ငွေကြေးစည်ဘုရားဖူးလုပ်ငန်းအဖြစ် ဂုဏ်ယူမိပါသည်။

စာရေးသူ မိသားစု (၅)ဦးသည်၊ မူဆယ်မြို့-စိန်ကမ္ဘာဟိုတယ်တွင် မတည်းပါ။

မူဆယ်မြို့နယ် စာရေးဆရာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရအောင် GustHouse(ဗိုလ်တဲ)တွင် သွားရောက်တည်းခိုပြီး ပြင်ပစားသောက်ဆိုင်တွင် စားသောက်မည်မို့ ရွှေကြေးစည် Guide ညွှန်ကြားမှုများကို သေချာမှတ်ရပါသည်။

(၁) ပြင်ပတည်းသူ မည်သူမဆို မူဆည်တွင်ရှိနေစဉ် ထမင်းကျွေးချိန်တိုင်း မိမိအစီအစဉ်ဖြင့် လာရောက်စားနိုင်ကြောင်း၊

(၂) နယ်ခြားဖြတ်သန်းခွင့်လက်မှတ် ရရှိရေးအတွက် ယနေ့ မွန်းလွဲ (၂း၀၀)နာရီအရောက် ကိုယ်ရေးအကျဉ်းနှင့် ဓာတ်ပုံပေးပို့ရန်။

(၃) တစ်ဖက်နိုင်ငံသုံး ယွမ်ငွေ လဲလှယ်လျှင် မတရုတ်မသာ အသင့်တော်ဆုံး၊ တစ်ဖက်နိုင်ငံတွင် လဲလှယ်ထားသော ယွမ်များကုန်အောင် မဝယ်ဖြစ်လျှင်၊ မသုံးဖြစ်လျှင် မတရုတ်မထံသို့ သတ်မှတ်ဈေး(အောက်ဈေး)ဖြင့် ပြန်သွင်းနိုင်ကြောင်း၊ တစ်ဖက်နိုင်ငံ လည်ပတ်ရေးတရုတ်မြန်မာဂိုက် မတရုတ်မကို တစ်ဦးလျှင် ငွေကျပ် ၂၄၀၀၀ိ/ ပေးဆောင်ရန်၊ သို့သော် တစ်ဖက်နိုင်ငံတွင် စားသောက်သမျှ မိမိစရိတ်ဖြင့် စားသောက်ရန် ဖြစ်ကြောင်းများ ပါရှိပါသည်။

ဘုရားဖူး Guide မှာကြားမှုများကို မှတ်သားပြီး မူဆယ်မြို့ စိန်ကမ္ဘာဟိုတယ်ရှေ့ရှိ တုတ်တုတ် (သုံးဘီးယာဉ်) ငှားရမ်းပြီး ဗိုလ်တဲသို့ ခရီးဆက်ကြသည်။ မိနစ်(၂၀)ခန့်အကြာ ဗိုလ်တဲသို့ ရောက်ရှိသည်။

ဗိုလ်တဲတွင် စာရေးဆရာများဖြစ်သည့် မြို့နယ်အတွင်းရေးမှူး နိုင်မျိုးသစ္စာ(နမ္မတူ)၊ အမှုဆောင် ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ မြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌ (စာရေးဆရာ) သိန်းဇော်(ရွှေလီဦး) ချောင်းဦး မြို့နယ်အသင်း ဥက္ကဋ္ဌ စိုးမြတ်(ချောင်းဦး)တို့က အသင့်စောင့်ကြိုနေကြသည်။

မိသားစုအတွက် အိပ်ခန်း (၂)ခန်း၊ နားနေခန်း (၁)ခန်း စီစဉ်ပေးထားပါသည်။

(မိနစ် ၂၀ ခန့်)အတွင်း မူဆယ်သကြၤန်ရေကစာရေးသူတို့ (၅)ဦးကို ရွှဲရွှဲစိုစေပါသည်။ စိုနေသည့် အဝတ်အစားလဲ၊ ခေတ္တနားပြီး ကားသောက်ဆောင်တွင် နေ့လည်စာ စားကြသည်။

စားသောက်ပြီးသည်နှင့် စာရေးသူနှင့် မူဆယ်စာပေအဖွဲ့တို့ စကားလက်ဆုံ ဆက်ကြပြီး မွန်းလွဲ (၂)နာရီခန့်တွင် ဗိုလ်တဲမှ စိန်ကမ္ဘာဟိုတယ်သို့ သားငယ်နှင့်အတူ တုတ်တုတ်ဖြင့်သွားကြသည်။ နယ်စပ်ဖြတ်သန်းလက်မှတ်နှင့် ရွှေလီ+ ဝိမ်တိန်+မံစီ လည်ပတ်ရေးအတွက် ကျသင့်ငွေ ရွှေကြေးစည်ဘုရားဖူး Guide ထံ ပေးသွင်းပြီး Guisthouse ဗိုလ်တဲသို့ တုတ်တုတ်ဖြင့် ပြန်ကြသည်။

Guisthouse ဗိုလ်တဲရောက်သည်နှင့် အသင့်စောင့်နေသောကားဖြင့် မူဆယ်မြို့ စာပေချစ်သူများ၊ စုပေါင်းလှူဒါန်း ထည့်ဝင်ငွေများဖြင့် ဖွင့်လှစ်ထားသောမော(ဝ်)နေခြည် စာကြည့်တိုက်သို့ ဒေသခံ စာရေးဆရာ




www.burmeseclassic.com


www.burmeseclassic.com

## တရုတ်ပြည် ရွှေလီ ဝမ်တိမ် - မုံစီ ခရီးစဉ် အမှတ်တရ













www.burmeseclassic.com

www.burmeseclassic.com

များနှင့်အတူ သွားရောက်ကြည့်ရှု လေ့လာမိသည်။ အဆင့်မြင့် စာကြည့်တိုက်ကြီးတစ်ခုအဖြစ် မှတ်တမ်းတင်မိပါသည်။ ခြံဝန်းကျယ်ခြင်း၊ အဆောက်အဦကောင်းမြတ်ခြင်း၊ စာအုပ်စာပေဘာသာရပ်စုံခြင်း၊ စာအုပ်ငှားစနစ်ကျခြင်း၊ ပြင်ပငှား၊ ထိုင်ဖတ်ငှားစနစ်ရှိခြင်း၊ ထိုင်ဖတ်အတွက် နေရာလုံလုံလောက်လောက်ရှိပြီး လွတ်လပ်စွာ လေ့လာဖတ်ရှုနိုင်ခြင်း၊ သန့်စင်ခန်း လုံလောက်ခြင်းတို့ကို အားကျဂုဏ်ပြုမိပါသည်

မောင်ယဉ်မွန်(မောဝ်နေခြည်)က စာပေချစ်စိတ်ဖြင့် စာကြည့်တိုက်မှူး တာဝန်ယူထားသည်။ မောဝ်နေခြည် စာကြည့်တိုက်ရှေ့ ကွင်းပြင်ကျယ်ကြီးတွင် မူဆယ်မြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကြီးက ခမ်းနားထယ်ဝါလွန်းလှသည်။

ရန်ကုန်မြို့ မဏ္ဍပ်ကြီးစာရင်းဝင်အဆင့်အထိ တည်ဆောက်ထားသည်။ ဇာတ်ခုံ(စတိတ်ခုံ) ကျယ်ဝန်းခြင်း၊ VIP အထူးဧည့် ကြည့်ရှုဆောင်၊ ခရိုင်မြို့နယ်အဆင့် ဧည့်သည်တော်ကြီးများ ကြည့်ရှုဆောင် ပြိုင်ပွဲဝင် (၂၂) သင်း၊ ယိမ်းပျိုဖြူများ နားနေဆောင်၊ ခေတ်ပေါ်တေးဂီတ အခင်းအကျင်း၊ တေးသံရှင်များ နားနေခန်း မဏ္ဍပ်ရှေ့တွင် စနစ်တကျ အားပေးနေသော ထောင်ချီပရိသတ်၊ ယဉ်ကျေးစွာ ရေပက်ကစားနေသည့် ရေနန်းပွဲတော် မြင်ကွင်းတို့သည် နယ်စပ်မြို့တွင် မြန်မာ့ယဉ်ကျေးမှု အပြည့်အဝ အခင်းအကျင်းကို ခင်းကျင်းနိုင်စွမ်းရှိသော ဒေသခံပုဂ္ဂိုလ်များကို လေးစားဂုဏ်ပြုပါသည်။

စာရေးဆရာ သိန်းဇော်(ရွှေလီဦး)က စာရေးသူကို ဗဟိုမဏ္ဍပ်တွင် တာဝန်ယူဆောင်ရွက်သော ပုဂ္ဂိုလ်များ၊ အထူးဧည့်သည်များနှင့် မိတ်ဆက်ပေးပါသည်။ မိမိအတွက် မိတ်ဆွေကောင်းများ တိုးခဲ့ရသလို နွေးထွေးစွာ၊ ရင်းနှီးစွာ ကြိုဆိုမှုကြောင့် ပီတိအနန္တ ခံစားရပါသည်။ အထူးသဖြင့် ဤမဏ္ဍပ်ကြီးနှင့် ဆက်နွယ်သည့် ကောင်းဆိုးမှန်သမျှ အစစအရာရာ တာဝန်ခံရသောသူမှာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော် ဖြစ်သည်။ ဦးကိုကိုဇော်သည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်သားဟု သိခွင့်ရလိုက်ပါသည်။ အသက်အားဖြင့် (၄၀)ဝန်းကျင်ထက် မပိုသော တက်လူတစ်ယောက်အနေနှင့် ကိုယ်တိုင်စီမံခန့်ခွဲ ကိုယ်တိုင်ကြီးကြပ် စောင့်ကြည့်နေသည်မှာ တာဝန်သိသော ပြည်သူ့ဝန်ထမ်းအဖြစ် တွေ့ရှိရပါသည်။

စာရေးဆရာသိန်းဇော်(ရွှေလီဦး)က အုပ်ချုပ်ရေးမှူးနှင့် စာရေးသူတို့ကို အထူးဧည့်ကြည့်ဆောင်တွင် အပြန်အလှန် မိတ်ဆက်ပေးပါသည်။ တေးဂီတနှင့် တေးဆိုဧည့်ခံမှုများ၊ ယိမ်းအဖွဲ့ ယှဉ်ပြိုင်မှုများကို အတူတကွ အားပေးကြည့်ရှုပြီး ဆုတော်ငွေများပင် ချပေးခဲ့ပါသည်။ အလ္လာပ သလ္လာပ ပြောကြရင်း အုပ်ချုပ်ရေးမှူးသည် ပင်လောင်းမှ ပြောင်းလာသူဖြစ်ပြီး မူဆယ်တွင် တာဝန်ထမ်းဆောင်ကာလ တစ်နှစ်ပင် မပြည့်သေးဟု သိလိုက်ရသည်။ တစ်နှစ်မပြည့်သေးသော်လည်း သူ့စီမံခန့်ခွဲမှုမြင်ကွင်းသည် (ဝမ်းစာပြည့်အုပ်ချုပ်မှုစနစ်) ပိုင်ရှင်ဖြစ်မည်ဟု မြင်မိသည်။ သွက်လက်ချက်ချာပြီး ပါးနပ်စွာ ပြောဆို အုပ်ချုပ်နိုင်စွမ်းရှိသည့် တက်လူဟု မြင်မိပါသည်။

တစ်နေ့တာ နေဝင်တော့မည်မို့ ယိမ်းပြိုင်ပွဲလည်း တစ်နေ့တာ ရပ်နားရန် နှုတ်ဆက်တေး သီဆိုနေကြပြီးပေပြီ။ ယိမ်းသမလေး၏ သင်္ကြန်အကလေးနှင့် ကပြဖျော်ဖြေနေမှုကလည်း သင်္ကြန်ချစ်သူများကို နှစ်သက်စေပါသည်။ ဧည့်ပရိသတ်ကြီးက သီချင်းဆုံးမှာ အကပြီးမှာစိုးနေပုံရသည်။ စင်ရှေ့မှ အားပေးကြည့်နေသူတွေက ဆိုနေ ကနေသည့် စင်ပေါ်တက် အလုအယက် ဆုချနေကြသည်။ ပျော်စရာမြင်ကွင်းလေး ပြီးဆုံးသွားမည်ကို စာရေးသူလည်း နှမြောနေမိပါသည်။ တစ်ခေတ်တစ်ခါက ရန်ကုန်မဟာသင်္ကြန်ပြိုင်ပွဲဝင် သတင်းစကားစွယ်စုံအတာသင်္ကြန်အင်အားစု ခေါင်းဆောင်ဖြစ်ခဲ့သော စာရေးသူ၏ သင်္ကြန်ပိုး ပြန်လည်နိုးကြွလာသည်ဟု ဆိုရမည်လား မသိပါ။

သို့သော် အချိန်တန်တော့ အိမ်ပြန် Guisthouse ဗိုလ်တဲပြန်ကြရသည်။ မပြန်လို့မဖြစ် Guisthouse ဗိုလ်တဲတွင် ကျန်ခဲ့သော စာပေမိတ်ဆွေများ၊ စာရေးသူမိသားစုတို့ ညစာစားရန် စောင့်နေကြမည်မို့ မပြန်မဖြစ် ပြန်ခဲ့ရခြင်းဖြစ်ပါသည်။

(ရှေ့လဆက်ရန်)

မောင်စိုးထိုက်(သုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဆရာ

တက္ကသိုလ်သဒ်

ကျွန်တော် ဦးစီးဌာနတစ်ခုတွင် အစိုးရဝန်ထမ်းအဖြစ် ၁၂ နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုဌာနမှ ကျွန်တော်အငြိမ်းစားယူပြီး အနားယူခဲ့သော ရာထူးမှာ စာတည်းချုပ် ဖြစ်သည်။

ထိုစဉ်က ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်မှာ ဦးလှနိုင်(နာမည်လွှဲ) ဖြစ်သည်။ ဆရာသည် တပ်မတော်မှ ဌာနဆိုင်ရာသို့ ကူးပြောင်းတာဝန်ထမ်းဆောင်သူဖြစ်သည်။ ကျွန်တော့်ထက် အသက်ငါးနှစ်ခန့် ငယ်သည်။ စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ သူရေးသားခဲ့သော ဆောင်းပါးများကို စုစည်းပြီး စာအုပ်ထုတ်ဝေခဲ့ရာ အမျိုးသားစာပေဆု ရရှိခဲ့သည်။

သူသည် စာရေးဆရာများကိုလည်း လေးစားသည်။ ကျွန်တော်တို့ ဌာနသို့ မရောက်မီ ၎င်းသည် အစိုးရစာပေတိုက်ကြီးတစ်ခုတွင် စာတည်းမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တစ်နှစ်လျှင်တစ်ကြိမ် ယင်းစာပေတိုက်မှ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများကို ကျွန်တော်တို့ရုံးသို့ ဖိတ်ကြားပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ လက်ဆောင်များ ပေးသည်။

သူနှင့် ကျွန်တော်သည် လက်ပွန်းတတီး အလုပ်လုပ်ကြရ၏။ ဝန်ကြီးဌာနမှ တာဝန်ပေးသော စာပေရေးရာကိစ္စများကို ကျွန်တော့်အား တာဝန်ပေးသည်။ ကျွန်တော်ကလည်း ပေးအပ်သမျှ အလုပ်တာဝန်ကို မနိုမကာပ်လုပ်သည်။ သို့အတွက် သူနှင့်ကျွန်တော် အဆင်ပြေသည်ဟုဆိုနိုင်သည်။

သို့ရာတွင် တစ်ခါတစ်ရံ သူ့အလိုမကျလျှင် စိတ်တိုတတ်သည်။ စိတ်ရှိတိုင်း ပြောတတ်ဆိုတတ်သည်။ သူ့အကြောင်းသိသူ ဝန်ထမ်းများက သူ့အပေါ် နားလည်ကြသည်၊ ခွင့်လွှတ်ကြသည်။

သူဌာနသို့မရောက်မီကပင် ကျွန်တော့်အား ယခင်ညွှန်ချုပ်ကြီး တာဝန်ပေးသဖြင့် ကျွန်တော် အမျိုးသားညီလာခံ ကျင်းပရေး၊ ပြန်ကြားရေးဆပ်ကော်မတီ ရုံးအဖွဲ့မှူးတာဝန်ကို ထမ်းဆောင်နေသည်။ ဦးစီးဌာနရုံးချုပ်သို့ အစည်းအဝေးတက်သည့်အခါဖြစ်စေ၊ လိုအပ်၍ ခေါ်သည့်အခါဖြစ်စေ ကျွန်တော်ရောက်တတ်သည်။ သူနှင့်တွေ့၍ အလုပ်ကိစ္စဆွေးနွေးဖြစ်သည်။

သူဦးစီးဌာနရုံးချုပ်သို့ ရောက်ပြီး တစ်နှစ်ခန့်အကြာ ကျွန်တော် စာတည်းချုပ်အဖြစ် ရာထူးတိုးမြှင့်ခံရသည်။ သူပင် ကျွန်တော့်အား ရာထူးတိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ကျွန်တော်ရာထူးမရမီ အမျိုးသားညီလာခံ ပြန်ကြားရေးဆပ်ကော်မတီရုံးတွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်သည်။ ထိုအချိန်က ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံကျင်းပရေးအတွက် ပြင်ဆင်နေချိန်ဖြစ်သည်။

တစ်နေ့ ညဘက် ၈ နာရီခန့်တွင် ကျွန်တော့်ထံသို့ ဖုန်းလာသည်။ ဖုန်းဆက်သူမှာ ညွှန်ချုပ်ကြီးဖြစ်သည်။ ကျွန်တော်သည် အဖွဲ့၏ တာဝန်ပေးချက်အရ ညီလာခံကျင်းပမည့်ခန်းမကို ပြင်ဆင်ရန် တာဝန်ယူထားသဖြင့် စင်မြင့်ပေါ်၌ စိုက်ထူထားသည့် နိုင်ငံတော်အလံနှင့် စာပေအလံအရေးအတွက်ကို ပြင်ဆင်၍ စိုက်ထူရန် သူက ပြောခြင်းဖြစ်သည်။ မူလက ဝဲယာတစ်ဖက်တစ်ချက်တွင် အလံငါးလက်စီ စိုက်ထူထားရာ ယခုအလံခုနစ်လက်စီ စိုက်ထူရန် ပြောခြင်းဖြစ်၏။

မိုးက ချုပ်နေပြီဖြစ်၍ အလံတိုင်ရှာရန် အလံများရှာရန် ကျွန်တော် အလုပ်ရှုပ်သွားတော့သည်။ ကျွန်တော့်အား တာဝန်ပေးသူမှာ ညွှန်ချုပ်ကြီးဖြစ်၍လည်းကောင်း၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်အဖွဲ့တာဝန်မှာ အခမ်းအနားပြင်ဆင်ရေးဖြစ်သဖြင့် လည်းကောင်း မလွှဲမရှောင်သာ လုပ်ရပေတော့မည်။ သူပြော ပြချက်အရ ယခုကဲ့သို့ တာဝန်ပေးရခြင်းမှာ ဝန်ကြီး၏ ညွှန် ကြားချက်အရ ဖြစ်သည်ဟု သိရ၏။ ညွှန်ကြားချက်ရလျှင် ရချင်း ကျွန်တော်သည် ဝန်ထမ်းများအကူအညီဖြင့် အလံ တိုင်နှင့် အလံ ရရှိရေးကို ချက်ချင်းရှာဖွေဆောင်ရွက်ရ၏။ ရနိုင်မည့်နေရာများသို့ ဖုန်းဆက်မေးပြီး အကူအညီးတောင်း ရ၏။

ကံကောင်းသည်ဟု ဆိုရမည်။ ကျွန်တော့်ဆန္ဒ ပြည့် ဝသွားသည်။ ညတွင်းချင်းပင် ညွှန်ချုပ်ကြီးနှင့် ဝန်ကြီးညွှန် ကြားချက်အတိုင်း စင်မြင့်ထက်ရှိ အလံတိုင်နှင့် အလံများကို ပြင်ဆင်လိုက်ရာ ည ၁၁ နာရီကျော်မှ ပြီးလေသည်။ အားလုံးပြီးစီးပြီဖြစ်ကြောင်းကိုလည်း ညွှန်ချုပ်ကြီးထံ ဖုန်း ဆက်ပြီး သတင်းပို့လိုက်ရာ သူအတော်ပျော်သွားသည်။ ကျွန်တော့်ကိုလည်း ကျေးဇူးတင်ကြောင်းပြောသည်။

ထို့နောက် ကျွန်တော် ရုံးချုပ်သို့ ရာထူးတိုးပြီး ပြောင်းရွှေ့ရ၏။ ရာထူးတိုးပြီးမကြာမီ စီမံထူးချွန်(တတိယ ဆင့်)ကိုလည်း ချီးမြှင့်ခြင်းခံရသည်။ ဤမျှနှင့် မပြီးသေး။ ထိုင်းနိုင်ငံတွင် ကျင်းပသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲသို့ ကျွန်တော့်အား အဖွဲ့ခေါင်းဆောင်အဖြစ် စေလွှတ်ခဲ့ပြန်ပါသည်။ ထိုသို့ ကျွန်တော့်အား တစ်နှစ်အတွင်း ထူးထူးခြားခြား ချီးမြှင့်သူမှာ ညွှန်ချုပ်ကြီးပင် ဖြစ်သည်။

ဤသို့ဖြင့် ရုံးတွင်းကျင်းပသည့် အခမ်းအနားတစ်ခု တွင် ကျွန်တော် ကျေးဇူးတင်စကား ပြောကြားခွင့်ရသဖြင့် ကျွန်တော်သည် အကယ်ဒမီသုံးဆုရရှိခဲ့ကြောင်း၊ ကျွန်တော့် အား ချီးမြှင့်သူမှာ ညွှန်ချုပ်ကြီးဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့ပါ၏။

ကျွန်တော် ရုံးချုပ်တွင် စာတည်းချုပ်တာဝန် မထမ်း ဆောင်ရသေးမီ ချန်ထား၍မရသည့် အကြောင်းကိစ္စတစ်ခု ရှိသေးသည်။ ထိုအချိန်က ကျွန်တော် ကျိုက္ကဆံကွင်း၌ တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ ကျွန်တော့်ကို ညွှန်ချုပ်ကြီး ဖုန်းဆက်လာသည်။ သူ့ကိုယ်စား ပျော်ဘွယ် မြို့သို့ စာပေဟောပြောပွဲ သွားပေးရန်နှင့် ယခုကိစ္စမှာ ဌာန အနေနှင့် တာဝန်ပေးခြင်းမျိုးမဟုတ်ဘဲ ခင်မင်မှုဖြင့် အကူ အညီတောင်းခြင်းဖြစ်သည်ဟု ဆိုသည်။

ဤသို့ဖြင့် ကျွန်တော်သည် ဆရာကြပ်ကလေး၊ တက္ကသိုလ်ခင်မောင်အေးတို့နှင့်အတူ မန္တလေးတိုင်းဒေသ ကြီး၊ ပျော်ဘွယ်မြို့သို့ စာပေဟောပြောပွဲ သွားရောက်ခဲ့ရပါ၏။ ကျွန်တော်တို့အား လာရောက်ခေါ်ဆောင်သော ဦးတင်ဝင်း၏ ပြောပြချက်အရ လွန်ခဲ့သည့် နှစ်ပတ်ကျော်ခန့်ကပင် ပျော်ဘွယ်မြို့ စာပေဟောပြောပွဲ၌ ဆရာကြပ်ကလေး၊ ဆရာမ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)နှင့် ညွှန်ချုပ်ကြီးတို့ ဟောပြောမည့်ကြော်ငြာများကို မြို့လုံးအနှံ့ ဗီနိုင်းများ ထောင်ထားကြောင်း သိရသည်။

သူက ကျွန်တော့်အား ယုံကြည်စိတ်ချစွာဖြင့် သူ့ကိုယ်စား စေလွှတ်ခဲ့သဖြင့် စီနီယာဆရာကြီးများနှင့်အတူ ပျော်ဘွယ်မြို့စာပေဟောပြောပွဲကို အောင်မြင်စွာ ဆင်နွှဲခဲ့ လေသည်။

သူနှင့် ကျွန်တော်သည် ရုံးချုပ်၌ နားလည်မှုရှိရှိ၊ အပေးအယူမျှမျှတတဖြင့် အလုပ်လုပ်နေစဉ် ကျွန်တော့်အား ဝန်ကြီးဌာန၌ အသစ်ဖွဲ့စည်းသည့် "သုတေသနနှင့် စာတမ်း ပြုစုရေးအဖွဲ့"တွင် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးလေ သည်။ ကျွန်တော့်အား အရည်အချင်းရှိသူအဖြစ်လည်း ကောင်း၊ ယုံကြည်ကိုးစားရသူအဖြစ်လည်းကောင်း သဘော ထားပြီး တာဝန်ပေးခြင်းဖြစ်ကြောင်း သူကပြောသည်။

သုတေသနနှင့် စာတမ်းပြုစုရေးအဖွဲ့တွင် ဒုညွှန်ချုပ် ကြီးက အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ကျွန်တော်က ဒုတိယအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူရ၏။ ဝန်ကြီးနှင့် အနီးကပ်နေ ရပြီး တာဝန်ပေးသမျှကို နေ့ညမပျက် ထမ်းဆောင်ရပါ၏။

ကျွန်တော့်အား ဝန်ကြီးက တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ လေ့လာရေးစေလွှတ်ခဲ့သဖြင့် တရုတ်ပြည်သို့ ဒုတိယအကြိမ် ရောက်ရှိခဲ့လေသည်။ ဝန်ကြီးဌာနတွင် လေးနှစ်ခွဲခန့်မျှ ကျွန်တော် တာဝန်ထမ်းဆောင်ပြီး အလုပ်မှ အနားယူခဲ့သည်။

ထို့နောက် သူနှင့်ကျွန်တော်သည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ပြန်ဆုံကြသည်။ ကျွန်တော် က တွဲဖက်အတွင်းရေးမှူး(၁) တာဝန်ယူရပြီး သူက ဗဟို



www.burmeseclassic.com

www.burmeseclassic.com

အမှုဆောင်ကော်မတီဝင် ဖြစ်သည်။ အစည်းအဝေးတွင်တွေ့တိုင်း သူ့အား ကျွန်တော် အရိုအသေပေးပြီး လေးလေးစားစား ပြောဆိုဆက်ဆံသည်။ သူကလည်း ကျွန်တော့်အား လေးလေးစားစား ဆက်ဆံသည်။ အခြားသူများကိုလည်း ပျူပျူငှာငှာ ဆက်ဆံတတ်သူဖြစ်သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကျင်းပပြီး အသင်းကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အခါ သူနှင့် ကျွန်တော် နှစ်ဦးစလုံး ပြန်လည်အရွေးခံရသည်။ သူနှင့်ကျွန်တော် အစည်းအဝေးများတွင် တွေ့သည့်အခါတိုင်း နှုတ်ဆက်စကားပြောဖြစ်သည်။

ကျွန်တော် မှတ်မိပါသေးသည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့လက်ထက်က သူနှင့်ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့သို့ စာပေဟောပြောပွဲ အတူသွားခဲ့ကြ၏။ သူက စာဆိုတော်ရာသီတွင် အမြို့မြို့အနယ်နယ်သို့သွားရောက်၍ စာပေဟောပြောရသည်။ အဟောအပြောကောင်းသဖြင့် ပရိသတ် သဘောတွေ့သည်။ ဟာသနှောပြောတတ်သည့်အတွက် ပရိသတ် နှစ်ခြိုက်ကြသည်။

သူသည် ညွှန်ချုပ်ဘဝတွင်လည်း ဟိတ်ဟန်မရှိလှ။ စာပေချစ်မြတ်နိုးသူဖြစ်၍ အားလပ်သည့်အချိန်များတွင် စာအုပ်ဆိုင်များတွင် သူ့ကိုတွေ့ရ၏။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် စာအုပ်အရှာထွက်သည်။ စာများကိုလည်း တရစပ်ရေးသည်။ စာအုပ်များကိုလည်း တစ်အုပ်ပြီးတစ်အုပ်ထုတ်သည်။

အလျဉ်းသင့်၍ ပြောရဦးမည်။ သူနှင့် ကျွန်တော် ကိုယ်ရေးကိုယ်တာ (ထုတ်ဝေခွင့်)ကို စာတစ်စောင်တည်းအတူ နာမည်ဖော်ပြပြီး သက်ဆိုင်ရာဝန်ကြီးထံ လျှောက်ခဲ့ရာ ခွင့်ပြုမိန့်ရရှိခဲ့ပါ၏။ သူ့စာပေတိုက်အမည်က "နိုင်စာပေတိုက်"ဖြစ်ပြီး၊ ကျွန်တော့်စာပေတိုက်အမည်က "လှိုင်စာပေတိုက်" ဖြစ်သည်။ (မှတ်ချက် ။ ထိုစဉ်က စာအုပ်ထုတ်ဝေခွင့် ရရှိရန် အလွယ်ပါ။) သူက ထုတ်ဝေခွင့်ရရှိပြီး လုံးချင်းစာအုပ်များကို စက်နှင့်ရိုက်ထုတ်သကဲ့သို့ တစ်နှစ် နှစ်အုပ်မျှ ထုတ်ဝေနေလေသည်။

တစ်နေ့ သူနှင့် ကျွန်တော် မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် တွေ့ဆုံကြရာ သူက ကျွန်တော့်အား မြန်မာ့စီးပွားရေးဘဏ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူတစ်ပုဒ်ချီးမြှင့်ရန်ပြောရာ ကျွန်တော် သူ့အား ပီတိဖြစ်၍ လေးစားသွားသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ချိန်က ကျွန်တော့်အထက်လူကြီး၊ ညွှန်ချုပ်(တစ်ချိန်က) သူ့လက်အောက်ဝန်ထမ်း(တစ်ချိန်က) ကျွန်တော့်ထံမှ စာမူတောင်းလာသောကြောင့် ဖြစ်ပါ၏။

ကျွန်တော်က သူ့အား လေးစားအားနာသောအားဖြင့် တစ်ပတ်အတွင်း စာမူတစ်ပုဒ်ရေးပြီး ပေးအပ်ခဲ့သည်။ သူနှင့် နောက်ထပ်တစ်ကြိမ်တွေ့သည့်အခါ သူက ကျွန်တော့်စာမူကို ရွေးချယ်ပြီးဖြစ်ကြောင်း ပြောသည်။

နောက်တစ်လခန့်ကြာသောအခါ "မြတ်ပန်းသဇင်" အမည်ရှိ မဂ္ဂဇင်းစာအုပ် လေးငါးအုပ်ခန့်ကို မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပရာ ရုံးသို့ ယူဆောင်လာသည်။ စာမူရှင်များအား စာအုပ်တစ်အုပ်စီနှင့်အတူ စာမူခကို ကိုယ်တိုင်ပေးသည်။ မြတ်ပန်းသဇင်မဂ္ဂဇင်းစာအုပ်၏ အထူမှာ တစ်လက်မခန့်ရှိသည်။ စာအုပ်အလျားမှာ ၁၁ လက်မနှင့် အနံ ၇ လက်မရှိသည့်အပြင် တစ်အုပ်လုံးကို ဝုဒ်ရီးစက္ကူအကောင်းစားဖြင့် ပုံနှိပ်ထားသဖြင့် အလေးချိန်စီးသည်။ ဤမျှအလေးချိန်စီးသော မဂ္ဂဇင်းစာအုပ်ထူကြီးများကို သယ်ယူလာသောသူ့အား အဖွဲ့ဝင်တစ်ဦးက အားနာစကားဆိုလေသည်။ သူက ထုံးစံအတိုင်း ရယ်ပြုံး၍နေသည်။

ကျွန်တော်သည် သူ့အား "ဆရာတစ်ဆူ"အနေဖြင့် သတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် လက်အောက်ဝန်ထမ်းများအပေါ် မန်လည်ဆရာတော်ကြီး၏ အဆိုအမိန့်အတိုင်း "ရေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း။ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ" ဖြစ်သောကြောင့်တည်း။

ဆရာဦးလှနိုင်(အမည်လွှဲ)အား ဤဆောင်းပါးဖြင့် ဂါရဝပြုလိုက်ပါ၏။

တက္ကသိုလ်သင်း

www.burmeseclassic.com



# နည်းလမ်းကောင်းတွေ ပေးချင်တယ်

မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ရန်ကုန်မြို့လယ်ရှိ ကုမ္ပဏီကြီး တစ်ခုက ကြီးမှူးကျင်းပသော စာပေဟောပြောပွဲအပြီး၌ ပရိသတ်၏ မေးခွန်းလွှာစာရွက်ကလေးများက စာရေးသူထံသို့ ရောက်ရှိလာ၏။ စုစုပေါင်း ၁၅ ရွက် ဖြစ်သည်။ တစ်ရွက်ချင်းစီကို ခပ်သုတ်သုတ် လှန်လှောဖတကြည့်လိုက်ရာမိမိဟောပြောခဲ့သည့် ဘာသာရပ်အပေါ်တွင် အခြေပြု၍ မေးမြန်းထားခြင်းဖြစ်ရာ ဖြေကြားရန်အတွက် ဘာမျှမခက်လှ။ သို့ရာတွင် တစ်ခုသော စာရွက်သည် မေးခွန်းလွှာမဟုတ်။ အကြံဉာဏ်တောင်းခံလွှာဖြစ်ကြောင်း တွေ့ရှိရ၏။

"ကျွန်မသည် ---ဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ မိမိကောင်းမွန်စွာ နေထိုင်ပြီး ရိုးရိုးသားသား၊ ကြိုးကြိုးစားစား တာဝန်ထမ်းဆောင်လျက်ရှိသော်လည်း မနာလိုဝန်တိုသူတို့၏ ဒုက္ခပေးမှု၊ အပြစ်ရှာမှု၊ ချောက်တွန်းမှု၊ ရန်စမှုတို့ကြောင့် အလွန်ပင် စိတ်ဆင်းရဲပြီး ဒေါသထွက်နေမိရပါသည်။ ကျွန်မကို ဒုက္ခပေးသူများအား မည်သို့တုံ့ပြန်သင့်ကြောင်း လမ်းညွှန်မှုပြုပေးစေလိုပါသည်ရှင့်"

မိမိဟောပြောခဲ့သော ဘာသာရပ်နှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း အများနှင့်သက်ဆိုင်နေသည်မို့ ကျယ်ကျယ်ပြန့်ပြန့် ဖြေကြားအကြံပြုခဲ့ပါ၏။ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကုသလတရား ၃ ပါးသည် အလွန်ပင် ကြောက်စရာကောင်းလှ၏။ လူ့လောကအတွက်

www.burmeseclassic.com

အနုတ်လက္ခဏာဆောင်သော အကုသလတရားများပင် ဖြစ်ကြ၏။ သမိုင်းမတင်မီ ... ကျောက်ခေတ်ကာလကတည်းက ဤအကုသလတရားတို့သည် လူသားတို့ကို ဒုက္ခပေးခဲ့၏။ ဤအကုသလတရားတို့ကြောင့် ကျောက်ခေတ်တွင် လူသားအချင်းချင်း ကျောက်လက်နက်များဖြင့် စစ်ခင်းခဲ့ကြ၏။ ကြေးခေတ်ရောက်တော့လည်း ကြေးလက်နက်၊ သံခေတ်ရောက်တော့လည်း သံလက်နက်တို့ဖြင့် စစ်ခင်းခဲ့ကြ၏။ ယခု အနုမြူခေတ်ရောက်လာတော့လည်း အနုမြူလက်နက်တို့ဖြင့် စစ်ခင်းရန် ဟန်တပြင်ပြင် ဖြစ်နေကြပြန်လေပြီ။

အမျက်ဒေါသသည် လူကို အိုမင်းရင့်ရော်စေသည်၊ ရောဂါရစေသည်၊ အသက်တိုစေသည်၊ လူမုန်းများပြီး ရန်ပွားစေသည်။ လောင်မြိုက်စေနိုင်သောမီးနှင့် ပမာခိုင်းပြီး လောဘမီး၊ ဒေါသမီး၊ မောဟမီး စသည်ဖြင့် တင်စားပြောဆိုလေ့ရှိကြ၏။ ပေါက်ကွဲစေတတ်သောသဘောရှိသည့် ဒေါသတရားကို ဒေါသယမ်းအိုးဟုလည်း တင်ပွန်းတပ်ကြ၏။ မုန်တိုင်းနှင့် နှိုင်းပြီး 'ဒေါသမုန်တိုင်း'ဟုလည်း တင်စားသမုတ်ကြပြန်သည်။ 'ဒေါသကုမ္ပဏီ'ဘွဲ့ အပ်နှင်းခြင်းခံရပြီဆိုလျှင်တော့ ထိုပုဂ္ဂိုလ်၏အနားသို့ မည်သူမျှ မကပ်ကြတော့။ လူတွေ ဖဲကြဉ်ခြင်းကို ခံရတော့မည် ဖြစ်၏။

တချို့က မိမိဒေါသကြီးခြင်းကိုပင် အရည်အချင်းတစ်ရပ်လို ဂုဏ်ယူဝင့်ကြွား ပလွှားပြောဆိုတတ်ကြ၏။

''ကျုပ်ကတော့ မြွေပွေးလို အကောင်ဗျ။ ကိုယ့်ကိုလာထိလို့ကတော့ ယင်ကောင်ကိုတောင် မလွတ်စေဘူး''

ဟူသော အပြောမျိုးကို ပြောလေ့ရှိသူကား ကောင်းကျိုးတရားနှင့် ကြုံတွေ့စရာမရှိ။ ဘေးဒုက္ခများကသာ သူ့ကို အဆင်သင့်စောင့်ကြိုနေကြပေလိမ့်မည်။ တိရစ္ဆာန်များအနက် တောဝက်သည် အလွန်ပင် အမျက်ဒေါသကြီး၏။ တောထဲ၌ ကျားနှင့် တောဝက်တို့ ရန်စောင်နေသည်ကို တွေ့ရလျှင် မုဆိုးသည် တောဝက်ကိုသာ အရင်ပစ်ခတ်လေ့ရှိ၏။ ''ဒိုင်း''ခနဲ ပေါ်ထွက်လာသည့် သေနတ်သံနှင့် အတူ မိမိ၏ခန္ဓာကိုယ်ကို ကျည်ဆန် ထိမှန်သည်နှင့် တောဝက်သည် ''ဝုန်း'' ခနဲ ကျားရှိရာသို့ ကမူးရှူးထိုး ပြေးပြီး အားကုန်ပက်၏။ ကျားကလည်း သူ့သေကိုယ်သေ ခုခံတိုက်ခိုက်၏။ ထိုအခါ ကျားရော၊ တောဝက်ပါ နှစ်ကောင်စလုံး သေဆုံးကြရ၏။ တောဝက်၏ ဒေါသကို ဆွပေးလိုက်ခြင်းဖြင့် မုဆိုးသည် ကျည်ဆန်တစ်တောင့်တည်းနှင့် တောကောင်ကြီးနှစ်ကောင်ကို တစ်ပြိုင်တည်း အသေရရှိလိုက်ခြင်း ဖြစ်၏။

အချို့ ပုဂ္ဂိုလ်များသည် ရတ်တရက် အမျက်ဒေါသယမ်းအိုး ပေါက်ကွဲလျှင် အနည်းဆုံး ဝစီကံအမှားကိုတော့ ကျူးလွန်မိတတ်ကြ၏။ အသို့နည်းဟူမူ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆို၏၊ သို့မဟုတ် ဆဲရေးတိုင်းထွာ၏။ တစ်ဖက်လူမခံသာအောင် ပိဿာလေးနှင့် ဘေးပစ်၏။ အချို့ကမူ ကာယကံမြောက် ကိုယ်ထိလက်ရောက်ပြုမူမိတတ်ကြ၏။ သို့နှင့် ရိုက်နှက်ထိုးကြိတ်မှုမှသည် လူသတ်မှုအထိ ဖြစ်မှုကြီးများကို ကျူးလွန်မိရလေတော့သည်။ ဘယ်ဟာမျှ မကောင်းပါ။ ကမ္ဘာ့သမိုင်းတွင်ရော၊ မြန်မာ့သမိုင်းတွင်ပါ ဒေါသ၏ တွန်းပို့မှုကြောင့် ဖြစ်ပွားခဲ့ရသော သင်ခန်းစာယူစရာ အမှားဖြစ်ရပ်တွေက မနည်းလှပါ။

သည်တော့ ဒေါသကို မည်သို့ ထိန်းချုပ်ကြမည်နည်း။ တချို့က ဒေါသယမ်းအိုး ပေါက်ကွဲတော့မည်ဆိုလျှင် ထွက်သက်၊ ဝင်သက်မှတ်ပြီး စိတ်ကို တည်ငြိမ်မှုရရှိအောင် ကြိုးစား၏။ တချို့ကတော့ တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်ခြင်းနည်းဖြင့် ဒေါသမီးကို ငြိမ်းသတ်ရန် ကြိုးစားကြ၏။ ကွယ်လွန်သူ အမေရိကန်သမ္မတဟောင်း 'အေဗရာဟင်လင်ကွန်း'၏ ဒေါသမီး ချုပ်ငြိမ်းစေသောနည်းမှာလည်း စိတ်ဝင်စားစရာ ကောင်း၏။ သူအမျက်ဒေါသထွက်ရသူကို စာဖြင့် ပစ်ပစ်ခါခါရေးသားပြီး အပြစ်တင်၊ အပြစ်ဖို့ခြင်းဖြင့် မိမိ၏ဒေါသကို ထွက်ပေါက်ပေးလေ့ရှိ၏။ သို့ရာတွင် ထိုစာကိုတော့ ရည်ညွှန်းသူထံသို့ ပေးပို့လေ့မရှိခဲ့။ တစ်နေရာရာတွင် သိမ်းဆည်းထားလိုက်ခြင်းဖြင့် အဆုံးသတ်လေ့ရှိ၏။ အမျက်ပြေရာပြေကြောင်းအတွက် ကောင်းသော ထွက်ပေါက်ပေးနည်းတစ်ရပ်အဖြစ် မှတ်ယူမိပါ၏။

သုံးလူ့ထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားသည် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကုသလတရားများအနက် လောဘကို ဒါနဖြင့်၊ ဒေါသကို သီလဖြင့်လည်းကောင်း၊ မောဟကို ဘာဝနာဖြင့်လည်းကောင်း ချေဖျက်ရန် လမ်းပြဆုံးမတော်မူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်တိုင်လည်း ထိုနည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ပြီး နိဗ္ဗာန်ဝင်ခဲ့သည်။

လုံးဝ ကောင်းကျိုးမပေးသော အမျက်ဒေါသကို ပယ်စေနိုင်ရန်အတွက် ဗုဒ္ဓ၏ လက်ျာရံသာဝက၊ ပညာအရာတွင် ဧတဒဂ်ရ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဟောကြားတော်မူခဲ့သော အမျက်ပြေတရား ငါးပါးတို့မှာ မှတ်သားလိုက်နာဖွယ် ကောင်းလှ၏။ ကိုယ်တော်သည် အမျက်မရှိစေရာသော တရားကို သူတစ်ပါးအား ဟောကြားသလို၊ ကိုယ်တိုင်လည်း ကျင့်တော်မူ၏။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဟောကြားတော်မူခဲ့သော အမျက်ပြေတရား ငါးပါးတို့မှာ ...

(၁) ပံ့သကူပုဆိုးကောက်သောသူသည် ကောင်းသောအပိုင်းကိုသာ ရွေးယူပြီး၊ မကောင်းသည့်အပိုင်းကို ဆုတ်ဖဲ့ပစ်၏။ ထို့အတူပင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အမူအကျင့်မကောင်းသော်လည်း နှုတ်ထွက်ကောင်း၏ (ဝါ) နှုတ်ချို၏။ ထိုပုဂ္ဂိုလ်မျိုးနှင့် တွေ့ကြုံဆက်ဆံရလျှင် သူ၏ နှုတ်ထွက်ကောင်းမှု (ဝါ) နှုတ်ချိုမှုကိုသာ နှလုံးမူ သဘောပိုက်ပြီး ယင်း၏ အမူအကျင့်မကောင်းခြင်းအပေါ် ခွင့်လွှတ်ခြင်းဖြင့် အမျက်ရန်ငြိုးကို ငြိမ်းအေးကင်းပျောက်စေရာ၏။

(၂) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် နှုတ်ထွက်မကောင်း (ဝါ) နှုတ်ကြမ်းသော်လည်း အမူအကျင့်ကောင်းသည် ဆိုပါအံ့။ ရေကန်၏မျက်နှာပြင်အပေါ်လွှာတွင် ရေညှိအမှေးများ ဖုံးအုပ်နေလျှင် ယင်းရေညှိအမှေးများကို အသာအယာဖယ်ရှားပြီး အတွင်းပိုင်းမှ ရေကိုသောက်သကဲ့သို့ ထိုပုဂ္ဂိုလ်၏ နှုတ်ထွက်မကောင်းမှု (ဝါ) နှုတ်ကြမ်းတမ်းမှုကို ခွင့်လွှတ်ပြီး ၎င်း၏ အမူအကျင့်ကောင်းများကို နှလုံးမူ သဘောပိုက်ခြင်းဖြင့် အမျက်ရန်ငြိုးကို ငြိမ်းအေးစေရာ၏။

(၃) ပင်ပန်းပြီး ရေငတ်လွန်းသူသည် နွားခြေရာ(ခွာရာ)ခွက်ထဲမှ ရေကို တွေ့သော်လည်း သည်အတိုင်း ခပ်သောက်၍ မရနိုင်ပေ။ လေးဘက်ထောက် ဝပ်တွားပြီး ခံတွင်းဖြင့် ကပ်၍ အသာအယာ စုပ်ယူသောက်သုံးရ၏။ ထို့အတူ အမူအကျင့်လည်း မကောင်း (ဝါ) နှုတ်ကြမ်းသူ ပုဂ္ဂိုလ်မျိုးတို့မူကား ထိုသူ တစ်ခါတစ်ရံ ပြုခဲ့ဖူးသည့် နှလုံးကြည်သာဖွယ် အပြုအမူမျိုး (ဝါ) ဖြစ်ရပ်မျိုးကို ထောက်ထားပြီး သူ့ကို ခွင့်လွှတ်ခြင်းဖြင့် အမျက်ရန်ငြိုးကို ပြေငြိမ်းစေရာ၏။

(၄) ပြည်ရွာမနီး တောကြီးမျက်မည်းထဲ၌ ခရီးသွားသော ယောက်ျားတစ်ယောက်သည် ဝေဒနာပြင်းထန်စွာ ခံစားနေရ၏။ သူ့အနီးအနားတွင် လုပ်ကျွေးပြုစုပေးမည့် အဖော်အလျော်လည်း မရှိ။ သူ့ဝေဒနာကို ပျောက်ကင်းစေနိုင်မည့် ဆေးဝါးကလည်း နတ္ထိ။ အနာရောဂါနှိပ်စက်မှုကိုလည်း ပြင်းထန်စွာ ခံစားနေရ၏။ ထိုသို့သော ခရီးသွားလူနာ လူမမာမျိုးကို တွေ့မြင်ရသူတိုင်းက သနားကြ၏။ မသနားသောသူကား အလွန်ကြမ်းကြုတ်သူဖြစ်၏။ ထို့အတူပင် နှုတ်ထွက်လည်း မကောင်း၊ အမူအကျင့်လည်းမကောင်း၊ တစ်ခါတစ်ရံမျှလည်း နှလုံးကြည်ဖွယ်ရာအပြုအမူမျိုး မရှိခဲ့သူအား အထက်တွင်ဖော်ပြခဲ့သည့် တောကြီးမျက်မည်းထဲ၌ ဒုက္ခရောက်နေသူ ခရီးသည်လူမမာကို သနားသကဲ့သို့ သနားရာ၏။ ဤသူသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာစလုံး၌ ခဲယဉ်းလေစွတကားဟု သနားပြီး မိမိ၏အမျက်ရန်ငြိုးကို ငြိမ်းအေးပပျောက်စေရာ၏။

(၅) အကြင်ရေကန်သည် ရေဆိပ်လည်း သာယာ၏၊ ထက်ဝန်းကျင် သစ်ပင်အရိပ်လည်း ရှိ၏၊ ရေလည်း ကြည်လင်အေးမြ သန့်ရှင်းပြီး နှုတ်ကို မြိန်စေ၏။ ထိုရေကန်သို့ ရောက်ရှိပြီး ရေချိုး၍၊ ရေသောက်ရာ၊ သစ်ပင်ရိပ်၌ လေညင်းခံ အနားယူရသူအဖို့ အလွန်ပင် စိတ်ချမ်းမြေ့ရ၏၊ သာယာကြည်နူးရ၏။ ထို့အတူ ပင်ကိုနှုတ်နှလုံး သုံးပါးစလုံး ကြည်ကြည်လင်လင်ရှိသူ ကောင်းမွန်သူကိုမူကား မည်သူကမျှ ရန်ငြိုးဖွဲ့ကြမည် မဟုတ်ချေ။

## ခွင့်လွှတ်ခြင်းဖြင့် အေးချမ်းစေ

မိမိအား အနာလိုဝန်တို မစ္ဆရိယပွားကာ ရန်စသူ၊ ရန်ရှာသူ၊ ချောက်တွန်းချောက်ချ ဒုက္ခပေးသူတို့ကို ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး ရန်ကိုရန်ချင်း မဘုံနှင်းပါနှင့်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓ၏ အဆုံးအမ၊ ပညာရှိတို့၏ အဆုံးအမတို့နှင့်အညီ မေတ္တာတရားရှေ့ထားကာ ခွင့်လွှတ်နိုင်ကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းနိုင်ကြပါစေ။

**မနုသာကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com


www.burmeseclassic.com
သက်ရှည် ကျန်းမာ ရောဂါကင်းဖို့ ကေသီဝန် ဆေးစွမ်းကောင်းများကို သုံးကြစို့
ကေသီဝန်
တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး
ကေသီဝန်
မြတ်သုခ
အဆီကျဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 008397 (0314)
မှတ်ချက်
ဗိန်ဆေး မဟုတ်ပါ
အဝလွန်သူများအတွက် ဆူဖြိုးနေသော
ကိုယ်ခန္ဓာကို တစ်လအတွင်း သိသာစွာ
ကျစ်လျစ်ပေါ့ပါး သွက်လက်စေပါသည်။
ကေသီဝန်တိုင်းရင်းဆေးစွမ်းကောင်းများ
■ ကေသီဝန် သွေးပုပ်ချဆေး
■ ကေသီဝန် ဝမ်းပျော့အကြောပြေဆေး
■ ကေသီဝန် ဆေးပရုတ်ဆီ
■ မြတ်သုခ အဆီကျဆေး
■ မင်းသုခ ခေါင်းကြည် အာရုံကြော အားတိုးဆေး
■ ရွှေသွေး သူငယ်နာရင်လူးဆေး
■ လွှန်း၊ လင်စီး အကိုက်အခဲပျောက်လိမ်းဆေး
မြတ်ချမ်းသာဆေးတိုက်
မြို့အမှတ် 4C(A)၊ အေးသာယာလမ်း (...)၊ တာမွေမြို့နယ်၊
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မကျေး ညိုစိမ့်

# အရိုးပြာ တွန်လေသော်

(၁)

"အထပါပါနိ ကမ္မာနိ၊
ကရုံဗာလော နဗုဇ္ဈတိ။
တေဟိ ကမ္မေဟိဒုမ္မေဓါ၊
အဂ္ဂိဍဍ္ဍောဝ တပ္ပတိ။"

"မကောင်းမှု အကုသိုလ်ကံတို့ကိုပြုသော လူမိုက်သည် ထိုသို့ပြုစဉ်အခါက ငါသည် သူတစ်ပါး၏ကောင်းကျိုးကို မလိုလား၊ ပျက်စီးရာ ပျက်စီးကြောင်းကိုသာ သိ၏။ လိုလား၏။ အမှားကို အမှန်ဟု ထင်မှတ်ကာ စိတ်မှာ စွဲထင်မှတ်၏။ ထိုသို့ ပျက်စီးရာပျက်စီးကြောင်းဖြင့် မကောင်းမှုလုပ်နေပါသော်လည်း၊ လုပ်ခဲ့ပါသော်လည်း ငါမှားနေပါလားဟု စိုးစဉ်းမျှ မသိရှိခဲ့"

"ထိုသို့ မကောင်းမှုလုပ်ခဲ့ခြင်းကြောင့် ဆိုးကျိုးကို ခံရလေမှ ငါတော့ မှားခဲ့ပါပေါ့လားဟု သံဝေဂရတတ်၏။ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတို့ ထုံလွှမ်းကာ အရှူးမီးဝိုင်း ခံရသကဲ့သို့ ကိုယ်ထိမှ အမ်တတတ်ကြလေ၏"

ကြောက်မက်ဖွယ်ရာ အကောင်းဆုံးမှာ မကောင်းမှုလုပ်ခဲ့မိခြင်း ဖြစ်၏၊ အကုသိုလ်ကံ ကျူးလွန်မိ၍ ထိုမကောင်းမှုကံ ကိုယ့်ဆီပြန်ရောက်လာသောအချိန်တွင် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ဘေးဥပဒ်အန္တရာယ်တို့သည် မကောင်းမှုပြုလုပ်ခဲ့သော သူ၏ထံသို့ တားမရဆီးမရ ဝင်ရောက်လာတတ်၏။ (ဓမ္မပဒပါဠိ)ကို သာဓကထား၍ တင်ပြပါ၏။

"တစ်လုတ်စားဖူး သူ့ကျေးဇူး" ဟု ရှိ၏။ မိမိအား မငြိုမငြင် ကျွေးမွေးစောင့်ရှောက်ခဲ့သူအား ပြစ်မှားကျူးလွန်ခဲ့သူ လူတစ်ယောက်၏ အကြောင်းကို သံဝေဂရရှိနိုင်ရန် ၁၉၅၈ ခုနှစ်က ရေနံချောင်းမြို့နှင့် မကွေးမြို့ကြား ဂျုတ်ကုန်းကျေးရွာတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်မှန် တစ်ခုအား တင်ပြအပ်ပါသည်။

* * *

(၂)

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

"ဟော့ . . မဆိုင်သူ မကပ်ကြနဲ့၊ မင်းတို့မိန်းမတွေ အကုန်လုံး မုဆိုးမတွေ ဖြစ်ကုန်မယ်"

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

ဂျုတ်ကုန်းရွာအတွင်း ဝင်လာသော ဓားပြများ၏ သေနတ်သံက တစ်ရွာလုံးကို ထိတ်လန့်ကြောက်ရွံ့သွားစေ၏။

ဂျုတ်ကုန်းရွာ၏ လကွယ်ညမှာ တိတ်ဆိတ် မှောင်မိုက်လျက်ရှိသည်။

တောသူတောင်သားတို့မှာ တစ်နေကုန် ပင်ပန်းနွမ်းနယ်အောင် အလုပ်လုပ်ကြရသဖြင့် အိပ်မောကျလျက် ရှိကြ၏။

သို့သော် ဓားပြများ၏သေနတ်သံကြောင့် တစ်ရွာလုံး အိပ်မောကျနေရာမှ လန့်၍နိုးလာကြ၏။

နိုးနေကြပါသော်လည်း မရပ်မနားပစ်ခတ်နေသော သေနတ်သံများကြောင့် နည်းနည်းကလေးမှ မလှုပ်ရဲကြ။

"အူ . . အူ . . ဝုတ် . . . ဝုတ် ဝုတ်"

"ဒိုင်း . . ."

"ဂိန် . . . ဂိန် . . . ဂိန်"

"အင့် . . ."

ရုတ်ရုတ်သဲသဲ ဖြစ်နေသဖြင့် ရွာထဲမှ ခွေးလေခွေးလွင့်တစ်ကောင်က ဓားပြများကိုဟောင်လေရာ ဓားပြတစ်ယောက်က ခွေးကို ပစ်သတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ရွာသားများမှာမူ နည်းနည်းက လေးမျှ မလှုပ်ရဲကြ။

ဓားပြများသည် တောင်သူကြီး ဦးသာခွေး၏အိမ်သို့ တည့်တည့်မတ်မတ် လာခဲ့ကြသည်။

ဦးသာခွေးတွင် ဒေါ်ငြိမ်းမယ်ဟု အမည်တွင်သော ဇနီးရှိ၏။ သူတို့တွင် သားနှစ်ယောက်၊ သမီးတစ်ယောက် ရှိသည်။

ဂျုတ်ကုန်းရွာတွင် အချမ်းသာဆုံးနှင့် အရိုးသားဆုံး လူတစ်ယောက်ဖြစ်၏။

ရွာမှ ဆင်းရဲသားများကို တတ်နိုင်သမျှ ထောက်ပံ့၏။ ရွာအနီးရှိ ဘုန်းတော်ကြီးကျောင်းသို့လည်း တဲစုတ်မှ တိုက်ကျောင်းအဖြစ် ဆောက်လုပ်လှူဒါန်း၏။ အဝိစိရေတွင်း တူးပေးထားလျက် မီးစက်ကြီးကိုလည်း လှူဒါန်းထားကာ သိမ်နှင့် ဇရပ်အပြင် ကျောင်းထဲမှာပင် ကိုးတောင်ပြည့်စေတီတစ်ဆူ လှူဒါန်းထား၏။

ရွာ၏အကျိုးကို ကိုယ်ကျိုးမမျှော်မှန်းဘဲ ကိုယ်ဖိရင်ဖိ ရှေ့ဆောင်၍ လုပ် ကိုင်တတ်သူဖြစ်၏။

ထို့ကြောင့် ဂျုတ်ကုန်းရွာတစ်ဝိုက်တွင် ဦးသာခွေးနှင့် ဒေါ်ငြိမ်းမယ်တို့ ဇနီးမောင်နှံအား ဘုရားတကာ၊ ကျောင်းတကာဟု အသိအမှတ်ပြုကာ တစ်ရွာလုံးသာမက အနီးအနား ရွာတစ်ဝိုက်ကပါ ချစ်ခင်လေးစားကြ၏။

ဦးသာခွေးတွင် မနှင်းနု၊ မောင်စံမောင်းနှင့် အငယ်ဆုံးသားငယ် ဆယ်နှစ်အရွယ် မောင်စံသောင်းတို့ ရှိ၏။

အကြီးဆုံးသမီးဖြစ်သူက အိမ်မှာ အမေ့ကိုကူညီကာ လုပ်ကိုင်ပေးနေပြီး သားလတ် မောင်စံမောင်းကတော့ မကွေးမြို့ ဆားစေ့ အလယ်တန်းကျောင်းတွင် ခုနစ်တန်း၌ ပညာသင်ကြားလျက်ရှိပြီး အငယ်ဆုံးသား ၁၀ နှစ်သားကလေး မောင်စံသောင်းကတော့ ရွာဦးကျောင်းမှာ လေးတန်းပညာ သင်ကြားလျက်ရှိ၏။

ယခုအချိန်တွင် အိမ်၌ သားမိသားအဖ သုံးယောက်သာရှိ၏။

“တံခါးတွေ သေသေချာချာ ပိတ်ပော့။ ဓားပြတွေ ငါတို့အိမ်ကို လာနေပြီ”

ဦးသာခွေးက ပြတင်းပေါက်မှ ကြည့်ပြီး ပြောလိုက်သည်။

“သား . . သား သွား . . သွား . . . ကောက်ရိုးပုံပေါ်သွားနေ။ မြန်မြန်လုပ်။ အသံမထွက်စေနဲ့နော်။ ဘာတွေပဲမြင်မြင် မင်းရဲ့အသံကို မကြားစေနဲ့”

အမေ ဒေါ်ငြိမ်းမယ်နှင့် အစ်မဖြစ်သူ မနှင်းနုက မောင်ငယ်ဖြစ်သူ မောင်စံသောင်းကလေးကို ပြူတင်းပေါက်မှတစ်ဆင့် အိမ်နှင့်ကပ်လျက်ရှိသော နွားတင်းကုပ်ပေါ်သို့ ထိုးတင်ပေးနေ၏။

မိုးတွင်းအခါတွင် စိုက်လို့ပျိုးလို့ရသော ကောက်ပဲသီးနှံများကို နွေနှင့်ဆောင်းတွင် စားသုံးနိုင်ရန်အတွက် ရွာ၏ဓလေ့အတိုင်း နွားတင်းကုပ်ပေါ်တွင် သိုဝှက်သိမ်းဆည်းထားတတ်ကြ၏။

နွားတင်းကုပ်မှာ လေးပင်အိမ်ဖြစ်ပြီး လူတစ်ရပ်စာ အမြင့်တွင် ကြမ်းခင်းထားကာ အဆင့်မှာ လူတစ်ရပ်စာမြင့်ပြီး ပဲ၊ ပြောင်း၊ နှမ်း၊ ဝါများကို ပိုများတွင် ထည့်သိမ်းပြီး ထိုပိုများကို နွားတင်းကုပ် အပေါ်ထပ်တွင် သိမ်းဆည်းထားကြ၏။

‘ပို’ဆိုသည်က ဝါးကို နှီးအဖြစ်သင်ပြီး တောင်းအဖြစ် ရက်ထားသော ပစ္စည်းဖြစ်၏။ တောင်းတစ်လုံးသည် လူလေးယောက်စာ လက်ယှက်မှထိသော အကျယ်ရှိပြီး လူတစ်ရပ်စာ အမြင့်ရှိ၏။

“ဟင့်အင်း . . . သားမတက်ချင်ဘူး။ မေမေတို့နဲ့ပဲ နေမယ်”

“မဖြစ်ဘူး . . သား၊ မဖြစ်ဘူး။ ဒီကောင်တွေ သူတို့လိုတဲ့ပစ္စည်းမရရင် ရိုက်ဟာနှက်ဟာ လုပ်မှာ။ သားက ငယ်တော့ ဒဏ်ခံနိုင်မှာမဟုတ်ဘူး”

“သား မပုန်းချင်ဘူး မေမေ။ မေမေတို့နဲ့ပဲ သေအတူ ရှင်မကွာ နေချင်တယ်”

“မောင်လေး မြန်မြန်တက်ပါ။ မေမေ့စကားကို နားထောင်ပါ။ သွားသွား . . . မြန်မြန်သွား”

ငိုတ်ငြင်းနေသော မောင်ငယ်ကို အစ်မဖြစ်သူ မနှင်းနုက တင်းကုပ်ပေါ်သို့ ဇွတ်ထိုးတင်နေ၏။

ဤသို့ဖြင့် မောင်စံသောင်းတစ်ယောက် နွားတင်းကုပ်ပေါ်သို့ရောက်သွား၏။

ထိုစဉ်ခိုက် ဓားပြများကလည်း

www.burmeseclassic.com

အိမ်ဝန်းတံခါးကြီးတွင် ခတ်ထားသော အာမခံသော့ကြီးကို သေနတ်ဖြင့် ပစ်ပြီးဖွင့်လိုက်၏။

"ဒိုင်း . . ."

"ချွင် . . ဂျောက် . . ဂလောက်"

သော့ခလောက်ကြီးမှာ သေနတ်ဒဏ်ကိုမခံနိုင်ဘဲ ပြုတ်ကျသွားပြီး တံခါးပွင့်သွားရာ ဓားပြများ ဦးသာခွေး၏အိမ်ဝိုင်းထဲသို့ ဝင်လာကြ၏။

ဦးသာခွေး၏ အိမ်လှေကားသို့ ရောက်သော် ဓားပြဗိုလ်လုပ်သူက အိမ်ပေါ်သို့ လှမ်းအော်လိုက်သည်။

"ဗျို့ . . ဦးသာခွေး၊ တံခါးဖွင့်စမ်းဗျို့"

"တံခါးဖွင့်ဆိုတာ မကြားဘူးလား"

"ခင်ဗျား ဖွင့်မပေးရင် ကျုပ်တို့ဘာသာ ဖွင့်ဝင်မှာနော်"

ဓားပြက တံခါးဖွင့်ခိုင်းသည်။

ဦးသာခွေးနှင့် မိသားစုက လုံးဝ မလှုပ်ဝံ့။

"ဦးသာခွေး ခင်ဗျား မဖွင့်ဘူးလား"

"ဒိုး . . . ဒိုး . . . ဒိုး"

ကလန့်ထိုးထားသော အိမ်တံခါးကို တဒိုးဒိုးထုကြ၏။ မည်သို့ပင်ထုထု အိမ်ခန်းထဲကတော့ လုံးဝမလှုပ်။

"ဒိုင်း . . ."

"ဖြောင်း"

"ဗျောင်း . . ."

ကလန့်ရှိသော နေရာဆီသို့ သေနတ်ဖြင့် ပစ်လိုက်ရာ ကလန့်မှာ ကျည်ဆန်နှင့်အတူ လွင့်ထွက်သွား၏။

တံခါးဖွင့်မပေးသဖြင့် ဒေါပွနေသော ဓားပြများ တံခါးပွင့်သွားသောအခါ ဒေါသတကြီး အိမ်ထဲသို့ ဝင်သွားကြ၏။

ဦးသာခွေးနှင့် မိသားစု သုံးယောက်ကတော့ တစ်ယောက်ကို တစ်ယောက် ဖက်ထားပြီး အခန်းထောင့်တစ်ခုတွင် ငြိမ်ကုပ်နေကြ၏။

မီးရောင်မရှိသဖြင့် အခန်းက မှောင်နေသည်။

ဓားပြများသည် ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် အခန်းထဲသို့ ဟိုဟိုဒီဒီ ထိုး၍ကြည့်ကြ၏။

ဓားပြဗိုလ်၏ လက်နှိပ်ဓာတ်မီးရောင်က အခန်းထောင့်တွင် ငြိမ်ကုပ်နေသော ဦးသာခွေးတို့ မိသားစုကို ထိုးမိ၍ မြင်တွေ့သွားလေ၏။

"ဟား . . ဟား . . ဟား . . ခင်ဗျားတို့မိသားစု ဒီမှာရောက်နေကြတာကိုးဗျ"

ဝမ်းသာအားရ ဓားပြဗိုလ်က ပြောပြီး ဒေါ်ငြိမ်းမယ်၏ ဆံပင်ကိုဆွဲကာ ဖက်ထားသော လက်များကို ဖြုတ်စေ၏။

"အားလုံး မှောက်လျားထိုးပြီး ဝပ်နေကြစမ်း။ နည်းနည်းလေးမှ မလှုပ်ကြနဲ့။ အသံလည်းမထွက်ကြနဲ့"

"လှုပ်ပြီး အသံထွက်ရင် သေပြီသာမှတ်ကြ"

"ဒီမှာ ဦးသာခွေး၊ မီးခံသေတ္တာသော့ ပေးစမ်း"

ဓားပြဗိုလ်က ပိုင်စိုးပိုင်နင်း တောင်းလိုက်သည်။

"ကျုပ်တို့မှာ မီးခံသေတ္တာသော့ မရှိပါဘူးဗျာ။ မီးခံသေတ္တာ ထားလောက်အောင်လည်းမချမ်းသာဘူး"

ဦးသာခွေးကြီးက အကြောက်အကန်ငြင်းသည်။

"ညာဦးကွာ"

"ဖြောင်း"

"ဝုန်း . . ."

"အောင်မယ်လေးဗျ ကြောက်လှပါပြီဗျ။ ကျုပ်မှာ တကယ် မီးခံသေတ္တာမရှိပါဘူး။ မညာပါဘူးဗျာ"

ဓားပြက ဦးသာခွေး၏ နား[illegible]ရင်းကို ညာလက်ဖြင့် ရိုက်လိုက်ရာ ဦးသာခွေး ဘေးစောင်းတိုက်[illegible]ကလေးလဲကျသွားစဉ် အားမရသေးဘဲ ခြေထောက်ဖြင့် ကန်လိုက်ရာ အဝေးသို့ လွင့်သွား၏။

လင်ဖြစ်သူ မတရားခံလိုက်ရသည်ကိုမြင်တွေ့လိုက်ရသော ဒေါ်ငြိမ်းမယ် ကြည့်မနေရက်တော့သဖြင့် ငယ်သံပါအောင် အော်ဟစ်လိုက်၏။

"အောင်မယ်လေး . . [illegible]ပြီတော့"

"အရပ်ကငဲ့ရယ် . . . ကြည့်နေကြတော့မလား။ ကျုပ်တို့ကိုက[illegible]ကြပါဦး"

"ဩော် . . . ဒီမိန်းမကြီး ငြိမ်ငြိမ်နေပါဆိုတာ နားမထောင်ဘူး"

"ကဲကွာ . . ."

"ဗုန်း . . ."

"ကဲကွာ . . ."

"ဗုန်း . . ."

ဓားပြတစ်ယောက်က ဒေါ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

မယ်၏ နောက်ကျောကို သေနတ်ဒင်ဖြင့် ဆောင့်ချလိုက်ရာ ဒေါ်ငြိမ်းမယ်တစ်ယောက် ရှေ့သို့ ဟပ်ထိုးလဲကျသွားပြီး မျက်ခွက်နှင့်ကြမ်းပြင်ဆောင့်မိကာ နှာခေါင်းမှသွေးများလျှံထွက်ကျလာ၏။

မိမိ၏မျက်စိရှေ့တွင် မယားဖြစ်သူ မရှုမလှ ခံစားနေရသည်ကိုမြင်ရလေသောအခါ ဦးသာခွေးမှာ (မယားထိစားကြည့်)ဆိုသည့် ဥပမာအတိုင်း . . .

"ဟော့ကောင်တွေ မင်းတို့လွန်လာပြီနော်။ ငါတို့မှာ ဘာမီးခံသေတ္တာသော့မှ မရှိဘူးကွ"

"ဒိုင်း"

"ဖြောင်း"

"ခင်ဗျား သေချင်လို့လား။ ပစ်သတ်လိုက်မယ်။ ကျုပ်တို့တောင်းနေတာ မပေးရင် တစ်အိမ်လုံး ပစ်သတ်လိုက်မယ်နော်။ ပေးစမ်း . . . မီးခံသေတ္တာသော့"

ဓားပြက သေနတ်ကို မိုးထောင်ပစ်ကာ လိုချင်တာကို တောင်းလိုက်သည်။

သွပ်မိုးထားသော အိမ်ခေါင်မိုးမှာ သေနတ်ကျည်ဆန်ဒဏ်ကြောင့်ဖြောင်းခနဲမြည်ကာ ပွင့်ထွက်သွား၏။

"တော် . . . တော် . . . တော်ကြပါတော့။ ကျုပ်ရဲ့အဖေနဲ့အမေကိုမရိုက်ကြပါနဲ့တော့။ မီးခံသေတ္တာသော့က ကျုပ်ခေါင်းအုံးအောက်မှာပါ၊ သွားယူကြပါ"

ဖေဖေနဲ့ မေမေရဲ့ မချိမဆံ့အနှိပ်စက်ခံနေရသည်ကို မြင့်တွေ့နေသော သမီးဖြစ်သူ မနှင်းနုမှာ (လူထက် ဘာပစ္စည်းမှတန်ဖိုးမရှိ) ဟူသော အသိတရားဝင်လာကာ သော့ရှိသောနေရာကို ဖွင့်ပြောလိုက်၏။

"စောစောကတည်းက အသာတကြည်ပေးလိုက်ရင် ဒီလိုအသားနာကြရမှာ မဟုတ်ဘူး။ အခုတော့မနာသင့်ဘဲ နာကြရပြီ . . ဟား . . ဟား . . . ဟား"

ဓားပြတစ်ယောက်သည် ဦးသာခွေးအိမ်သို့ တရင်းတနှီး ရှိနေသကဲ့သို့ မည်သူမှ လမ်းမပြရဘဲ အိပ်ခန်းတွေ အများကြီးထဲမှ မနှင်းနု၏အိပ်ခန်းကိုသိရှိပြီး တည့်တည့်ဝင်သွားကာ မနှင်းနု၏ ခေါင်းအုံးအောက်မှမီးခံသေတ္တာသော့ကို ယူလာ၏။

ထို့နောက် မီးခံသေတ္တာထားသော စတိုခန်းအတွင်းသို့ ဝင်သွားပြီး စိန်ရွှေရတနာပစ္စည်းအားလုံးသယ်ထုတ်လာသည်။

"ရွှေသုံးကျပ်သားနဲ့ လုပ်ထားတဲ့ ရွှေခြေကျင်းတွေ မတွေ့ပါလားကွ"

"အေး . . ဟုတ်တယ်။ မပါဘူး။ မတွေ့ဘူး"

စိန်ရွှေရတနာတွေ ထုတ်လာတဲ့လူက ပြောရာ ကျန်ဓားပြကလည်း ဟုတ်ကြောင်းပြော၏။

ဒီဓားပြက ဒီအိမ်အကြောင်းကောင်းကောင်းသိနေ၏။ ထို့ကြောင့်ဦး သာခွေးနှင့် ဒေါ်ငြိမ်းမယ်တို့နှစ်ဦးအံ့ဩထိတ်လန့်စွာဖြင့် ထိုဓားပြနှစ်ဦးကို သေချာကြည့်မိ၏။

"ခင်ဗျားတို့ ရွှေခြေကျင်းတွေဘယ်မှာသိမ်းထားသလဲ"

ဓားပြဗိုလ်က မေးသည်။

"ဟယ် . . . နင် . . . နင် စိန်ကတုံး မဟုတ်လား။ ဒီအသံဟာ စိန်ကတုံးအသံပဲ"

ဒေါ်ငြိမ်းမယ်က တတ်တတ်တူးတူး ပြောနေသဖြင့် ပါလာသောလက်နှိပ်ဓာတ်မီးတို့ကို မီးပိတ်လိုက်ကြ၏။

ဓားပြတွေ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"စိန်ကတုံးရယ် . . မိုက်လိုက်လေခြင်း။ ငါတို့မိသားစုကတော့ နင့်ကို ကိုယ့်ဆွေမျိုးသားရင်းလိုသဘောထားပြီး နင့်မိသားစုအားလုံးကို မငြိုမငြင် ကျွေးမွေးပြုစု စောင့်ရှောက်ထားခဲ့တယ်။ နင်ကတော့ တစ်လုတ်စားဖူး သူ့ကျေးဇူးမှ မထောက် လုပ်ရက်လေတယ်"

"နင့်မျက်နှာကို အဝတ်နဲ့ဖုံးပြီးအုပ်ထားပေမယ့် နင့်အသံ ကြားရုံနဲ့ငါတို့တစ်အိမ်သားလုံး မှတ်မိတယ်စိန်ကတုံး"

ဒေါ်ငြိမ်းမယ် ရင်ထုမနာဖြစ်ကာ စိတ်မကောင်းခြင်း များစွာဖြစ်လျက် ပြောမိလေ၏။

"ဟော့ကောင် စိန်ကတုံး၊ ငါတို့နှုတ်ပိတ်မှ ဖြစ်တော့မယ်။ ငါ့ကို ခွင့်လွှတ်ကွာ"

"ဒိုင်း"

"အင့်"



www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်လေး အမေရဲ့"

"ဒိုင်း . ."

"အား . ."

"ခွေး . ."

"ခွေးတွေ . . . မင်းတို့ . . လူ မဟုတ်ဘူး"

ဓားပြများက သားအမိ နှစ်ယောက်ကို ပစ်သတ်လိုက်သဖြင့် ဦးသာခွေး မခံမရပ်နိုင်ဖြစ်ပြီး အော်လိုက်၏။

"ဒိုင်း . . ."

"အား . . ."

ဦးသာခွေး သွေးအိုင်ထဲတွင် ခွေခေါက်ကာ လဲကျသွားသည်။

သားမိသားအဖ သုံးယောက် စလုံး ဘဝတစ်ပါးကို ပြောင်းသွားကြပြီ ဖြစ်၏။

အေးအေးချမ်းချမ်း သွားကြရခြင်းတော့ မဟုတ်။

ဒေါသ၊ မောဟ၊ လောဘတို့ ထုံမွမ်းပြီး မကျေမနပ် သေဆုံးသွားရခြင်းဖြစ်၍ ဘဝကူးတော့ မကောင်းလှပေ။

ဤဖြစ်ရပ်အားလုံးကို ရုပ်ရှင်ကားတစ်ကားကို ကြည့်နေရသကဲ့သို့ နွားတင်းကုပ်ပေါ်တွင် ရှိနေသော ဆယ်နှစ်သားကလေး မောင်စံသောင်း မြင်နေရ၏။

"အသံမထွက်စေနဲ့နော်။ ဘာတွေပဲမြင်မြင် မင်းရဲ့အသံကို မကြားစေနဲ့"ဟု ပြောထားသော မေမေ၏ စကားကို ပြန်လည်ကြားယောင်မိသဖြင့် တုတ်တုတ်မှ မလှုပ်ရဲ၊ သွေးအိုင်ထဲတွင် ဖေဖေ၊ မေမေနှင့် အစ်မ မနှင်းနုတို့ လဲကျသွားသည်ကို မြင်ရသောအခါတွင် တအားအော်ဟစ်ရန်ရည်ရွယ်၍ အော်ရန် ကြံရွယ်လိုက်သော်လည်း လည်ချောင်းထဲတွင် တစ်ခုခုနင်နေသကဲ့သို့ ခံစားရပြီး အသံလုံးဝ မထွက်တော့။

ကြောက်သေးများလည်း တဖြန်းဖြန်း ကျနေ၏။ မသိစိတ်က ကြီးစိုးသွားသည်။

ကြောက်စိတ်တွေ ပြင်းထန်လွန်းသဖြင့် သတိမေ့သွားလေတော့သတည်း။

* * *

**ထိုအပင်ကြီးများအနီး ကားပျက်၍ ခေတ္တရပ်ပါက ထိုကားပေါ်တွင် သားစိမ်း ငါးစိမ်းများ ပါလာလျှင် နေ့နေ့ညည လုစားသည်ဟု သတင်းကြီး၏။ ထိုနေရာသို့ စိန်ကတုံး၏ လူသေအလောင်းများ တင်လာသော နွားလှည်းရောက်လာ၏။**

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

"ဟေ့ . . . ငါတို့ကိစ္စပြီးလို့ ထွက်သွားပြီ။ ပုလိပ်ကိုတိုင်တာနဲ့ မင်းတို့တစ်ရွာ လုံးကို မီးရှို့ပစ်မယ်။ ဘယ်ကောင်မှ ငါတို့နောက်ကလိုက် မလာနဲ့။ လိုက်လာလို့ သေရင် ငါတို့ အဆိုးမဆိုနဲ့"

ဓားပြများကပြောဆိုပြီး သေနတ် သုံးချက်ဖောက်ကာ ရွာထဲမှ ထွက်သွားကြသည်။

ဓားပြများ၏အသံကို မကြားရတော့မှ ရွာသားများ တစ်ယောက်ပြီး တစ်ယောက် ဦးသာခွေး၏အိမ်သို့ ရောက်လာကြသည်။

ကျေးရွာသူကြီး ဦးထွန်းညို အရင်ဆုံးရောက်၏။ ထို့နောက်မှ ရွာဆော် ဦးပေါ်နှင့် အခြား ရွာသူရွာသားများရောက်လာကာ အိမ်အပေါ်ထပ်သို့ တက်လာကြသည်။

"ဟာ . . သုံးယောက်စလုံးကို ပစ်သတ်သွားပြီဟေ့"

သူကြီးဦးထွန်းညိုက ပြောလိုက်သည်။

ထိုစဉ်ခိုက် ဦးသာခွေး၏ စာရင်းငှား မောင်ဂျော်ကာ ရောက်လာသည်။

"အောင်မယ်လေး . . သူဌေးနဲ့ သူဌေးကတော်တို့ ဘယ်လိုဖြစ်တာလဲဗျ" အော်ဟစ်ငိုယိုပြီး ဦးသာခွေးကို ပြေးပွေ့လေ၏။

ရောက်လာသူ ရွာသားအားလုံး ဦးသာခွေးတို့ မိသားစုကိုကြည့်ပြီး ရင်ထုမနာ ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . မောင်စံသောင်း အလောင်းကို ရှာကြပါဦး"

သူကြီးက ပြောလိုက်မှ ရွာသားများအားလုံး အငယ်ဆုံးကလေးကို သတိရပြီး အိမ်ပေါ်အိမ်အောက်နှင့် အိမ်ခန်းရှိသမျှ လူခွဲရှာကြ၏။

မတွေ့။

လုံးဝ မတွေ့ကြ။

"ဟာ . . . မောင်စံသောင်းကို ဓားစာခံအဖြစ် ခေါ်သွားပြီထင်တယ်ဟေ့"

သူကြီးက ထင်ကြေးပေး၏။

တစ်ယောက်တစ်ပေါက် မြင်းအီးပေါက်သကဲ့သို့ ထင်ကြေးပေးနေကြလေရာ တစ်အိမ်လုံး ဆူညံ၍ ပွက်လော ရိုက်နေ၏။

"ဟာ . . နေဦး နေဦး။ ကျုပ်တို့ နွားတင်းကုပ်ပေါ် ရှာမကြည့်ရသေးဘူး။ ကျုပ်တက်ရှာလိုက်ဦးမယ်"

ဂျော်ကာက ပြောပြောဆိုဆိုဖြင့် အိမ်ပြတင်းပေါက်ကိုဖွင့်ပြီး နွားတင်းကုပ်ပေါ်သို့ တက်သွားလေ၏။

"ဟောဒီမှာ . . . တွေ့ပြီဗျို့။ စံသောင်းကလေးသတိမေ့နေတယ်ဗျ"

ဂျော်ကာ၏ ဝမ်းသာအားရ အော်ဟစ်ပြောဆိုသော အသံကို ကြားရသောအခါ အိမ်ပေါ်ရှိလူများ ပြတင်းပေါက်သို့ စုပြုံတိုးဝှေ့၍ ရောက်ရှိလာကြ၏။

"ဖယ်ကြစမ်းပါဦး။ နင်တို့က မကူညီတဲ့အပြင် အနှောင့်အယှက်ပါ ပေးနေကြတယ်"

သူကြီးကအော်ဟစ်ပြီး ပြတင်းပေါက်အနီးမှ လူများကို ဆွဲဖယ် ထုတ်ပစ်လိုက်ပြီး မိမိက ရှေ့ဆုံးမှရပ်၍ နေရာယူလိုက်သည်။

ကလေးမှာ မေ့နေသည်။

"ပေးပေး၊ ကလေးကို ငါ့ပေး"

သူကြီးက လှမ်းတောင်းလိုက်သည်။

ဂျော်ကာက ကလေးကို နွားတင်းကုပ်ပေါ်မှ လှမ်းပေးလိုက်၏။

"ဘေးဖယ်ကြစမ်း။ ကလေး သတိရအောင် လုပ်ရဦးမယ်"

သူကြီးက ကလေးကို အိပ်ရာပေါ်သို့ ပက်လက်တင်လိုက်ပြီး ရင်အုပ်ကို ဖိပေး၏။

ကလေး၏ နှာခေါင်းကိုပိတ်ပြီး ပါးစပ်ကို ဆွဲဟကာ မိမိ၏ပါးစပ်ဖြင့် ထိပြီး လေများမှုတ်သွင်းပေး၏။

"အင်း . . . အင်း . . . အင်း"

"ဟော . . . သတိရလာပြီ။ သတိရလာပြီ"

ရွာသူရွာသားအားလုံးက ဝမ်းသာအားရ အော်ဟစ်ကြသည်။

မျက်လုံးဖွင့်ကြည့်သည်။

သို့သော် ဘာမျှမြင်ပုံမပေါ်။ ကြောက်အားလွန်ခဲ့သဖြင့် မျက်လုံးက ပြူးကျယ်နေသော်လည်း ဘာဆိုဘာမျှ သိပုံမပေါ်တော့။

"မောင်စံသောင်း . . မောင်စံသောင်း၊ ဘဘကိုကြည့်စမ်း။ ဘဘကိုသိလား"

သူကြီးက မောင်စံသောင်းကို မေး၏။

မောင်စံသောင်းက သူကြီးကို ကြည့်ပြီး ကြောင်တောင်တောင်ဖြစ်နေသည်။

"ညီလေးစံသောင်း၊ အစ်ကို့ကို မှတ်မိလား"

ဂျော်ကာက စံသောင်းကို မေးလိုက်သည်။

စံသောင်းက ဂျော်ကာကိုမြင်တော့ ဇွတ်ပြေးဖက်သည်။

"ဝူး . . . ဝူး"

"ဝူး . . . ဝူး"

စံသောင်းက စကားမပြောနိုင်တော့။ အကြောက်လွန်ပြီး ဆွံ့အသွားသည်။

စံသောင်းသည် ဂျော်ကာကို မလွှတ်တမ်းဖက်ထား၏။

"အောင်မယ်လေး . . သူဌေးနဲ့ သူဌေးကတော်တို့ရယ်။ ဘယ်လိုဖြစ်ရတာလဲဗျာ။ ကျွန်တော်သာရှိရင် သူဌေးနဲ့ သူဌေးကတော် ဒီလိုအဖြစ်မျိုး မဖြစ်ပါဘူး"

စိန်ကတုံးက အိမ်ပေါ်ပြေးတက်လာပြီး သွေးသံရဲရဲဖြစ်နေသော ဦးသာခွေးနှင့် ဒေါ်ငြိမ်းမယ်တို့ကို ပြေးဖက်သည်။

စိန်ကတုံး၏ တစ်ကိုယ်လုံး သွေးများပေသွားတော့သည်။

"ဘယ်လိုဖြစ်ရတာလဲ သူကြီးရယ်"

စိန်ကတုံးက သူကြီးကိုမေးသည်။

"ဓားပြတွေ လာသတ်သွားတာပဲကွာ။ ပစ္စည်းတွေလည်း အကုန်ယူသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ မင်းရေနံချောင်းသွားတာ ဘယ်အချိန် ပြန်ရောက်သလဲ"

"ကျွန်တော် အခုမနက်မှ လှဘူးရဲ့ နွားလှည်းနဲ့ လမ်းကြုံလို့ ပြန်လိုက်လာတာ။ ရွာရောက်တော့ ညက ဓားပြတွေ ကျွန်တော်တို့ရွာကို ဝင်မွှေသွားတယ်ဆိုတာ ကြားရတာပဲ"

စိန်ကတုံးက ခပ်တည်တည်ဖြင့် လိုမ့်နေ၏။ ၎င်း (အလီဘိုင်)ပြသည်မှာလည်းတော်လှသည်။ ယုတ္တိယုတ္တာ ရှိလှသည်။

ဂျုတ်ကုန်းရွာသား မောင်လှဘူး၏နွားလှည်းကို ညောင်လှအထွက်မှ တက်စီးလာခြင်းဖြစ်၏။

ဓားပြမှုတွင် သူမပါသကဲ့သို့ ဟန်ဆောင်နေခြင်းဖြစ်သည်။

ရှိးသားသည့် ရွာသားအားလုံးကတော့ စိန်ကတုံး၏ စကားကို အကြွင်းမဲ့ ယုံကြည်လျက် ရှိ၏။

"ဟော့ကောင် စံသောင်း၊ ဦးဆီသာပါဦးကွ"

"ဝူး . . . ဝူး"

စိန်ကတုံးက မောင်စံသောင်းကို ခေါ်၏။

မောင်စံသောင်းက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဂျော်ကာကို ဖက်ထား၏။ စိန်ကတုံးကို အလွန်အမင်းကြောက်ရွံ့နေသည့်ပုံ အမူအရာပြ၏၊ အမှန်တကယ်လည်း ကြောက်နေ၏။

"စံသောင်းက ဘယ်လိုဖြစ်နေတာလဲ၊ စကားလည်း မပြောတတ်တော့ပါလား"

"ဟုတ်တယ်ကွ။ သူ့မိဘတွေအဖြစ်ကိုမြင်ပြီး ဒီလိုဖြစ်သွားတာပဲ"

"ငါ မကွေးသွားပြီး စံမောင်းကို အကျိုးအကြောင်း ရှင်းပြရဦးမယ်။ နောက်ပြီး ဒီကလေး ဒီလိုဖြစ်သွားတာလည်း ဆေးရုံပြရဦးမယ်"

"အေး . . အေး . . ကောင်းတယ်။ ငါကတော့ သူကြီးနဲ့အတူ ဒီအလောင်းတွေကို ညောင်ကန်ပုလိပ်ကင်းကိုပို့ပြီး အကြောင်းကြားလိုက်မယ်"

ညောင်ကန်ရွာမှာ မကွေးပုလိပ်ဂတ်နှင့် ဆယ်မိုင်ခန့်ဝေး၏။ မကွေးဂတ်၏ ဌာနခွဲတစ်ခုဖြစ်၏။

ပုလိပ်ခေတ်က ယခုခေတ်ကဲ့သို့ အချင်းဖြစ်ပွားရာနေရာကို ပုလိပ်များ မသွားရ။ အချင်းဖြစ်တဲ့ရွာက အလောင်းကိုသယ်၍ ပုလိပ်ဂါတ်သို့သွားရ၏။

"ကိုင်း . . သူကြီး၊ ဂျော်ကာနဲ့ စံသောင်း ဒေါင်းနေချောင်းကိုသွားဖို့ လှည်းစီစဉ်ပြီး ကျွန်တော်နဲ့သူကြီးကတော့ ညောင်ကန်သွားဖို့ လှည်းတစ်စီး စီစဉ်ရမယ်လေ"

စိန်ကတုံးကပြော၏။

"မင်းကလဲကွာ။ ဒီအိမ်မှာ လှည်းတွေ ဒီလောက်ပေါနေတာ ခက်ခက်ခဲခဲ လုပ်နေရတယ်လို့ကွာ"

"ကိုင်း . . ကိုင်း၊ သူကြီးနဲ့ကျုပ်တို့သွားဖို့ လုပ်ကြရအောင်"

ဤသို့ဖြင့် မဆိုင်သူများ ကိုယ့်အိမ်ကို ပြန်သွားကြပြီး သူကြီး၊ စိန်ကတုံး၊ ဂျော်ကာနှင့် ရွာသားတချို့က ခရီးသွားရန် လှည်းနှစ်စီး စီစဉ်လေတော့သည်။

* * *

## "ဖုတ်ဝင်တဲ့ အလောင်း"

## (၄)

လှည်းနှစ်စီးအပေါ်သို့ ကောက်ရိုးများ ခင်းလိုက်၏။ ကောက်ရိုးအပေါ်တွင် ဖျာချောဖျာ ကို ခင်းလိုက်သည်။ လှည်းတစ်စီးအပေါ်တွင် ဦးသာခွေး၊ ဒေါ်ငြိမ်းမယ်နှင့် မနှင်းနုတို့အလောင်းကို တင်လိုက်သည်။

ဒေါ်ငြိမ်းမယ်၏ အလောင်းကို အလယ်မှထားပြီး လက်ဝဲ လက်ယာဘက်မှ ဦးသာခွေးနှင့် မနှင်းနုတို့အလောင်းများကို ခြေထောက်များ နွားနှစ်ကောင်ဘက်သို့ထားပြီး ခေါင်းများကို အထက်ဘက်မှာထား၍ မောင်စိန်ကတုံးက နွားမောင်းသည့်နေရာတွင်ထိုင်ပြီး နွားကို စတင်မောင်းလေ၏။

သူကြီးနှင့် ရွာသားနှစ်ယောက်က အလောင်းများတင်ထားသော လှည်း၏နောက်မှ ခြေလျင်လိုက်၏။ လှည်းတစ်စီးကတော့ နွားမောင်းသမားတစ်ယောက်နှင့်အတူ ဂျော်ကာနှင့်စံသောင်းတို့က လိုက်ပါခဲ့၏။

မောင်စိန်ကတုံး မောင်းသည့် လှည်းက ရွာ၏တောင်ဘက်သို့မောင်းပြီး၊ ဂျော်ကာ၏လှည်းက ရွာ၏ အနောက်ဘက်သို့ ဒေါင်းနေချောင်းရိုးတစ်လျှောက် မောင်းသွားကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

စိန်ကတုံးက ညောင်ကန်ပုလိပ်ကင်းဂိတ်သို့ မောင်းခြင်းဖြစ်၏။ ရွာနှင့် လေးမိုင်ခန့်ဝေး၏။ ကျော်ကာ၏ လှည်းက ဒေါင်းနေရွာသို့ မောင်းခြင်းဖြစ်ပြီး ရွာနှင့်သုံးမိုင်ခန့်ဝေး၏။

ကျော်ကာသည် ဒေါင်းနေရွာသို့ ရောက်ပါက ရေနံချောင်းမြို့မှလာမည့် မကွေးကားကို စီးရမည်ဖြစ်၏။

ဒေါင်းနေရွာနှင့် မကွေးမြို့မှာ တစ်ဆယ့်ငါးမိုင်ဝေးပြီး မကွေးမှလာသောကားနှင့် ရေနံချောင်းမှလာသော ကားများသည် ဤဒေါင်းနေရွာတွင် ထမင်းစား၊ ရေသောက် ခေတ္တနားကြ၏။

ရေနံချောင်းမှလာသော ကားတစ်စီးပေါ်သို့ ကျော်ကာတို့နှစ်ယောက် တက်၍ မကွေးသို့ လိုက်ပါခဲ့၏။

မောင်စိန်ကတုံးကတော့ တောလမ်းအတိုင်းမောင်းနှင်လာရာ မကွေး-နတ်မောက်သွားကားလမ်းဘေး လှည်းလမ်းပေါ်သို့ ရောက်ခဲ့ပြီဖြစ်သည်။

နောက်တစ်မိုင်လောက် မောင်းလိုက်ပါက ညောင်ကန်ပုလိပ်ကင်းဂိတ်သို့ ရောက်တော့မည်ဖြစ်သည်။

လမ်းဘေး တစ်ဖက်တစ်ချက်မှာ လက်ပံပင်ကြီးတွေ အစီအရီပေါက်နေပြီး တစ်ပင်နှင့်တစ်ပင် ယှက်သွယ်နေရာ လမ်းတစ်ခုလုံးမှာ မှောင်မည်းနေ၏။

ထိုခေတ်ကာလက မကွေး-နတ်မောက်ကားလမ်းမှာ မြေနီလမ်းဖြစ်၏။ မိုးရွာလျှင် ဗွက်ထူသောလမ်းဖြစ်ရာ ကားပင်မောင်းရအလွန်ခက်၏။ တစ်နေ့ကုန်မှ ကားသုံးစင်းလောက်သွားရာ လူသွားလူလာနည်းပြီး အလွန်ခေါင်သော လမ်းဖြစ်၏။

လမ်းဘေး တစ်ဖက်တစ်ချက်တွင်ပေါက်နေသော လက်ပံပင်ကြီးကလည်း သရဲတစ္ဆေများကြမ်းကြောင်းနာမည်ကြီးသည်။

စိန်ကတုံးက အော်သံကြား၍ နောက်သို့လှည့်ကြည့်လိုက်ရာ လှည်းက လမ်းဘေးသို့ ဆွဲသွားပြီး တစ်ပေအမြင့်ရှိသော (ခြတောင်ပို့)ပေါ်သို့ ညာဘက်လှည်းဘီး တက်သွားရာ လှည်းမှာ ဘယ်ဘက်သို့ မှောက်မလိုဖြစ်သွားသည်။

> “နွားကျောင်းသားတွေက အလွန်လက်ဆော့တာ။ နွားကန်ဝါစ်ချောင်းကိုမိပြီဆိုရင် တွေ့သမျှ သစ်ပင်ချုပုတ်တွေကို အတိုင်းအဆမရှိ ရိုက်ကြတယ်။ နွားကန်ထိပ်က သံချွန်နဲ့ ထိုးကြတယ်။ အဲသလိုလုပ်ပြီဆိုရင် သရဲတစ္ဆေတွေ ဘယ်ပြေးရမှန်းမသိ ကြောက်ကြတယ်”

ထိုအပင်ကြီးများအနီး ကားပျက်၍ ခေတ္တရပ်ပါက ထိုကားပေါ်တွင် သားစိမ်းငါးစိမ်းများပါလာလျှင် နေ့နေ့ညည လုစားသည်ဟု သတင်းကြီး၏။ ထိုနေရာသို့ စိန်ကတုံး၏ လှူသေအလောင်းများတင်လာသော နွားလှည်း ရောက်လာ၏။

“ဟေ့ . . . စိန်ကတုံး တို့ကို စောင့်ပါဦးကွ”

ဝါးတစ်ရိုက်အကွာက အပြေးလိုက်လာရသော သူကြီးတို့အဖွဲ့မှ ရှေ့မှနွားများကို ဒုန်းစိုင်းမောင်းနေသော စိန်ကတုံးကို လှမ်းအော်၏။

တောင်ဘို့ထိပ်ဖျား ပဲ့သွားသည်။

“ဝုန်း”

“ဖျော . . . ဖျော”

“ကျွတ် . . ကျွတ် . . . ကျွတ်”

နွားနှစ်ကောင်၏ ဇက်ကြိုးကို တအားဆွဲလိုက်ရာ နွားနှစ်ကောင်တုံ့ခနဲ ရပ်သွားရာတွင် လှည်းပေါ်မှ ပက်လက်ပါလာသော အလောင်းသုံးလောင်း ထထိုင်၏။

အလယ်မှ ဒေါ်ငြိမ်းမယ်က လက်နှစ်ဖက်ကို ဆန့်တန်းပြီး လှည်းမောင်းနေသော စိန်ကတုံးလည်ပင်းကို ညှစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်ပို့မှာ နေထိုင်ကြသော မြေဖုတ်ဘီလူးတို့က သူတို့အဆောက် အအုံကို ဖျက်ဆီးသဖြင့် မကျေနပ် ကြဘဲ ခွင်မိတုံး အပိုင်ကိုင်လိုက်ကြ ခြင်း ဖြစ်ပေသည်။

ဒေါ်ငြိမ်းမယ်က အငြိုးကြီးစွာ စိန်ကတုံး၏လည်ကို ဖျစ်နေရာ စိန် ကတုံးသည် ထိုလက်ကို ဖွတ်ဆွဲဖြေ ၏။ သို့သော် မရဘဲဖြစ်နေ၏။

ထထိုင်နေသော အလောင်း သုံးလောင်း၏ မျက်လုံးများက ပြူး ကျယ်နေ၏။ အလောင်းများထဲသို့ ဖုတ်ကောင်များဝင်စီးနေခြင်းဖြစ်သည်။

"ဟကောင် . . . ဘာဖြစ်တာ လဲဟ"

သူကြီးတို့ရောက်လာပြီး စိန်က တုံးကိုညစ်ထားသော ဒေါ်ငြိမ်းမယ် ၏လက်ကို အလုအယက် ဖြေကြ သော်လည်း ဖြေ၍မရ ဖြစ်နေ၏။

"ခွီး . . . ခွီး . . . ခွီး"

စိန်ကတုံး အသက်ရှုကျပ်နေ ပြီ၊ ပါးစပ်မှ တခွီးခွီးအော်၍ အမြှုပ် များ ထွက်ကျလာသည်။

"နွားကန်ပေးစမ်း"

"နွားကန်ပေးစမ်း"

သူကြီးက နွားကန်ကိုတောင်း ပြီး နွားကန်ထိပ်မှပါသော သံချွန်ဖြင့် ဒေါ်ငြိမ်းမယ်၏ လည်ပင်းကို ထိုးချ လိုက်သည်။

"ဝုန်း"

"ဖြောင်း"

"ဝုန်း"

အလောင်းသုံးလောင်း နောက် သို့ပက်လက်လန်၍ လဲကျသွားကြ၏။

"မှတ်ထားကွ . . ။ နွားကန်ကို သရဲတစ္ဆေ မြေဖုတ်ဘီလူးတို့ကြောက် ကြတယ်"

"နွားကျောင်းသားတွေက အလွန် လက်ဆော့တာ။ နွားကန်တစ်ချောင်း ကိုမိပြီဆိုရင် တွေ့သမျှ သစ်ပင်ချုံ ပုတ်တွေကို အတိုင်းအဆမရှိ ရိုက် ကြတယ်။ နွားကန်ထိပ်က သံချွန်နဲ့ ထိုးကြတယ်။ အဲသလိုလုပ်ပြီဆိုရင် သရဲတစ္ဆေတွေ ဘယ်ပြေးရမှန်းမသိ ကြောက်ကြတယ်"

သူကြီးက ရှင်းပြ၏။

"သူကြီး၊ အဲဒီနွားကန် ပေးစမ်း ဗျာ"

"ကိုင်းဟာ"

"ရွမ်း . . . ဗုန်း"

"ကိုင်းဟာ"

"ရွမ်း . . . ဗုန်း"

"ကိုင်းဟာ"

"ဟကောင် . . . တော်ပါ တော့ဟ။ သေပြီးသားလူက မင်း ဘယ်လောက်ရိုက်ရိုက် ရိုက်မှန်း လည်းမသိ၊ နာလို့ နာရမှန်းလည်း မသိတော့ပါဘူးကွ"

မတရားရိုက်နေတဲ့ စိန်ကတုံး ရဲ့လက်ထဲမှ နွားကန်ကို ပြန်၍လုပြီး ယူလိုက်သည်။

"တောက် . . . မသာမကြီး၊ သေနေတာတောင် ငါ့ကို မကျေ မနပ် ဖြစ်နေတယ်"

ဟု စိတ်ထဲမှ ရေရွတ်လိုက်ပြီး စိတ်တိုစွာဖြင့် နွားနှစ်ကောင်ကို ရိုက် ပြီး ညောင်ကန်ပုလိပ်ကင်းဂိတ်သို့ ကဆုန်ဆိုင်း၍မောင်းလေတော့သည်။

*(မှတ်ချက် ။ 'နွားကန်' နွား မောင်းရာတွင် ရိုက်သောတုတ်ကို ပြောခြင်းဖြစ်၏။ တချို့ဒေသက နှင် တံဟု ခေါ်၏။ လက်တစ်ပြန်အရှည် ရှိပြီး အရင်းတုတ်ပြီး အဖျားရှူးသွား သော တုတ်ဖြစ်သည်။ ဝါးဆစ်ပိတ်၊ သို့မဟုတ် ကြိမ်ကို လုပ်ထားခြင်းဖြစ် သည်။ အရင်းတစ်လက်မတုတ်ပြီး အဖျားလက်မဝက်ဘုတ်သည်။ သုံး ရာတွင် အရင်းမှကိုင်ရပြီး အဖျားဖြင့် နွားများကို ရိုက်သည်။ ကတ်ဖဲ့ကိုင် သော နွားများကိုမူ အဖျားတွင်တပ် ထားသော သံချွန်ဖြင့် ထိုးရန် ထိပ် ဖျားတွင် သံချွန်တပ်ထားသည်။)*

* * *

(၅)

မောင်ဂျော်ကာနှင့် စံသောင်း တို့ စံမောင်းနေထိုင်သည့် ဆားစေ့ ဘုန်းကြီးကျောင်းသို့ ရောက်သည် တွင် ညကအဖြစ်အပျက်အားလုံးကို မောင်စံမောင်းကိုပြောပြရာ မောင်စံ မောင်း၏မျက်လုံးများမှ မီးဝင်းဝင်း တောက်လာ၏။ မျက်ရည်တစ်စက် ကလေးမှ မကျ။

"ဒါနဲ့ ကျွန်တော့်ညီက ဘယ် မှာရောက်နေလို့ အသတ်မခံရတာ လဲဗျ"

စံမောင်းက ဂျော်ကာကို မေး လိုက်သည်။

"ငါတို့လည်း . . . စံသောင်း



www.burmeseclassic.com

www.burmeseclassic.com

အလောင်းကို လိုက်ရှာတာ ဘယ်မှ မတွေ့တော့ ဒီကောင်လေး မသေသေးဘူးဆိုတာ ခန့်မှန်းမိတယ်။

ဒါနဲ့ပဲ ငါလည်း ဒီကောင်လေး နွားတင်းကုပ်ပေါ်မှာ ရှိလိုရှိငြား တက်ရှာတော့ ဒီကောင် သတိမေ့လဲနေတာ တွေ့ရတာပဲ"

ဂျော်ကာက ရှင်းပြသည်။

"အခု ဆွံ့အသွားတာကရော"

"ငါ့စိတ်အထင် ပြောတာနော်။ ဟုတ်ချင်မှဟုတ်မယ်။ တကယ်လို့သာ ဒီကောင်လေး သူ့အဖေ၊ အမေနဲ့ အစ်မ အသတ်ခံရတာမြင်ရင် အော်လိုက်မှာပဲ။

အဲသလိုအော်ရင် ဒီကောင်လေးကိုတွေ့သွားပြီး အသတ်ခံရမှာပဲ"

ဂျော်ကာက ဆက်ပြော၏။

"ဒါဖြင့် . . ကျွန်တော့်အဖေ၊ အမေနဲ့ ညီမလေးက ဒီကောင့်ကို မအော်နိုင်အောင်၊ သတိမေ့သွားအောင်လုပ်လိုက်တယ်ထင်သလား"

အံ့ဩစွာဖြင့် စံမောင်းက ပြော၏။

"သိပ်ဟုတ်တာပေါ့ ငါ့လူရာ။ မင်းထင်တာမလွဲဘူးကွ။ မိဘဆွေမျိုးသားချင်းဆိုတာ ကိုယ့်မိသားစုကို သူတို့တတ်နိုင်တဲ့ဘက်က ကယ်လိုက်တယ်လို့ ထင်တာပဲ"

ဖြစ်နိုင်ခြေအရှိဆုံး ကိစ္စကို ဂျော်ကာက ရှင်းပြ၏။ မောင်စံမောင်း ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံလိုက်၏။

စံမောင်းနှင့် ဂျော်ကာပြောနေသော စကားများကို မောင်စံသောင်းတစ်ယောက် အစ်ကို၏ပေါင်ကိုဖက်ရင်း မျက်ရည်စက်လက်ဖြင့် နားထောင်နေ၏။

"ကိုင်း . . . ကိုဂျော်ကာ၊ ခင်ဗျားက ညောင်ကန်ပုလိပ်ကင်းကို သွား။ လူသတ်မှုအမှုဖွင့်ခဲ့၊ နောက်ပြီး အလောင်းတွေကို ရွာကို ပြန်ပြီး သယ်ခဲ့"

"ရွာရောက်ရင် ဆရာတော်ကြီးကို လျှောက်ပြီး ကျောင်းထဲက ကျွန်တော်တို့စိုက်ထားတဲ့ သနပ်ခါးပင် ဆယ်ပင်လောက်ခုတ်။ ထင်းဖြစ်အောင်လုပ်ထား။ ကျွန်တော့်မိဘတွေကို အမွှေးနံ့သာနဲ့ မီးသင်္ဂြိုဟ်မယ်"

"ဒါနဲ့ မင်းကကော ဒီမှာ ဘာလုပ်နေမှာလဲ"

"ကျုပ်က ကျုပ်ညီ စကားပြန်ပြောနိုင်အောင် လုပ်ရဦးမယ်"

"ဘယ်ကိုသွားပြီး ဘယ်လိုလုပ်မှာလဲ"

"ကျောင်းတော်ရာဘုရားရဲ့ အနောက်ဘက်မှာ ကျုပ်တို့ကိုးကွယ်တဲ့ ဦးပဉ္စင်းအောင်ဆိုတဲ့ ဆရာတော်ရှိတယ်။ အဲဒီဆရာတော်က မြေဖုတ်စုန်းဘီလူးတွေကို နိုင်တယ်။ အဲဒီမှာ သွားကုလိုက်ဦးမယ်"

"ညောင်ကန်ဂိတ်က ငါ့ကို အလောင်းတွေ ပေးပါ့မလား"

"အခုချက်ချင်းသွားရင် သူကြီးတို့ကို တွေ့နိုင်သေးတယ်။ ကျုပ်က အကျိုးအကြောင်းကို သူကြီးနဲ့ ညောင်ကန်ကင်းမှူးဆီ စာရေးပေးလိုက်မယ်။ ဒီစာပြပြီး အလောင်းတို ဒီညပဲ သယ်ယူခဲ့တော့"

"မင်းက ဘယ်နှရက်ကြာမှာလဲ"

"အသွားအပြန် သုံးရက်ပဲပေါ့ဗျာ"

ဤသို့ဖြင့် မောင်စံမောင်းက ညောင်ကန် ပုလိပ်ကင်းဂိတ်နှင့် သူကြီးထံ စာရေးပေးလိုက်၏။ မကွေးမြို့နှင့် ညောင်ကန်ရွာမှာ ဆယ်မိုင်မျှသာ ဝေးသဖြင့် ကားဖြင့်သွားလျှင် နာရီဝက်သာ ကြာ၏။

မကွေးမြို့နှင့် ကျောင်းတော်ရာရွာတို့မှာ ဧရာဝတီမြစ်ကြီး ခြားနေသဖြင့် ပထမ မကွေးမှ မင်းဘူးမြို့သို့ ရောက်ရန် လှေဖြင့်ကူးရ၏။

မင်းဘူးမြို့မှ ကျောင်းတော်ရာဆီသို့သွားလျှင် မြင်းလှည်းရှိ၍ နှစ်နာရီခန့် သွားရ၏။

ဤသို့ဖြင့် မောင်ဂျော်ကာသည် ညောင်ကန်ရွာ ညောင်ကန်ပုလိပ်ကင်းဂိတ်သို့လည်းကောင်း၊ မောင်စံမောင်းနှင့် မောင်စံသောင်းတို့ ညီအစ်ကိုနှစ်ယောက်တို့လည်း ကျောင်းတော်ရာရွာ ကျောင်းတော်ရာဘုရား၏ အနောက်ဘက် တစ်မိုင်ခန့်ဝေးသော ဦးပဉ္စင်းအောင်၏ ဘုန်းကြီးကျောင်းသို့လည်းကောင်း ရောက်ရှိလေ၏။

(ဆက်လက်ဖော်ပြပါမည်။)

● မကွေးညိုမို့




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(၁)

ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီ၌ အဓိဋ္ဌာန် ၂၇ ရက် ဝင်နေရ၏။ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်ပုတီးစိပ် အဓိဋ္ဌာန် နံနက် ၉ နာရီတစ်ချိန် ၉ ပတ်၊ နေ့လယ် မွန်းတည့်ချိန် ၉ ပတ်၊ ည ၇ နာရီတစ်ချိန် ၉ ပတ်၊ တစ်နေ့သုံးကြိမ် ပုတီးတော် ၂၇ ပတ် စိပ်ရ၏။ အဓိဋ္ဌာန်ပုတီးစိပ်ပြီး မေတ္တာပို့အမျှဝေပေးရ၏၊ ဆရာကြီးပညာရွှေ၏ ခိုင်းစေချက်အရ ထိုအဓိဋ္ဌာန်ကို နေ့စဉ်မပျက်မကွက် ပြုလုပ်ရ၏။ ဆရာကြီးမှုကား အင်းစမများ ရေးသားနေခြင်းဖြင့် အလုပ်ရှုပ်နေ၏။ ကျွန်တော်နှင့် မြင်သာမြင်ရ စကားမပြောဖြစ်ကြပါ။ ညအဓိဋ္ဌာန်တစ်ချိန်မှာ တစ်နေ့တာ၏ နောက်ဆုံးအချိန်ဖြစ်ပြီး အဓိဋ္ဌာန်ဝင်ရသောနေရာ ဌာနများလည်း ဓာတ်ပေါင်းစုစေတီ၏ အထင်ကရ နေရာဖြစ်၏။ ဓာတ်ပေါင်းစုစေတီ၏ အဓိဋ္ဌာန်ဝင်သူများ မဖြစ်မနေ ကျင့်ကြံအားထုတ်ရသော နေရာထူးများ ရှိကြ၏။ ကိုးခန်း နဂါးရုံ ဘုရားတန်ဆောင်း၊ ဓာတ်ပေါင်းစုံစေတီတော် ဝိဇ္ဇာဓာတ်နန်း(အဘဘိုးတော် အောင်မင်းခေါင် အိပ်ရာခုတင်) ကျောက်သမ္ဗန်ဂူနှင့် ဗျည်းအက္ခရာ သုံးဆယ့်သုံးလုံး အင်းဂူများ ဖြစ်ကြ၏။

အထူးခြားဆုံးနှင့် အခက်အခဲဆုံးနေရာမှာ ကျောက်သမ္ဗန်ဂူဘုရားဖြစ်၏။ ထိုဂူဘုရားအောင်း၌ တရှုတ်

www.burmeseclassic.com

www.burmeseclassic.com

စကားပင်ကြီး ရှိ၏။ ကျောက်သမွန်ဂူမှာ ဓာတ်ပေါင်းစုံစေတီ၏ အနောက်မုခ် တောင်စောင်းဘေး၌ ရှိ၏။ တရုတ်စကားပင်မှာ ကျောက်သမွန်ဂူနှင့် ဘေးချင်းယှဉ်လျက် ရှိနေပြီး စကားပင်အထက် တောင်ကုန်းမှာ ကျိုက်ထီးရိုးစေတီတစ်ဆူ ရှိနေ၏။ တရုတ်စကားပင်ခြေရင်း ကုန်းစောင်း၌ ဓာတ်ပေါင်းစုံစေတီ၏ ဌာပနာတိုက်သို့ဝင်ရာ ဂူလမ်းရှိ၏။ ထိုဂူလမ်းကို မြင်တွေ့ရခြင်း မရှိကြပါ။ ဆရာကြီး ပညာရွှေလို ပုဂ္ဂိုလ်များနှင့် အဆင့်မြင့်ပညာရှင် ဆရာကြီးများ၊ ပုဂ္ဂိုလ်ထူးများသာ မြင်ရသိကြရ၏။ ကျိုက်ထီးရိုးစေတီ ကုန်းကြောနှင့် တစ်ပြင်တည်း ဆရာကြီး ပညာရွှေ၏ သံပြားပေါက် ဇရပ်ရှိနေပါသည်။

ညတစ်ချိန် အဓိဋ္ဌာန်ဝင်ရာ ကျောက်သမွန်ဂူဘုရား၌ ကျွန်တော်နှင့်အတူ ဆရာကြီး ပညာရွှေပါ အဓိဋ္ဌာန်ဝတ် တည်ဆောက်ပါသည်။ ကျွန်တော်တစ်ယောက်တည်းမှ ထိုဂူ၌ အဓိဋ္ဌာန်ပုတီး စိပ်ရမည်မဟုတ်ပါ။ အဓိဋ္ဌာန်ရက်မှာ တစ်ဆယ့်ရှစ်ရက်မြောက် နေ့ဖြစ်ပါ၏။ တပေါင်းလဆန်း ၁၄ ရက် အဖိတ်နေ့ညလည်း ဖြစ်ပါသည်။ အဓိဋ္ဌာန်ရက်များ၌ အိမ်မပြန်ရဘဲ ဆရာကြီးနှင့်အတူ သူ့ဇရပ်၌ ညအိပ်ညနေ အတူနေရ၏။ အဓိဋ္ဌာန်အားလပ်ချိန် ဆရာကြီး၏ ဝေယျာဝစ္စများ ဆောင်ရွက်ပေးရ၏။ ထိုနေ့၌ ဆရာကြီး ဇရပ်၌ ဧည့်သည်များ လာရောက်သူများ၍ ကျွန်တော် ရေနွေးကြမ်းအိုး မပြတ် တည်ပေးရ၏။ ကျွန်တော် အဓိဋ္ဌာန်ဝင်ချိန် ဆရာကြီး၏တပည့် တစ်ဦးဖြစ်သူ လက်ျာဘိုက ကူညီဆောင်ရွက်ပေး၏။ လက်ျာဘိုမှာ လက်တစ်ဖက်ပြတ်နေပြီး အကောင်းပကတိ ရှိသေးသော ညာလက်သာ ရှိသူဖြစ်၍ အမည်ပြောင်း မှည့်ခေါ်ထားခြင်းဖြစ်၏။ ညနေစောင်း လူရှင်းသွားချိန် ဆရာကြီးပညာရွှေက ကျွန်တော့်အား အမှာစကား ပြောပါသည်။ "လူလေး ဒီနေ့ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ဦး မင်းတွေ့ရလိမ့်မယ်။ မင်းအမျိုးထဲကပဲ။ စိတ်ခိုင်ခိုင်ထားပြီးနေ။ မကြောက်မလန့်နဲ့။ သူဘာပြောတယ်ဆိုတာ နားထောင်ပြီး မှတ်ထားလိုက်"

ဆရာကြီးစကားကြောင့် ကျွန်တော် ကြောက်ရွံ့သွားမိ၏။

"မတွေ့လို့ မဖြစ်ဘူးလားဗျာ"

"တွေ့ချိန်တန်လို့ တွေ့ရတာ။ မင်းကိုတွေ့ဖို့ ကြိုးစားနေတာ ဆယ်နှစ်ကျော်နေပြီကွ လူလေးရ။ အတွေ့ခံလိုက်ပါကွာ"

ဆရာကြီးစကားကို မလွန်ဆန်ရဲ၍ ကျွန်တော် ကတိပေးလိုက်ရ၏။

"ဟုတ်ကဲ့ပါ။ ဆရာကြီး ကျွန်တော့်နားမှာ ရှိပေးပါ"

"ဟဲ . . ဟဲ . . ဟဲ . . မင်းက ကြောက်တတ်ရန်ကော လူလေးရ။ မင်းကို ငါ အကာအကွယ်တွေ လုပ်ပေးထားတာပဲ။ ငါခွင့်ပြုလို့ သူ မင်းကိုတွေ့ခွင့်ရတာ။ မင်း သူခေါ်တဲ့နောက် လိုက်မသွားရဘူးနော်။ လက်ျာဘိုကိုလည်း မင်းကို စောင့်ကြည့်နေဖို့ ငါခေါ်ထားပါတယ်"

ညအချိန် ရောက်လာ၍ ကျွန်တော်နှင့် ဆရာကြီး ပညာရွှေတို့ ကျောက်သမွန်ဂူ၌ အဓိဋ္ဌာန်ပုတီး စိပ်ကြပါသည်။ ဂူမှာကျဉ်း၍ ဆရာကြီးပညာရွှေကို ရှေ့မှ ပျဉ်ပြားခုံပေါ်တွင် ထိုင်စေပြီး ဆရာကြီးနောက်မှ နေ၍ သမံတလင်း၌ အနေကထိုင်ခင်း၍ ထိုင်ရပါသည်။ ဖယောင်းတိုင်ကို ထွန်းညှိပူဇော်ထား၍ ဂူအတွင်း ဝင်းဘိန်နေပါသည်။ ဘုရားရှိခိုး၊ သီလခံယူပြီး ဆရာကြီးက သုတ်ပရိတ်များ ရွတ်ဖတ်ပူဇော်နေပါသည်။ ဆရာကြီးမှ အဓိဋ္ဌာန်ဝတ်စတင်တည်ဆောက်လိုက်သည်နှင့် ကျွန်တော်သည်း ပရိက်ယူပြီး အဓိဋ္ဌာန်ပုတီး စတင်စိပ်လိုက်ပါသည်။

ညအချိန်ဖြစ်၍ ဓာတ်ပေါင်းစုံဘုရားကုန်းမှာ တိတ်ဆိတ်ငြိမ်သက်လှသည်။ အဖိတ်နေ့ည လမှာ ငွေအပြင်၌ ထိန်ထိန်သာလျက် ရှိနေပါသည်။ ညဥ့်ငှက်အော်သံလေးများမှ တစ်ပါး အေးချမ်းဆိတ်ငြိမ်လှသည်။ ကျွန်တော်နှင့် ဆရာကြီးပညာရွှေတို့ကြားထဲသို့ တစ်စုံတစ်ဦး လှမ်းဝင်လိုက်သည်ဟု သိလိုက်ရ၏။ မျက်စိမှိတ်ထား၍ စိတ်မနေသာအာရုံထဲ၌ အရပ်မြင့်မား ထွားကျိုင်းလှသော ပုဂ္ဂိုလ်တစ်ဦး၏ ပုံရိပ်ကြီး ပေါ်လာ၏။ ထိုပုဂ္ဂိုလ်မှာ လူမဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com

အမွေးအမှင်များထူပြော၍ ကြောက်ခက်ဖွယ်ရာပုံသဏ္ဌာန် ပေါ်လွင်နေပါသည်။ ကျွန်တော်နှင့် ဆရာကြီးပညာရွှေကြား ကားယားခွလျက် "ငါ့နေရာ"ဆိုသော ပြောသံကြီးက လျှာလေးအာလေး အသံကြီးဖြင့် မပီမသပြောနေပါသည်။ ကျွန်တော်တစ်ယောက်တည်းဆိုပါမူ ဂူထဲမှ ထပြေးမည် ဖြစ်ပါသည်။ "ဗျတ် ဗျတ် ဗျတ်" ဆိုသော အာလုတ်သံကြီးက ကြောက်မက်ဖွယ် ထွက်ပေါ်နေပါသည်။

ဆရာကြီး ပညာရွှေက . .

"မမွန္တရာယ် မလုပ်ပါနဲ့ကွာ။ မင်းနေရာမှာ ခဏ ပုတီးလာစိပ်တာပါ။ မြတ်စွာဘုရားရှေ့မှာ ရိုင်းရိုင်းဗျပျနဲ့လုပ်နေရင် ကမ္ဘာပျက်ရင်တောင် မင်း ကျွတ်တမ်းဝင်ရမှာမဟုတ်ဘူး"

ဆရာကြီးစကားကြောင့် ထိုဂူစောင့်သရဲကြီး "အင်း"ဟူသော အသံရှည်ကြီးကို ကျယ်လောင်စွာမြည်တမ်းပြီး ဂူထဲမှ လှမ်းထွက်သွားပါသည်။ ကျွန်တော်မူကား တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားနေမိပါသည်။

"လူလေး ကိုယ့်အမိဋ္ဌာန်ကိုယ်ဆက်လုပ်ပေတော့"

"မြတ်စွာဘုရားထံ အသက်နှော လှူထားပြီးမှ ဒီကောင်ကြီးတပ်မနှောင့်ယှက်နိုင်တော့ပါဘူး။ ဥပါဒါန်အစွဲတွေ တကယ်ကြီးလှပါသား"

ကျွန်တော်နှင့် ဆရာကြီးပညာရွှေ အမိဋ္ဌာန်ဝတ်ပြီးသည်အထိ အကောင်ကြီးထပ်မပေါ်လာတော့ပါ။

(၂)

တစ်နေ့တာ အမိဋ္ဌာန်ပြီး၍ ဇရပ်ထဲရှိ ဆရာကြီးပညာရွှေ၏ ခြေရင်း ခုတင်ပေါ်၌ လဲလျောင်းရင်း ကျွန်တော် အညောင်းဖြေနေလိုက်ပါသည်။ ဆရာကြီးမူကား ဓာတ်ပေါင်းစုံစေတီကြီးသို့သွားရောက်၍ မေတ္တာပို့ အမျှဝေနေပါသည်။ ဇရပ်ထဲ၌ ကျွန်တော်ကြောက်မည်စိုး၍ လက်ျာဘိုအား အစောင့်ထားပေးပါသည်။ ခုတင်ပေါ်၌ ကျွန်တော် လဲလျောင်းနေရင်း အာနပါနကမ္မဋ္ဌာန်းကို ကျင့်ကြံရင်း ထွက်လေဝင်လေကို သမာဓိတရားဖြစ်အောင် ရှုမှတ်နေပါသည်။ လက်ျာဘိုမှာ ဇရပ်ကြမ်းပြင်ပေါ်၌ သင်ဖြူးဖျာခင်း၍ အိပ်ပျော်နေပါသည်။ လက်ျာဘို၏ ဟောက်သံမှာ ကျယ်လောင်လှသော်လည်း ကျွန်တော် ဂရုမထားနိုင်ဘဲ အမိဋ္ဌာန်ဝတ်ကြောင့် ပင်ပန်းထားသည့်အလျောက် မှေးခနဲ အိပ်ပျော်သွားပါသည်။ အိပ်မက်မက်နေသည်လားဟု ကျွန်တော့်ကိုယ်ကျွန်တော် ဝေခွဲမရလိုက်ပါ။ ကျွန်တော့်ခုတင်ဘေးသို့ အသက် ၂၅ နှစ်ခန့် မိန်းမပျိုတစ်ဦး လာရပ်နေပါသည်။ ချိတ်ထဘီအစိမ်းရောင်၊ အင်္ကျီလက်ရှည်အစိမ်း၊ ပဝါအစိမ်းကို ခေါင်းပေါင်းပေါင်းထားပြီး အစနှစ်စ ထောင်ထားပါသည်။ ဆံပင်မှာ လူတစ်ရပ်ခန့် ရှည်လျားပြီး နက်မှောင်သန်စွမ်းလှသည်။ စိန်နားကပ်မှာ အရောင်တဖျပ်ဖျပ် တောက်ပလျက် စိန်ဘယက်နှင့် ရွှေလက်ကောက်များ ဝတ်ဆင်ထားပြီး လှပခံ့ညားနေပါသည်။ ချက်ခုံးမွေးထူထူနှင့် နှာတံပေါ်ပေါ် နှုတ်ခမ်းပါးပါးနှင့် မျက်နှာလေးထောင့်သဏ္ဌာန် မေးရိုးကား၍ မျက်လုံးနှစ်လုံးမှာ အနီရောင် ရွှန်းလဲ့နေပါသည်။ ပြုံးစစမျက်နှာနှင့် ကျွန်တော့်မျက်နှာပေါ် မိုးကြည့်နေပြီး . . .

"မောင်လေး . . ထတော့လေကွယ်"

ကျွန်တော် ရုတ်ခြည်း ထထိုင်လိုက်မိသည်။ ကျွန်တော့်ခန္ဓာကိုယ်မှာ ပေါ့ပါးလွန်းနေသည်။ ကျွန်တော့်ကိုကျွန်တော် ပြန်ကြည့်လိုက်မိ၏။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုသည် ခုတင်ပေါ်၌ ငက်လက်အနေအထားဖြင့် လဲလျောင်းငြိမ်သက်နေပါသည်။ ကျွန်တော် ကြောက်လန့်သွား၍ အော်ဟစ်လိုက်မိသည်။ ကျွန်တော့်အော်သံကား ထွက်မလာပါ။ ကျွန်တော်အော်၍မရတော့ပါလား။

"မောင်လေးရေ . . အစ်မမခင်ကြွေပါ။ သေသေချာချာ ကြည့်ပါဦး"

စကားသံက ကရုဏာပါလှသည်။ ကျွန်တော်ကြောက်စိတ်တို့ ပြေလျော့သွားပြီး သူမမျက်နှာကို သေသေချာချာ ကြည့်လိုက်မိ၏။ "မြတ်စွာဘုရား" အမေ့မျက်နှာနှင့် ဆင်တူလှသည်။ ကျွန်တော် သတိ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းစွာ ရလိုက်ပါသည်။

"အစ်မမခင်ကြွေ ဟုတ်ပါတယ်။ အစ်မ မခင်ကြွေ"

"အစ်မ အစ်မ"ဟု မခင်ကြွေလက်ကို ကျွန်တော် လှမ်းဆွဲလိုက်မိသည်။ မခင်ကြွေက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပါသည်။

"မောင်လေး . . အစ်မနဲ့မင်းက ဘဝချင်း ကွာခြားသွားပါပြီ။ ငါ့မောင်ရဲ့ အကြွေးရှိနေလို့ ဆပ်ချင်လို့ပါ။ အစ်မနဲ့ ခိုက်ခဲ့နော်"

မခင်ကြွေခေါ်ရာသို့ မောင်နှမသံယောဇဉ်စိတ်ဖြင့် ကျွန်တော် ဇရပ်ထဲမှ ထွက်၍လိုက်လာခဲ့သည်။ ကုန်းဇောင်း၌ရှိသော တရုတ်စကားပင်ကြီးနား ရောက်လာကြသည်။ မခင်ကြွေက လက်တစ်ဖက်ဖြင့် ဝေ့ယမ်းလိုက်ပါသည်။ တရုတ်စကားပင်ဘေး၌ ဂူပေါက်ဝတစ်ခု ပေါ်လာပါသည်။ ဂူတံခါးကို မခင်ကြွေက လက်ညှိုးဖြင့် ထိုးလိုက်သည်နှင့် တံခါးပွင့်သွားပြီး ဂူထဲ၌ အလင်းရောင်များ ဖြာထွက်တောက်ပနေကြပါသည်။ ဂူပေါက်ဝရောက်သည်နှင့် အထဲသို့ လှမ်းကြည့်လိုက်မိသည်။ ရွှေသလွန်၊ ငွေသလွန်၊ ရွှေသဘော်၊ ငွေသဘော်များ၊ ကျောက်မျက်ရတနာများ၊ ရွှေကလပ်တစ်ခုပေါ်၌ ကြီးမားသော ပတ္တမြားကြီးတစ်လုံး တင်ထားသည်ကို တွေ့ရ၏။ ဂူနံရံအပေါက်များ ထွင်းထုထားပြီး နံရံကပ် ဗီရိုပမာ ပေပုရပိုက်များ အစီအရီရှိနေကြပါသည်။ မခင်ကြွေက ဂူထဲဝင်သွား..ဖြဲ ကျွန်တော့်ကို လှမ်းခေါ်ပါသည်။ ကျွန်တော် ဂူထဲဝင်ရန် ကြံလိုက်သည်နှင့် တောင်ကုန်းထက် ကျိုက်ထီးရိုးစေတီနားမှ မတ်တတ်ရပ်လျက် ဆရာကြီးပညာရွှေ ပေါ်လာပါသည်။

"လူလေး မင်းဝင်လိုက်သွားလို့ မရဘူးနော်"

"လိုချင်လောဘစိတ်တွေကို ပယ်ဖျောက်ထား။ ဒီပစ္စည်းတွေက နောင်ပွင့်မယ့် အရိမေတ္တေယျ မြတ်စွာဘုရား လက်ထက်မှာ ကျောင်းဆောက်လှူဖို့ စုဆောင်းထားတာ"

ဆရာကြီးစကားသံကြောင့် ကျွန်တော် ဂူထဲမဝင်မိရန် နောက်ဆုတ်လိုက်မိသည်။ မခင်ကြွေက ဂူပေါက်ဝသို့ ပြန်ထွက်လာပြီး ဆွဲပြားဝိုင်းလေးတစ်ခု လှမ်းပေးပါသည်။

"မယူနဲ့ လူလေး။ ဒီပစ္စည်းက သူပိုင်ဆိုင်တာ မဟုတ်ဘူး။ မင်းကို ကြွေးဆပ်ဖို့ တာဝန်ရှိတာ မှန်ပေမယ့် ဒီပစ္စည်းကို ယူလိုက်ရင် မင်းမှာ အပြစ်ရှိသွားလိမ့်မယ်။ ဘုရားသိုက်က ပစ္စည်းကို ယူမိရင် ကံကြီးထိုက်လို့ ငါ မကယ်နိုင်ဘူးနော်"

ဆရာကြီး သတိပေးစကားကြောင့် ကျွန်တော် နောက်သို့ ခပ်ဝေးဝေးဆုတ်လိုက်ရသည်။ ကျွန်တော့်အစ်မ မခင်ကြွေသည် မျက်ရည်ကျလျက် ရှိုက်ကြီးတငင် ငိုကြွေးနေပါသည်။

"လူလေး မင်းရဲ့အစ်မ မှန်ပေမယ့် ဘဝခြားသွားပြီကွယ့်။ သံယောဇဉ်တွယ်မနေနဲ့တော့။ ဇရပ်ထဲကို အမြန်ပြန်ဝင်ပေတော့။ အချိန်မရှိဘူး။ သိုက်စောင့်ဘီလူး ရောက်လာရင် မင်းကို ဒုက္ခပေးလိမ့်မယ်"

ဆရာကြီးပညာရွှေ စကားကြောင့် ကျွန်တော် ဇရပ်ထဲသို့အမြန် ပြေးဝင်လိုက်ရပါသည်။

(၃)

ကျွန်တော် အိပ်မက်မှ လန့်နိုးလိုက်ပါသည်။ ကျွန်တော့် ခုတင်ဘေး၌ ဆရာကြီးပညာရွှေနှင့် လက်ျာဘိုတို့ စိုးရိမ်တကြီး ကျွန်တော့်ကို ကြည့်နေကြသည်။ "လူလေး မင်းအစ်မလာခေါ်လို့ လိုက်သွားတာလား။ သိုက်ဂူထဲ ရောက်သွားရင် မင်းသေပြီသာမှတ်။ ငါကြိုတင်သိလို့ ဘုရားကုန်းပေါ်ကနေ မင်းကိုစောင့်ကြည့်နေတာ။ လက်ျာဘို မင်းအတော်အသုံးမကျတဲ့ကောင်ပဲ။ ငါအတန်တန်မှာခဲ့တာ။ လူလေးကိုစောင့်ကြည့်နေပါလို့ ပြောခဲ့တာ။ မင်းက အအိပ်ကြီးလွန်းတယ်"

"ကျွန်တော် မှားပါပြီ ဆရာကြီး။ နောက်ကို ဒီလို မဖြစ်စေရပါဘူး"

လက်ျာဘိုက လက်အုပ်ချီ တန်တော့ရင်း ဆရာကြီးပညာရွှေကို တောင်းပန်နေသည်။

"ပုထုဇ္ဇနော ဥမ္မတ္တကောထဲက ကောင်။ မင်းဟာ တဏှာရူးဘဲ။ မခင်ကြွေနောက် မင်းလိုက်သွားရမှာ"

ကျွန်တော် အိပ်မက်လိုလို တကယ်လိုလို ဖြစ်ပျက်ခဲ့၍ တုန်



www.burmeseclassic.com

www.burmeseclassic.com

ချောက်ချားနေမိသည်။

"လူလေး စိတ်ချလက်ချသာ အိပ်ပေတော့။ မခင်ကြွေ မင်းကို လာမခေါ်ရဲတော့ပါဘူး"

"လက်ျာဘို ဇရပ်တံခါးကို ပိတ်ထားလိုက်တော့။ ဒီည မင်းမအိပ်ဘဲ စောင့်ပေတော့။ မင်းကို ဒဏ်ပေးတာပဲ"

ဆရာကြီးပညာရွှေသည် ခုတင်ပေါ်တက်၍ ကျောခင်းလိုက်သည်နှင့် အိပ်ပျော်သွားလေပြီ။ ကျွန်တော် နဖူးပေါ်လက်တင်၍ စဉ်းစားနေရင်း ကျွန်တော့် မိသားစုငယ်ဘဝကို ပြန်လည်မြင်ယောင်လာမိသည်။

ကျွန်တော်တို့ မိသားစုတွင် ကျွန်တော့်အထက် အစ်မကြီးသုံးယောက်ရှိပါသည်။ မလှကြည်၊ မခင်ကြွေနှင့် မကျင်ငွေတို့ ဖြစ်ပါသည်။ တစ်ဦးတည်းသော သားလည်းဖြစ်၊ အငယ်ဆုံး၊ အထွေးဆုံးသားဖြစ်၍ မိဘနှစ်ပါးနှင့် အစ်မသုံးယောက်တို့က ဝိုင်းချစ်ကြပါသည်။ ငယ်စဉ်က မိဘများ စီးပွားရေးကောင်း၍ ကျွန်တော့်ကို ရွှေဆွဲပြားလေး လုပ်ပေးထားပါသည်။ အစ်မလတ်ဖြစ်သူ မခင်ကြွေမှာ မိဘများ သဘောတူသူ ကိုကြည်သန်းနှင့် ထိမ်းမြားလက်ထပ်ပေးသည်ကို ကြည်ဖြူစွာ လက်ခံခဲ့ပါသည်။ ကိုကြည်သန်းမှာ အရပ်အမောင်းကောင်း၍ လူရည်သန့်ခံ့ချောချောသူဖြစ်ပြီး ယောကျ်ားပီသလှသည်။ အလုပ်အကိုင်မှာ ဖဲသမားဘဝဖြင့် အနယ်နယ်အရပ်ရပ် လှည့်လည်၍ ဖဲရိုက်ကျွေးပါသည်။ ဇနီးဖြစ်သူ မခင်ကြွေကိုလည်း ချစ်မြတ်နိုး၍ အလိုလိုက် အကြိုက်ဆောင်တတ်သူဖြစ်ပြီး မခင်ကြွေတို့ အိမ်ထောင်ရေးမှာ သာယာလှပါသည်။ ကံကြမ္မာဖန်တီးလာသောအခါ မခင်ကြွေသားနှစ်ယောက်မွေးမှ ကိုကြည်သန်းမှာ ခြေပျက်လာပါသည်။ အိမ်သို့ပြန်နေချိန် မမှန်တော့ဘဲ အငယ်အနှောင်းယူထားပြီး မခင်ကြွေကို ပြစ်ထားခဲ့ပါသည်။ လင်ယောကျ်ားကို ချစ်တတ်လွန်းသူ အစ်မမခင်ကြွေမှာ စိတ္တဇရောဂါ စွဲကပ်နေပြီး သားနှစ်ယောက်အနက် အကြီးကောင် မောင်ချစ်အုန်းလေးကပါ သေဆုံးသွားပြန်ရာ အငယ်ကောင် မောင်ချစ်ပြုံးလေးနှင့်အတူ ကျွန်တော်တို့အိမ်ရှိရာ ဝင်ဒါမီယာ (ယခု သန်လွင်ရပ်ကွက်)သို့ လာရောက်နေထိုင်ပါသည်။ ညနေစောင်းလျှင် အိမ်မှပျောက်သွားတတ်ပြီး မာတ်ပေါင်းစုဘုရားရှိ ဆရာကြီးပညာရွှေ ဇရပ်နောက်ရှိ ကနစိုးပင်ကြီး အောက်၌ သွားရောက်ထိုင်နေတတ်ပြီး ငိုယို၍ တစ်ယောက်တည်း စကားပြောနေတတ်ပါသည်။

ထိုအချိန်က ဆရာကြီးပညာရွှေမှာ တောတောင်များ ဂန္ဓာရီလှည့်နေ၍ အစ်မမခင်ကြွေနှင့် ဆုံတွေ့ခြင်း မရှိခဲ့ပါ။ တစ်ခါတစ်ရံ ကျွန်တော်တို့မိသားစုအား ပြောပြတတ်သည်မှာ မာတ်ပေါင်းစုဘုရားသိုက်မှ ရွှေမန်းကျည်းတောင့်များ ပေးမည်ဆို၍ ဘုရားပေါ်သို့ နေ့စဉ်သွားနေရကြောင်း၊ ရွှေမန်းကျည်းတောင့်များရလျှင် သူဌေးဖြစ်လာပြီး ချမ်းသာမည်ဖြစ်ကြောင်း၊ အငယ်ကောင် ချစ်ပြုံးကို ကိုရင်ဝတ်ပေးရမည်ဖြစ်ကြောင်းများ ပြောတတ်ပါသည်။ ထိုစကားများပြောပြီး ငိုယိုနေပြန်ပါသည်။ ဆွေမျိုးများက လင်တရူး ရူးနေသည်ဟု ဝိုင်းတဲ့ရဲ့ကြပါသည်။

ကျွန်တော်နှင့် ဖခင်ဖြစ်သူမှာ ညမိုးချုပ်လျှင် တုတ်၊ ဓားကိုင်၍ မာတ်ပေါင်းစု ဘုရားပေါ်မှ မခင်ကြွေကို သွားရောက်ခေါ်ဆောင်ရပါသည်။ မခင်ကြွေမှာ ရက်လများကြာလာသောအခါ စိတ္တဇရောဂါ စွဲကပ်လာပြီး ကုသမရတော့သည့် အခြေအနေ ဖြစ်လာပါသည်။ ကျွန်တော့်ဆွဲပြားလေးကို သူမသေမီက ခဏငှါးပါဟု မိဘများထံ တောင်းယူပြီး ရောင်းစားပစ်ခဲ့ပါသည်။ ကိုကြည်သန်းမှာ မခင်ကြွေသေခါနီးအချိန် ကျွန်တော်တို့အိမ်မှ လာရောက်ခေါ်ဆောင်သွားပါသည်။ သေခါနီးချိန် ယောကျ်ားကိုတွေ့ရ၍ အားရဝမ်းသာလိုက်သွားခဲ့ပါသည်။ ကျွန်တော့်အား . .

"မောင်လေး . . ငါသေရင် ဥစ္စာစောင့်မ ဖြစ်မှာ။ နင့်ကို ရွှေငွေတွေ အများကြီး ငါလာပေးမယ်"

ဟုပြောသွားခဲ့ပါသည်။ ကိုကြည်သန်းလက်ထဲ၌ ရက်အနည်းငယ်နေရပြီး သေဆုံးသွားခဲ့ပါသည်။ မခင်ကြွေတို့အိမ်မှာ ရွှေတိဂုံဘုရားနားရှိ



www.burmeseclassic.com

www.burmeseclassic.com

သံပုံချိုင့်ရပ်ကွက်၌ရှိ၍ ရပ်ကွက်ဖျက်သိမ်းခံရခါနီး မခင်ကြွေအသုဘကိစ္စ ရွက်ဖျင်တဲကြီးများထိုး၍ စိန်ကုလား၊ စိန်လက်သန်းဆိုင်းများ ငှားပြီးစည်ခံခဲ့ပါသည်။ ကိုကြည်သန်းမှာ ဖဲသမား အသိုင်းအဝိုင်းကောင်း၍ မခင်ကြွေအသုဘစည်ကားခဲ့ပါသည်။

(၄)

ကျွန်တော် ဝမ်းနည်းစွာ ငိုကြွေးလိုက်ပါသည်။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်နှင့် ကျွန်တော့်ငိုသံက ကျယ်လောင်စွာ ပေါ်ထွက်သွားပါသည်။ ဆရာကြီးပညာရွှေမှာ အိပ်ရာမှထလာခဲ့ပြီး တံခါးစောင့် လက်ျာဘိုမှာ ကျွန်တော့်နားရောက်လာခဲ့ပါသည်။

"လူလေး၊ စိတ်မကောင်း မဖြစ်ပါနဲ့တော့ကွာ။ မင်းအစ်မက ဓာတ်ပေါင်းစုစေတီရဲ့ ဘုရားသိုက်ထဲမှာ လူစားဝင်လိုက်ရတာပါ။ လင်ယောက်ျားပေါ် ဖြူစင်တဲ့ချစ်မေတ္တာ၊ သူ့ကိုယ်ကျင့်တရားရိုးသားမှု၊ သူ့စိတ်ဥပါဒါန်အစွဲကြောင့် သိုက်နန်းရှင်ခေါ်တဲ့ ဥစ္စာစောင့်မ ဖြစ်သွားရတာပါ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံဘဝ ရောက်မသွားဘဲ ဘုရားနားနေရတဲ့အတွက် သူတော်စင်၊ သူတော်ကောင်းတွေရဲ့ ကုသိုလ်ကောင်းမှုတွေ၊ မေတ္တာပို့သတာတွေ၊ အမျှပေးဝေတာတွေကို နေ့စဉ်ကြားသိနေရပြီး ကျွတ်ချိန်တန်ချိန်မှာတော့ ကျွတ်သွားပါလိမ့်မယ်။ လူ့လောက ပြန်လာရမယ့်ကံဖြစ်ပေါ်လာရင်လည်း လူပြန်ဖြစ်ရမှာပေါ့ကွာ။ မင်းကိုတွေ့ဖို့ ကြိုးစားနေတာ နှစ်တွေကြာလှပြီ။ မင်းရဲ့ အဓိဋ္ဌာန်ကုသိုလ်၊ သီလ သမာဓိ အားကောင်းနေချိန်မှာ ဆုံတွေ့ရတာပဲ။ မင်းအစ်မ မခင်ကြွေ သိုက်ပြောင်းရတော့မယ်။ ဒီနေရာ ဒီဌာနမှာ ဒီနေ့ညနောက်ဆုံး တွေ့ရခြင်းပဲ။ မင်း အဓိဋ္ဌာန် ၂၇ ရက်ပြည့် တဲ့နေ့မှာ ဓာတ်ပေါင်းစုစေတီရဲ့ အနောက်အရပ် ကြာသပတေးထောင့်မှာ မင်းရဲ့ အဓိဋ္ဌာန်ကုသိုလ်၊ ဒါနကုသိုလ်တွေကို မင်းအစ်မအတွက် အမျှဝေပြီး နှုတ်ဆက်လိုက်ပေတော့"

ကျွန်တော်သည် ဆရာကြီးပညာရွှေ စေခိုင်းသည့်အတိုင်း အဓိဋ္ဌာန် ၂၇ ရက် ပြည့်သည့်နေ့ ည ၉ နာရီအချိန် ဓာတ်ပေါင်းစုစေတီ၏ အနောက်အရပ် ကြာသပတေးထောင့်၌ ပန်း၊ ရေချမ်း၊ ဆီမီးများ လှူဒါန်းပူဇော်ပြီး ကျွန်တော်ပြုခဲ့သမျှ ကောင်းမှုအစုစုတို့ကို အမျှပေးဝေခဲ့ပါသည်။ တိုက်ဆိုင်မှု ဆိုရမည်ထင်ပါသည်။ ကျွန်တော် အဓိဋ္ဌာန်ပုတီးစိပ်နေရာမှ ထလိုက်သည့်အခါ ရွှေဆွဲပြားလေးတစ်ခုကို တွေ့လိုက်ရပါသည်။ အစ်မမခင်ကြွေသည် သူ့ကတိအတိုင်း ကျွန်တော့်အကြွေးကို ပေးဆပ်သွားခဲ့ပါသည်။ ထိုဆွဲပြားလေးကို ရောင်းချ၍ ရရှိငွေကို ဆရာကြီးပညာရွှေ ဘုရားတည်သည့်အခါ အလှူဒါနပြုလိုက်ပါသည်။

ထိုအဖြစ်အပျက်များမှာ ၁၉၅၉ ခုနှစ် အချိန်များက ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။ နောင်လေးငါးနှစ်အကြာ ပြည်ရွှေဆံတော်စေတီသို့ ဆရာကြီးပညာရွှေနှင့် အဓိဋ္ဌာန်ခရီးလိုက်ပါခဲ့ပါသည်။ တစ်ညတွင် ကျွန်တော့်အား ပြည်မြို့အလယ်၌ရှိသော ကင်းဘုရားကြီးသို့ ဆရာကြီးပညာရွှေက ခေါ်သွားခဲ့ပါသည်။ ထိုဘုရား၌ ဆရာကြီးပညာရွှေ ခိုင်းသည့်အတိုင်း တနင်္ဂနွေထောင့်၌ အဓိဋ္ဌာန်ပုတီးစိပ်နေစဉ် ကျွန်တော်နှင့်မလှမ်းမကမ်းမှ အစ်မမခင်ကြွေ မတ်တတ်ရပ်၍ ကျွန်တော့်ကို နှုတ်ဆက်ပါသည်။ မခင်ကြွေကို ကျွန်တော်တစ်ယောက်တည်းမြင်ရခြင်း ဖြစ်ပါသည်။ "သိုက်နန်းရှင် မခင်ကြွေ"ဟု နှုတ်မှ ကျယ်လောင်စွာ အော်လိုက်မိပါသည်။ ဘုရားရင်ပြင်၌ ပုတီးစိပ်နေသူများ ကျွန်တော့်ကို ဝိုင်းကြည့်ခြင်း ခံလိုက်ရပါသည်။ ဆရာကြီးပညာရွှေ ကျွန်တော့်အနား ရောက်လာပြီး ...

"လူလေး အဓိဋ္ဌာန်ပြီးရင် ထတော့။ ပြန်ရအောင်။ မင်းကို လူတွေ တစ်မျိုးထင်နေကြလိမ့်မယ်။ ပုထုဇ္ဇနော ဥမ္မတ္တကော လောကကြီးပဲ မင်းကို သိုက်ရူးလို့ ထင်နေကြပြီး ကိုယ့်ကိုကိုယ် စိတ်သန်ရာ ရူးနေကြတာတော့ သိကြလိမ့်မယ် မထင်ပါဘူးကွာ"

**သိန်းထွန်းသစ်**



www.burmeseclassic.com

www.burmeseclassic.com



# အနုစိတ္ထသနာတော်


## (၇)

■ မဇ္ဈိမဝတ္တုနိုး

### သံသရာလမ်း=ဝီထိစဉ်

……ဘွင်··ဘွင်··ဘွင်၊ အတီတဘွင်၊ ဘွင်္ဂစလန ဘွဂ်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း သန္တီ ရဏ၊ ဝုဋ္ဌော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော တဒါရုံ၊ တဒါရုံ၊ ဘွင်၊ ဘွင်၊ ဘွင်···

အထက်ပါ ဝီထိစဉ်ကို အောက်၌ အတိုကောက် ရေးပြထားသည်။




ကုန်ခဲ့သည့်လက ဝီထိစဉ်အကြောင်း၊ ဇယား အကြောင်း၊ ရုပ်သက်၊ နာမ်သက်အကြောင်း၊ ဥပါဒ်၊ ဌီ၊ ဘင်နှင့် ခဏငယ်အကြောင်း စသည်များကို နားလည် လောက်သည်အထိ ရှင်းပြခဲ့ပြီ။ ဤလအတွက် ဝီထိနှင့် ဇယားကိုမျှသာ ရေးပြလိုက်သည်။

အဓိပ္ပာယ်အပြည့်အစုံကို ရလိုလျှင် ကုန်ခဲ့သည့်လက ရောင်ပြန်ကို ပြန်ကြည့်ရပေလိမ့်မည်။ ထိုမျှများသော ဝီထိအဓိပ္ပာယ် စာမျက်နှာများကို လစဉ်ရေးပြနေလျှင်လည်း ငြီးငွေ့စိတ်ပျက်ဖွယ် ဖြစ်ပေလိမ့်မည်။ အယ်ဒီတာအဖွဲ့က လည်း ထိုမျှအထိ အကျယ်ကို လစဉ်နေရာပေးလိမ့်မည် မဟုတ်ပေ။ အခြားစာဖတ်သူများကလည်း စိတ်ရှည်ခွင့်လွှတ် ကြမည်မထင်။

ဤစာသည် တရားဖြစ်သော်လည်း စာဖတ်သူများ ဟူသည်မှာ စာအကြည့်မြင့်သော မြင်ကြပေလိမ့်မည်။ ထိုအခါ စာပွ၊ စာပိုအဖြစ် ရှုမြင်ကြမည်ဖြစ်ပြီး စာရေးသူကိုပင် အမြင် ကြည်နိုင်ဖွယ် မရှိတော့။

ယခု ဝီထိနှင့် ဝီထိဇယားကိုမျှ ရေးထည့်ပေးထား လျှင်လည်း ထိုကာလပင် နားလည်လောက်အောင် ရှင်းပြ ထားပြီဖြစ်၍ နားလည်နေကြလိမ့်မည်ဟု ထင်သည်။ ထိုမျှ နှင့် လုံလောက်မှုမရှိလျှင်လည်း ဆိုခဲ့သည့်အတိုင်း ကုန်ခဲ့ သည့်လက ရောင်ပြန်ကို ရှာဖွေကြည့်ရှုမှတ်သားရန်ကိုသာ ညွှန်လိုက်ရသည်။

ယခု ဥပါဒ်၊ ဌီ၊ ဘင်အကြောင်းကို ဆက်ရှင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

မည်။ ဤဥပါဒ်၊ ဌီ၊ ဘင် အကြောင်းကိုလည်း အလေး အနက်မှတ်သားစေလိုသည်။ နောက်နောက်သော လများ တွင် ဥပါဒ်၊ ဌီ ဘင်၏နေရာတွင် ဖြစ်ပျက်ဟူ၍သာ လာတော့ မည် ဖြစ်၍ အထူးအလေးအနက်ထားပြီး မှတ်သားထားသင့် သည်။

ဥပါဒ် = ဖြစ်၊ ဌီ = တည်၊ ဘင် = ပျက်။

ဥပါဒ်၊ ဌီ၊ ဘင် ဟူသည်မှာ ခဏငယ်ဟုခေါ်သော ဖယားထဲက အစက်ကလေး သုံးစက်သာ ဖြစ်သည်။ ဤလ တွင် အပြည့်အစုံကို မရှင်းပြတော့ပေ။ အပြည့်အစုံကိုသာ ရှင်းပြနေလျှင်လည်း ကုန်ခဲ့သည့်လက ဆိုခဲ့သည့်အတိုင်း စာသင်သလိုသာ ဖြစ်နေပေလိမ့်မည်။ သို့တည်းမဟုတ် စာနယ်မှ လွန်ပြီး တရားဟောသလို အဟောနယ်သို့သာ ရောက်သွားမည်ဖြစ်၍ သာ၍ပင် ဝေးသွားနိုင်သည်။

ဝီထိ၊ ဥပါဒ်၊ ဌီ၊ ဘင်တို့သည်ကား သတ္တဝါတို့၏ ဘဝတစ်ခု၊ တစ်ခုစီသာ ဖြစ်၏။ ထိုထိုဘဝများသည်လည်း လက်ဖျစ်တစ်တီးမျှ အချိန်တိုအတွင်းမှာပင် ကုဋေပေါင်း သိန်းချီ ဖြစ်/ပျက်သွားသဖြင့် လျင်မြန်လွန်းသည်။ ဖြစ်/ပျက် ဆိုရာ၌ ဝီထိသာ ဖြစ်ပျက်သွားပြီး ဘဝသည်ကား အလျဉ်း သင့်သလို (အကုသိုလ်/ကုသိုလ်ဘဝအဖြစ်) အကျိုးပေးရန် မပျက်မစီး တည်ကျန်နေခဲ့ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် အကုသိုလ်စိတ် ဝင်နေချိန်မှာ ထိုနည်း လည်းကောင်း၊ အကုသိုလ်ဘဝများ မရေမတွက်နိုင်အောင် အကျိုးပေးသလို၊ ကုသိုလ်ပြုလုပ်နေချိန်မှာလည်း ကုသိုလ် ဘဝများ မရေမတွက်နိုင်အောင် အကျိုးပေးနေသည်သာ ဖြစ်သည်။

သို့သော်လည်း "ပါပသ္မိံ ရမတိ မနော" = သတ္တဝါ တို့၏စိတ်သည် မကောင်းမှုမှာသာ ပျော်မွေ့နေတတ်သည် ဟု ဟောတော်မူသောကြောင့် မနှိုင်းကောင်း၊ မရေမတွက် နိုင်လောက်အောင် အကုသိုလ်ကသာ ပို၍များနေလေသည်။ အသည်းခိုက်ဖွယ် ကြောက်ခမန်းလိလိကြီးပင်ဖြစ်သည်။

ဤဝီထိစာကို ဖတ်မိသောကြောင့်ပင် အဆင့်မြင့် သော လူပုဂ္ဂိုလ်တစ်ယောက် ရဟန်းဘဝကို တက်ရောက် လာခဲ့ကြောင်းကို ကြားဖူးသည်။ ယခု မြန်မာနိုင်ငံ ရဟန်း လောကတွင် အမြင့်ပိုင်းမှာ တည်ရှိသည်။ ဆရာတော်လောင်း လျာ လော်ကီတွင် ကျင်လည်ခဲ့စဉ်ကလည်း အဆင့်မြင့်သော ဘွဲ့ထူးဂုဏ်ထူးကြီးဖြင့် တင့်တယ်လျက်သာ ရှိခဲ့ကြောင်း လည်း မှတ်သားဖူးသည်။

သို့သော်လည်း ဆရာတော်လောင်းလျာသည် ဤ ဝီထိစဉ်ကို လေ့လာမိသောအခါ ဘဝနှင့် လောကတို့ဟူသည် အကြွေးတုံး၊ အဆိပ်တုံး၊ တကယ့်ကြောက်စရာကောင်းသော မီးပုံကြီးသဖွယ်သာ ဖြစ်သည်ဟု မိမိ၏ကိုယ်ကို ရှုမြင်ပြီး လူ့ဘဝကို အပြတ်စွန့်လွှတ်လိုက်ဟန်ရှိသည်။ အမြင်မှန်၊ အသိမှန်ကို ရရှိသွားသည်ဟု ဆိုရပေတော့မည်။

အမြင်ချင်းမတူကြ ဟူသောစကားကို ဤစာရေးသူ မကြာခဏ ဆိုခဲ့ဖူးသည်။ အမြင်ချင်းမတူသောကြောင့်လည်း တရားရပုံ မတူကြခြင်းဖြစ်သည်။ ဘုရားလက်ထက်တော် က အကြောင်းအရာများကို လေ့လာကြည့်ခြင်းဖြင့်ပင် သိနိုင်သည်။

တချို့သော ပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏ တရား တော်ကို တစ်ကြိမ်မျှ နာကြားရုံဖြင့် ရဟန္တာဖြစ်တော်မူသွား ကြ၏။ တချို့ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် စသည် ဖြစ်သွားကြ၏။ တချို့မှာ မည်သည့်မဂ်ကိုမျှ မရဘဲ သရဏဂုံ တည်ရုံမျှသာ ရှိကြ၏။ ဤကဲ့သို့ တရားရကြပုံချင်း မတူကြ သည်မှာ ကံ/ဉာဏ် ဒနိမ့်အမြင့် ကွာခြားသောကြောင့် ဖြစ်၏။ ဘဝဟောင်းမှ ဆည်းပူးခဲ့သော အပရာပရိယ ဝေဒနီယကံကြောင့်ဟု မှတ်ယူရ၏။

ထိုဆရာတော်သည်လည်း ပုဂံခေတ်က ပိဋကတ် တော်ကို တတ်ကျွမ်းခဲ့ကြောင်း နောက်ဖြစ်ကိုမြင်၍ သူ ကိုယ်တိုင် ပြောပြသည်ဟု သိရ၏။ သို့သော် ထိုဘဝတွင် ယောက်ျားမဟုတ်ဘဲ နန်းတွင်းသူ အမျိုးသမီးတစ်ဦးသာ ဖြစ်ခဲ့ကြောင်းလည်း သိရ၏။ (ယောက်ျားဖြစ်လိုက်၊ မိန်းမ ဖြစ်လိုက် သံသရာလေ့ကြုံစီးတို့၏ သဘောသည်ကား မဆန်းပေ။)

ထို့ကြောင့် တရားအခံ ရှိလာခဲ့သောကြောင့်ပင် မဂ်ထိုက်သော တရားစာပေကို လေ့လာကြည့်လိုက်ရုံဖြင့် တရားရသွား (ခန္ဓာကိုယ်ကို ငြီးငွေ့/ကြောက်လန့်သွား) လန့်သွားခြင်းဖြစ်၏။

ရဟန်းဖြစ်လာပြီးနောက် ပိဋကတ်စာပေများကို သင်



www.burmeseclassic.com

www.burmeseclassic.com

ကြားရာတွင်လည်း နှစ်တိုအတွင်း တတ်မြောက်သွား၏။ ဧမ္ဗစရိယကိုမူ နိဒါန်းကိုကြည့်ရုံဖြင့် "ငါဖြေနိုင်တယ်"ဟု ပြောပြီး ဖြေဆိုအောင်မြင်သွားသည်ဟုလည်း တစ်ဆင့်သိရ၏။ ပါရမီဓာတ်ခံ မည်မျှအထိ ကြီးမားကြောင်းကို နားလည်နိုင်၏။

ထို့ကြောင့် ငါတို့ ဓမ္မပရိယသတ်များကိုလည်း တရားတော်ကို ဖြန်းခနဲ နားမလည်နိုင်သည့်တိုင်အောင် စိတ်မပျက်ကြရန်နှင့် တဖြည်းဖြည်း နားလည်လာမည့်အကြောင်း။ သည်ဘဝတွင် နားမလည်နိုင်လျှင်ပင် ပါရမီဖြစ်ပြီး နောက်နောက်သော ဘဝတစ်ခုခုတွင် တရားရလာမည့်အကြောင်းများကို တိုက်တွန်းလေ့ရှိ၏။

ဝီထိအကြောင်းကို ဆက်ဦးမည်။ ဝီထိလျင်မြန်သလို သတ္တဝါတို့၏ ခန္ဓာကိုယ်သည်လည်း မရပ်မနား တရစပ်အားဖြင့်ပင် ဖြစ်ပျက်နေ၏။ ဖြစ်ပျက်ခြင်း လျင်မြန်လွန်းသောကြောင့်သာ မမြင်နိုင်ကြခြင်းဖြစ်၏။ မမြင်နိုင်၍လည်း မိမိတို့ ခန္ဓာကိုယ် ဖြစ်ပျက်နေသည်ကို မသိကြခြင်းဖြစ်၏။

ဥပမာ ခန္ဓာကိုယ်သည် ဆီမီးတောက်နှင့် တူသည်၊ အလျဉ်စီးသော ရေနှင့်တူသည်၊ မီးစက်ဝိုင်းနှင့် တူသည်ဟု သင်ရိုး အဘိဓမ္မာစာပေများတွင် ရှိ၏။ ယခု ထိုဥပမာများကို ရှင်းပြဦးမည်။

ဆီမီးတောက်ကဲ့သို့လည်းကောင်း၊ အလျဉ်စီးသော မြစ်ရေကဲ့သို့လည်းကောင်းဟု ဆိုရာ၌ -

ဆီမီးတောက်ဟူသည်ကို ယခုခေတ် ဖယောင်းတိုင် ညှိထွန်းထားသော ဆီမီးကို ရှင်းပြလျှင် သင့်လျော်မည်ဟု ဆင်၏။ ဖယောင်းတိုင်မီးဟူသည်မှာ ထွန်းညှိလိုက်သည်မှ အစည်ပျော်၍ ဖယောင်းတိုင်ကုန်သည်အထိ လောင်ကျွမ်းသွား၏။ တစ်ချက်၊ တစ်ခဏမျှ မရပ်နားဘဲ တရစပ်အားဖြင့် လောင်ကျွမ်းသွားခြင်း ဖြစ်၏။

လောင်ကျွမ်းဆဲခဏ၌ တစ်စက္ကန့်မှာ မည်မျှလောင်သည်၊ တစ်မိနစ်တွင် မည်မျှလောင်သည်ဟူ၍လည်း မပြောနိုင်ပေ။ လောင်စာအကြွင်းအကျန်ဟူ၍လည်း မရှိ။ ထို့ကြောင့် ပြစရာ တစ်စုံတစ်ခုမျှ မကျန်။ တစ်ပြိုင်တည်း အချိုညီစွာလောင်ပြီး ကုန်ဆုံးပျောက်ကွယ်သွားခြင်း ဖြစ်၏။

သတ္တဝါတို့၏ ရုပ်၊ နာမ် ခန္ဓာကိုယ်တို့သည်လည်း ၎င်းအတိုင်းပင် ဖြစ်၏။ မွေးဖွားရာမှ သေရာခရီးကို ရောက်သည်အထိ တဖြည်းဖြည်း လောင်ကျွမ်းနေသဖြင့် ရုပ်နာမ်နုများ သေဆုံးကုန်ပျောက်ပြီး နောက်ဖြစ်ပေါ်လာသော ရုပ်ရင့်၊ နာမ်ရင့်တို့သည်သာ ခန္ဓာကိုယ်ကြီးကို ဆောင်ထား၏။ နောက်နောက်တွင် ဖြစ်ပေါ်လာသော ရုပ်နာမ်တို့သည်လည်း တစ်ကြိမ်ပြီးတစ်ကြိမ် အိုလာသည်ချည်းသာ ဖြစ်၏။ ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့သည် လျင်မြန်လွန်းသောကြောင့်သာ မမြင်နိုင်၊ မသိနိုင်ခြင်းဖြစ်၏။

ထို့နောက် အလျဉ်စီးသော ရေအကြောင်းကို ဆက်ဦးမည်။ မြစ်/ချောင်းထဲမှ ရေများသည် ငြိမ်၍မနေပေ။ မပြတ်မရပ် တရစပ်အားဖြင့် စီးဆင်း၍သာနေသည်။ ထို့ကြောင့် သာမန်မျက်စိဖြင့်ကြည့်လျှင် ရေပြင်ကြီး၊ ရေစီးကြောင်းကြီးဟူ၍သာ မြင်နေတတ်သည်။

စင်စစ်တွင် ထိုသို့မဟုတ်ပေ။ ရေမှုန်ရေမွှားများ တစ်ခုစီချင်း ပေါင်းစပ်ထား၍သာ ရေအစုအပုံ၊ ရေစီးကြောင်းကြီး ဖြစ်နေခြင်းဖြစ်သည်။ တစ်ခုချင်း၊ ကစ်မှုန်ခြင်းသာ ခွဲပြီးကြည့်လိုက်လျှင် ရေမှုန်ရေမွှားများ ပေါင်းစပ်ထား၍သာ ရေပြင်၊ ရေစီးကြောင်းကြီး ဖြစ်နေခြင်းပါကလားဟု ကွဲပြားခြားနားစွာဖြင့် သိမြင်ကြရမည်ဖြစ်သည်။

ထိုရေများသည်လည်း ထာဝစဉ်တည်နေသော ရေစီးကြောင်းမဟုတ်ဘဲ ရေမှုန်ရေမွှားများစွာတို့ စုပေါင်းဖွဲ့စည်းပြီး မပြတ်စီးဆင်းနေ၍သာ ရေစီးကြောင်းကြီး ဖြစ်နေသည်။ ရပ်နားခြင်းဟူ၍လည်း လုံးဝမရှိပေ။

သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာသည်လည်း ထိုကဲ့သို့ပင် ခေါင်းမှစ၍ ခြေအဆုံးတိုင်အောင် အလျှင်း ရပ်နားခြင်းမရှိဘဲ တစ်စက္ကန့်လျှင် ကုဋေပေါင်း သိန်းချီ၍ ဖြစ်ပျက်နေခြင်းဖြစ်သည်။ လျင်မြန်သောကြောင့်သာ ဖြစ်ပျက်နေခြင်းကို မမြင်နိုင်ကြပေ။

ထို့နောက် မီးစက်ဝိုင်းအကြောင်းကို ဆက်လက်ရှင်းပြဦးမည်။ မီးစက်ဝိုင်းဟူသည်မှာ အခြားမဟုတ်ပေ။ ကလေးများ တုတ်ဖျားကို မီးရှို့ပြီး အလျင်ဝှေ့ဝှေ့လိုက်သော အခါ စက်ဝိုင်းသဖွယ် ဝိုင်း၍မြင်ရသည်ကို တင်စားဆိုလိုခြင်းဖြစ်သည်။

ဤ၌လည်း စင်စစ်အားဖြင့် မီးစက်ဝိုင်းမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ပြီးသည့် တုတ်ဖျားတွင် အနည်းငယ်(တစ်တို့)မျှသာ ရှိသည်။ မီးတို့ထားသော တုတ်ကို အလျင်အမြန် ဝှေ့/မွှေ့လိုက်သော ကြောင့်သာ တစ်ဆက်တစ်စပ်တည်း စက်ဝိုင်းသဖွယ် ဖြစ်သွားခြင်းဖြစ်သည်။

အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာသည်လည်း ဖြစ်၊ ပျက်ခြင်း လျင်မြန်လွန်းသော ကြောင့်သာ တစ်စက္ကန့်အတွင်းမျှ ကာလမှာပင် ကုဋေပေါင်း သိန်းချီ၍ ဖြစ်ပျက်နေသောကြောင့်သာ မမြင်နိုင်ကြခြင်း ဖြစ်သည်။

ဤကဲ့သို့ လျင်မြန်ခြင်းရှိသည်ကို နတ်ပြဟ္မာများ သည်ပင် မြင်သိနိုင်ခြင်းမရှိကြပေ။ အာဠာရ၊ ဥဒက၊ ဒေဝီဠ စသော မြေလျှိုးမိုးပျံ လောကီစျာန်အဘိညာဉ်ကို ရရှိတော် မူခဲ့ကြသော ရသေ့ပုဂ္ဂိုလ်တို့လည်း မြင်သိနိုင်ခြင်း မရှိကြပေ။

နတ်ပြဟ္မာနှင့် လောကီစျာန်အဘိညာဉ်ရ ပုဂ္ဂိုလ်များ သည်သာ ဤဖြစ်ပျက်ခြင်းကို မြင်ကြလျှင်လည်း အနိစ္စကို မြင်ခြင်းသာ ဖြစ်သည်။ အနိစ္စကိုသာ မြင်လျှင်လည်း မဂ်ရ ဖိုလ်ရ ပုဂ္ဂိုလ်များချည်းသာ ဖြစ်ကြပေလိမ့်မည်။ ဘုရားပွင့်ရန် ပင် မလိုတော့။

ယခု မည်သည့်တန်ခိုးဣဒ္ဓိပါဒ်ရှင်များမျှ မမြင်သိနိုင် ကြ၍ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာမှ ဟောဖော် ညွှန်ပြသောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသော လက္ခဏာ ရေးသုံးပါးနှင့်ဂကွ မဂ်ဖိုလ်၊ နိဗ္ဗာန် တရားထူးတရားမြတ် တို့ကို သိမြင်ရရှိကြခြင်းဖြစ်၏။

ထို့ကြောင့် အနိစ္စတရားတော်သည် သိရှိရန် မည်မျှ အထိ ခဲယဉ်းကြောင်းကို နားလည်နိုင်၏။ ဤနှင့်ပတ်သက် ၍ ငါတို့၏ ဓမ္မပရိသတ်များအား သာ၍ပင် နားလည်စေလို ၏။ ဗုဒ္ဓဘာသာဖြစ်လျက်နှင့် တရားလက်လွတ် မသေစေလို သောကြောင့် ဖြစ်၏။

ထို့အပြင် ပရိသတ်များ အရေးတကြီး နားလည် ထားရန် အကြောင်းတစ်ခုသည်လည်း ရှိသေး၏။ ဥပါဒ်၊ ဋ္ဌီ၊ ဘင် = ဖြစ်၊ တည်၊ ပျက်ဟု သုံးမျိုးရှိပါလျက် အနိစ္စ တရားတော်ကြီးကို ရှုမှတ်ပွားများသောအခါ အဘယ်ကြောင့် ဖြစ်ပျက်ဟု ဋ္ဌီကိုပယ်ထားပြီး ရှုရမည်နည်း။ တည်သည်ဟူ သော ဋ္ဌီကို အဘယ်ကြောင့် ချန်လှပ်ထားခဲ့သနည်း။ ဋ္ဌီကို ရှုမှတ်ခြင်း၊ မရှုမှတ်ခြင်းနှင့် ပတ်သက်၍ အဘယ်အကျိုးရှိ သနည်းဟု ဓမ္မယောဂီများ သိလိုကြပေလိမ့်မည်။ သိသင့် သိထိုက်သော အကြောင်းအရာကြီးလည်း ဖြစ်နေသည်။

ဤသည်ကို ရှင်းပြရမည်ဆိုပါလျှင် သမင်ခြေရာ ဖျောက်သောနည်းကို ကြည့်ရပေလိမ့်မည်။ ဥပမာကား မုဆိုး သည် သမင်ကို သတ်ဖြတ်ရန် လိုက်သောအခါ သမင်သည် ကျောက်ဖျာကြီးကို နင်းလျှောက်၍ပြေး၏။ ထို့ကြောင့် ကျောက်ဖျာကြီးကို အတက်ခြေရာနှင့် အဆင်းခြေရာမျှသာ မြေမှာတွေ့ရ၏။

သို့သော်လည်း တိတိကျကျ သမင်၏ အတက် အဆင်း ခြေရာနှစ်ခုကို တွေ့နေရသောကြောင့် သမင်သည် ကျောက်ဖျာကြီးကို တက်လျှောက်သွားသော်လည်း ကျောက် ဖျာကြီး မာသောကြောင့်သာ ခြေရာမထင်ခြင်း ဖြစ်၏ဟု သိနိုင်၏။

ဤသည်မှာ ဥပမာဖြစ်၏။ ဥပမေယျသည်ကား ဥပါဒ်/ဘင် = ဖြစ်ပျက်ဟု ရှုနိုင်းသော်လည်း ဋ္ဌီသည် ပါပြီး သားဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်သည်ဟု ဆိုထားသောကြောင့် ဋ္ဌီသည် ဘင် = အပျက်ဘက်မှာ ပါဝင်နေ၏။ ထို့ကြောင့် ဘင်္ဂါဘိမုခ = အပျက်ဘက်သို့ ဦးတည်နေသော/အပျက် ဘက်မှာ ပါဝင်နေသော တရားဟု ပညာရှိတို့ ဆိုကုန်၏။

နောက်တစ်ခုသည်ကား ကျောက်တုံးလေးကို မိုးပေါ် မြှောက်တင်လိုက်၍ ပြန်ကျသော ဥပမာဖြစ်၏။ ကျောက်တုံး ကို မြှောက်လိုက်ခြင်းသည် **ဥပါဒ်**၊ မြှောက်တက်သွားခြင်း သည် **ဋ္ဌီ**၊ ပြန်ကျခြင်းသည် **ဘင်** ဟူ၍ဖြစ်၏။

ဤ၌ အမြှောက်နှင့် အကျသည်သာ ထင်ရှား၏။ မြှောက်တက်သွားခြင်းသည်ကား လေပေါ်တွင် တည်၍မနေ ပေ။ ထို့ကြောင့် မြှောက်တက်သွားခြင်းသည် ပြန်ကျရန်သာ အကြောင်းဖန်တီးရာ ရောက်သောကြောင့် ဋ္ဌီကို အပျက် ဘက်မှာ ထားခြင်းဖြစ်လေ၏။ ထို့ကြောင့် ဥပါဒ်၊ ဋ္ဌီ၊ ဘင် = ဖြစ်၊ တည်၊ ပျက်ဟု မရှုမှတ်ရဘဲ ဋ္ဌီကို ဘင်ဘက်မှာ ထည့်ပြီး ဖြစ်ပျက်ဟူ၍သာ ရှုမှတ်ရခြင်းဖြစ်၏။ ဤလအတွက် ဤမျှနှင့်ပင် အဆုံးသတ်လိုက်၏။

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ (၂)

ပထမံဆရာကြီးဦးအေးသူ



ကျွန်ုပ်၏ဆရာဖြစ်သော **မဟာဧယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်**သည် အသက်အရွယ် ငယ်ငယ် ကပင် ထွန်းပေါက်ကျော်ကြားခဲ့သည်။ ဤသို့ ထင် ပေါ်ကျော်ကြားရခြင်းအကြောင်းသည် **မဟာဧယျ သိဒ္ဓိကျင့်စဉ်ခေါ် ဗုဒ္ဓါနုဿတိဘာဝနာ**ကို အောက် မေ့ဆင်ခြင် ပွားများခြင်းကြောင့် တည်ရာမရှိ ဟင်း လင်းပြင်မိုးကောင်းကင်မှ ကျ၍ပင်လာသော်လည်း မြေပြင်ကဲ့သို့ အခါခပ်သိမ်း တည်ရာမိရာ၊ ကိုးကွယ် ရာကို မုချမလွဲ အမြဲရကြကုန်၏။

အလုံးစုံသော ဘေးရန်ဟူသမျှသော ပိုက်ကွန် အတွင်းမှလည်းကောင်း၊ ဘီလူး၊ သရဲ၊ နိုးသူ အစရှိသော အသက်အန္တရာယ်ကို တိုက်ခိုက်ဖျက်ဆီးတတ် သော ဘေးအမျိုးမျိုးမှလည်းကောင်း လွတ်မြောက်ချမ်းသာ ရရှိကြသောသူတို့ကို ဂဏန်းသင်္ချာဖြင့် မရေတွက် နိုင်ခြင်းသာတည်း။

အစရှိသဖြင့် သင်္ဂါထာဝဂ္ဂယုတ်ပါဠိတော် ဓဇဂ္ဂ သုတ္တန်၌ **မဟာဧယျသိဒ္ဓိကျင့်စဉ်ခေါ် ဗုဒ္ဓါနုဿ တိဘာဝနာ**၏ ထူးခြားအံ့ဖွယ်ဆန်းကြယ်သော အကျိုး ကျေးဇူးကြီးမားပုံကို ဟောဖော်ညွှန်ပြထားပေသည်။

ထို့ကြောင့် **မဟာဧယျသိဒ္ဓိ**ဘွဲ့ထူးကို ရရှိ အောင် ပိုင်ပိုင်နိုင်နိုင် ကျင့်ကြံနိုင်ခဲ့သောကြောင့် **အဓိဋ္ဌာန်ဆရာတော်**ရယ်လို့ ယနေ့ကျော်ကြားနေတော့၏။

အဓိဋ္ဌာန်ဆရာတော်သည် တောတောင်အသီးသီး၌ အဓိဋ္ဌာန်ပါရမီ တည်ဆောက်နေစဉ် လင်းမြွေကြီးတစ်ကောင်သည် ဆရာတော်၏ စိပ်ပုတီးအတွင်းမှဝင်၍ ကိုယ်တော်ကို စလွယ်သိုင်းရစ်ပတ်ထားတော့သည်။ ထိုအချိန်တွင် ဆရာတော်သည် သတိသမာဓိကို ခိုင်မြဲစွာထားရှိခဲ့သည်။ လင်းမြွေကြီးသည် မကြာမီ ဆရာတော်ကိုရစ်ပတ်ထားရာမှ ဖယ်ခွာ၍သွား တော့၏။

အဓိဋ္ဌာန်ဆရာတော်၏ ကျင့်စဉ်မှာ ဂုဏ်တော်ကိုးပါးနှင့် ပဋ္ဌာန်းဒေသနာတော်ကို တွဲ၍ ပုတီးစိပ်ပါသည်။ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

၏ ပြီးမြောက်ခဲ့သော ကျင့်စဉ်များကို စုစည်း၍ အဓိဋ္ဌာန်ကျင့်စဉ်ကို စာမျက်နှာပေါင်းလေးရာကျော် ပြုစုထားပါသည်။

. အဓိဋ္ဌာန်ဆရာတော်သည် ဤသို့ ရဲရဲတောက်ကျင့်ခဲ့သဖြင့် **လောကီရဟန်းဝိဇ္ဇာမိုရ်** စာရင်းဝင်ခဲ့လေသည်။

ဆရာတော်သည် အဓိဋ္ဌာန်အတွင်းမှာပင် စစ်တွေမြို့ အံကျိန်းတော်ကုန်းတွင် ရဟန္တာသိမ်တော်ကြီးကို ထုထည်ကြီးမားစွာ တည်ဆောက်ခဲ့လေသည်။ ထိုသို့တည်ဆောက်ရာတွင် ဗိသုကာပညာရှင်နှင့် အင်ဂျင်နီယာများမပါဝင်ဘဲ မိမိ၏ သမထစွမ်းအားဖြင့် တည်ဆောက်ခဲ့သည်ဆို၏။ အံ့ဖွယ်တစ်ခုက တိုင်ကြီးတစ်လုံးပေါ်တွင် သံဃာကိုးပါးတက်၍ ဆွမ်းဘုဉ်းပေးနိုင်သည်ဆို၏။

ကျွန်ုပ်သည် ၁၉၉၉ ခုနှစ်က ဆရာတော်ကို ရန်ကုန်မြို့မှာ ဆုံတွေ့ခဲ့သည်။ ထိုအချိန်တွင် ဆရာတော်သည် **ရွှေသားအစစ်ဘုရားတစ်ဆူကို** တည်ရန်ရည်ရွယ်၍ ၁၉၉၉ ခုနှစ်ကို မင်္ဂလာယူ၍ ဒကာတစ်ဦးလျှင် ရွှေတစ်ကျပ်သားနှုန်းဖြင့် အလှူခံစေရန် ကျွန်ုပ်တို့ရန်ကုန်မှ သာသနာပြုအဖွဲ့မှ ဆောင်ရွက်ခဲ့ရာ တစ်နှစ်ခန့်အကြာတွင် အောင်မြင်စွာ ရွှေဘုရားတစ်ဆူကို တည်နိုင်ခဲ့သည်။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဇနီးအပါအဝင် ဦးမြစ်၊ မဝင်း၊ ကိုမြင့်မိုးစသော ဒကာ၊ ဒကာမများမှ နေ့ညမပြတ် စောင့်ကြပ်၍ အကူအညီပေးခဲ့သည်။

ဆရာတော်နှင့် ကျွန်ုပ်တို့အဖွဲ့ သုံးလေးနှစ်ကြာသည်အထိ အတူနေခဲ့ကြသည်။

တစ်နေ့ "ဒကာအောင်သူ"ဟု ခေါ်၍ ကျွန်ုပ်မှ

"ဆရာတော်ဘုရား အမိန့်ရှိပါ"

ဟု လျှောက်၏။ ဆရာတော်မှ -

"အေး…ဒီနေ့ မနက်စောစော ဘုရားကြီးတစ်ဆူ တည်ဖို့ မြေနေရာ သွားကြည့်မယ်"

ဟု မိန့်ဆို၏။ ကျွန်ုပ်မှ -

"ဘယ်နေရာမှာလဲဘုရား"

ဆရာတော်မှ -

"မြောက်ဥက္ကလာပ၊ ရတနာကျွန်းမှာ အောင်သူရေ"

ကျွန်ုပ်က -

"ဒါဆို တပည့်တော်တို့ သွားကြမယ်"

ဟုဆို၏။ ကျွန်ုပ်နှင့် ဆရာတော်တို့ မြောက်ဥက္ကလာပသို့ ကားဖြင့် ထွက်ခဲ့ကြသည်။ သို့နှင့်ပင် မြောက်ဥက္ကလာပ၊ သုနန္ဒာလမ်းမှ ဝင်၍ ရတနာကျွန်းသို့ ရောက်၏။

ဆရာတော်မှ "အောင်သူ၊ အဲဒီနေရာပဲ"ဟုဆို၍ လက်ညှိုးဖြင့်ထိုးပြရာ ရေကန်ကြီးတစ်ကန် ဖြစ်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်မှ -

"ဆရာတော်…ရေကန်က အတော်ကျယ်တယ်နော်"

ဆရာတော်မှ -

"အေး…အောင်သူ၊ အဲဒါကို မြေဖို့ပြီး မဟာကျိန် (၁) သစ္စာရှင်ဘုရားကြီး တည်မယ်ကွာ"

ဟု ဆို၍ ကျွန်ုပ် လွန်စွာ အံ့သြရ၏။ သို့နှင့်ပင် ကျွန်ုပ်နှင့် ဆရာတော်သည် ကားစီး၍ ပြန်ခဲ့ကြသည်။

ဆရာတော်သည် ထိုအချိန်ကတည်းက ပြည်ပနိုင်ငံခြားသို့ ကြွသွား၍ သုံးလေးနှစ်ခန့်အကြာတွင် မဟာကြိမ်သစ္စာရှင်ဘုရားကြီးအား ၁၂၉ ပေ အမြင့်ထားရှိ၍ ထည်ဖြစ်ခဲ့ပါတော့သည်။

ကျွန်ုပ်သည်လည်း ဆရာတော်နှင့် လက်ပွန်းတတီးနေခဲ့ရာ ဆရာတော်၏ သိဒ္ဓိအဖုံဖုံ ရှိပုံကို တွေ့ရ၏။ ဆရာတော်ကြီးကို ဒါယကာ၊ ဒါယိကာမများက နေအိမ်သို့ ပင့်၍ ဆွမ်းကပ်ရာ ဆွမ်းစားပြီး ပရိတ်တရားတော်များ ချီးမြှင့်ရာ ပရိတ်ရေပုလင်းများ ပလုံစီလေးများထ၍ ရေဆူနေသည်ကို တွေ့ရသည်။

တစ်ခါတလေ ဆရာတော်ကို ဖူးရန်လာသူများမှ ရေသန့်ပုလင်းများကို ဆရာတော့်လက်ကိုကပ်ရာ ဆရာတော်မှ လက်ညှိုးတစ်ချောင်းဖြင့် ရေကိုတို့ရာ ထိုရေများမှာ မကြာမီ ဆူ၍လာသည်ကို တွေ့ရသည်။

ဆရာတော်၏ ဂုဏ်သတင်း တဖြည်းဖြည်းကျော်ကြားလာရာ နိုင်ငံခြားများမှ တပည့်များ၏ ဖိတ်ကြားခြင်း ခံခဲ့ရသည်။ ဤလိုနှင့်ပင် ဆရာတော်သည် ယနေ့အချိန် ပြည်ပနိုင်ငံအသီးသီး၌ ဘုရားပုထိုးစေတီများ တည်နေကြောင်း ရေးသားရပါသည်။ မဟာဗေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်သည် ရဟန်းပုဂ္ဂိုလ် ဝိဇ္ဇာမိုရ်တစ်ပါး ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။


(ဆက်ရန်)

**ပထမံဆရာကြီးဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# သူတော်ငတော / နှင့် / ပန်းပဲဆရာ

■ ဝေယံလင်းခေါင်

တန်ခူးလ၏ နေ့လယ် နေမွန်း တိမ်းစအချိန်တွင် ဖြစ်သည်။

မင်းရွာ၏ ပန်းပဲဆရာကြီး ဦးသံဒိုင်သည် သူ၏တပည့်တစ်ယောက်နှင့် ပန်းပဲဖိုတွင် ပန်းပဲလုပ်နေ၏။ ဦးသံဒိုင်မှာ နာမည်ကြီး ပန်းပဲဆရာတစ်ဦး ဖြစ်သည်။ ဦးသံဒိုင်၏ ပန်းပဲဖိုထွက် ဓား၊ ပေါက်တူး ပေါက်ပြားများသည် ဆေးသားမာ၍ လူကြိုက်များ၏။ အထူးသဖြင့် ဦးသံဒိုင်၏ ဓားများမှာ သစ်ခုတ်၊ ဝါးခုတ်ရာ၌ မည်သည့် သစ်မျက်၊ ဝါးမျက်ကို ခုတ်ခုတ် ပဲ့ခြင်း၊ လိမ်ခြင်း၊ စဉ်ခြင်း မရှိပေ။

ထို့ကြောင့်လည်း ရှာန်းချုပ်စပ် တစ်ဝိုက်ရှိ ရွာများမှ သစ်ခုတ်၊ ဝါးခုတ်၊ လယ်လုပ်၊ ယာထွန် ဓားနှင့် တကွ ထွန်သွား၊ ထွန်ထယ်များကို လည်း ဦးသံဒိုင်၏ ပန်းပဲဖိုသို့ [illegible] လာ

www.burmeseclassic.com

လာအပ်ကြသည်။ အထူးသဖြင့် ဤလိုရာသီတွင် ဦးသံဒိုင်မှာ လက်မလယ်အောင် ထွန်သွား၊ ထွန်ထယ်၊ ပေါက်ပြား၊ ပေါက်တူး၊ ဓားများကို တပည့်တစ်ယောက်နှင့် အပူတပြင်း လုပ်နေရ၏။

ထိုသို့ ချွေးတလုံးလုံးနှင့် ဦးသံဒိုင်တို့ ဆရာတပည့်နှစ်ယောက် လုပ်နေကြစဉ် သူတော်ငတေသည် သူ့ဖိုရုံထဲ ဝင်ချလာ၏။ သူတော်ငတေ၏ လက်တစ်ဖက်တွင် လုံကော်ညှပ်ကျိုး တစ်ချောင်း ပါလာသည်။ ကိုယ်ရုံဖိုသီဖတ်သီနှင့် ဝင်လာသော သူတော်ငတေက –

"ဦးသံဒိုင်ကြီး ‥ ဓားလုပ်နေတာနဲ့ အတော်ပဲဗျို့။ ကျုပ်လုံကော်ညှပ်ကလေး တစ်ဖက်အဖျားကျိုးသွားလို့ ခဏလုပ်ပေးစမ်းပါဗျာ"

ဦးသံဒိုင် မျက်နှာကို ပြူးတူးပြဲတဲကြည့်၍ အောက်ကျို့သံနှင့်ပြော၏။

ဦးသံဒိုင်က အလကား အဖိုးအခမရဘဲ လုပ်ပေးရမည်ကို သိသဖြင့် နဖူးတွင်သီးနေသော ချွေးသီးချွေးပေါက်များကို ပုဆိုးခါးပုံစနှင့် သုတ်လိုက်ကာ –

"ဟုတ်ကဲ့၊ လုပ်ပေးပါ့မယ် ဦးသူတော်။ ထားခဲ့ပါ"

ဟု သူတော်ငတေမျက်နှာကို မကြည့်ဘဲ ပြီးစလွယ်ပြောလိုက်ကာ ထယ်သွားတစ်ခုကို သူ့တပည့်အား ထုခိုင်းနေသည်။

"ထားခဲ့လို့ မဖြစ်ဘူးဗျ။ ကျုပ်ညဖိုထိုးစရာရှိတယ်။ စောစောကတင် လုံကော်လို့ ကျိုးသွားတာ။ ကျုပ်အရေးကြီးနေလို့ပါ။ ခုချက်ချင်းလုပ်ပေးစမ်းပါ"

ချက်ချင်းလာပြီး အလကားလုပ်ပေးခိုင်းနေသော သူတော်ငတေကို နေ့လယ်ကြီး ပူလွန်း၍ ချွေးပြန်နေသော ဦးသံဒိုင်က စိတ်တိုသွား၏။ ထို့ကြောင့် သူတော်ငတေ၏ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ကာ –

"ခုချက်ချင်းကတော့ ကျုပ်မအားသေးဘူးလေ ဦးသူတော်။ ဒီမှာ လာလာအပ်ထားကြတဲ့ လုပ်စရာ ဓားတွေ၊ ထွန်သွား၊ ထွန်ထယ်တွေ ပုံနေတာ ဦးသူတော်မြင်တဲ့အတိုင်းပဲ"

ဟု မကျေမနပ်နှင့် ပြန်ပြောလိုက်၏။

"ဒီမှာ ‥ ဒီမှာပါ။ ဒါလေးများ ပန်းပဲဆရာကြီးလုပ်လိုက်ရင် ခဏလေးပါ။ ဒီမှာကြည့်၊ ညှပ်က နှစ်ဖက်စလုံးကျိုးနေတာ မဟုတ်ဘူး။ ဒီတစ်ဖက်တည်းပါ။ လုပ်စမ်းပါ။ ကျုပ်အရေးတကြီး လိုအပ်နေလို့ပါ"

သူတော်ငတေက တစ်တောင်သာသာ လုံကော်ညှပ်ကလေးကို ဦးသံဒိုင်ရှေ့ ထိုးပြ၍ ပြော၏။

မှန်သည်။ သူ့လုံကော်ညှပ်ကလေးက အကုပ်တစ်ဖက် ကျိုးနေသည်။ လုံ့နှုတ်ခမ်းကို ကုပ်၍ ကောက်ညှပ်၍ရသော အကုပ်ကလေးတစ်ဖက် ကျိုးနေလျှင် ကျန်တစ်ဖက်ကို ညီသွားအောင် ဖြတ်ပစ်ရမည်။ ပြီးတော့မှ နှစ်ဖက်စလုံးကို မီးနာအောင် ဖုတ်ရ၊ အဖျားကို မကျိုးမပဲ့အောင် ကုပ်ပေးရမည်။ သည်တော့ အဖြောင့်ညှပ်မဟုတ်၍ လက်ဝင်၏။ လုံကော်ညှပ်အဖျားကို ကွေးကုပ်ရာတွင် မီးမနာလျှင် ဆတ်ခနဲကျိုးသွားတတ်သည်။ ထိုသို့ကျိုးသွားလျှင် နောက်တစ်ခါ မီးနာအောင် ထပ်ဖုတ်ရဦးမည်။ ဘယ်ါကမ္ဘောကမ္ဘာကပင် လုံကော် လုံညှ်ပ်လုပ်ထားသော ညှပ်မှန်းမသိ။ သံအမျိုးအစားကလည်း မည်သည့်အမျိုးအစားဟု မခန့်မှန်းတတ်။ သံကြွပ်သာဆိုလျှင် ပိုဆိုးမည်။ တော်တော်နှင့် လုပ်၍ပြီးမည်မဟုတ်။

ဦးသံဒိုင်မှာ နှစ်ပေါင်းများစွာ ပန်းပဲလုပ်ငန်းလာသူမို့ ပန်းပဲသမားတစ်ယောက်၏ မျက်စိနှင့် ကြည့်၏။ သူတော်ငတေ၏ ဤညှပ်ကျိုးကို လုပ်ပေးရလျှင် အနည်းဆုံး မီးဖုတ်ရမှာနှင့်၊ ထုရမှာနှင့်၊ မကျိုးမပဲ့အောင် အဖျားလေးကို ကုပ်ပေးရမှာနှင့်ဆိုလျှင် နာရီဝက်၊ တစ်နာရီတော့ ကြာသွားနိုင်သည်။ ထို့ကြောင့် ချက်ချင်းလုပ်မပေးချင်။

"ဦးသူတော် ‥‥ အပြောကတော့ လွယ်လိုက်တာဗျာ။ ခင်ဗျားညှပ်အဖျားအားတစ်ဖက် ကျိုးနေတာကတော့ ဟုတ်ပါပြီ။ အဲဒီအဖျားနဲ့ညီအောင် နောက်တစ်ဖက်ကို ဖြတ်တောက် လုပ်ရဦးမယ်။ ပြီးတော့ မီးနာအောင် ဖုတ်ပြီး၊ ထုပြီးမှ တစ်ဖက်နဲ့ တစ်ဖက်ညီအောင် ထပ်ကုပ်ရ ‥‥"

"ခင်ဗျားဗျာ။ ပန်းပဲဆရာလုပ်နေပြီး အိုပဲ သေတော့မယ်။ ဒါလေး ဖြတ်လုပ်တာကို စကားထည့်ပြောနေသေးတယ်။ ဒီတစ်ဖက် ပိုနေတာကို ဆနိုမ်နဲ့ ပေပေါ်တင်ပြီး ဒေါက်ခနဲ တစ်ချက်ဆိုဖြတ်ပြီးဗျာ။ ဒါဘာခက်လဲ"

"ဟြော် ‥‥ ဘာခက်လဲ ဟုတ်လား။ ကဲ ‥‥ ဖြတ်ပြီးပြီ၊ ထားလိုက်ပါတော့။ ခင်ဗျားညှပ်ကို လုံကော်လို့ရအောင် အဖျားမကုပ်ရတော့ဘူးလား"

ဦးသံဒိုင်ကလည်း "ပန်းပဲဆရာလုပ်နေပြီ၊ အိုပဲသေတော့မယ်" ဟု

www.burmeseclassic.com

သော သူတော်ငတေ၏ တင်စီးစကားကို လာစော်ကားသည်ဟု စိတ်တိုသွား၏။ ထို့ကြောင့်လည်း အသံမာမာနှင့် မေးလိုက်၏။

"ဟ ... ခင်ဗျားရူးနေလား။ လုံကော်မယ့်ညှပ်ပါဆို အဖျားမကုပ်လို့ ရမလားဗျ"

"အေး ... အေး၊ အဖျားကုပ်မယ်ဆို မီးမဖုတ်ရတော့ဘူးလား"

"ခင်ဗျား တယ်ခွစကားပြောတဲ့ လူပဲဗျ။ မီးမဖုတ်ဘဲ ကုပ်ပါလို့ ခင်ဗျားကို ကျုပ်ကပြောလို့လား။ ခု ခင်ဗျားကို ပြောနေရတာနဲ့ အလကားအချိန်တွေ ပုတ်သွားတယ်။ စောစောကပင် ကျုပ်ပြောတဲ့အတိုင်း ချက်ချင်းလုပ်လိုက်ရင် ခုလောက်ဆို ပြီးပြီ။ ခုတော့ ဘာမဟုတ်တဲ့စကားတခွ ပြောနေရတာနဲ့ အချိန်တွေ အလဟဿ ..."

ထိုအခါ အလကားလည်း လုပ်ပေးရမည့်အပြင် စကားတင်စီးပါ ခံနေရသော ပန်းပဲဆရာကြီး ဦးသံဒိုင်က ချက်ချင်းဒေါသထွက်သွားပြီး ...

"အေး .. ဟုတ်ပြီ။ ဒီမှာ ဦးသူတော်၊ အချိန်မကုန်ချင်ရင်၊ ခင်ဗျားမစောင့်ချင်ရင်၊ ခင်ဗျားလုပ်တတ်ရင် ကိုယ့်ဘာသာကိုယ်သာလုပ်သွားတော့ဗျာ။ ကျုပ်ကတော့ မအားသေးဘူး"

ဦးသံဒိုင်၏ စကားကို ကြားလိုက်ရသောအခါ သူတော်ငတေက ဦးသံဒိုင်မျက်နှာကို သရော်ကြည့်ကြည့်၍ အသံကို တမင်ဖျစ်ညှစ်ရယ်လိုက်ပြီး –

"သြ ... လုပ်တတ်ရင် ကိုယ့်ဘာသာကိုယ် လုပ်သွားဟုတ်လား"

"ဟုတ်တယ်လေ၊ ကျုပ်မအားသေးဘူး ပြောတယ်မှတ်လား။ လုပ်တတ်ရင် ခင်ဗျားဘာသာ ခင်ဗျားလုပ်ယူသွား။ ရော့ ... ဒီမှာ တူ၊ ဒီမှာ ဆနိမ်၊ ဒီမှာ စို့၊ ကဲ ... ကိုယ့်ဘာသာကိုယ်သာ လုပ်ယူသွားတော့ဗျာ"

"ခင်ဗျားကို ကျုပ်က အကျိုးရအောင်လို့ ခိုင်းတာနော်။ ခင်ဗျားက အကျိုးမရချင်ဘူးဆိုတော့လည်း ကိုယ့်ဘာသာကိုယ်ပဲ လုပ်ယူရတော့မပေါ့၊ ဟုတ်လား"

"အမယ် ... အမယ်၊ လာသေးတယ်။ တခြားအလုပ်တွေရပ်ထားပြီး ခင်ဗျားလုံကော်ညှပ်လုပ်ပေးလို့ ကျုပ် ဘာအကျိုးရှိမှာလဲ။ ညှပ်လုပ်ခ ခင်ဗျားက ကျုပ်ကို ငွေဘယ်လောက်ပေးမှာလဲပြော။ ကြီးကြီးကျယ်ကျယ် ကျုပ်က ဘာအကျိုးရှာမှာလဲ"

"ရုပ်ဝတ္ထုအနေနဲ့ ညှပ်လုပ်ခ ခင်ဗျားကို ကျုပ်က ငွေမပေးဘူးဘဲထား၊ ပုဂ္ဂိုလ်တစ်ဦးဦး၊ လူတစ်ယောက်ယောက်ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရင် ခင်ဗျား ကုသိုလ်မဖြစ်ဘူးလားပြော။ နေရင်းထိုင်ရင်း ကုသိုလ်လေးတစ်ခု ရတော့လည်း နည်းလား ပန်းပဲဆရာကြီးရဲ့"

သူတော်ငတေသည် ဦးသံဒိုင်ကို မထိတရီ မျက်နှာနှင့် ကြည့်ပြောပြီး ဦးသံဒိုင် စိတ်ဆိုးမာန်ဆိုးနှင့် ပစ်ချထားသော တူနှင့် ဆနိမ်ကို မြေပြင်ပေါ်က ကုန်းကောက်ကာ သူ့လုံကော်ညှပ်ကလေးကို ပေပေါ်တင်လိုက်၏။ ပြီး တစ်ဖက်ကုပ်သာရှိသော ညှပ်အဖျားကုပ်ကို သံဆနိမ်နဲ့ သူပြောသလို ဒေါက်ခနဲ ထုဖြတ်လိုက်၏။ ပြီး ဦးသံဒိုင် ထည့်ဖြုတ်ထားသော မားအလောင်းတကာ ပုံကြမ်းနှင့် ကပ်မြှောင်ပြီး မီးဖုတ်ထားလိုက်၏။

"ကဲ ... တွေ့တယ်မှတ်လား။ ဒါလေးများ ခင်ဗျားက ကြီးကြီးကျယ်ကျယ် မဖြစ်ညစ်ကျယ်လေး မားလုပ်တတ်လို့သာပ။ ဟုတ္တိပတ္တိသာ မားကောင်းလုပ်တတ်ရင် အတော့်ကို ဖင်ခေါင်းကျယ်မယ့်လူ"

"ဦးသူတော် ... ခင်ဗျား ကျုပ်ပန်းပဲနိုဖိုထဲလာပြီး ကျုပ်ကို မစော်ကားနဲ့နော်။ ခင်ဗျားကိစ္စ ခင်ဗျားလုပ်ပြီး မြန်မြန်ပြန်ဗျာ"

"ကျုပ်က အမှန်ပြောလိုက်လို့ ခင်ဗျား စိတ်ဆိုးသွားလား။ ဒီမှာ ကိုယ့်လူ၊ စိတ်မဆိုးနဲ့။ ဒေါသဆိုတာ ခင်ဗျားကိုလာပြီး တို့ရုံလေးတို့သွားတာ။ ခင်ဗျားလည်း စိတ်ဆိုးပြီး အိုးနင်း၊ ခွက်နင်းဖြစ်ရော ဒေါသက ထွက်လစ်သွားပြီ။ သူထားသွားတဲ့ ဒေါသကို ခင်ဗျားပဲ ခံရမှာ"

"ခင်ဗျားက အလကားလည်း လာလုပ်ခိုင်းသေး၊ လူကိုလည်း မဖြစ်ညစ်ကျယ်လေးဘာလေးနဲ့ လာစော်ကားသေး။ ဒီမှာ ဦးသူတော်၊ ကျုပ် မားလုပ်စားလာတာ နှစ်ပေါင်း သုံးဆယ်ကျော်ပြီ။ ဒီနယ်တစ်ဝိုက် ..."

"သုံးဆယ်ကျော်မကလို့ နှစ်တစ်ရာပဲလုပ်လုပ် ခင်ဗျား အမှန်တကယ် သံမာကို မားမလုပ်တတ်သေးဘူးသိလို့ ကျုပ်ပြောတာ"

"ဟော့လူ ... သောက်စကားရှည်မနေနဲ့။ ဟိုမှာ ခင်ဗျားညှပ်ကျိုး။ မီးနာလို့ ရဲရဲနီနေပြီ။ မြန်မြန်လုပ်၊ လုပ်ပြီးသွားတော့ဗျာ။ ကျုပ်စိတ်မရှည်တော့ဘူး"

ဦးသံဒိုင်မှာ စိတ်ကြမ်းလူကြမ်း ပန်းပဲသမားဖြစ်သဖြင့် သူတော်ငတေ

www.burmeseclassic.com

ကို အော်ငေါက်နှင်နေတော့၏။

"ဟဲ ... ဟဲ ... ခင်ဗျားထက် ကျုပ်သိတယ်။ မီးမနာသေးဘူး"

"ရဲနေပြီဗျ။ မီးမနာဘဲ နေမလား"

"ကိုယ့်လူက ဘာလဲ၊ ဒေါသဖြစ်လာပြန်ပလား။ သနားစရာပဲ။ တစ်သက်လုံး ပန်းပဲဆရာကြီး အမည်ခံပြီး ညာတာပါတေးလုပ်စားလာတာ သံမီးနာ မနာတောင် မသိသေးတဲ့လူ။ အလကား ပန်းပဲသမား"

"ဦးသူတော်၊ ခင်ဗျား ကျုပ်ကို မစော်ကားနဲ့ ပြောနေတယ်နော်"

"ကိုယ့်လူကလည်း ဒေါသချည်းပဲ။ ပန်းပဲသမားဆိုတာ စိတ်ရှည်ရှည်ထားရတယ်။ ပန်းပဲသမားဆိုတာ စိတ်ရှည်မှ ဓားတွေက အဆေးကောင်း၊ အမာခံတာဗျ။ ဒီဓားတွေ ခင်ဗျားဆေးပြီးသား အမာခံဆိုတာတွေလား"

သူတော်ငတေက ရယ်ဖြဲဖြဲ လေအေးအေးနှင့် ပြောကာ ဦးသံဒိုင်အပြီးဆေးပြီး ထောင်ထားသော ဓားသုံးလက်ကို ကိုင်ကြည့်ပြီး သူတော်ငတေက မေးလိုက်၏။

ဒေါသ ပိုဖြစ်လာသော ဦးသံဒိုင်က -

"ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါ ကျုပ်လုပ်ထားတဲ့ ဓားတွေ။ အဆေးအမာဆုံး၊ သံအကောင်းဆုံးတွေနဲ့ လုပ်ထားတာ"

သူတော်ငတေက သူ့ကို ကျီစားသလို၊ နောက်ပြောင်သလို ပြောနေသော်လည်း ဒေါသမပြေသေးသော ဦးသံဒိုင်က ဘုဆတ်ဆတ်ပြောလိုက်၏။

"ဟဲ ... ဟဲ၊ ကျုပ်မျက်စိထဲတော့ ခင်ဗျားဓားတွေ မီးမနာသေးဘူး၊ အဆေးမမာသေးဘူးလို့ မြင်တယ်။ ဟုတ်မဟုတ် ဓားတစ်စင်းလောက် စမ်းကြည့်ကြရအောင်နော် ပန်းပဲဆရာကြီး"

ပြောပြောဆိုဆိုနှင့် ဦးသူတော်ငတေသည် ဦးသံဒိုင်ဆေးထားသော ဓားတစ်စင်းကို ကောက်ကြည့်ကာ မီးဖိုထဲ ထည့်ဖုတ်လိုက်၏။

ဤလူ့ခွစာ သူတော်ငတေကို ပြော၍လည်း ရမည်မဟုတ်သဖြင့် ဦးသံဒိုင်ကလည်း သည်အတိုင်းကြည့်နေလိုက်၏။

သူတော်ငတေ မီးဖိုထဲထည့်ဖုတ်ထားသော ဦးသံဒိုင်၏ အသွားဘက် ဓားတစ်လျှောက် ရဲရဲနီလာသောအခါ သူတော်ငတေသည် ဓားဆောက်ရိုးက ကိုင်ပြီး မီးဖိုထဲကယူကာ အနားတွင်ရှိနေသော အင်တုံနှုတ်ခမ်းပဲ့ ဦးသံဒိုင်၏ ဓားဆေးနေကျ ဓားဆေးခွက်ထဲကို ထည့်ဆေးလိုက်၏။

ရေနှင့် ဓားသွားသံပူထိကာ ရှဲခနဲမြည်သွားရာ သူတော်ငတေက -

"ဟိတ် ... ကျောက်ပလုတ်တုတ်၊ ဒါမှ ဓားဆေးကောင်းခေါ်တယ် ပန်းပဲဆရာကြီးရယ်"

ဟု ပြောပြီး သူ့လက်ထဲက သူဆေးလိုက်သောဓားနှင့် ဦးသံဒိုင် ဆေးပြီး ထောင်ထားသော ဓားသုံးစင်းကို ကောက်ယူလိုက်ကာ တစ်ချောင်းချင်း၊ တစ်စင်းချင်း ခုတ်ဖြတ်ပစ်လိုက်သည်။

သူဆေးပြီးထားသော ဓားနှင့် ဦးသံဒိုင် ဆေးပြီးသား ဓားသုံးစင်းကို သူတော်ငတေက ခုတ်ဖြတ်ပစ်လိုက်သည်မှာ ပိန်းရိုး၊ ငှက်ပျောလက်များကို ခုတ်ဖြတ်ပစ်လိုက်သလိုပင် စွပ်ခနဲ စွပ်ခနဲနှင့် ဓားသုံးစင်းစလုံး အလယ်က ပြတ်ထွက်သွားသည်။

ဦးသံဒိုင်နှင့် သူ့တပည့်တစ်ယောက်တို့မှာ ငုတ်တုတ်မေ့ကာ သူတော်ငတေကို ဘာက ဘယ်လိုပြောရမှန်းမသိ ဖြစ်သွားကြစဉ် သူတော်ငတေက -

"ကဲ ... ရော့၊ ကျုပ်ဆေးလိုက်တဲ့ဓား ဘာဖြစ်သွားလဲ ခင်ဗျားကြည့်။ ခင်ဗျားဓားသုံးစင်းတော့ အဆေးမမာလို့ အကုန်ပိုင်းပြတ်သွားပြီ။ ကျုပ်ဆေးပေးထားခဲ့တဲ့ ဓားလို အဆေးမာတဲ့ ဓားကောင်းရေချင်ရင် ပန်းပဲဆရာကြီး ကျုပ်လိုကော်ညပ်ကလေးကို လုပ်ပြီး ညနေ ကျုပ်ဆီလာခဲ့ဗျာ၊ ဟုတ်လား"

ဟု ပြောပြီး သူတော်ငတေသည် သူ့လက်ထဲက ဓားကို ဦးသံဒိုင်ရှေ့ ပစ်ပေးသွားခဲ့ပြီး ပန်းပဲဖိုထဲက ထွက်သွားလေသည်။

ထိုအခါမှ ဦးသံဒိုင်နှင့် သူ့တပည့်တို့က သူတော်ငတေ ပစ်ချထားခဲ့သော ဓားကို ကောက်ကြည့်ဝံ့ကြရာ သူတို့ဆေးထားသော ဓားသုံးစင်းကို ပိန်းရိုး၊ ငှက်ပျောလက်များကို ခုတ်ဖြတ်လိုက်သလို ခုတ်ဖြတ်ပြသွားသော သူတော်ငတေ ဆေးပေးထားခဲ့သော ဓားသွားမှာမူ ပကတိ ဘာမှမဖြစ်ဘဲ မီးနှင့်ရေ ထိစဉ်က ကြေးဖြစ်သွားသော ချေးဖြစ်သွားသော ချေးညှော်ပင် အရာမပျက်သည်ကို အံ့သြဖွယ် မြင်တွေ့ကြရလေသည်။

---

ဝေယံလင်းခေါင်

---

www.burmeseclassic.com

# ဟော်ရာစကုပ်

ဆရာကြီးမင်းသိင်္ခက
ဦးဟောစ်ဟောဝ်ဖြိုးအားဆို
ပေးသော ပညာရပ်များ



## မြေရောင်းဖို့

"ဒီနေ့လည်း ဝက်သားဟင်းပဲလား" ဟု ဆရာကြီးကမေးလိုက်ရာ ကျွန်တော်က ပါလာသော ထမင်းချိုင့်ကိုချပြီး ကန်တော့ပြီးသည်နှင့် . . .

"ဝက်သားကတော့ ပင်တိုင်ပေါ့ ဆရာကြီးရယ်၊ ဝက်သားဟင်းလေးဆိုတာ အညာခေါ်ပေါ့၊ ကျွန်တော်တို့က ဆီပြန်ပေါ့၊ ဒါပေမယ့် ကြက်သွန်နဲ့ ချင်းထောင်းထည့်ထားတော့ အနှစ်များတာပေါ့၊ ဝက်သားတုံးထက် ဟင်းအနှစ်က ပိုစားကောင်းတယ်၊ ဝက်သားအနှစ်ကို ငါးပိရည် ဆမ်းစားရင် သိပ်ကောင်းတာပဲ" ဟု ပြောလိုက်ရာဆရာကြီးက . . .

www.burmeseclassic.com

www.burmeseclassic.com

“မင်းက ဝက်သားမစားပနဲ့ ဝက်...
အကြောင်းညွှန်းလုချည့်လား”

ဟု ပြောလိုက်ရာ ကျွန်တော်က…

“အဲဒါက ကျွန်တော်မိန်းမရမှ မစားတာ အရင်က စားတာပေါ့၊ ဝက်သား ပုန်းရည်တို့၊ ဝက်သားဒညင်းသီးတို့၊ ဝက်သား တုတ်ထိုးဆို ကျွန်တော်တို့ ကျောင်းသားဘဝက မဲသဒစ်ကျောင်းရှေ့ ရောင်းတဲ့ ဝက်သား တုတ်ထိုးဆို ဘယ်မှီ လိမ့်မလဲ”

ဟု ပြောလိုက်ရာ ဆရာကြီးက နောက်ကော ဘာဟင်းပါသေးလဲ”

ဟု မေးလိုက်ရာ ကျွန်တော်က…

“ဝက်သားနဲ့လိုက်တာ ချဉ်ပေါင်ဟင်း ပြစ်ပြစ် ပေါ့ဆရာကြီးရယ်”

ဟု ပြောလိုက် ပြီး ထမင်းပွဲပြင် လိုက်၏။

ဆရာကြီးသည် ထမင်းကို မြိန်ရည် ယှက်ရည် စားလိုက်ပြီးနောက်…

“အကောင်းဆုံးကတော့ ရေခဲရေပါ ပဲကွာ”

ဟု ပြောလိုက်ပြီး စီးကရက်ဖွာနေ လိုက်၏။

ကျွန်တော်က…

“ဒီတစ်ခါတော့ ဆရာကြီးရေ ကျွန်တော့်မိတ်ဆွေ တစ်ယောက်က မြေရောင်းချင်နေတယ်၊ အဲဒါလုပ်ပေးပါဦး။ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲလို့တော့ မမေး နဲ့နော်၊ ကျွန်တော်တို့ အိမ်ဆောက်ပေးတဲ့ အင်ဂျင်နီယာပိုင်တဲ့ မြေကွက်၊ ရောင်းရရင် ကျွန်တော်လဲ အကျိုးရှိမှာပါပဲ”

ဟု ပြောလိုက်ရာ ဆရာကြီးက…

“အဲဒီလို မင်းအတွက် အကျိုးရှိရင် တော့ ငါလုပ်ပေးပါတယ်၊ အချို့က မသိ တတ်ဖူးကွာ၊ တို့ ပညာကို အလကား ရတယ်ဆိုပြီး အလကား ပညာဆိုတော့ မလေးစားကြဘူး။ တို့မှာ ဒီအတွက်ကုန် သွားတာ အချိန်ပဲ၊ သူတို့လဲ ဘယ်လောက်

...တွေ၊ ချည်ကျော်နေတဲ့ ပုဆိုးလေး တစ်ထည် ဒါလေးတွေနဲ့ပဲ တို့က ကျေနပ် နေရတာပဲ၊ အဲဒီတော့ ဒီလိုလုပ်ကွာ”

ဟု ပြောလိုက်ပြီး စီးကရက်ဖွာနေ ပြန်၏။

ပြီးနောက်…

“အရှိုးပါတဲ့ ကွမ်းရွက်တစ်ရွက်ကို ကြွေပန်းကန်ပေါ်မှာ ကွမ်းရွက်ချောတဲ့ ဘက်ကို နမ်းဆီသုပ်ပြီးကပ်ရမယ်”

ဟု ပြောလိုက်ရာ…

ကျွန်တော်က…

“အဲဒီလိုကပ်တာ ပဲဆီတို့ စားအုန်းဆီ တို့ကော မရဘူးလား”

ဟုပြောလိုက်ရာ ဆရာကြီးက…

“မင်းကတော့လုပ်ပြီ သေသေချာချာ မှတ် နမ်းဆီဆိုတာ နမ်းက စနေ ဆီက အင်္ဂါ အဲဒီ ၂ ခုရဲ့ ဂြိုလ်သက်က ၁၀+၈=၁၈=၉ ရတယ် နဝင်း ကိုက်ကွာ”

ဟု ပြောလိုက်ရာ ကျွန်တော်က…

“ဆရာကြီးတို့ ဗေဒင် ဆရာတွေက နဝင်းကိုက်ဖို့ က ဂြိုဟ်သက်ကို ယူလိုက်၊ နံကိုယူလိုက်နဲ့ ဘယ်ဟာ အဓိကမှန်းမှ မသိတာ”

ဟု ပြောလိုက်ရာ ဆရာကြီးက…

“နဝင်းကိုက်ဖို့က အရေးကြီးတယ်၊ ထပ်မှတ်ဦး” ဟု ပြောပြန်၏။ ထို့နောက်

“ကြွေပန်းကန် ဆိုတာလဲ ၂+၅+၂= နဝင်းပဲ”

အဲဒီကွမ်းရွက်ပေါ်မှာ လက်မနဲ့ ထုံး တို့ပြီးနယ်ကိုရေး အဲဒီဘေးမှာ ထန်းလျက် ၉ လုံးတင် အဲဒီ ကွမ်းရွက်ပေါ်မှာ ဖယောင်း တိုင်ထွန်းရမယ်၊ အဲဒီတော့ မင်းက ကပ်သီး ကပ်သပ်မေးဦးမှာ လက်မဆိုတာလဲ နဝင်း ပဲ၊ ထန်းလျက်လည်း နဝင်းပဲ၊ ဖယောင်း တိုင်လဲ နဝင်းပဲ၊ အဲဒါဘယ်မှာ ထွန်းရမလဲ ဆိုတော့ ရောင်းချင်တဲ့ မြေကွက်မှာထွန်း။ ကွမ်းရွက်ကို ဖယောင်းတိုင် မီးကျွမ်းရင်လဲ

...
လောက် မကြာပါဘူး၊ မီးထွန်းပြီး...
ဝယ်မယ့် သူ ဈေးမေးမယ့်သူတွေ လာ...
တစ်ယောက်လာ တစ်မျိုး ဈေး...
မရောင်းရရင်တော့ ငါလဲမတတ်နိုင်...
ငါတတ်နိုင်တဲ့ ယတြာက ဝယ်မ...
လာဖို့ပဲ၊ ကဲ ဘာမေးဦးမလဲ၊ ကျ...
တော့ မင်းဟာမင်းလဲ ရှင်းတတ်...
တော်ပြီကွာ ဒီနေ့တော့ သွေးနည်းနည်...
နေတယ်၊အိပ်မယ်”

ဟု ပြောပြောဆိုဆိုနှင့် အ...
သင်ဖျူးဖျာပေါ် လှဲချလိုက်လေ...
သတည်း။

နမ်း + ဆီ

၁၀ + ၈ = ၁၈ = ၉

ကြွေ + ပန်း + ကန်

၂ + ၅ + ၂ = ၉

ထန်း + လျက်

၁၀ + ၁၇ = ၂၇ = ၉

လက် + မ

၄ + ၅ = ၉

ဖ + ယောင်း

၅ + ၄ = ၉

မှတ်ချက်

ဎင်း အစီအရင်ထားသည့် ...
ဂုဏ်တော် ၉ ပါး ပုတီးကို ၉ ...
ရက် စိပ်ပါ။

(signature)

www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့်
# လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

### မံမီကောင်နဲ့ နှင်လားငါလား

လှတောရွာနှင့် မနီးမဝေး၌ စက်ဘီးတစ်စီးကို ကားက ဝင်တိုက်၏။ ထိုသတင်းသည် ခဏအတွင်း ရွာထဲသို့ ရောက်ရှိလာလေ၏။

တစ်ယောက်က လမ်းဆိုးသဖြင့်ဟု ဆို၏။ တစ်ယောက်ကမူ စက်ဘီးသမားက ကားကို ပမာမခန့်လုပ်သည်ဟူ၍ အပြစ်တင်၏။

တတိယတစ်ယောက်က အငြင်းပွားမှုကို ရှင်းချက်ထုတ်ပြန်၏။

"ငါက မျက်မြင်ပါကွာ။ စက်ဘီးက ရှောင်ပေးရက်သားနဲ့ ကားက ဝင်တိုက်တာ။ ကားသမား မူးနေတာကိုးကွ။ မူးလိုက်သမှ ကြေးစည်နားရွက်ကို တင်းပုတ်နဲ့ နှတ်ထားသလို သွက်သွက်ခါ ချာချာလည်နေတာ လူရ"

"ဒါထက် စက်ဘီးသမား ရသွားတဲ့ဒဏ်ရာ တော်တော်များသလား"

"ဒဏ်ရာက များသလား မမေးနဲ့။ ဆေးရုံပေါ်မှာ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ပတ်တီးနဲ့ ကျပ်စည်းထားလိုက်ရတာများ ပိရမစ်သချိုင်းထဲက မံမီကောင်နဲ့ နှင်လားငါလားပဲ"

□□□

### အုတ်တံတိုင်းကြီးအလား

လှတောသားတစ်စု အရိပ်ကောင်းသည့် လက်ပံပင်ကြီးအောက်ရှိ အကြော်ဆိုင်သို့ ဝင်နားနေကြ၏။

အကြော်စုံမှာပြီး ထိုင်စောင့်ရင်းက ထန်းရည်ပုလင်းများ တန်းစီထားသည်ကို တွေ့ရသည့်အခါ . . .

"ခရီးဝေးပြန်လာရ၊ မောမောနဲ့ ထန်းရည်သောက်ရင် ကောင်းမလားစိတ်ကူးပေါ့။ ပုလင်းအဝက ထွက်နေတဲ့ အမြှုပ်တွေ သတိရတာနဲ့ သောက်ချင်စိတ်ကုန်"

ထိုစဉ် အကြော်များ ရောက်လာရာ သူ့ထက်ငါ နှိုက်စားရင်း ရေနွေးသောက်ကြလေ၏။

အကြွမ်းပန်းကန်က နှစ်ခွက်တည်း ရှိလေရာ ဆပ်တောင်းရပြန်၏။

"ငါရေနွေးသောက်တဲ့ဟာ ဘာပြုလို့များ နှုတ်ခမ်းကို သံချွန်လာထိုးပါလိမ့်လို့ စဉ်းစားနေတာ။ လက်စသတ်တော့ ဒီပန်းကန် . . ."

"ဟလိုလေး . . . အကြွမ်းပန်းကန်ရယ်။ နှုတ်ခမ်းသားတွေ ပွဲနေလိုက်ပုံများတော့ ပုလင်းကွဲတွေ စီထားတဲ့ အုတ်တံတိုင်းကြီးလားမှတ်ရ"

□□□

### မတတ်နိုင်တာမှ

လူဆိုသည်မှာ အမျိုးမျိုး အဖုံဖုံဖြစ်၏။

ဘာမဟုတ်တာလေးနှင့် ငယ်သံပါအောင် ညည်းကြသူတွေမှာလည်း တစ်ပုံတစ်ပင်။

မကျမ်းမမာဖြစ်နေစဉ် ညည်းတွားလိုက်ရမှ သက်သာသည်ဟု ထင်တတ်ကြကုန်၏။

ညည်းသူတွေနှင့် ပတ်သက်၍ လှတောသားက



www.burmeseclassic.com

www.burmeseclassic.com

မှတ်လောက်သားလောက် ဝေဖန်ခဲ့ပုံလေးမှာ ဂန္တဝင် စာတင်လောက် ပါပေ၏။

"ဟလိုလေး . . . လူရဲ့။ ညည်းရှာလိုက်လေ။ ခိုကျောပိုးထားသလား မှတ်ရ။ ဒီလိုလူမျိုး ညည်းသံ ပျောက်အောင် တန်ခိုးအရာမှာ ဧတဒဂ်ရထားတဲ့ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတောင်မှ တတ်နိုင်မှာ မဟုတ်ဘူးဟ"

□□□

## မည်းလိုက်သမှ

လှတောသားတစ်သိုက် လက်ဖက်ရည်ဆိုင် ထိုင်နေစဉ် ရွှေဘိုဘက်မှ ဘတ်စ်ကားတစ်စီး ဆိုက်ရှေ့ရောက်လာပေ၏။

ကားတိုင်ကီကို စပါယ်ယာက ရေဖြည့်နေစဉ် ကားနောက်ရှိလူများ အညောင်းပြေ ဆင်းလာကြ၏။

ဤတွင် လူတစ်ယောက်သည် တောင်ဒေးမြောက်ဒေး လေ့လာရေးလုပ်နေ၏။ ထိုအဖြစ်ကို မြင်တွေ့ရသည့် လှတောသားသည် တအံ့တသြနှင့် . . .

"ဟလိုလေး . . . ဒီလူအသားနှယ် မည်းရှာလိုက်လေ။ သူ့အမေ ကျီးကန်းမ လကွယ်ည သန်းခေါင်ယံမှာ မဟူရာကျောက်ရိုင်းပေါ်မှာ မီးသွေးခဲစားပြီး မွေးလားမှတ်ရ"ဟု ပြောလိုက်လေသတည်း။

□□□

## ခြေလေးချောင်းနဲ့ ကြက်

လှတောသားတစ်ယောက် နာမည်ကြီး နွားခြံတစ်ခြံသို့ ရောက်ရှိလာလေ၏။

သူသည် နွားသင်ပုန်းကြီးကျေ၊ ငွေလည်းတတ်နိုင်သည့်အတွက် နွားကောင်းကို လိုက်ရှာနေ၏။

နွားငယ်ငယ်က သွားစုံလျှင် မကောင်း။ ပုကျစ်ကျစ်လေးနဲ့ အကောင်မထွား။

အကောင်ထွားပြီး သွားအကျိုးနောက်ကျမှ နွားလားမြောက်သလို ခိုင်းကောင်းတာလည်း သိပြီးသား ဖြစ်၏။

သို့ဖြင့် တစ်နယ်တစ်ကျေးကို အပင်ပန်းခံ ရောက်လာရာက နွားပေါက်ကလေးတစ်ကောင်ကို တွေ့သဖြင့် ပါးစပ်ဖြဲကြည့်ပြီး . . .

"ဟလိုလေးကွယ် . . . နွားကြည့်တော့ ကြက်တိန်ညင်လောက်ပဲရှိရဲ့။ ပါးစပ်ထဲမှာတော့ ၁၀၈ လုံးပုတီးငုံထားသလားမှတ်ရ။ လက်စသတ်တော့ ခြေလေးချောင်း ကြက်ကြီးပါလား ဟရို့"

□□□

## အပ္ပရှုပ်မှာ စိုးပါတယ်

စပါးပင်များ အညှောင့်ထွက်၍ မိုးမျှော်နေဆဲကာလတွင် မိုးက ရွာလိုက်ပါပြီ။

နောက်တစ်နေ့ လှတောသား လယ်သမားတို့ လယ်တောတွင် ဆုံမိကြရာမှ တစ်ယောက်က ဝမ်းသာအားရဖြင့် . . .

"မိုးတော့ရွာပြီဗျို့။ ကောင်းလိုက်တာ။ ကလေးတွေအတွက် ဟန်ကျသွားတာပဲ"

အဆိုပါ စကားကို လက်မခံလိုသည့် လယ်သမားတစ်ယောက်၏ ရှာန့်ကွက်သံက . . .

"ဟလိုလေး . . . မိုးတဲ့ဗျာ။ မုဆိုးမ မျက်ရည်ပေါက်လောက်တောင် မရှိဘူး။ စပါးပင်ကလေးတွေ အပ္ပရှုပ်မှာတောင် စိုးရ"ဟူသတည်း။

□□□

## မတော်လိုက်ရတဲ့သူ

လှတောသား ကလေးငယ်တစ်ယောက် မိဘများနှင့်အတူ မန္တလေးသို့ ပါလာ၏။ ထိုအခါ ကလေးပီပီ မြင်မြင်ကရာ ဟိုမေးသည်မေးနှင့် အမေးတွေ ထူလွန်းမက ထူလာသလောက် မိဘများက စိတ်ရှည်လက်ရှည် ဖြေကြားပေးလေ၏။

စိတ်မရှည်သူက အဖော်ပါလာသည့် ကလေးငယ်၏ ဦးလေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟလိုလေးဟဲ့ . . . ကလေးရယ်၊ မေးလိုက်တာလေ။ တကောင်းပြည်က မောင်ပေါက်ကျိုင်းသေပြီး ဝင်စားသလား မှတ်ရ"

ထိုသို့ ဦးလေးဖြစ်သူက ကြားဝင်ဟန့်လိုက်သည့် အချိန်မှာပင် ကလေးက သူ့ဘက်မြားဦးလှည့်ပြီး . . .

"မောင်ပေါက်ကျိုင်းဆိုတာ . . . ဘယ်သူလဲဟင် ဦးလေး"

"ဩော် . . . အေး . . . မောင်ပေါက်ကျိုင်းဆိုတာ တခြားလူမဟုတ်ဘူး။ အရင်ဘဝက မင်းမတော်လိုက်ရတဲ့ ယောက်ဖ"

□□□

### တောဖြစ်နေတဲ့လူ

လှုတောသူများ ရှုပိုးထိုးသကဲ့သို့ပင်၊ အလယ်ပိုင်းရှိ မုဆိုးမတစ်ယောက် အိမ်၌ ပျော်ကိစေဆရာတစ်ယောက် ရောက်နေ၏။

သတင်းကြားသည်နှင့် ဝါသနာရှင် အမျိုးသမီးများမှာ ခြေချင်းလိမ်သွားခဲ့တော့၏။

ထိုအခါ မျက်စိနောက်လာသဖြင့် လှုတောသားများနှင့်မူ လှလှကြီးတွေ့ပြီဟု ဆိုရမည်၊

"ဟိုအိမ်မှာ ရွာသူတွေ ရှုပ်ယှက်ခတ်နေတာ တိုးတိုး ထိရောင်းနေတာလား၊ သစ်ခေါင်းပေါက်တွေ မီးတိုက်ခံရ တာလား မသိဘူး"

ဤတွင် အကြောင်းသိ တစ်ယောက်က . . .

"စကြာမင်းကလေးတဲ့ကွ။ ဘိုးဘိုးအောင်နဲ့ လိုက်သွားပြီး ရှန်ဂရီလာ၊ ဟိမဝန္တာ၊ ဂန္ဓမာဒနတောင်အနှံ့ တရားအားထုတ်ပြီး ပြန်လာတာဆိုပဲ"

"နို့ . . . တရားသမားကို မိန်းမတွေ ဘာလို့များ နှောင့်ယှက်နေတာလဲ"

"ဒီလိုလည်း ဟုတ်မယ်မထင်ပေါင်ဗျာ။ သူက အဓိဋ္ဌာန်အောင်လို့ ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးနိုင်သတဲ့။ စီးပွားတက်အောင်၊ ထီပေါက်အောင်၊ စာမေးပွဲအောင်အောင်၊ အိမ်ထောင်ကျအောင် ဘက်စုံလိုတရပြီး တကယ်စွမ်းဆိုပဲ"

ထိုအခါ နောက်ဆုံးတစ်ယောက်က ပိတ်ပြောပစ်လိုက်လေ၏။

"ဟလိုလေး . . . စကြာမင်းကလေးရယ်၊ ရန်သူ အင်္ဂလိပ်နဲ့ ဖက်ဆစ်တွေရှိတုန်းကတော့ မောင်းမထုတ်၊ ဝင်မကယ်၊ ခုမှလာပြီး တန်ခိုးပြလို့ တစ်လွဲဆံပင်ကောင်း နေလိုက်တာ တစ်ခေါင်းလုံးပြောင်ရှင်းပြီး ဟိုး . . . ခြေသလုံးမွေးကျမှ တောဖြစ်နေတဲ့ လူကျနေပါရော"

□□□

### မုန့်လက်ကောက်တောင် မရှိဘူး

လှုတောရွာတွင် ဘုံကထိန်ပွဲကျင်းပရန် စီမံနေသော အခါကဖြစ်၏။ ခေါင်းဆောင်များက လူငယ်တစ်ဦးကို အနီးရွာသို့ ဘုန်းကြီးပင့်ခိုင်းလေရာ . . .

"မင့်မှာ စက်ဘီးရှိတယ်မဟုတ်လား"ဟု မေးလေ၏၊

ဤတွင် အမေးခံရသော လူငယ်က . . .

"ဟလိုလေးဗျာ . . . ကျုပ်မှာ စက်ဘီးနဲ့ တူတာဆိုလို့ မုန့်လက်ကောက်တောင် တုတ်ထောက်ပြီး မစီးနိုင်တဲ့ ဘဝပါဗျာ"ဟု အဖြေပေးလေသတည်း။

□□□

### ဘွဲ့တောင်မှ ပေးထားရတယ်

မိခင်ဖြစ်သူက ခပ်ထုံထုံ ခပ်နုံနုံ ခပ်အအ သမီးကို ဆူပွက်နေလေ၏၊

"အားနာရင် အားပါတတ်တယ်လို့ ဘယ်နှစ်ခါပြောပြီးပလဲ။ အတန်တန် ပြောနေရင်းကြားက တယ် . . . ငါ ပြောလိုက်ရ အဆီတစ်ထပ်၊ အသားတစ်ထပ် နေရော့မယ်"

"အမေရယ် . . . အိမ်နီးချင်းဖြစ်နေတော့ မငှားလို့လည်း မကောင်း၊ ဒါလောက်လေးနဲ့ မလိမ်တန်ကောင်းဘူး ထင်လို့ပါ"

ဤတွင် မိခင်က မဲ့မဲ့ရွဲ့ရွဲ့ ခုနစ်သံချီ ဟစ်လေ

www.burmeseclassic.com

www.burmeseclassic.com

တော့၏။

"ဟလိုလေး . . . လိမ်စရာမရှိ ကိုယ့်ဒူးကိုယ် ရေဆွတ်ပြီး လိမ်တဲ့မိန်းမဟဲ့။ လူတကာ အရပ်တကာ လှည့်ပြီး လိမ်နေလို့ ကလိမ်ချုံနတ်သမီးလို့တောင် ဘွဲ့ပေးထားရတဲ့ ဟာမျိုး"

□□□

### ဘယ်ဟာမှ မလွတ်ပါဘဲလား

လူတောသား အုပ်စုတွင် နားလေးသူတစ်ယောက် ပါနေ၏။ အပေါင်းအသင်းတွေလည်း သူမြင်အောင် ပါးစပ်မလှုပ်ရဲ။ သူလာလျှင် ငြိမ်ကုပ်နေရ၏။

ခုလည်း စကားကောင်းနေဆဲ နားလေးသည့်လူ လာနေသည်ကို လှမ်းမြင်ရာက လက်ကုတ်ပြီး သတိ ပေးလိုက်ပုံက . . .

"ဟေ့ . . . ဟိုမှာ မောင်ရင်နားထိုင်း လာနေပြီ။ တိုးတိုးပြောကြ။ ပါးစပ်လှုပ်တာမြင်တာနဲ့ သူ့အတင်း ချနေတယ် ထင်ဦးမယ်၊ ပါးစပ်အကျယ်ကြီးဟပြီး သမ်း ရင်လည်း မင်းတို့ဆိုတာ ဘာသီချင်းလဲ၊ စာသားပေးပါလို့ အတင်းတောင်းနေမှာ"

□□□

### သေရချည်ရဲ့

သရက်သီးပေါ်ချိန်ကာလ၌ လူတောသားတစ် ယောက် ဈေးထဲသို့ ရောက်သွား၏။ သရက်သီးဆိုင်ရှေ့ ရောက်လေသော် တစ်ဈေးလုံး သရက်သီးမိုးရွာထား သကဲ့သို့ ပြည့်နေ၏။ သရက်သီးသည်များမှာလည်း ပျားရည်ဆမ်း မျက်နှာများနှင့် ဖော်ဖော်ရွေရွေ ကြိုဆို နေကြသည်။

"ဟောဒါ မချစ်စု၊ ဟိုဟာက ရင်ကွဲ၊ ဒီဘက်က စိန်တစ်လုံး . . . မြည်းကြည့်ကြပါဦးလား"

ဟုဆိုကာ သရက်သီးတစ်လုံးကို ဓားနှင့်ခွဲပြီး အမြည်းပေးလေ၏။

လူတောသားလည်း အမြည်းစားကြည့်ခဲ့ရာက . .

"ဟလိုလေးကွယ် . . . ချဉ်လိုက်တဲ့ အသီးရယ်။ ပါးပိတ်ရိုက်သလား မှတ်ရ။ တစ်ခြမ်းစားတာတောင် ထိချက်မသက်သာ၊ တစ်လုံးသာ ကုန်အောင်စားရရင် ရင်ကွဲသေရချည်ရဲ့။ ဒါမှ တကယ့်ရင်ကွဲ"

□□□

### စပ်ပြီးကျသလား မှတ်ရတယ်

လူတောရွာရှိ ရှင်ပတ်ကာ ရုပ်ရှင်ရုံကြီးတွင် ဟိုး တစ်ခါက သန်းနွဲ့၊ အေးကိုတို့ ပါဝင်သော စံရှားဒိန်းဒေါင် ရုပ်ရှင်ကား လာပြပါလေ၏။ သန်းနွဲ့က ပိန်ပိန်၊ အေးကို က ချည့်နဲ့နဲ့။

ဤတွင် လူတောသား တစ်ယောက် ငေါ့ပြောလိုက် ပုံက . . .

"ဟလိုလေး . . . ဦးဒိန်းဒေါင်ရဲ့ ကာယဗလ ကြီး မားလိုက်လေ။ ပန်းပဲမောင်တင့်တယ်နဲ့ အာနိုးတို့ စပ်ပြီး ကျထားသလား မှတ်ရဟေ့"

□□□

### ပိုလို့တောင် ဆိုးပါလား

ညဘက် အရက်ဝိုင်းတွင် ဖြစ်ပျက်ခဲ့သည်များကို မနက် လက်ဖက်ရည်ဆိုင်၌ ပြန်ဆုံကြလေသော် စားမြုံ့ ပြန်နေကြလေ၏။

"မင်းတို့ကတော့ကွာ . . . အရက်များဆိုရင် နွားငတ်ရေကျ အနံ့ရရုံနဲ့ အမြီးနှန့်နေတဲ့ ဟိုအကောင် တွေလိုပဲ"

"အံမယ် . . . ငါတို့တော့ ပြောတယ်။ မင်းတို့က တော့ အောင်နက်နဲ့ ကုပ်ကျား ဘာသူတာမှတ်လို့။ မူး လိုက်ကြတာ ဥမ္မာဒန္တီအိမ်ရှေ့မှာ ပုဏ္ဏားတွေ ဖင် ထောင်ပြီး ရေကူးနေသလားမှတ်ရ"

● ဦးကောင်းထူး




www.burmeseclassic.com

www.burmeseclassic.com










## သီပေါကိုလတ် ၏

အရှေ့ဆီက ကြာဖြူတစ်ပွင့် (သို့မဟုတ်) မိုင်းဖုန်းဆရာတော်

(ဒုတိယအကြိမ်)

(မိုင်းဖုန်းဆရာတော်အကြောင်း ဓာတ်ပုံများနှင့်တကွ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်)

ထွက်ပြီ

---

သီပေါဟော်နန်း နှင့် တော်ဝင်နွယ်အလွမ်း (ဒုတိယအကြိမ်)

(သီပေါဟော်နန်း အတွင်းရေးနှင့် ရှမ်းစော်ဘွားများအကြောင်း ဖော်ပြထားသည်)

ထွက်ပြီ

---

ပါရမီရှင် မိုင်းမောဝ်ကေရီ စောမွန်လှ (တတိယအကြိမ်)

(ရှမ်းမင်းသမီး စောမွန်လှ၏ ဘဝဇာတ်ကြောင်း ဖော်ပြထားသည်)

ထွက်ပြီ

ဖြန့်ချိရေး – မိုင်းမောဝ်ကေရီစာပေ၊ ဦးလှမောင်လတ်၊ သီပေါမြို့၊ ဖုန်း–၀၉–၄၀၁၇၀၈၈၉၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒန္တကုမာရ ကောက်ကြီးသခင်မလေး ဟေမမာလာ

(အခန်းဆက်ဝတ္ထုရှည်)

❒ မောင်ယဉ်မွန်(မော်ဝိနေခြည်)

ယခင်လမှအဆက်

နောက်တစ်နေ့ နေမွန်းတည့်လောက်တွင် ဘိုးသက္ကတို့အဖွဲ့ ခရီးတစ်ထောက်နား၍ ထမင်းများချက်ပြုတ်စားရင်း ဆင်ကျောင်း၊ မြင်းကျောင်း လုပ်နေကြချိန် ဝဏ္ဏသည် မြင်းတစ်ကောင်ကို ဒုန်းစိုင်း၍ လိုက်လာခဲ့သည်။ ဝဏ္ဏသည် မြင်းပေါ်မှ ခုန်ဆင်း၍ မနေ့ညက မြို့စောင့်တပ်များ ပြန်လည်ရောက်ရှိလာကြောင်းနှင့် ဂေါဒဝရီမြစ်ဘက် လိုက်သွားကြကြောင်း ရှင်းပြသည်။

"ဖိုးစိတ္တရေ . . . ဒါဆိုရင် ကျုပ်တို့ဇိမ်နဲ့လုပ်နေလို့ မဖြစ်ဘူးနော်။ ဟိုမှာမတွေ့ရင် ဒီဘက် ပြန်လိုက်လာနိုင်တယ်"

"မပူပါနဲ့ ဘိုးသက္ကရယ်။ သူတို့ ဒီနေရာလောက် ရောက်ချိန်မှာ ကျုပ်တို့က သီတာပူရီရောက်နေပြီပေါ့ဗျာ"

"အပိုင်မတွက်နဲ့ဗျ။ သူတို့အဖွဲ့ ဂေါဒဝရီမြစ်အထိ မသွားရဘဲ လမ်းမှာ သတင်းရပြီး လိုက်လာခဲ့သည်ရှိသော်ဆိုတဲ့ အတွေးနဲ့ စဉ်းစားရဦးမယ်။ ဒီတော့ ကျုပ်တို့ ဒီနယ်ကလွတ်အောင် အမြန်သွားနိုင်လေ အကျိုးရှိလေဆိုတာ ထည့်တွက်ရမယ်"

ဟု ဘိုးသက္ကပြောလိုက်ရာ ဦးစိတ္တအတန်ကြာစဉ်းစားပြီး –

"ဝဏ္ဏ . . မင်းအိမ်ပြန်မှာလား။ လိုက်ခဲ့မှာလား"

ဟု ဦးစိတ္တက ဝဏ္ဏအားမေးလိုက်လျှင် –

"ဟာ . . . ကျုပ်အိမ်ပြန်ရင် အဖမ်းခံရမှာပေါ့။ အိမ်ကို သူငယ်ချင်းတွေ အစောင့်ထားခဲ့တယ်။ ကျုပ်အဖေတို့နဲ့ လိုက်ခဲ့ရတော့မှာပေါ့"

ဟု ဝဏ္ဏက ပြန်၍ဖြေသည်။

"ကောင်းပြီ ထမင်းစားပြီးတာနဲ့ ခရီးဆက်ကြရအောင်"

ဟု ဦးစိတ္တက အားလုံးကြားအောင် အသံကိုမြှင့်၍ပြောလိုက်သည်။

အားလုံး စားသုတ်သုတ်၊ သွားသုတ်သုတ်နှင့် ခရီးဆက်ခဲ့ကြရပြန်သည်။ လမ်းက တောင်တက်လမ်းများမို့ ကျောက်ချပ်ကျောက်လွှာများ၊ ဝါးရုံတောများ ထူထပ်၍လာသည်။ ရှေ့ပြေးတပ်ဖွဲ့နှင့်မပေါင်းမိသေးသဖြင့် အင်အားနည်းနေပါသေးသည်။ မြို့စောင့်တပ်ဖွဲ့များလိုက်လာခဲ့လျှင် မည်သို့တိုက်မည်နည်းဟု ဘိုးသက္က စဉ်းစားနေရပါပြီ။

ဒန္တကုမာရ မင်းသားလေးနှင့် ဟေမမာလာ မင်းသမီးလေးတို့မှာ ဆင်တစ်ကောင်ပေါ်တွင် စီးနင်းလိုက်ပါခဲ့သလို မူယာနှင့် သူဇာတို့လည်း ဆင်တစ်ကောင်ပေါ်မှာ လိုက်ပါလာကြသည်။ ဦးစိတ္တနှင့် ဘိုးသက္ကသည် မြင်းကိုယ်စီဖြင့် ရှေ့မှဦးဆောင်၍ သွားကြပြီး ဝဏ္ဏနှင့် အထောက်တော်နှစ်ဦးမှာ မြင်းကိုယ်စီဖြင့် နောက်မှ လိုက်ပါခဲ့ကြ၏။

တောနက်သဖြင့် နေရောင်မမြင်ကြပေ။ တောင်ကုန်းမြင့်များသို့ ရောက်ကြလျှင် ဘိုးသက္ကနှင့် ဦးစိတ္တတို့သည် မြင်းများကို နောက်ပြန်၍ လှည့်စေပြီး မြို့စောင့်တပ်များ လိုက်ပါလာလေမလားဟု လှမ်းမျှော်၍ ကြည့်ကြရပေသည်။ ကြည့်ပင်ကြည့်သော်လည်း သစ်ပင်ဝါးပင်များ ပိတ်ဆို့နေသဖြင့် အောက်ခြေသို့ မမြင်နိုင်ပါ။ ရန်သူတွေလိုက်လာမလာ ခန့်မှန်းရုံမျှသာ ရှိသည်။

ညသို့ရောက်လျှင် လျှိုကြီးတစ်ခုအနီးတွင် စမ်းကချောင်းလေးရှိသဖြင့် ခရီးတစ်ထောက်နားကြသည်။ ဆင်များကို ငှက်ပျောအူများကျွေး၍ မြင်း



www.burmeseclassic.com

www.burmeseclassic.com

များကို ပဲနှင့် ဆန်ကိုကျွေးကာ လူများလည်း ရေတဝချိုး၍ ထမင်းဟင်းချက်ပြုတ်စားကာ အိပ်စက်ကြသည်။

ထိုသို့ အိပ်ကြရာတွင် မိန်းကလေးသုံးဦးနှင့် ဒန္တကုမာရ မင်းသားလေးကို သဘာဝကျောက်ဂူတစ်လုံးမှာ အိပ်စေ၍ ဘိုးသက္ကနှင့် စိတ္တတို့မှာ မီးလင်းဖိုကြီးတွင်ထိုင်၍ ရှေ့ခရီးအတွက် ဆွေးနွေးနေကြသည်။

ဝဏ္ဏနှင့် ဆင်ဦးစီးများကတော့ နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိတော့သည်။ အထောက်တော်နှစ်ဦးသည် တစ်လှည့်စီအိပ်၍ ကင်းတာဝန်ယူကြသည်။ အားလုံးကို လထန်းတစ်ဖျားရောက်လျှင် ခရီးဆက်ကြမည်ဟုပြောထားပြီးဖြစ်သည်။

တောသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ခါတစ်ခါ တောကြက်တွန်သံကြားရသည်။ တစ်ခါတစ်ခါ ဂျီ(ချေ)ဟောက်သံ ကြားရသည်။ တစ်ခါတစ်ခါ တောခွေးများ အူသောအသံကို ကြားရသည်။ တောဆင်ရိုင်းများ၊ ကျားများ မလာရန်အတွက် မီးဖိုအတွင်းသို့ အဆစ်ပိတ်ဝါးများ မကြာမကြာထည့်ပေးသဖြင့် ဝုန်း၊ ဒိုင်း ဟူသောအသံများ ထွက်ပေါ်၍လာသည်။

ဝါးပေါက်သံ တဝုန်းဝုန်း တဒိုင်းဒိုင်းအသံများ တိတ်သွားသည်နှင့် ကူးကူဟူသော ချိုးကူသံကို ညအချိန်မတော်ကြားရသဖြင့် ဘိုးသက္က နားစွင့်နေမိသည်။

"ဦးစိတ္တရေ . . ဒါ မရိုးသားတဲ့ ချိုးကူသံဗျ။ တစ်ခုခုတော့ ထူးခြားမှု ဖြစ်လာလိမ့်မယ်"

"ဟုတ်တယ် ဘိုးသက္က၊ ကင်းသမားခေါ်ပြီး သတိပေးမှဖြစ်မယ်" ဟုဆိုကာ ကင်းသမားအားခေါ်၍–

"ဟေ့ . . ချိုးကူသံ ကြားတယ် မဟုတ်လား။ ဒါမရိုးသားဘူးကွ။ သတိထားပေတော့"

"ဟာ . . မဟုတ်ပါဘူး။ တပ်မှူးလေးအဖွဲ့က ဆက်သွယ်တာပါ။ သူတို့ဒီအနားတစ်ဝိုက် ရောက်နေတယ်တဲ့"

"ဟာ . . ဒါဆို ဝမ်းသာစရာပေါ့။ ဘာကြောင့် သူတို့က ဒီကိုမလာတာလဲ"

"သူတို့က သခင်လေးတို့ လုံခြုံရေးအတွက် ဘေးကပုန်းပြီး လိုက်လာကြမှာပါ။ လူများရင် မသင်္ကာစရာ ဖြစ်နေမှာ စိုးလို့ပါ"

ထိုသို့ပြောနေခိုက် –

"ဥဩ၊ ဥဩ၊ ဥဩ"ဆိုသော အသံကြားရပြန်သည်။

"ခရီးဆက်ကြပါလို့ အချက်ပေးနေပါပြီ"ဟု အထောက်တော်က ပြောသဖြင့် အိပ်နေသူအားလုံးကို လိုက်နှိုးပြီး ခရီးဆက်ခဲ့ကြသည်။

သစ်ရိပ်ဝါးရိပ်များကြားမှာ လရောင်ပိုးတိုးဝါးတားဖြင့် ခရီးဆက်လာခဲ့ကြရာ တိတ်ဆိတ်သောညတွင် မြင်းခွာသံ၊ ဆင်တိုးသံများမှတစ်ပါး အားလုံး ဘာသံမျှမကြားရ။ ဆင်ပေါ်၊ မြင်းပေါ်မှလူများကလည်း အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာလိုက်ပါခဲ့ကြသည်။

နေမွန်းမတည့်မီ စခန်းတစ်ခုတွင် ရပ်နားကြပြီး မြင်းစာ၊ ဆင်စာကျွေးရင်း ချက်ပြုတ်စားကြရသည်။ သီတာပူရီနယ်မရောက်မချင်း လမ်းခရီးအတွက် စိတ်မချရသေးပေ။ သွားသတိ၊ လာသတိနှင့် သွားလာ၍ နေကြရသည်။ ထိုသို့ စခန်းချနားနေခိုက် နောက်မှလိုက်လာသော မြင်းနှစ်ကောင် တောင်ကြားလျှိုကြီးတစ်ခုမှ ထွက်လာသည်ကို မြင်လိုက်ရသဖြင့်

"ဘိုးသက္က . . မြင်းနှစ်ကောင် ကျုပ်တို့နောက်က လိုက်လာတယ်ဗျ။ အသင့်နေရာယူထားမှ"

ထိုအခါ အထောက်တော်တစ်ဦးက –

"မပူပါနဲ့။ အဲဒါ တပ်မှူးလေး မြင်းပါ"

တပ်မှူးလေးမြင်းသည် တောင်ကိုကွေ့ကာပတ်ကာ ဖောက်ထားသောလမ်းအတိုင်း လိုက်လာရင်း ဘိုးသက္ကတို့စခန်းသို့ ရောက်လာသည်နှင့် တပ်မှူးလေးသည် မြင်းပေါ်မှာ လွှားခနဲ ခုန်ဆင်း၍ –

"အဘိုး . . . ရန်သူမြို့စောင့်တပ်တွေ ဒီဘက်လိုက်လာပြီလို့ သတင်းရတယ်။ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး။ သီတာပူရီနယ်ထဲရောက်အောင် အမြန်သွားမှဖြစ်မယ်"

"တပ်မှူးလေးရဲ့ တပ်သားတွေ ဘယ်မှာလဲ"

"သူတို့ကို တောင်ကြားလျှိုတွေ နေရာမှာ ကျောက်မောင်းတွေ ဆင်ခိုင်းထားပါတယ်။ အဘိုးတို့ကို ရန်သူတွေ မီမလာအောင် ဖြစ်တဲ့နည်းနဲ့တော့ တားထားရမှာပဲ"

"တပ်သားတွေအတွက် ရိက္ခာ

www.burmeseclassic.com

www.burmeseclassic.com

က ဘယ်လိုစီစဉ်ပေးထားသလဲ”

“မပူနဲ့ အဘိုးရေ။ ရိက္ခာခြောက် တွေ့ပါတယ်။ အဘိုးတို့ ဒီမှာ ကြာကြာ တော့ နားမနေပါနဲ့။ ကျွန်တော်သွား လိုက်ဦးမယ်”

တပ်မှူးလေးနန္ဒသည် ပြော ပြောဆိုဆို မြင်းပေါ်တက်၍ ဒုန်းစိုင်း ထွက်ခွာသွားသည်။

ပေမမာလာတို့ တစ်နေ့လုံး ခရီးပြင်းနှင်လာခဲ့ကြရာ လွင်ပြင်ကျယ် တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိ သော် နေမင်းကြီးသည်လည်း သူတို့ အား စွန့်ခွာ၍ အနောက်ဘက်တောင် ကြားအတွင်းသို့ ငုပ်လျှိုးကွယ်ပျောက် စ ပြုနေပါပြီ။

ထိုတောင်ပေါ်သည် လွင်ပြင် ကျယ် တောင်ကြီးဖြစ်သော်လည်း တောင်ထိပ်ပေါ်တွင် ကျောက်ရေကန် ကြီး တစ်ခုရှိသည်။ ထိုရေကန်ကြီးမှ ရေသည် စိမ်းလဲ့ကြည်လင်နေသဖြင့် သောက်ရေ၊ သုံးရေအတွက် အဆင် ပြေလှသည်။

ရေကန်ကြီးဘေးနားတွင် ညောင် ပင်ကြီးတစ်ပင်ရှိ၏။ ထိုညောင်ပင်ကြီး အောက်တွင် ဟိန္ဒူဗြဟ္မဏတို့၏ နတ် ကွန်းများဖြစ်သော တာရာဒေဝီနတ် ကွန်း၊ ဝါဂီဆွာရီဒေဝီနတ်ကွန်း၊ ဆာ ဘတ္တာရီဒေဝီနတ်ကွန်း၊ ပဥ္စစန္ဒာဒေဝီ နတ်ကွန်း၊ မဟာဒေဝီနတ်ကွန်း၊ သူရ သတီဒေဝီနတ်ကွန်း၊ သီတာဒေဝီ နတ်ကွန်း စသဖြင့် စုံနေအောင် တွေ့ မြင်ကြရသည်။

ရေကန်ကြီး၏ အလယ်တွင် သိဝလိင်ရုပ်ပုံကြီးကို ကျောက်ကြီးဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိရပြီး ကန် ကြီး၏ဘေးပတ်လည်တွင် ရေမချိုးရ၊ အဝတ်မလျှော်ရ၊ ခြေမဆေးရ၊ ကန် ကြီးအနီး အညစ်အကြေး မစွန့်ရ စသော စာတန်းများ ရေးထားသည် ကို တွေ့ရသည်။

ရေကန်ကြီး၏ အရှေ့ဘက်တွင် ရာမဂူနှင့် လက္ခဏာဂူဟု ကမ္ပည်းရေး ထိုးထားသော ကျောက်ဂူနှစ်ခုကို တွေ့ ရသည်။ ရေကန်ကြီး၏ အနောက် ဘက်တွင် သီတာဒေဝီ ကျောက်လိုဏ် ဂူကြီးရှိသည်။ ထိုဂူကြီးတွင် သီတာ ဒေဝီနှင့် ရာမမင်းသားတို့ ချစ်ကြိုးသွယ် ခဲ့သည်ဟု ကမ္ပည်းထိုး၍ထားသည်။

ဒန္တကုမာရမင်းသားလေးက ပေမမာလာမင်းသမီးလေးနှင့် မူယာ၊ သူဇာတို့ကို သီတာဒေဝီဂူတွင် နေရာ ပေး၍ ရာမနှင့် လက္ခဏာဂူများတွင် ဘိုးသတ္တာနှင့် ဦးစိတ္တတို့ကို နေစေသည်။

ရေကန်အနီး ညောင်ပင်ကြီး၏ တောင်ဘက်ရှိ အင်ကြင်းပင်များ အောက်တွင် ဆင်များကို ထူးခတ် ထားလိုက်ကြပြီး အင်ကြီးပင်ကြီး၏ အရှေ့ဘက်ရှိ ဆီးဖြူပင်များအောက် တွင် မြင်းများကို နေရာပေးလိုက်ကြ သည်။ ဦးစိတ္တသည် ရေကန်ကြီး အနောက်ဘက်သို့သွားပြီး တရားထိုင် သည်။ ဒန္တကုမာရမင်းသားလေးနှင့် ဝဏ္ဏတို့သည် တပ်မှူးလေးနန္ဒ ကျောက် မောင်းဆင်ရာတွင် ဝင်ရောက်ကူညီ နေကြသည်။

ဘိုးသတ္တသည် လက္ခဏာဂူ အတွင်းမှာ ငြိမ်သက်စွာ တရားထိုင် နေသည်။ နှစ်ပေါင်းများစွာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာခေါ်သော ဈာန်အင်္ဂါငါးပါးကို အမြဲရှုမှတ်ခဲ့သော ဘိုးသတ္တသည် စိတ်ငြိမ်မှု၊ အေးချမ်း မှုရှိသဖြင့် မကြာမီအချိန်ပိုင်းလေးတွင် သမာဓိရလာသည်။

တောတောင်တစ်ခုလုံး တိတ် ဆိတ်ငြိမ်သက်၍နေ၏။ သမင်ဖိုနှင့် သမင်မသည် ရေကန်ကြီးသို့ ရေ သောက်ရန်လာကြရာ ရေကန်ကြီး ဘေးမှာထိုင်နေသော ဦးစိတ္တကို မြင်ရ သဖြင့် လန့်၍ပြေးကြသည်။ ယုန်လေး နှစ်ကောင် ရောက်လာပြီး ခုန်ပေါက် ဆော့ကစားနေကြပြန်သည်။ ကန် အနီးသို့ ရောက်လာလျှင် စားမည်ဟု ကျားသစ်တစ်ကောင်က စောင့်နေ သည်။ ယုန်ကလေးနှစ်ကောင်သည် ဦးစိတ္တအား မြင်သွားသဖြင့် ပြန် လှည့်ပြေးကြပြန်သည်။

သမင်လာလိုက်၊ ပြန်ပြေးလိုက်၊ ယုန်လေးများလာလိုက် ပြန်ပြေးလိုက် ဖြစ်နေစဉ် ကျားသစ်သည် စိတ်မရှည် နိုင်တော့သဖြင့် ပုန်းကွယ်နေရာမှ ထွက်လာသော် သီတာဂူကြီးအထက် မှာနေသော ခြင်္သေ့ကြီးသည် ရှေ့သို့ တိုးကာ ကျားသစ်ကို ခုန်အုပ်လိုက်၏။ ကျားသစ်သည် နောက်ကျွမ်းပစ်၍ ရှောင်လိုက်ရာ ရေကန်အတွင်းသို့ ဝုန်းဆို ကျသွားတော့သည်။

ခြင်္သေ့သည် ရေကန်ထဲမှ ကျား သစ်တက်အလာကို စောင့်နေသဖြင့် ကျားသစ်မှာ အရှေ့ကမ်းရောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

အနောက်ကမ်းရောက်လိုက်နှင့် ရေကန်အတွင်းမှာ မောဟိုက်လို့နေသည်။

ခြင်္သေ့ကြီးသည် ကမ်းပေါ်မှာ ထိုင်လျက် စောင့်မြဲအတိုင်း စောင့်နေ၏။ ကျားသစ်သည် မြောက်ဘက်ကမ်းမှ တောင်ဘက်ကမ်းသို့ ဦးတည်၍နေရာမှ အရှေ့ဘက်ကမ်းသို့ တစ်ဟုန်ထိုးပြေး၍ ကမ်းပေါ်သို့တက်ကာ လက္ခဏာဂူအတွင်းသို့ ဝင်သွားလေတော့သည်။

ကျားသစ်သည် ဘိုးသက္ကရှေ့သို့ ရောက်သောအခါ အမောလွန်၍ လဲကျသွား၏။ ခြင်္သေ့ကြီးသည်လည်း လက္ခဏာဂူရှေ့သို့လာ၍ ကျားသစ်ထွက်အလာကို စောင့်နေသည်။

ဘိုးသက္ကသည် ခြင်္သေ့အား စူးရှသောမျက်လုံးဖြင့် စိုက်၍ကြည့်နေရင်း ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြပါစေဟု မေတ္တာပို့ပေးနေသည်။ ခြင်္သေ့ကြီးသည် ဘိုးသက္ကအား စိုက်ကြည့်နေရာမှ မျက်လွှာချ၍ လည်စင်းကာ ငြိမ်ကျသွားတော့၏။

ကုမာရမင်းသားလေးနှင့် ဝဏ္ဏသည် တပ်မှူးလေး နန္ဒတို့နှင့်အတူ ကျောက်မောင်းကြီးများ ဆင်ထားသည့်အနီးတွင် ရန်သူများအလာကို စောင့်ကြိုနေကြသည်။

"တပ်မှူးလေး ကျောက်မောင်းတွေ သေချာပါတယ်နော်"

"သေချာပါတယ် မင်းသားလေးရယ်။ ရန်သူတွေအလာကို စောင့်ပြီး မောင်းဖြုတ်လိုက်တာနဲ့ အားလုံးကိစ္စပြီးပြီလို့ မှတ်ပေတော့"

"တကူးကူး . . . ကူး"

"မင်းသား သူတို့လာနေကြပြီ"

ဟုတ်ပါသည်။ အဝေးဆီမှ မြင်းခွာသံများ ကြားနေရပါပြီ။

"ကိုနန္ဒ . . ကျုပ် အဖေတို့ဘက် သွားကြည့်လိုက်ဦးမယ်"

ဝဏ္ဏ ဦးစိတ္တတို့ရှိရာသို့ အပြေးရောက်လာသည်။ ထိုအချိန်တွင် ဘိုးသက္ကသည် သူ့အနီးသို့ ချဉ်းကပ်လာကြသော ခြင်္သေ့နှင့် ကျားသစ်ကို ပွတ်သပ်ပေးနေသည်။ ခြင်္သေ့ကြီးနှင့် ကျားသစ်တို့ကလည်း အမြီးတွေ တနှန့်နှန့်နှင့် ဖိမ်ခံလို့ပင်နေကြသည်။

"ဥဩ . . . ဥဩ . . . ဥဩ"

ရန်သူများ နီးကပ်လာပြီဟူသော အချက်ပေး ဥဩသံဖြစ်သည်။ ဦးစိတ္တတို့သားအဖနှစ်ဦးက ဟေမမာလာတို့ဂူရှေ့မှနေ၍ လုံခြုံရေးအတွက် အသင့်ပြင်ထားလိုက်ကြသောအချိန်မှာပင် တပ်မှူးလေးနန္ဒဆင်ထားသော ကျောက်မောင်းများဆီမှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ ပေါ်ထွက်လာသည်။

အီး . . . ဟီး . . . ဟီးဟူသော မြင်းသံများနှင့်အတူ အားဟူသော အသံများ တစ်တောလုံး ဆူညံနေပါတော့သည်။

"တက်"ဟူသော အသံများနှင့်အတူ ဟနုမာ၏ တပ်ဖွဲ့ကြီးသည် ကျောက်တုံးကျောက်ခဲများနှင့် လူသေမြင်းသေများကို ကျော်ခွနင်းလျက် ရှေ့သို့ ချီတက်လာခဲ့ကြသည်။

"တိုက်"ဆိုသော တပ်မှူးလေး နန္ဒ၏အမိန့်သံဆုံးသည်နှင့် ကျားဟုဆိုကာ ဒန္တပူရတပ်သားများက ပုန်းကွယ်နေရာ အသီးသီးမှ ထွက်၍ တိုက်ကြသည်။

ဟနုမာနှင့် ယက္ခတို့ထံသို့ မြားတွေ တစ်စင်းပြီးတစ်စင်း တဝိုးဝိုးနှင့် ဝင်ရောက်လာသည်။ ဟနုမာနှင့် ယက္ခတို့သည် ဓားများနှင့် ပက်ထုတ်နေသည်မှာ တစ်စက်ကလေးမှ နားချိန်မရပေ။ ဟနုမာတို့ တပ်သားများ တစ်ယောက်ဘက်လာလိုက် နန္ဒ၏ တပ်သားများက တိုက်ခိုက်လိုက်နှင့် ဟနုမာတို့အဖွဲ့ အရေးနိမ့်နေပေပြီ။

နန္ဒ၏ စစ်သည်တော်များသည် သစ်ပင်အကွယ်မှလည်းကောင်း၊ သစ်ပင်များပေါ်မှလည်းကောင်း နေရာကောင်းများ ရထားကြသဖြင့် ပိုမိုအရေးသာနေပေပြီ။

ဒန္တကုမာရနှင့် နန္ဒသည် ရေကန်ကြီးအနီးမှ သွားရောက်နေရာယူလိုက်ကြသည်။

"ကိုဝဏ္ဏ . . သီတာဂူရှေ့မှာနေနော်။ ဒီဘက်မှာ ကျုပ်တို့ရှိနေတယ်။ အဘစိတ္တနဲ့ ဘိုးသက္က ရှိနေတယ်မို့လား"

"အဖေရှိနေတယ်။ ဘိုးသက္ကတော့ မရှိဘူး"

ဟနုမာနှင့် ယက္ခတို့သည် နန္ဒ၏စစ်သည်ရဲမက်များကို ထိုးဖောက်၍ ရေကန်ကြီးအနီးသို့ ရောက်လာကြသည်။

"မင်းသား . . ဟိုမှာ ဘီလူးနဲ့ မျောက်ကြီး လာနေပြီ။ ဘာလိုလုပ်

www.burmeseclassic.com

www.burmeseclassic.com

ကြမလဲ"

"ကိုနန္ဒ၊ ခင်ဗျား ဟိုမျောက်ကြီး ကိုတိုက်။ ကျုပ် ဘီလူးကြီးကို တိုက်မယ်"

ဓားရေးကောင်းလှသော ဟနုမာရှိရာသို့ နန္ဒသည် ကျွမ်းပစ်ဝင်လိုက်သည်။ ဟနုမာသည် ခေတ္တတွေဝေသွားပြီးမှ –

"ဩော် . . . တပ်မှူးနန္ဒဆိုတာ မင်းလား။ ငါ့မြို့မှာ ဥယျာဉ်မှူးလုပ်နေတုန်းကတော့ မခုတ်တတ်တဲ့ကြောင်လို၊ ခုတော့မင်းက အဓိကတရားခံကြီး ဖြစ်နေပြီ၊ အဖမ်းခံပါ"

"ဒီမှာမျောက်ကြီး။ ကျုပ်ကို တိုက်လို့နိုင်ရင် ခင်ဗျား ဖမ်းလိုဖမ်း၊ သတ်လိုသတ်"

"ဘာကွ။ မင်းက ငါနဲ့ယှဉ်တိုက်မယ်ဟုတ်လား . . ဟားဟားဟား"

"ကိုင်း . . . ဒီလောက်အပြောကြီးတဲ့ လေအိုးကြီး"

နန္ဒသည် သူ၏ဆောင်ဓားကြီးနှင့် ဟနုမာအား ပြင်းထန်စွာ ဝင်ရောက်တိုက်ခိုက်ပါတော့သည်။ ဆိတ်နှင့်ဆင်လို ကိုယ်ခန္ဓာကွာဟမှုကြောင့် နန္ဒအားအထင်သေးထားသော ဟနုမာသည် ဘယ်ယိမ်းညာယိုင်နှင့် ခုခံတာကွယ်နေရပါသည်။ ဟနုမာသည် ခံစစ်မှ ထိုးစစ်ကို ပြောင်း၍ နန္ဒအား ဒရကြမ်းဝင်ရောက် တိုက်ခိုက်သည်။

ထိုအချိန်တွင် ဒန္တကုမာရမင်းသားလေးနှင့် ယက္ခသည်လည်း ညောင်ပင်ကြီး၏ အနောက်ဘက်တွင် ဆုံတွေ့ကြပြီး –

"ဟေ့ကောင်လေး၊ မင်းတို့အဖွဲ့ထဲက မင်းသားလေး ဒန္တကုမာရဆိုတာ ဘယ်သူလဲ"

"ဒန္တကုမာရဆိုတာ ကျုပ်ပါပဲဗျာ"

"ဟားဟားဟား . . . တန်ကျလိုက်တာ။ ငါလိုချင်တာ မင်းကိုကွ။ အဖမ်းခံမလား၊ စွယ်တော်ပေးမလား"

"ဒီမှာ ယက္ခ။ ကျုပ် အဖမ်းလည်း မခံနိုင်ဘူး၊ စွယ်တော်လည်း မပေးနိုင်ဘူး"

"ဒါဆို မင်းကို ငါအသေသတ်ပြီး ခေါင်းဖြတ်ရတော့မှာပေါ့"

ဒန္တကုမာရသည် ခါးမှာလိပ်ထားသော ကျောက်ခဲလုံးလေးအား ပုဆိုးမသလိုလိုနှင့် ညာဘက်လက်တွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး –

"ကျုပ်ခေါင်းကို ခင်ဗျားဖြတ်နိုင်မလား။ ခင်ဗျားရဲ့ ဖောင်းကားနေတဲ့ ဝမ်းဗိုက်ကြီးထဲ ကျုပ်ရဲ့ဓား စိုက်ဝင်မလားဆိုတာ ကြည့်ကြသေးတာပေါ့"

"အောင်မယ်၊ မင်းလို မလောက်လေးမလောက်စား ကောင်လေးကများ"ဟုဆိုကာ ယက္ခပြေးဝင်လာသည်နှင့် ကုမာရမင်းသားသည် သူ၏ဓားကြီးကို လက်နှစ်ဖက်ဖြင့် မြှောက်လိုက်ပြီး အနီးသို့ရောက်လာသော ယက္ခ၏ နဖူးတည့်တည့်သို့ ကျောက်ခဲဖြင့် အတွင်းအားစိုက်၍ ပစ်ပေါက်လိုက်တော့သည်။

"အား"ဟူသော အသံနက်ကြီးနှင့်အတူ ယက္ခလက်တွင်းမှ ဓားလွတ်ကျသွားကာ လက်နှစ်ဖက်ဖြင့် သူ့နဖူးဖိ၍ –

"မင်းဟာ ကောက်ကျစ်ပဉ္စလဲတဲ့လူ"

"ဒီမှာ ယက္ခ၊ အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူးကွ၊ မင်းလိုဘီလူးကြီးကို တိုက်ခိုက်ဖို့ဆိုတာ ပရိယာယ်လိုတယ်။ အဲဒီပရိယာယ်ကို စစ်ပရိယာယ်လို့ ခေါ်တယ်"

ထိုအချိန်တွင် နန္ဒ၏စစ်သည်များရောက်လာပြီး ယက္ခကို ကြိုးဖြင့် တုပ်လိုက်ကြပါတော့သည်။

နန္ဒသည် ဟနုမာ၏ဓားချက်များကို ခုခံရင်း ချွေးများပြန်လျက်ရှိသလို ဟနုမာမှာလည်း ဟောဟဲလိုက်နေပေပြီ။ ဘိုးသက္ကသည် သူ၏ခြသေ့်နှင့် ကျားသစ်တို့ကိုခေါ်ယူ၍ ဓားသံများကြားရာသို့ ထွက်လာခဲ့သည်။

နန္ဒသည် ဟနုမာ၏ ဓားချက်ကို ရှောင်တိမ်းရင်း ဟနုမာ၏ နောက်ကျောဘက်သို့ ရောက်ရှိသွားရာမှ ဟနုမာ၏ နောက်ကျောပြင်ကြီးအား လေထဲတွင် ကျွမ်းပစ်၍ ခြေစုံကန်လိုက်၏။ ဟနုမာသည် ရှေ့သို့ ဟပ်ထိုးဟပ်ထိုးနှင့် ကုန်းကုန်းကွကွဖြစ်နေခိုက် –

ဝေါင်း ဝေါင်း ဝေါင်းဆိုသော အသံကြီးနှင့်အတူ ခြသေ့်ကြီးဝင်ရောက်လာပြီး ဟနုမာအား ခုန်အုပ်လိုက်ပါတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## ဘီလူးနှင့် ခြင်္သေ့တိုက်ပွဲ

ဒန္တကုမာရမင်းသားနှင့် တပ်မှူးလေးနန္ဒသည် တစ်ညလုံးကောင်းစွာ အိပ်မပျော်ကြ။ သူတို့ဖမ်းဆီးထားသော ယက္ခကို ပြန်လွှတ်ပါက သီဟိုဠ်ခရီးစဉ်တွင် အနှောင့်အယှက်ပေးမည်မှာ သေချာသည်။

သတ်ဖြတ်ရအောင် ဆိုသည်မှာလည်း သူ့ရဲကောင်းတို့မည်သည် ရန်သူအား အရှုံးအနိုင်တိုက်ခိုက်၍ အဖြေရှာမှ တရားမျှတရာကျမည်။ အသားလွတ်သတ်ခြင်းသည် မတရားရာကျပေမည်။ တစ်ဦးချင်း တစ်ယောက်ချင်း ယှဉ်ပြိုင်ရန်မှာလည်း ယက္ခလို ဘီလူးကြီးနှင့် ယှဉ်ပြိုင်ရန်မှာ မလွယ်ကူလှပေ။ ဒန္တကုမာရနှင့် တပ်မှူးလေးနန္ဒတို့သည် ထိုကိစ္စဆွေးနွေးရန် ဘိုးသက္ကထံ လာခဲ့ကြသည်။

"မအိပ်ကြသေးဘူးလား"

"ဟိုဘီလူးကြီးကို ဖမ်းထားပြီး ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ်နေလို့ပါဘိုးဘိုး"

ဟု နန္ဒကပြောသည်။

"ဒါဆို မင်းသားသဘောက ဘာဖြစ်ချင်လဲ"

"ခေါ်မသွားနိုင်ရင် ထားခဲ့ဖို့နဲ့ သတ်ပစ်ဖို့ နှစ်လမ်းပဲရှိတယ်။ ဒီနှစ်လမ်းမှာလည်း ထားခဲ့ပြန်ရင် သူက နေပြည်တော်သွားပြီး သူတို့လူတွေကို ကျွန်တော်တို့ သတ်လိုက်တာပါလို့ ဖော်ကောင်လုပ်တော့မယ်။ သူဖော်ကောင်လုပ်တာနဲ့ ကျွန်တော်တို့ရဲ့ သီဟိုဠ်ခရီးစဉ်ကို ထိခိုက်လာနိုင်တယ်"

"ဒီတော့ သက်ရတော့မယ်ပေါ့"

"ဟုတ်ပါတယ်။ ဒါပေမယ့် သူ့ရဲကောင်းတို့မည်သည် အကြောင်းမဲ့ ရန်သူ ကို ကြိုးနဲ့တုပ်ပြီး မသတ်ပါဘူး။ သူနိုင်ကိုယ်နိုင်တိုက်ရင်း အဆုံးအဖြတ် ခံယူရမှာပေါ့။ အဲဒီလို သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်တိုက်ဖို့ ဆိုတော့လည်း သူ့လို လူဘီလူးကြီးနဲ့ ယှဉ်ပြိုင်ဖို့လူ မရှိဘူးဖြစ်နေတယ်"

"ဒီတော့ မင်းသား ဘာဖြစ်ချင်သလဲ"

"ဘိုးဘိုးရဲ့ ခြင်္သေ့ကြီးနဲ့ ယှဉ်ပြိုင်ခိုင်းမယ်။ သူကံကောင်းလို့ အနိုင်ရရင် ပြန်လွှတ်လိုက်မယ်။ သူရှုံးရင်တော့ ပွဲပြီးသွားပြီပေါ့"

ဘိုးသက္ကသည် သူ၏ဖြူဖွေးနေသော မုတ်ဆိတ်ကြီးအား လက်ဖြင့် အသာသပ်ချနေပြီး အတန်ကြာမှ

"ကောင်းပါတယ်။ ကံစမ်းပွဲပေါ့"

ဟု အတည်ပြုလိုက်ပါသည်။ ထိုသို့ ဘိုးသက္က လိုက်လျောလိုက်သည်နှင့် နန္ဒသည် နေရာမှထသွားပြီး သူ့လူများကို ထင်းပုံ၍ မီးရှို့ခိုင်းသည်။ မကြာမီ မီးပုံကြီး မှ မီးလျှံတို့သည် တောင်ထိပ်တစ်ခုလုံး အလင်းရောင်ဖြန့်ကျက်လျက် ဝင်းထိန်သွားတော့သည်။

မီးပုံအနီးသို့ လူများစုမိသည်နှင့် လူ့ဘီလူးကြီးယက္ခကို ကြိုးတန်းလန်းဖြင့် ခေါ်ယူလာခဲ့ကြသည်။ ယက္ခ၏ မည်းနက်သော အသားရောင်သည် မီးရောင်များကြောင့် ပိုမို၍ မည်းရောင်သန်းနေပါတော့သည်။ အဆီတွေပြန်နေသော မျက်နှာကြီးမှာလည်း ဒေါသဖြစ်နေသောကြောင့် ပိုမိုအကျည်းတန်၍နေသည်ဟု ထင်ရ၏။

"ယက္ခ"ဟု နန္ဒက ခေါ်လိုက်လျှင် –

"ဘာလဲ"ဟု ယက္ခက သံပြတ်ဖြင့် ထူးသည်။

"ဒီနေ့ည မင်းကို ကံစမ်းခွင့်ပေးမယ်။ ဒါဟာ မင်းရဲ့ကံတရားပေါ်မှာ မူတည်တယ်"

ယက္ခသည် ကံစမ်းခွင့်ပြုမည်ဆိုတာနှင့် သူ၏မျက်နှာသည် မည်းပုပ်နေရာမှ ဝင်းလက်၍လာသည်။

"ဘယ်လို ကံစမ်းမှာလဲ"

"မင်းနဲ့ ခြင်္သေ့ကြီး ယှဉ်ပြိုင်သတ်ရလိမ့်မယ်။ ခြင်္သေ့ကြီးကို နိုင်အောင်တိုက်ခိုက်နိုင်ရင် မင်းအောင်ပွဲခံပြီလို့ မှတ်ပေတော့"

ယက္ခသည် နန္ဒ၏စကားဆုံးသည်နှင့် ငိုင်ကျသွားတော့သည်။ လူလူချင်း ဗိုလ်မထားသော ယက္ခသည် ခြင်္သေ့ကို အနိုင်တိုက်ရမည်ဆိုသဖြင့် မျှော်လင့်ချက် ရောင်ခြည်လေးတွေ အဝေးသို့ ထွက်ပြေးသွားကြပြီဟု ခံစားလိုက်ရပါသည်။ ဒီလို အခွင့်အရေးမျိုးသည် နှစ်ခါမလာဟုလည်း သူသိနေသည်။ ထို့ကြောင့် ယက္ခ ခေါင်းညိတ်ပြီး –

"ကောင်းပြီ။ ငါ ခြင်္သေ့နဲ့တိုက်မယ်။ တစ်ခုတော့ တောင်းဆိုချင်တယ်။ အဲဒါကတော့ ငါ့ကို ဓားမြှောင်တစ်ချောင်း ကိုင်ဆောင်ခွင့်ပြုရမယ်"

နန္ဒသည် ထိုကိစ္စအား သခင်လေး ဒန္တကုမာရနဲ့ ဘိုးသက္ကကိုတင်



www.burmeseclassic.com

www.burmeseclassic.com

ပြရာတွင် အားလုံးက သဘောတူကြပါသည်။

ယက္ခကိုယ်ပေါ်မှာ တုပ်ထားသော ကြိုးများဖြေမပေးမီ နန္ဒ၏တပ်သားများက ကျောက်ဆောင်များပေါ်မှနေ၍ ယက္ခအား လေးမြားတွေဖြင့် ချိန်ထားကြသည်။

ဟေမမာလာနှင့်မူယာ၊ သူဇာတို့သည် မီးများဝင်းထိန်နေသဖြင့် သီတာ၊ ရာမဂူကြီးတွင်မှ ထွက်လာကြသည်။ မီးပုံကြီးရှိရာသို့ ရောက်ကြလျှင် ဘိုးသက္ကလက်တွင်းမှ ခြသေ့်ကြီးကို မြင်လိုက်ရသဖြင့် ခြေလှမ်းများ တန့်၍ သွားကြတော့သည်။

"အားလုံး အဆင်သင့်ဖြစ်ရင် ယက္ခကို ကြိုးဖြေပေးလိုက်ပါ"

ဘိုးသက္ကက အမိန့်ပေးလိုက်ခြင်းဖြစ်သည်။

ဟေမမာလာနှင့်မူယာ၊ သူဇာတို့သည် ယက္ခဆိုသူအား လှမ်း၍ကြည့်လိုက်ကြရာ ပိုမိုထိတ်လန့်သွားသည်။ ထိုအချိန်တွင် တပ်သားတစ်ယောက်က ယက္ခအားချည်နှောင်ထားသော ကြိုးကို ဖြေပေးလိုက်ပြီး နောက်သို့ ဆုတ်ခွာလာသည်။

"ယက္ခ . . . ရော့"

ဟု နန္ဒက ပြောပြောဆိုဆို ယက္ခထံသို့ ဓားမြှောင်တစ်လက် ပစ်ပေးလိုက်ရာ ယက္ခသည် ဓားမြှောင်ကို ဖမ်းယူလိုက်သည်။

"အသင့်ဖြစ်ပြီလား"

ဟု ဘိုးသက္က ကမေးသည်။

"အသင့်"ဟု ယက္ခက အဖြေပေးသည်။

"အသင့်ဖြစ်ရင် လွှတ်လိုက်ပါပြီ ခင်ဗျား"

ခြသေ့်ကြီးသည် ဘိုးသက္ကလက်မှ လွှတ်လိုက်သည်နှင့် လည်ဆံမွေးကြီးများ ထောင်၍လာပြီး သူ၏ ဦးခေါင်းကြီးကို ဘယ်ညာခါယမ်း၍ တစ်လှမ်းခြင်းတိုးကာ ဟိန်းသံ၊ ဟောက်သံတွေ ပေးလိုက်သည်။

မူယာနှင့် သူဇာသည် ဟေမမာလာအနီးသို့ ပိုမိုကပ်သွားကြသဖြင့် မာလာက သူတို့၏ပခုံးများကို ပွေ့ဖက်ထားရသည်။ သူတို့၏အနီးမှ ဦးစိတ္တ၊ ဝဏ္ဏ၊ ဒန္တကုမာ ရမင်းသားလေးနှင့် တပ်မှူးလေးနန္ဒတို့ ရှိနေသည်။

ဘီလူးကြီးယက္ခသည် သူ၏ အင်္ကျီကို ဆွဲချွတ်လိုက်ပြီး ဘယ်ဘက်လက်ကောက်ဝတ်တွင် ရစ်ပတ်လိုက်ပြီး ညာလက်မှာ ဓားမြှောင်ကိုကိုင်ကာ တဆဆလုပ်နေသည်။ ခြသေ့်ကြီးက ယက္ခအား တစ်ပတ်ပြည့်အောင် ပတ်နေသည်။ ယက္ခကလည်း ခြသေ့်ဘက်မျက်နှာမူ၍ မမှိတ်သောမျက်လုံးတို့ဖြင့် လိုက်ကြည့်နေသည်။

ခြသေ့်နှင့်လူသား အနိုင်ရရှိရေးအတွက် အကွက်ချောင်းနေကြသည်။ ကြည့်နေသူများမှာ အသက်ပင် ရှူမိမရှူမိ မသိကြတော့ပေ။ အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို ကြည့်နေကြသည်။ တစ်ခါတစ်ခါ ခြသေ့်ကြီး ဟောက်လိုက်သဖြင့် အသည်းတုန်၊ အူတုန် ဖြစ်သွားကြရသည်။

ယက္ခသည် ခြသေ့်ကြီးအား ကြည့်ရင်း မျက်စိကလယ်ကလယ် ဖြစ်လာချိန်တွင် ကျယ်လောင်သော ဟိန်းဟောက်သံကြီး ထွက်ပေါ်လာပြီး ခြသေ့်ကြီး ယက္ခအား ခုန်အုပ်ချလိုက်တော့သည်။

ဟေမမာလာသည် မူယာနှင့် သူဇာတို့အား တင်းကျပ်စွာဖက်၍ မျက်စိကို စုံမှိတ်ထားလိုက်သည်။

"ဟာ"

"သွားပြီ"

"သေပြီ"

"ရှုံးပြီ"ဟူသော အသံများ ထွက်ပေါ်လာလေ ဟေမမာလာ မကြည့်ရဲလေ ဖြစ်ရတော့သည်။

ပက်လက်လန်၍ ကျသွားသော ယက္ခ၏အသံကြီးနှင့်အတူ ယက္ခသည် သူကိုင်ထားသော ဓားမြှောင်ဖြင့် ခြသေ့်ကြီး၏ ဝမ်းဗိုက်ကြီးအား ထိုးစိုက်လိုက်သဖြင့် "ဝေါင်း"ဟူသော ခြသေ့်ကြီး၏ နာကြည်းစွာ အော်ဟစ်သံတို့ တစ်ပြိုင်တည်း ပေါ်ထွက်လာတော့သည်။

ခဏကြာသည်နှင့် "ဝုန်း"ဟူသော အသံနှင့်အတူ ခြသေ့်ကြီး လဲကျသွားလေတော့သည်။

ခုတော့ ခြသေ့်ကြီးလည်း မလှုပ်တော့သလို ယက္ခကြီးလည်း မလှုပ်နိုင်တော့ပေ။ လူနှင့်ခြသေ့်တိုက်ပွဲတွင် နှစ်ဦးစလုံး အရှုံးနှင့်ရင်ဆိုင်ကာ အသက်ပေးသွားကြလေတော့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

■ မောင်ယဉ်မွန်(မော်ဝန်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com



# ရိုးရာနတ်နှင့် စားတော်ပွဲ

ဆရာသိဒ္ဓိအောင်

မိမိတို့နိုင်ငံသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခြင်းကို ခွင့်ပြုထားသော နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့်လည်း ကိုးကွယ်မှုဘာသာတရားတွေ အကွဲကွဲအပြားပြား ရှိနေကြသည်မှာ မဆန်းချေ။ ကျေးလက်တောရွာများတွင်သာမက မြို့နေလူတွေပါ ကိုးကွယ်ကြရာတွင် ရိုးရာနတ်သည် အထင်အရှားဖြစ်လျက်ရှိ၏။ ဤ၌ စာရှုသူတို့ ဗဟုသုတတိုးပွားဖို့ရန်အလို့ငှာ ရိုးရာနတ်များနှင့် စပ်လျဉ်း၍ ဆက်သရသည့် စားတော်ပွဲများအကြောင်းကို လေ့လာသိရှိသမျှ တင်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ပခန်းဦးမင်းကျော်အတွက် စားတော်ပွဲ**

ထန်းရည် (သို့) အရက်နှင့် ကြက်သားကြော်ကိုလည်းကောင်း၊ ကြက်သားကြော်မရပါက ပုစွန်တုပ်နှင့် ငါးကင်ဆီလူးကို ဆက်သနိုင်ပါသည်။

**ပုပ္ပားမယ်တော်အတွက် စားတော်ပွဲ**

သက်သတ်လွတ် ဆက်သတင်မြှောက်ရပါသည်။ ရရာသစ်သီးမျိုးစုံနှင့် စား၍ရသော မြန်မာနှင်းဆီပန်းကို ဆက်သနိုင်ပါသည်။

**အမေရေယဉ်အတွက် စားတော်ပွဲ**

သွားဖုံးမြုပ်အောင် ခုတ်ထစ်ထားသော ဝက်သား၊ ဆိတ်သား၊ ကြက်သား၊ အမဲအရေခွာ အစိမ်းစားတော်ပြုပြီး ကျက်အောင်ချက်ကာ ဆက်သနိုင်ပါသည်။

**အမေဂျမ်းအတွက် စားတော်ပွဲ**

ထန်းရည်၊ လက်ဖက်သား၊ ဆေးပေါ့လိပ်တို့အပြင် ကြက်သား(ကာလသားချက်) ဟင်းတို့ကို ဆက်သနိုင်ပါသည်။

**နံ့ကရိုင်းမယ်တော်အတွက် စားတော်ပွဲ**

မုန့်ကြာစေ့၊ မုန့်လုံးရေပေါ်၊ ကညွတ်ရွက်သုပ်၊ ငါးရံ့ကြော်နှစ်ကောင်၊ ငါးရံ့ခြောက်ဖုတ်၊ ငါးရံ့အကောင်လိုက် ပြုတ်ထားသော ဆန်ပြုတ်တို့အား ဆက်သနိုင်ပါသည်။

**ကိုးမြို့ရှင်အတွက် စားတော်ပွဲ**

ကောက်ညှင်းပေါင်း ၉ ပုံ၊ မုန့်ဖြူ ၉ ချပ်၊ မုန့်နီ ၉ ချပ်၊ ငါးအမြီးခေါင်းစုံ ၉ ကောင်၊ လက်ဖက် ၉ ပုံ၊ ကွမ်းယာ ၉ ယာ၊ ဆေးလိပ် ၉ လိပ်၊ ပိန်းဥ၊ မြောက်ဥတို့ကို ဆက်သနိုင်ပါသည်။

**ရွှေဘော်အတွက် စားတော်ပွဲ**

ဆီထမင်း၊ ငါးကြော်၊ ငှက်ပျောသီး၊ ဘဲဥပြုတ်၊ ကြက်ဥပြုတ်၊ ကြက်ဥဟပ်ဖရိုင်တို့ကို ဆက်သနိုင်ပါသည်။

**မဲ့လေးအတွက် စားတော်ပွဲ**

ကလေးစားစရာမုန့်များ၊ ချိုချဉ်၊ ဘဲဥ၊ ကြက်ဥအစုံ၊ ကြက်ဥ ၂ လုံး သို့မဟုတ် ၄ လုံး သို့မဟုတ် ၈ လုံး စုံတင်ရပါသည်။

**အိမ်တွင်းခုနစ်ပါးအတွက် စားတော်ပွဲ**

ကောက်ညှင်းပေါင်း သို့မဟုတ် ဆီထမင်း သို့မဟုတ် ထမင်းဦးပေါင်း ၇ ပုံ၊ မုန့်ဖြူ ၇ ချပ်၊ မုန့်နီ ၇ ချပ်၊ မုန့်ဖြူကိုအောက်ကထားပြီး မုန့်နီကို အပေါ်ကထားရပါမည်။ ငါးအမြီးခေါင်းစုံ ၇ ကောင်၊ လက်ဖက် ၇ ပုံ၊ ကွမ်းယာတို့ကို ဆက်သနိုင်ပါသည်။

**ရွှေစစ်သည် မြင်းဖြူရှင်အတွက် စားတော်ပွဲ**

ထမင်းနို့ပေါင်း ၇ ပုံ၊ ထန်းလျက်ခဲ ၇ ခဲ၊ အုန်းသီး ၇ စိတ်၊ မုန့်ဖြူ ၇ ချပ်၊ မုန့်နီ ၇ ချပ်၊ ငါးအမြီးခေါင်းစုံ ၂ ကောင်၊ သို့မဟုတ် ငါးခြောက် ၇ ထစ်ကို ဆက်သနိုင်ပါသည်။ (ကနားမြင်းဖြူရှင်ဆိုပါက ငါးကြော်ဆိုလျှင် ငင်ခေါင်းစာမှအပ အခြားငါးကို မတင်ရပါ။ ကနီမြင်းဖြူရှင်ဆိုပါက ပဲပုပ်၊ ချဉ်ပေါင်ကြော်ပါ ဆက်သရပါသည်။)

**တောင်ပြုံးမင်းနှစ်ပါးအတွက် စားတော်ပွဲ**

မုန့်ဖြူ၊ မုန့်နီ နှစ်ခုစီ နှစ်စုံ၊ ငှက်ပျောနှစ်ဖီး၊ ရွှေပန်းခိုင်နှစ်ခိုင်၊ ငွေပန်းခိုင်နှစ်ခိုင်၊ အချိုပွဲနှစ်ပွဲ ဆက်သနိုင်ပါသည်။ (မင်းကလေးသောက်ပွဲကျင်းပမည်ဆိုလျှင် ကြက်ကြော်ဆက်သရပါမည်။ စစ်ထွက်ပွဲ၌ ခေါက်ဆွဲကြော်၊ ကြက်ကင်နှင့် ထန်းရည်တို့ကို ဆင်ရပါမည်။)

**ပြည်ကန်တော်မောင်နမအတွက် စားတော်ပွဲ**

အမဲသားအစိမ်းကို ပြုပြီး ချက်ပြုတ်ကာ ဆက်သနိုင်ပါသည်။

**ရှမ်းတလိုင်းအတွက် စားတော်ပွဲ**

နေမထွက်ခင် ကြက်ဖိုနှင့် ကြက်မကို ဆက်သနိုင်ပါသည်။

**ဓနင်းဘိုးတော်အတွက် စားတော်ပွဲ**

ကံမှိုဘိုးတော်၊ သံပျှင်ဘိုးတော်၊ ဦးဗုတ်ဝိ၊ ဦးဗျတ္တ၊ တနင်္သာရီဘိုးတော်အတွက် ဒံပေါက်၊ အုန်းထမင်း၊ ခေါက်ဆွဲကြော် ၅ ပွဲ၊ အချိုရည် ၅ လုံးတို့ ဆက်သနိုင်ပါသည်။

---

ဆရာသိဒ္ဓိအောင်

---

ကျမ်းကိုး -

ရိုးရာနတ်ယုံကြည်မှုဓလေ့ထုံးစံများ



www.burmeseclassic.com

www.burmeseclassic.com

# ပုဂံခေတ် အနော်ရထာမင်းလက်ထက်

## နတ်ကိုးပါးစာရင်းပါ

# ပုပ္ပားမယ်တော် မယ်ဝဏ္ဏ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် နတ်ကိုးကွယ်မှုများ စတင်ခဲ့ပါသည်။ သို့သော် မည်သည့်အချိန်ကာလမှစ၍ ခုနှစ်သက္ကရာဇ် အတိအကျ ရေးသားဖော်ပြထားခြင်း မတွေ့ရပေ။ နတ်ကိုးကွယ် ယုံကြည်မှု၊ ပူဇော်ပသမှု၊ မိရိုးဖလာဓလေ့နှင့် ပတ်သက်၍ နိုင်ငံခြားသား စာရေးဆရာ ရေးသားခဲ့သော စာအုပ်ကို ဆရာဦးထွေးဟန်မှ ဘာသာပြန်ပြီး ဆရာဦးဘညွန့်မှ စုဆောင်းရှာ[illegible] တင်ပြထားသော "မြန်မာ့မိရိုးဖလာ[illegible] ဓလေ့နတ်သမိုင်း" စာအုပ်သည် ထ[illegible] ရှားသည်။ ရေးသူမှာ ဆာရစ်ချ[illegible] တင်ပယ်လ် ဒီ၊ အိုင်၊ အီး လန်ဒန်[illegible]





www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပားမယ်တော် မယ်ဝဏ္ဏနှင့် သားတော်နှစ်ပါးပုံ

၁၉၀၆)ဟု ဖော်ပြထားသည်။ ထိုစာအုပ်ကို ၁၉၈၁ ခုနှစ်တွင် ပထမအကြိမ် တရားဝင်ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ နတ်ယုံကြည်မှု၊ ကိုးကွယ်ပူဇော်မှုနှင့် ပတ်သက်၍ ၃၇ မင်း နတ်ကို အဓိကထား ဖော်ပြကြသည်။

မြန်မာလူမျိုးတို့၏ အဓိကကိုးကွယ်ယုံကြည်သော ဘာသာတရားမှာ ဗုဒ္ဓဘာသာလျှင် ဖြစ်၏။ ထိုဗုဒ္ဓဘာသာမှာလည်း တောင်ပိုင်း ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်သည်။ ၃၇ မင်း နတ်ကိုးကွယ်မှုသည် မြောက်ပိုင်း မဟာယာန ဗုဒ္ဓဘာသာတွင် ဗောဓိသတ္တနှင့် နတ်ဘုရား၊ နတ်ဘုရားမတို့ကို ပသမှု၊ ပူဇော်မှုကျင့်ဝတ်များကို အဓိကထား ကျင့်သုံးခဲ့ကြလေသည်။ ထိုနတ်သမိုင်းစာအုပ် အခန်း(၂) တွင် အထက်မြန်မာနိုင်ငံ၌ အထက်တန်းလွှာ ပုဂ္ဂိုလ်များသည် ဗုဒ္ဓဝါဒနှင့် နတ်ဝါဒကို ရောနှော ကိုးကွယ်ကြလေသည်။ တော်စိန်ခိုက မြန်မာဘုရင်များလက်ထက်တွင် လစဉ်လတိုင်းပင် ပွဲတော်များ၊ အခမ်းအနားများ ကျင်းပရာ နတ်ဝါဒ၊ ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒ သုံးခုစလုံး ရောနှောပြီး လက်ခံကျင့်သုံးကြလေသည်ဟု မှတ်တမ်းတင်ခဲ့သည်။ နတ်တော်လ၌ နတ်ပူဇော်ပွဲကျင်းပ၍ ဝါဆိုလ၌ လယ်ထွန်မင်္ဂလာပွဲ ကျင်းပကြသည်။ မြန်မာနတ်ပွဲရှိ နတ်ကတော်အားလုံးသည် အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း ရောနှောပေါင်းစပ်၍ ပူဇော်ပသနေကြလေသည်။ ဟိန္ဒူနတ်များနှင့် တိုင်းရင်းသားနတ်များ ရောထွေးသွားပြီး မြန်မာတို့သည် သူရဿတီစန္ဒီနှင့် သီရိဒေဝီ(လက္ခမီ)တို့ကို ပူးတွဲပူဇော်နေကြလေသည် စသည်ဖြင့် ရေးသားဖော်ပြထားပါသည်၊

ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအများစုတို့သည် မိမိတို့ရိုးရာနတ်၊ မိရိုးဖလာဝလေ့ နတ်များကို ကိုးကွယ်ပူဇော်ကြသည်။ ပုဂံခေတ် အနော်ရထာလက်ထက် မတိုင်မီက မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာရှိနေသေးသော်လည်း မဟာယာန ဗုဒ္ဓဘာသာဝင် မန္တရယာန၊ တန္တရယာန အရည်းကြီးများက လွှမ်းမိုးနေလေသည်။ နတ်ကိုးကွယ်မှု များလာသည်။ လိုအပ်သည်ထက်ပို၍ ရှေ့တန်းရောက်လျက် ရှိသည်။ အချို့ပြည်နယ်ရှိ တိုင်းရင်းသားတို့သည် နတ်ကိုးကွယ်ပူဇော်ပသမှုပြုရာမှသာ သနာပြုဆရာတော်ကြီးများ၏ ကျေးဇူးကြောင့် ကိုးကွယ်ရာနှင့် ပူဇော်ပသခြင်းကို ခွဲခြားသိလာပါသည်။

ကိုးကွယ်ရာအစစ်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဖြစ်သည်။ ပူဇော်ရာတွင် ဝိဇ္ဇာဓိုရ်များ၊ အထက်နတ်ကြီးများ၊ တန်ခိုးရှင်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များကို ပူဇော်ရသည်။ မိရိုးဖလာ နတ်ဒေဝါများကို ရိုးရာ



www.burmeseclassic.com

www.burmeseclassic.com

မပျက်ပသမှုပြုရသည်။ သူတို့ကြိုက်သော အစားအစာဖြင့် "ပသ"ကြသည်။ အစားအစာထက် လူတို့၏ မေတ္တာ၊ အမှုပေးဝေမှုကို ခံယူလိုကြသည်။ ယနေ့မြန်မာနိုင်ငံ အရပ်ရပ်တွင် ၃၇ မင်းနတ် ထင်ရှားလျက်ရှိသည်။ ရွှေစည်းခုံ တံတိုင်းအတွင်း၌ထားရှိသောနတ်ကို အတွင်း ၃၇ မင်းနတ်များအဖြစ် ခေါ်ဝေါ်ခဲ့ကြသည်။ ထို့အတူ ရွှေစည်းခုံဘုရားတံတိုင်းအပြင်၌ထားရှိသော နတ်များကိုလည်း အပြင် ၃၇ မင်းနတ်များအဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။

နတ်သမိုင်းစာအုပ်တွင် ၃၇ မင်းနတ်ကို ပုံတော်များနှင့် ဖော်ပြထားသည်။ အမှတ်(၁) သိကြားနတ်မှ စထားသည်။ သိကြားနတ်သည် သိကြားမင်းကြီးမဟုတ်ဟု ဆိုထားသည်။ ဦးစွာ ထင်ရှားသော နတ်ကိုးကွယ်ကြသော နတ်မှာ မဟာဂီရိနတ်ဖြစ်သည်။ ထိုနတ်စာရင်းတွင် ရွှေဖျဉ်းနောင်တော်နတ်နှင့် ရွှေဖျဉ်းညီတော်နတ်ကို (၂၅) (၂၆) တွင် ထည့်ထားသည်။ ပုပ္ပားတွင် ထင်ရှားသော ပုပ္ပားမယ်တော် မယ်ဝဏ္ဏအမည် မတွေ့ရပေ။ ပုပ္ပားမယ်တော်သည် ရွှေဖျဉ်းညီနောင် ကွင်းဆက်နတ်များတွင် ပါဝင်သည်။

## နတ် (၉) ပါး

ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ရွှေဖျဉ်းညီနောင် နတ်ဖြစ်ခဲ့၍ အပြင် ၃၇ မင်းစာရင်း၌ ထည့်သွင်းထားခဲ့ကြောင်း ဖော်ပြပေးထားသည်။ ထိုခေတ်ထိုအချိန်က ရွှေဖျဉ်းညီနောင်နှင့် တစ်ဆက်ဖြစ်ခဲ့ကြသော



ကွင်းဆက်နတ်များမှာ အောက်ပါအတိုင်း (၉)ပါးရှိသည်။

၁။ ပုပ္ပားမယ်တော်နတ်
၂။ မယ်ခေမာ (ခေါ်) ခင်မသာနတ်
၃။ တောင်တော်သခင်မနတ်
၄။ မစောခင်နတ်
၅။ မောင်ရင်မောင်နတ်
၆။ နှိုထိန်းမယ်တော်နတ်
၇။ နှမတော်နတ်
၈။ စာရေးတော်ကြီးနတ်
၉။ ဂူတော်ရှင်မနတ်တို့ ဖြစ်ကြသည်။

### ၁။ ပုပ္ပားမယ်တော်နတ်

မောင်ဗျတ္တ၏ဇနီးဖြစ်သူ ပန်းစားဘီလူးမ မယ်ဝဏ္ဏသည် မောင်ဗျတ္တရာဇဝတ်သင့်၍ အသတ်ခံရပြီးနောက် သူ၏သားနှစ်ယောက်ဖြစ်သော ရွှေဖျဉ်းညီ၊ ရွှေဖျဉ်းငယ်တို့ကို အနော်ရထာမင်းကြီး၏အမိန့်နှင့် ခေါ်ယူသွားရာတွင် ရင်ကွဲနာကျသေဆုံးပြီး နတ်ဖြစ်သည်။ တောင်ပြုံး၌ ထင်ရှားသော နတ်ဖြစ်သည်။ (ထိုမှသာ ရေးသာ ဖော်ပြထားပါသည်။)

ထို့ကြောင့် စာရေးသူအနေဖြ သန့်လျှင်မြဘိကျောင်းတိုက်တွင် ... ထိုင်သော အဘွားဒေါ်အုန်းခင်နှ သွားရောက်တွေ့ဆုံပါသည်။ အဘွ ဒေါ်အုန်းခင်သည် ယခုအခါ အသ ၈၆ နှစ်ရှိနေပေပြီ။ လောကီအလု မလုပ်တော့တဲ့ သီလရှင်ဆရာကြီး ဖြ နေသည်။ မြတောင်ညို့ဆရာတော် တပည့်ရင်း (မွေးစားသမီး)ဖြစ်ခဲ့သ ကန္တာရစီးလည်း လုပ်ခဲ့ဖူးသည်။ မြ ပြည်အနှံ့ ရောက်ဖူးသူဖြစ်ပြီး နတ် ပေါင်းများစွာက နတ်သမိုင်းအကြော အားလုံးသိသူဖြစ်သည်။

အဘွားဒေါ်အုန်းခင်မှ "ပု မယ်တော်ကြီးက မွန်ဘုရင် မန မင်းရဲ့ နှမပါ။ အမည်က ဝဏ္ဏပ ခေါ်တယ်။ ပုပ္ပားတောင်မှာ ဉ သီလဆောက်တည် တရားဓမ္မအ လုပ်ရင်း အကြောင်းဆက် ဆက်ရှိလို့ ဦးဗျတ္တနဲ့တွေ့တ။ တွေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့တစ်ယောက် ပေါင်းဖက်ကြတယ်ဆိုပါတော့''

''ဒါဆိုရင် ပုပ္ပားမယ်တော်ဆိုတာ ပန်းစားဘီလူး မဟုတ်ဘူးပေါ့ နော် အဘွား''ဟု စာရေးသူမှ မေးလိုက်သည်။

''ဘီလူးမဟုတ်ပါဘူး။ လူစစ်စစ်ပါ။ အလွန်လှပအားကြီးလို့ ဘီလူးဟန်ဆောင်နေတာပါ။ ပုပ္ပားကို ပန်းခူးလာတဲ့ လူစွမ်းကောင်းဗျတ္တနဲ့ ပေါင်းဖက်ပြီး သားနှစ်ယောက် မွေးဖွားတယ်။ တောင်ကလပ်အပေါ်မှာ တောင်ပြုံးမင်းနှစ်ပါး ဖွားတဲ့နေရာရှိတယ်''

''အနော်ရထာမင်းက သားတွေမရှိတော့ မြေးတော်နှစ်ပါးကို အလွမ်းပြေလာခေါ်သွားတယ်။ အဲဒီမှာ မယ်တော်ကြီးက နောက်ကလိုက်ပြီး အမရပူရ ရတနာ့ဂူမှာ လူးလဲပြီး ရင်ကွဲနာကျကာ သေသွားတယ်။ အခုထက်ထိ မယ်ဝဏ္ဏလူးတဲ့အိုင်ဆိုတာ ရှိတယ်''

ဟု အဘွားဒေါ်အုန်းခင်မှ အကျဉ်းချုပ်ပြောပြပါသည်။

ထိုစာဆိုကို အတည်ပြုရန် စာရှက်စာတမ်းလိုက်ရှာသောအခါ ဆရာမင်းဂွတ်ရေးသော နန်းတက်ပွဲစာအုပ်လေး သွားတွေ့တယ်။ ထိုစာအုပ်တွင် ရေးထားပုံမှာ ...

''ဒီနေရာမှာ ပုပ္ပားမယ်တော် ဝဏ္ဏသိဂီမင်းသမီးနဲ့ ပတ်သက်ပြီး အနည်းငယ် ပြောလိုပါတယ်''

''ပုပ္ပားမယ်တော်ဟာ သထုံဘုရင် မနူဟာမင်းရဲ့နှမတော်အရင်းဖြစ်ပါတယ်။ အရွယ်ရောက်လို့ အစ်ကိုတော်ဖြစ်သူ မနူဟာမင်းက အိမ်ထောင်ချပေးတာကို အိမ်ထောင်မပြုချင်လို့ နောက်ပါအခြွေအရံများနဲ့အတူ သထုံပြည်မှ ပုပ္ပားတောင်ကို တောထွက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ပုပ္ပားမယ်တော် ဝဏ္ဏသိဂီမင်းသမီးဟာ ပုပ္ပားတောင်ကလပ်ကို မရောက်မီ သီလတောင်မှာ သီလဆောက်တည် တရားဓမ္မကျင့်နေချိန်မှာ နဂါးကြီးတစ်ကောင်က ရစ်ပတ်ပြီး သမာဓိစမ်းထားခံခဲ့ရပါတယ်။

အဲဒီကနေ တောင်ကလပ်ပေါ် ရွှေ့ပြောင်းတဲ့အခါ အန္တရာယ်များလွန်းတဲ့အတွက် မိမိအပေါ် မကောင်းကြံတဲ့ သူများရဲ့စိတ်မှာ ဘီလူးအသွင် မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဒါကို မသိတဲ့ အချို့လူတွေက ပုပ္ပားမယ်တော်ကို ''ပန်းစားဘီလူးမ'' ဖြစ်တယ်လို့ ပြောဆိုကြပါတယ်။

အမှန်တကယ်တော့ ပုပ္ပားမယ်တော် ဝဏ္ဏသိဂီမင်းသမီးဟာ ပန်းစားဘီလူးမ လုံးဝမဟုတ်ပါဘူး။ သထုံမနူဟာမင်းရဲ့ နှမတော် လူသားအစစ်ဖြစ်ပါတယ်။

ပုပ္ပားမယ်တော်ဘဝကို ရောက်ရှိလာပုံက ... ပုဂံမှာ ပန်းခူးလာရောက်တဲ့ ပန်းဆက်အမှုထမ်း ဗျတ္တနဲ့ ဆုံတွေ့ရာမှ တစ်ဦးနဲ့တစ်ဦး မေတ္တာမျှသွားကြကာ သားတော်နှစ်ယောက် ဖွားမြင်ရာတွင် အနော်ရထာမင်းက ရွှေဖျဉ်းအိုးနှစ်လုံး ဖွဲ့တော်မူတာကို အစွဲပြုပြီး အကြီးကို ရွှေဖျဉ်းကြီး၊ အငယ်ကို ရွှေဖျဉ်းငယ်လို့ အမည်ပေးခဲ့ပါတယ်။ တစ်နေ့မှာ ဗျတ္တဟာ ပုပ္ပားမှာ သူ့မိသားစုနဲ့ ပျော်မွေ့နေမိရာ နန်းတော်သို့ အခစားဝင်ဖို့ နောက်ကျခဲ့တဲ့အတွက် မင်းပြစ်မင်းဒဏ်သင့်ပြီး ကွပ်မျက်စီရင်ရန် အမိန့်ထုတ်ပြန်ခြင်း ခံခဲ့ရပါတယ်။

ဗျတ္တကွပ်မျက်ခံရပြီးနောက် အနော်ရထာမင်းဟာ ပုပ္ပားတောင်မှာရှိတဲ့ ဗျတ္တရဲ့သားနှစ်ပါးကို မြေးတော်များအဖြစ် မြှောက်စားဖို့အတွက် ပုပ္ပားမှာရှိတဲ့ မယ်ဝဏ္ဏသိဂီထံ မှူးမတ်စစ်သူကြီးများစေလွှတ်ကာ ရွှေဖျဉ်းညီနောင်ကို ခေါ်ယူစေခဲ့ပါတယ်။

မင်းညီနောင်နှစ်ပါးကို ဖမ်းကာ တောင်ပြုံးအရပ်မှာ အသတ်ခံခဲ့ကြရတာ စာဖတ်ပရိသတ် ကြားဖူးပြီးသားပါ။ ခင်ပွန်းလင်သေဆုံးလို့ သောကဖြစ်နေတဲ့ မယ်ဝဏ္ဏဟာ အနော်ရထာမင်းရဲ့အမိန့်နဲ့ ရွှေဖျဉ်းညီနောင်ကို ခေါ်ဆောင်သွားတဲ့ လမ်းအတိုင်း လိုက်လာခဲ့ရာ ယခု ရတနာ့ဂူဘုရား တည်

''အနော်ရထာမင်းက သားတွေမရှိတော့ မြေးတော်နှစ်ပါးကို အလွမ်းပြေလာခေါ်သွားတယ်။ အဲဒီမှာ မယ်တော်ကြီးက နောက်ကလိုက်ပြီး အမရပူရ ရတနာ့ဂူမှာ လူးလဲပြီး ရင်ကွဲနာကျကာ သေသွားတယ်။ အခုထက်ထိ မယ်ဝဏ္ဏလူးတဲ့အိုင်ဆိုတာ ရှိတယ်''

www.burmeseclassic.com

ထားတဲ့ ဒေသအရောက်မှာ မိမိရဲ့ သားနှစ်ယောက်ပါ ကွပ်မျက်ခံရတယ် ဆိုတဲ့ သတင်းကိုကြားသိရတဲ့အခိုက်မှာ ရှေ့ဆက်မသွားနိုင်တော့ဘဲ မြေပေါ်မှာ လူးလိမ့်ပြီး သမုဒယမီးလောင်မြိုက်ကာ ရွေရင်ကွဲ၍ ခန္ဓာပြောင်းပြီး နတ်ကောင်း ဖြစ်သွားပါတယ်။

အဲဒီအခါမှာ သာသနာပြု ပုပ္ပားတောင်ကလပ် မယ်တော်လို့ ထင်ရှားခဲ့ပါတယ်။

## ပုပ္ပားမယ်တော် (မယ်ဝဏ္ဏ) ပူဇော်ပသနည်း

ပုပ္ပားမယ်တော် (ဝါ) မယ်ဝဏ္ဏသည် ပန်းလှလှမွှေးမွှေးကြိုင်ကြိုင်ကို ကြိုက်နှစ်သက်သည်။ ကန်တော့ပွဲကို ပြင်ဆင်ရာ၌ ထူးခြားချက်များမှာ ပန်းလှလှမွှေးမွှေးကြိုင်ကြိုင် ပါရှိရမည်ဖြစ်၏။

(၁) အုန်းသီးတစ်လုံး

(၂) ငှက်ပျောသီးသုံးဖီး

(၃) အောင်သပြေပန်း ၃ ညွန့်

(၄) ပန်းလှလှမွှေးမွှေး (စံပယ်၊ ခရေ၊ နှင်းဆီ၊ သဇင်၊ သစ်ခွ၊ ရွှေပန်း၊ ငွေပန်း၊ ကံ့ကော်ပန်း၊ သနပ်ခါးပန်း၊ ယုဇနပန်း စသည့် ပန်းများ) ရသလောက် ဆက်ကပ်ရမည်။

(၅) ဖယောင်းတိုင် ၁ တိုင် (သို့) ၃ တိုင်၊

(၆) အမွှေးတိုင် ၂ တိုင် (သို့) ၃ တိုင်၊

(၇) လက်ဖက် ၁ ထုပ်၊

(၈) ကွမ်းယာ ၁ ယာ၊

ထိုသို့ ကန်တော့ပွဲဖြင့် ပုပ္ပားမယ်တော်ကို ပသရာတွင် ဝါဝင်ဝါထွက် အခြားသောနတ်များ ပသချိန်၌ ရောပြီး အစီအစဉ် ပသနိုင်ပါသည်။ ပူဇော်ပသချိန်တွင် မုန့်ဖြူ ခုနစ်ချပ်၊ မုန့်နီ ခုနစ်ချပ်တို့နှင့် အထက်တွင် ဖော်ပြခဲ့သော ကန်တော့ပွဲနှင့် ပူဇော်ပသရမည်။ ပန်းမျိုးစုံနှင့် သောက်တော်ရေတို့ဖြင့် ကျကျနနပြင်ဆင်ပြီး ပုပ္ပားမယ်တော်အား ကပ်လှူသောအခါ တိုင်တည်ပါ။ ဒ်ပေါက်ဆက်ပါက သတ်သတ်လွတ် ဆက်ရသည်။

"မယ်တော်ဘုရား၊ ယခု မယ်တော်အား ပသနေသည့် သားတော်ကြီးနှင့် သမီးတော်ကြီး (နေ့နံနှင့် အမည်)တို့သည် မယ်တော်အား ချစ်ခင်လေးစား ယုံကြည်စွာဖြင့် ပသပါတယ်။ မယ်တော်အား ယခုအခါ၌ အသက်အရွယ်ကြီးရင့် တရားဘာဝနာ (ဝါ) သာသနာပြုအလုပ်ကို နေ့စဉ်ညစဉ် ဝတ်မပျက် ဆောင်ရွက်အားထုတ်နေသည်ဟုလည်း သိရှိရပါတယ်။ သို့ပါ၍ ကန်တော့ပွဲနှင့်တကွ လှူဖွယ်ဝတ္ထုအစုစုတို့ကို သားတော်သမီးတော်တို့ထံမှ မယ်တော်က ကြည်ဖြူစွာလက်ခံ၍ မြတ်ဗုဒ္ဓထံတော်တွင် ထပ်ဆင့်လှူဒါန်းပေးပါရန် အသနားခံအပ်ပါသည် မယ်တော်ခင်ဗျား။ (မယ်တော်ဘုရား)

ဤသို့လှူဒါန်းရသည့် သားတော်၊ သမီးတော်များအား အန္တရာယ်များကင်းဝေးပ၍ ကျန်းမာချမ်းသာရေး လူချစ်လူခင်ပေါများရေး အစစအရာရာ အဆင်ပြေရေးတို့ကို မယ်တော် ဖန်တီး ချီးမြှင့်ပေးတော်မူပါ ခင်ဗျား။ (မယ်တော်ဘုရား)

ပုပ္ပါးမယ်တော်ကြီးကို သားတော်၊ သမီးတော်တို့က ရည်မှန်း၍ (အချိုရည်၊ မုန့်၊ သက်သတ်လွတ်ဆွမ်း၊ ပန်း) လှူရသောအကျိုးကြောင့် (.....)လိုရာဆန္ဒလည်း ဆုတောင်းနိုင်သည်။ နတ်ယုံကြည်သူတို့ ပြုလုပ်နိုင်သည်။ မယုံကြည်ပါက မပြုလုပ်ဘဲလည်း နေနိုင်သည်။ ဗုဒ္ဓဘာသာဝင်တိုင်း မဖြစ်မနေပြုလုပ်ရမည့်ကိစ္စမဟုတ်ပါ။ ယုံကြည်သူတွေ ပြုလုပ်နေတာကိုလည်း အပြစ်ပြော ဝေဖန်နေခြင်း မပြုသင့်ပါ။ အကောင်းဆုံးမှာ မိမိကုသိုလ်ပြုတိုင်း ၃၇ မင်း နတ်ဒေဝါများကို မေတ္တာပို့သ၊ အမျှပေးဝေလျှင် နှစ်ဦးနှစ်ဖက် ကောင်းပါသည်။ သဘာဝကျကျစဉ်းစားပါက လူသားနှင့်လူသာ ပေါင်းဖက်နိုင်သောကြောင့် အများထင်သလို ပန်းစားဘီလူးမ မဟုတ်ကြောင်း သိသာထင်ရှားစေပါသည်။ ပုပ္ပားမယ်တော် မယ်ဝဏ္ဏ သီးသန့်ပုံတော်တစ်ခုတည်း တွေ့ရသလို သားတော်နှစ်ပါး ကျားနှစ်စီးပုံလည်း တွေ့ရှိရပါသည်။ နတ်ကတော်များတွင်လည်း ချဲ့ကားပြုလုပ်တတ်သူတွေရှိသလို အစစ်အမှန်လည်း ရှိပါသည်။ ကိုယ်တိုင်ပြုလုပ်ဆောင်ရွက်ခြင်း ပိုကောင်းပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**

**မှီငြမ်း။**

- မြန်မာ့မိရိုးဖလာ ဓလေ့နတ်သမိုင်း (ဦးထွေးဟန်၊ ဦးဘညွန့်)
- မြန်မာ့ဓလေ့ ကိုးကွယ်ပူဇော်နည်းများ (သုတေသီမြင့်ထွန်း)
- ရာဇဘိသိက်ခံ ပြည်တော်ဝင်နန်းတက်ပွဲ၊ မင်းဂွတ်
- အဘွားဒေါ်အုန်းခင် ပြောပြချက်များ။



www.burmeseclassic.com

www.burmeseclassic.com

# အာကာသဂြိုဟ်သားများ၏ အံ့မှုဆေးရတုံး

## SPACE ALIENS SEND EARTH WONDER CURES

**ကိုမောင်သန်းဝင်း**

အံ့ချီးဖွယ်ရာ သတင်းတစ်ခု ပေါ်ထွက်လာသည်။ (Space Aliens Send Earth Wonder Cures.) ရောဂါဘယများအနက် ဇရာဆေးကုသခြင်းဆိုင်ရာများကို ကမ္ဘာမြေပြင်ဆီသို့ အာကာသဂြိုဟ်သားတို့က ပေးပို့ခဲ့ခြင်း သတင်း ဖြစ်သည်။ အဆိုပါသတင်းကို ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက အထူးလျှို့ဝှက်ထားရှိခဲ့သည်ဟူ၏။

လျှို့ဝှက်ထားခဲ့သော ဆေးဘက်ဆိုင်ရာ အာဏာပိုင်များသည် လောဘရမ္မက်ကြောင့် ယင်းသို့ပြုလုပ်ခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုကြလေ၏။

အာကာသဂြိုဟ်သား ဆရာဝန်များက ပေးပို့ခဲ့သည့် ကုသနည်းသည် အလွန်ရိုးသားလွယ်ကူလှသည့်အတွက် ဆရာဝန်နှင့် ဆေးဝါးများပင် မလိုအပ်ကြောင်း လျှို့ဝှက်ထားရှိသူ အတွင်းသိသုံးဦးက ဖွင့်ချပြောဆိုခဲ့သည်။ ၎င်းတို့သုံးဦးစလုံးသည် မယုံသက်ဖွယ်ကောင်းလှသော အာကာသမှ ပေးပို့သည့် သတင်းစကားများကို ကိုယ်တွေ့ခံစားရသူများ ဖြစ်သည်။ ထို့ပြင်တဝ ပေးပို့ခဲ့သည့် နည်းတို့ကိုပင် ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ခဲ့ပြီးဟူ၏။

အမေရိကန်နိုင်ငံ နာဆာ အာကာသစူးစမ်းလေ့လာရေးဌာနတွင် အလုပ်လုပ်ခဲ့သည့် ဒေါက်တာကက်လော့က-

"အထက်ဖော်ပြပါ အာကာသဂြိုဟ်သား ဆရာဝန်တို့မှ ပေးပို့ခဲ့သည့် ဆေးနည်းများဖြင့် လူနာများအား ကုသခဲ့ရာ ၎င်းတို့၏ ငွေတွင်းများမှာ ပြည့်လျှံမို့မောက်နေကြလေပြီ။ အကယ်၍ အဆိုပါဆေးနည်းကို တစ်စုံတစ်ယောက်က အများအသိထုတ်ပြန်ခဲ့ပါလျှင် ၎င်းတို့၏ဆေးခန်းများ တစ်မုဟုတ်ချင်း ပိတ်ပစ်ရဖွယ်ရှိသည်ဟု ပြောကြားခဲ့ပေသည်။

### လျှို့ဝှက်အခြေခံစခန်း

ဒေါက်တာကက်လော့သည် နာဆာ အာကာသ လေ့လာရေးစခန်းရှိရာသို့ အာကာသဂြိုဟ်သားတို့မှ ပေးပို့သည့် သတင်းစကားများကို လက်ခံရရှိနေသည်မှာ လွန်ခဲ့သော ၂၅ နှစ်ခန့်ကပင် ဖြစ်သည်။ ယင်းသို့ လက်ခံရရှိနေသည့် အခြေခံစခန်းမှာမှ လက်တစ်ဆုပ်စာမျှသော အစိုးရထိပ်တန်းအရာရှိများနှင့် စီးပွားရေးခေါင်းဆောင်တချို့သာ သိရှိခဲ့ပေသည်။

"ရှေးဦးပထမ အချက်ပြဆက်သွယ်မှုများ ရရှိလာသည်အထိ တစ်ဦးတစ်ယောက်က ကမင်စီစဉ်မှုတစ်ခုဟု ထင်မြင်မိခဲ့ပါတယ်"

ဟု ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ အာကာသအေဂျင်စီတွင် ဆေးဘက်ဆိုင်ရာအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာဂျိမ်း(စ်)ရပ်ရှင်းက ပြောဆိုကြေညာခဲ့သည်။

"အာကာသဂြိုဟ်သားတွေရဲ့ ချဉ်းကပ်မှုဟာလည်း အလွန်ပဲ ထိတ်ထိတ်လန့်လန့် ဖြစ်ရပါတယ်။ သူတို့ဟာ ကျွန်တော်တို့အထဲက အချို့ကို ကြိုးစားဆက်သွယ်နိုင်ခဲ့ကြပါတယ်"

### စမ်းသပ်ကုသခဲ့ကြလေရာ

ဒေါက်တာကက်လော့က -

"မိမိမှာဖြစ်နေတဲ့ အသည်းကင်ဆာကို ပျောက်အောင်ကုသနိုင်ခဲ့သလို တခြားသော သိပ္ပံပညာရှင်တစ်ဦးဟာလည်း ပျက်စီးနေတဲ့ သူ့ရဲ့ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ကပ်ကို ပြန်လည်ပြင်ဆင်နိုင်ခဲ့တယ်" ဟု ဆိုသည်။

ဒေါက်တာရပ်ရှင်းကလည်း နှစ်ပေါင်း ၂၀ တိုင်တိုင် ထိပ်ပြောင်နေသည့် ၎င်း၏ဦးခေါင်းကို စမ်းသပ်ကုသခဲ့ရာ ဆံပင်အပြည့် ပြန်ပေါက်ခဲ့ကြောင်း ပြောခဲ့သည်ဟူ၏။

ဒေါက်တာရပ်ရှင်းက -

"သူတို့ရဲ့ ချဉ်းကပ်ပုံဟာ ကျွန်တော်တို့နည်းနဲ့ လုံးဝမတူပါဘူး။ အဲဒီကိစ္စကိုလည်း ရှင်းလင်းကြေညာဖို့ သိပ်ပြီးခက်ခဲလှပါတယ်။ အကြောင်းကတော့ အချို့က ကျွန်တော်တို့ကို လုပ်ငန်းအဝဝရဲ့အခြေအနေတွေကို ကြည့်ဖို့အတွက် ခွင့်မပြုကြပါဘူး။ ထိပ်တန်းအဆင့်ရှိတဲ့ ပုဂ္ဂိုလ်တချို့က ကျွန်တော်တို့ကို ပိတ်ပင်တားဆီးရေး ဆန့်ကျင်သူတွေအဖြစ် သိထားကြလို့ပါပဲ"

## မနောစိတ်နှင့် ရောဂါပညာ

အခြေခံအားဖြင့် အာကာသဂြိုဟ်သားက မနောစိတ်ဟာ အလွန်လွယ်ကူစွာပဲ အမျိုးမျိုးသော ရောဂါပညာများကို ကျွမ်းကျင်နိုင်နင်းနိုင်ရန် လေ့ကျင့်ပေးလို့ရတယ်ဟု ဆိုခဲ့ပါသည်။ နိုင်နင်းသည့်ရောဂါများမှာ နှာစေးချောင်းဆိုးကအစ ယားနာနှင့် ကင်ဆာအပါအဝင်၊ အေအိုင်ဒီအက်(စ်)အထိ ဖြစ်ကြသည်။ ထို့ပြင် မနောစိတ်သည်လည်း ဇရာအိုခြင်းတရားကို ရင်ဆိုင်နိုင်သည်ဟူ၏။

အမှန်အားဖြင့် မနောစိတ်ကို လေ့ကျင့်ပေးခြင်းဖြင့် ပထမဦးဆုံး ကိုယ်ခန္ဓာထဲသို့ ဝင်ရောက်ဖိစီးလာသည့်အတွက် ဖျားနာမှုများကို ကာကွယ်နိုင်ပါလိမ့်မည်။ အဆုံးစွန်ဆိုရလျှင် လူတစ်ယောက် သေခြင်းနှင့် ရှင်ခြင်းတရားကို ပိုင်းဖြတ်နိုင်စွမ်းရှိလာသည်။ ယင်းသို့ လုပ်ဆောင်နိုင်မှုသည် မနောစိတ်အတွင်းမှာပဲ ရှိသည်ဟုဆို၏။

အချို့သော ရုရှားသိပ္ပံပညာရှင်များနှင့် ဆေးသိပ္ပံဆိုင်ရာ ပါရဂူများက သူတို့၏ အာကာသကျွမ်းကျင်သူတို့သည် အမေရိကန်များကဲ့သို့ပင် တူညီသော အကြုံဉာဏ်များကို လက်ခံရရှိလျက်ရှိနေသေးသည်။ သို့ရာတွင် သူတို့သည်လည်း အလားတူပင် ဆိုဗီယက် ဗျူရိုကရက်များက နှုတ်ပိတ်ထားရန် ညွှန်ကြားခဲ့ပေ၏။

"ဆိုဗီယက် ထိပ်တန်းအာဏာပိုင်များက ဤဖြစ်ရပ်များမှာ ဘာသာရေးကိုင်းရှိုင်းမှုသာဖြစ်သည်"ဟူ၍ ပြောခဲ့ကြောင်းကို ထိပ်တန်းဆိုဗီယက်ဆေးသိပ္ပံပညာရှင် ပါရဂူအဖြစ် အနှစ် ၃၀ လုပ်ခဲ့သူ ပီတာအောလာနာဗစ်က ပြောကြားခဲ့သည်။

"သူတို့အနေနဲ့ လုံးဝမကြိုက်မနှစ်မသက်တာကတော့ စိတ်က ရုပ်ကို ချုပ်ကိုင်တယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်" ဟု ထပ်မံပြောဆိုခဲ့ပါသေး၏။

အိုဂန်နာဗစ်ဆိုသူက -

"ကျွန်တော်ဟာ ကလေးဘဝတုန်းက မတော်တဆ ထိခိုက်မှုတစ်ခုကြောင့် ခြေတစ်ဖက်ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ခြေထောက်ဟာ သုံးနှစ်အတွင်းမှာပဲ ပြန်ရှင်သန်လာခဲ့ပါတယ်"

နောက်ရုရှားလူမျိုးတစ်ဦး ဖြစ်သူကလည်း အသက်ဆုံးရှုံးဖို့ရာ နောက်ဆုံး အခြေနေရောက်နေသည့် ၎င်း၏



တစ်ချိန်က နာဆာဌာနတွင် အလုပ်လုပ်ခဲ့သူ ဒေါက်တာကက်လော့

အဆုတ်ကင်ဆာကို သူဟာသူ တစ်ပတ်အတွင်းမှာ ကုသလို့ ပျောက်ကင်းခဲ့ကြောင်း ဝန်ခံပြောဆိုခဲ့ပါ၏။

"ကျွန်တော်တို့ဟာ တစ်ယောက်မှ ၁၀ နှစ်အတွင်းမှာ တစ်ခါဖူးမျှ ဖျားနာမှု မဖြစ်ခဲ့ဖူးပါဘူး။ ပြီးတော့ ကျွန်တော်တို့ဟာ ဇရာအိုအဖြစ် အရွယ်ကျမလာကြပါဘူး" ဟု အိုဂန်နာဗစ်က ပြောခဲ့ပါသေး၏။

ယင်းရုရှားလူမျိုးများမှာ အာကာသဂြိုဟ်သားများနှင့် အဆက်အသွယ်မှာ ပြတ်တောက်သွားခဲ့သော်လည်း အမေရိကန်တို့မှာကား အာကာသဂြိုဟ်သားတို့နှင့် ယခုထက်တိုင် အဆက်အသွယ်ရှိနေကြောင်း ဒေါက်တာကက်လော့နှင့် ဒေါက်တာရပ်ရှင်းတို့က ပြောကြားခဲ့ပါသေး၏။

**ကိုမောင်သန်းဝင်း**

*Ref; 'SUN' Dec [illegible], 1994.*



www.burmeseclassic.com

www.burmeseclassic.com

ဗေဒလောမှတ်သား

# အလယ်နတ် (နှင့်) အထက်နတ်များ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်၏နေအိမ် ဟောခန်းသို့ မိတ်ဆွေတစ်ဦး ရောက်ရှိလာသည်။ ထိုမိတ်ဆွေသည် ကျွန်ုပ်ထက် အသက် ၁၀ နှစ်ကျော်ခန့်ကြီးသည်။ ဆံပင်ကို အမြဲ ခေါင်းတုံးတုံးထားသည်။ သူနှင့် စာရေးသူသည် အယူဝါဒ မတူကွဲပြားမှုအချို့ ရှိသော်လည်း ခင်မင်ရင်းနှီးကြသည်။ သူသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို လက်ခံယုံကြည်ထားပြီး ကျန်သည့် အယူဝါဒ၊ ကိုးကွယ်ပူဇော်မှုအမျိုးမျိုးကို ဆန့်ကျင်ပြောဆိုလေ့ရှိ၏။ အထူးသဖြင့် ဘိုးတော်၊ မယ်တော်၊ နတ်ဒေဝါတွေကို အပြစ်ပြောသလို သစ္စာလေးပါးတရားမဟောသော ဘုန်းကြီးကိုလည်း အပြစ်တင်သည်။ သူသည် ဝိပဿနာတရားကိုသာ အားထုတ်ပြီး ကျန်သည့်ကိစ္စစိတ်မဝင်စားဟု ပြောသည်။

စာရေးသူမှ "မယုံကြည် မကိုးကွယ်ရင်နေ၊ အပြစ်တွေ၊ အဆိုးတွေ မမြင်ဘဲ မေတ္တာပို့ပေးလိုက်ပါ။ မေတ္တာမပို့နိုင်ရင် ဥပေက္ခာတရားနဲ့ နေလိုက်ပါ"ဟု အကြံပေးပါသည်။ ထိုမိတ်ဆွေမှ "ဆရာမျိုးတို့ စာရေးဆရာတွေမှာ တာဝန်ရှိတယ်။ လူတွေ အယူမှား၊ အမှတ်မှားနေတဲ့ ကိစ္စတွေ ရေးရမယ်" စသည်ဖြင့် အကြံပေးသလို ပြောကြားလေ့ရှိသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါးကို သိမှတ်ပြီး ကျင့်ကြံအားထုတ်တာ ကောင်းပါသည်။ သို့သော် မိမိသဘောမကျတာကို အပြစ်တွေပဲ လိုက်မြင်ကြည့်နေပါက အကုသိုလ်စိတ်၊ ဒေါသစိတ်တွေ ဖြစ်နေမည်။ မိတ်ဆွေမှ ဆရာမျိုး "နတ်ဆိုတာ ဘာလဲ။ အထက်နတ်၊ အောက်နတ် ခွဲခြားသိလား။ သိသလောက် ရှင်းပြပေးပါ" ဟု တောင်းဆိုလာသည်။

ကျွန်ုပ်လည်း ဖတ်မှတ်ထားသော စာအုပ်ကို မှီငြမ်းရှင်းပြရသည်။ သူထင်မှတ်နေသော အောက်နတ်ဆိုသည်မှာ ၃၇ မင်းနတ်ကို ပြောခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ်က စာရေးသူ စာအုပ်တစ်အုပ် ထုတ်သည်။ ဝိဇ္ဇာအကြောင်းနှင့် ပတ်သက်သော "ဒဏ္ဍာရီမဟုတ်သော ဂန္ဓာရီ"အမည်ရှိ စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် သူရဿတီမယ်တော်ကြီးအား အထက်နတ်စာရင်းသွင်းထားရာ စာရေးဆရာတစ်ဦးမှ အခြားတစ်ဦးထံသွား၍ "ဆရာလှမျိုးရေးတာ မှားနေတယ်" စသည်ဖြင့် သူ့အယူအဆကို ပြောသည်။ ထိုသူသည် ဂမ္ဘီရဝတ္ထုဇာတ်လမ်း ရေးနေသော်လည်း ဝိဇ္ဇာဒီပနီကျမ်းတွေ မဖတ်ဖူးသောကြောင့် ဖြစ်နိုင်သည်။

ယခု ဝိဇ္ဇာမဟာပညာ မှတ်စုကျမ်းမှ အလယ်နတ်နှင့် အထက်နတ် အကြောင်း ရေးသားဖော်ပြပေးလိုက်ပါသည်။

### အလယ်နတ်ကြီးအမျိုးမျိုးကို ခွဲခြား၍ပြခြင်း

အလယ်ကို ပါဠိလို "မဇ္ဈိမ"ဟု ခေါ်သည်။ အောက်လည်းမရောက်၊ အထက်လည်းမကျ၊ အလယ်အလတ်ကို မဇ္ဈိမဟုခေါ်သည်။ ၎င်းမဇ္ဈိမ (ခေါ်) အလယ်အလတ်ရှိသော နတ်များသည် ကြမ်းတမ်းကုန်၏၊ ဒေါသကြီးကုန်၏၊



www.burmeseclassic.com

အမျက်စောင်မာန်ကြီးကုန်၏။ စိတ်မထင်လျှင် ဆရာပင်လျှင် ရန်ပြုတတ်၏။ ထိုအလယ်နတ်များတွင် ကြမ်းတမ်းခက်ထန်သော တောစောင့်နတ်၊ တောင်စောင့်နတ်အပြင် ၃၇ မင်းနတ်များ၊ ရုက္ခစိုးနတ်များ၊ တောင်ပိုင်နတ်များ၊ ပုဏ္ဏက၊ အာဠဝကနတ်များ (အလယ်ဂိုဏ်းပုဏ္ဏက၊ အာဠဝကကို ဆိုသည်၊ အထက်ကိုမဆို)၊ နတ်ဘီလူးများ၊ ကုမ္ဘဏ်နတ်များ၊ ကတော်ခုနစ်ပါး စသည်များ ပါဝင်ပေသည်။ ပုဏ္ဏကဘီလူး၊ အာဠဝကဘီလူးများကို လူသိများကြသည်။ သို့ပေမယ့် ဆရာကောင်း၊ ဆရာမြတ်မှတစ်ပါး ပုဏ္ဏက၊ အာဠဝကကို အထက်လမ်းလား၊ အောက်လမ်းလားဟူ၍ မခွဲခြားတတ်ပါ။

၁။ အာဠဝကနတ်ဘီလူး၊ ပုဏ္ဏကနတ်ဘီလူး (အောက်လမ်းတွင်ရှိ)။

၂။ အာဠဝကနတ်ဘီလူး၊ ပုဏ္ဏကနတ်ဘီလူး (အလယ်လမ်းတွင်ရှိ)။

၃။ အာဠဝကနတ်ဘီလူး၊ ပုဏ္ဏကနတ်ဘီလူး (အထက်လမ်းတွင်ရှိ)။

***ပုဏ္ဏကနတ်ဘီလူးအစစ်၊ အာဠဝကနတ်ဘီလူး အစစ်သည် အထက်လမ်း ပညာစဉ်တွင်သာရှိသည်၊ အကျွတ်တရားရကုန်ကြပြီ၊ မြတ်စွာဘုရားချွတ်၍ ကျွတ်ကုန်ပြီဟု မှတ်သားရသည်။***

သို့ဖြစ်၍ မေးစရာအကြောင်းရှိသည်။ ပုဏ္ဏက၊ အာဠဝကတို့သည် အောက်လမ်းရော၊ အလယ်လမ်းရော ပါနေပါလားဟု မေးစရာရှိသည်။ အမှန်မှာ ပုဏ္ဏကဘီလူးသည် တစ်ဦးတည်းပင်၊ အာဠဝကဘီလူးသည် တစ်ဦးတည်းပင်။

အမှန်စင်စစ် အောက်လမ်းများသုံးစွဲသော ပုဏ္ဏက၊ အာဠဝကသည် အစစ်မဟုတ်ဘဲ အောက်လမ်းတွင် ကြီးမားသော သရဲနှစ်ကောင်ဖြစ်စေ၊ သဘက်နှစ်ကောင်ဖြစ်စေ အယောင်ဆောင်၍ထားခြင်း ဖြစ်သည်ကို သတိပြုပါ။ ထိုနည်းတူ အလယ်လမ်းဆရာများ သုံးစွဲသော ပုဏ္ဏက၊ အာဠဝကသည် အစစ်မဟုတ်ဘဲ အလယ်လမ်းတွင် ကြီးမားသော သစ်ပင်စောင့်၊ တောစောင့်ရှစ်ဦးဦးကိုဖြစ်စေ အယောင်ဆောင်ခိုင်းထားခြင်းသာ ဖြစ်သည်ကို သတိပြုပါ။

ပုဏ္ဏကနတ်ဘီလူးအစစ်၊ အာဠဝကနတ်ဘီလူးအစစ်သည် အထက်လမ်းပညာစဉ်တွင်သာရှိသည်။ အကျွတ်တရားရကုန်ကြပြီ။ မြတ်စွာဘုရားချွတ်၍ ကျွတ်ကုန်ပြီဟု မှတ်သားရသည်။

ထို့ကြောင့် • • • အလယ်ဂိုဏ်း၊ အလယ်လမ်းတွင်ပါဝင်သော နတ်များမှာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဂူစောင့်နတ် အငယ်စားများပါဝင်သည်။ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ် အငယ်စားများ ပါဝင်သည်။ နတ်ရဲသစ်ပင်တွင်စောင့်သော နတ်ရဲများ၊ အထိကရသစ်ပင်ကြီးများတွင်စောင့်သော နတ်ဘီလူးများလည်း ပါဝင်သည်။ ၎င်းပြင် စုန်းကဝေမှဖြစ်သော ကတော်ခုနစ်ပါးလည်း ပါဝင်သည်။ ၎င်းမှာ -

၁။ ယောကကတော်၊
၂။ ရေယာဉ်ကတော်၊
၃။ အနောက်ဘက်ကတော်၊
၄။ မြောက်ဘက်ကတော်၊
၅။ စကြာကတော်၊
၆။ နောကကတော်၊
၇။ စကားကတော် စသော ကတော်ခုနစ်ပါး ပါဝင်သည်။

၎င်းပြင် ၃၇ မင်းနတ်များ ဖြစ်ကြကုန်သော -

၁။ ဦးမင်းကျော်နတ်၊
၂။ ရွှေဖျဉ်းကြီးနတ်၊
၃။ ရွှေဖျဉ်းလေးနတ်၊
၄။ ဗျတ်ဝိနတ်၊
၅။ ဗျတ္တနတ်၊
၆။ ပုပ္ပားတောင်ပိုင်နတ်၊
၇။ မနဲလေးနတ်၊
၈။ ကိုးမြို့ရှင်နတ်၊
၉။ အသားမင်းသားနတ်၊
၁၀။ ပဲခူးမယ်တော်နတ်၊
၁၁။ ရွှေနဘောနတ်၊
၁၂။ တောင်ကြီးရှင်နတ်၊
၁၃။ မြင်းဖြူရှင်နတ်၊
၁၄။ မောင်ဖြူနတ်၊
၁၅။ မောင်ညိုနတ်၊
၁၆။ ဖိုးခေါင်နတ်၊
၁၇။ မင်းရဲကျော်စွာနတ်၊
၁၈။ မင်းရဲအောင်ထင်နတ်၊
၁၉။ တပင်ရွှေထီးနတ်၊
၂၀။ မိဖုရားကြီးနတ်၊
၂၁။ မင်းမဟာဂီရိနတ်၊
၂၂။ ဦးရှင်ကြီးနတ်၊

www.burmeseclassic.com

၂၃။ ဘိုးတဓွေနတ်၊

၂၄။ ရှင်သာဇံနတ် စသည်များပါဝင်သည်။

၃၇ မင်းပြည့်ရန် ၁၃ ပါး ကျန်နေသည်။ ၂၄ + ၇ = ၃၁ ပါး ရမည်။ ခြောက်ပါးကျန်သည်။ အဓိကမှာ အလယ်နတ်ဖြစ်ကြောင်းကိုသာ ဖော်ပြပေးခြင်းဖြစ်သည်။

ထိုနတ်များကို အလယ်လမ်းလိုက်ကြကုန်သော ဆရာကောင်း၊ ဆရာမြတ်တို့သည် ပသခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း လုံးဝမပြုလုပ်ရ။

သို့သော် မေတ္တာပို့ခြင်း၊ အမျှဝေခြင်းသာ ပြုရသည်။ နိုပ်စက်ညှဉ်းပန်းမှုလည်း ရှောင်ကြဉ်ရာ၏။ ၎င်းအပြင် ထိုအလယ်ဂိုဏ်းနတ်များတွင် ထပ်မံ၍ ပါဝင်သော နတ်များမှာ ကဝေနတ်၊ ၊ ဇော်ဂနီနတ်၊ ဥရုနတ်၊ နဲ့ခရုနတ်များ၊ ကြမ်းတမ်းသော ဂန္ဓဗ္ဗနတ်များ၊ ကုမ္ဘဏ်နတ်များ၊ ကမ္ဘာစောင့် သရဲ၊ သဘက်ကြီးများ၊ ကြမ်းတမ်းသော နတ်ဘီလူးအချို့ ပါဝင်ကြကုန်သည်။

အောက်လမ်းနှင့် အလယ်လမ်းဆရာများကား ထိုနတ်များကို အစာပေးအပ်ပြီး ပူဇော်ပသရ၏။ ကန်တော့ပွဲပေးရ၏။ သို့မှ ကူညီစောင့်ရှောက်ကြကုန်၏။ အချို့သော လူများ၊ မိန်းမများသည် ထိုနတ်များဖြင့် လိမ်ညာ၍ လူများကို လှည့်စားတတ်ကြကုန်၏။ နတ်ကတော်လုပ်ကြကုန်၏။ ထိုနတ်များသည် ဥပစ္ဆေဒကကံဖြင့် သူတစ်ပါး၏ လုံ့လပယောဂကြောင့် သေဆုံးရ၍ အယူတိမ်းကာ နတ်စိမ်းများ ဖြစ်လာကြကုန်၏။ ထို ၃၇ မင်း အပြင်နတ်များသည် လူ့အောက်ကျသော နတ်များဟု မှတ်ယူပါ။ လူသည် သီလနှင့်နေ၏။ ဘုရား၊ တရား၊ သံဃာနှင့် နေ၏။ လူ့လောက် မမြတ်၍ လူ့အောက်ကျသည်ဟု ဆိုသည်။ ရိုးရာစလေ့ ပူဇော်စွဲရှိသူများ ဆက်လက်ပူဇော်ပသသင့်သည်။ ပူဇော်ခြင်းနှင့် ကိုးကွယ်ခြင်း အဓိပ္ပာယ်ခွဲခြားသိထားရမည်။

၃၇ မင်းနှင့်တကွ ဂိုဏ်းဝင်နတ်များသည် စိတ်မထင်က ပြန်၍ရန်လုပ်တတ်သည်။ (အရပ်ထဲမှာ ရိုးရာကိုင်သည်၊ နတ်ကိုင်သည်)ဟု ပြောတတ်သည်။ ပယောဂကုစားရာတွင်လည်းကောင်း၊ အကြားအမြင် ဟောရာတွင်လည်းကောင်း၊ အခြား အခြားသောကိစ္စများကို ခိုင်းစေရာတွင်လည်းကောင်း များစွာအသုံးဝင်လေသည်။

### အထက်နတ်ကြီးအမျိုးမျိုးကို ပြခြင်း

"နတ်"ဆိုသည်မှာ ကိုးကွယ်အပ်သည့်အရာဟု အချို့ဆရာများ ဆိုကြကုန်၏။ "နာထ"ဆိုသောစကားမှ ဆင်းသက်လာသည်။ ထို့ကြောင့် ကိုးကွယ်အပ်သောအရာကား လောကတွင် သုံးမျိုးပြ၏။ ထိုသုံးမျိုးကား -

၁။ ဝိသုဒ္ဓိနတ်၊

၂။ ဥပပတ္တိနတ်၊

၃။ သမုတိနတ်ဟု သုံးမျိုးကို ဆိုသည်။

ထိုသုံးမျိုးတွင် ပထမ ဝိသုဒ္ဓိနတ်ဟူရာ၌ ဝိသုဒ္ဓိသည် စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်းကို ဆိုလိုသည်။ ဆိုလိုရင်းက အာသဝေါ ကိလေသာ ကုန်ခန်းသော ဘုံ ၃၁ ဘုံမှ ကင်းလွတ်တော်မူသော ၁။ မြတ်စွာဘုရား၊ ၂။ ပစ္စေကဗုဒ္ဓါ၊ ၃။ ရဟန္တာပုဂ္ဂိုလ်···၎င်းသုံးပါးကို ဝိသုဒ္ဓိနတ်ဟု ခေါ်ဆိုသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်သမျှသည် ကိုးကွယ်ရမည်၊ အားထားရမည်၊ ယုံကြည်ကိုးစားကြရမည်။

ဒုတိယ ဥပပတ္တိနတ်ကား···အရောင်အဝါဖြင့် ထွန်းလင်းတောက်ပသောကြောင့် (ဝါ) အရောင်အဝါဖြင့် တောက်ပသော ကိုယ်ခန္ဓာရှိသောကြောင့် ဥပပတ္တိနတ်ဟု ခေါ်ဆိုကြသည်။ ၎င်းတို့ကား···

(၁) စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၊ (၂) သိကြားမင်း၊ (၃) ဗြဟ္မာမင်း၊ (၄) ၃၃ ပါးသော နတ်စစ်သည်များ၊ (၅) သူရဿတီမယ်တော်ဒေဝီခုနစ်ပါး၊ ဒေဝီကိုးပါး၊ (၆) နေနတ်သား၊ လနတ်သား၊ အာကာသစိုးနတ်များ၊ (၇) နတ်ပြည်ခြောက်ထပ်တွင်ရှိသော နတ်များ၊ (၈) စကြဝဠာတွင်ရှိသော နတ်များ၊ (၉) တောင်ခုနစ်ထပ်တွင် ရှိသော နတ်များ၊ (၁၀) လူတို့ကို စောင့်ကြပ်သော နတ်ကြီးငါးပါး၊ (၁၁) ဇမ္ဗူဒီပါကျွန်းကြီး လေးကျွန်းကို စောင့်ကြပ်သော နတ်ကြီးငါးပါး၊ (၁၂) ကမ္ဘာကြီးကို စောင့်ကြပ်သော နတ်ကြီးငါးပါး၊ (၁၃) အာလိန်ငါးဆင့်ကို စောင့်ကြပ်သော နတ်မင်းများ၊ (၁၄) ရတနာသုံးပါးကိုလေးစားကြည်ညိုသော သာသနာတော်စောင့်နတ်များ၊ သမ္မာဒေဝနတ်များ၊ (၁၅) ဂြိုဟ်၊ နက္ခတ်တာရာများကိုစောင့်ကြပ်ကြကုန်သော နတ်ကောင်းနတ်မြတ်များ ပါဝင်ကြကုန်သည်။

ထိုနတ်များကို ဥပပတ္တိနတ်များ



www.burmeseclassic.com

ဟု ခေါ်ဆိုပေသည်။ ဘုန်းတန်ခိုးလည်း အလွန်ကြီးမား၏။ အရောင်အဝါလည်း အလွန်တောက်ပ၏။ ကမ္ဘဝိဇ္ဇိလည်း ကြီးမားကြကုန်၏။

တတိယ သမုတ်နတ်ကား လောကတွင် သမုတ်အပ်၊ တင်မြှောက်အပ်၊ ရွေးကောက်အပ်သော ရှင်ဘုရင်၊ မှူးမတ်၊ စကြဝတေးမင်း၊ ပဒေသရာဇ်မင်း၊ စစ်မှူး၊ ဗိုလ်မှူး၊ သမ္မတမင်း စသည်တို့သည် သမုတိနတ်များဟု ခေါ်ဆိုသည်။ ထိုမှဆက်လက်၍ အထက်နတ်မင်းကြီးများကို ထပ်မံ၍ ခွဲခြားပြဆိုပေအံ့။ သေချာစွာ မှတ်ကြပါ။

စတုလောကပါလ နတ်မင်းကြီး လေးပါးကား...

(၁) ဓတရဋ္ဌနတ်မင်း။ (၂) ဝိရုဠှကနတ်မင်း။ (၃) ဝိရူပက္ခနတ်မင်း။ (၄) ကုဝေရနတ်မင်း။

၎င်းလေးပါးကို စတုမဟာရာဇ်နတ်ကြီးလေးပါးဟု ခေါ်၏။

ကမ္ဘာစောင့်နတ်မင်းကြီး ငါးပါးကား...

(၁) သူရဿတီနတ်သမီး။ (၂) စန္ဒာနတ်သမီး။ (၃) စန္ဒီနတ်သမီး။ (၄) နရိန္ဒနတ်သမီး။ (၅) ဣန္ဒရသီနတ်သမီး။ (၆) ဂဟာပတိနတ်သမီး။ (၇) သီရိနတ်သမီး။

တစ်နည်း ဒေဝီကိုးပါးကား...

သူရဿတီ၊ စန္ဒီ၊ စန္ဒာ၊ ဣန္ဒရသီ၊ မာယာ၊ ပြာယာ၊ မဏိမေခလာ၊ သီရိ၊ တဝင်မယ်ဒေဝီကို ပြဆိုသည်။

ဒေဝီ ၁၂ ပါး ပြဆိုသည်လည်း ရှိ၏။ ရက္ခာဒေဝီ၊ ဂဟာပတီဒေဝီတို့ ပါဝင်သည်။ ဂျာနယ်တစ်ခုတွင် ဆရာကြီးတစ်ဦးမှ ရက္ခစိုးနတ်သမီးဟု ရေးသားရာ မသိသူတို့ဝေဖန်ကြ၏။ ရက္ခစိုးဘိုးဘိုးကြီးပဲ ကြားဖူးတယ်၊ ရက္ခစိုးမယ်တော်ကြီး မကြားဖူးပါဘူးဟု ဆိုကြသည်။ ရက္ခစိုးဒေဝီ၊ ရက္ခစိုးနတ်သမီး (သို့) ရက္ခစိုးမယ်တော် ဖြစ်ပါသည်။

မဟာသမယသုတ်လာ အထက်လမ်းနှင့်ဆိုင်သော နတ်မင်းများကား

(၁) နန္ဒဘီလူး။ (၂) သောမဘီလူး။ (၃) နန္ဒိယဘီလူး။ (၄) အာဠဝကဘီလူး။ (၅) ပုဏ္ဏကဘီလူး။ (၆) ဟေမဝန္တဘီလူး။ (၇) သာတာဂိရိဘီလူး။ (၈) ဝေဿမိတ္တဘီလူး။ (၉) အာနန္ဒာဘီလူး။ စသော ဘီလူးများအပြင် ဂန္ဓီရနတ်စစ်သူကြီး။ နဂါးမင်း။ ဂဠုန်မင်း။ ရောဝဏ်ဆင်မင်း။ နာဂဝင်ဆင်မင်း။ အရှေ့စကြဝဠာတံတိုင်းစောင့်သောနတ်မင်း။ တောင်၊ အနောက်၊ မြောက် စကြာဝဠာစောင့်နတ်မင်း။ သမုဒ္ဒရာစောင့်၊ မြင်းမိုရ်တောင်၊ ဂြိုဟ်ကြီးကိုးလုံးကို စောင့်ကြပ်သောနတ်မင်း။ ဗိဋကတ်သုံးပုံ စောင့်ကြပ်သောနတ်မင်း။ သိကြားမင်း။ နေမင်း။ လမင်း။ ဗေဒင်ကို စောင့်သောနတ်မင်း။ တစ်သောင်းသော စကြဝဠာတွင် စောင့်ရှောက်ကြပေကုန်သော နတ်မင်းများ။ ရတနာသုံးပါးကို ကြည်ညိုသော သမ္မာဒေဝနတ်များ။ သာသနာ ၅၀၀၀ ကို စောင့်ကြပ်သောနတ်မင်းများ။ တန်ခိုးကြီးမားသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ်မင်းများ စသည်ဖြင့် မရေမတွက်နိုင်အောင် တည်ရှိကြပေကုန်၏။

ထိုထိုသော နတ်မင်းကြီးများ၊ နတ်သားများ၊ နတ်သမီးများ၊ ဒေဝီများသည် အထက်လမ်းဆိုင်ရာ (ဝါ) အထက်နတ်ကြီးများ ဖြစ်ကြကုန်၏။ အထက်လမ်းပညာကို လျှောက်သော ဆရာတို့သည် ထိုနတ်ကြီးများကို သေချာစွာ မှတ်သားထားကြရမည်။ ထွက်ရပ်ပေါက်လမ်းလိုက်ရာတွင် များစွာ ကူညီကြ၏။ ထိုအထက်နတ်မင်းများသည် လောဘ၊ ဒေါသ နည်းပါး၏။ မေတ္တာတရား ရှေ့ထား၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် နတ်ကြီးများ ပါဝင်၏။ ရတနာသုံးပါးကို လေးစား၏။ ကြည်ညိုကြ၏။ ယဉ်ကျေးသိမ်မွေ့ကြ၏။ တန်ခိုးအလွန်ကြီးမားကုန်၏။

အလယ်နတ်နှင့် အထက်နတ်များ ခွဲခြားပြပြီးဖြစ်၏။ အထက်နတ်များသည် ဘုရားတည်၊ စေတီတည် စသည့် သာသနာပြုလုပ်ငန်းတွင် ပါဝင်ကူညီရ၏။ စေတီတည်ရာတွင် သာသနာပွဲ၊ ဝိဇ္ဇာပွဲ၊ ဘိုးတော်ပွဲ၊ မယ်တော်ပွဲ စသည့် ပွဲအမျိုးမျိုးအမည်တပ်၍ လျှ ဒါန်းတာ တွေ့ရှိရ၏။ လောကီနှင့် ဆက်နွယ်သောကြောင့် ပညတ်နှင့် မကောင်းနိုင်ပေ၊ အလယ်နတ်နှင့် ကင်းကွာနေနိုင်သော်လည်း အထက်နတ်နှင့် နီးစပ်စွာ နေကြရကုန်၏။ မယုံကြည်လျှင်နေ၊ ပြစ်မှားစော်ကားခြင်း မပြုလုပ်သင့်ပေ။

ဂမ္ဘီရဆရာလှမျိုး(B.Sc)

✦ မှီငြမ်း ✦

ဝိဇ္ဇာမယပညာ မှတ်စုကျမ်း

(ဘဒ္ဒန္တဝေပုလ္လ)

www.burmeseclassic.com

# ရိုးရာနတ်သို့ ကန်တော့ပွဲပြင် စားတော်ဆက်လျှင်

ဗဟိန်းသန်း

မိမိယုံကြည်ကိုးကွယ်ရာ နတ်မင်းအပေါင်းတို့အား စားသောက်ဖွယ်ရာများနှင့် ပူဇော်ပသသည်ကို စားတော်ဆက်သည်ဟု ဆိုသည်။ အချို့လူတို့မှာ စားတော်ဆက်လိုသော်လည်း မည်သည့်စားသောက်ဖွယ်ရာကို ဆက်ရမည်မှန်း မသိပေ။ မှားယွင်းဆက်မိပါက အချစ်မပွားဘဲ အမျက်ထားသွားမည်ကိုလည်း စိုးကြောက်ကြပေသည်။

သို့ဖြစ်ရာ လက်လှမ်းမီသိရှိသမျှ စားတော်ဆက်ရမည့်အစားအစာများကို နတ်အလိုက် ဖော်ပြသွားပါမည်။

## တောင်ပြုန်းမင်းနှစ်ပါး

မုန့်ဖြူ၊ မုန့်နီ၊ နှစ်ခုစီကို နှစ်ပုံပုံ။ ငှက်ပျောနှစ်ဖီး၊ ရွှေပန်းခိုင်နှစ်ခိုင်၊ ငွေပန်းခိုင်နှစ်ခိုင်၊ အချိုနှစ်ပွဲဆိုလျှင် ပြည့်စုံပါသည်။

(အချို့က ဒံပေါက်နှင့် ကုလားအစားအစာများ တင်သည်။ ယုန်ကင်နှင့် ထန်းရည်ကို မင်းနှစ်ပါးနှစ်သက်သည်ဟုလည်း ဆိုကြသည်။ သောက်ပွဲဆိုပါက ကြက်ကြော်နှင့် နိုင်ငံခြားအရက်မျိုးစုံ တင်သည်။)

## ပုပ္ပားမယ်တော်

သက်သတ်လွတ် တင်ရသည်။ ရနိုင်သည့် သစ်သီးမျိုးစုံနှင့် နှင်းဆီပန်းတင်ရသည်။ စံကားပန်းကို အများအားဖြင့် မတင်ကြ။ ပုပ္ပားတောင်တွင်ကား စံကားပန်းကို တင်သည်။

## အိမ်တွင်းစုနှစ်ပါး

ကောက်ညှင်းပေါင်း (သို့မဟုတ်) ဆီထမင်း (သို့မဟုတ်) ထမင်းဦးပေါင်းခုနစ်ပုံ၊ မုန့်ဖြူမုန့်နီ ခုနစ်ချပ်စီ၊ မုန့်နီကို အပေါ်၊ မုန့်ဖြူကို အောက်တွင်ထား၊ ငါးခေါင်းစုံ၊ အမြီးစုံ ခုနစ်ကောင်၊ လက်ဖက်ခုနစ်ပုံ၊ ကွမ်းခုနစ်ယာဖြင့် တင်ရသည်။

**အိမ်တွင်းနတ်အုန်းဆွဲမည်ဆိုပါက . . .**

အုန်းသီးကြွက်မြီးလုလု၊ အနာလွတ် ငှက်ပျောနှစ်ဖီး၊ ဖောင်းတော် ရှန်ဖြူ၊ ရှန်နီ(ရွှေဖောင်း)၊ ယပ်ဆိုင်း၊ ကွမ်းယာ၊ (သပြေ၊ စိန်ခြယ်၊ စံပယ် ရသည့်ပန်းကပ်)၊ လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်းပွဲပြင်။

## ရွှေနဗေ

သက်သတ်လွတ်အစားအစာ၊ ရေအင်တုံတစ်ခု၊ ပေါက်ပေါက်ဆုပ်၊ သစ်သီးကြီးစုံ တင်ရသည်။ ကြံသည်သားတော် ရှင်ဖြူ၊ ရှင်ညိုအတွက် ဖြစ်သည်။

## မန်နှဲမိ

ကလေးစားစရာ မုန့်၊ ချိုချဉ်၊ ကြက်ဥ၊ ဘဲဥစုံ တင်ရသည်။ စုံဆိုသည်မှာ ကြက်ဥ၊ ဘဲဥကို ၂၊ ၄၊ ၆ လုံး စသည်ဖြင့် တင်ခြင်းကို ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## မြင်းခြံရှင်

ထမင်းဦးပေါင်း ခုနစ်ပုံ၊ ထန်းလျက် ခုနစ်လုံး။ မုန့်ဆီကြော် အဖြူ၊အနီ ခုနစ်ချပ်စီ၊ ငါးအမြီးစုံ၊ခေါင်းစုံ ခုနစ်ကောင် (သို့မဟုတ်) ငါးခြောက်ခုနစ်ထစ်၊ ဖရုံယို၊ နာနတ်ယို၊ လက်ဖက် ကြက်သွန်ကြော်၊ နှမ်းနှင့် တစ်ပွဲ၊ ဖယောင်းတိုင် ခုနစ်တိုင်၊ သပြေခက်ခုနစ်ခက် ပြင်ရသည်။

**ကန်တော့ပွဲပြင်ပါက . . .**

ငှက်ပျောနှစ်ဖီး၊ အုန်းသီးခံကျွတ် (မျက်နှာဝလုပ်) တစ်လုံး၊ ကွမ်းယာသုံးယာဖြင့် ပြင်ရပါမည်။

## ကိုးမြို့ရှင်

ကန်တော့ပွဲတွင် ငှက်ပျောနှစ်ဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်းကိုးယာ(ဆေးပါ)နှင့် ပြင်ရသည်။

ကောက်ညှင်းပေါင်း ကိုးပုံ၊ မုန့်ဆီကြော် အဖြူ၊အနီ ကိုးချပ်စီ၊ ငါးကြော် ကိုးကောင်၊ ပဲပုပ် ကိုးပြား၊ ပိန်းဥ၊ မြောက်ဥ တစ်မျိုး (သို့မဟုတ်) နှစ်မျိုး၊ လက်ဖက်ကိုးပုံ၊ ဖယောင်းတိုင်ကိုးတိုင်၊ အမွှေးတိုင် ကိုးတိုင်၊ သပြေကိုးခက် ကိုးမြို့ရှင်တစ်ပွဲ၊ နှမတော် ပုလဲယဉ်တစ်ပွဲ ပြင်ရပါမည်။

## မစန်းဦးမင်းကျော်(ကိုကြီးကျော်) ပွဲပြင်ရန်

အလုံးလုလု၊ ကြွက်မြီးကောင်းကောင်း အုန်းသီး တစ်လုံး၊ ဖီးကြမ်း (သို့) ရခိုင်ငှက်ပျောနှစ်ဖီး၊ သပြေနှစ်ခက်၊ စံပယ်ပန်း၊ အမွှေးတိုင်တစ်တိုင်၊ ကွမ်းနှစ်ယာ လိုပါသည်။

စားပွဲဆက်ရာတွင် ထန်းရည်နှင့် ကြက်ကြော် အဓိကကျပြီး အချို့မှာ ကြက်ကြော်လေးကောင်၊ အရက်လေးလုံး၊ ဖန်ခွက်လေးခွက်၊ အချိုရည် လေးပုလင်း၊ လက်ဖက်ရည် တစ်ပန်းကန်၊ ဖယောင်းလေးတိုင် ပူဇော်ရသည်။

## အမေဂျမ်း

ကြွက်မြီးကောင်း၊ အလုံးလုလု အုန်းသီးတစ်လုံး၊ ဖီးကြမ်း (သို့မဟုတ်) ရခိုင်ငှက်ပျောသီးစိမ်းနှစ်ဖီး၊ သပြေပန်းနှစ်ခက်၊ စံပယ်ပန်း၊ အမွှေးတိုင်နှစ်တိုင်၊ ကွမ်းနှစ်ယာတို့ဖြင့် ပွဲပြင်ရမည်။ ပွဲထုံးစံ နံ့သာရည်ဖျန်းရမည်။

စားပွဲမှာ ကြက်မြစ်ကြက်သည်း ပြုတ်ကြော်၊ ငါးသလောက်ဥကြော်၊ ထန်းရည်တစ်မြူ၊ ပြောင်းဖူးဖက် ဆေးပေါ့လိပ်၊ လက်ဖက်တစ်ပန်းကန်၊ ဖယောင်းတိုင် ထွန်း ပြီး ဆက်နိုင်ပါသည်။

## နံ့ကရှိုင်းမယ်တော်

အမေဂျမ်းကဲ့သို့ပင် ကန်တော့ပွဲကို ပြင်ရပါမည်။ စားပွဲမှာ မုန့်လုံးရေပေါ်၊ မုန့်ကြာစေ့၊ ကညွတ်ရွက်သုပ်၊ မုန့်ဖက်ထုပ်များနှင့်အတူ မုန့်ဆီကြော်အဖြူ၊အနီ ခုနစ်ချပ်စီ တစ်ပန်းကန်၊ ငါးအရှင်နှစ်ကောင်ကို ဇလုံတစ်ခုစီ ခွဲထည့်၍လည်းကောင်း၊ ငါးနှစ်ကောင်ကို အမြီးစုံ၊ခေါင်းစုံ ကြော်၍လည်းကောင်း၊ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး ပူဇော်ရမည်။ သတိပြုရန်မှာ ငါးကြော်ရာတွင် မမွှန်းရ၊ ဆားမထည့်ရ၊ အကြေးခွံမသင်ရပေ။

## အမေရေယဉ်

ကန်တော့ပွဲမှာ အတူတူဖြစ်သည်။ စားပွဲတင်ရန်မှာ ထမင်း လေးပန်းကန်၊ အမဲအူစုံသည်းစုံ၊ ကြက်မြစ်ကြက်သည်း ဆီပြန်ဟင်း လေးပန်းကန်စီ၊ ဟင်းချို လေးပန်းကန်၊ ရေလေးခွက်၊ မတ်စေလေးစေ့ (ရေဖန်ခွက်ထဲထည့်)၊ မီးညှိပြီး ဆေးပေါ့လိပ် လေးလိပ်၊ ဖယောင်းတိုင် လေးတိုင် ပူဇော်ဆက်သရမည်။

အမေရေယဉ်ကို အနောက်မယ်တော်ဟုလည်း ခေါ်ပြီး စားပွဲပြင်ရာတွင် အရှေ့မယ်တော်၊ တောင်မယ်တော်၊ မြောက်မယ်တော်တို့ပါ ပြင်ဆင်ဆက်သပြီးသားဖြစ်သွားသည်။

## မငွေတောင်

မုန့်ဆီကြော် အဖြူ၊အနီ ခုနစ်ချပ်စီ ပန်းကန်တစ်ခုထဲထည့်၊ သစ်သီးအချို့နှင့် လက်ဖက်ပွဲပြင်ကာ ဖယောင်းတိုင်တစ်တိုင် ထွန်းညှိရမည်။

အချို့မှာ မငွေတောင်အတွက် ဆီထမင်း၊ ငါးကြော်၊ ငှက်ပျောသီး၊ ဘဲဥပြုတ်၊ ကြက်ဥပြုတ် တင်သည်လည်းရှိသည်။

■ ဗဟိန်းသန်း



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားအံ့ဖွယ်အဆောင်များ

သုတေသီမင်းသဏ်းဝင်း

လူရယ်လို့ ဖြစ်တည်လာလျှင် မလွဲမသွေတွေ့ကြုံရမည်မှာ ကုသိုလ်၊ အကုသိုလ်တရားတို့ပင် ဖြစ်သည်။ ကုသိုလ်ကံအကျိုးပေးလာလျှင် ကောင်းကျိုးဖလတွေရရှိနိုင်ပြီး၊ အကုသိုလ်အကျိုးပေးလာသော် မကောင်းကျိုးဖလတွေ တွေ့ကြုံခံစားရပေလိမ့်မည်။

သို့ဖြင့် ကုသိုလ်အကျိုးဖလ ရရှိစေဖို့အတွက် အကျိုးပေးနိုင်ဖွယ်ရှိသော အစီအရင်များ၊ အဆောင်များ ပြုလုပ်ဖန်တီးမှု ပြုလုပ်ကြသလို အကုသိုလ်အကျိုးပေးခဲ့ပါလျှင်လည်း အထိအခိုက် အပွန်းအပဲ့ သက်သာစေရန် အစီအရင်များ၊ အဆောင်များကိုလည်း ပြုလုပ်ဖန်တီးခဲ့ကြပါသည်။

အဆောင်၊ လက်ဖွဲ့ စသည်တို့သည် တတ်သိပညာရှင်တို့က ဖန်တီးမန်းမှုတ်ခဲ့ကြလေရာ စွမ်းပကားမရှိမဟုတ်၊ ရှိကြပါသည်။ အဆောင်လက်ဖွဲ့များကြောင့် ကြံတိုင်းအောင်ဆောင်တိုင်းမြောက်ခဲ့ကြသူများလည်း ရှိနေကြ ပါသည်။ များသောအားဖြင့် လူအတော်များများက အဆောင်လက်ဖွဲ့များကို ဆောင်ထားလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။ အကျိုးထူး၍ဖြစ်မည်။

အဆောင်လက်ဖွဲ့ဟူသည် အမျိုးအစား စုံစီနဖာရှိသည်။ ဥစ္စာပြည့်ဝလိုခြင်းအဆောင်၊ ဘေးကင်းလိုခြင်း၊ အကာအကွယ်ရလိုခြင်း၊ ကံကောင်းလိုခြင်း၊ အောင်မြင်လိုခြင်း စသည်ဖြင့် ထွေပြားလှသည်။ ယုံလျှင်ကြည်သည် ဟူသော စကားနှယ် ယုံကြည်ဖို့တော့ လိုပေမည်။

## (၁) အဘရာကာဒါဘရာ (Abracadabra)

အဆိုပါစကားလုံးမှာ ရှေးခေတ်အနောက်တိုင်းမှ အဆောင်ပြုခဲ့သော ရှေးစကားလုံးဖြစ်သည်။ အဝတ်စ (သို့မဟုတ်) သစ်ခေါက်ပေါ်တွင် ရေးဆွဲ၍ လည်ပင်းတွင် ကြိုးဖြင့်ဆွဲကာ ဆောင်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

မကောင်းဆိုးဝါးများ၏ အန္တရာယ်မှကာကွယ်ပေးပြီး ကံကောင်းမှုအထွေထွေကို ဖြစ်စေသည်ဟု ယုံကြည်ကြ၍ဖြစ်ပါသည်။

ယင်းစာလုံးကို အောက်ပါအတိုင်း အစီအစဉ်အတိုင်း ရေးဆွဲ၍ ဆောင်ရပါသည်။ (အဝတ်စဖြစ်စေ၊ စက္ကူထူတွင်ဖြစ်စေ၊ သို့မဟုတ် သင်ကြိုက်နှစ်သက်ရာပေါ်တွင် ရေးဆွဲဆောင်နိုင်ပါသည်။)

**ABRACADABRA**
**BRACADABR**
**RACADAB**
**ACADA**
**CAD**
**A**

ယင်းစာလုံးကို ရေးသားရာတွင် အထူးသတိပြုရမည်မှာ ဘယ်မှစ၍ ညာသို့ရေးသွားရမည်ဖြစ်သည်။


## (၂) ဝက်သစ်ချသီး (ACORN)

ဝက်သစ်ချသီးကို အခြောက်လှမ်းပြီး လည်ပင်းတွင်ဆွဲခြင်း (ဝါ) အဆောင်ပြုထားခြင်းဖြင့် ငယ်ရွယ်နုပျိုခြင်းကို ထိန်းထားနိုင်မည်ဟု ရှေးအနောက်တိုင်းသားတို့က ယုံကြည်ခဲ့ကြပါသည်။

ထို့ပြင် စွန့်ခွာသွားသော ချစ်သူ (ဝါ) အိမ်ထောင်ဖက်သည် အဆောင်ပြုထားသူအား သတိရအောက်မေ့ကာ နောင်တရပြီး ပြန်လာစေတတ်သည်ဟု ယုံကြည်မှုရှိခဲ့ကြပါသည်။

## (၃) ကျောက်ဆူး (ANCHOR)

ယင်းအဆောင်သည် လုံခြုံခြင်း၊ ရည်မှန်းချက်ပြည့်စေခြင်း၊ ကံကောင်းခြင်းတို့ကို ပေးစွမ်းနိုင်သည်ဟု ယုံကြည်ခဲ့ကြပါသည်။



Anchor



www.burmeseclassic.com


www.burmeseclassic.com

### (၄) ထောင့်များ (Angles)

အင်္ဂလိပ်အက္ခရာ "L" နှင့်တူသော ထောင့်ပုံသဏ္ဍာန်သည် ပညာသင်များအတွက် လေးနက်စွာ နားလည်သဘောပေါက်နိုင်သည်ဟု ယူဆခဲ့ကြပါသည်။

### (၅) မြား (Arrow)

ယင်းသည် မကောင်းဆိုးဝါးများ၏အန္တရာယ်မှ ကာကွယ်ပေးသည်။ လည်ပင်းတွင် ဆွဲကြိုးဖြင့်ဝတ်ဆင်၍ အဆောင်ပြုလုပ်ကြပါသည်။




### (၆) ပုဆိန် (Axe)

ယင်းပုံကို ကျောက်တုံး၊ သို့မဟုတ် သတ္တုဖြင့်ပြုလုပ်၍ ဆောင်ကြသည်။ မကောင်းဆိုးဝါးများ၊ ရန်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးသည်။ ရန်သတ္တုပြုမည့်သူများကို ကျော်လွှားနိုင်သည်။ လည်ပင်းတွင် ဆွဲကြိုးဖြင့် ဝတ်ဆင်ဆောင်လေ့ရှိကြပါသည်။




### (၇) ဝက်ဝံ၏သွား

ဝက်ဝံ၏သွားကို အထူးသဖြင့် ကလေးများအတွက် အဆောင်အဖြစ် အသုံးပြုခဲ့ကြသည်။ အလွန်ငိုသောကလေး၊ ချူချာလွန်းသောကလေးများကို လည်ပင်းတွင် ဆွဲပေးခြင်းဖြင့် မကောင်းဆိုးဝါးများ၏ အန္တရာယ်မှ ကာကွယ်ပေးပြီး ကောင်းစွာအိပ်ပျော်စေနိုင်သည်ဟု ဆိုပါသည်။

အထက်အောက် သွားနှစ်ချောင်းကို ငွေဖြင့်ကွပ်ပြီး ပူဇာပြုကာကလေး၏လည်ပင်းတွင် အဝတ်နက်ကို ကြိုးပြုလုပ်၍ ဆွဲပေးရသည်။ ငယ်လွန်းသည့်ကလေးဖြစ်ပါက ကလေးအိပ်မည့် ခေါင်းအုံးအောက်တွင် ထားပေးရပါသည်။

### (၈) ခွေးတူ ဝက်တူ၏သွား (Badger Tooth)

ခွေးတူဝက်တူမှာ မြေခွေး၏အရွယ်ခန့်ရှိသော သတ္တဝါတစ်မျိုးဖြစ်သည်။ ၎င်း၏သွားကို လည်ပင်းတွင် ဆွဲ၍ အဆောင်ပြုထားခြင်းဖြင့် လောင်းကစား(gambling)တွင် အနိုင်ရနိုင်သည်ဟု ယုံကြည်ကြပါသည်။


### (၉) ဝါးနှင့်မြွေ (Bamboo and Serpent)

ဤအဆောင်ရုပ်တွင် ဝါးပင်မှ သဘာဝအတိုင်း ကွေးညွှတ်ကွင်းထိုးပြီး စက်ဝိုင်းကွင်းများနှင့် တြိဂံများစွာဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသည်။

ဤအဆောင်ရုပ်က ဆောင်သူအား ပညာဆည်းပူးလေ့လာခြင်းတွင် ကျွမ်းကျင်မှု ရစေနိုင်သည်။ ယင်းအဆောင်ရုပ်မှာ ရှုပ်ထွေးသောသင်္ကေတ ပုံသွင်ကို ဆောင်ယူထားသည်။


### (၁၀) လက်ကောက်(ဝါ) လက်ကြပ် (Bangle)

လူတစ်ဦးထံမှ လက်ကောက်(ဝါ) လက်ကြပ်ကို လက်ခံရရှိပြီး ဝတ်ဆင်သူသည် ပေးသူ၏ဆန္ဒကို လိုက်လျောရသည့်သဘောကိုဆောင်သည်။ ချစ်သူတစ်ဦးက လက်ကောက်ပေးခြင်းကို လက်ခံခြင်းသည် ထိုပေးသူ၏ ချစ်ကျေးကျွန်အဖြစ် ရောက်ရှိခြင်းဟု အဓိပ္ပာယ်ရသည်။




### (၁၁) ပုတီးစေ့များ (Beads)

ပုတီးစေ့များသည် နတ်ဘုရားများကို ပူဇော်ခြင်းသဘောကို ဆောင်သည်။ အထူးပြုလုပ်ထားသော ပုတီးစေ့များသည် အထူးရောဂါများကို ကုသရာတွင် အသုံးပြု၍ရသည်။ ပုတီးစေ့များကို မကောင်းဆိုးဝါးများအန္တရာယ်မှ ကာကွယ်မှုရရန်နှင့် ကံကောင်းရန်






www.burmeseclassic.com

www.burmeseclassic.com

အတွက်လည်း ဝတ်ဆင်တတ်ကြသည်။ အကောင်းဆုံးပုတီးစေ့များမှာ သန္တာ၊ တုလ်စီ(Tulsi)၊ နံ့သာဖြူဖြင့် ပြုလုပ်ထားသောပုတီးစေ့များဖြစ်သည်။


## (၁၂) ပျားကောင်များ (Bees)

ကျောက်မျက်ရတနာများ စီခြယ်၍ ပျားကောင်ပုံ လုပ်ဆောင်ထားသော အဆောင်မျိုးဖြစ်သည်။ ရွှေငွေစသည့် အဖိုးတန်သတ္တုများနှင့် လုပ်ဆောင်ကာ ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားခြင်းဖြစ်သည်။

ယင်းကိုဝတ်ဆင်၍ အဆောင်ပြုခြင်းဖြင့် စီးပွားရေးတွင် အလွန်အောင်မြင်မှုရရှိခြင်း၊ လုပ်ငန်းတွင် အထူးအောင်မြင်ခြင်း စသည့် အကျိုးများကို ရရှိခံစားစေနိုင်ပါသည်။ ဝတ်ဆင်သူအား စွမ်းအားပြည့်ဝစေခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ စွန့်စားလုပ်ကိုင်ရသော လုပ်ငန်းများတွင် အောင်မြင်စေခြင်း အကျိုးများရရှိစေသည်ဟု ယုံကြည်ချက်ရှိပါသည်။

## (၁၃) ခေါင်းလောင်း (Bell)

ခေါင်းလောင်းတီးသံ ကြားရပါက မကောင်းဆိုးဝါးများ ကြောက်လန့်တကြား ထွက်ပြေးကြရသည်ဟု ရှေးက အယူရှိခဲ့သည်။ ထို့ကြောင့် ခေါင်းလောင်းများကို ရှေးက စေတီ၊ ပုထိုး၊ ဘုရားရှိခိုးကျောင်း၊ ဘုရားကျောင်း(Temples) စသည်တို့တွင် ဝတ်ပြုပူဇော်ရာ၌ အသုံးပြုခဲ့ကြပါသည်။ ခေါင်းလောင်းပုံစံငယ်ကို အဆောင်ပြု၍ ဝတ်ဆင်ထားခြင်းဖြင့် မကောင်းဆိုးဝါးများ မနှောင့်ယှက်နိုင်ဟု ယူဆမှုရှိပါသည်။





## (၁၄) ခေါင်းစွပ် (Cowl)

ယင်းကို ဦးထုပ်(cap) ဟုလည်း ခေါ်ပါသည်။ ဦးခေါင်းနှင့် မျက်နှာကို အကာအကွယ်ပေးသည်။ ယင်းက ကံကောင်းခြင်းလက်ဆောင်တွေကို ယူပေးသည့်အဆောင် (အထူးသဖြင့် ကံဆိုးခြင်းကို တားဆီးကာကွယ်ပေးသည်။)အဖြစ် ယူဆယုံကြည်ခဲ့ကြပါသည်။ ယင်းကို ရှေးကတည်းက ဆွေစဉ်မျိုးဆက်အလိုက် လက်ဆင့်ကမ်း၍ ဆောင်လေ့ရှိကြသည်ဟူ၏။


## (၁၅) ကလိုဗာ (Clover)

ဥရောပတွင် ကျွဲနွားများစားသည့် အပင်ငယ်မျိုးဖြစ်၍ သုံးပွင့်ဆိုင်အပွင့်များ ပွင့်တတ်ပါသည်။ ယင်းအပွင့်များထဲမှ လေးပွင့်ဆိုင်အရွက်ကို တွေ့ရပြီးဆောင်ထားပါက ကံကောင်းခြင်း၊ ချမ်းသာခြင်း၊ ကျန်းမာခြင်း၊ ချစ်သူ၏ ယုံကြည်ခြင်းကို ခံယူရမည်ဟု ယုံကြည်ခဲ့ကြပါသည်။ ယင်းမှာ ကံကောင်းခြင်း၏ သင်္ကေတသဘောမျိုး ဖြစ်သည်။




## (၁၆) ဒေါ်လဖင်ငါး (Dolphin)

ရှေးဒဏ္ဍာရီတွင် ပါဝင်သော ငါးတစ်မျိုးဖြစ်သည်။ ယင်းကို အဆောင်ပြုခြင်းဖြင့် တေးဂီတ၊ စာပေ၊ ပန်းချီတို့တွင် အောင်မြင်မှုရတတ်သည်ဟု ဆိုပါသည်။ ယင်းက ဆောင်သူအား မဟာအနုပညာကျော်တစ်ဦး ဖြစ်သည်အထိ မြှင့်တင်ပေးနိုင်သည်ဟုလည်း ဆိုပါသည်။




## (၁၇) မျက်လုံး (Eye)

မျက်လုံးသည် နေမင်း၏သင်္ကေတနိမိတ်ပုံမှ ဆင်းသက်လာခြင်း ဖြစ်သည်။ နေမင်းသည် အသိဉာဏ်နှင့် စွမ်းအား သြဇာအရှိန်အဝါတို့ကို ပေးသည်။ ကံကောင်းခြင်း၊ ကြွယ်ဝချမ်း




သာခြင်းကိုပေးသည်။ ယင်းပုံသဏ္ဌာန်ကို ဝတ်ဆင်၍ အဆောင်ပြုခြင်းဖြင့် ကံကောင်းခြင်း၊ အသိပညာပြည့်ဝခြင်းကို ဖြစ်စေနိုင်ပါသည်။ နေနတ်ဘုရား၏ အကာအကွယ်ကို ရရှိခံစားရမည်ဟု အဆိုရှိပါသည်။

သုတေသီမင်းသထားဝင်း



www.burmeseclassic.com

www.burmeseclassic.com

# အုန်းဆွဲခြင်းဓလေ့

■ ဆင်ဖြူကျွန်းအောင်သိန်း

မြန်မာတို့၏ ယုံကြည်ကိုးကွယ်မှုဓလေ့တွင် ကိုးကွယ်မှု နှစ်မျိုးရှိပေသည်။ ပထမအမျိုးမှာ ကြည်ညိုလေးမြတ်သဖြင့် ရှိခိုးပူဇော်ကိုးကွယ်ခြင်းဖြစ်၏။ ဒုတိယအမျိုးမှာကား ကြောက်ရွံ့ ခန့်ညားသော၊ စိုးရိမ်ပူပန်သောကြောင့် ပူဇော်ပသမှု ဖြစ်ပေသည်။

ပထမအမျိုးအစားဝင် သဒ္ဓါပသန္နဖြင့် ရှိခိုးပူဇော်လှူဒါန်းမှုကို ရတနာသုံးပါးနှင့် မိဘဆရာများအား ပြုလုပ်ကြပေသည်။ ကြောက်ရွံ့ခန့်ညားသောကြောင့် ပသခြင်း၊ တင်မြှောက်ခြင်း၊ ကိုးကွယ်ခြင်းကိုကား "ရိုးရာကိုးကွယ်သည်၊ ရိုးရာပသသည်" ဟူ၍ ဆိုလေ့ရှိကြပေ၏။

မြန်မာတို့၏ ရိုးရာနတ်များတွင် "အိမ်တွင်းဖခင်ကြီး" ခေါ် အိမ်တွင်း မင်းမဟာဂီရိ၊ သို့မဟုတ် တောင်တော်မောင်နှမ နတ်သည် သက်တမ်းအရင့်ဆုံးဖြစ်ပေသည်။ သက်တမ်းအရင့်ဆုံးဟု ဆိုရခြင်းမှာ ပုဂံပြည်သို့ မြန်မာနှစ် ၂၆၆ ခုနှစ်ကတည်းက ရောက်လာခဲ့သောကြောင့်ပေတည်း။ (မှန်နန်းရာဇဝင်တော်ကြီး။ တတိယတွဲ။ စာ ၂၀၈)

မှန်နန်းရာဇဝင်၌ ဖော်ပြထားသည့် မဟာဂီရိနတ်မောင်နှမအကြောင်းမှာ ဤသို့ဖြစ်သည်။

တကောင်းပြည်၌ ပန်းပဲသမား တေင့်တောင်၏သား တေင့်တယ်သည် ဆင်ကို အစွယ်မှကိုင်လှဲပြီး အစွယ်ကို ချိုးပစ်နိုင်သည်အထိ ခွန်အားကြီးသည်။ သို့အတွက် တကောင်းဘုရင် ကြောက်ရွံ့ကာ တေင့်တယ်ကို ဖျောက်ဖျက်ပစ်ရန် ဖမ်းဆီးခြားမပိချေ။ ထွက်ပြေးသွားသည်။

ထိုအခါ ဘုရင်သည် ပရိယာယ်ဆင်ကာ တေင့်တယ်၏ နှမကို မိဖုရားမြှောက်သည်။ ထို့နောက် သင့်မောင်အား "မြို့ကွပ်"ခန့်မည်၊ ခေါ်ယူပေးပါဆို၏။ တေင့်တယ်လည်း နှမထံမှ အမှာစကားကို ယုံကြည်ကာလိုက်လာသည်။ မြို့တော်သို့ ရောက်လျှင် အဖမ်းအဆီးခံရသည်။ စကားပင်တွင် ချည်နှောင်ပြီး "ဖိုချင်"ထိုးပြီး အသတ်ခံရသည်။

ဖိုချင်(ဖိုကျင်)မှာ လေထိုးပြွန်နှစ်လုံးပါသည့် မီးဖိုဖြစ်၏။ တေင့်တယ်၏နှမသည် "ငါ့မောင်သေရသည်မှာ ငါ့ကြောင့်ဖြစ်သည်"ဆိုကာ ပြေးလာပြီး မီးထဲခုန်ဆင်း၏။ မင်းကြီးဆွဲသော်လည်း ဦးခေါင်းကိုသာမိပြီး ကိုယ်ကျွမ်းကာသေသည်။

တေင့်တယ်မောင်နှမသည် သေပြီးနောက် (ဗုဒ္ဓစာပေများ၏ အလိုတော်အရမူ ဝေမာနိကပြိတ္တာ) မောင်နှမဖြစ်ကာ စကားပင်တွင် နေကြသည်။ ထိုစကားပင်အောက်သို့ ဝင်မိသမျှ လူသေ၊ ကျွဲနွားသေသည်။ ကြာသော် ထိုစကားပင်ကို အမြစ်မှ တူးပြီး ဧရာဝတီမြစ်အတွင်းသို့ မျှောလိုက်ရာ ပုဂံသို့ရောက်လာသည်။ ပုဂံသေဦးလည်ကြောင်မင်းက စကားတုံးကို နတ်မောင်နှမ ရုပ်တု ထုလုပ်ကာ ပုပ္ပားတောင်တွင်ထား၍ တစ်နှစ်တစ်ကြိမ် ဖူးမြင်ကြ၊ ပူဇော်ကြပေသည်။

ထိုနတ်မောင်နှမသည် ပုဂံထီးနန်းတွင် များစွာတွင်ကျယ်ခဲ့ဟန်ရှိ၏။ မည်သည့်အတွက် ဤသို့ခန့်မှန်းရသနည်းဟူမူ အနော်ရထာမင်းစောသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကို ပြုစုခဲ့ပြီး ထိုမင်းကိုဆက်ခံသော ကျန်စစ်သားမင်းကြီးလက်ထက်တွင်လည်း သာသနာတော်ကို ချီးမြှောက်ပါလျက် မဟာဂီရိနတ်ကို အထူးအရေးပေးသည့်ကိစ္စရပ်များ ပေါ်ပေါက်လာသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဖြစ်ပေသည်။

ထီးလှိုင်ရှင် ကျန်စစ်သားသည် မြန်မာသက္ကရာဇ် ၄၂၆ ခုနှစ်၌ ပုဂံထီးနန်းကို စိုးစံတော်မူ၏။ တစ်နေ့သော် နိုင်ငံတော်ကျေးစွန်ရွာနားကို "သက်မင်းကတုံ" ထိပါလာသဖြင့် မင်းကြီးစစ်ပြုရန် အမိန့်ပေး၏။ ထိုအခါ "ရှင်အရဟံမထေရ် မြတ်"က တားမြစ်တော်မူ၏။

ထိုအကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး စတုတ္ထတွဲ၌ ဖော်ပြထားပုံမှာ-

"ရှင်အရဟံလည်း မင်းကြီးရှေးဘဝ၌ ဆုတောင်းဖက်ဖြစ်သည်။ ခင်ပွန်းသည်ကို မပြစ်မှားလင့်"ဟူ၍ ရှေးအကြောင်းကို လုစ်ဟ၍ ဟောတော်မူလေ၏။

မဟာဂီရိနတ်လည်း ကိုယ်ထင်ပြ၍ မင်းကြီးအား မြစ်၏။ ထီးလှိုင်ရှင်မင်းလည်း "မဟာဂီရိနတ်သည် ငါနှင့် ဆုတောင်းဖက်ဖြစ်လျက် ငါခဝင်းရဲသောအခါ အဘယ့်ကြောင့် မမစပါသနည်း"ဟု မိန့်တော်မူ၏။

မဟာဂီရိနတ်လည်း ဤသို့ဆို၏။ "မင်းကြီးအား အနော်ရထာမင်းစော ကြိုးဖြင့်နှောင်၍ လုံနှင့်ထိုးလေသောအခါ ငါစောင်မ၍ ကြိုးကိုထိုးမိလျှင် နှောင်သောကြိုးပြတ်၍ မင်းကြီးလွတ်သည်သာ။ ငါမ,သည် မဟုတ်တုံလော"ဟူ၍ ဆို၏။ ထီးလှိုင်ရှင် ကျန်စစ်သားလည်း "ဟုတ်ပေ၏။ ငါနတ်မ,ကြောင်းကို မသိ"ဟူ၍ မိန့်တော်မူ၏။

မဟာဂီရိနတ်လည်း "တောင်ခွင်တွင် စစ်ပျက်၍ ညဉ့်မှောင်မိုက်ကို ပြေးသောအခါ ဖွတ်ရေဝတ်လုံကိုဝတ်၍ မြင်းကျားစီးလျက် မင်းကြီးရှေ့က ခရီးညွှန်သည်ကား ငါမဟုတ်တုံလော"ဟု ဆို၏။ မင်းကြီးလည်း "ဟုတ်ပေ၏။ ငါ နတ်မှန်းကို မိသချေ"ဟု မိန့်တော်မူ၏။

မဟာဂီရိနတ်လည်း "စောလူးကိုခိုးသောအခါ လူသူလိုက်လံ၍ ရေတွင် ပင်ပန်းစွာ မကူးနိုင်ရှိသည်ကို မြင်၍ ကျွန်းငယ်ဖန်ဆင်းပြီးလျှင် မြစ်တွေးငှက် အယောင်မြည်နှင့်သည်ကား ငါမဟုတ်တုံလော"ဟု ဆို၏။ "တံငါသားအဖယောင်ဆောင်၍ တံစွက်လှေငယ်နှင့် အောင်သာဘက်သို့ပို့သည်ကား ငါမဟုတ်တုံလော"ဟု ဆို၏။ မင်းကြီးလည်း "ဟုတ်ပေ၏။ ငါနတ်မှန်းမသိ"ဟု မိန့်တော်မူ၏။ ရှင်အရဟံလည်း သက်မင်းကတုံကိုဆုံးမ၍ ရန်စစ်ငြိမ်းစေ၏။"··· ဟူ၍ ဖြစ်ပေသည်။

သို့အတွက် ကျန်စစ်သား၊ မြေးတော် သီရိဇေယျသူရသူ၊ ရှင်အရဟံ၊ မဟာဂီရိနတ်နတ်နှင့် သက်မင်းကတုံတို့ ဘုရင်၊ မင်းသား၊ ပုဏ္ဏား၊ သူဌေး၊ စစ်သူကြီးတို့ ဖြစ်ကြစဉ်က ဆုတောင်းကြပုံကို ကန်တော်မင်းကျောင်းရွာသူကြီး မင်းဇေယျပျံချီက သူ၏နန်းကြာရွှေကူဘုရား မော်ကွန်းအပိုဒ်(၇)တွင် ဤသို့ဖွဲ့ဆိုထားခြင်း ဖြစ်ပေ၏။

"စေ့ရေထုတ်ဖော်၊ အကြံတော်ကို၊ မိန့်သော်ထိုခါ၊ ရှေးသံသာက၊ မကွာကြည်နူး၊ ဆုပန်ဖူးသည်၊ ငါဦးသူမြတ်၊ ရှေး၌စ်ဇာတ်က၊ မည်မှတ်ထူးလည်း၊ ပြည်တစ်ပြည်၌၊ ဇာနည်မှန်ကင်း၊ ထိုသည်မင်း၏ သားရင်းတစ်ပါး၊ ပုဏ္ဏားမည်ပေး၊ သေဌေးတစ်သီး၊ စစ်သူကြီးဟု၊ ယှဉ်မှီးအပြား၊ ထိုငါးပါးလျှင်၊ ဖြစ်ခြားကုန်ကြ၊ ထိုကာလက၊ တူကွမကွာ၊ ဆုတောင်းရာမှာ···"

"ကုမ္မာရဖြစ်၊ မင်းသားစစ်က၊ နောင်ခေတ်ကာလ၊ နေဝန်းပသို့၊ မင်းမျိုပတိ၊ ဘုန်းရှိသည့်သူ၊ ဖြစ်စေဟူ၏။"

"ဆုယူခေါင်ဖျား၊ ရှင်ပုဏ္ဏားမူ၊ မင်းဖျားတကာ၊ ကိုးကွယ်ရာသည်၊ မဟာထေရ်လျှင်၊ ဖြစ်လိုချင်ဟု၊ ပန်ဆင်မြတ်လေး"

"ရှင်သေဌေးလည်း၊ အရေးရောကခါ၊ မင်းတကာတို့၊ ကိုးရာဖြစ်စေ၊ ရပ်မြေကြော်ငြာ၊ သေနာပတိ၊ မည်ရှိတင်ပြီး၊ စစ်သူကြီးလည်း၊ ယှဉ်မှီးနောက်နောင်၊ ပြည်ထောင်ဖက်ချင်း၊ မင်းဖြစ်ရလို၊ ဆု မြွက်ဆို၏။"

"ယင်းထိုရောက်ခေတ်၊ မင်းကြီးစစ်မူ၊ တက်သစ်နေတူ၊ ဤသည့်သူတို့၊ ကြည်ဖြူချစ်နှစ်၊ ဤသို့ဖြစ်၏။ မလစ်မဟင်း၊ အုပ်နိုင်လျှင်းသည်၊ မင်းထီးဖြစ်စေ၊ ပန်ကြပေသား။"

"မျှဝေတူညွှတ်၊ ဆုထူးခွတ်ကြောင်း၊ အထွတ်ခေါင်ဖျား ကျန်စစ်သားဟု၊ တရားတည်ကြည် မင်းဖြစ်သည်ရှင့်။ လောင်းစည်သူမှာ နန်းတောင်ညာ၏ သိင်္ဂါရင်နှစ်သားတော်စစ်တည်း။ ထို ခေတ်ကာလ ပြဟ္မဏကား၊ ဘဝမျက်မြင်၊ လွတ်ကြောင်းထွင်သည်။ ရှင်အရဟံ မြတ်ထေရ်ပုံတည့်။ ကုံထံကြွယ်ဝ ဝမှန ဟု၊ နာဝမည်ပေး ရှင်သေဌေးကား၊ အရေးဝိုင်းမှာ မစလာသည်၊ မဟာဂီရိ နတ်ဘုန်းရှိတည့်။ သတ္တိကျော်ချီး စစ်သူကြီးမှာ၊ စပ်နီးမကင်း ပြည်ထောင်ချင်းဟု၊ သက်မင်းဖြင်လာ···"

ဒါရိုက်တာဆရာမြင့်၏ "နတ်ပေါင်းစုံ"စာအုပ်တွင် နမအမည်ကို "စောမယ်ယာ"ဟု ဖော်ပြသည်။ ဇာတ်သဘင်များနှင့် ရုပ်ရှင်များတွင်ကား နမမှာ တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်ဖြစ်သည်။ နမများ၏အမည်ကိုလည်း "ဒွေးဖြူမြတ်လု"ဟူ၍လည်းကောင်း၊ "ဒေဝီဖြူ ဒေဝီလု"ဟူ၍လည်းကောင်း ဆင်တူယိုးမှား မှည့်ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မဟာဂီရိနတ်ဟုခေါ်ခြင်းမှာ တောင်အထွတ်အမြတ်အဖြစ်ထားသော ပုပ္ပားတောင်တွင်နေသည့်အတွက် တောင်ထွတ်တောင်မြတ်နတ် ဆိုရာရောက်၏။ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တော်သို့ ရောက်လာသောအခါ နတ်ကိုးကွယ်မှုကို ပြင်းထန်စွာ နှိပ်ကွပ်သည်။

နှိပ်ကွပ်ပုံမှာ မကိုးကွယ်ရ ပိတ်ပင်ခြင်းမဟုတ်။ အိမ်ရှေ့တွင် နတ်ကွန်းကြီးများ ကြီးကျယ်စွာမထားရ။ အိမ်တွင်းမှာသာ ကိုးကွယ်ရမည်ဟု ကန့်သတ်ခြင်း ဖြစ်၏။ မနှိပ်ကွပ်၍လည်း မဖြစ်ပေ။ တူးရွှင်းတောင်၊ သေရောက်၊ စလေပုပ္ပား တစ်ခွင်တွင် နတ်ကို ကျွဲဖြူ၊ နွားဖြူများ သတ်ပြီး ပသကြရရာ စီးပွားဥစ္စာပျက်ပြားသည်အထိ ဖြစ်ကြရ၏။ သို့အတွက် ထိုကဲ့သို့လည်း မပသရန် တားမြစ်သည်။

ထိုကဲ့သို့ အိမ်တွင်းတွင်ထားကာ ပသရသည့်အတွက် "အိမ်တွင်းမင်း မဟာဂီရိ အိမ်တွင်းမောင်တော်နှမတော်" ခေါ်သည်။ ထိုနတ်မောင်နှမကို ရည်မှန်းချိတ်ဆွဲထားသော အုန်းသီးအနီးတွင် လင်မယားအတူတကွ မအိပ်စက်ရပေ။ နတ်ရက်သောကြောင့် ဖြစ်၏။

ထိုနတ်ကို အုန်းသီးဖြင့် တင်မြှောက်ထားရခြင်းကား မီးတွင်ကွယ်လွန်ပြီး နတ်ဘဝရောက်သူများ ဖြစ်သောကြောင့်တည်း။

ရှေးအခါက မီးလောင်သူများကို အုန်းရည်တိုက်ကျွေးကုသရသည့်အတွက် အုန်းသီးကိုးကွယ်မှုမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ရပါသည်။

ထိုအိမ်တွင်းနတ်အတွက် ရည်မှန်းချိတ်ဆွဲသော အုန်းသီးမှာ ရှေးဦးမူလကမူ "ကြိမ်ဆိုင်း၊ ဝါးနီးဆိုင်း"ဖြင့် ချိတ်ဆွဲထားရုံ နှံ့သာရည်ပက်ထားရုံသာ ရှိ၏။ နောင်သောအခါ ကွန့်လိုသူများက ရာပန်းထည် အနီပတ်ပေး၏။ ထပ်မံကွန့်မွမ်းလိုပြန်သည့်အခါတွင် "ကြိမ်ဆိုင်း"ကို ပန်းခက်ပန်းပွင့်ကလေးများဖော်လာကြသည်။ ပို၍ပို၍ မွမ်းမံချင်သူများကမူ ရွှေချထားသော "ခေါင်းပေါင်"ပုံတော်တွင် အုန်းသီးကိုတင်ပြီး အုန်းသီးပေါ်၌ ရွှေချထားသည့် "သရဖူ"မကျ၊ "မကိုဋ်"မကျသောအရာကို စွပ်ပေးသည်။ ယပ်ကိုလည်း ဆွဲပေးသည်အထိ ဖြစ်လာသည်

နတ်တင်မည့်အုန်းသီးသည် "ကြွက်မြီး"လုရမည်။ မကျိုးမပဲ့စေရ။ ဤသည်မှာလည်း အုန်းသီးတွင် အပြစ်အနာအဆာမရှိ ကြန်အင်စုံစေရန် နတ်ထိန်းများ၊ နတ်ဝင်သည်များက သတ်မှတ်ခြင်းသာ ဖြစ်သည်။

ထိုနတ်မောင်နှမနှင့် စပ်လျဉ်းသည့် မှုကွဲမှာ နှမတော်စောမယ်ယာသည် အိမ်တွင်းနတ်မဟုတ်။ "ရွှေမျက်နှာ"နတ်ဖြစ်သည်။ သူမီးပုံတွင်းသို့ ခုန်ဆင်းစဉ်က ခေါင်းကိုသာဆွဲ၍ရလိုက်သည်။ သို့အတွက် မျက်နှာပြင်ကို ရွှေချကိုးကွယ်သည့်အတွက် ရွှေမျက်နှာနတ်ခေါ်ခြင်း ဖြစ်၏။

ရှေးဦး မဟာဂီရိနတ်ပုံကို စကားတုံးဖြင့် ထုလုပ်သည်။ အရပ်ခုနစ်တောင် ရှိသည်။ နှမတော် ရွှေမျက်နှာအတွက်မူ အရုပ်မထု။ စကားတုံးတွင် ဦးခေါင်းပုံ ရွှေဇဝါရေးပြီး ပုပ္ပားတောင်မှာပင် ထားသည်။ အလောင်းမင်းတရားကြီး၏ လက်ထက်တော်သို့ရောက်မှ စောမယ်ယာ၏ ဦးခေါင်းပုံကို ရွှေငွေပိသသာဖြင့်ထုလုပ်ကာ ပုပ္ပားနတ်ကွန်း၌ ထားသည်။ ထို့ပြင် အစောင့်အနေ နတ်ထိန်းအဖြစ် အိမ်ထောင်စုံ ခုနစ်စုံကိုပါ ခန့်ထားခဲ့သည်။

"သိုးကလေး၊ ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျားစုံတောပြား"ဟူ၍ အစချီသည့် ပုပ္ပားနတ်တောင်ဖွဲ့ လင်္ကာလေးပိုဒ်ကို သက်သေထူထားသည်။ အခြားမှုကွဲလည်း ရှိသေး၏။

စောမယ်ယာသည် ဦးတင့်တယ်၏နှမကမွေးသော တူနှင့် ၁၃ နှစ်အရွယ်ကပင် ချစ်ခင်စုံမက် မေတ္တာသက်ဝင်ခဲ့သည်။ စောမယ်ယာအား တကောင်းဘုရင်က ဥပါယ်တံမျဉ်ဖြင့် တော်ကောက်သောအခါ ချစ်သူထွက်ပြေးရသည်။ စကားပင်ကြီး ပုဂံပြည်သို့ရောက်သွားပြီးနောက် စကားတုံးကို ပုပ္ပားတောင်တွင် ထားသောအခါ ပုပ္ပားသို့ စောမယ်ယာ၏ချစ်သူ လိုက်လာသည်။ ထို့နောက် လွမ်းဆွတ်ကြေကွဲစွာ ထိုလင်္ကာလေးပိုဒ်ကို ဖွဲ့သည်။

တတိယပိုဒ် "မြိတ်လွတ်စုလည်း၊ အငယ်တည်းကကျွမ်းဝင်ကြသည်၊ မွေးဘတူရင်း၊ မျိုးသည်မင်းနှင့်၊ ချစ်ခြင်းစုရုံး (ချစ်ချင်းစုရုံးလည်းရှိ) သက်ထက်ဆုံးသည်၊ နှလုံးမခြားစောင့်တရား"ဟုပါ ခြင်းဖြစ်သည်ဟူ၍ ကိုးကားထားပေ၏။

ပန်းပဲမောင်တင့်တယ်(အိမ်တွင်းမင်းမဟာဂီရိ)၏ ဆွေမျိုးသားချင်းနတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မင်းမဟာဂီရိ။

(၂) ရွှေမျက်နှာနတ် ခေါ် နှမတော်နတ်။ (နှမကြီးစောမယ်ယာ)

(၃) သုံးပန်လှနတ် (နှမငယ်ရှင်ထွေးလှ ဖြစ်သည်။ တကောင်းမင်း၏ရန်ကြောင့် ထွက်ပြေးကြသည့် တောထဲ၌ လူချင်းကွဲသွားသည်။ တောကထွက်လာသည့် မင်းသားဘစ်ပါးက ကယ်သ



www.burmeseclassic.com

www.burmeseclassic.com

သွာကာ မိဖုရားမြှောက်သည်တွင် သမီးတစ်ပါး ဖွားမြင်ပြီး ကွယ်လွန်သည်။)

(၄) မနဲလေးခေါ် ရှင်နဲမိ (ရှင်ထွေးလှ၊ သုံးပန်လှ၏ သမီး)

(၅) ရွှေနဘေနတ် (မောင်တင့်တယ် ထွက်ပြေးနေရ စဉ် တောထဲ၌တွေ့ပြီး သင့်မြတ်သော နဂါးမ ဖြစ်သည်။ သားနှစ်ယောက်ဖွားမြင်အပြီး နတ် ဖြစ်လာသည်။)

(၆) တောင်မကြီး ရှင်ညို

(၇) တောင်မကြီး ရှင်ဖြူ

(တောင်မကြီးရှင်ညိုနှင့် တောင်မကြီးရှင်ဖြူတို့အား ဦးညို ဦးဖြူလည်း ခေါ်၏။ ပန်ထွာမိဖုရား၏ စည်ကြီးကို ဖျက်ဆီး သော သူရဲကောင်းများဖြစ်၏။ နောင်တွင် ဘုရင့်အမိန့်ဖြင့် ကောင်းကင်တက်ပြီး ညီအစ်ကိုချင်း လက်ဝှေ့ထိုးသတ်ကြရာ နှစ်ယောက်စလုံး ကွယ်လွန်ပြီး နတ်ဖြစ်ကြလေသည်။)

သေဉ်လည်ကြောင်မင်းလက်ထက်မှ စတင်ထဲ့သော ရိုးရာနတ်ကိုးကွယ်မှုသည် အင်းဝခေတ်တွင်လည်း ကောင်းစား ခဲ့ဟန်ရှိ၏။ ဘုရင်မင်းခေါင်သည် အင်းဝရွှေနန်းကိုမရမီ မင်းဆွေ အဖြစ် ဆင်းရဲညှိုးငယ်စွာ နေခဲ့ရ၏။ သူ့အား ငယ်ကျွန်တော် ခေင်ညိုနှင့် ခေင်ဘတို့က "နတ်က" ရှာလုပ်ကျွေးခဲ့ရသည်။

နတ်ပွဲတွင် တီးမှုတ်ကခုန်၍ရသော အခကြေးငွေဖြင့် စားလောက်သောက်လောက်ခြင်းသည် နတ်ပွဲများကြီးကျယ်ခြင်း၊ နတ်ပွဲများ များပြားခြင်းကြောင့်ဖြစ်သည်ဟု ဆိုရမည်ထင်ပါသည်။ ဤသို့ နတ်ပွဲများ ခြိမ့်ခြိမ့်သဲနေခြင်းကို သာသနာ့ဝန်ထမ်း ဘုရားသားတော်များ မနှစ်မြို့ကြပါ။

မနှစ်မြို့ကြောင်း အထင်အရှား ဖော်ပြကာ ရိုးရာနတ် များကို နှိမ်နင်းရာတွင် စာဆိုအကျော် ရှင်မဟာသီလဝံသ၏ "သံဝေဂခန်းပျို့" အပိုဒ် ၃၅ သည် အလွန်ထင်ရှားလှပေသည်။

"ကာလရှည်လျား၊ လူငနွားတို့၊ ကြီးမားယုတ်မာ၊ နတ် မိစ္ဆာကို၊ ဘိုးလာဘွားဘက်၊ မြေသားဆက်၍ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့် ပန်းခိုင်ရေအိုး၊ ဆယ်စုံဖြိုး၍၊ မြတ်နိုးနှစ်သက်၊ အနက်အနီ အတီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစု ဝေ၊ အမွှေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍ ဗုံနဲ့ခရာ၊ တီးမှုတ်ကာနှင့် ချမ်းသာဆင်းရဲ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ နေတ်တို့ကို မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း ကိုယ်ဝယ်လွတ် ကင်း၊ မရှိလျှင်း၏။"

"ဆောင်နှင်းမင်္ဂလာ လှူဒါပူညာ၊ ပြုကာလလည်း၊ မိဘ ရှေးမှတ်၊ ငါတို့နတ်ကို ပေးအပ်အပ်လျှင်၊ နှလမ်းပြင်၍ အရှင် မှတ်မှတ်၊ ကိုယ်ဝယ်ကျပ်လျက်၊ မပြတ်ထင်ရှား၊ မမေ့မှားဟု ဆုများရွယ်ရွယ်၊ ရက်စဖွယ်နှင့်၊ ဘယ်ဝယ်ဘဝ်ခါ၊ ကိုယ်တိုင် လာ၍၊ ဥစ္စာထင်ရှား၊ ဘယ်သူ့အားကို၊ နတ်များပို့လာ၊ ရှိဖူး ပါအံ့။"

"မိစ္ဆာစွဲမှတ်၊ ဘယ်အရပ်မှာ၊ နတ်ဘုံနေရာ၊ အိမ်ခန်း ဝါနှင့်၊ သာယာခမ်းနား၊ နတ်မယားနှင့်၊ နတ်သားနတ်လင်၊ ကြည့်မမြင်တည့်၊ ငြိုငြင်စိတ်စွဲ၊ အံ့သွားခဲ၍ ညှဉ်းဆဲနှိပ်ဝစက်၊ နတ်တို့လက်နှင့်၊ ထုတ်လျက်ဆွဲငင်၊ ပြုကြအင်ကို၊ မမြင်ဖူးပါ၊ သည်အရာကို မိစ္ဆာမောဟ၊ အယူခွ၍၊ နတ်များသခင်၊ နတ်ဘုရင် ဟု၊ နတ်တွင်းအကြီး၊ ငါ့သမီးကို၊ ဖမ်းဆီးတတ်ပြား၊ ငါ့မယားကို၊ ဖမ်းဆီးတတ်ခြေ ချမ်းသာစေဟု • • •

"ကချေပွဲလမ်း၊ အခမ်းအနား၊ နတ်ထိန်းများနှင့်၊ သောက်စားဟစ်အော်၊ တကျော်ကျော်နှင့်၊ မောင်တော်ရှင်ချစ်၊ နတ်သံပစ်၍၊ မူးယစ်မိုင်ဝေ၊ အထွေထွေချျင်၊ လူမြေရပ်ရွာ၊ နတ်မိစ္ဆာကို၊ ကယ်သာထင်မှတ်၊ သဘောကပ်၍၊ နတ်လှူဖြဟွာ၊ သတ္တဝါကို၊ ကံသာအရင်းပြု၊ ဖန်ဆင်းဟု၊ ယုလျှင်းအပ်စွာ၊ ယခု မှာကား၊ ချမ်းသာဆင်းရဲ၊ နတ်ခပဲသည်၊ ပေးမြဲတို့မှာ၊ ထင်ရှားရ သည်၊ မိစ္ဆာယူမိယူများတည်း။"

အပိုဒ် ၃၆ သည်လည်း ရတနာသုံးပါးအား ပစ်ပယ် ပြီး နတ်ကိုးကွယ်မှုတွင် နှစ်မွှန်းနေသူများကို ဆုံးမထားသော စာများသာ ဖြစ်သည်။

သို့ရာတွင် ရိုးရာနတ်ကိုးကွယ်မှုမှာ လျော့ပါးမသွားပါ။ အိမ်တွင်းမင်းမဟာဂီရိမောင်နှမ ကိုးကွယ်သူများမှာလည်း တိုးချဲ့သည်ထက် တိုးချဲ့ မွှမ်းမံသည်ထက် မွှမ်းမံလာကြ၏။ မူလအခြေ ဆိုင်းကလေးဖြင့်ခွဲ၊ နံ့သာပက်ရာမှ ကျောင်းဆောင် ခေါ်သည့် နတ်ကွန်းအိမ်ကလေးများဖြင့် အိမ်တွင်းမှာပင် ထားရှိ ကြ၏။

ဘေးတွင် ယပ်ပါခြင်း၊ သံပြားကို ပြုလုပ်ထားသည့် အစွပ်တွင် မင်းမဟာဂီရိ အတ္တုပ္ပတ္တိပုံများ သရုပ်ဖော်လာခြင်း၊ ရွှေစားရွှေယပ်များ အဆောင်အယောင်တိုးချဲ့ခြင်း၊ ရေနှင့်ပန်း နေ့စဉ်လဲလှယ်ခြင်းအထိ နက်ရှိုင်းကြီးကျယ်လာခဲ့သည်။

ဆင်ဖြူကျွန်းအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com



# မြေးကလေးဖတ်ဖို့

**မောင်ကောင်းမြင့်**

နယူးယောက်

၆ ဖေဖော်ဝါရီ၊ ၂၀၁၄

မြေးကလေး မောင်ကောင်းထိုက်အောင်သို့...

မြေးကလေးဆီသို့ e-mail ဖြင့် ခွေးကလေးတွေ၊ ကြောင်ကလေးတွေ၊ ယုန်ကလေးတွေ၊ ရှဥ့်ကလေးတွေ၊ ငှက်ကလေးတွေ ပုံကို ထူးထူးခြားခြား စိတ်ဝင်စားဖွယ်နှင့် ချစ်စရာ စရိုက်ကလေးတွေကို တွေ့ရတိုင်း ပို့ပေးခဲ့တယ်လေ။

တိရစ္ဆာန်ကလေးတွေက အပြစ်ကင်းတယ်၊ ချစ်ခင်တတ်တယ်၊ သခင်ကို သိတတ်တယ်။ အထူးသဖြင့်... ကလေးတွေရဲ့ ကစားဖော်(သူငယ်ချင်း) ကောင်း ဖြစ်တယ်။ သည်အကောင်ကလေးတွေကို ကြည့်ပြီး ပျော်ရွှင်နိုင်စေဖို့ပါပဲ။

အခုစာမှာ တိရစ္ဆာန်ကလေးတွေ (လူ့မိတ်ဆွေ)အကြောင်းကို ပြောပြမယ်။

ဖေဖော်ဝါရီလ ၂ ရက်နေ့။ အမေရိကန်ပြည်ထောင်စု ပင်ဆာဗေးနီးယားပြည်နယ်က Penxsutawney မြို့ကလေးမှာ အစဉ်အလာအားဖြင့် ကျင်းပခဲ့ကြတဲ့ Ground hog day ပွဲတော်အကြောင်း ဖော်ပြထားတဲ့ သတင်းဓာတ်ပုံ(ရုပ်သံ)ကို တွေ့ရတယ်။ သည်ပွဲတော်ဟာ အံ့သြစရာပါ။ Phil ဖွေးကလေးကို ရာသီဥတုအခြေအနေ မေးတဲ့ပွဲပါ။ ဖွေးကလေးက သူ့အရိပ်ကို ကြည့်မယ်၊ သူ့တွင်းကလေးထဲ ပြန်သွားမယ်ဆိုရင် "ဆောင်းလရက်ခြောက်ရက်သတ္တခြောက်ပတ်လောက် ပိုကြာဦးမယ်"လို့ ဆိုတယ်။ အဲ...ပီးသ်ကလေးက အရိပ်လည်းမကြည့်ဘူးဆိုရင် "နွေဦးစောမယ်"လို့ ဆိုတယ်ဆိုပဲ။ သည်ပွဲဟာ ယဉ်ကျေးမှု ရိုးရာဓလေ့အစဉ်အလာပွဲပါ။ ဖွေးကလေးကို အတွင်းစည်းကလာပ် inner circle တစ်နှစ်ပတ်လုံး စောင့်ရှောက်ပေးထား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကလာပ်အဖွဲ့ဝင်တွေဟာ သည်နေ့မှာ သတ်မှတ်ထားတဲ့ အင်္ကျီရှည်ကြီးတွေဝတ်၊ ဦးထုပ်မြင့်မြင့်ကြီးတွေကို ဆောင်းကြရတယ်။ ၁၈၈၇ ခုနှစ်ကတည်းက ယုံကြည်စွာ ပြုလုပ်လာတဲ့ တကယ့်ရိုးရာပွဲပါ။ (မှတ်တမ်းများအရ ၁၈၈၇ ခုနှစ်က "ဆောင်းလရှည်မယ်" လို့ စဟောခဲ့ဆိုပဲ။ မနှစ်က နွေဦးစောမယ်ဆိုခဲ့တာ မှန်တယ်လို့ဆိုပဲ။) မြို့ကလေးက ၃.၉ စတုရန်းမိုင်သာရှိပြီး လူဦးရေ ၆,၀၀၀ ကျော်လောက်ပဲ ရှိတာမို့ တစ်မြို့လုံး ပျော်ရွှင်ကြတဲ့ ပျော်ပွဲကလေးပါ။ Ground hog Day အမည်ဖြင့် ၁၉၉၃ ခုနှစ်က Bill Murray နှင့် Andie Mac Dawell တို့ ပါဝင်တဲ့ ဟာသရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပြသခဲ့တယ်။ အမေရိကန်မှာတော့ သမိုင်းနှင့် ရှည်ကြာခဲ့ပြီ။

မြေးကလေးရေ...

ဘိုးဘိုးကြီးတို့ မိသားစုဟာ တိရစ္ဆာန်ကလေးတွေကို ချစ်ကြတယ်။ အိမ်မှာ ခွေးကလေးနှစ်ကောင် (တစ်ကြိမ်မွေးလျှင် နှစ်ကောင်စီဖြင့် လွန်ခဲ့သော ခြောက်နှစ်ကျော်က စပြီးမွေးခဲ့သည်)၊ ကြောင်မကလေးတစ်ကောင် (၁၃ နှစ်ကျော်ပါပြီ)နှင့် လိပ်ကလေးတစ်ကောင်(ခုနှစ်နှစ်သား) မွေးထားခဲပဲ။ ခွေးတစ်ကောင် မွေးချင်သေးပေမယ့် အလုပ်မနိုင်တာရယ်၊ စိတ်ကြိုက်မတွေ့သေးတာရယ်ကြောင့် မမွေးဖြစ်သေးဘူး။ သည်တော့ အိမ်မွေးတိရစ္ဆာန်ကလေးတွေ သံယောဇဉ်ကြောင့် သူတို့ပါတဲ့ သတင်း၊ ရုပ်ရှင်တွေဆို ဖတ်ကြ၊ ကြည့်ကြနှင့်၊ သူတို့လေးတွေက လိမ္မာတယ်၊ သစ္စာရှိတယ်ဆိုတာ အသေအချာပါပဲ။ ဟော...ယခုလည်း ခွေးလိမ္မာကလေးတွေ၊ ကြောင်လိမ္မာကလေးတွေ၊ ယုန်လိမ္မာကလေးတွေကို တွေ့ရပြန်ပြီ။

နယူးယောက်မြို့မှာ Subway နှင့် ခရီးသွားရင်း ကြော်ငြာတစ်ခုကို စိတ်ဝင်စားနေတာ ကြာပြီ။ ကြော်ငြာက မိသားစုလေးတစ်စုဟာ ခွေးလေးတစ်ကောင်မွေးစားခွင့် ရသွားလို့ ပျော်ရွှင်သွားရပုံကို ဝတ္ထုတိုကလေးသဖွယ် ဓာတ်ပုံနှင့် ရေးထားတာပါ။ သည်ကြော်ငြာက AC & C ဆိုတဲ့ Animal Care and Control of NYC အဖွဲ့က အိမ်မွေးခွေး၊ ကြောင်၊ ယုန်ကလေးတွေကို မွေးမလား၊ လှူဒါန်းကျွေးမွေးမလား၊ လုပ်အားပေးမလားဆိုပြီး မေးထားတာပါ။ စိတ်ဝင်စားတာ ကြာပါပြီ။ လိပ်စာကိုကြည့်လိုက်တော့ လေး-ငါး-ခြောက်နေရာ တွေ့ရတယ်။ ဒါနှင့် သည်နေ့တော့ မင်ဟက်တန်မြို့လယ်၊ လမ်း ၁၁၀၊ အမှတ် ၃၂၆ မှာရှိတဲ့ AC & C ကို ရောက်အောင်သွားခဲ့ပါတော့တယ်။

ခန့်မှန်း ပေ ၁၀၀ × ပေ ၈၀ လောက်။ မြေပေါ် နှစ်ထပ် (မြေအောက်ထပ်ကတော့ အားလုံးသော အဆောက်အဦတိုင်း ရှိတာမို့ ထည့်မတွက်ပါ) ရှိပါတယ်။ အဝင်ဧည့်ကြိုမှာ ဝန်ထမ်းများ ရှိတယ်။ ကြိုဆိုနှုတ်ဆက်ပြီး မေးမြန်းတော့ "သည်ဌာနက တိရစ္ဆာန်ကောင်ကလေးတွေကို ကြည့်ပါရစေ"ဆိုလိုက်လျှင် "မွေးစားချင်လို့လား"လို့ မေးပါတယ်။ ဘိုးဘိုးက သည်မှာ ဧည့်သည်ပဲ။ ကိုယ်တောင် ဆဲလ်(cell)လေးထဲမှာ နေရတာ။ အိမ်မရှိဘဲ ခွေးမွေးလို့ ဘယ်ဖြစ်ပါ့မလဲ။ "မဟုတ်ပါဘူး။ ကြည့်ရုံသက်သက်ပါ"ဆိုတော့ အပေါ်ထပ်မှာ တက်ကြည့်နိုင်ပါတယ်လို့ ဆိုပါတယ်။

အပေါ်ထပ်မှာ အလယ်က နံရံ သီးသန့်ခြားထားပြီး တစ်ဖက်မှာ ခွေးများထားတဲ့ အခန်းကျယ် သုံးခန်းနှင့် ယုန်ကလေးတွေ အခန်းကျယ်တစ်ခန်း။ အခြားတစ်ဖက်မှာ ကြောင်ကလေးတွေထားတဲ့ အခန်းကျယ်သုံးခန်း ရှိပါတယ်။ အခန်းဆိုလို့ အခန်းလွတ်ထဲမှာ အားလုံးရောထားတယ် မထင်ပါနှင့်။ အခန်းကျယ်ကြီးထဲမှာ သံအလူမီနီယံလှောင်ခန်းကလေးတွေက စီရရှိပါ။ တစ်ခန်းကို ၂ ပေခွဲ × ၅ ပေ × ၆ ပေ လောက်ရှိမယ်ထင်တယ်။ တံခါးဝမှာ (မြင်သာအောင် ပြောရလျှင် ဆေးရုံတွေက လူနာမှတ်တမ်းတွေလို) အဲဒီအကောင်လေးတွေရဲ့ ဓာတ်ပုံနှင့် ID မှတ်ပုံတင်၊ ပြုစုသူ Volunteer ၏ မှတ်တမ်းရယ် ချိတ်ထားပါတယ်။ အောက်ကအခင်းက စက္ကူအညိုရောင် အထူနှင့် အဝတ်စခံထားပါတယ်။ သန့်ရှင်းနေတယ်။ အနံ့အသက်ကင်းအောင် ထားတယ်။ (ယုန်လို ချေးထူတဲ့ကောင်ကလေးတွေတောင် သန့်နေပါတယ်။ ကြောင်တို့၊ ခွေးတို့လို အနေသန့်တဲ့အကောင်တွေက ဆိုစရာမရှိ။)

ခွေးကလေးတွေက ဝင်လာသူကို အသံသေးသေးလေးနှင့် ဟောင်ပြတယ်။ အကောင်ကြီးတွေကတော့ တစ်ကောင်၊ နှစ်ကောင်က ဟိန်းတယ်။ သေးသေးကလေးကနေ အမြင့် သုံးပေလောက် အကောင်အထိပဲ။ သံလှောင်ခန်းတစ်



www.burmeseclassic.com

www.burmeseclassic.com

ခန်းကို တစ်ကောင်စီပဲထားတာပါ။ ယုန်ကလေးတွေကို ပြုစုတဲ့ "လုပ်အားပေး" စာတန်းပါ မိန်းကလေးတစ်ယောက်က အခင်းစက္ကူအညှိတွေ လဲပေးနေတယ်။ ကြောင်ကလေးတွေအခန်းမှာလည်း အလားတူပဲ။ အရောင်စုံ အသွေးအမွေးစုံပဲ။ လုပ်အားပေး မိန်းမကြီးကြီးတစ်ယောက်က ကြောင်ကလေးတစ်ကောင်ရဲ့ခေါင်းကို ပွတ်ပေးနေတယ်။ တော်တော်ဇိမ်ခံတဲ့အကောင်။ အခန်းတိုင်း (ခွေး၊ ကြောင်)မှာ မွေးစားဖို့ လာကြည့်နေသူတွေကို တွေ့နေရတယ်။

အခန်းတွေကိုကြည့်ပြီး အောက်က ရုံးခန်းကို ပြန်ဆင်းလာတယ်။ ဘိုးဘိုးလည်း အလှူငွေ ငါးဒေါ်လာထည့်တော့ လက်ခံရရှိကြောင်း၊ ကျေးဇူးတင်စာပေးပါတယ်။ နောက် ကြော်ငြာစာရွက်တွေ၊ လမ်းညွှန်တွေကို ပေးပါတယ်။ Ways to Give ဆိုတဲ့ ရောင်စုံလက်ကမ်းလွှာက "နှစ်စဉ် တိရစ္ဆာန်ကောင်ရေ ၄၀,၀၀၀ ခန့်ကို သည်အဖွဲ့က ၁၉၉၅ ခုနှစ်ကစပြီး NYC မြူနီစီပါယ်ရဲ့ စီမံချက်ဖြင့် ကယ်တင်စောင့်ရှောက်ပေးနေပါတယ်။ မွေးစားဖို့ လာရောက်ယူနိုင်သလို၊ သင့်အားလပ်ချိန်ကို လာရောက် လုပ်အားပေးဖို့ ဖိတ်ခေါ်ပါတယ်။ အစားအသောက်နှင့် ငွေကို လှူဒါန်းကူညီနိုင်ပါတယ်"ဆိုတာကို တွေ့ရတယ်။ တိရစ္ဆာန်တွေကို မွေးမြူနည်း၊ ပိုင်ရှင်ကို ကူးစက်ရောဂါမဖြစ်အောင် ပြုစုစောင့်ရှောက်ပုံ လမ်းညွှန်၊ ဗိုင်းရပ်ပိုးအကြောင်း၊ နယ်လှည့် Mobile ပြုစုစောင့်ရှောက်ပုံစနစ် စတာတွေ အစုံပါပဲ။ Super low Cost Vet Mobile ကြော်ငြာမှာ ခွေးတစ်ကောင်အတွက် ဆေးစစ်ခ ၂၅ ဒေါ်လာ၊ ဆေးထိုးခ ၂၀ မှ ၃၅ ဒေါ်လာ၊ ဓာတ်မှန်ရိုက်ခ ၇၅ ဒေါ်လာ၊ သွေးစစ်ခ ၇၀-၉၅ ဒေါ်လာ၊ ခြေသည်း၊လက်သည်းညှပ်ခ ၅ ဒေါ်လာ၊ နားသန့်ခ ၅ ဒေါ်လာတဲ့။ ခွေးစရိတ်က တွက်သာကြည့်ပေတော့။ ဒါကြောင့်လည်း (တစ်ဆင့်ကြားသာဖြစ်ပါတယ်။ ကိုယ်တိုင်မကြားလိုက်ရတာမို့ မှားခဲ့လျှင်လည်း ခွင့်လွှတ်ပါ) ခွေးဖြစ်ရတာတောင် နိုင်ငံခြားခွေးကပိုကောင်းတယ်လို့ တရားပွဲတစ်ခုမှာ ဟောခဲ့ဖူးတာ ရှိဆိုပဲ။ တကယ်တော့ ယှဉ်မရတဲ့စိတ်နှင့် ပြောတာဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ၉၅%သော လူထုကြီး (သန်း ၆၀ မှာ ၅၇ သန်းလောက်)က သာမန်နှင့် အောက်ခြေလူတန်းစားဘဝ ရောက်နေရတာကို မြင်တွေ့နေရတော့ နှိုင်းယှဉ်မြင်တွေ့လိုက်ရတဲ့အခါ သည်လို ခံစားမိမှာပါပဲ။ သယံဇာတပေါလှတဲ့တိုင်းပြည်က လူတွေက ဆင်းရဲလှပါဘိ။

မြေးကလေးရေ . . .

ပြောလက်စနှင့် ပြောရဦးမယ်။ သည်မှာ "နေ့ခွေးထိန်း" Dog (cat) Day Care ဌာန ရှိတယ်။ ခရီးသွားမယ်၊ အလုပ်မအားဘူးဆိုရင် ပို့ထားလို့ရတယ်။ အလားတူ စွန့်ပစ်ခံရလျှင် shelter ခိုလှုံရာဌာနတွေက ထိန်းပေးထားတယ်။ တစ်ခါက ရေးခဲ့ဖူးသလို စတိုးကြီးတွေမှာ တိရစ္ဆာန်သုံးပစ္စည်း၊ အစားအစာရောင်းတဲ့ နေရာက သတ်သတ်ရှိတယ်။ TV ကြော်ငြာမှာလည်း တိရစ္ဆာန်လေးတွေ လိမ္မာပုံနှင့် အစာရောင်းတဲ့ ကြော်ငြာက နေ့စဉ်တွေ့[...]

ရတယ်။ ယခင်က ရေးခဲ့တဲ့ စာတ[...]

စောင်မှာ ခွေးဟိုတယ်(သီးသန့်)ရှိတာ[...]

ကို သတင်းစာတွေခဲ့ကြောင်း ရေး[...]

တယ်။ သည်တော့လည်း အထက်[...]

စကားမျိုး ဖြစ်လာရတာပဲ။ (ဗုဒ္ဓတရား[...]

တော်နှင့်ကတော့ လူ့ဘဝသာ အမြတ်[...]

ဆုံးပါပဲ။ ဆင်းရဲချမ်းသာ ဘာပဲဖြစ်ဖြ[...]

မနုဿလူဖြစ်ရခြင်းကား အမြတ်ဆုံးလို့[...]

အခက်အခဲဆုံးလို့ ဆိုထားပါတယ်[...]

သို့ပေမယ့် ပြည်တွင်းကြွယ်ဝခြင်းဟာ ဘ[...]

မှာ အဓိကလိုအင်ချက်ပဲ။

AC & C က အပြန် ရထားပေါ်[...]

မှာ လူတစ်ယောက် အိတ်ကလေးတစ်[...]

လုံးဆွဲပြီးလာတော့ ကြည့်လိုက်တာ[...]

အဲဒီအိတ်ထဲက ခွေးသေးသေးလေး[...]

တစ်ကောင်ရဲ့ခေါင်းကလေး တွေ့လိုက်[...]

ရတယ်။ သခင်က ရထားပေါ်တက်ခါနီး[...]

အိတ်ထဲမှာ သိမ်းထားပုံပဲ။ ဘူတာရုံက[...]

ထွက်တော့ ကြိုးကလေးတပ်ပြီး ဆွဲ[...]

သွားမှာပါ။ ဩော် . . . အလိုလိုက်၊ ဂရု[...]

စိုက် (ဥပဒေကိုလည်း အလေးထား[...]

တာ ပါပါတယ်။ ဒီမှာက ကိုယ့်ခွေး[...]

မကိုက်မိအောင် အထူးဂရုစိုက်ရ[...]

တယ်။ တရားစွဲခံရရင် မလွယ်ဘူး[...]

ပေ့ကွယ်။ တိရစ္ဆာန်ကလေးတွေ[...]

ကြည့်ရင်း . . .

ကဲ . . . မြေးကလေးရေ . . .

ကိုယ်ချင်းစာတရားများ ထွန်း[...]

ကားပါစေလို့ . . .။

ဘိုးဘိုးကြီး[...]

မောင်ကောင်း[...]

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများ ယတြာမပြုရန်နှင့် မဆောင်ရန်

ဆရာဝေယံဦး(လူမှုထူးချွန် ဒုတိယဆင့်)

"သမီးကို ဆရာပြောရဦးမယ်"

"ဘာပြောမှာလဲ ဆရာ။ သမီး နားထောင်နေပါတယ်"

"ဗေဒင်ဟောတဲ့အခါ ဇာတာခွင်က ဒီနှစ်ထဲ ဂြိုဟ်ကောင်းထဲမှာ ဖြတ်နေတယ်။ အားလုံး အဆင်ပြေမှာ ပါဆိုပြီး ယတိပြတ်မဟောနဲ့"

"ဂြိုဟ်ကောင်းထဲ ဖြတ်နေတာပဲ ဆရာရယ်။ ဒီနှစ် သူ့အနေနဲ့ ကံကောင်းပြီပေါ့"

"အဲဒါပြောတာပေါ့။ ဆရာပြောမယ်။ သမီးက ဗေဒင်ဆရာမပီပီ အဲဒီလို ဟောလိုက်ပါပြီ။ သူ့အနေနဲ့ ငါကကံကောင်းနေတာပဲ။ ကြမ်းချင်သလို ကြမ်း၊ ရမ်းချင်သလိုရမ်းလို့ရပြီဆိုပြီး မဟုတ်တာတွေ လျှောက်လုပ်ရော။ အဲဒီမှာ ဘာဖြစ်သလဲဆိုရင် ဂြိုဟ်အိမ်ကောင်း၊ သက်ရောက်ကောင်းတွေမှာ ဖြစ်ပေါ်ကြုံတွေ့ တိုက်ဆိုင်လာမယ့် ကောင်းကျိုးတရားတွေနဲ့ အလွဲလွဲအချော်ချော်ဖြစ်ပြီး ဆိုးကျိုးတရားတွေနဲ့ တွေ့ဆုံနေရတော့တယ်။ အဲဒီမှာ သူက ဘာထင်သွားလဲ။ အလကားဗေဒင်ဆရာမ၊ သူဟောတာ တလွဲကြီးပါကွာ။ အဲဒီအခါ သမီးကို လာပြောရင် ဘယ်လိုဖြေရှင်းမလဲ။ ဘယ်လိုမှ ဖြေရှင်းလို့မရဘူး။ ကြားကဗေဒင်ဆရာ/ဆရာမအဖို့ နာမည်ပျက်ရော။ သူ့အမှားတွေလုပ်မိတာကျတော့ တစ်စက်ကလေးမှ ယောင်လို့တောင် မစဉ်းစားဘူး။ ဗေဒင်ဆရာကို အပြစ်ပုံချရော"

"ဆရာပြောတာ ဟုတ်ပါတယ်။ အဲဒါ ..."

"နေဦးသမီး။ ဆရာဆက်ပြောမယ်။ သူကျတော့ ကြမ်းလို့ရလို့ ခံသွားရတာ အသာထား။ ဗေဒင်ဆရာနာမည်ပျက်ရပြီ။ ဘာ့ကြောင့် နာမည်ပျက်ရတာလဲ။ တရားခံဖြစ်ရတာလဲ။ တရားခံမဖြစ်အောင်၊ နာမည်မပျက်အောင် ဘယ်လိုဟောမလဲ။ အဲဒါ စဉ်းစားရမယ့်အချက်ပဲ။ ဒါတွေ မသိသေးဘူး မဟုတ်လား"

"မသိသေးဘူး ဆရာ"

"ဆရာကြီး ဦးကြာမြင့်ရဲ့ မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်မှာကိုက ပါပြီးသား။ ဘယ်ဂြိုဟ်အိမ်၊ ဘယ်သက်ရောက်မှာပဲဖြစ်ဖြစ် ရှောင်ကြဉ်ရမယ့် အဆိုးညဉ်စရိုက်တွေ သမီးကို သင်ပေးထားပါတယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်။ ဆရာ သမီးကို သင်ပေးထားပါတယ်"

"အဲဒါ သက်ရောက် ဆိုးဆိုးကောင်းကောင်း ရှောင်ကြဉ်ရမယ့်၊ ပြုပြင်ရမယ့်၊ ထိန်းသိမ်းရမယ့် ဉာဉ်စရိုက်ဆိုးတွေ ပါပြီးသား။ ဗေဒင်ဆရာက အဲဒါတွေထည့်ပြီး ညွှန်ကြားရမှာ။ အဲဒါတွေမပြောဘဲ ကောင်းတယ်ပြောလိုက်ရုံနဲ့ မပြီးဘူး။ ဗေဒင်လာကြည့်တဲ့သူက ကိုယ့်လောက်မတတ်လို့ လာမေးတာ။ ကိုယ်က အပြည့်အစုံ ညွှန်ကြားရမယ်။ ဒါမှလည်း ဗေဒင်ဆရာတစ်ယောက်ရဲ့ ဟောပြောမှုတာဝန် ပြည့်စုံမယ်။ ဗေဒင်ဆရာ ဘာ့ကြောင့် တရားခံဖြစ်သွားရတာ သိပြီလား။ ဇာတာရှင်ရဲ့ သက်ဆိုင်တဲ့ ဂြိုဟ်အိမ်တို့၊ သက်ရောက်တို့မှာ ဘယ်လိုနေကွ၊ ဘယ်လိုထိုင်ကွ၊ ဘယ်လိုအမှားမျိုးတွေမလုပ်နဲ့ စတာတွေ ဟောလိုက်လို့ ဗေဒင်ဆရာ ခံလိုက်ရတာ နာမည်ပျက်ရတာပဲ။ ရှင်းပြီလား။ ရှင်းကောရှင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဆရာ။ သမီး သဘောပေါက်ပါပြီ"

"နောက်တစ်မျိုး ရှိသေးတယ်။ ဗေဒင်ဆရာက ဟောလိုက်ပါပြီတဲ့။ မင်းရဲ့ဇာတာမှာ အဆိုးနယ်တွေ ဖြတ်ရတော့မယ်။ ဒီတော့ မင်းအနေနဲ့ အဆိုးဥပါဒါန်တွေက သက်သာအောင်၊ လွတ်ကင်းအောင် ဘယ်လိုနေ၊ ဘယ်လိုလုပ် စတဲ့မှားတတ်တဲ့ ဥဉ်စရိုက်တွေကို ရှောင်ကြဉ်ဖို့ ပြောပြလိုက်ရမယ်။ နောက်ပြီး အဲဒီလို ရှောင်နိုင်ခဲ့ရင် ဘယ်လိုကောင်းကျိုးတွေ ဖြစ်နိုင်တယ်၊ အဆိုးတွေ လွတ်ကင်းနိုင်တယ်ဆိုတာ ရှင်းပြရသေးတယ်။ အဲဒီမှာ ဇာတာရှင်က ဘယ်လိုတွေးသလဲ ဆိုရင် အခုအထိ ကောင်းနေတယ်။ အဆိုးတွေ၊ အညံ့တွေ ဘာမှမဖြစ်သေးဘူး။ ဒီတော့ စမ်းကြည့်လိုက်မယ် ရမ်းကြည့်လိုက်မယ်ပေါ့။ အဲဒီမှာ မကြာပါဘူး။ သူခံသွားရတယ် သမီး။ ဒါမျိုးလည်း ရှိတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ။ သမီး သဘောပေါက်ပါပြီ"

"အဲဒါမှတ်ထား။ ဗေဒင်ဟောရင် ကိုယ့်ဘက်က ဖြေရှင်းနိုင်အောင် နာမည်မပျက်အောင် ဟောဖို့လိုတယ် သမီး"

စာရေးသူ၏ တပည့်မ ဆရာမ စုစုခိုင်သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားအနီး သူရဿတီလမ်းရှိ နေအိမ်တွင် ဗေဒင်ဟောစဉ် စာရေးသူရှိရာ ရန်ကင်းတိုက်ခန်းရှေ့ရှိ ဗေဒင်ဟောခန်းသို့ အလည်လာစဉ် စာရေးသူက ပြောပြနေခြင်းသာ ဖြစ်ပါသည်။

"သမီးက အင်္ဂဝိဇ္ဇာပညာရပ်ကို အတော်စိတ်ဝင်စားတယ်။ ငယ်ငယ်က အင်္ဂဝိဇ္ဇာပညာဆို လူ့ရဲ့ရုပ်ရည် ကြည့်ပြီး ဟောရတယ်လို့ ထင်နေတာ။ ဆရာ့ဆီမှာ ဗေဒင်စသင်တော့ ဆရာက အင်္ဂဝိဇ္ဇာဆိုတာ ဘာလဲလို့ မေးတဲ့အခါ လူ့ရဲ့ရုပ်ရည် ကြည့်ဟောတာလို့ သမီးက ပြောလိုက်တဲ့အခါ ဆရာကတောင် ငေါက်သေးတယ်လေ။ သမီးမှတ်မိတယ်။ အဲဒီကနေ အင်္ဂဝိဇ္ဇာပညာအပေါ် သမီးစိတ်ဝင်စားစရာတွေ ပါလာတယ်။ ဉာဏ်ကို လွှာသုံးတတ်လာတယ်။ အဲဒီကနေ သမီးအနေနဲ့ အတော်လေးဟုတ်လာတယ်။ တကယ်တော့ အင်္ဂဝိဇ္ဇာပညာရပ်ဟာ ဟောတတ်ရင် အကြားအမြင် ရနေသလိုပဲနော်"

"ဟုတ်တယ် သမီး။ သမီး အတော်ဟုတ်နေမှန်း ဆရာသိတယ်။ ဆရာ့ဆီမှာ ဗေဒင်လာကြည့်တဲ့ မိန်းကလေးတစ်ဦးကပြောတယ်။ ကမ္ဘာအေးဘက် သူရဿတီလမ်းထဲမှာ အကြားအမြင်ရတဲ့ ဗေဒင်ဆရာမတစ်ဦး ရှိတယ်လို့ပြောတယ်။ ဆရာလည်း ပြုံးပြီး သမီးမှန်းသိတယ်။ အဲဒါ ဆရာ့တပည့်ပဲလို့တော့ မပြောမိဘူး။ ပြုံးမိတာပဲရှိတယ်။ ဒီအပြုံးကလည်း သမီးအပေါ်မှာ ကျေနပ်တဲ့အပြုံး ဂုဏ်ယူမိတဲ့ အပြုံးပဲလေ"

"အင်္ဂဝိဇ္ဇာပညာရပ်မှာ အဟောပိုင်းအပြင် ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်နဲ့ ရှောင်ကြဉ်လိုက်နာရန် ဆိုတာတွေရှိတယ်။ အခု သမီးမေးချင်တာက ရှောင်ကြဉ်လိုက်နာဆိုတဲ့ အချက်အလက်တွေပဲ ဆရာ"

"အင်္ဂဝိဇ္ဇာ ပညာရပ်မှာ တနင်္ဂနွေတိုင်တစ်ခုကို နမူနာထုတ်ကြည့်ပြီး ပဥ္စပွတ်၊ အညွန့်၊ ဆပွတ်၊ မူလ၊ စတုရန်း၊ အမြစ်နဲ့ တြိရန်းဆိုတဲ့ ဂြိုဟ်တွေကော မှတ်မိတယ်နော်"

(၅ = ပဥ္စပွတ်၊ ၂ = အညွန့်၊ ၆ = ဆပွတ်၊ ၁ = မူလ၊ ၄ စတုရန်း၊ ၀ = အမြစ်၊ ၃ = တြိရန်း)

"ဟာ ... ဆရာကလည်း အလွယ်လေးဟာတွေ။ ဒါက ယတြာနဲ့ ဓာတ်ရိုက်ဓာတ်ဆင် အသုံးပြုရမှာ ခေါ်တဲ့ အမည်တွေပဲ။ နောက်ပြီး တနင်္ဂနွေသားသမီးအဖို့ နေ့ကောင်း အခါကောင်းရွေးရင် အထူး(စတုရန်း) စနေ(အမြစ်)၊ ၃ဂါ(တြိရန်း)၊ နေ့နဲ့ အချိန်တွေ ရွေးချယ်ရသလို မကောင်းတဲ့နေ့၊ မကောင်းတဲ့အခါရွေးရင်တော့ ၅တေး(ပဥ္စပွတ်)၊ ၂လာ(အညွန့်)နဲ့ ၆ ကြာ(ဆပွတ်)နေ့နဲ့ အချိန်တွေကို ပယ်ရတယ်သမီး။ သမီးသိချင်တာက ရှောင်ကြဉ်လိုက်နာရန် အချက်အလက်ထဲက သိချင်တယ်"

"ဒါဆိုရင် တြိရန်းနဲ့ စတုရန်း အပြန်အလှန် ဖုံးအုပ်တဲ့ ဆိုင်ရာသစ်ပင်သစ်သားများနဲ့ ဆိုင်ရာဖြစ်တဲ့ မြို့ရွာ၊ ဒေသများဟာ ရှောင်ကြဉ်တာ ပြောပြမယ်။ အဲဒီတြိရန်းနဲ့ စတုရန်း နှစ်နံတွဲဖြစ်တဲ့ ဆိုင်ရာသစ်ပင်သစ်သားများကို ဆောင်မိကြရင် ဆိုင်ရာဖြစ်တဲ့ မြို့ရွာဒေသတွေမှာ သွားရောက်နေထိုင်မိကြရင် ပျက်စီးတတ်တဲ့ အနေအထားမျိုး ရှိတယ်သမီး"

"တြိရန်းနဲ့ စတုရန်းဂြိုဟ်တွေက သက်ဆိုင်တဲ့ မွေးနံဂြိုဟ်အဖို့ နေ့နဲ့ အခါ ကံကောင်းစေတယ်နော်။ အခု က တစ်မျိုးပဲ"

"ဟုတ်တယ် နေ့ကောင်းအခါကောင်းမှာတော့ ဟုတ်တယ်။ အခု တြိရန်းအမြစ်နဲ့ စတုရန်းဂြိုဟ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဇမ္ဗူနံ့ရဲ့ အောက်တန်းဂြိုဟ်တွေမှီ ဒီနေရာမှာ မသုံးဘူး။ ဒီနေရာဆိုတာ အခုပြောတဲ့ ဆိုင်ရာသစ်ပင်၊ သစ်သားတွေ၊ ဆိုင်ရာဖြစ်တဲ့ မြို့ရွာဒေသမျိုးတွေ ရှောင်ကြဉ်ရမှာဖြစ်တယ်"

"ဟုတ်ပြီဆရာ သမီးသဘောပေါက်ပြီ"

"အေး ... မှတ်ထား။ မူလကျမ်းရင်းမှာ စောလှ-လှေ-ဆန်၊ ရှေ့နောက်ပြန်၊ သစ်နံ့မြို့ပြည်ရွာ၊ နေမှားချေက၊ သူရဇ္ဇ၊ သောကမီးပမာလို့ ကျေးဇူးရှင် အတုလဆရာတော်ကြီးက မိန့်ကြားထားခဲ့တယ်သမီး။ ဒါက တနင်္ဂနွေနေ့သားသမီးကို ဥပမာထား ဆိုထားတာပဲ"

"အဲဒီလင်္ကာရဲ့ လိုရင်းသဘောကကော ဆရာ"

"စောလှဆိုတဲ့ပုဒ်က အင်္ဂါနံအစ ဗုဒ္ဓဟူးနံအဆုံးကို ပြောတာပဲ။ အဲဒီ အင်္ဂါနံအစ ဗုဒ္ဓဟူးနံအဆုံးရှိတဲ့ သစ်များကို မဆောင်ရဘူး။ မြို့ရွာနယ်ပယ်များဆိုလည်း အမြဲတမ်း သူရဇ္ဇခေါ်တဲ့ တနင်္ဂနွေသားသမီးတွေ မနေထိုင်အပ်ဘူး။ လှေဆန် ရှေ့နောက်ပြန်ဆိုတဲ့ ပုဒ်က ဗုဒ္ဓဟူးနံအစ အင်္ဂါနံအဆုံးဖြစ်တယ်။ အဲဒီဗုဒ္ဓဟူးအစ အင်္ဂါနံအဆုံးရှိတဲ့ သစ်ပင်များကို အဆောင်အဖြစ်ထားရဘူး။ မြို့ရွာနယ်ပယ် ရွေးရာမှာလည်း ထာဝရအမြဲ မနေထိုင်အပ်ဘူး။ အကယ်၍ မသိလို့ နားမလည်လို့ နေထိုင်မိပြီဆိုပါစို့။ သောကမီးပမာဆိုထားတဲ့အတိုင်း ချမ်းသာသုခကို ရရှိမှာ မဟုတ်တဲ့အပြင် အရာရာမှာ မီးမှာ ပူလောင်မယ်၊ ဘေးဒုက္ခအမျိုးမျိုးတွေ့မယ်။ အဲဒါကို ဆိုလိုထားတာပဲ"

"တနင်္ဂနွေသားသမီးနဲ့ ပတ်သက်လို့ နမူနာထားပြီး ပြောပြပါဦးလား ဆရာ"

"တနင်္ဂနွေ သားသမီးတွေအဖို့ အင်္ဂါနံအစ ဗုဒ္ဓဟူးနံအဆုံးဖြစ်တဲ့ စွန်ပလွံသား၊ စောင်းလျားသား၊ ဇီဇဝါသား စတာတွေ ဗုဒ္ဓဟူးနံအစ အင်္ဂါနံအဆုံးဖြစ်တဲ့ လက်ဆက်သား၊ ရှင်ကစ္စည်းသား စတာတွေ မဆောင်အပ်ဘူး။ နောက်ပြီး ဇလွန်မြို့ လှေဆိပ်အရပ် လှေဆွဲရာစတဲ့ ဒေသမျိုးတွေမှာ ဘယ်အခါမှ အမြဲမနေထိုင်အပ်ဘူး သမီး"

"ဒါလောက်ဆို သမီးနားလည်ပြီ။ ကျန်တဲ့နေ့သားသမီးတွေ ကိုယ့်ဟာကိုယ် ဆက်စပ်ယူပြီး ရှောင်ကြဉ်ရင် ရပါတယ် ဆရာ"

"ဒီအကြောင်းကို မဂ္ဂဇင်းတွေကနေ စာဖတ်ပရိသတ်ကို တင်ပြရင်တော့ အပြည့်အစုံမှ ကောင်းမယ်"

"ဒါကတော့ ဆရာ့အပိုင်းပဲလေ။ သမီးအပိုင်းကတော့ သဘောပေါက်ပြီ။ ဒါပေမယ့် ဒီအကြောင်းကို ဆောင်းပါးတစ်ပုဒ် ဆရာ ရေးသင့်တယ်။ စာဖတ်ပရိသတ်တွေသိပြီး လိုက်နာနိုင်တာပေါ့ ဆရာရယ်။ မဟုတ်လား"

"အင်း ... ငါ့တပည့်မက အတော်စိတ်ကောင်းရှိတာပဲ။ သမီးလည်း စာရေးတတ်ဖို့လုပ်ဦး၊ ဗေဒင်ဟောတဲ့သက်တမ်း အတော်လေးရနေပြီ။ ပညာတွေလည်းစုံပြီ။ ဗေဒင်ပညာခန်းနဲ့ ကိုယ်ကြုံတွေ့တဲ့ အချက်အလက်တွေနဲ့ ပညာပေးလေးရေးပေါ့"

"သမီး ကြိုးစားနေပါတယ်။ ဆရာက စာရေးသူဆိုတော့ သမီးလည်း စာရေးသူဖြစ်အောင် ကြိုးစားပါ့မယ်"

"အေး ... လေကြီးမိုးကြီးတော့ မဖြစ်စေနဲ့။ တပည့်ရဲ့စာမူကို ဆရာက မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ဖတ်ချင်တယ်"

"ဆရာ့တပည့်ပါ ဆရာရယ်"

"ကောင်းတယ်။ သိပ်ကောင်းတယ်။ နေဦး။ ပြောဦးမယ်။ တြိရန်းနံကို ဆပွတ်နံက ဖုံးအုပ်ခြင်း၊ အဲဒီက ဖြစ်ပေါ်လာတဲ့ ဆိုင်ရာ သစ်ပင်သစ်သားတွေ မဆောင်ရ၊ သက်ဆိုင်တဲ့ မြို့ရွာအရပ်တွေမှာ သွားရောက်မနေထိုင်အပ်ဘူး။ အဲဒါလည်း ခုနစ်ရက်သားသမီးအားလုံးနဲ့ သက်ဆိုင်တယ်။ အကယ်၍များ အဲဒီနှစ်နံတွဲမျိုးတွေ ဖြစ်တဲ့ သစ်များနဲ့ မြို့ရွာနယ်ပယ် အရပ်ဒေသတွေမှာ သွားရောက်အမြဲတမ်းနေထိုင်ကြရင် ပျက်စီးဆုတ်ယုတ်တတ်တဲ့ သဘာဝမျိုးကို သိထားရမယ်။ မူလကျမ်းရင်းမှာတော့ ဆိပ်သာ-လင်းပင်၊ နေရပ်ခွင်၊ အလျှင်မမီရာလို့ တောင်တွင်းအကျော် အတုလဆရာတော်ကြီးက အပြီးတိုင် မိန့်ကြားခဲ့ဖူးတယ်။ ဘာလဲ ဒီလင်္ကာရဲ့ အဓိပ္ပာယ်ပြောပြပါဦးလို့ ပြောချင်နေတယ် မဟုတ်လား"

"သိချင်တာပေါ့ ဆရာရယ်"

"ကောင်းပြီ။ 'ဆိပ်သာ'ဆိုတာ တနင်္ဂနွေသားသမီးများအတွက် ရည်စူးပြီးဆိုထားတာ။ တနင်္ဂနွေသားသမီးတို့ရဲ့ ဆိုင်ရာ ခယားစောက်တိုင်မှာ 'ဆိပ်'မည်သော အင်္ဂါနံသင့် တြိရန်းဂြိုဟ်ကို 'သာ'မည်တဲ့ သောကြာနံသင့် ဆပွတ်ဂြိုဟ်က ဖုံးအုပ်ပြီး နှစ်နံတွဲဆိုင်ရာ ဆိပ်သာအရပ်မှာ သွား



www.burmeseclassic.com

www.burmeseclassic.com

ရောက်မနေထိုင်ရန် ဆိုလိုတာပဲ။ သစ်ပင်ဆိုင်ရာဆိုလည်း ဆပ်သွားပင်ကို မစိုက်ပျိုးနဲ့လို့ ဆိုလိုတာပဲ''

"လင်းပင်ဆိုတာကော ဆရာ"

"လင်းမည်တဲ့ ဗုဒ္ဓဟူးနံသင့် စတုရန်းဂြိုဟ်ကို ပင်မည်တဲ့ ကြာသပတေးနံသင့် ပဉ္စပွတ်ဂြိုဟ်က ဖုံးအုပ်ထားတဲ့ နှစ်နံတွဲဆိုင်ရာ ရွှေဘိုမြို့ရွာ လက်ပံမြို့ရွာတွေမှာ သွားရောက်မနေထိုင်အပ်ဘူး။ သစ်ပင်ဆိုင်ရာဆိုလဲ လက်ပံပင်၊ ရင်းမာပင် စတာတွေကို ကိုယ်မှာမဆောင်ရသလို ခြံတို့ ဥပစာအတွင်းမှာလည်း မစိုက်ပျိုးရဘူးလို့ ဆိုထားတာပဲ''

"သဘောပေါက်ပါတယ် ဆရာ"

"ဒါဆိုရင် တနင်္ဂနွေ သားသမီးနဲ့ပတ်သက်တဲ့ အကြောင်းအပြည့်အစုံကို ပြောပြမယ်။ တနင်္ဂနွေသားသမီးတွေဟာ သူတို့နဲ့ဆိုင်ရာ ခယားဈောက်တိုင်မှာ တြိရန်းနံကို ဆပွတ်နံက အုပ်ဖုံးထားတဲ့ နှစ်နံတွဲနံသင့်ဖြစ်တဲ့ ဆိပ်သာအရပ်မှာ ဖြစ်စေ၊ စတုရန်းနံကို ပဉ္စပွတ်နံ အုပ်ဖုံးတဲ့ နှစ်နံတွဲနံသင့်ဖြစ်တဲ့ ရွှေဘိုမြို့ရွာ နယ်ပယ်တွေမှာ အမြဲတမ်း သွားရောက်မနေထိုင်ကြဖို့နဲ့ အဲဒီနှစ်နံတွဲနံသင့် ဆပ်သွားပင်ဖြစ်စေ၊ လက်ပံပင်၊ ရင်းမာပင် အဲဒီအသားတွေကို မိမိတို့ ခန္ဓာကိုယ်မှာ အမြဲမဆောင်ကြဖို့ လိုတယ်။ နောက်ပြီး ခြံတို့ ဥပစာအတွင်းမှာ မစိုက်ပျိုးဖို့ သတိထားရမယ်''

"မဆောင်ရဘူး မစိုက်ပျိုးရဘူး ဒါပဲ မဟုတ်လား ဆရာ"

"အေး ... ဟုတ်တယ်။ ဒီနေ့တော့ ဒီမှာပဲ ရပ်နားရအောင်လား။ နောက်တစ်ခါကျမှ အင်္ဂဝိဇ္ဇာပညာနဲ့ပတ်သတ်တဲ့ ယန္တြာခာတ်ရိုက်ခာတ်ဆင်အကြောင်း ပြောကြရအောင်နော်''

"ကောင်းတာပေါ့ ဆရာရယ်။ နေပြည်တော်ဘက် သမီးမသွားခင် ပညာရတာပေါ့''

"အေးပါ အဲဒီအခါကျ စကားတွေအများကြီးပြောရတာ မောတာနဲ့"

"ဩ ... အဲဒီအခါကျရင် ဆရာ့ကို အအေးလား၊ အပူလား''

"တော်ပါ ... အခုကော''

"လက်ဖက်ရည်ဆိုင် သွားမယ်လေ''

"မင်္ဂလာရှိတဲ့ အစီအစဉ်ပဲ''

စာရေးသူတို့ ဆရာတပည့်နှစ်ယောက်သည် ရန်ကင်းကြား မှတ်တိုင်အနီးရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြပါသည်။

ရောင်ပြန် စာဖတ်ပရိသတ်များအား ဆက်လက်တင်ပြရန်မှာ တြိရန်း စတုရန်း အပြန်အလှန်အုပ်၍ ရောင်ကြဉ်ရန် အချက်ကို ၁ နွေသားသမီးအား ဥပမာထား တင်ပြပေးပြီး ဖြစ်ပါသည်။ ယခု တင်ပြရန် ကျန်ရှိသော ၂ လာ၊ ၃ ဂါစသော နေ့သားသမီးတို့နှင့် ဆက်စပ်သမျှ အကြောင်းအရာကို မှတ်သားရလွယ်ကူစေရန် အောက်ပါဇယားကွက်ကို လေ့လာကြည့်ပါ။

တနင်္လာသားသမီးတို့သည် ဗုဒ္ဓဟူးနံအစ ကြာသပတေးနံအဆုံးဖြစ်သော ရေသဖန်းသား၊ ကြာသပတေးနံအစ ဗုဒ္ဓဟူးနံအဆုံးရှိသော ဖလံသား၊ မရန်းသားများ၊ ထို့နောက် ဝါးခယ်မမြို့၊ မင်းလှမြို့ စသည်တို့၌ မည်သည့်အခါမျှ အမြဲတမ်း မနေထိုင်အပ်။

အင်္ဂါသားသမီးတို့သည် ကြာသပတေးနံအစ သောကြာနံအဆုံးဖြစ်သော မရသိမ်သား၊ သောကြာနံအစ ကြာသပတေးနံ အဆုံးရှိသော သဖန်းသား၊ သပြေသားများသော်လည်းကောင်း၊ ပုသိမ်မြို့၊ သီပေါမြို့၊ သာပေါင်းရွာ၊ သပြေရွာ စသည်တို့၌ မနေထိုင်အပ်။

ဗုဒ္ဓဟူး သားသမီးတို့သည် သောကြာနံအစ စနေနံအဆုံးရှိသော သနပ်သား၊ သန်းဖွန့်သား၊ စနေနံအစ သောကြာနံအဆုံးဖြစ်သော နံ့သာသားများကိုသော်လည်းကောင်း၊ ထိုမှတစ်ပါးလည်း သံတွဲမြို့၊ ဟသ်ာတမြို့၊ နံ့သာမြို့ရွာ စသည်တို့မှာ မနေအပ်။

ကြာသပတေးသားသမီးတို့သည် စနေနံအစ တနင်္ဂနွေနံအဆုံးဖြစ်သော ထအောင်းသား၊ နွော့ဥများ တနင်္ဂနွေနံအစ စနေနံအဆုံးရှိသော ဥနှဲသားများကိုသော်လည်းကောင်း ထိုမှတစ်ပါးလည်း တောင်ငူမြို့ အောက်တွင်း မြို့ရွာ စသည်တို့မှာ မနေအပ်။

သောကြာသားသမီးတို့သည် တနင်္ဂနွေနံအစ တနင်္လာနံအဆုံးရှိသော အင်ကြင်းသား၊ အကျော်သားများ၊ တနင်္လာနံအစ တနင်္ဂနွေနံအဆုံးဖြစ်သော ကျီးအာသား၊ ဂန့်အိပ်သားများကိုလည်းကောင်း၊ ထိုမှတစ်ပါးလည်း အကျော်မြို့ရွာ၊ ကြာအင်းရွာ စသည်တို့မှာ မနေအပ်။

စနေသားသမီးတို့သည် တနင်္လာနံအစ အင်္ဂါနံအဆုံးရှိသော ကညင်သား၊ ခူဖံသားများ၊ အင်္ဂါနံအစ တနင်္လာနံအဆုံးရှိသော ညောင်ကြပ်သား၊ စောင်ချမ်းသားများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

| ခုနစ်ရက်သားသမီးများနေ့ | ၁ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ | ၀ နေ |
|---|---|---|---|---|---|---|---|
| ဆိုင်ရာ ကြိုရန်းနံ | ၃ဂါနံ | ၄ ဟူးနံ | ၅ တေးနံ | ၆ ကြာနံ | ၀နေနံ | ၁ နွေနံ | ၂ လာနံ |
| ဆိုင်ရာ စတုရန်းနံ | ၄ ဟူးနံ | ၅ တေးနံ | ၆ ကြာနံ | ၀နေနံ | ၁ နွေနံ | ၂ လာနံ | ၃ဂါနံ |
| ငှင်းနှစ်နံတွဲဆိုင်ရာအသား | စွန်ပလွံ | ရေသဖန်း | မရသိမ် | သနပ်သား | ထအောင်း | အင်ကြင်း | ကညင်သား |
| ငှင်းနှစ်နံတွဲဆိုင်ရာမြို့ရွာ | စလွန်မြို့ | ဝါးခယ်မ | ပုသိမ်မြို့ | သံတွဲမြို့ | တောင်ငူမြို့ | အင်္ကျော် | ကြံခင်းစု |
| ဆိုင်ရာ စတုရန်းနံ | ၄ ဟူးနံ | ၅ တေးနံ | ၆ ကြာနံ | ၀နေနံ | ၁ နွေနံ | ၂ လာနံ | ၃ဂါနံ |
| ဆိုင်ရာ ကြိုရန်းနံ | ၃ဂါနံ | ၄ ဟူးနံ | ၅ တေးနံ | ၆ ကြာနံ | ၀နေနံ | ၁ နွေနံ | ၂ လာနံ |
| ငှင်းနှစ်နံတွဲဆိုင်ရာအသား | လက်ဆက် | ဇလံသား | သဖန်း | နံ့သာ | ဥနဲ | ကျီးအာ | ညောင်ကြပ် |
| ငှင်းနှစ်နံတွဲဆိုင်ရာမြို့ရွာ | လှေဆွဲရွာ | မင်းလှမြို့ | သီပေါမြို့ | နံ့သာမြို့ | အောက်တွင်း | ကြာအင်း | ဆကာကြီး |

ကောင်း၊ ကြံခင်းစုမြို့ရွာ၊ ဆကာကြီး မြို့ရွာ စသည်တို့မှာ မနေအပ်ပေ။

တစ်ဖန် ကြိုရန်းနံ ဆပွတ်နံက ဖုံးအုပ်ခြင်း၊ စတုရန်းကို ပဥ္စပွတ်နံက ဖုံးအုပ်ခြင်းဖြစ်သော ဆိုင်ရာသစ်နံတို့ကိုမဆောင်ရန်နှင့် သက်ဆိုင်သော မြို့ရွာအရပ်တို့မှာ သွားရောက်၍ အမြဲတမ်းနေထိုင်လျှင် ပျက်စီးဆုတ်ယုတ်ခြင်းကို စာဖတ်သူများအား တင်ပြရာမှာ တနင်္ဂနွေသားသမီးကို ဥပမာပေး တင်ပြခဲ့ပါသည်။ ဤတွင် ကြွင်းကျန်သော နေ့သားသမီးများကို ဇယားကွက်ဖြင့် ထပ်မံတင်ပြလိုက်ရပါသည်။

တနင်္ဂနွေသားသမီးတို့သည် အင်္ဂါနံအစ သောကြာနံအဆုံးဖြစ်သော ဆိပ်သာရွာ စသည်နှင့် ဗုဒ္ဓဟူးနံအစ ကြာသပတေးနံအဆုံးဖြစ်သော ရွှေဘိုမြို့ရွာများ စသည်တို့တွင် သွားရောက်မနေထိုင်ရန်၊ သစ်ပင်ဘက်ဆိုင်ရာမှာလည်း လက်ပံပင်၊ ရင်းမာပင်တို့ကို မိမိတို့ခန္ဓာကိုယ်မှာ မဆောင်ရန်နှင့် ခြံ၊ ဥပစာအတွင်း၌ မစိုက်ပျိုးကြရန် မှတ်သားသင့်သည်။

တနင်္လာ သားသမီးတို့သည် ဗုဒ္ဓဟူးနံအစ စနေနံအဆုံးဖြစ်သော ရွှေတောင်မြို့ရွာ စသည်နှင့် ကြာသပတေးနံအစ သောကြာနံအဆုံးဖြစ်သော ပုသိမ်မြို့ရွာ စသည်တို့တွင် သွားရောက်မနေထိုင်ရန်၊ သစ်ပင်ဖက်ဆိုင်ရာမှာလည်း လက်ထုပ်ပင်၊ ရင်းတိုက်ပင်များဖြစ်စေ၊ ဖက်သန်းပင်၊ ပန်းသင်းပင်၊ ပျဉ်းတော်သိမ်ပင် စသည်နှင့် အသားတို့ကိုဖြစ်စေ မိမိတို့၏ ခန္ဓာကိုယ်အတွင်းမှာ အမြဲတမ်းဆောင်မထားရန်နှင့် ခြံဥပစာအတွင်း၌ ထိုအပင်များကို မစိုက်ပျိုးကြရန် မှတ်သားပြုသင့်သည်။

အင်္ဂါသားသမီးတို့သည် ကြာသပတေးနံအစ တနင်္ဂနွေနံအဆုံးဖြစ်သော မန်အောင်မြို့၊ မအူရွာ စသည်နှင့် သောကြာနံအစ စနေနံအဆုံးဖြစ်သော သထုံမြို့၊ သံတွဲမြို့ရွာ စသည်တို့တွင် သွားရောက်မနေထိုင်ရန် သစ်ပင်ဘက်ဆိုင်ရာမှာလည်း မအူပင် စသည်ဖြစ်စေ၊ သနပ်ပင်၊ သန်းဖွန့်ပင်များကိုဖြစ်စေ အထက်ကအတိုင်း သတိပြုကြရန်။

ဗုဒ္ဓဟူးသားသမီးတို့သည် ... သောကြာနံအစ တနင်္လာနံအဆုံးဖြစ်သော သောင်ကြီးမြို့၊ သပြေကန်ရွာများမှာ ဖြစ်စေ၊ ထို့အပြင် တောင်ငူမြို့၊ ထူးအင်းရွာ စသည်တို့တွင် သွားရောက်မနေထိုင်ရန်၊ သစ်ပင်ဘက်ဆိုင်ရာမှာလည်း သော်ကပင်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com

| ခုနစ်ရက်သားသမီးများနေ့ | ၁ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ | ၀ နေ |
|---|---|---|---|---|---|---|---|
| ဆိုင်ရာ ကြိုရန်နံများ | ၃ ဂါနံ | ၄ ဟူးနံ | ၅ တေးနံ | ၆ ကြာနံ | ၀ နေနံ | ၁ နွေနံ | ၂ လာနံ |
| ဆိုင်ရာ ဆပွတ်နံများ | ၆ ကြာနံ | ၀ နေနံ | ၁ နွေနံ | ၂ လာနံ | ၃ ဂါနံ | ၄ ဟူးနံ | ၅ တေးနံ |
| ငင်းနှစ်နံ့တွဲဆိုင်ရာမြို့ရွာ | ဆိပ်သာရွာ | ရွှေတောင် | မာန်အောင် | သောင်ကြီး | တောင်စွန်း | အာလံမြို့ | ကာမမြို့ |
| ငင်းနှစ်နံ့တွဲဆိုင်ရာသစ်ပင် | ဆပ်သွားပင် | လက်ထုပ် | မအူပင် | သောကပင် | တညင်းပင် | ဥသျှစ် | ကင်ပွန်းပင် |
| ဆိုင်ရာ စတုရန်နံများ | ၄ ဟူးနံ | ၅ တေးနံ | ၆ ကြာနံ | ၀ နေနံ | ၁ နွေနံ | ၂ လာနံ | ၃ ဂါနံ |
| ဆိုင်ရာ ပဥ္စပွတ်နံများ | ၅ တေးနံ | ၆ ကြာနံ | ၀ နေနံ | ၁ နွေနံ | ၂ လာနံ | ၃ ဂါနံ | ၄ ဟူးနံ |
| ငင်းနှစ်နံ့တွဲဆိုင်ရာမြို့ရွာ | ရွှေဘိုမြို့ | ဗုသိမ်မြို့ | သထုံမြို့ | တောင်ငူမြို့ | အကျော်ရွာ | ကန်ဆိပ်ရွာ | ဇလွန်မြို့ |
| ငင်းနှစ်နံ့တွဲဆိုင်ရာသစ်ပင် | လက်ပံပင် | ဇက်သန်း | သနပ်ပင် | ထအောင်း | အင်ကြင်းပင် | ကြက်ဆူပင် | ဇလပ်ပင် |

ထအောင်းပင်ဖြစ်၊ ထန်းအုန်းပင်တို့ကို ဖြစ်စေ အထက်ပါအတိုင်းသတိပြုရန်။

ကြာသပတေး သားသမီးတို့သည် စနေနံအစ အင်္ဂါနံအဆုံးဖြစ်သော တောင်စွန်းမြို့ရွာ၊ ထင်းဆိပ်ရွာ စသည်ဖြစ်စေ အကျော်မြို့ရွာ၊ အင်ကြင်းရွာ စသည်တို့တွင် သွားရောက်မနေထိုင်ရန် သစ်ပင်ဘက် ဆိုင်ရာမှာလည်း တဖွတ်ပင်ကိုသော်လည်းကောင်း၊ တိန်းညက်ပင်၊ တညင်းပင်များသော်လည်းကောင်း၊ အင်ကြင်းပင်၊ အကျော်ပင်တို့ကိုလည်းကောင်း မိမိတို့အိမ်ဥပစာအတွင်း မစိုက်ပျိုးကြရန်။

သောကြာသားသမီးတို့သည် တနင်္ဂနွေအစ ဗုဒ္ဓဟူးနံအဆုံးဖြစ်သော အာလံမြို့၊ အင်းဝမြို့ရွာအပြင် ကျုံကစင်းရွာ၊ ကန်းဆိပ်ရွာများမှာဖြစ်စေ သွားရောက်လျက် အမြဲမနေထိုင်ရန်၊ သစ်ပင်ဘက်ဆိုင်ရာမှာလည်း ဥသျှစ်ပင်၊ ကေရာဇ်ပင်များ သော်လည်းကောင်း၊ ကဖော့ပင်၊ ကြက်ဆူပင်၊ ခူဖံပင်များကိုလည်းကောင်း အထက်ကနည်းအတိုင်း ရှောင်ကြဉ်ပါ။

စနေသားသမီးတို့သည် တနင်္လာနံအစ ကြာသပတေးနံအဆုံးဖြစ်သော ကံမမြို့၊ ကူမဲရွာ၊ ကျုံပိုင်ရွာများမှာဖြစ်စေ၊ အင်္ဂါအစ ဗုဒ္ဓဟူးနံအဆုံးဖြစ်သော စလေမြို့၊ စလင်းမြို့၊ ဇလွန်မြို့၊ စရေးရွာများမှာဖြစ်စေ သွားရောက်မနေထိုင်ရန် သစ်ပင်ဘက်ဆိုင်ရာဖြစ်သော ကင်ပွန်းပင်၊ ကြောင်ပန်းပင်၊ ကြက်ပေါင်ပင်တို့ကိုလည်းကောင်း၊ ဇလပ်ပင်၊ စောင်းလျားပင်၊ ဆူးရစ်ပင်၊ ဆူးလေပင်တို့သော်လည်းကောင်း။ အသားများကို မိမိတို့ခန္ဓာကိုယ်မှာ အမြဲမဆောင်ထားရန်နှင့် ခြံဥပစာအတွင်းဘက်၌ မစိုက်ပျိုးကြရန် အထူးသတိပြုကြရမည်။ အကယ်၍ မသိနားမလည်ဘဲ ဆောင်မိ၊ စိုက်ပျိုးမိပါက ဘေးရန်အန္တရာယ်များနှင့် တွေ့ကြုံတတ်ကြောင်း တင်ပြလိုက်ရပါသည်။

**ဆရာဝေယံဦး**

**(လူမှုထုံးချွန် ဒုတိယဆင့်)**

ကျမ်းကိုး

အရှင်ဣန္ဒဝံသမထေရ်
အင်္ဂဝိဇ္ဇာအလင်းပြ
ယတြာတတ်ရိုက်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com

# နတ်မကြိုက်တဲ့ ဗုဒ္ဓဟူးနေ့ နှင့် မာကျူရီဂြိုဟ်၏ ထူးခြားချက်

စိုးနွယ်အောင်(လှိုင်)

လောကီအလိုအရ ရှေးလူကြီးသူမများက ဗုဒ္ဓဟူးနေ့ကို နတ်မကြိုက်ဘူးဟု ဆိုကြသည်။ ထို့ကြောင့် ဗုဒ္ဓဟူးနေ့တွင် နတ်တင်ခြင်း၊ နတ်ကိုးခြင်း၊ နတ်ပူဇော်ပသခြင်း စသည်များကို မပြုလုပ်ရဟု တားမြစ်ကြ၏။ တကယ်တော့ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာဟူသော အသုံးအနှုန်းများ အရှိန်အဟုန်ဖြင့် စီးဆင်းနေသော်လည်း လူတို့၏ နတ်ကိုးကွယ်မှု၊ ယုံကြည်မှု၊ ပူဇော်ပသမှုတို့ကား ရေစီးသန်ဆဲ တမ်းပြိုမြဲပင် ဖြစ်နေသေးသည်ကို တွေ့ရှိရ၏။

နတ်ဆိုရာတွင်လည်း နှစ်မျိုးနှစ်စား အကြမ်းအားဖြင့် ကွဲပြား၏။ နတ်ပြည်ခြောက်ထပ်မှ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များနှင့် အစိမ်းသေ သေ၍ အယူတိမ်း နတ်စိမ်းဖြစ်ကာ လူနားနီးနီး တွယ်ကပ်လျက် လူတို့ပသတင်မြှောက်သော စားသောက်ဖွယ်တို့ကို အငွေ့သာစားသည်ဆိုသည့် ၃၇ မင်း နတ်တစ်သင်းတို့ဟူ၍ အဆင့်အတန်း ကွဲပြားပါ၏။ နတ်ဆရာဆိုသူတို့၏ ချဲ့ကားမှုဖြင့် ၃၇ မင်း နတ်တို့မှာ အတွင်း ၃၇ နှင့် အပြင် ၃၇ ဆိုကာ ကျယ်ပြန့်သွားပြန်လေသည်။ နတ်သမားတို့၏ အယူအဆမှာ "နတ်တွေဟာ လူကို ကောင်းကျိုးမပေးကြပေမယ့် ဆိုးကျိုးတော့ပေးနိုင်တယ်"ဟူသော အခြောက်အလှန့်များဖြင့် လူတို့ကို ကြောက်လန့်စေလေ၏။ ဤနတ်များနှင့် နတ်ကိုးကွယ်သူတို့၏ကဏ္ဍကို ခေတ္တချန်လှပ်၍ ဗုဒ္ဓဟူးနေ့မဟုတ်သော ကောင်းကင်ထက်မှ ဗုဒ္ဓဟူးဂြိုဟ်(မာကျူရီဂြိုဟ်)၏ ထူးခြားမှုများကို ပြဆိုချင်ပါသည်။

ဗုဒ္ဓဟူးဂြိုဟ်နှင့် ပတ်သက်၍ အချက်အလက်တော်တော်များများကို ၂၀၀၄ ခု၊ ဩဂုတ်လထုတ် ဇောတိသဝေဒ မဂ္ဂဇင်းတွင် ဖတ်ရှုသိရှိခဲ့ပြီး ဖြစ်မည်။ မျက်စိဖြင့်မြင်စွမ်းနိုင်သော ဂြိုဟ်ကြီး ၇ လုံးအနက် နေနှင့် အနီးဆုံးဂြိုဟ်မှာ မာကျူရီဖြစ်သည်။ ဂြိုဟ်တို့သည် နေနှင့်နီးကပ်သော နေရာသို့ ရောက်သောအခါ (နေနှင့် တစ်ရာသီအတွင်း အံ့သာနီးကပ်စွာ ပူးကပ်ယှဉ် ရပ်တည်သောအခါ)နေရောင်အုပ်ခြင်း ခံရ၏။ ၎င်းကို အတ္ထမိသည်ဟု ခေါ်၏။ အတ္ထမိခံရသောဂြိုဟ်သည် မိမိ၏အရောင် မှေးမှိန်သွား၏။ အားအင်ဆုတ်ယုတ်သွား၏။ ဂြိုဟ်၏ ကိုယ်ပိုင်အရည်အသွေးနှင့် စွမ်းအင် လျော့နည်းသွား၏။ ဂြိုဟ်တစ်လုံး အားအင်ယုတ်လျော့သွားလျှင် လူသားတို့ကို ဆိုးကျိုးများ ပေးစွမ်း၏။ ဇာတာရှင်များ ခံစားရတတ်၏။ သက်ဆိုင်ရာ လဂ်ပိုင်ရှင်အလိုက်၊ အတန့်ပိုင်ရှင်အလိုက်၊ ဘာဝအလိုက် ဆိုးကျိုးခံရ၏။ ဂြိုဟ်အနေဖြင့် ဘာမျှဖြစ်မည်မဟုတ်၊ လူသားကိုသာ ထိခိုက်စေ၏။




www.burmeseclassic.com

အထက်ပါအတိုင်း နေနှင့်အံသာ နီးကပ်သော အခါ ဂြိုဟ်တို့သည် နေရောင်အုပ်ခြင်း (ဝါ) အတ္တမိခြင်း ခံရသည်ဟု ဆိုရာ၌ အတ္တမိသောဂြိုဟ်နှစ်လုံးသည် ခြွင်းချက်အနေဖြင့် ရှိသေး၏။ ပထမဂြိုဟ်တစ်လုံးမှာ လဟုလူသိများသော တနင်္လာဂြိုဟ်ဖြစ်ပြီး ဒုတိယဂြိုဟ်မှာ မာကျူရီပင်ဖြစ်၏။ တနင်္လာဂြိုဟ်သည် အတ္တမမိဆိုသည့် အချက်ကို လေ့လာလိုက်စားသူတိုင်း သိရှိပြီးဖြစ်၏။ ဗုဒ္ဓဟူးဂြိုဟ် အတ္တမမိဆိုသည့် အချက်ကို သင်တန်းသား အတော်များများ သိသူနည်းပါး၏။ အဆင့်မြင့်သင်တန်းကို ပြီးဆုံးသည်အထိ တက်ရောက်ပြီးမှသာ သိနိုင်၏။ အခြေခံအဆင့် သုံးဆင့်နှင့် ထိုသင်ခန်းစာသို့ မရောက်ရှိနိုင်သေးပါ။

ဗုဒ္ဓဟူးဂြိုဟ်သည် နေနှင့်နီးကပ်စွာ တည်ရှိလွန်းသဖြင့် နေရောင်ခြည်ကို ခံနိုင်ရည်အား ရှိနေသည်။ နေရောင်ခြည်ကိုပင် ဗုဒ္ဓဟူးဂြိုဟ်က စုပ်မျိုပစ်၏။ ထိုအစွမ်းအစကြောင့် ဗုဒ္ဓဟူးဂြိုဟ်သည် မည်သည့်အခါမျှ အတ္တမိခြင်းမရှိ။ အတ္တမမိသဖြင့် ဗုဒ္ဓဟူးပိုင်ရာသီများ၊ ဗုဒ္ဓဟူးပိုင်လဂ်များ၊ ဗုဒ္ဓဟူးပိုင် ဘာဝအတန့်များ၊ ဗုဒ္ဓဟူးဂြိုဟ်ရပ်တည်ရာ ယှဉ်ရာမြင်ရာ အားလုံးတို့၏ အကျိုးသည် မယုတ်လျော့နိုင်ပေ။ အတ္တမိခြင်းအပေါ် အခြေခံ၍ ဖော်ပြရခြင်းဖြစ်၏။ နောက်ပြန်သွားခြင်း၊ နိစ်မိခြင်း၊ ဒုဋ္ဌာနသခင်ဖြစ်ခြင်းတို့ မပါဝင်ပေ။ ထိုအကြောင်းခြင်းရာတို့ကို သီးသန့်ဆောင်းပါးတစ်ပုဒ်ဖြင့် ဖော်ပြပါမည်။

ဗုဒ္ဓဟူးဂြိုဟ်နှင့် ပတ်သက်၍ ထူး ခြားချက်တစ်ခု ရှိသေး၏။ အင်္ဂဝိဇ္ဇာတို့၏ အဋ္ဌလဂ်နှင့် သက်ဆိုင်သည်။ အဋ္ဌလဂ်(အရပ်ရှစ်မျက်နှာ)ဂြိုဟ်ရှစ်ခွင်တွင် အရပ်ရှစ်မျက်နှာနှင့် ဂြိုဟ်သက်များရှိ၏။ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ် တနင်္လာဂြိုဟ်သက် ၁၅ နှစ်၊ အင်္ဂါ ဂြိုဟ်သက် ၈ နှစ်၊ ဗုဒ္ဓဟူးဂြိုဟ်သက် ၁၇ နှစ်၊ ကြာသပတေးဂြိုဟ် ၁၉ နှစ်၊ သောကြာဂြိုဟ် ၂၁ နှစ်၊ စနေ ဂြိုဟ်သက် ၁၀ နှစ် နှင့် ရာဟုဂြိုဟ်သက် ၁၂ နှစ်ဖြစ်၏။ ၎င်းကို ပုံနှင့်တကွ ဖော်ပြရသည်ရှိသော် . . .




ပုံတွင် တွေ့မြင်ရသည့်အတိုင်း ဂြိုဟ်တို့၏ ဂြိုဟ်သက်အတိုင်း ဗုဒ္ဓဟူးဂြိုဟ်ရှိရာအရပ်မှ မြားပြထားသလို လက်ျာရစ်လှည့်လည်ရေတွက်လျှင် ထိုဂြိုဟ်၏ အသက်သေဆုံး၏။ ဥပမာ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကို ဗုဒ္ဓဟူးဂြိုဟ်ရှိရာအရပ်မှ တစ်-နှစ်-သုံး ဧသည်ဖြင့် လက်ျာရစ်ရေတွက်လျှင် တနင်္ဂနွေသို့ ရောက်ရှိသော် ၆ နှစ် ပြည့်မြောက်၏။ ကျန်သောဂြိုဟ်နှင့် ဂြိုဟ်သက်များကိုလည်း ဤအတိုင်း ဗုဒ္ဓဟူးဂြိုဟ်မှ စတင်ရေတွက်ကြည့်ပါ။ မိမိ၏ဂြိုဟ်ရှိရာအရပ်တွင် ထိုဂြိုဟ်၏ အသက်ကုန်ဆုံး၏။ ဤလျှို့ဝှက်ချက်သည် သူ့နေရာနှင့်သူ အသုံးဝင်၏။ လောကီပညာဖြင့် ပြုလုပ်ခြင်းခံရလျှင် ဗုဒ္ဓဟူးနှင့် ဖြေရ၏။ အကြောင်းမှာ အထက်ပါ သဘောတရားကြောင့်ဖြစ်၏။ ထို့ကြောင့်ပင် ဗုဒ္ဓဟူးနေ့ကို ၃၇ မင်းနတ်သို့ မနှစ်သက်ကြခြင်း ဖြစ်ဟန်တူ၏။

**စိုးနွယ်အောင်(လှိုင်)**

www.burmeseclassic.com

**အားလုံးမျှော်လင့်နေကြသော ........**

## ဂမ္ဘီရဆရာလှမျိုး(B.Sc) ၏

**(၇) ရက်သားသမီးများအားလုံးအတွက် ဓောင်းကျိုးဝေသာ**

# နဝင်းပညာဓာတ်ယတြာများ (ဒုတိယအကြိမ်)

**ထွက်ပြီ**

ပထမအကြိမ်ထွက်စဉ်က မရရှိလိုက်သော ဖေဒင်ဝါသနာပါသူ၊ နဝင်းပညာစိတ်ဝင်စားသူများ အမြန်ဝယ်ထားလိုက်ပါ။ ရေရှည် သိမ်းထားလို့ရအောင် စာရွက်ချောဖြင့် ရိုက်နှိပ်ထုတ်ဝေထားပါသည်။

**ရောင်းဈေး (၂၀၀၀) ကျပ်**

ဖြန့်ချိရေး — ကြံ့ထိုင်းအောင်စာပေ၊ အမှတ်(၁၇)၊ အောင်သပြေအနောက် (၁)လမ်း ၇/ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း — ၀၉-၄၂၀၀၄၇၈၆၉

# ဆရာဝင်း(သာကီနွယ်)




## ဂမ္ဘီရဆိုင်ရာ

## ဆောင်းပါးများ

## အမှတ်စဉ် (၁)

စာအုပ်မှာကြားရန် - ဒေါ်မြတ်မြတ်ဝင်း၊ တိုက်(၃၁၃)၊ အခန်း(၉)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၅၉၆၅၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်လှည့်ကြိုးနှီးနှင့်သော ...

**မြမြလှိုင်**

ရှေ့တွင် အမှောင်ဖုံးနေသည်။ မြင်မြင်သမျှ အရာအားလုံးသည် အမှောင်တွေဖုံးလွှမ်းနေသည်။ သူ ရောက်နေသည့်နေရာကို မှန်းကြည့်သည်။ စဉ်းစား၍မရ။ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော နေရာ။ အေးစိမ့်စိမ့် ချမ်းစိမ့်စိမ့်၊ ကြက်သီးမွေးညှင်းထ လောက်သည့်ပမာ ခန္ဓာကိုယ်က ခံစားရသည်။ လမ်းလျှောက်လာရသော်လည်း မြေကြီးနှင့် ခြေဖဝါး မထိသလိုပင်။ လေမှာလွင့်မျောနေသည်။ ဘာကြောင့်မှန်းမသိ။ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလွတ်လပ်နေသေသည်။ ဘေးပတ်ဝန်းကျင်ကို ဝေ့ဝဲကာကြည့်သည်။ ဘာ ဆိုဘာတစ်ခုကိုမှ မမြင်ရ။ ထင်ရသည်က ဘေးတွင်ရှိသော အရာဝတ္ထုတို့မှာ သစ်ကြီးဝါးကြီး ပင်စောက်ကြီးတွေ ဖြစ်မည်။ လေနှင့်အတူ တရှဲရှဲမြည်သော အသံကို ကြားရသည်။ လေတိုက်လျှင် ဆံနွယ်စတို့ လှုပ်ရှားသည်ကိုလည်း သိရသည်။

"လာ ... လိုက်ခဲ့လေ မင်းကို ခေါ်လာတာ"

အသံသြသြနှင့် စကားသံကို ကြားရသည်။ ပုံသဏ္ဌာန်ကိုတော့ မမြင်ရ။ ဘယ်နေရာကပြောလိုက်သည်လဲ မသိ။

"မင်း မစဉ်းစားပါနဲ့။ မောင်က မင်းလေးကို ချစ်တာရယ်၊ မခွဲမခွာနေချင်တဲ့ကြောင့် မင်းလေးကို မောင် ခေါ်လိုက်ရတာပါ"

တစ်ခါမှ မသိဖူး၊ မမြင်ဖူးသော သူက သူ့ကိုချစ်လွန်း၍ ခေါ်လာသည်ဟု ပြောနေသည်။

"ရှင်က စန္ဒီကို သိလို့လားဟင်"

"သိတာပေါ့ မိစန္ဒီရယ်။ မင်းကိုလေ မောင်က ခုမှသိတာ မဟုတ်ဘူး။ ဟိုးဘဝ ပြောရရင် နှစ်ပေါင်းများစွာထဲက မောင် သိခဲ့ရတာပါ"

"ကျွန်မကို မိစန္ဒီလို့ ရင့်ရင့်သီးသီး ဘာလို့ ရှင်ခေါ်ရတာလဲ။ ကျွန်မနာမည်က ရွှေစန္ဒီပါ"

"အမိရယ် အမိကို မောင်က ချစ်လွန်းလို့ အမွှန်အမြတ်နဲ့ ချစ်စနိုး ခေါ်ခဲ့ရတာပါ"

အမှောင်ထဲတွင် လမ်းလျှောက်ပြီး တစ်ယောက်တည်း စကားပြောနေရသည်။ အကောင်အထည် မမြင်ရ။ သူက ဘာကြောင့်များ စန္ဒီကို ချစ်ခဲ့ဖူးသူဟု ဆိုရပါသလဲ။ ကြားရသည့်အသံက အသံသြသော်လည်း တောင်းပန်ခယတိုးလျှိုးသော အသံဖြစ်နေသည်။

"ချစ်ရယ်၊ မင်းလေးကိုပြန်တွေ့ရတော့ မောင့်ရင်မှာ ပျော်လိုက်တာ။ စန္ဒီသိအောင် မောင်ပြောပြချင်ပေမဲ့ အခွင့်က မသာခဲ့ဘူး။ အခုမှ မောင်မင်းလေးကို ရအောင်ခေါ်လာခဲ့ရတာ"

စန္ဒီ အံ့အားသင့်သွားသည်။ သူ့အိမ်မှာ သူနေသည်။ မည်သည့်နေရာကိုမှလည်း မသွား။ ရောက်လည်း မရောက်ခဲ့။ ဘယ်လိုများ သူ့ကို လူမမြင်ရသည့်သူက ဘယ်လိုများ ခေါ်လာပါလိမ့်။ စိတ်ထဲတွင် အံ့အားသင့်သွားမိသည်။ သူပြောသလိုပင် စန္ဒီ တစ်ယောက် လေထဲလမ်းလျှောက်နေရသည်။ တစ်ရိပ်ရိပ်ပြေးနေသလို။ ခရီးကလည်း တဖြည်းဖြည်း ဝေးဝေးလာသည်။

"ကျွန်မကို အိမ်ပြန်ပို့ပေးပါရှင်။ ကျွန်မ အိမ်ပြန်ပါရစေ။ အိမ်မှာ ကျွန်မမိဘတွေ မျှော်လင့်နေကြမှာ၊ စိတ်လည်း ပူနေကြမှာဘဲ"

"လိုက်ခဲ့ပါ စန္ဒီရယ်။ မင်း မောင်နဲ့အတူတူနေရအောင် လိုက်ခဲ့ပါကွယ်။ ပထမအကြိမ်တုန်းက မင်းနဲ့ဝေးရာကို မောင်ပြေးခဲ့ရတယ်။ ခု ဒီတစ်ခါတော့ မောင် စန္ဒီ့ကို လက်လွှတ်မဆုံးရှုံးပါရစေနဲ့။ ခက်ခက်ခဲခဲနဲ့ စန္ဒီ့ကို မောင် လိုက်ရှာခဲ့ရတာ။ တွေ့ရပြန်တော့လည်း အခွင့်အခါကြုံအောင် စောင့်ရတယ်။ ခုတော့ စန္ဒီက မောင်နဲ့အတူ ပါလာပြီ။ ဒီတစ်ခါတော့ မိစန္ဒီကို မောင်မခွဲနိုင်တော့ဘူး။ ပြန်မလွှတ်နိုင်ဘူး စန္ဒီရယ်"

လမ်းလျှောက်ပြီး သူခေါ်ရာကို လိုက်နေရသည်။ ယခု .. ဆက်ပြီး မလျှောက်တော့ဘဲ လာရာလမ်းကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်လှည့်လိုက်ချင်ပြီ။

"စန္ဒီရယ်။ မောင်နဲ့စန္ဒီဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ"

"ကျွန်မရှင့်ကို မြင်လည်းမမြင်ရတော့ ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ ရှင်နဲ့ကျွန်မက ဘာများပတ်သက်ခဲ့ကြလို့လဲ"

"စန္ဒီ ..."

"ရှင် ..."

"မောင် စန္ဒီ့အနားကို လာခဲ့မယ်။ မောင့်မျက်နှာကို မြင်ရရင် စန္ဒီ မှတ်မိမှာပါ"

စကားသံက တဖြည်းဖြည်းနီးကပ်လာပြီ။ မိမိ၏အနားသို့ တစ်ဦးတစ်ယောက်ကပ်လာသလို ခံစားရသည်။

"စန္ဒီရဲ့ ညာဘက်နားမှာ မောင်ရောက်နေတယ်။ လှည့်ကြည့်လိုက်ပါ"

စကားသံကြားရပြီးနောက် စန္ဒီ လှည့်ကြည့်လိုက်သည်။ ရင်ထဲတွင် တုန်ခါသလို ဖြစ်သွားသည်။ အမှောင်ထဲတွင်ရှိနေသော်လည်း သူ့အနားဝန်းကျင်က လင်းနေသည်။ သူ့မျက်နှာကို ပီပီပြင်ပြင် မြင်ရသည်။ မျက်ခုံးထူထူ၊ နှာတံစင်းစင်း၊ တောက်ပရွှန်းလဲ့သော မျက်လုံးအစုံက ညှို့ငင်နိုင်စွမ်းရှိသည်။ ပီပီပြင်ပြင်ရှိသော နှုတ်ခမ်းနှစ်လွှာ၊ အသားရောင်က ဖြူသည်။ အရပ်အမောင်းတော့သေချာမသိ။ အမှောင်ထဲတွင် ခန္ဓာကိုယ် အပေါ်ပိုင်းတစ်ပိုင်းလောက်သာ မြင်ရသည်။

"ကဲ မောင့်ကိုတွေ့ပြီလား စန္ဒီ"

"ကျွန်မ ရှင့်ကို ခုမှမြင်ဖူးတာပါ။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မကို ပြန်ပို့ပါ။ ကျွန်မရဲ့ အမေအဖေတို့လည်း စိတ်ပူနေကြမယ်"

မျက်ရည်ဝေ့ဝဲစွာဖြင့် သူ့ကို စန္ဒီ တောင်းပန်လိုက်သည်။ သူ့ကို လုံးဝမမြင်ဖူးသော်လည်း သူ့မျက်နှာကို မြင်ရသည့်အခါတွင် ရင်ထဲ၌ နွေးသွားသည်။

"မပြန်ပါနဲ့ စန္ဒီရယ်။ မောင် စန္ဒီနဲ့ မခွဲပါရစေနဲ့။ စန္ဒီ့ကို ချစ်လွန်းလွန်းလို့ မောင်အမျိုးမျိုး ကြိုးစားခဲ့ရတယ်"

"မနေချင်တဲ့သူကို ရှင် အနိုင်ကျင့်ခေါ်ထားတာ မတရားဘူး။ ရှင့်ကို ကျွန်မ သိလည်းမသိဘူး၊ ချစ်လည်း မချစ်နိုင်ဘူး။ ကျွန်မကိုသာ ပြန်ပို့ပေးပါ။ ကျွန်မ အိမ်ပြန်ပါရစေ"

"တရားတယ်၊ မတရားဘူးဆိုတာကို မောင် နားမလည်ဘူး။ မောင်လိုချင်တာကို မောင်ရအောင် ယူခဲ့တယ်။ စန္ဒီ့ကိုလည်း မောင် ရအောင် ယူခဲ့တယ်။ မောင့်ရင်ထဲက ဝေဒနာကိုသာ စန္ဒီနားလည်ပေးပါ"

"အို .. မရဘူး မရဘူး။ ကျွန်မ အိမ်ကိုပြန်မယ်။ ရှင်နဲ့အတူ မလိုက်နိုင်ဘူး။ အိမ်ကိုသာပြန်ပါရစေ။ အမေ၊ အဖေ သမီးကို ပြန်လာခေါ်ပါ အမေရယ်။ အမေ ... အမေ သမီးပြန်လာပါရစေ။ ခေါ်ပါ ခေါ်ပါ အမေရေ"

******

"ဘယ်လိုကနေဘယ်လို စဖြစ်တယ်ဆိုတာကို ကျွန်တော့်ကို ရှင်းပြပါဦး"

ဧည့်ခန်းတွင် နေရာယူထိုင်ရင်း ဆရာဝိစက္ခဏက မေးလိုက်သည်။ (ဝိစက္ခဏ=ပညာရှိ) အသက်အရွယ်အားဖြင့် သုံးဆယ်ဝန်းကျင်သာ ရှိဦးမည်။ ဥပဓိရုပ်ရည်အားဖြင့် အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ လူပုံက ခန့်ချောချောဖြစ်သည်။ ပန်းဆီသွေးရောင် ရှပ်ပုဝါကို ပေါင်းပြီး ခေါင်းပေါင်းစထုတ်ထားသည်။ ပင်နီရောင်ဖျင်ကြမ်းအင်္ကျီလက်ရှည်ကို ဝတ်ကာ ယောပုဆိုးအနက်ကွက်ကို သေသေသပ်သပ်ဝတ်ထားသည်။ အသံပြဩဇာကလည်း ကောင်းသည်။

"အခု လူနာက ဘယ်မှာလဲ"

"အခန်းထဲမှာပါ။ ဖျားပေါ်မှာပဲ လေးရက်လောက် ရှိပါပြီ။ ရွာကြီးကုန်းဘက်ကို မှိုချိုးသွားရင်း ဖြစ်လာတာပါ"

"ရွာကြီးကုန်းဆိုတာ"

"ရွာကြီးကုန်း ဆိုတာ ရွာရဲ့အပြင်ဘက်မှာရှိတဲ့ တစပြင်ဟောင်းပါ။ (တစပြင်=သုသာန်) အဲဒီနဲ့ကပ်နေတဲ့ ကုန်းမြေမှာ မိုးဦးကျဆို မှိုတွေပေါတယ်။ သူများတွေ မနှုတ်ခင် သူသွားနှုတ်မယ်ဆိုပြီး သွားတာ။ ပြန်လာတော့ မှိုက နည်းနည်းလေးပဲ ပါလာတယ်။ အိမ်ပြန်ရောက်တော့ အခန်းထဲဝင်သွားပြီး ပါးစပ်က မလိုက်ချင်ဘူး မလာနဲ့ဆိုပြီး ပြောရင်က အိပ်ရာပေါ် လဲကျသွားတာ ခေါ်လို့မရတော့ဘူး"

"ဘယ်နှရက်ရှိပြီလဲ"

"လေးရက်လောက် ရှိပါပြီ ဆရာ။ ဘကြီးတို့ကတော့ ပြောပါတယ်။ သုသာန်ဘက်သွားလို့ အပမှီပြီး လိပ်ပြာလန့်သွားတာလို့ ပြောကြတာဘဲ။ ဒါကြောင့် ဒေါ်မယ်ဥပြောပြလို့ ဆရာ့ဆီလာပြီး ပင့်ရတာပါ။ ကယ်ပါဦး ဆရာရယ် ... ကျွန်မသမီးလေးကို"

ဆရာသည် တစ်ခွန်းမှ စကားမပြန်။ မျက်လုံးအစုံကို မှိတ်ကာ တစ်ခုခုကို အာရုံဝင်စားနေသည်။

"ကျွန်ုပ်သည် မည်သည့်သတ္တဝါကိုမှ သတ်ဖြတ်ခြင်း မရှိခဲ့ပါ။ ကျွန်ုပ်သည် တစ်စုံတစ်ဦးတစ်ယောက်သော

www.burmeseclassic.com

www.burmeseclassic.com

သူ့ထံမှ အရှင်မသိသော ပစ္စည်းဥစ္စာ မှန်သမျှကို ယူငင်သုံးဆောင်ခြင်း မရှိခဲ့ပါ။ ကျွန်ုပ်သည် သူတစ်ပါး၏ သား မယား၊ သားပျို၊ သမီးပျိုတို့အား ကံသုံးပါးနှင့် ပြစ်မှားခြင်း မရှိခဲ့ပါ။ ကျွန်ုပ်သည် သူတစ်ပါး အကျိုးယုတ်စေအောင် လိမ်ညာလှည့်ဖျားသောစကားကို မဆိုခဲ့ပါ။ ကျွန်ုပ်သည် မူးယစ်စေတတ်သော ယမကာစသည်တို့ကိုလည်း ရှောင်ကြဉ်ပါသည်''

ပြောဆိုကာ လက်အုပ်ချီပြီး ဘုရားကျောင်းဆောင်ရှေ့ဘက်သို့ လှည့်ကာ ဦးချလေသည်။

"ကိုင်း . . . လူနာရှိရာကိုမှန်းပြီး ရုပ်ထားနာမ်ထားကြည့်မယ်''

ဆရာသည် လွယ်လာသော ဖျင်အိတ်ကြီးထဲမှ ကတ္တီပါအိတ်အနီကို ထုတ်လိုက်သည်။ ထိုအိတ်ကို ဖွင့်လိုက်သည်။ အိတ်သည် ကြိုးရှုံ့အိတ်လေးဖြစ်သည်။ အိတ်ထဲမှာ ယွန်းခွက်နှင့် အဖုံးပိတ်ထားသော ဘူးလေးကို ယူကာ အဖုံးကိုဖွင့်ပြီး နံ့သာပန်းပေါင်းစုံနှင့် မန္တန်အုပ်ကာ စီရင်ထားသော ဆေးအနှစ်အား ညာဘက်လက်ညှိုးနှင့် အနည်းငယ်ယူကာ မျက်စိနှစ်လုံးကို ကွင်းလိုက်သည်။ ထို့နောက် နှုတ်ခမ်းဝတွင် လက်ဝါးနှစ်ဖက်ပူးကာ ဂါထာတစ်ပုဒ်ကို ရွတ်လေသည်။

"ဥုံ . . . ဇမ္ဗူဒီပေ ကျွန်းအောင်မြေတွင် များစွာအနန္တ နတ်ဒေဝါတို့ စောင်မကြည့်ရှု အောင်ဆုချမ်းသာ မင်္ဂလာကို ဒေဝါနတ်များ မစေသော်။ နတ်ဆေးနတ်ဝါး မန္တရားဖြင့် နတ်များခြံရံ နတ်မန္တန်ဖြင့် နတ်မွန်ချီးမြှောက်ပါစေသော်။ အောင်ဇေယျတု အောင်ဇေယျတု သဗ္ဗမင်္ဂလ''

ဆရာသည် ထိုဂါထာကို အခေါက်မည်မျှမသိ အချိန်ကြာကြာ ရွတ်ဆိုနေသည်။

"ကဲ . . . လူနာရှိရာကို သွားမယ်။ ခဏလောက် ဝင်ခွင့်ပြုပါ''

"ရပါတယ် ဆရာ ရပါတယ်။ ကျုပ်တို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတော့ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်မိတယ်''

ဆရာနှင့်အတူ လူနာရှင်၏ ဖခင်တို့ အတွင်းခန်းထဲသို့ ဝင်လာကြသည်။ အခန်းတွင်းရှိ သင်ဖျူးဖျာအချောစားပေါ်တွင် ပက်လက်အနေအထားနှင့် မျက်လုံးစုံမှိတ်ကာ နွမ်းလျအသွင်နှင့် အိပ်ပျော်နေသည့်အလားမလှုပ်မယှက်ရှိနေသော နုနယ်ပျိုမြစ် အလှကြွယ်စအရွယ် မိန်းကလေးတစ်ဦးကို တွေ့ရသည်။ အသက်ရှင်လျက်ရှိသော်လည်း ဝိညာဉ်ကင်းမဲ့နေသလိုပင်။

"အင်း . . . လိပ်ပြာစဉ်သွားတာပဲ။ တစ်ခုခုကို သိပ်ပြီး ထိတ်လန့်ကြောက်ရွံ့သွားလို့မယ်။ လိပ်ပြာလန့်ပြီး လိပ်ပြာစဉ်သွားတာပါ''

"ဒါဆို ဘယ်လိုလုပ်ရမလဲဆရာရယ်။ ကယ်ပါဦး . . . ဆရာရယ်။ ကယ်ပါဦး''

"လိပ်ပြာကို ပြန်ခေါ်ရပါ့မယ်။ ဒီတော့ ကျွန်တော်ပြောတဲ့အတိုင်း လုပ်ပေးရလိမ့်မယ်''

"စိတ်ချပါ ဆရာရယ်။ စိတ်ချပါ။ ဆရာပြောတဲ့အတိုင်း သေသေချာချာ လုပ်ပေးပါ့မယ်''

"ကဲ . . . အားလုံးအဆင်သင့်ဖြစ်ပြီဆိုရင် ဟောဒီလက်ဖက်တစ်ပွဲကအိမ်တွင်းနတ်အတွက်ပေါ့။ အိမ်တွင်းအရှင်ဖေကြီးဘုရား ယခု မိန်းကလေး၏အမည်မှာ ရွှေဆံမြိုတ်ဖြစ်ပါသည်။ ထိုမိန်းကလေး အိမ်သို့ပြန်ဝင်လာရန် ခွင့်ပြုတော်မူပါ''

ထို့နောက် ထမင်းတစ်ပွဲ၊ ဘဲဥပြုတ်နှစ်လုံး ပွဲတင်လိုက်ပြန်သည်။

"ရှင်မိနဲ့ . . . ပမနဲ့ခင်ဗျား ရွှေဆံမြိုတ်ဆိုသည့် မိန်းကလေး၏ လိပ်ပြာလာပါသည်။ အနှောင့်အယှက် အဟန့်အတားမရှိအောင် စောင့်ရှောက်တော်မူပါ''

သံလင်ပန်းတစ်ခုတွင် ချက်ပြီးသား ထမင်းခုနစ်ဆုပ်၊ ပြုတ်ပြီးသား ဘဲဥကတစ်လုံး၊ ရေသောက်ရန် ရေက တစ်ခွက်၊ တစ်တောင်ခန့် အပ်

ယောက်မဖြင့် ခုနစ်ချက်ခေါက်သည်။ ထို့နောက် အိမ်ပေါက်ဝသို့သွားကာ ရွှေဆံမြိုတ်၏လိပ်ပြာ ဝင်လာနိုင်ရန်ရွတ်ဆိုပြီး ယောက်မဖြင့် ခုနစ်ချက်ခေါက်လေသည်။ ထို့နောက် ထမင်းပွဲပြင်ထားသော သံလင်ပန်း၊ ရေခွက်၊ ထမင်းဆုပ် စသည်တို့ကိုလည်း ရွှေဆံမြိုတ်၏ လိပ်ပြာကိုခေါ်ကာ ခုနစ်ချက်ခေါက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချည်ခုနစ်ကြိုးက နှစ်ခင်၊ ယောက်မက အသစ်တစ်ချောင်း အသင့်ထားကာ ပွဲပြင်ထားသည်။ ထို့နောက် ဆရာသည် ယောက်မကိုကိုင်ပြီး အိမ်လှေကားသို့ သွားလေသည်။

"မိန်းကလေး ရွှေဆံမြိတ်၏ လိပ်ပြာလာရန် ခေါ်ပါသည်။ လာခဲ့ပါ လာပါ"

"ဒေါက် ‥ ဒေါက် ‥ ဒေါက် ဒေါက် ‥ ဒေါက် ‥ ဒေါက် ဒေါက်"

ယောက်မဖြင့် ခုနစ်ချက်ခေါက်သည်။ ထို့နောက် အိမ်ပေါက်ဝသို့ သွားကာ ရွှေဆံမြိတ်၏လိပ်ပြာ ဝင်လာနိုင်ရန် ရွတ်ဆိုပြီး ယောက်မဖြင့် ခုနစ်ချက်ခေါက်လေသည်။ ထို့နောက် ထမင်းပွဲပြင်ထားသော သံလင်ပန်း၊ ရေခွက်၊ ထမင်းဆုပ် စသည်တို့ကိုလည်း ရွှေဆံမြိတ်၏ လိပ်ပြာကိုခေါ်ကာ ခုနစ်ချက်ခေါက်လေသည်။

"ကဲ ‥ ဒီမှာ လာကိုင်ပေးပါဦး"

ဆရာကခေါ်လိုက်သည်။ ရွှေဆံမြိတ်၏အမေ ရောက်လာသည်။ ဆရာသည် လူနာ၏ လက်နှစ်ဖက်စလုံး လက်ဖျားမှ တံတောင်ဆစ်အထိ အထက်သို့လှန်ကာ ခုနစ်ချက်ဖြတ်ထားသည့် အပ်ချည်ခင်စကို ဆွဲလေသည်။ ထိုသို့ဆွဲပြီး အပ်ချည်ခင်အား လူနာ၏ လက်တစ်ဖက်စီတွင် သုံးပတ်ပတ်၍ ချည်ထားလိုက်သည်။ ထို့နောက် အပ်ချည်ကြိုးစလေးအား အနည်းငယ်ဖြတ်ကာ အခွံခွာထားသော ဘဲဥနှင့် ထမင်းတစ်ဆုပ်ကို ယူကာ လူနာ၏ခေါင်းပေါ်တွင် တင်ကာ နှုတ်မှ တတွတ်တွတ် ရွတ်လေသည်။

"ဟင်း ‥ ဟင်း ‥ မလိုက်ချင်တော့ဘူး။ မလိုက်ချင်ဘူး"

"ဟော ‥ ဟော ‥‥ သမီးရွှေဆံမြိတ် သမီးလေးသတိရလာပြီ။ သတိရလာပြီ ကိုအိမ်ခေါင်းရေ"

အနားရှိ လူအားလုံး မျက်နှာတွေ ပြုံးရွှင်လန်းဆန်းလာသည်။ သတိရစပြုလာသည့် ရွှေဆံမြိတ်အား ဘုရားကျောင်းဆောင်ပေါ်တွင် ဆရာ ဂါထာမန်းပြီး တင်ထားသော ရေခွက်ကို သောက်စေသည်။ ရေသောက်ပြီးနောက် ရွှေဆံမြိတ်၏ မျက်လုံးအစုံက မှုန်မှုန်ဝါးဝါးဖြစ်နေရာမှ ကြည်လင်လာသည်။ ရွှေဆံမြိတ်သည် မျက်လုံးအစုံကို ဝေ့ဝဲပြီး အနားရှိ လူအားလုံးကို ကြည့်လိုက်သည်။

"ဟင် ‥ ရှင် ‥ ရှင် ဘာဖြစ်လို့ လိုက်လာတာလဲ ပြန် ပြန်ပါ။ ကျွန်မကို လာမခေါ်ပါနဲ့ရှင်"

ဆရာဝိစက္ခဏက ပြုံးပြီးကြည့်နေသည်။ အနားရှိ အိမ်သားတွေက ဆရာ့ကို အားနာနေကြသည်။

"ဆရာရယ် စိတ်မဆိုးပါနဲ့နော်။ သမီးလေးက အမြင်မှားပြီး အထင်မှားပြောတာပါ။ ခွင့်လွှတ်ပါနော်"

"ရပါတယ်။ သူမြင်ခဲ့ရတဲ့ သူက ကျုပ်နဲ့ တော်တော်တူလို့နဲ့ တူတယ်"

"ရှင် ဆရာ ဘာတွေပြောတာလဲဟင်"

"ဩြော် ‥‥ ဒီမိန်းကလေး ရွှေဆံမြိတ်ကို အိပ်မက်ထဲမှာ ခေါ်သွားတဲ့သူနဲ့ ကျုပ်နဲ့တူလို့ သူကြောက်တာ နေမှာပေါ့"

ဆရာပြောသမျှကို ရွှေဆံမြိတ်က မျက်လုံးအဝိုင်းသားနှင့် ကြည့်နေသည်။

"ကဲ ‥ လူနာလည်း သက်သာလာပြီဆိုတော့ ကျုပ်ပြန်ဦးမယ်။ ကိစ္စရှိရင်တော့ ကျုပ်ရှိတတ်တဲ့ နေရာကို စုံစမ်းပြီး လာခေါ်ကြပေါ့"

"ကျုပ်တို့လှည်းနဲ့ လိုက်ပို့ပေးပါ့မယ်"

"ရတယ် ရတယ်၊ နေပါစေ ဒီအတိုင်းပဲ ခြေလျင်သွားလို့ရပါတယ်။ ကဲ ‥‥ မိန်းကလေး သွားမယ်နော်"

နှုတ်ဆက်စကားဆိုပြီး ရွှေဆံမြိတ်၏ အနားသို့ ကပ်လာသည်။ ဒူးထောက်ထိုင်ချလိုက်သည်။ ရွှေဆံမြိတ်၏ ညာဘက်လက်ဖဝါးလေးကို နူးညံ့စွာဆုပ်ကိုင်ပြီး တိုးတိုးလေး ပြောလိုက်သည်။

"နေကောင်းအောင် နေနော်။ မောင် ပြန်လာခဲ့မယ် စန္ဒီ"

"ဟင် ‥ ရှင် ‥ ရှင်"

ပြောပြီး ထသွားသော နောက်ကြောင်းကို ပြန်လှည့်မကြည့်တော့ဘဲ အိမ်ပေါ်က ဆင်းသွားသည်။ အားလုံးက သူ့ကိုကြည့်နေကြသည်။ သစ်ရိပ်ဝါးရိပ်တို့ ရှိသော်လည်း အလင်းရောင်က နေ့လည်ခင်းကို အလင်းရစေသည်။ ဆရာထွက်သွားရင်းက မြန်မြန်သွား၍လား မသိ။ လှမ်းကြည့်ကာ မမြင်ရတော့ပေ။ ရွာကြီးကုန်းဘက်သို့ ဆရာရောက်လာသည်။

"အရင်ဘဝထဲက ချစ်ခဲ့ရတဲ့ စန္ဒီနှမ ‥ မင်းကို ဒီမှာတွေ့တာနဲ့ လိပ်ပြာချုပ်ပြီး မောင့်ဘဝထဲကို ခေါ်ဖို့လုပ်ခဲ့တယ်။ မင်းလေးရဲ့ ကုသိုလ်ကံက ကောင်းနေသေးတော့ လိပ်ပြာချုပ်ထားတာကို မောင် ပြန်ခေါ်ပေးလိုက်ပါတယ်။ ချစ်ခွင့်ကြုံရင်တော့ ဆုံချင်ပါသေးတယ် ‥‥"

မြလှိုင်

www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈

နံနက် (၈း၀၀) နာရီ မှ နေ့လည် (၁း၀၀) နာရီ။

အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

နေ့လည် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီထိ

အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)

ညနေ (၄း၀၀) နာရီ နောက်ပိုင်း

# အောင်ဝိဇ္ဇာစိုးရှိ – အထူးကုဆေးခန်း

- ➢ အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ **(1107 Y 7278)**
- ➢ လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ **(1208 Y 7972)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၉၄၀၃

ပင်ရင်း ❖ အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉

ဖြန့်ချိရေး ❖ ကိုဝင်းမြင့် + မဘောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၇ လမ်း၊ ၇၂×၇၃ လမ်း)၊ အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အညို

■ နေပုည

"အော် ‥ အီး ‥ အီး ‥ အွတ်"

"အော် ‥ အီး ‥ အီး ‥ အွတ်"

အရုဏ်ဦး ကြက်တွန်သံများ မဟုတ်။ သန်းခေါင် ကြက်တွန်သံများက ဟိုဟိုသည်သည် နေရာအနှံ့မှ ထွက်ပေါ်လာသည်။ ကြက်တွန်သံများကြောင့် 'မပေါက်' အိပ်ရာက ဖျတ်ခနဲ နိုးထလာသည်။ မပေါက်ဆိုသည်မှာ သူမ၏နာမည်ရင်းတော့ မဟုတ်။ အပေါက်ဆိုးလွန်းလှသဖြင့် တစ်ရွာလုံးက မပေါက်ဟုသာ ခေါ်ဆိုကြသဖြင့် အမည်တွင်ခဲ့ခြင်းပင် ဖြစ်၏။ အသက် ၃၅ နှစ်အရွယ် ပိန်ပိန်လျလျ ခန္ဓာကိုယ်နှင့်လိုက်ဖက်သော ရှည်ရှည်မျှောမျှော အရပ်ရှိ၏။ သားနှစ်ဦး၊ သမီးတစ်ဦးတို့၏ မိခင်လည်းဖြစ်၏။ မပေါက်သည် သူမ၏ဘယ်ဘက်တွင် အိပ်ပျော်နေကြသော ကလေးများကို သေးစိုခြင်းရှိမရှိ သိရန်အတွက် လှမ်းစမ်းလိုက်သည်။ စောင်ကွာနေသူများကို စောင်ခြုံပေးပြီး သူမ၏ ညာဘက်တွင် တခေါခေါဟောက်သံပေးကာ အိပ်မောကျနေသော ခင်ပွန်းသည် ကိုမြဆောင်ကို လှုပ်၍နှိုးလိုက်သည်။

"ကိုမြဆောင် … ကိုမြဆောင် ထတော့လေ ‥ ထတော့။ သန်းခေါင် ကြက်တွန်နေပြီရှင့်။ တော်ကြာ ကျုပ်တို့ အရောက်နောက်ကျလို့ အသားကောင်းမရ ဖြစ်နေမယ်။ ထတော့"

မပေါက်၏ လှုပ်နှိုးမှုကြောင့် ကိုမြဆောင်တစ်ယောက် အင်း … အင်း … အဲ … အဲ လုပ်ကာ နိုးထလာသည်။ အိပ်ရာဘေးရှိ ဆေးလိပ်ခွက်ထဲမှ စိန်ဒေါင်းဆေးပြင်းလိပ်တိုကို လှမ်းယူကာ မီးညှိဖွာရှိုက်လိုက်၏။ သုံးလေးဖွာခန့် ဖွာရှိုက်ပြီးနောက် ဆေးလိပ်တိုအား ခွက်အတွင်းပြန်ထည့်ပြီး အိမ်လယ်တိုင်နံဘေး ထောင်ထားသော ဓာတ်ဘူးလှမ်းယူကာ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြန်၏။

"ကိုမြဆောင်ရေ … ဆေးလိပ်တစ်ရှိုက်၊ ရေနွေးကြမ်းတစ်ကျိုက်နဲ့ ဇိမ်ခံမနေနဲ့တော်ရေ။ အိုင်ဆယ်ရောက်အောင် လှေက တစ်နာရီလောက်လှော်ရဦးမှာ။ တော်ကြာ နောက်ကျလို့ အပေါက်ဝက လှည့်ပြန်ရကိန်း ကြုံနေဦးမယ်။ သွား ‥ သွား မျက်နှာသစ်ချေ"

မပေါက်သည် ခင်ပွန်းသည်အား နှိုးဆော်ပြီး နောက်ဖေးရေကပြင်သို့ ခင်ပွန်းသည်ကိုမြဆောင် ရောက်လာပြီး အိမ်အောက် ရာဝင်အိုးထဲမှရေကို လှမ်းခပ်ကာ မျက်နှာသစ်၏။

*****

ကိုမြဆောင်နှင့် မပေါက်တို့ နေထိုင်ရာကား ကျုံကော့ရွာအဝင် ခြံကျယ်ကြီးအတွင်း သုံးပင် လေးခန်း ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး အိမ်ကြီးရှိနိုင်ဖြစ်၏။ ခြံကြီးက နှစ်ဧကခန့် ကျယ်ဝန်း၏။ ခြံဝင်းအတွင်း သီးပင်၊ စားပင်များဖြစ်သော သရက်၊ ပိန္နဲ၊ မာလကာ၊ ကနစို၊ တညင်းပင်၊ ပိတောက်၊ တမာ၊ သစ်ခွ၊ ဝါးရုံများနှင့် စိမ်းစိမ်းစိုစိုရှိလှ၏။ အရိပ်အာဝါသ လွန်စွာကောင်း၏။ သူတို့၏ခြံကား အနားယူစာဖတ်ရန် လွန်စွာကောင်းသလို အေးဆေးသိတ်ငြိမ်သောကြောင့် တရားဘာဝနာ ကျင့်ကြံရန် နေရာကောင်းဖြစ်၏။

သူတို့လင်မယားတွင် လယ်ပိုင် ၁၀ ဧကရှိသော်လည်း သူတို့သည် လယ်လုပ်ငန်းကို စိတ်မဝင်စား။ ဆွေမျိုးသားချင်းများအား သီးစားချထားသည်။ မပေါက်က ဈေးရောင်းခြင်းကို ဝါသနာထုံသလို ကိုမြဆောင်ကလည်း မွေးမြူရေးဝါသနာပါသည်။ မပေါက်၏ ဈေးရောင်းဝါသနာကား အိမ်တွင် အိမ်ဆိုင်ဖွင့် ဈေးရောင်းချခြင်းမျိုး မဟုတ်။ ဈေးပန်းခေါင်းရွက် ရွာစဉ်လှည့် ရောင်းချခြင်းဖြစ်၏။ ညဘက်ပိုက်ဆွဲသော တံငါများထံမှ ငါးများကို ပုတ်ပြတ်ဝယ်ကာ ကော့ကပ်တာဈေးတွင်လည်းကောင်း၊ ဖလွန်မြို့ ညောင်ပင်ဈေးသို့လည်းကောင်း သွားရောက်ရောင်းချသည်။ များသောအားဖြင့်မူ ကော့ကပ်တာဈေးတွင်သာ ရောင်းချဖြစ်သည်။ ဖလွန်သို့ သွားရောက်



www.burmeseclassic.com

www.burmeseclassic.com

ရောင်းချခြင်းသည် အမြတ်အစွန်း ပိုမိုရရှိသော်လည်း ရှစ်မိုင်ခရီးကို လမ်းလျှောက်သွားရခြင်း၊ အဖော်ကောင်းလိုခြင်းတို့ကြောင့် ရံခါသာ သွားရောက်ရောင်းချဖြစ်သည်။ ရွာနီးချုပ်စပ်များတွင် ဝက်ပေါ၊ နွားပေါ်လျှင်လည်း သွားရောက်ဝယ်ယူကာ ဈေးတွင်ရောင်းချသည်။

မပေါက်၏ အခြားဝါသနာကား နတ်ကိုးကွယ်ယုံကြည်မှုပင် ဖြစ်သည်။ ကော့ကပ်ရွာ သုံးဘက်ကမ်း နတ်ပွဲရှိလျှင် မပေါက်အိမ်မပြန်တော့။ ဖလွန်မြို့မှ ကနားစီးများဖြစ်သော နတ်ငသိန်း၊ နတ်ငပွတို့၏ လက်စွဲလည်း ဖြစ်၏။

*****

ကိုမြဆောင်က မွေးမြူရေး ဝါသနာပါသည်ဟု ဆိုသော်လည်း ဝက်တို့ ဘဲတို့ မမွေး။ ကြက်တစ်မျိုးတည်းသာ မွေးသည်။ သူမွေးသည့်ကြက်က ဥစားကြက်၊ အသားစားကြက် မဟုတ်။ တိုက်ကြက်တစ်မျိုးတည်းသာ မွေးသည်။ ကြက်ကဲခတ်အလွန်ကောင်း၏။ ကြက်တစ်ကောင်၏မျိုးရိုး၊ အနိုင်အရှုံး၊ စရိုက်လက္ခဏာများကို သူ၏ဦးနှောက်တွင် အကန့်လိုက် သိုမှီးထားသည်။ ကြက်တစ်ကောင်၏ ဟန်ပန်၊ လှုပ်ရှားမှု၊ ခွပ်လက်ကို ကြည့်ပြီးသည်နှင့် ကြက်ကောင်းတစ်ကောင် ဖြစ်နိုင်ခြေ ရှိမရှိ၊ လေ့ကျင့်ပေး၍ ရနိုင်မရနိုင် သိသူဖြစ်သည်။ ကြက်ကိုင်၊ ကြက်ကု၊ ကြက်လွှတ် လွန်စွာကျွမ်းကျင်သလို ထက်မြက်လိမ္မာသည့် ကြက် Trainer တစ်ဦး။ သူ၏ကြက်ခြံအတွင်း ပွဲဝင်နိုင်သည့် တိုက်ကြက် ၁၅ ကောင်ခန့်က အမြဲရှိနေသည်။ ကြိုက်ဈေးရလျှင် ရောင်းလိုက်၊ ကြက်ရှာလိုက်နှင့် နိစ္စဓူဝ လုပ်ငန်းလည်းပတ်နေသည်။

**ဘယ်ဘက် လှေနံကို ကိုင်တွယ်ဖိထားသော လက်မည်းမည်းကြီး တစ်ချောင်း အမွေးအမှင်များ ဖုံးအုပ်ထားသဖြင့် မည်းနက်တောက် ပြောင်နေသည်။ တစ်ဆက်တည်းမှာပင် အခြားလက်တစ်ချောင်း က ရေထဲမှ ထွက်ပေါ်လာကာ အမဲသားတစ်တွဲကို ဆွဲယူသွားသည်။**

မပေါက်၏ စိတ်ရောကိုယ်ပါ အနားယူချိန်မှာ နေ့စဉ် ည ၈ နာရီခန့်မှ ၁၀ နာရီအချိန်ခန့်သာဖြစ်သည်။ သူမ၏ အနားယူပုံမှာလည်း တစ်မျိုးဖြစ်၏။ ည ၇ နာရီခွဲခန့်အချိန်တွင် အိမ်မှထွက်သည်။ ၁၅ မိနစ်ခန့် လျှောက်ရသည့် ကော့ကပ်ကျေးရွာ အောက်ပိုင်းရှိ မောင်များ၊ ညီမများရှိရာသို့ သွားရောက်ကာ အဖန်ရည်သောက်၊ စကားပြောခြင်းသည် သူမ၏ ပြည့်ဝသော အနားယူခြင်းပင်ဖြစ်သည်။ ဤသည်ကား မပေါက်၏ နိစ္စဓူဝလုပ်ငန်း ဖြစ်တော့၏။ တစ်ခါတစ်ရံ စကားကောင်းနေလျှင် ည ၁၁ နာရီခန့်မှသာ သူမနေထိုင်ရာ ကျုံကော့သို့ ပြန်ဖြစ်သည်။ ထိုခရီးစဉ်တွင် သူမ၏ အဖော်မှာ လက်စွဲတော် ဝါးနက်တောင်ဝှေးနှင့် မီးအုပ်သာဖြစ်၏။ မပေါက်သည် လွန်စွာ သတ္တိကောင်းသူလည်း ဖြစ်၏။ မိသားစုချင်းလိုက်ရန်ပွဲတွင်လည်း ဓားရေးပြတတ်သူဖြစ်၏။

ကော့ကပ်အောက်ပိုင်းမှ ကျုံကော့သို့ အပြန်လမ်းတွင် ပရလောကသားများ၏ အခြောက်အလှန့်မျိုးစုံကို တွေ့ကြုံရသော်လည်း သူမ၏ ဝါးနက်တောင်ဝှေးနှင့် ဖယ်ရှားနိုင်သူဖြစ်၏။ အကြောက်အရွံ့မရှိသူလည်းဖြစ်၏။

*****

ကိုမြဆောင်၏ လှေကလေး ကား မဟာသာချောင်းရိုးအတွင်း တရိပ်ရိပ်ပြေးနေသည်။ ကိုမြဆောင်က လက်တစ်ဆစ်သာသာရှိသော စီး ဒေါင်းဆေးပြင်းလိပ်ကိုခဲကာ ပဲ့ကိုင်လှော်ခတ်သလို ဇနီးသည်မပေါက်က လှေဦးကလှော်သည်။ အိမ်ဆိပ်မှ လှော်ခတ်ထွက်လာချိန်မှာ ၂၅ မိနစ်ခန့် ရှိပြီးဖြစ်၏။ ရှေ့တွင် မဟာသာ ဦးချက်တံတားကို လရောင်အောက်တွင် မှုန်ဝါးဝါး လှမ်းမြင်နေရ၏။ မကြာခင်အချိန်အတွင်းမှာပင် ကိုမြဆောင်တို့လှေသည် ဦးချက်တံတားကို ကျော်ဖြတ်ခဲ့သည်။ ရှေ့တွင်သည်



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ခွဲထွက်သည့် ချောင်းရိုးလေး ရှိသလို၊ ညာဘက်သို့ခွဲထွက်သည့် ချောင်းရိုးလေးလည်း ရှိ၏။ တည့်တည့်ဆက်၍သွားလျှင် မဟာသာရွာသို့ရောက်ပြီး ညာဘက်ချောင်းရိုးလေးဘက်သို့ သွားလျှင် အိုင်ဆယ်၊ အိုင်မန်းရွာများသို့ ရောက်မည်ဖြစ်သည်။ ဘယ်ဘက်ချောင်းရိုးအတိုင်း သွားမည်ဆိုပါက ကျုံမတုတ်ကျေးရွာသို့ ရောက်၏။ ကိုမြဆောင်သည် လှေကို ညာဘက်သို့ဖွဲ့၍ ဦးတည်လိုက်သည်။ သူတို့သွားမည်က အိုင်ဆယ်ရွာရှိ နွားပေါ်နေသည့် ငပျော့တို့တဲ မဟုတ်ပါလား။

"ကိုမြဆောင်ရေ အားထည့်လှော် တော်ရေ။ နောက်ကပဲ့ကိုင်ပြီး မှေးလှော်မနေနဲ့"

မပေါက်က ခင်ပွန်းသည်ကို ခပ်ငေါက်ငေါက်လေး လောဆော်ရင်း သူမကိုယ်တိုင် လှေဦးက အားစိုက်လှော်သည်။ မကြာမတင်မှာပင် အိုင်ဆယ်ရွာ ဧရိယာတွင်းသို့ ဝင်လာသည်။ အိုင်ဆယ်ရွာရှိရာ ညာဘက်ကမ်းမှ တဲအိမ်များကမူ ညနှင့်အတူ အိပ်မောကျနေသည်။ ခပ်လှမ်းလှမ်း ရွာစွန်ဖက်မှ အလင်းရောင်များ ဖြာထွက်နေသည်ကို လှမ်းတွေ့နေရ၏။ အောက်လင်းဓာတ် မီးအလင်းရောင်ပင်။

"ဟဲ့ ... မပေါက်ရဲ့ ဟိုးက အောက်လင်းမီး အလင်းရောင်ထွက်နေတာ ငပျော့တို့အစု မဟုတ်လား"

ကိုမြဆောင်က ဇနီးသည်အား ပြောလိုက်သည်။

"ဟုတ်တယ် ... ကိုမြဆောင်။ ရောက်တော့မယ်။ ကမ်းကပ်ခါနီး သတိထား။ ငုတ်တွေပေါ်တယ်။ တိုးမိလို့ လှေကွဲဦးမယ်။ ကမ်းကပ်ခါနီးရင် မီးထိုးပြမယ်"

မပေါက်က တုံ့ပြန်လိုက်သည်။ တစ်ဆက်တည်းမှာပင် ကမ်းစပ်ဖက်သို့ လေးထောင့်ထိုးဓာတ်မီးဖြင့် လှမ်းထိုးလိုက်သည်။

"ကဲ ... ကိုမြဆောင် ကျုပ်မီးထိုးထားတဲ့ လမ်းကြောင်းအတိုင်း ကမ်းကပ်။ ဟိုမှာ ရေဆင်းတံတားလေးအနား ထိုးကပ်လိုက်တော့"

ကိုမြဆောင်သည် လှေကိုပဲ့ထိန်းရင်း ဓာတ်မီးရောင်လမ်းကြောင်းအတိုင်း ရေဆင်းတံတားအနီး ကမ်းကပ်လိုက်သည်။ ကမ်းကပ်သည်နှင့် မပေါက်သည် ရေဆင်းတံတားပေါ်မှ လှမ်းတက်ပြီး လှေဦးအကန့်ထဲမှ လှေကြိုးကိုထုတ်ယူကာ ရေဆင်းတံတားဝါးတိုင်နှင့် အခိုင်အမာ ချည်လိုက်သည်။ ကိုမြဆောင်သည် ပဲ့မှထကာ လှေအလယ်ကန့်မှ ဇလုံဖောက်ကြီးကို ယူပြီး လှေပေါ်မှဆင်းလိုက်သည်။

လင်မယားနှစ်ယောက် ကမ်းစပ်မှ ကုန်းပေါ်သို့ တက်ကြ၏။ ကုန်းပေါ်မှ ရေဆင်းတံတားအထိ မြေပြင်ကို လှေကားထစ်များ ပြုလုပ်ထားသဖြင့် အတက်အဆင်း လွယ်ကူ၏။ ကုန်းပေါ်ရောက်နေသည်နှင့် အောက်လင်းဓာတ်မီး အလင်းရောင်အောက်တွင် အမဲဖျက်နေသော လူတစ်စုကို တွေ့ရ၏။ ကမ်းနဖူးတွင် တည်ဆောက်ထားသော တဲပေါ်မှဓာတ်မီးရောင်က ကိုမြဆောင်တို့လင်မယားအပေါ် ဖြာကျလာသည်။ ၎င်းနောက် ထွက်ပေါ်လာသော အသံက ...

"ဟဲ့ ... မိပေါက်တို့ မြဆောင်တို့ အိမ်ပေါ်တက်ကြဦး။ ခုမှ ငပျော့တို့အုပ်စု ဖျက်ကြတုန်း။ လာ ... ရေနွေးကြမ်း သောက်ကြဦး၊ လာကြ ... လာကြ"

ငပျော့၏ဖခင် ဦးအုန်းလှိုင်၏ အသံပင်ဖြစ်၏။ ကိုမြဆောင်တို့လင်မယား တဲပေါ်သို့ ရောက်သွားသည်။ ဦးအုန်းလှိုင်မှာ ကော့ကပ်သားတစ်ယောက်ဖြစ်ပြီး အိုင်ဆယ်သို့ ပြောင်းရွှေ့နေထိုင်သည်မှာ ၁၅ နှစ်ခန့်ရှိပြီဖြစ်၏။

ဦးအုန်းလှိုင်က ကော့ကပ်ရွာသူရွာသားများ၏ သာရေးနာရေးကိစ္စများကို မေးမြန်းသည်။ ကိုမြဆောင်ကလည်း သူသိသမျှဖြေလိုက်၊ ရေနွေးကြမ်းသောက်လိုက်နှင့် စကားကောင်းနေ၏။ မပေါက်မှာ သူမ၏ဇလုံဖောက်ကို ခါးထစ်ခွင်ကာ အိမ်ပေါ်မှဆင်းလိုက်သည်။ အမဲဖျက်နေသည့် အုပ်စုထံသို့ ဦးတည်လျှောက်လှမ်းလိုက်သည်။ အနားသို့ရောက်သောအခါ သွေးသံရဲရဲနှင့် အမဲဖျက်နေသော ငပျော့က ...

"အစ်မပေါက် ရတော့မှာ။ ပြီးခါနီးပါပြီ။ အစ်မပေါက် ဘယ်နှပိဿာယူမှာလဲ။ ကောင်လေးတွေကို တွဲခိုင်းရအောင်"

ဟု မေး၏။ သူတို့နံဘေး လေးတိုင်စင်တွင် ချိန်ခွင်ကြီး ချိတ်ဆွဲထားသည်။ မပေါက်က ...

"ကလီစာ နှစ်ပိဿာ၊ ပေါင်သား ရှစ်ပိဿာ၊ အားလုံး ၁၀ ပိဿာ။ ထုံးစံအတိုင်း ၅၀ သားတွဲ ချိန်ပေးနော်"

မပေါက်သည် သူမ၏ဇလုံဖောက်ကြီးအား ငပျော့ထံလှမ်းပေးရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... အစ်မပေါက်၊ အဖေတို့နဲ့ အေးအေးဆေးဆေး အကြမ်းရည် သွားသောက်ပြီးစောင့်။ ပြီးတာနဲ့ လှမ်းခေါ်လိုက်မယ်။ ဒီမှာက အရမ်းညှီတယ် မမရဲ့"

ဟု ငပျော့က ဆိုသောအခါ မပေါက်တစ်ယောက် ဘောက်ဆွဘောက်ဆွနှင့် ထွက်ခွာသွားလေတော့၏။ သူမကလည်း သူမအတွေးနှင့် သူမပင်ဖြစ်၏။ နံနက်ဖြန်မနက်တွင် သူမထံ အမဲသားအော်ဒါ မှာထားသူနှစ်ဦးကို ပေးရမည်က သုံးပိဿာ ရှိသည်။ သီတာရုံကျောင်းဆွမ်းချိုင့်အတွက် ဦးကုလားကြီးတို့၏အိမ်က တစ်ပိဿာခွဲ၊ ကော့ကပ်ကလေးကျောင်းဆွမ်းချိုင့်အတွက် ဦးရာမင်းမိသားစုက တစ်ပိဿာခွဲ ကြိုမှာထားကြသည်။ ကျန် ခုနစ်ပိဿာကတော့ တာဆုံဈေးတွင် ခဏတာရောင်းရုံနှင့် ကုန်သွားမည်ကို ကြိုသိနေ၏။ အမဲသားကလည်း တစ်ခါတစ်ရံမှ ရတတ်သည်မဟုတ်ပါလား။

*****

ကိုမြဆောင်တို့လင်မယား ကမ်းနားသို့အဆင်းတွင် ဦးအုန်းလှိုင်၏တဲအတွင်း ရှေးဟောင်းတိုင်ကပ်နာရီမှ နာရီထိုးသံနှစ်ချက် ကြားလိုက်ရသည်။

"ကိုမြဆောင်ရေ ... နှစ်ချက်တောင် တီးပြီတော်ရေ။ အချိန်ကောင်းပါပဲ။ ရွာရောက်ခဏနားပြီးရင် တာဆုံဈေးဘက် ထွက်ရမှာ။ ဦးကုလားကြီးတို့၊ ဦးရာမင်းတို့အိမ်တွေကိုလည်း အမဲသားဝင်ပေးရဦးမယ်။ တို့လင်မယား မှန်မှန်လေးလှော်သွားရင် ၃ နာရီတော့ အိမ်ရောက်ပါတယ်တော်"

မပေါက်သည် ခင်ပွန်းသည်အား ပြောရင်း ပဲ့ယမ်းနေသောလှေကို ရေဆင်းတံတားဘေးသို့ ဆွဲကပ်လိုက်သည်။ လှေနှင့် ရေဆင်းတံတား မျဉ်းပြိုင်ကပ်မိသောအခါ ကိုမြဆောင်က ထမ်းထားသော အမဲသားဇလုံဖောက်ကို လှေအလယ်ကန့်တွင် ချလိုက်ပြီး လှေပေါ်တက်ကာ ပဲ့၌နေရာယူလိုက်သည်။ ကိုမြဆောင် နေသားတကျရှိသည်နှင့် မပေါက်သည် ရေဆင်းတံတားတိုင်တွင်ချည်ထားသော လှေကြိုးကိုဖြုတ်ကာ လှေဦးသို့ တက်လိုက်သည်။ လှေကလေးက ကျုံကော့ရွာဖက်သို့ ဦးတည်လှော်ခတ်နေပြီဖြစ်၏။ လှေသည် ချောင်းရေပြင်တွင် တရိပ်ရိပ် ပြေးနေသည်။ အိမ်ရောက်ချင်ဇောနှင့် လင်မယားနှစ်ယောက်စလုံး အားထည့်လှော်ခတ်သောကြောင့် ဖြစ်၏။ ရှေ့တွင် မဟာသာဦးချက်တံတားကို ရေးရေးလှမ်းမြင်နေရပြီကော ...။

"ကိုမြဆောင်ရေ ... ဒီနေ့ ဒီအသားတွေကုန်ရင် ကျုပ်တို့အတွက် အမြတ်က ၁၀၀ ပျော့ပျော့ပဲတော်ရေ"

မပေါက်က ခင်ပွန်းသည်အား ဝမ်းသာအားရ ပြော၏။ ထိုစဉ်ကာလကား ရွှေဈေး တစ်ကျပ်သား ၈၀၀ ကျပ်ဝန်းကျင်ကာလ။ လှေကလေးကား မဟာသာဦးချက်တံတားအားကျော် ဖြတ်နေပြီဖြစ်၏။ ချောင်းလယ်မှ လှော်ခတ်လာသည့် လှေကလေးကို ဝဲဘက်ကမ်းသို့ကပ်ကာ လမ်းကြောင်းယူပြီး ကိုမြဆောင် လှော်ခတ်လိုက်သည်။ သူတို့၏နေအိမ်ကလည်း ဝဲဘက်ကမ်းတွင် တည်ရှိသည်မဟုတ်ပါလား။ ကမ်းနှင့် ပေ ၃၀ ခန့် အကွာမှ လှော်ခတ်နေခြင်းဖြစ်သည်။ ထိုစဉ်ခိုက်မှာပင် ပမျှော်လင့် မထင်မှတ်သော ကိစ္စရပ်များက ဆက်တိုက်ဖြစ်ပေါ်လာသည်။ တရိပ်ရိပ်ပြေးနေသောလှေကလေးသည် ဘယ်သို့ တိမ်းစောင်းသွားသည်။ ဘယ်ဘက် လှေနံကို ကိုင်တွယ်ဖိထားသော လက်မည်းမည်းကြီးတစ်ချောင်း အမွေးအမှင်များဖုံးအုပ်ထားသဖြင့် မည်းနက်တောက်ပြောင်နေသည်။ တစ်ဆက်တည်းမှာပင် အခြားလက်တစ်ချောင်းက ရေထဲမှ ထွက်ပေါ်လာကာ အမဲသားတစ်တွဲကို ဆွဲယူသွားသည်။ လှေနံကိုဆွဲကိုင်ထားသောလက်ကို ပြန်လွှတ်လိုက်သဖြင့် လှေက ပြန်တည့်မတ်သွားသည်။ ကြောင်ကြည့်နေသည့် ကိုမြဆောင်သည် သတိပြန်ဝင်လာကာ လှော်တက်ဖြင့် ရိုက်ချသည်။ လှေ စောင်းသွားကတည်းက နောက်ပြန်လှည့်ကြည့်ကာ လှော်တက်ဖြင့်ရိုက်ချ လိုက်သော မပေါက်၏ရိုက်ချက်တ ...ည်း ဆက်တိုက်ကျလာသည်။ ရေ ပြင်နှင့် လှော်တက်ထိသံများက တဝုန်းဝုန်း ထွက်ပေါ်လာသည်။ သူမ အဖို့ ယခုလို အတွေ့အကြုံများက ရိုးအီနေပြီမဟုတ်ပါလား။ ကိုမြဆောင် ကလည်း ကြောက်တတ်သူမဟုတ် လွန်ခဲ့သောတစ်လခန့် နေဝင်ရီတရော အချိန်၌ ကော့ကပ်ရွာအထက်ပိုင်းမှာ နေထိုင်သော ဦးလေးထံသို့ ဝက်သား ဟင်းသွားအပို့တွင် လက်ထဲမှ ဟင်း ချိုင့်ကိုလုယူကာ နှစ်ချို့သရက်ပင်ပေါ် သို့တက်ပြေးသွားသော ဖြူဖြူအကောင် ကြီး မပေါက် သတိရနေမိသည်။

"၅၀ သားတစ်တွဲတော့ ပါသွား ပြီ မပေါက်ရေ၊ အရင်းထဲက ပါမသွား



www.burmeseclassic.com

www.burmeseclassic.com

တာ ကံကောင်းပဲ''

ကိုမြဆောင်က ညည်းသည်။

''ဘယ်တတ်နိုင်မလဲတော်။ အညှီရှိရင် ယင်အုံတာ မဆန်းပါဘူး။ ရှေ့ကို သတိနဲ့သာ လှော်ပေတော့ ယောက်ျား''

မပေါက်သည် ခင်ပွန်းသည်အား သတိပေးပြီး လှေကိုလှော်လိုက်သည်။ ကိုမြဆောင်ကလည်း ပဲ့ကိုင်လှော်ခတ်သည်။ ငါးမိနစ်ခန့် လှော်ခတ်အပြီး လှေဦး၏ဦးတည်ချက် ထူးခြားမှုကို မပေါက် သတိပြုမိ၏။

''တော့် ကိုမြဆောင်၊ အိမ်ဆိပ်ရောက်ဖို့ လိုသေးတာ။ ခုမှ မဟာသာအဖျားပဲ ရှိသေးတယ်။ ဘာဖြစ်လို့ ကမ်းကပ်နေတာလဲ''

ဟု အလောတကြီး မေးလိုက်သည်။

''ဟဲ့ . . . မပေါက်ရဲ့ ငါလည်းသိတာပေါ့။ ခုဟာ ငါဘယ်လိုမှ ပဲ့ကိုင်လို့ မရဘူး။ လှေကိုဆွဲယူသွားတာ''

ကိုမြဆောင် စကားကြောင့် မပေါက် ချက်ချင်းသဘောပေါက်သွားသည်။ အမဲသားစားချင်၍ ပရလောကသားများက ဆက်တိုက်အနှောင့်အယှက်ပေးနေခြင်းပင် ဖြစ်၏။

''ကိုမြဆောင် . . . ရှင့်ပဲ့ဘေးပတ်လည်ကို တက်စောင်းနဲ့ တရစပ်ခုတ်တော့။ အမဲသားဖလုံနားကပ်ထား''

မပေါက်က ကိုမြဆောင်ကိုပြောရင်း သူမကိုယ်တိုင်လည်း လှေဦးမှ အရှေ့ဘေးပတ်လည်ကို တက်စောင်းနှင့် မပြတ်ခုတ်သည်။ ရေပြင်နှင့်တက်စောင်းထိသည့် တစွပ်စွပ်အသံများက တိတ်ဆိတ်ငြိမ်သက်နေသော ညအခါတွင် ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ လှေကား ကမ်းနှင့် တရွေ့ရွေ့ နီးလာပြီဖြစ်၏။ မပေါက်၏ တက်စောင်းခုတ်ချက်များသည် တစ်ခါတစ်ရံ ရေအောက်မှ တစ်စုံတစ်ရာနှင့် ထိတွေ့သလို ခံစားရ၏။ ကိုမြဆောင်က အမဲသားဖလုံအနီး ခွ၍ မတ်တတ်ရပ်ကာ တက်စောင်းဖြင့် ရေပြင်ကို ဘယ်ညာ ခုတ်နေသည်။

လှေဦးကား ကမ်းစပ်ကိုမေးတင်ကာ တုံ့ခနဲ ရပ်သွား၏။

''ကိုမြဆောင် ရှင်ဒီအတိုင်းပဲ အမဲသားဖလုံနား ကပ်မရအောင် တက်နဲ့ ယမ်းနေ။ ကျုပ်အောက်ဆင်းပြီး လှေဦးကို ချောင်းထဲပြန်တွန်းမယ်''

အမဲသားဖလုံကို ကာကွယ်နေသော ကိုမြဆောင်၏ တက်ယမ်းချက်များတွင် တစ်ချက်တစ်ချက် နင့်ခနဲဖြစ်သွားကြောင်း သတိပြုမိသည်။ မပေါက်သည် လှေဦးမှ ကမ်းစပ်သို့ဆင်းကာ လှေဦးကို ချောင်းထဲသို့ အားကုန်တွန်းချသည်။ သို့သော် လှေက မရွေ့။ အကြိမ်ကြိမ် အားစိုက်ကြိုးစားသော်လည်း အချည်းနှီးပင် ဖြစ်နေ၏။ မပေါက်သည် တွန်းရင်းနှင့်ပင် ဦးကြီးဖိုးရွှေဖန် ပြောသောစကားတစ်ခွန်းကို ဖျတ်ခနဲ သတိရမိ၏။ သတိရသည်နှင့် ချက်ချင်းပင် မပေါက် အကောင်အထည်ဖော်တော့၏။ လှေဦးကို တွန်းနေရာမှ မပေါက်သည် ထဘီကို မကာ ဆောင့်ကြောင့်ထိုင်ပြီး လှေဦးအား ကျင်ငယ်ရေနှင့် ပန်းတော့၏။ ကိစ္စပြီး၍ ပြန်ထမည်အပြုတွင် သူမအား တစ်စုံတစ်ရာက တွန်းလိုက်သလို နောက်သို့လန်ကျသည်။ သတိရှိသော မပေါက်သည် နောက်သို့ လက်နှစ်ဖက်ထောက်ကာ ခန္ဓာကိုယ်ကို ထိန်းလိုက်သည်။ လက်နှစ်ဖက်က ကမ်းစပ်ရှိမြေပျော့ကို ထောက်မိသော်လည်း ဘယ်ဘက်လက်သန်းက နာကျင်မှုက အသည်းခိုက်မတတ်။ မပေါက် ပြန်ထပြီး လှေဦးကို အားစိုက်တွန်းချလိုက်သည့်အခါ လှေက ချောင်းလယ်သို့ ပြန်ရွေ့သည်။ မပေါက်သည် ရေထဲတစွပ်စွပ်လျှောက်ရင်း လှေဦးသို့ လွှားခနဲ တက်လိုက်သည်။

''ကိုမြဆောင် . . . လှော် . . . လှော်''

မပေါက်သည် တွန်းရင်းနှင့်ပင် ဦးကြီးဖိုးရွှေဖန် ပြောသောစကားတစ်ခွန်းကို ဖျတ်ခနဲ သတိရမိ၏။ သတိရသည်နှင့် ချက်ချင်းပင် မပေါက် အကောင်အထည်ဖော်တော့၏။ လှေဦးကိုတွန်းနေရာမှ မပေါက်သည် ထဘီကို မကာ ဆောင့်ကြောင့်ထိုင်ပြီး လှေဦးအား ကျင်ငယ်ရေနှင့် ပန်းတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဟု ခင်ပွန်းသည်အား ပြောရင်း သူမကိုယ်တိုင်လည်း လှေဦးမှ အားစိုက်လှော်သည်။ လှေက တရိပ်ရိပ် ပြေးနေသည်။

"တောက် ..."

ကမ်းစပ်မှ မကျေမချမ်းနှင့် တောက်ခေါက်သံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လှေက ကျုံကော့ချောင်းရိုးအတွင်း ဝင်လာပြီဖြစ်၏။ မပေါက်သည် သူမ၏ လှော်ခတ်မှုရပ်လိုက်ပြီး

"ကိုမြဆောင် ... ကျုပ်ရဲ့ဘယ်ဘက်လက်သန်းလေး ခုနက နောက်ပြန်အလဲမှာ ဘာဖြစ်သွားလဲမသိဘူး တော်တော်နာနေတယ်တော့"

"အဆစ်လွဲတာနေမှာပါကွာ။ အိမ်ရောက်ရင် ဆေးလိမ်း၊ ပတ်တီးစည်းလိုက်၊ ကောင်းသွားမှာပါ။ အိမ်ဆိပ်ရောက်တော့မှာပဲ"

နှစ်မိနစ်ခန့် လှော်အပြီးတွင် မပေါက်တို့လှေ သူတို့အိမ်ဆိပ်သို့ ဆိုက်ကပ်၏။ ကိုမြဆောင်၏ တစ်ကိုယ်လုံး ချွေးများက စိုရွှဲနေသလို မပေါက်မှာလည်း ချွေးနှင့် ရွှံ့များက တစ်ကိုယ်လုံး လူးပေနေသည် ...။ မပေါက် လှေကြိုးချည်နေချိန်တွင် ကိုမြဆောင်က အမဲသားဇလုံထမ်းကာ ကုန်းပေါ်တက်သည်။ မပေါက်က

"ကိုမြဆောင် ... ကျွန်မကို သေတ္တာထဲက အဝတ်တစ်စုံလောက် ယူလာပေးပါ။ ကျွန်မ ချောင်းရိုးထဲ ရေဆင်းချိုးလိုက်တော့မယ်။ တစ်ကိုယ်လုံး ပေကျံနေတာ"

ဟု ပြောသောအခါ ကိုမြဆောင်က –

"ငါလည်း ချွေးတွေက တစ်ကိုယ်လုံး ရွှဲနေတာ ရေညှစ်လို့တောင် ရတယ်။ ငါလည်း ရေချိုးရမှာပဲ"

ဟု ဖြေရင်း ကုန်းပေါ်တက်သွားလေတော့၏။

*****

ကိုမြဆောင်က မပေါက်၏ ရောင်ကိုင်းနေသော ဘယ်ဘက်လက်သန်းလေးအား ကျားဘမ်းပရုတ်ဆီကို ညင်သာစွာ လိမ်းကျံပေးပြီး ပုဆိုးစုတ်ကိုဖြကာ ပတ်တီးစည်းပေး၏။

"မပေါက် .. သက်သာရဲ့လားဟင်"

"အင်း .. စောစောကလောက်တော့ မနာတော့ပါဘူး။ နှစ်ရက်၊ သုံးရက်ဆို ကောင်းသွားမှာပါ"

မပေါက်ဆိုသည် မိန်းမကလည်း မည်သူ့ကိုမှ ဂရုစိုက်သူမဟုတ်သလို ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်သူမဟုတ်။ တကယ့် အပေအတေ။

"တုံ ... တုံ .. တုံ ... တုံ"

ကော့ကပ်လေး ဘုန်းတော်ကြီးကျောင်းမှ တုံးမောင်းခေါက်သံ ထွက်လာ၏။

"ဟော ... ကိုမြဆောင်၊ တုံးမောင်းခေါက်နေပြီ။ ကျုပ်တို့ သွားကြစို့။ လမ်းမှာ ဦးကုလားကြီးအိမ်၊ ဦးရာမင်းအိမ် ဝင်ရဦးမယ်"

မပေါက်သည် ပြောပြောဆိုဆို ထိုင်ရာမှ ထကာ မီးအုပ်ထဲသို့ မီးခွက်ကို မီးထွန်းညှိပြီး ထည့်လိုက်သည်။ လက်စွဲတော် ဝါးနက်တောင်ဝှေးကို ယူလိုက်သည်။ ကျုံကော့မှ ကော့ကပ်တာဆုံသွားရာလမ်းတွင် မည်သည့်အနှောင့်အယှက် တွေ့ဦးမည်ကို မသိနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်းပင်။

"ကိုမြဆောင် ... ဇလုံထဲကို အလေးချိန်ခွင် ထည့်ဖို့မမေ့မယ်နော်။ ဇလုံကိုလည်း လုံလုံခြုံခြုံ အုပ်ဆိုင်းချည်နှောင်ထားဦး"

မပေါက် စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်သည်။ နာရီလက်တံများက နံနက် ၄ နာရီ ၁၅ မိနစ်ကို ညွှန်ပြနေသည်။

"ကိုမြဆောင်ရေ .. သွားကြစို့"

မပေါက်က ခင်ပွန်းသည်အား လောဆော်ရင်း အိမ်မှထွက်သည်။ နွေပူညချမ်း တပေါင်းလသရမ်းမို့ စိမ့်စိမ့်လေး အေးနေသည်။ မပေါက်က ရှေ့က မီးအုပ်ပြ၍ ကိုမြဆောင်က နံဘေးမှ အမဲသားဇလုံကို ထမ်းကာ လိုက်ပါသည်။

သူတို့လင်မယား၏ ခြေလှမ်းများ ဦးတည်ချက်ကား ကော့ကပ်တာဆုံမှတစ်ပါး အခြားမရှိ။

**နေပုည**


**စာကြွင်း**

*ဤဇာတ်လမ်းကား လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်က ဖြစ်ရပ်မှန်ဇာတ်လမ်းပင်ဖြစ်၏။ ဇာတ်လမ်း၏ အဓိကဇာတ်ကောင် မပေါက်ဆိုသည်က ကျွန်ုပ်မိခင်၏ အစ်မကြီးဖြစ်၏။ ကျွန်ုပ် ၁၂ နှစ်သားအရွယ်ခန့်တွင် ရန်ကုန်သို့ အလည်အပတ်ရောက်လာစဉ် ဒေါ်ကြီး မပေါက်၏ ဘယ်ဘက်လက်သန်းလေး ကောက်နေခြင်းအကြောင်းရင်းကို မေးမြန်းရာမှ ဤဇာတ်လမ်းဖြစ်ပေါ်လာခြင်း ဖြစ်ပေသတည်း။*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြမ္မာဆိုးလူရိုင်း

## တာတေကြီး

ဒါရိုက်တာ ဦးဘဝင်းသည် နောက်နေ့ ရိုက်ကူးရမည့် အခန်းစဉ်များအတွက် ဇာတ်ညွှန်းကို ရေးသားနေသည်။ ယခု သူတို့ ရိုက်ကူးနေသည့်ကားမှာ 'မာယာရှင် မြွေမင်းသမီး' အမည်ရှိ ဇာတ်ကားဖြစ်ပြီး နယ်ကြိုက်မင်းသားနှင့် ရိုက်ကူးသည့်ကား ဖြစ်သည်။

ကျောက်တန်းမြို့နယ်တွင်းရှိ ရွာတစ်ရွာတွင် စခန်းချ တည်းခို၍ ရိုက်ကူးနေခြင်းလည်းဖြစ်၏။ ယခုတစ်ခေါက် သုံးကားတွဲ ရိုက်ကူးရာတွင် ဤဇာတ်ကားသည် နောက်ဆုံးဖြစ်၏။ မင်းသား မင်းသမီးက ရန်ကုန် ပြန်အိပ်ကြကာ မနက်စောစောမှ ပြန်လာတတ်ကြပြီး ကျန်ရှိသည့် ဒါရိုက်တာ အပါအဝင် အဖွဲ့သားများမှာ တည်းခိုသည့် အိမ်တွင် အတူအိပ် အတူစားကြသည်။

ဦးဘဝင်းက ဇာတ်ညွှန်းကိုယ်တိုင် ရေးလေ့ရှိသည့် ဒါရိုက်တာမို့ ရိုက်ကွင်းပေါ်တွင် ဇာတ်ညွှန်းကိုရေးသည်။ ယခုလည်း ညရှစ်နာရီခန့် ရှိပြီဖြစ်၍ အဖွဲ့သားများမှာ ဝိုင်းဖွဲ့စကားပြောသူကပြော၊ အိပ်နေသူက အိပ်နေကြသည်။ ထိုစဉ် ရိုက်ကွင်းမန်နေဂျာ အောင်လွင်စိုးက ဦးဘဝင်းနား ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေး ဟိုကောင် တင်မျိုးတော့ အရက်တွေ တအားမူးပြီး ဆဲနေတယ်"

"ဘယ်သူ့ကို ဆဲတာလဲကွ"

"အဖွဲ့ထဲက တစ်ယောက်ယောက် ဆို တော်သေးတယ် ဦးလေးရဲ့ ခုဟာက ဒီခြံမှာရှိတဲ့ ပုဂ္ဂိုလ်တွေ အစောင့် အရှောက်တွေကို တိုင်းထွာပြီး ဆဲနေတာ"

တင်မျိုးသည် ဦးဘဝင်းနှင့်က တူလို သားလို ဖြစ်နေသည်။ လက်တွဲခဲ့သည့် ကားပေါင်းကလည်း မနည်းတော့ပေ။ ထို့ကြောင့် အလုပ်လည်းကောင်း ဆက်ဆံရေးလည်း အဆင်ပြေပြီး လူချစ်လူခင် များသူမို့ အရက်သောက်ခြင်းကိုတော့ ခြွင်းချက်ဖြင့် ခွင့်လွှတ်ထားရသည်။ ယခု သူတို့ တည်းသည့် အိမ်မှာ သိုက်ဆက်လိုလိုရှိပြီး ညအချိန် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုကို တွေ့လိုက်သူများ၊ တစ်ခါတစ်ရံ မှင်စာလေးများကို တွေ့သူများ၊ တစ်ခါတစ်ရံ မည်သူ့ကိုမျှ အန္တရာယ်မပေးသည့် မြွေများ တွေ့တတ်သည်။ လာတည်းသည့် လူများကို ဒုက္ခပေးလေ့ မရှိပါ။

ထို့ကြောင့်လည်း ဦးဘဝင်းက အိမ်ရှင်များနှင့်လည်း မိသားစုပမာ ဖြစ်နေသောကြောင့် အဖွဲ့သားများကို ကိုယ့်စည်းနှင့် ကိုယ်နေရန်၊ အပေါ့အလေး စွန့်ရာတွင် စည်းကမ်းရှိရန်၊ အနေအထိုင် စည်းကမ်းရှိရန်၊ ခြံတွင်း ဝက်သား၊ အမဲသား လုံးဝမစားရန် မှာထားပြီးဖြစ်သည်။ တင်မျိုးကြောင့် စိတ်ရှုပ်ပြီး ဦးဘဝင်း စာရေးနေရာမှ အိမ်အောက်ထပ်သို့ ဆင်းလာသည်။

"တင်မျိုး မင်း လူကြားမကောင်း သူကြားမကောင်း ဆဲမနေနဲ့ ကြားလား အိပ်တော့"

"ဟုတ်ကဲ့ပါ ဦးလေး၊ ဦးလေးကို ဘယ်သူက ဘာတွေလာပြောလို့လဲ ကျွန်တော် သိပါတယ် မမူးပါဘူး'

ဦးဘဝင်းလည်း မှာပြီးပြီမို့ ကိုယ့်နေရာကိုယ်ပြန်လာကာ စာဆက်ရေးဖို့ ပြင်သည်။ မြွေမင်းသမီးလေးက လူယောင်ဖန်ဆင်းပြီး တောစပ်တစ်နေရာတွင် သူချစ်သူနှင့် တွေ့သည့်အခန်းကို ရေးသည်။

◆

တင်မျိုးသည် အရက်များထပ်သောက်ပြီး တဖြည်းဖြည်း ရေချိန်ကိုက်ကာ ဆူဆူပူပူ ထလုပ်ပြန်သည်။ တင်မျိုး၏ ချစ်သူက ဗီဒီယိုကားထဲပါသည့် ဒုတိယမင်းသမီးလေး ခင်ယုယ၊ ပုံစံက ကုလားဆင်လေးမို့ ညိုချော ချောသူ ဖြစ်သည်။ ခင်ယုယနှင့် တင်မျိုးမှာ မကြာမီ လက်ထပ်ရန် ရည်ရွယ်ထားသည့် ချစ်သူများဖြစ်ပြီး တစ်ယောက်နှင့် တစ်ယောက် လွန်စွာချစ်သည်။

"ငါ တောင်းပန်ပါတယ် တင်မျိုးရယ်၊ လာပါ အိမ်ထဲဝင်အိပ်ပါတော့၊ အိမ်ရှင်တွေလည်း အားနာဖို့ကောင်းတယ်၊ နင် ဘာကို မကျေမနပ်ဖြစ်နေတာလဲ၊ နင် ခုလို လျှောက်ဆဲနေတာ မကြောက်ဘူးလား"

"ဘာကိုကြောက်ရမှာလဲ တင်မျိုး ဘာမှမကြောက်ဘူး၊ ခင်ယုယ နင်သာကြောက်၊ ဒီမှာဟေ့ ကျွတ်ကျဲရင် ဘွတ်အဲလို့အော်လိုက် တင်မျိုးကတော့ လုံးဝပဲ"

"ဟဲ့ အဲဒီဘက်မသွားနဲ့ အိမ်ရှင် တွေရော ဦးလေးဦးဘဝင်းပါ အမွှေးတိုင် အမြဲပူဇော်တဲ့ တောင်ပို့ရှိတယ်"

"တောင်ပို့ရှိတာနဲ့ ငါက ရှောင်ရ မှာလား ဒါတောင်ပို့လား ကဲဟာ ကဲဟာ"

တင်မျိုးကို ပြောမိသည်မှာ မှားပြီ ဟု ခင်ယုယ သိလိုက်သည်။ ပြောကာ မှ ပိုဆိုးပြီး တင်မျိုးသည် တောင်ပို့ကို ခြေထောက်ဖြင့်ကန်သည် တက်နင်း သည်။ ခင်ယုယ အတင်းလိုက်ဆွဲသည်။ ကလေးမသည် ပုဝါမနိုင် ထမီမနိုင် ဖြစ်နေရှာ၏။

အဖွဲ့သားများကလည်း စိတ်ကုန် သဖြင့် မည်သူမျှ မပြောတော့။ ခင်ယုယ သည် စိတ်ပျက်အားငယ်ဒေါသထွက် ကာ မတတ်သာသည့်အဆုံး ထိုင်ငိုနေ တော့သည်။

"ခင်ယုယ နင်သွားအိပ်တော့၊ ငါ အပြင်မှာပဲ နေမယ်၊ ငါ့ကို သတ္တိရှိတဲ့ ကောင် လာစမ်းလိုက် အချိန်မရွေးပဲ"

တင်မျိုးသည် ပြောပြောဆိုဆို ခုံတန်းလျားပေါ် လှဲချလိုက်သည်။ ခင်ယုယလည်း ပြောမရသဖြင့် အိမ်ထဲ ဝင်သည်။ အိမ်ထဲရောက်ပြီး၍ အိပ်ရာ ပြင်ကာ အိပ်ဖို့ကြံနေစဉ်မှာပင် တင်မျိုး အိပ်နေသည့် ခုံတန်းလျားကျိုးသံ ကြား ရသည်။

"အား"

တင်မျိုးသည် လူးလဲထပြီး တန်း လျားကျိုးဘေးတွင် ဖျာကြမ်းတစ်ချပ် ဆွဲကာ အိပ်ဖို့ပြင်သည်။ ခင်ယုယသည် ပြင်ပက အသံကို နားစွင့်ပြီးနေသည်။

"အောင်မယ်လေးဗျ



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ ငါ့ကိုရိုက်တာ ဘယ်သူလဲ၊ သတ္တိရှိရင် လာခဲ့ကွ"

ထိုစကားသံကို ကြားလိုက်တော့ ခင်ယုယ မျက်လုံးပြူးသွားသည်။ အိပ်ရာထဲ မနေနိုင်တော့ တင်မျိုးထံ ပြေးရပြန်သည်။

"တင်မျိုး ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ ပထမ ငါအိပ်နေတဲ့ ခုံတန်းလျားကို ချိုးပစ်တယ်၊ ဒါနဲ့ ငါက မြေကြီးပေါ် ဖျာကြမ်းနဲ့အိပ်တော့ ငါ့ကျောကို ကြိမ်လုံးနဲ့ ရိုက်တယ်လေ၊ သတ္တိမရှိရင် ထမိဝတ်ထားကွ"

တင်မျိုးသည် ခင်ယုယကို ပြောနေရာမှ ထပြီး စိမ်ခေါ်ပြန်သည်။ စော်ကားပြန်သည်။

"တင်မျိုး နင် လူစိတ်ပျောက်နေပြီ၊ ငါ ကြောက်လာပြီ မန်နေဂျာကြီး လာပါဦး"

ခင်ယုယသည် တင်မျိုးအတွက်လည်း စိတ်ပူသည်။ တစ်ဖွဲ့လုံး တင်မျိုးကြောင့် ဒုက္ခရောက်မှာကိုလည်း မလိုလား။ မည်သို့လုပ်ရမှန်းလည်း မသိတော့သောကြောင့် မန်နေဂျာကို လှမ်းအော်သည်။

အထဲမှနေ၍ အခြေအနေကို အသာအကဲခတ်နေသည့် မန်နေဂျာက သူ့မိန်းမနှင့်အတူ ထွက်လာသည်။ တင်မျိုးတပည့် မောင်ကြိုင်လည်း ထွက်လာသည်။

"တင်မျိုးကို ဘယ်လိုလုပ်ကြမလဲ ဒုက္ခတော့ ရောက်ကုန်တော့မှာပဲ ဦးလေး ဦးဘဝင်းလည်း အားနာလိုက်တာ"

"ခက်တယ်ဟာ ဦးလေးက ကိုယ့်ဒါရိုက်တာမို့ ထားတော့ အိမ်ရှင်တွေကို ငါ မျက်နှာအရမ်းပူတယ်"

တင်မျိုးသည် မူးနေသည်လား အိပ်ပျော်သွားသည်လား မသိ။ ငြိမ်သက်နေ၏။ ထို့ကြောင့်လည်း မန်နေဂျာ အောင်လွင်စိုးနှင့် ခင်ယုယတို့ စကားပြောနေကြခြင်း ဖြစ်သည်။

"ဟာ ဟိုမှာ အမွေးစုတ်ဖွားကြီးနဲ့ ငါ့ကိုကြည့်နေတယ်၊ ဟာ နည်းတဲ့ အကောင်ကြီး မဟုတ်ဘူး"

တင်မျိုးသည် အနီးရှိ တုတ်ကိုဆွဲပြီး တစ်နေရာသို့ပြေးသည်။ အောင်လွင်စိုးနှင့် ခင်ယုယတို့ ကြည့်တော့ ဘာမှလည်းမတွေ့။ ထိုနားရောက်တော့ တင်မျိုးက တုတ်နှင့် အားကုန်လွှဲရိုက်သည်။ ထိုနားသို့ ခင်ယုယတို့ လိုက်သွားသည်။

ကြည့်လိုက်တော့ မြွေကြီးတစ်ကောင် တင်မျိုး ရိုက်ချက်နှင့် သေနေပြီ။ အောင်လွင်စိုးနှင့် ခင်ယုယ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်သည်။ စိတ်မကောင်းတော့။ ခင်ယုယသည် စိတ်မောစွာ သက်ပြင်းချလိုက်သည်။

"ဟား ဟား ဟား ဘာတတ်နိုင်သေးလဲကွ"

◆

အောက်ထပ်ခြံထဲဆီမှ တင်မျိုး ခင်ယုယတို့လူစု၏ ဆူညံသံများကြောင့် ဦးဘဝင်းသည် စာရေးနေသော်လည်း စိတ်ကတော့ မဖြောင့်တန်းပါ။ တင်မျိုးသည် အကုသိုလ်ဂြိုဟ်ဆိုးက ဖိထားပြီထင်သည်။ ဦးဘဝင်း၏ မွေးစားသားပမာဖြစ်သည့် ဂယ်ပါလည်းဂပ် (မီးထိုးမှန်ထိုး) သရုပ်ဆောင်လူကြမ်းလည်းလုပ်သည့် ပြည့်စုံက ဦးဘဝင်းနားလာသည်။

"ကိုတင်မျိုးကိစ္စ ဘယ်လိုလုပ်မလဲ"

ဦးဘဝင်း ခေါင်းခါသွားသည်။ ထိုစဉ် အိမ်ပိုင်ရှင် ဦးတင်ညွန့်လည်း အိပ်ရာမှ ထလာဟန်တူသည်။ ဦးဘဝင်းဘေးသို့ ရောက်လာ၏။ ဦးဘဝင်းက အားနာစွာ ပြုံးပြသည်။

"ဦးတင်ညွန့်ကို ကျွန်တော် မျက်နှာတောင် မပြချင်တော့ပါဘူးဗျာ၊ တင်မျိုး တော်တော်ရိုင်းပါတယ်၊ ကျွန်တော့်အဖွဲ့ဆိုတော့ ကျွန်တော် စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး ဒါရိုက်တာကြီး၊ မောင်တင်မျိုးက စိတ်ကောင်းရှိတဲ့သူငယ်ပဲ၊ မူးရူးတဲ့အခါ လွတ်သွားတာဖြစ်မှာပါ၊ ကျွန်တော့်အားမနာပါနဲ့"

အားမနာပါနှင့်ဟု ပြောစေကာမူ ဦးတင်ညွန့်၏ ရင်ထဲတွင်တော့ အဖုအထစ် ရှိပေလိမ့်မည်။ အိမ်ရှင်တို့ လေးစားသမှုပြုထားသည့် တောင်ပို့ကို ခြေထောက်နှင့် ကန်ခြင်းမှာ အိမ်ရှင်ကို စော်ကားသည်နှင့် မခြားပေ။

"ပြည့်စုံ မင်း အောက်ကိုဆင်း သွား တင်မျိုးကို ပြောလို့မရတဲ့အဆုံး ကျရင် မင်းနဲ့ အောင်လွင်စိုးနဲ့ နှစ်ယောက် ပေါင်းပြီး မေ့သွားအောင်ထိုးလိုက်ကြကွာ ဒါမှ ဒီကောင့်ကိစ္စ အေးမယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

ပြည့်စုံသည် အောက်သို့ဆင်းသွားသည်။ ဦးဘဝင်း အားနာနေမှန်း သိသဖြင့် ဦးတင်ညွန့်လည်း သူ့အခန်းသို့ ပြန်သွားသည်။ ဦးဘဝင်းကတော့ အဖွဲ့သားအားလုံးကိုယ်စား ဆိုင်ရာပိုင်ရာတို့ကို တောင်းပန်ရင်း ဘုရားရှင်ကို ဖယောင်းတိုင် အမွှေးတိုင်တို့နှင့် ပူဇော်ကာ ကန်တော့နေပေသည်။

◆

"ဟာ ဟိုမှာ ငါ့ကို လက်ယပ်ခေါ်နေပြီ၊ ငါ သွားမယ် သွားမယ် သိပ်လှတဲ့ မမရေ ကျွန်တော်လာပြီ"

တင်မျိုးသည် ကန်စပ်ဘက်သို့ လက်ညှိုးညွှန်ပြကာ ပြောရင်းပြောသည်။ တည်းခိုသည့် အိမ်၏ရှေ့တွင် ကားလမ်းရှိသကဲ့သို့ ကားလမ်း၏ ဟိုမှာဘက်တွင် ဆည်ရှိသည်။

တင်မျိုး ထိုသို့ ပြောသည်နှင့် အောင်လွင်စိုး၊ မောင်ကြိုင်နှင့် ပြည့်စုံတို့က အတင်းဖမ်းချုပ်ကာ တားသည်။ လုံးထွေးကြသည်။

"တင်မျိုး နင် ငါ့သာ သေအောင် သတ်လိုက်ပါဟယ်၊ ငါရှက်တာနဲ့ သေတော့မယ်"

ခင်ယုယက ပြောရင်း ငိုသည်။ ခင်ယုယအေးမှာက အောင်လွင်စိုး မိန်းမက ရှိနေသည်။

"မင်းတို့ မတားနဲ့ ငါ့ကို မတားနဲ့"

သာမန်အားဖြင့် ကြည့်လျှင် တင်မျိုးသည် လူ့ဗလလေး ဖြစ်သည်။ တစ်ချက်တွန်းစာမရှိ။ ယခုတော့ အားကောင်းမောင်းသန် ယောကျ်ား သုံးယောက်ဖမ်းချုပ်၍ မရအောင် အားသန်နေသည်။ သုံးယောက် ဝိုင်းတားနေသည့်ကြားက ပြေးသည်။

ကန်စပ်မရောက်မီ တင်မျိုး လဲကျပြီး နောက်မှ လူတွေမီသွားသည်။ တင်မျိုး လည်ပင်းတိုကိုင်ကာ လူးလဲနေ၏။ ပြည့်စုံတို့အဖွဲ့ တင်မျိုးကို အိမ်သို့ ထမ်းခေါ်လာသည်။

ပွက်လောရိုက်နေသည့် အသံများကြောင့် ဦးဘဝင်း ဦးတင်ညွန့်နှင့် အဖွဲ့သားများအားလုံး ဆင်းလာကြသည်။ အိမ်အောက်ထပ်ကြမ်းပြင်ပေါ် ဖျာခင်းပြီး ခေါင်းအုံးနှင့် လှဲချထားသည်။

"အမယ်လေးဗျ အား အား"

တင်မျိုး လူးလိမ့်နေသည်။ ထိုစဉ် ညကြီးသန်းခေါင် ခရီးသွားပုံစံနှင့် ခေါင်းပေါင်းပေါင်း၊ လွယ်အိတ်လွယ်၊ တောင်ဝှေးကိုင်ထားသည့် တိုက်ပုံအင်္ကျီအနက်နှင့် လူကြီးတစ်ယောက် အိမ်ထဲ ဝင်လာသည်။

"လူနာ အော်သံကြားလို့ ဝင်လာတာပါ၊ ကျုပ် တတ်နိုင်ရင် ကုသပေးပါ့မယ်"

"ကောင်းပါပြီ ဆရာကြီး ကျေးဇူးပါပဲ လူနာကို ကြည့်ပေးပါ"

ထိုလူကြီးသည် တင်မျိုးခေါင်းရင်းနားထိုင်ကာ လက်ကောက်ဝတ်ကိုစမ်းကြည့်သည်။ နဖူးကိုစမ်းကြည့်သည်။

"ဒီသူငယ်က တော်တော်ဆိုးတာပဲ၊ ဒီနေရာက သိုက်တွေရှိတဲ့နေရာ၊ မြင်အပ် မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ သူက အားလုံးကို စော်ကားတယ်။ အရက်သေစာ မူးရူးပြီး ရိုင်းပျတဲ့ အမူအရာတွေလုပ်တယ်။ ပြီးတော့ ဒီသူငယ် ညနေက အရက်နဲ့ ဝက်သားတွေ စားထားလိမ့်မယ်"

"ဟုတ်မှာပါ ဆရာကြီး ဒီကောင့်ကို မလိမ္မာ တစ်ခါမိုက်လို့ ခွင့်လွှတ်ပေးပါ ခင်ဗျာ"

"အင်း ကျုပ်ကတော့ ခွင့်လွှတ်ပါတယ်၊ ဒါပေမဲ့ ခွင့်မလွှတ်တဲ့သူတွေက ဒဏ်ခတ်လိုက်ပြီ၊ မကြာခင်မှာ ဒီကလေး သွားတော့မယ်၊ ကျုပ် ကုလို့ မရတော့ဘူး နောက်ကျသွားပါပြီ"

"ဗျာ"

ထိုလူကြီးသည် စိတ်မကောင်းဟန်ဖြင့် ထိုင်ရာမှ ထကာ ထွက်သွားသည်။ ဦးဘဝင်းမှာ စိတ်ပျက်လက်ပျက် ကျန်ရစ်ခဲ့၏။ တင်မျိုးက အသံမထွက်တော့။ ခင်ယုယ၏ ငိုရှိုက်သံကိုတော့ ကြားနေရသည်။

"ဆန်းကြယ်တယ် ဒါရိုက်တာကြီး ခုနက လူကြီးကို ဒီနားတစ်ဝိုက်မှာ တစ်ခါမှ မတွေ့ဖူးဘူး၊ ကျွန်တော် ဒီနားနေတာ အနှစ်,နှစ်ဆယ်ကျော်ပြီ၊ ဒြော် တင်မျိုးကို ဆေးရုံပို့ဖို့ စီစဉ်မလား"

"အေးဗျာ ဆေးရုံပို့ကြတာပေါ့"

ထိုစဉ်မှာပင် ခင်ယုယ၏ စိုးရိမ်တကြီးခေါ်သံနှင့် ငိုသံကို ကြားလိုက်ရပါတော့သည်။

"တင်မျိုး တင်မျိုး အဖြစ်ဆိုးလိုက်တာ တင်မျိုးရယ်"

[illegible]ရာသည် နောက်ကျကာ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

**တာတေကြီး**



www.burmeseclassic.com

www.burmeseclassic.com

# အဘထွန်း ပုတီးစိပ်နည်း

ရှယ်လီစိန်

လွန်ခဲ့သော ခြောက်လခန့်က သမီးကြီးသည် သွားဆေးခန်းတစ်ခုမှအပြန် အဘထွန်း ပုတီးစိပ်နည်းလေးတစ်ခုအား ၎င်းဆေးကုသပေးသော ဆရာဝန်မှ ဓမ္မဒါနပြုလိုက်ပါသည်။ ၎င်းပုတီးစိပ်နည်းမှာ အဘထွန်းဟုခေါ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးမှ စိပ်သော ပုတီးစိပ်နည်းလေး ဖြစ်ပါ၍ အဘထွန်း ပုတီးစိပ်နည်း ဖြစ်သည်။ ဤပုတီးစိပ်နည်းလေးရပြီး ရက်ပိုင်းအတွင်း ကျွန်မ၏ ကျောင်းနေဘက် သူငယ်ချင်းဖြစ်သူ ဆရာဝန် ဇနီးမောင်နှံတို့အား ထပ်ဆင့် ဓမ္မဒါနပြုပြီး သူနှင့် ကျွန်မ စတင်၍ စိပ်ကြပါသည်။ မကြာ မကြာ သူဆီရောက်၍ ပုတီးစိပ်နည်းနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ ဤပုတီးစိပ်နည်းလေးသည် သူနှင့်အဆင်ပြေကြောင်း၊ နေ့စဉ်မပျက် စိပ်ပါကြောင်းနှင့် ကျွန်မကိုလည်း ထူးခြားမှု ရှိ,မရှိ မေးမြန်းပါသည်။ ကျွန်မလည်း ဤပုတီးစိပ်နည်းလေး စိပ်ပြီး နောက်ခြောက်လအကြာတွင် သမီးလေးနှစ်ဦး၏ လုပ်ငန်းကိုင်ငန်းများ တိုးတက်အောင်မြင်လာကြောင်း သူ့အား ပြောပြ၍ ဤပုတီးစိပ်နည်းလေးအား စာဖတ်သူများကို စိပ်စေလိုသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် ဓမ္မဒါနပြု ဖော်ပြလိုက်ပါသည်။

ဤပုတီးစိပ်နည်းလေးမှာ ရိုးစင်းလွယ်ကူသော စိပ်နည်းလေး ဖြစ်ပါ၍ စိပ်သူတိုင်း ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်ဝပါစေလို့ စာရေးသူမှ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ဤပုတီးစိပ်နည်းကို မွေးနေ့မှ စ၍ စိပ်ပါ။**

- *အရဟံ ဗုဒ္ဓေါ သိဒ္ဓိ ပုတီး(၁)လုံး၊*
  *သိဒ္ဓိ ဗုဒ္ဓေါ အရဟံ ပုတီး(၁)လုံး*
  *(၁၀)ပတ် စိပ်ပါ။*
- *ဗုဒ္ဓစက္ကုံ ပုတီး(၁)လုံး၊*
  *ဓမ္မစက္ကုံ ပုတီး(၁)လုံး၊*
  *သံဃစက္ကုံ သုံ့ညံသဗ္ဗသတ္တာရှ ဝိနာသန္တု ပုတီး(၁)လုံး*
  *(၃)ပတ် စိပ်ပါ။*
- *အကာလိကော သိဒ္ဓိ ပုတီး(၁)လုံး၊*
  *သိဒ္ဓိအကာလိကော ပုတီး(၁)လုံး*
  *(၄)ပတ် စိပ်ပါ။*

တစ်နေ့ ပုတီးပတ် (၁၇)ပတ်၊ ရက်ပေါင်း (၃၆၀)ရက် တိတိ စိပ်ပါ။

အရဟံ ဗုဒ္ဓေါ သိဒ္ဓိ သိဒ္ဓိ ဗုဒ္ဓေါ အရဟံ - မြတ်စွာဘုရား၏ တန်ခိုးသိဒ္ဓိတော်ကြောင့် အရာရာ ပြီးမြောက်အောင်မြင်ပါစေကုန်သတည်း။

ဗုဒ္ဓစက္ကုံ၊ ဓမ္မစက္ကုံ၊ သံဃစက္ကုံ သုံ့ညံသဗ္ဗသတ္တာရှဝိနာသန္တု - မြတ်စွာဘုရား၏ တန်ခိုးတော်အနန္တ၊ တရားတော်၏ တန်ခိုးတော်အနန္တ၊ သံဃာတော်၏ တန်ခိုးတော်အနန္တတို့ကြောင့် မကောင်းသော ဘေးဆိုး၊ ကပ်ဆိုး၊ အန္တရာယ်ဆိုးတို့မှ ချက်ချင်း လက်ငင်း ပျောက်ကင်းရပါစေကုန်သတည်း။

အကာလိကောသိဒ္ဓိ၊ သိဒ္ဓိအကာလိကော - မိမိကြံစည်ထားသော အရာခပ်သိမ်း အလုံးစုံတို့သည် အချိန်အခါမရွေး ပြီးမြောက်အောင်မြင်ပါစေကုန်သတည်း။

**မိမိစိပ်သောပုတီးကို မိမိနေ့နံဖြင့် မဟာဘုတ် ထူ၍ သိုက်နံ၏အစ၊ အဓိပတိဖြင့် ဆုံးသော နေ့နံသားဖြင့် ပြုလုပ်ထားသော ပုတီးဖြင့်စိပ်ပါ။**

အဘထွန်း၏ ပုတီးစိပ်နည်းတွင် ပါရှိသော မဟာဘုတ်တိုင်ထူနည်းကို အောက်တွင် စာဖတ်သူများ သိရှိစေရန်အတွက် အလွယ်တကူ တွက်ပေးလိုက်ပါသည်။ ထိုမဟာဘုတ်တိုင်တွင် မိမိ၏ အကြွင်းကို တွက်နည်းပါအတိုင်း သိရှိပါက စိပ်ရမည့် အသားပုတီးဖြစ်သော သိုက်နံနှင့် စ၍ အဓိပတိဖြင့် ဆုံးသော အသားကို တွက်၍ စိပ်ပုတီးပြုလုပ်ပါ။

**မဟာဘုတ်ဖေဒင်တွက်နည်းကို တွက်နည်းများဖြင့် ဖော်ပြလိုက်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | အဓိပတိ<br>၇ | |
| အထွန်း<br>၃ | သိုက်<br>၄ | ရာဇ<br>၅ |
| မရဏ<br>၂ | ဘင်္ဂ<br>၁ | ပုတိ<br>၆ |

**မဟာဘုတ် ဗေဒင် တွက်နည်းမှာ** - တွက်လိုသော မြန်မာသက္ကရာဇ်ကို တည်၍ (၇)ခုနှင့် စားပါ။ အကြွင်းကို **အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ** လက်ဖြင့် လက်စဉ်အတိုင်း **ဘင်္ဂအိမ်မှ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိ၊ အဓိပတိ** စသည်ဖြင့် မဟာဘုတ်အိမ် ပြုလုပ်၍ တွက်ယူ၍ မှတ်ပါ။

**ဥပမာ** - ၁၃၁၇ ခု မွေးနေ့ကို မဟာဘုတ်အိမ်တွင် တွက်ယူလျှင် (၁)ကြွင်းသည်။

၁၃၁၈ ခု မွေးနေ့ကို မဟာဘုတ်အိမ်တွင် တွက်ယူလျှင် (၂)ကြွင်းသည်။

## အကြွင်း(၇)ခုနှင့် မဟာဘုတ်(၇)မျိုးအိမ်

| | | |
|---|---|---|
| | ၅<br>အဓိပတိ | |
| ၀<br>အထွန်း | ၃<br>သိုက် | ၆<br>ရာဇ |
| မရဏ<br>၄ | ဘင်္ဂ<br>၁ | ပုတိ<br>၂ |

(၁)ကြွင်း မဟာဘုတ်အိမ်

| | | |
|---|---|---|
| | ၆<br>အဓိပတိ | |
| ၁<br>အထွန်း | ၄<br>သိုက် | ၀<br>ရာဇ |
| မရဏ<br>၅ | ဘင်္ဂ<br>၂ | ပုတိ<br>၃ |

(၂)ကြွင်း မဟာဘုတ်အိမ်

| | | |
|---|---|---|
| | ၀<br>အဓိပတိ | |
| ၂<br>အထွန်း | ၅<br>သိုက် | ၁<br>ရာဇ |
| မရဏ<br>၆ | ဘင်္ဂ<br>၃ | ပုတိ<br>၄ |

(၃)ကြွင်း မဟာဘုတ်အိမ်

| | | |
|---|---|---|
| | ၁<br>အဓိပတိ | |
| ၃<br>အထွန်း | ၆<br>သိုက် | ၂<br>ရာဇ |
| မရဏ<br>၀ | ဘင်္ဂ<br>၄ | ပုတိ<br>၅ |

(၄)ကြွင်း မဟာဘုတ်အိမ်

| | | |
|---|---|---|
| | ၂<br>အဓိပတိ | |
| ၄<br>အထွန်း | ၀<br>သိုက် | ၃<br>ရာဇ |
| မရဏ<br>၁ | ဘင်္ဂ<br>၅ | ပုတိ<br>၆ |

(၅)ကြွင်း မဟာဘုတ်အိမ်

| | | |
|---|---|---|
| | ၃<br>အဓိပတိ | |
| ၅<br>အထွန်း | ၁<br>သိုက် | ၄<br>ရာဇ |
| မရဏ<br>၂ | ဘင်္ဂ<br>၆ | ပုတိ<br>၀ |

(၆)ကြွင်း မဟာဘုတ်အိမ်

၁၃၁၇-ခုနှစ် မွေးဖွားသောသူသည် (၁)ကြွင်း မဟာဘုတ်တိုင်အိမ်ကို ကြည့်ပါက သိုက်နံသည် (၃)ဖြစ်၍ အဓိပတိသည် (၅)ဖြစ်သည်။ ထို့ကြောင့် (၃)ဖြစ်သော အင်္ဂါဂြိုဟ်သက်၏ နံသင့်အက္ခရာများမှာ "စ၊ ဆ၊ ဇ၊ ဈ၊ ည" ဖြစ်၍ အဓိပတိ(၅)ဖြစ်သော ကြာသပတေးဂြိုဟ်သက်၏ နံသင့်အက္ခရာများမှာ "ပ၊ ဖ၊ ဘ၊ မ" ဖြစ်သည်။ ထို့အတွက်ကြောင့် မိမိစိပ်ရမည့် စိပ်ပုတီးမှာ စိန်ပန်းသားဖြစ်သည်။

(၁) တနင်္ဂနွေ - အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ
(၂) တနင်္လာ - က၊ ခ၊ ဂ၊ ဃ၊ င
(၃) အင်္ဂါ - စ၊ ဆ၊ ဇ၊ ဈ၊ ည
(၄) ဗုဒ္ဓဟူး - ယ၊ ရ၊ ဝ၊ လ
(၅) ကြာသပတေး - ပ၊ ဖ၊ ဗ၊ ဘ၊ မ
(၆) သောကြာ - သ၊ ဟ
(၇) စနေ - တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ
(၈) ရာဟု - ယ၊ ရ၊ လ၊ ဝ




www.burmeseclassic.com

www.burmeseclassic.com

# ရွှေတက်၊ ငွေတက် စီးပွားတက်

ဂမ္ဘီရဆရာလှမျိုး(B.Sc)



လွန်ခဲ့သော သုံးလေးနှစ်ခန့်က စာရေးသူ ဖျာပုံမြို့ မင်းကျောင်းရောက်သောအခါ ကျောင်းထိုင်ဆရာတော်မှ အပေါ်ထပ်ကို လိုက်ပြပါသည်။ ရှေးဟောင်းကျောင်းကြီး ဖြစ်သည်။ ဘုရားကျောင်းဆောင်ရောက်သောအခါ ဘုရားရှိခိုးပြီးနောက် ဘုရားခန်းပတ်ပတ်လည် လှည့်၍လေ့လာကြည့်မိပါသည်။ ဘုရားကျောင်းဆောင်အနီးတွင် ထောင်ထားသော လှော်တက်ကြီးတစ်ခု တွေ့မြင်ရသည်။ ထိုလှော်တက်မှာ လှေသမားများလှော်သော လှော်တက်အစစ်ဖြစ်သည်။ ထိုလှော်တက်တွင် ကျောင်းဒါယကာကြီးဦးရွှေပေါ် အမည်လိပ်စာ ရေးထားပါသည်။ ဦးရွှေပေါ် မိသားစုသည် မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသည်။ ယခု မြေးမြစ်များမှ ကျောင်းကြီး‌ေ.ား သိန်းပေါင်းများစွာ အကုန်အကျခံ၍ ပြန်လည်ပြုပြင်ပေးထားပါသည်။

လောကီပညာရှင်တစ်ဦးမှ လှော်တက်နှစ်ချောင်းပြုလုပ်ပြီး အလယ်မှ ခွဖြင့်ထောက်ကာ မှန်တစ်ချပ်တွင် ကပ်ထားနိုင်းပါသည်။ အချို့လည်း မှန်တစ်ချပ်တွင် လှော်တက်တစ်ချောင်း ထောင်၍ ကပ်ထားသည်။ စီးပွားရေးလုပ်ငန်းများ မှန်မှန်တိုးတက်အောင်မြင်စေရန်ဟု ဆိုပါသည်။ လူဆိုသည်မှာ အလိုလိုထိုင်နေရင်း ဘာမှမလုပ်ဘဲ စီးပွားရေးမတိုးတက်နိုင်ပေ။ အလုပ်တစ်ခုကြိုးစားလုပ်၊ စီးပွားရေးပုံမှန်လုပ်နေမှသာ တိုးတက်မှုရှိမည်။ လှော်နေမှသာ တက်ပါမည်။ လှော်တက်ဆိုသည်မှာ ဗုဒ္ဓဟူးနှင့် စနေ မိတ်ဓာတ်ဖြစ်သည်။ ဓာတ်ကိုယူခြင်းမဟုတ်ပါ။ ပညတ်ကိုယူခြင်းသာ ဖြစ်ပါသည်။ ပညတ်သွားရာ ဓာတ်သက်ပါသည်ဟု ဆိုထားပါသည်။ ဝေပုလ္လရာမဆရာတော်ကြီးကမူ ယောက်မအဆောင်ပြုလုပ်နည်း ညွှန်ပြထားသည်။ ဆီးသားယောက်မ စီးပွားမကျဟု ဆိုထားပြီး အရောင်းအဝယ်ကိစ္စ အဆင်ပြေအောင်မြင်စေရန် အဆောင်ပြုလုပ်ထားနိုင်းသည်။ အဓိကမှာ လှော်တက်နှင့် ယောက်မ ပုံသဏ္ဌာန်မတူ ကွဲပြားခြားနားမှု ရှိနေရမည်။ ပန်းပုဆရာကို သေချာပြုလုပ်နိုင်းရသည်။

မီးသွေးလုပ်ငန်းပြုလုပ်ရင်း တိုက်အိမ်၊ ကား၊ ဂိုဒေါင်ဖြင့် ကြီးပွားနေသော အညာသားတစ်ဦးမှ သူသည် လောကီပညာကို ဝါသနာမပါ၊ မယုံကြည်ကြောင်း၊ သို့သော် ဆရာတော်တစ်ပါးနှင့် ဆုံတွေ့ရပြီး လှေတစ်စင်းနှင့် လှော်တက်တစ်

www.burmeseclassic.com

ချောင်း ပြုလုပ်နိုင်းသည်။ ထို့နောက် ဘုရားကျောင်းဆောင်ပေါ်မှာ တင်ထားနိုင်းသည်။ ထိုအချိန်မှစ၍ စီးပွားရေးတိုးတက်လာသည်ဟု သူ၏အတွေ့အကြုံကို ပြောပြပါသည်။ သူ၏နည်းကတော့ လေ့ + လော်တက် စုံတွဲ တွဲခိုင်းပြီး ရေဖလားတစ်ခုထဲမှာ ထည့်ထားရသောနည်း ဖြစ်ပါသည်။ လော်တက်ဆောင်ပြီး စီးပွားရေးတက်လာပါသည်ဟု ဝန်ခံစကားလည်း ပြောသည်။

လွန်ခဲ့သော နှစ်လခန့်က စာရေးသူတို့သည် ကွမ်းမန်းဆရာတော်ကြီးတပည့်အချို့နှင့် ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်သို့ ရောက်ကြသည်။ တောင်မကြီးတွင်တစ်ညအိပ်ပြီး နောက်တစ်နေ့ ထမင်းစားပြီး တောင်အောက်ဆင်းကာ ပုပ္ပားရွာတွင် တည်းကြသည်။ ညနေဘက်တွင် ပုဂံဘုရားဖူးလိုက်ပို့သည်။ နောက်တစ်နေ့နံနက် ပုပ္ပားတောင်ကလပ် လိုက်ပို့သည်။ လမ်းတွင် နားလိုက်၊ တက်လိုက်နှင့် ပေ ၃၀၀၀ နီးပါး တောင်ကလပ်သို့ တစ်နာရီနီးပါး တက်ရသည်။ တောင်ကလပ်ရောက်သောအခါ မောသမျှ အမောပြေသွားပါသည်။ ဘုရားရုပ်ပွားတော်များ၊ စေတီတော်တို့ကို ကြည်ညိုသပ္ပာယ်စွာဖူးတွေ့ရသည်။ တန်ဆောင်းတစ်ခုတွင် မဟာစကြာမုနိမြတ်စွာဘုရားတစ်ဆူ ဖူးတွေ့ရသည်။ ရှေးဟောင်း ရခိုင်မုနိမုဒြာ ပုံသဏ္ဌာန်ဖြစ်သည်။ မျက်နှာတော်မှာ ပြုံးနေသည်။ လက်ထဲတွင် စကြာတစ်ခု ထည့်လှူထားသည်။ ဦးခေါင်းတော်နောက်မှ စကြာမီးသည်လည်း ရောင်ခြည်တော်ကွန့်မြူးနေသကဲ့သို့ ဖြစ်နေသည်။ နှစ်ပေါင်းထောင်ကျော်က ဘုရားပုံတော်ဟု ယူဆမိသည်။ စာရေးသူလည်း ဘုရားကိုအာရုံပြု လက်အုပ်ချီကန်တော့ပြီး ဂုဏ်တော်ပုတီးစိပ်လိုက်သည်။ ပုတီးစိပ်ပြီးသော် ဓာတ်ပုံရိုက်ပူဇော်ရန် ဟန်ပြင်လိုက်သည်။ ဘုရားရှေ့တွင် ယွန်းခွက်တစ်ခုနှင့် ထည့်ထားသော လော်တက်နှစ်ချောင်းကို တွေ့ရသည်။ ရွှေရောင်တစ်ချောင်း၊ ငွေရောင်တစ်ချောင်း ဖြစ်သည်။ "**ရွှေတက် စီးပွားတက်၊ ငွေတက် စီးပွားတက်**"ဟု ရေးထားသည်။ စာရေးသူလည်း လောကီအစီအရင်ဖြစ်၍ စိတ်ဝင်တစား ဓာတ်ပုံရိုက်ယူလာပါသည်။ မည်သူလာလှူထားသည်မသိရပေ။ စာဖတ်ပရိသတ်များ ဝါသနာပါက ပြုလုပ်ပြီး အိမ်ရှိဘုရားရှေ့မှာ ဆောင်ထားနိုင်သည်။ လော်တက်သည် စီးပွားရေးတိုးတက်စေသော အဆောင်ဖြစ်ကြောင်း ရှေ့တွင်လည်း ရေးသားဖော်ပြခဲ့ပြီးပါပြီ။ လော်တက်ပြုလုပ်သောအခါ မိမိမွေးနေ့ မွေးနံမှ အထက်ကျသော နဝင်း၊ အညွန့်၊ စီးပွား အသားတစ်ခုခုဖြင့် ပြုလုပ်ရသည်။ နဝင်းအညွန့်သား ပိုကောင်းသည်။

မရဏနှင့် ရာဇဖွား - အညွန့်အသား၊ စီးပွား။

ပုတိနှင့် သိုက်ဖွား - နဝင်း (ပဥ္စပွတ်) အသား။

ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွား- ဆပွတ်ကျသောအသား။

ဥပမာ - တနင်္ဂနွေသားသမီး မရဏနှင့် ရာဇဖွား ဆိုပါက အညွန့်တနင်္လာ(၂)ဖြစ်၍ ကံ့ကော်သား၊ ကျည်းသား။ ပုတိနှင့် သိုက်ဖွား - ဖျဉ်းမသား၊ ပေါက်သား။ ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွား - သီဟိုဠ်သား၊ သီးသား။ ရှေးဆရာကြီးတွေကတော့ အညွန့် (စီးပွား)ကို ဦးစားပေးကြသည်။ အညွန့်မရဏ နေရာမရှိလျှင်ကောင်းသည်။ တနင်္လာသား အညွန့် ဆီးသား၊ အင်္ဂါသားသမီး အညွန့် ဝါး၊ ရွက်လှ၊ လင်းလွန်း စသည်ဖြင့် ယူကြသည်။ မိမိမွေးနံနှင့် မိတ်ဖြစ်သောအသား၊ မွေးနံအသား၊ တေဇကျသောအသား ယသည်ဖြင့် အဆင်ပြေသလို ဆောင်ရွက်နိုင်သည်။ အိမ်ထောင်ဦးစီး (စီးပွားရေးဦးဆောင်သူ) မွေးနံဦးစားပေး၍ ပြုလုပ်ပါ။ ဇနီးမောင်နှံနှစ်ဦးစလုံးအတွက် အမျိုးသားက ရွှေ၊ အမျိုးသမီးက ငွေ ပြုလုပ်ပါ။ ရွှေတက်၊ ငွေတက် စီးပွားတက်မည်ဟု ယုံကြည်ပါသည်။ လော်တက်ပြုလုပ် ရွှေမင်၊ ငွေမင် (ရွှေဆေး ငွေဆေး)သုတ်ပြီးပါက အနီရောင်ဆေးဖြင့် ရွှေတက် စီးပွားတက်၊ ငွေတက် စီးပွားတက်ဟု ရေးပါ။ တစ်ဖက်တွင် မိမိမွေးနံအမည်လည်း ရေးလို့ရသည်။ အောက်ခြေမှ အပေါ်တက်ရေးပါ။ "၁ နွေသား မောင်အောင်"ဟု ရေးပါ။ လွယ်ကူထိရောက် အကျိုးရှိသော လော်တက်ယတြာဖြစ်၍ မည်သူမဆို အချိန်မရွေး ပြုလုပ်ဆောင်နိုင်သည်။ ဘုရားဂုဏ်တော်၊ လာဘ်ရွှင်ဂါထာတော်များ ရွတ်ဆို၍ သိဒ္ဓိတင်ဆောင်ပါ။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ

/// လှတိုး(စိတ်ပညာ)

## ပရလောက

စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ် ဝါးတောမအုပ်စုတွင် 'အောင်ချမ်းသာ'ခေါ် ရွာတစ်ရွာရှိသည်။ ထိုရွာတွင် ဦးစိန်၊ ဒေါ်ရွှေဥတို့မှာ အိမ်ထောင်ဖက်ဖြစ်ကာ ရပ်ရွာဒေသအလိုက် တောင်သူလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက် နေထိုင်ကြသည်။ သူတို့၌ သားရတနာလေး ထွန်းကားလာ၍ သားကို ရှင်ပြုမင်္ဂလာပြုလုပ်ရန် မိခင်ရော၊ ဖခင်ပါ နှစ်ဦးစလုံး အမြဲတမ်း ကြံစည်စိတ်ကူးနေကြသည်။ သားရှင်ပြုရန်အရေးကို မကြာခဏ ဆွေးနွေးကြ၊ တိုင်ပင်ကြသည်။ သို့သော် သားရတနာက အရွယ်မရောက်သေးပါ။

သားရတနာ ၈ နှစ်သားအရွယ်ခန့် ရောက်ပေပြီ။ မိဘနှစ်ပါးမှာ သားရတနာရှင်ပြုရန်အတွက် အလုပ်ကို ကြိုးစားလုပ်ကိုင်သည်၊ စုဆောင်းသည်။ တစ်ညတွင် . . . ဦးစိန်နှင့် ဒေါ်ရွှေဥတို့ သားရှင်ပြုရေးကိစ္စ ဆွေးနွေးတိုင်ပင်ကြသည်။

"တို့သားလေးလည်း ၈ နှစ်သား ရှိပြီ။ ရှင်ပြုရင် သရဏဂုံလည်း မီလောက်ပါပြီ။ ဒီနှစ် ရှင်ပြုရင် မကောင်းဘူးလား"

ဟု ဦးစိန်က ပြောသည်။

"ကျုပ်လည်း သားလေးရှင်ပြုဖို့ အမြဲစိတ်ကူးနေပါတယ်။ ကျုပ်သားလေးကို သင်္ကန်းဝတ်နဲ့ မြင်ချင်လှပါပြီ။ ဒါပေမယ့် အိမ်ကမကောင်းသေးဘူး။ ဆွေမျိုးတွေလာရင် ကျယ်ကျယ်ဝန်းဝန်း နေထိုင်ရအောင် ဒီနှစ် အိမ်ပြင်ဆောက်ကြဦးစို့"

ဟု ဒေါ်ရွှေဥက ပြောသည်။

ဒေါ်ရွှေဥသည် သားကိုလည်း ရှင်ပြုချင်သည်။ အိမ်ကိုလည်း ပြင်၍ ဆောက်ချင်သည်။ သို့သော် မမျှော်လင့်ဘဲ ဒေါ်ရွှေဥမှာ အမျိုးသမီးဝေဒနာ ပေါ်လာသည်။ ထိုဝေဒနာ ကနှိပ်စက်လာပြီး အိမ်ပြင်၍မဆောက်မီမှာပင် ဒေါ်ရွှေဥမှာ သေဆုံးသွားပါတော့သည်။

အိမ်ကိုလည်း ပြင်၍ဆောက်ချင်သည်။ သားကိုလည်း ရှင်ပြုချင်သည်။ ထိုအစွဲအလမ်းက သေချိန်အထိ စွဲလမ်းသွားရာ ဒေါ်ရွှေဥမှာ ဘဝကူးမဖြောင့်တော့ပါ။ သို့သော် ဒေါ်ရွှေဥတစ်ယောက် ဘယ်ဘဝရောက်ရှိနေသည်ကိုတော့ မည်သူမျှ မသိကြပေ။

အိမ်သစ်လည်း ဆောက်၍ပြီးပေပြီ။ သားရတနာကလည်း ၉ နှစ်သားအရွယ် ရောက်ပေပြီ။ ဦးစိန်သည် သားရတနာကို ရပ်ရွာဒေသထုံးစံအတိုင်း ဆွေမျိုးအသိုင်းအဝိုင်း စုံညီစွာနှင့် ရှင်ပြုအလှူကို ဆင်ယင်ကျင်းပသည်။ အဝေးအနီးမှ ဆွေမျိုးများကလည်း ဒေါ်ရွှေဥမရှိတော့ပို၍ ဂရုစိုက်ကြသည်။ ဦးစိန်နှင့် မောင်ရှင်လောင်းသားငယ်ကို ကြည့်ကာ ကွယ်လွန်သူဒေါ်ရွှေဥကို သတိရ၍ မျက်ရည်ကျသူများ ကျကြသည်။

အလှူနေ့ညတွင် ဒေါ်ရွှေဥသည် ညီမဖြစ်သူကို ဝင်ပူး၍ ပြောချင်သည်။ မောင်လုပ်သူက စုန်းပူးသည်ထင်၍ မာန်မဲငေါက်ငမ်းသောကြောင့် ပူးဝင်ခွင့် မရရှာပေ။ သံဃာများကြွလာ၍ အလှူမဏ္ဍပ်ဝင်ပေပြီ။ ဦးစိန်မှာ ရင်တွင်းမှ တက်လာသော သောကကို အားတင်းပယ်ဖျောက်၍ ရေစက်ချရသည်။

"မစိန်ဥရေ . . . မင်းဆန္ဒတွေ ပြည့်ပါပြီ"

ဟု ဖွင့်ဟ၍ပင် ပြောလိုက်ချင်သည်။ စိတ်အားတင်းပြီး ရေစက်

www.burmeseclassic.com

www.burmeseclassic.com

သာ ချနေရသည်။ ရင်တွင်းမှ တက်၍တက်၍လာသော သောကမီးများမှာ အားမသေးလှပါ။ မျက်ရည်မကျရန် အတော်ထိန်းခဲ့ရသည်။

ရှင်ပြု၍ ပြီးပေပြီ။ ဒေါ်ရွှေဥ ဘယ်ဘဝရောက်နေသည်ကို ဘယ်သူမှ မသိကြပါ။ သေသောသူ ကြာလျှင်မေ့ဆိုသော်လည်း သူ့ဆန္ဒမပြည့်ဝမီ သေဆုံးသွား၍ မေ့မရခဲ့ပါ။

သားရတနာလေးကား ကိုရင်ဝတ်ပြီးသောအခါ သာသနာ့ဘောင်မှာ ပျော်နေသည်။ ဆရာဘုန်းတော်ကြီးထံ စာပေများကို ကြိုးစားသင်ယူသည်။ ကိုရင်လေး၏ စိတ်နေသဘောထားနှင့် စာပေသင်ကြားရန် ဉာဏ်စွမ်းဉာဏ်စ ရှိသူဖြစ်၍ ဆရာဘုန်းတော်ကြီးက အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ထံ အပ်နှံ၍ ပညာသင်ကြားစေသည်။ ရှင်ဝိမလသည် စာပေများကို ကြိုးစားသင်ယူခဲ့ရာ စာမေးပွဲများအောင်မြင်၍ အသက်စေ့ကာ ရဟန်းဘဝသို့ ရောက်ရှိပေပြီ။

အရှင်ဝိမလ၏ ဖခင်ကြီးဦးစိန်မှာ ဒေါ်ရွှေဥနှင့်အတူ နေထိုင်ခဲ့သော အောင်ချမ်းသာရွာ နေအိမ်တွင် ဆက်လက်မနေလိုတော့ပေ။ ညီများ၊ ဆွေမျိုးများ နီးစပ်ရာ 'ကျွဲခြံ' ရွာသို့ ပြောင်းရွှေ့ခဲ့သည်။

သူတို့ပိုင်အိမ်ကိုလည်း အပြီးအပိုင်ရောင်းကာ မိသားစုအားလုံး ပြောင်းသွားကြသည်။ ရှင်သူက သေသူကို သတိရနေသလို၊ တမလွန်သို့ ရောက်ရှိသော ဒေါ်ရွှေဥကလည်း သူ့အိမ်၊ သူ့ ခင်ပွန်းနှင့် သားသမီးများကို တွယ်တာနေသည်။ ဦးစိန်တို့ ကျွဲခြံရွာသို့ ပြောင်းရွှေ့သွားသည်ကို တမလွန်ဘဝသို့ရောက်နေသူ ဒေါ်ရွှေဥ မသိလိုက်ပါ။ သူ့အိမ်မှာ ခင်ပွန်းနှင့်သားသမီးများ မတွေ့ရ၍ သောကရောက်ကာ ရှာပုံတော်ဖွင့်ရပါတော့သည်။ သို့သော် သူ့ခမျာ ဖွေရှာ၍ မတွေ့ဘဲ မတတ်သာသည့်အဆုံး ညီမဖြစ်သူ ဒေါ်ရွှေတင့်ကို ဝင်ပူး၍ မေးမြန်းပါတော့သည်။ ပထမ ခင်ပွန်းဖြစ်သူ ဦးစိန်ကို မေးသည်။ ကျွဲခြံရွာသို့ ပြောင်းသွားကြောင်း ပြောပြကြရသည်။

သားဖြစ်သူကို မေးပြန်သည်။ ရဟန်းဖြစ်၍ အမရပူရ မဟာဂန္ဓာရုံတိုက်၌ ရောက်နေကြောင်း ဖြေသည်။ သူ့သား ဦးပဥ္ဇင်းကို အောင်ချမ်းသာရွာသို့ ပင့်ပေးပါဟု ခိုင်းသည်။ အပူးခံရသူ ဒေါ်ရွှေတင့်မှာ စကားအပြောအဆိုနည်း၍ တည်ကြည်သူဖြစ်ရာ ဒေါ်ရွှေဥ ပူးဝင်ပြောတာ အမှန်ဖြစ်ရမည်ဟု အားလုံးက လက်ခံယုံကြည်ကြသည်။ သူ့ဆန္ဒအတိုင်း အရှင်ဝိမလကို အပင့်လွှတ်လိုက်ရသည်။

အရှင်ဝိမလသည် ထိုနှစ်က ဓမ္မာစရိယတန်းကို ပါဠိတျာဒ် (မြန်မာဂုဏ်ထူး) ကျမ်းပါအောင်မြင်၍ ဆုတော် ငွေ ၄၀၀ ကျပ်ကို ရရှိထားသည်။ အပင့်ရောက်လာသူ အသေအချာလျှောက်ထား၍ အရှင်ဝိမလ လိုက်သွားသည်။ မယ်တော်ကြီးအတွက် ကုသိုလ်ပြုရန် ရရှိထားသော ဆုတော်ငွေကိုလည်း ယူသွားသည်။ ထိုခေတ်အချိန်က ငွေ ၄၀၀ ကျပ်မှာ အတော်တန်ဖိုး ရှိပါသည်။

အရှင်ဝိမလသည် အောင်ချမ်းသာရွာသို့ တိုက်ရိုက်မသွားဘဲ အရာတော်ကျွဲခြံရွာဘက်က လှည့်သွားသည်။ ဆွေမျိုးများအိမ်သို့ ဝင်သည်။ ဒေါ်ရွှေဥ သည် ညီမဖြစ်သူကို ဝင်ပူးပြီး "သူ့သားကြွလာပြီ။ ကျွဲခြံရောက်နေပြီ။ ယခု ဘယ်သူ့အိမ်မှာ ရောက်နေပြီ"စသည်ဖြင့် ပြောသည်။ သူ လူ့ဘဝရှိစဉ်က နာမည်သိသူဖြစ်လျှင် ပြောပြနိုင်သော်လည်း သူအသက်ရှိစဉ်က နာမည်မသိခဲ့သူ၏အိမ် ဖြစ်ပါက အမည်ကို ပြောမပြနိုင်ပေ။

အရှင်ဝိမလသည် အောင်ချမ်းသာရွာသို့ ရောက်ပေပြီ။ အရီးတော်သူ ဒေါ်ရွှေတင့်အိမ် ရောက်သွား၏။ ဒေါ်ရွှေတင့်သည် အရှင်ဝိမလကို ဦးသုံးကြိမ်ချပြီးသည်နှင့် ပင်ကိုစိတ်ပျောက်ကာ ဒေါ်ရွှေဥ ပူးဝင်ပါတော့သည်။ အရှင်ဝိမလသည် အရင်ဘဝက မယ်တော်ဖြစ်၍ မေးမြန်းပါတော့သည်။

အရှင်ဝိမလက မေးလိုသမျှ မေးခွန်းများမေးပြီးသော် အမေ့အတွက် "လွှမ်းတရားနာလုပ်မည်"ဟု ပြောလိုက်သည်။

အရှင်ဝိမလသည် အသံချဲ့စက်ငှားစေကာ လွှမ်းတရားနာ (ဆွမ်းသွတ်ရုံမကဘဲ) သုံးညလွှမ်းတရားပွဲ ပြုလုပ်ရန် မဏ္ဍပ်ထိုးစေပြီး ည

www.burmeseclassic.com

တရားပွဲကျင်းပရန် စီစဉ်သည်။ ရပ်ရွာထုံးစံမှာ အေးဆေးစွာ လုပ်ရိုးထုံးစံရှိ၍ အမေကြီး (အဘွား)ဖြစ်သူက အေးအေးဆေးဆေး လုပ်စေချင်သည်။ အရှင်ဝိမလက တရားပွဲသုံးညကျင်းပပြီးမှ လွမ်းတရားနာ (ဆွမ်းသွတ်)ရန် စီစဉ်သည်။ မည်သူ့ကိုမျှ အကူအညီမယူ။ ၎င်းဓမ္မာစရိယ ဆုရထားသော ဝတ္ထု(ငွေ)များကို ကုသိုလ်ပြုလုပ်ရန် မိခင်ကြီးအား အမျှပေးရန် စိတ်ထက်သန်နေသည်။

ညတရားပွဲတွင် ဓမ္မကထိကကို အထူးမပင့်ဘဲ မိခင်အတွက် ကိုယ်တိုင် တရားဟောသည်။ သီလပေးပြီးသောအခါ မိခင်ကြီးအား တရားနာလာရန် ပါဠိဂါထာကို ရွတ်ဆို၍ ဖိတ်ကြားသည်။ ရွတ်ဆိုပြီးသောအခါ အရှင်ဝိမလက . . .

"ဖိတ်တော့ပြီးပါပြီ။ မမြင်ရလို့ ရောက်မရောက် မသိရပါ။ ရောက်ပါလျှင် ထင်ရှားအောင်ပြပါ" ဟု ပြောသည်။

ဒေါ်ရွှေတင့်ကိုပူးဝင်၍ "အမေရောက်ပါပြီ"ဟု အထင်အရှားလျှောက်ထားသည်။

အရှင်ဝိမလသည် အမေ ယခုလိုဖြစ်ရတာဟာ အိမ်နှင့် ခင်ပွန်းဖြစ်သူကို စွဲလမ်း၍ ဖြစ်ရကြောင်း၊ အိမ်တို့ အမေ့ခင်ပွန်းနှင့် သားသမီးတွေက အမေ့ကို ဘာမှမကယ်နိုင်ဘူး။ ကျုပ်ပဲ ကယ်နိုင်မယ် စသည်ဖြင့် ပြောဆိုကာ ဈေးသည်မသုံးယောက် ဝတ္ထုကို ဟောသည်။

ဒုတိယည ဆက်၍တရားဟောသည်။ တရားဟောပြီးသောအခါ မိုးရွာလာသည်။

"အမေ ပြန်တော့မယ်"

ဟု နှုတ်ဆက်သည်။

"မိုးရွာနေတယ် မပြန်နဲ့ဦး"

ဟုပြောရာ . . .

"အမေတို့က မိုးမရွာပါဘူး။ စိတ်ညွတ်လိုက်ရင် ရောက်သွားတာပဲ"

ဟု ဖြေသည်။ တတိယည၌ တရားဆက်၍ ဟောသည်။ သီရိဓမ္မာသောကမင်းကြီး အစွဲအလမ်းနှင့်သေ၍ စပါးကြီးမြွေဖြစ်ရကြောင်း စသည်ကို ဟောပြောကာ သရဏဂုံယူရန် တိုက်တွန်းသည်။ သားဖြစ်သူက တိုက်တွန်း၍ သရဏဂုံ ယူပါသည်။ သို့သော် သရဏဂုံကိုတော့ ပီအောင် တစ်လုံးချင်း အတော်လိုက်ဆိုရရှာသည်။

တရားပွဲ သုံးညကျင်းပပြီး . . နောက်တစ်နေ့တွင် လွမ်းတရားနာ (ဆွမ်းသွတ်) ပြုလုပ်သည်။ အမျှဝေပြီးသောအခါ သူပြန်တော့မည်။ ဒီနေ့တော့ သူ့ကိုမကျွေးနဲ့တော့။ သာဓုခေါ်ပြီးလို့ ဆွမ်းတော်ပွဲလည်း စားခွင့်ရပါပြီဟု အရှင်ဝိမလအား လျှောက်ထားသည်။ တရားနာရာတွင် ပါဝင်သော ဒေါ်ချစ်သန်းက . . .

"ဘယ်သွားမှာလဲ" ဟုမေးရာ

"လူ့ဘဝသွားတော့မှာပါ"

ဟု ဖြေကြား၍ ထွက်သွားပါတော့သည်။

အထက်ဖော်ပြပါ ပရလောကမှာ မဟာဂန္ဓာရုံဂိုဏ်း၌ စာပေပို့ချ သီတင်းသုံးနေထိုင်လျက်ရှိသော အရှင်ဝိမလ၏ တကယ့်အဖြစ်အပျက် ဖြစ်ပါသည်။ အရှင်ဝိမလနှင့် အရှင်အာဒိစ္စဝံသ (ဒွေးလွင်-ဆားလင်းကြီး)တို့ ခရီးသွားခိုက်ဆုံမိကြရာ ပရလောကနှင့်စပ်မိ၍ သူ့မိခင်ကြီးဘဝဖြစ်စဉ်ကိုပြောပြရာ ဒွေးလွင်-ဆားလင်းကြီးက ဘာသာရေးမဂ္ဂဇင်းတစ်စောင်တွင် ရေးသားဖော်ပြခဲ့ဖူးပါသည်။

ကမ္မဝါဒနှင့် ဘဝသံသရာသည် ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ်များ ဖြစ်ကြပါသည်။ စိတ်ဝိညာဉ်သုတေသနနယ်မှ ကျွန်ုပ်တို့ အခိုင်အမာသိရသောအချက်မှာ ဤကမ္ဘာပေါ်၌ သိပ္ပံပညာက ရှင်းပြ၍မရနိုင်သော ဒိဋ္ဌဓမ္မအမြောက်အမြားရှိခြင်းဖြစ်၏။ ထိုဒိဋ္ဌဓမ္မများသည် သိပ္ပံပညာ၏ သမားရိုးကျ ခံယူချက်များနှင့် ဆန့်ကျင်နေသည်။ ပရလောကဖြစ်ရပ်များသည် သိပ္ပံပညာ၏ အဆိုအမိန့်များနှင့် ကင်းလွတ်ပြီး သိပ္ပံနည်းဖြင့် နှိုက်ချွတ်လေ့လာ၍မရနိုင်သော ဒိဋ္ဌဓမ္မများ ဖြစ်နေပေသည်။ မည်သို့ဆိုစေ အနောက်နိုင်ငံ၌လည်း ဝိညာဉ်လောက ယုံကြည်မှုများက ရှိနေပေသည်။

လှတိုး(စိတ်ပညာ)

**စာညွှန်း**

လူဝင်စားနှင့် စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းများ (တိုးထက်) ၁၉၉၂ ဩဂုတ်။



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓမြတ်အရှင်ဟောကြား အဘိဓမ္မာတရား

ရေကျော်စိုးအောင်

သုံးလောကထွတ်တင် မြတ်ဗုဒ္ဓအရှင်သည် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ကြောင်းကျိုးဆက်နွယ် ဖြစ်ပျက်ပုံတို့ကို ဟောကြားတော်မူခဲ့သည်။ ဟောကြားတော်မူခဲ့သည်မှာ အသေးစိတ် ဖြစ်၏။ ဤသို့ အသေးစိတ်ဟောကြားတော်မူသည့် ကျမ်းကြီးသည် ပဋ္ဌာန်းကျမ်းကြီးပင် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ လအခါသမယ ကဆုန်လပြည့် ညအကုန် လပြည့်ကျော် ၁ ရက် အရုဏ်မတက်မီ၊ သဗ္ဗညုတရွှေဉာဏ်တော် ရရှိတော်မူပြီး ဘုရားဂေါတမ မြတ်စွာဘုရားအဖြစ် ရောက်ရှိခဲ့ရသည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ် ရောက်ရှိခဲ့ပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီတော်ဖြည့်ကျင့်ခဲ့ပြီးမှ သဗ္ဗညုတရွှေဉာဏ်တော် ရရှိခဲ့သည်။ မဟာဗောဓိပင်နှင့် ပလ္လင်တော်ကို ကြည့်တော်မူခဲ့သည်မှာ ထူးခြားလှဘိ၏။ ပလ္လင်တော်အား ခုနစ်ရက်တိုင် ကြည့်နေသည့်အပေါ်တွင် နတ်၊ ဗြဟ္မာအပေါင်းတို့က ဘုရားရှင်သည် ပလ္လင်တော်တွင် တွယ်တာမှုရှိနေသည်ဟု ထင်မှတ်မှားနေကြသည်ကို ယုံမှားသံသယ ပယ်ဖျောက်ရန် ရတနာစင်္ကြံဖန်ဆင်းကာ စင်္ကြံခေါက်တုံ့ခေါက်ပြန် လျှောက်တော်မူခဲ့သည်။

ယင်းနောက် နယုန်လဆန်း ၇ ရက်မှ ၁၃ ရက်အထိ မဟာဗောဓိပင်၏ အနောက်မြောက်အရပ်တွင် နတ်တို့ဖန်ဆင်းအပ်သည့် ရတနာဃရ (ရွှေအိမ်)၌ ခုနစ်ရက်တိုင်တိုင် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူ၍ အဘိဓမ္မာပိဋကတရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူခဲ့သည်။ ဘုရားရှင်သည် ဝေနေယျသတ္တဝါအပေါင်းတို့အား ကြည့်ရှုဆင်ခြင်ကြည့်သည့်အခါ ကျွတ်သင့်ကျွတ်ထိုက်သော သူတို့အား သီလ၊ သမာဓိ တည်ကြည်အောင် ထိန်းချုပ်ပြီး ဝိပဿနာတရားကို အားထုတ်ကျင့်ကြံပွားများပါက မဂ်ဖိုလ်နိဗ္ဗာန် ရောက်မည်ကု မြင်တော်မူခဲ့လေသည်။

ဤသို့ နိဗ္ဗာန်မဂ်ဖိုလ် လမ်းပေါ်သို့ သတ္တဝါအပေါင်း ရောက်ရှိနိုင်ရန်မှာ အဓိကအချက် သုံးချက်ဖြစ်သည့် သီလ၊ သမာဓိ၊ ပညာနှင့်ဆိုင်ရာ ဖြစ်သည့် ဝိနည်းပိဋက၊ သုတ္တန်၊

www.burmeseclassic.com

www.burmeseclassic.com

အဘိဓမ္မာပိဋကစသည့်အချက်တို့ကို တိတိပပ ကျင့်ကြံအားထုတ်ကြရန် လိုသည်ဟု ဘုရားရှင်တော်မြတ်သည် သုံးသပ်ဆင်ခြင်တော် မူခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အဘိဓမ္မာ ပိဋကခုနစ်ကျမ်းကို ဆင်ခြင်တော်မူခဲ့သည်။ သဗ္ဗညုတ ရွှေဉာဏ်တော်က ကျယ်ဝန်းပြီး တရားနည်းက ကျဉ်းနေသဖြင့် ရွှေဉာဏ်တော် မကွန့်မြူးနိုင်သေးပေ။ ခုနစ်ဆင့်မြောက်ဖြစ်သည့် အနန္တနယသမန္တပဋ္ဌာန်း ကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသည့်အခါမှ ကိုယ်တော်မြတ်၏ ရှေ့နောက်ဝဲယာ ထက်အောက်မျက်နှာ အသီးသီးတို့မှ အဆီးအတားအပိုင်းအခြားမရှိသည့် ရောက်ခြည်တော်ခြောက်သွယ်တို့မှာ ထိန်လင်းတောက်ပလာခဲ့သည်။

ဘုရားရှင်၏ စိတ်စေတသိက်တရား၊ ဥတုဇရုပ်တရားများသည် ပဋ္ဌာန်းဒေသနာတော်ကြီး ဆင်ခြင်မှုကြောင့် အိမ်လုံး၊ ဝါမ်လုံးခန့် ပမာဏရှိသည့် ရောင်ခြည်တော်ခြောက်သွယ်တို့မှာ တဝင်းဝင်းတလက်လက် (ယနေ့တိုင်အောင်) တောက်ပလျက် စကြာဝဠာအနန္တသို့ အဆုံးအဆမရှိ ပြေးသွားကွန့်မြူးလျက်ရှိခဲ့ရသည်မှာ ပဋ္ဌာန်းတရားတော်၏ တန်ခိုးကြီးမားမှုပင်ဖြစ်တော့သည်။

မြတ်ဗုဒ္ဓအရှင်သည် ပဋ္ဌာန်းကျမ်းကြီးကို နှလုံးသွင်းဆင်ခြင်ခြင်းသာ ဖြစ်ပြီး ထိုစဉ်က နှုတ်ဖြင့် မြွက်ဟပြောကြားတော်မူခြင်း မရှိခဲ့သေးပေ။ မြတ်စွာဘုရားရှင်သည် ဝါတော်ခုနစ်ဝါအရောက်တွင် သာဝတ္ထိပြည်၏ သရက်ဖြူပင်ရင်းတွင် ရေမီးအစုံဖြင့် တန်ခိုးတော်ပြပြီးမှ တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူခဲ့ရခြင်းမှာ မယ်တော်မာယာဒေဝီသည် ဘုရားအလောင်းကို ဖွားမြင်ပြီး ခုနစ်ရက်အကြာ ကံတော်ကုန်တော်မူပြီး တုသိတာနတ်ပြည်တွင် မိနတ်သားဖြစ်သွားသည်ကို ကျေးဇူးဆပ်လို၍တစ်ကြောင်း၊ အဘိ ဓမ္မာတရားကို အစအဆုံး နာယူနိုင်သည့် ပရိသတ်မှာ နတ်၊ ဗြဟ္မာများသာဖြစ်၍ နတ်ပြည်တွင် ဝါတွင်းသုံးလပတ်လုံး အဆက်မပြတ် ဟောကြားရခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားသည် နတ်ပြည်၌ နိမ္မိတရုပ်ပွားတော် ဖန်ဆင်း၍ တရားဟောစေပြီး လူ့ပြည်သို့ ကြွတော်မူခဲ့သည်။ ထိုစဉ်အခါတွင် တရားစစ်သူကြီး အရှင်သာရိပုတ္တရာက ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ် ပြုစုတော်မူခဲ့စဉ်မှာပင် အရှင်သာရိပုတ္တရာအား နတ်ပြည်၌ ဟောကြားတော်မူခဲ့သော အဘိဓမ္မာတရားတော်ကို အကျဉ်းနည်းဖြင့် ဟောကြားတော်မူခဲ့သည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ထိုအဘိဓမ္မာတရားကိုပင် ယခင် အတိတ်ဘဝက (လင်းနို့ငါးရာ) ဖြစ်ခဲ့ဖူးသည့် တပည့်ငါးရာတို့အား တစ်ဆင့်ဟောကြားတော်မူခဲ့သည်။ မကျယ်မကျဉ်းသော ဟောကြားခြင်းဖြစ်၏။

ယင်းပဋ္ဌာန်းကျမ်းတော်ကြီးမှာ ကျမ်းငယ်ပေါင်း ၂၄ ကျမ်း ပါဝင်ပါသည်။ ၂၄ ပစ္စည်းသည် ပဋ္ဌာန်းကျမ်း၏ ဟောပုံနည်းစနစ်များ ပါဝင်သည့် ပစ္စည်းများဖြစ်ပြီး ပဋ္ဌာန်းကျမ်း၏ အနှစ်ချုပ်သာ ဖြစ်သည်။ ဘုရားရှင် ဟောကြားတော်မူခဲ့သော ပဋ္ဌာန်းဒေသနာတော်ကြီးမှအစ သုတ်တော်အမျိုးမျိုးတို့ကို ရွတ်ဖတ်ခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ကိုလေ့ကျင့်ရန် အလွန်အရေးကြီးလှပေသည်၊ ကြည်ညိုသဒ္ဒါစိတ်တို့ဖြင့် ရွတ်ဖတ်ခြင်း၊ ကျင့်ကြံအားထုတ်မည်ဆိုပါက မဂ်လမ်း၊ ဖိုလ်လမ်းကား မဝေးတော့ပါပြီ။

ပဋ္ဌာန်းဒေသနာတော်ကြီး ရွတ်ဖတ်ပူဇော်ခြင်းဖြင့် မိမိ၏ကောင်းမှုအစုစု အတိတ်ကံများ ပွင့်လာပြီး ကောင်းကျိုးအထွေထွေ ရရှိနိုင်ပေမည်။ ၂၄ ပစ္စည်း အခြေခံမှတစ်ဆင့် ပဋ္ဌာန်းကျမ်းကြီး၏ နက်ရှိုင်းကျယ်ဝန်းမှုကို မိမိ၏ ဉာဏ်မီသမျှ ကြိုးစားရွတ်ဖတ် ကျင့်ကြံပါလျှင် မိမိ၏ ကံ၊ ဉာဏ်၊ အောင်မြင်မှုပန်းတိုင် တက်လှမ်းနိုင်ကြမည့်အထိ ပဋ္ဌာန်းဒေသနာတော်ကြီး၏ တန်ခိုးအရှိန်အဝါ မြင့်မားလှပြီဖြစ်သည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း၊ သူမြတ်ကောင်းတို့သည် မိမိတို့၏ စိတ်အတွင်းမှာရှိသည့် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော စိတ်ယုတ်၊ စိတ်မိုက်၊ စိတ်ရိုင်းတို့ကို အလောဘ၊ အဒေါသ၊ အမောဟတည်းဟူသော သီလ၊ သမာဓိ၊ ဉာဏ်ပညာချွန်းဖြင့် ထိန်းချုပ်နိုင်ကြပါစေဟု လေ့လာသိရှိသမျှ တင်ပြလိုက်ပါသည်။

ရေကျော်ဝိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီး ဒရက်ကူလာ

# DRACULA WAS A GIRL

ကို မောင် သန်း ဝင်း

အယ်လီဇဘက်ဘတ်သိုရီ အမည်ရှိ မြို့စားကတော်ကြီးသည် သွေးစုပ်ကောင်တစ်ဦးဖြစ်ကြောင်း သတင်းစာများက ဖော်ပြလျက်ရှိသည်။

သူမသည် နှိပ်စက်ညှဉ်းပန်းမှု၊ နှိပ်စက်မှုတို့ကို ခုံမင်နှစ်သက်ပြီး လူသားစားခြင်း ဓလေ့ကိုလည်း ဘဝင်ကျစွာ ကျင့်သုံးခဲ့သည်။ ထို့ပြင် အမျိုးသမီးချင်း အချစ်တော်ဇာတ်လမ်းဖွင့်ခြင်းတို့၏ ဝဲဩဃ သံသရာဝယ် နစ်မွန်းလျက်ရှိနေသူတစ်ဦး ဖြစ်ပေသည်။



ဘတ်သိုရီအား သူမ၏ လက်ပါးစေများက မြင်တွေ့

## မကောင်းဆိုးဝါး

ဒရက်ကူလာ ဇာတ်လမ်းများကို ရေးသားခဲ့သည့် ဝတ္ထုပါအချက်အလက်များမှာ မြို့စားကတော် အယ်လီဇဘက်ဘတ်သိုရီ ဖောက်ပြန်ယုတ်ညံ့သော အကျင့်စရိုက်တို့ကို ထက်ဝက်မျှပင် မမီပါဟု ဝန်ခံပြောကြားခဲ့သည်။

အယ်လီဇဘက်ဘတ်သိုရီသည် ၁၅၀၀ ပြည့်နှစ်ကုန်ဆုံးခါနီးတွင် မွေးဖွားခဲ့သူဖြစ်ရာ ၎င်းအချိန်၌ နိုင်ငံတစ်ခုလုံးမှာ အခြေမလှ ထကြွပုန်ကန်မှုများ အားကောင်းနေသည့် ကာလဖြစ်ပေသည်။ တောင်သူလယ်သမားများအား ခန္ဓာကိုယ်အပိုင်းပိုင်းဖြတ် သတ်ဖြတ်မှုများ၊ အရှင်လတ်လတ် မီးရှို့သတ်မှုများနှင့် တံကျင်လျှို၍ သတ်ဖြတ်မှုများကို သူမသည် ကောင်းစွာတွေ့မြင်ခဲ့ဖူးသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဖောက်ပြန်သွေးဖယ်မှု

အယ်လီဇဘက်သည် အလွန်ပင် တန်ခိုးအာဏာနှင့် ပြည့်စုံလှသည့် မိသားစုမှ ပေါက်ဖွားလာသူတစ်ဦး ဖြစ်ပေသည်။ သူမတို့မိသားစုအတွက် လုပ်ငန်းဆောင်တာများ အမျိုးမျိုးဆောင်ရွက်ပေးနေသည့် ကျေးကျွန်များအား အမျိုးမျိုးသော ယုတ်ညံ့လှသည့် နှိပ်စက်မှုများနှင့် လူမဆန် အောက်ကျိနှိမ့်ကျမှုများကို သူမက ကောင်းစွာမြင်တွေ့ခဲ့ရသူဖြစ်သည်။

အယ်လီဇဘက်မှာ အားလုံးကပင် ယုယပိုက်ထွေး စည်းစိမ်အမျိုးမျိုးခံစားနေရသည့်ဘဝတွင် နေခဲ့ရပြီး အကောင်းဆုံးကျောင်းသို့ တက်ရောက်ပညာသင်ကြားခဲ့ရ



မြို့စားကတော်ကြီး ဘတ်သိုရီမှာ အသွေးနှင့်အသား အရသာကို ခံစားလျက်ရှိ

ပေသည်။ ကျောင်းတွင် လက်တင်ဘာသာ၊ ဂရိဘာသာ၊ ဟန်ဂေရီဘာသာစကားများကို သင်ကြားခဲ့ရသူ ဖြစ်သည်။

သူမဘဝအား မှောက်မှားသည့် ပုံသဏ္ဌာန်သို့ ရောက်ရှိစေသည့် ဖြစ်ရပ်တစ်ခုသည် သူမ၏ မိသားစုရဲတိုက်ကြီးတွင် ပါတီတစ်ခုပေးစဉ်က ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သူမ၏ ဖခင်ကြီးက ဂျစ်ပစီကြီးတစ်ယောက်အား မခံချိမခံသာဖြင့် သူ၏ မွေးခါစကလေးငယ်ကို ရောင်းချခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ဂျစ်ပစီအမျိုးသားကြီးက မဟုတ်ရပါကြောင်း ပြောဆိုခဲ့သော်ငြားလည်း သူမှာ အသတ်ခံရရန် သေချာနေပြီဖြစ်သည်။ အယ်လီဇဘက်မှာလည်း ဖြစ်ရပ်ကြီးတစ်ခုလုံးကို စိတ်ပါဝင်စားစွာ ကြားသိမြင်တွေ့ခဲ့ရပေသည်။

သို့ဖြင့် ဂျစ်ပစီကြီးအား သတ်ဖြတ်မှုကို စောင့်စားကြည့်ရှုနိုင်ရန် သူမသည် နံနက်စောစော အိပ်ရာမှထခဲ့သည်။

နောက်ပိုင်းတွင်လည်း သူမသည် တောင်သူလယ်သမား ၅၄ ဦးအား သတ်၍ လီးဖြတ်တောက်မှုများကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပေသေးသည်။ ၎င်းတို့အား သူတို့၏ နားရွက်၊ နှာခေါင်းများကို ခုတ်ထစ်ပြီးနောက် ကြိုးပေး၍ အဆုံးသတ်ခဲ့ပေသည်။ သို့ရာတွင် သူမ၏အတွင်းစိတ်ရောဂါကို နားလည်ရန်မှာ ကျွန်တော်တို့အနေဖြင့် သူမ၏ မိသားစု အနေအထားကို စိစစ်ကြည့်ရပေမည်ဟု သတင်းသမားတို့က ဆိုသည်။

သူတို့မိသားစုမှာ မောင်လည်း၊ နှမလည်း လက်ဆက်အိမ်ထောင်ပြုထားကြသူများ ဖြစ်လေရာ မိသားစုတစ်ခုလုံးမှာ စိတ်ထားမမှန် မှောက်မှားချောက်ချားမှု ရောဂါစွဲနေသူများ ဖြစ်နေကြသည်ကို စုံစမ်းသိရှိရသည်ဟူ၏။

သူမ၏ ဦးရီးတော်မှာ ရူးသွပ်နေပြီး မကောင်းဆိုးဝါးကို ပူဇော်ပသမှုများအား အလေးပေးဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။ သူမ၏အဒေါ်မှာလည်း မိန်းမချင်း အချစ်တော်မွေးခြင်းကို နှစ်ခြိုက်ကာ ပျော်ပွဲများ ကျင်းပလေ့ရှိသည်။ အစေခံများကိုလည်း အမြဲတမ်း ညှဉ်းပန်းနှိပ်စက်မှုများလည်း ပြုနေသူတစ်ဦး ဖြစ်သည်။

ဤသို့သော အမှားများ၊ မကောင်းမှုများကို ကုစားရန်မှာ ကျန်းမာသန်စွမ်းလျက်ရှိသော လူတို့၏ သွေးများကို သောက်သုံးစေခြင်းအားဖြင့် သူတို့တွင်ရှိသော မကောင်း

www.burmeseclassic.com

သည့်စရိုက်သွေးများ ပြန်လည်ကောင်းလာမည်ဟု ထင်မှတ်ထားကြသည်။

မကြာမီတွင်ပင် အယ်လီဇဘက်မှာ သွေး၏အရသာကို ခံစားခဲ့ရပြီးနောက် သူမ၏ အဒေါ်က မည်သို့မည်ပုံ ညှဥ်းပန်းနှိပ်စက်ရမည့် နည်းနာနိသျှဉ်းများကို မျက်စိများဖွင့်ပေးခဲ့ပေသည်။

## အချစ်တော် ညှဥ်းပန်းပျော်ပိုက်မှု

အယ်လီဇဘက်သည် မကြာမီ လက်ထပ်ထိမ်းမြားပြီးနောက် သူတို့၏ အိမ်အသစ်အဖြစ် ဆာဗာရဲတိုက်တွင် နေထိုင်ခဲ့ကြလေ၏။ ဤရဲတိုက်ကြီးတွင် နေထိုင်ရင်း သူမသည် အမျိုးမျိုးသော ညှဥ်းပန်းနှိပ်စက်မှုများနှင့် ချစ်ဗျူဟာခင်းပွဲကြီးများကို လုံ့လရှိရှိ ဖွဲ့အပြည့်ဖြင့် ဆင်နွှဲခဲ့လေ၏။

ဤရဲတိုက်ကြီးအတွင်း သူမသည် အချစ်တော်စည်းစိမ်ခံစားမှုကြီးကို နစ်မြုပ်စွာ ခံစားနေခဲ့ပြီးနောက် အမြင်ရိုင်းလှပြီး ပုံးပန်းမလှပသည့် ကိုးရိုးကားရားအနေအထားဖြင့် အချစ်တော်စည်းစိမ်အား ညှိုးယူထားနိုင်ခဲ့ပေသည်။

သူမသည်လည်း ကျေးကျွန်များအား ရိုက်နှက်ညှဥ်းပန်းမှုများတွင် ပို၍ပြင်းထန်လာခဲ့လေ၏။

သူမသည် အမျိုးသားကျွန်များ၏ လက်သည်းခွံအောက်တွင် သစ်သားပင်အပ်ကလေးများကို စိုက်ထားလေ၏။ အကယ်၍ နာကျင်လွန်းသည့်အတွက် လက်သည်းခွံအောက်က သစ်သားပင်လေးများကို ကုတ်ထုတ်မိခဲ့လျှင်ဖြင့် သူတို့၏ လက်များ ဖြတ်ပစ်လေ့ရှိပါ၏။ သူမ၏ ရူးသွပ်မှုသည် တဖြည်းဖြည်းကြီးမားလာသည်နှင့်အမျှ သူမသည် သူ့ကိုယ်သူ အစဥ်အမြဲလှပစေရန်အတွက် ယူဆကာ လူ၏သွေးများနှင့်ပင် ရေချိုးရန် ဆုံးဖြတ်ချက်ချခဲ့ပါ၏။

နောက်ပိုင်း ရက်စက်မှုများမှာ အံ့ချီးလောက်ဖွယ်ပင်။ ကိုယ်လုံးတီးချွတ်ထားသော ငယ်ရွယ်လှပသည့် အမျိုးသမီးငယ်လေးများကို ရေခဲနေသည့် ရာသီဥတုအတွင်း အတင်းဆွဲထုတ်ကာ ၎င်းတို့၏ ကိုယ်ပေါ်သို့ ရေများများကို လောင်းချစေခဲ့မှုသည် သွေးခဲ၍သေသည့်အထိ ဖြစ်လေ၏။

ယင်းကဲ့သို့ ပြုလုပ်ထားခြင်းအားဖြင့် ၎င်းတို့ရဲ့ သွေးများမှာ ရက်ပေါင်းများစွာ လတ်လတ်ဆတ်ဆတ် ထားနိုင်ခဲ့သည်ဟူ၏။ မကြာခင်မှာပင် သူမသည် သေသူ၏ အသားတွေကို ကိုက်ဖဲ့စားသောက်တော့သည်။ အရင်တုန်းက သေသွားသူများ၏ အသားတွေကို ဤသို့နည်းအတိုင်း စားသောက်ခဲ့သည်ဟူ၏။ သူမရဲ့ နေ့စဥ်စားနေကျ ဟင်းအမည်စာရင်းအရဆိုလျှင် လူ့အသားဟင်းသည် အဓိကဟင်းပွဲကြီးအဖြစ် အမြဲပါဝင်နေသည်ဟုဆို၏။

အစိုးရအာဏာပိုင်များအနေနှင့်လည်း သူမရဲ့ မင်းမဲ့စရိုက်ဆန်ဆန် ပြုလုပ်နေသည့် လုပ်ရပ်များကို လျစ်လျူရှုထားခြင်း မရှိချေတော့ပြီ။

## အကျဉ်းချလေပြီ

သူမရဲ့ ရဲတိုက်ကြီးကို အစိုးရအာဏာပိုင်များက ဝင်ရောက်စီးနင်း သိမ်းပိုက်ခဲ့သည်။ ယင်းသို့ ဝင်ရောက်စီးနင်းနေချိန်တွင် သူမသည် အစေခံသွေးကို ထုတ်ယူနေစဥ် လက်ပူးလက်ကျပ် ဖမ်းဆီးရမိခဲ့ပါ၏။

အယ်လီဇဘက်သည် ကျန်သည့် သူမ၏ အသက်အပိုင်းအခြားကို သချိုင်းလို တည်ဆောက်ထားသည့် အကျဉ်းထောင်အခန်းထဲတွင် ကုန်ဆုံးစေရန် အမိန့်ချမှတ်အပြစ်ပေးခြင်းကို ခံခဲ့ရလေ၏။ သူမအား ချုပ်နှောင်ထားသည့် အခန်းမှာ လွန်စွာကျဉ်းလှပြီး အစားအစာ ပေးပို့နိုင်ရန်နှင့် လေဝင်လေထွက်ပေါက်ငယ်တစ်ခုသာ ထားရှိထားလေ၏။

အယ်လီဇဘက်သည် ၁၆၁၄ ခုနှစ်အတွင်းတွင် သေဆုံးခဲ့ပါ၏။ သူမသည် ယခင်ကကဲ့သို့ လူ့သွေးဖြင့် ရေချိုးခြင်းမပြုလုပ်ရသည့်အတွက် သူမသေဆုံးသည့်အခါ အလွန်တရာ ကြောက်ဖွယ်ကောင်းလောက်ပင် အရုပ်ဆိုး အကျည်းတန်လျက် အနေအထားကို တွေ့မြင်ကြရသည်ဟူ၏။

**ကိုမောင်သန်းဝင်း**

***Ref; 'SUN' Dec 20, 1994.***



www.burmeseclassic.com

www.burmeseclassic.com

# သွေးစုပ်ကောင် ရှာဖွေသူ

# THE MAN WHO HUNTS VAMPIRES

**ကိုမောင်သန်းဝင်း**

ကျွန်တော်က ဒေါက်တာစတီဖင် ကပ်ပလန်ပါ။ ကျွန်တော်လုပ်နေတဲ့ လုပ်ငန်းက ဒီကမ္ဘာကြီးမှာ- အန္တရာယ်အများဆုံး အလုပ်ကို လုပ်နေတာပါ။ ရူးကြောင်ကြောင် အလုပ်ပေါ့လေ။ ဒါပေမဲ့ ဝါသနာကိုက ဆိုးပါတယ်။

လုပ်နေတဲ့အလုပ်လား၊ ပြောပါမယ်။ တကယ်လက်တွေ့အသက်ရှင်နေတဲ့ သွေးစုပ်ဖုတ်ကောင်တွေကို နှိုက်ချွတ်ရှာဖွေ ကြိုးစားလုပ်ဆောင်နေတဲ့ အလုပ်ပါ။ တကယ်လည်း အန္တရာယ်ကြီးပါတယ်။ သေတွင်းက နေ ကိုယ်လွတ်ရုန်းထွက်ခဲ့ရတာ အကြိမ်ကြိမ်ပါ။

နယူးယောက်ပြည်နယ်၊ အယ်(မ)ဟတ်(၁)မြို့ရှိ သွေးစုပ်ဖုတ်ကောင်များ သုတေသနဗဟိုဌာနရဲ့ ညွှန်ကြားရေးမှူး တစ်ဦးအနေနဲ့ ကျွန်တော်ဟာ ကမ္ဘာပေါ်ရှိ ရာပေါင်းများစွာသော သွေးစုပ်ဖုတ်ကောင်တွေနဲ့ တွေ့ဆိုင်ဆွေးနွေးခဲ့သူ ဖြစ်ပါတယ်။ အဲဒီလို ဆွေးနွေးမှုတွေကို ဆောင်ရွက်နေတဲ့ အခါမှာ အသက်ကို ဖက်နဲ့ထုပ်ထားပြီး တော့ သိပ္ပံပညာ တိုးတက်စေရေးအတွက် အသက်ပေးလုပ်ဆောင်နေခဲ့ပါတယ်။

ကျွန်တော့်ကို တကယ်ချောက်ချားမှု ဖြစ်စေခဲ့တာကတော့ လက်တွေ့ သွေးစုပ်သူတွေမဟုတ်ပါဘူး။ သူတို့က သွေးစုပ်ကောင်




သွေးစုပ်ကောင်ရှာပုံတော်ဖွင့်သူ ဒေါက်တာစတီဗင်ကပ်ပလန်



www.burmeseclassic.com

www.burmeseclassic.com

လို့ စိတ်ကူးစိတ်သန်းတွေဝင်ရောက်နေပြီး ယင်းရေး ျုးကို သယ်ဆောင်သွားနေကြသူများ ဖြစ်ကြပါတယ်။

ကျွန်တော်ဟာ သွေးစုပ်ကောင်တွေနဲ့ မျက်နှာချင်းဆိုင်ပြီး အနီးကပ်ဆုံး ရင်ဆိုင်တွေ့နေခဲ့ရသူပါ။ အဲဒီလို တွေ့ဆုံမှုများမှာ အကြိမ်ဒါဇင်ပေါင်းများစွာမက ရှောင်ထွက်ခွာလာခဲ့ရဖူးတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဆက်နေရင် ဒီသွေးဆာနေတဲ့ စိတ်ကူးပေါက်သူတွေရဲ့ လက်ချက်နဲ့ သေရမယ်မှန်းသိလို့ပါပဲ။ အရင်က ဖြစ်ခဲ့ဖူးတဲ့ မေဆင် မိသားစုရဲ့ အဖြစ်မျိုးလိုပေါ့။

ကျွန်တော်ဟာ သူတို့ရဲ့ အမျိုးမျိုးခြိမ်းခြောက်မှု၊ လိပ်ပြာလွင့်မတတ် ခြောက်လန့်မှု၊ ဖြားယောင်းသွေးဆောင်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ နောက်ဆုံးသူတို့ရဲ့ အသတ်ခံရလိုတောင် ဖြစ်ခဲ့ရပါတယ်။

တကယ် သွေးစုပ်ကောင်အစစ်အမှန်လို့ ဆိုလာရင် ရုပ်ရှင်ဇာတ်ကားတွေနဲ့ စာအုပ်များမှာ ဖော်ပြထားတဲ့အတိုင်း ဆိုးရွားလှတဲ့ မိစ္ဆာကောင်တွေလို မဟုတ်ကြပါဘူး။ ဒီသွေး

*တကယ့် သွေးစုပ်ကောင်အစစ်တွေကတော့ လက်ဝါးကပ်တိုင်လည်း မကြောက်သလို၊ ပရိတ်ရေကိုလည်း မလန့်ပါဘူး။ ဒါပေမဲ့ . . . ထူးဆန်းတာက 'ကြက်သွန်ဖြူ'ဆိုတာကတော့ သူတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်စေတာကတော့ အမှန်ပါပဲ။*

စုပ်ကောင်ဟာ သာမန် မနုသလူ့သားတွေလိုပဲ အလုပ်အကိုင်တွေလုပ်နေကြသူများ ဖြစ်နေကြပါတယ်။ ဒါပေမယ်လို့ သူတို့ရဲ့ သွေးသောက်သုံးလိုတဲ့ ဆန္ဒတွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာတွေတော့ မရှိမဟုတ်၊ ရှိပါတယ်။

ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းသတ်မှတ်ချက်အရကတော့ ၇၅ ရာခိုင်နှုန်းသော တကယ့်သွေးစုပ်ကောင်တွေရဲ့ ဘဝရှင်သန်ရေးအတွက် သွေးစုပ်ယူသောနည်းကို အသုံးပြုနေကြသူများသာ ဖြစ်ကြပါတယ်။ သူတို့စုပ်ယူတဲ့ သွေးကတော့ အောင်စလောက်ပါ။

အချို့အချို့သော သွေးစုပ်ကောင်တွေဟာ သွေးစုပ်နေတုန်း ကာမကိုလည်း ရယူတတ်ကြပါတယ်။ ဒီအဖြစ်ကတော့ သဘာဝအခွင့်အရေးအရ သဘောညီမှုမှုတွေ ပါဝင်နေမှုကြောင့်ပါပဲ။ သူတို့မှာလည်း စိတ်လှုပ်ရှားမှုအပြင် နှစ်ဦးနှစ်ဖက် ဆန္ဒပြည့်ဝကြလို့ပဲ ဖြစ်ပါလိမ့်မယ်။

## သမန်းဝံပုလွေ

ကျွန်တော် ဒေါက်တာစတီးပင်ကပ်ပလန်ဟာ သမန်းဝံပုလွေလေ့လာမှုဌာနကနေတစ်ဆင့် လေ့လာသုတေသနပြုခဲ့ပါသေးတယ်။ အဲဒီမှာက သွေးစုပ်ကောင်တွေကို နှိုက်ချွတ်ရှာဖွေရေးလုပ်ငန်းထက် အလွန်ဝေးရာ အန္တရာယ်ကြီးလှပါပေတယ်။

တစ်ခါက တကယ်ပင် အသက်ရှင်လျက်ရှိနေတဲ့ သမန်းဝံပုလွေတစ်ကောင်ကို တွေ့ဆုံခဲ့စဉ်ကပေါ့။ အလွန်ပင် စိတ်ချောက်ချားဖွယ်ရာ အမှားအဖြစ်ကို ရောက်ခဲ့ရပါတယ်။

အမျိုးသမီးကြီးတစ်ဦး(သမန်းဝံပုလွေပေါ့လေ) ကျွန်တော့်ရဲ့ရုံးခန်းကို ရောက်လာခဲ့ပါတယ်။ ရောက်ပြီးတာနဲ့ သူမရဲ့ရုပ်အသွင်ဟာ ရုတ်တရက် ပြောင်းလဲသွားပါတော့တယ်။

သူမရဲ့မိန်းမအသံဟာ တဖြည်းဖြည်းပြောင်းသွားပြီး ယောက်ျားအသံပေါက်လာရာကနေ သောင်းကျန်းတဲ့ အပြုအမူတွေ လုပ်လာပါတော့တယ်။ ကျွန်တော့်ကို အဓိကထားပြီး တိုက်ခိုက်လာတာပါ။ ဒါပေမယ်လို့ ကျွန်တော်နဲ့ ကျွန်တော့်လက်ထောက်တို့က သူမကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ပြီးတော့ သက်ဆိုင်ရာဆီကို ပေးပို့ခဲ့ရပါတယ်။ ဒီလုပ်ရပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com

လွန်စွာအန္တရာယ်ကြီးကြောင်း နှောင်းနှောင်တရမိခဲ့ပါတယ်။ အားပါးဘော့···။

ကျွန်တော် လေ့လာသုံးသပ် ခန့်မှန်းချက်အရ တစ်ကမ္ဘာလုံးအနှံ့ပေါ့နော်။ သွေးစုပ်ကောင်ပေါင်း ၈၀၀ လောက် ရှိပါလိမ့်မယ်။ ခန့်မှန်းခြေအားဖြင့် အမေရိကန်နိုင်ငံမှာ အကောင်ပေါင်း ၂၅၀ လောက် ရှိမယ်ထင်ပါတယ်။

ထူးဆန်းအံ့ဩဖွယ်ကောင်းတာက အရှေ့ဥရောပတိုက်မှာရှိတဲ့ အလွန်ကမ္ဘာကျော်လှတဲ့ ဒရက်ကူလာ သွေးစုပ်ကောင် ပေါက်ဖွားရာ ထရန်စလ်ဗေးနီးယားပြည်နယ်မှာ သွေးစုပ်ကောင် သုံးကောင်သာ ရှိပါတယ်။

ကျွန်တော် သုတေသနပြုလုပ်တဲ့နေရာတွေမှာ အလွန်ရှည်လျားတဲ့ မေးခွန်းတွေကို တစ်ခါတစ်ရံ သုံးလေ့ရှိပါတယ်။ ဒါ့အပြင် အထူးသွေးစုပ်ကောင်တွေကို စမ်းသပ်တဲ့ ပစ္စည်းကိရိယာတွေကို လိုအပ်ရင် လိုအပ်သလို အသုံးပြုခဲ့ရပါသေးတယ်။ သုံးခဲ့တဲ့ပစ္စည်းကိရိယာတွေကြောင့် တကယ့် သွေးစုပ်ကောင် ဟုတ်မဟုတ် သိနိုင်ပါတယ်။ သွေးစုပ်ကောင် အတု၊ အစစ် ခွဲခြားလို့ရတယ်ပေါ့နော်။

တကယ့် သွေးစုပ်ကောင်အစစ်တွေကတော့ လက်ဝါးကပ်တိုင်လည်း မကြောက်သလို၊ ပရိတ်ရေကိုလည်း မလန့်ပါဘူး။ ဒါပေမဲ့ ထူးဆန်းတာက "ကြက်သွန်ဖြူ"ဆိုတာကတော့ သူတို့အတွက် စိတ်အနှောင့်အယှက် ဖြစ်စေတာကတော့ အမှန်ပါပဲ။

သုတေသနဌာနကို သွေးစုပ်ကောင်နဲ့ ပတ်သက်လို့ သတင်းပေးပို့ချက်အရကတော့ သွေးစုပ်ကောင် ၂၀၀ ခန့်မှာ တစ်ကောင်လောက်သာ သွေးစုပ်ကောင်ဖြစ်ကြောင်း သိရပါတယ်။ ကျန်တာတွေကတော့ သွေးစုပ်ကောင်အတုအယောင်တွေ၊ စိတ်ကယောင်ချောက်ချားဖြစ်နေပြီး စိတ်မနှံ့သူတွေနဲ့ စိတ်ကူးယဉ်နေကြသူတွေ ဖြစ်ကြပါတယ်။



နယူးအောလင်းမြို့တွင် တွေ့ရှိခဲ့သည့် သွေးစုပ်ကောင်

ကာလီဖိုးနီးယားပြည်နယ်မှာ သွေးစုပ်ကောင် အများဆုံးရှိနေပြီး စုစုပေါင်း ၃၈ ကောင်ရှိနေပါတယ်။ နယူးယောက်မှာတော့ အကောင် ၃၀ ခန့်ရှိနေပြီး၊ တက်ဆပ်ပြည်နယ်မှာ ၂၆ ကောင်၊ ဖလော်ရီဒါပြည်နယ်မှာ ၁၁ ကောင် ရှိနေပါတယ်။

အမေရိကန်နိုင်ငံပြီးနောက် ဂျာမနီနိုင်ငံမှာ သွေးစုပ် ကောင် ၂၅ ကောင်ခန့် ရှိပါတယ်။ ကနေဒါပြည်မှာကတော့ ၁၃ ကောင်၊ အင်္ဂလန်နဲ့ မက်ဆီကိုမှာ ၁၀ ကောင်၊ ကိုလံဘီယာပြည်မှာ ၈ ကောင် ရှိနေပါတယ်။ ဒါက ကျွန်တော် ဒေါက်တာ စတီဖင်ကပ်ပလန်ရဲ့ သုတေသနပြုချက် အရ ဖော်ပြတာပါ။ ယုံပါလို့မပြောချင်ပေမဲ့ ပုံပြင်မဟုတ်ပါဘူးနော်။

**ကိုမောင်သန်းဝင်း**

***Ref; SUN' Dec 20, 1994. "THE MAN WHO HUNTS VAMPIRES***

www.burmeseclassic.com

# မုန့်တိုင်းခဲလေသော်

လှမိုး(ပညာရေး)

၁၉၄၃ ခု၊ မတ်လ ၁ ရက်နေ့၏ လင်းအရုဏ်သည် တောတောင်များအကြားမှ ပျို့အန်လာခဲ့ပြီဖြစ်သည်။ ကျွန်တော်ဦးဆောင်သော စစ်ကြောင်းသည် အတော်အသင့်နက်သော ချောက်ကမ်းပါးအဆင့်မှနေ၍ မြောက်စူးစူးသို့ ချီတက်ခဲ့ကြသည်။ အမှောင်ရိပ်သည် ကျွန်တော်တို့ရဲဘော်များ ချီတက်နေသည့် ဘေးတစ်ဖက်တစ်ချက်ရှိ ဝါးရုံပင်တောများနှင့် ကျွန်းတောများပေါ်တွင် ခိုနားဆဲဖြစ်၏။

အနောက်ဘက်ကောင်းကင်တွင်မူ ကြယ်ကလေးများသည် တစ်လုံးပြီးတစ်လုံး ပျောက်စပြုနေလေပြီ။ ကျွန်တော်တို့ စစ်ကြောင်းချီတက်နေသည့် လက်ျာဘက်တွင်ရှိသော ချိုင့်ဝှမ်းကြီးအတွင်း နှင်းမြူတို့သည် တလူလူပျံတက်လှုပ်ရှားနေကြ၏။ ဝါးရုံတောတွင်းတစ်နေရာမှ တောကြက်တစ်ကောင်၏ ဆွဲဆွဲငင်ငင် "အောက်အီးအီးအွတ်" ဟု တွန်လိုက်သော အသံထွက်လာသည်နှင့် အခြားတောကြက်များ၏ တွန်သံသည် မြိုင်ယံအား ဆူဝေသွားစေတော့သည်။

ကျွန်တော်တို့ချီတက်နေသောလမ်းမှာ ဂျပန်တိုက်ကင်းအဖွဲ့များ မသိသေးသော လမ်းဟု ကျွန်တော်တို့က ယူဆထားသည်။ သို့သော် ထိုလမ်းကို ဂျပန်တို့ သိမသိဆိုသည်မှာ မည်သူမျှ တပ်အပ်သေချာစွာ ပြောဆိုနိုင်ကြမည်မဟုတ်ပါ။ ကျွန်တော်တို့အား သက်ဆိုင်ရာက ထုတ်ပေးသော မြေပုံစာအုပ်အညွှန်းအတိုင်း ချီတက်နေရခြင်းဖြစ်၏။ ကျွန်တော်တို့ ကျောပိုးအိတ်များမှာလည်း ယမန်နေ့က လေကြောင်းမှချပေးသော ရိက္ခာများကြောင့် လေးလံလှ၏။

ကျွန်တော်တို့ ရောက်ရှိနေသော နေရာမှာ မြေပုံပေါ်တွင် "ချောင်းကြီး"ဟု ဖော်ပြထားသောနေရာ ဖြစ်ပါသည်။ မိနစ်အနည်းငယ်အကြာတွင် အရှေ့ဘက်ကောင်း



ကင်မှ ပန်းနုရောင် ရောင်ခြည်များသည် မြိုင်ရပ်ခွင်အာ
ပန်းနုရောင် ဇာပဝါပါးပါးဖြင့် ဖုံးလွှမ်းထားသကဲ့သို့ ဖြ
လာသည်။ မျောက်များ၏အသံ၊ အိပ်တန်းတက်ရာမှ နိုးလာ
ကြသော ကျေးငှက်တို့၏အသံ၊ ဥဩငှက်တို့၏အသံသည်
မြိုင်ရပ်ခွင်အား ဆူဝေစေတော့၏။

ကျွန်တော်တို့အဖို့ လွှမ်းမောတသဖွယ်ကောင်
သော ရှုခင်းကို မခံစားနိုင်ကြ ဂျပန်လုည့်ကင်းများနှ
တိုးမိမည်ကိုသာ စိတ်အာရုံစောနေကြသည်။ အခြားစ
ကြောင်းတစ်ကြောင်းကမူ ကျွန်တော်တို့ ချီတက်နေ
စစ်ကြောင်းနှင့် မလှမ်းမကမ်းတွင် ဂျပန်တိုက်ကင်းစခ

www.burmeseclassic.com

ချသွားသည်ဟုထင်ရသော မီးဖိုများ၊ ဆင်ချေးများ တွေ့ရသည်ဟု သတင်းပေးပို့ထားသဖြင့် အထူးသတိထား၍ ချီတက်နေရ၏။ "ချောင်းကြီး"ချောင်းကမ်းပါးတစ်လျှောက်တွင် တောင်ယာစပါးခင်းများ၊ ငှက်ပျောခင်းများကို သာယာစိုပြည်စွာတွေ့ရသဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံကိုမူ တစ်စုံတစ်ရာ မတွေ့ရ။

ကျွန်တော်တို့စစ်ကြောင်း၏ တာဝန်မှာ ဗိုလ်မှူးချုပ်ဝင်းဂိတ်(နောင်အခါ ဗိုလ်ချုပ်)၏ လမ်းညွှန်ချက်အရ အထက်ဖော်ပြပါ "ချောင်းကြီး"ချောက်ကမ်းပါးမှ အဆင်းလမ်းအတိုင်း "ဘုံချောင်း"တံတားသို့ အရောက်ချီတက်ရမည်ဖြစ်သည်။ "ဘုံချောင်း"တံတားနှင့် ဘုံချောင်းမီးရထားလမ်းကို တတ်နိုင်သမျှ ဖျက်ဆီးဖောက်ခွဲရမည်ဖြစ်၏။ ဘုံချောင်းတံတားနှင့် မီးရထားသံလမ်းမှာ မန္တလေး-မြစ်ကြီးနားအကြားတွင် ရှိသဖြင့် ထိုတံတားနှင့် မီးရထားလမ်းကိုသာ ဖောက်ခွဲဖျက်ဆီးနိုင်ပါက ဂျပန်ဘုရင့်တပ်မတော်၏ တောင်နှင့်မြောက် ဆက်သွယ်ရေးလမ်းကြောင်းမှာ အချိန်အတော်အသင့်ကြာအောင် ပြတ်တောက်သွားမည်ဖြစ်သည်။

ကျွန်တော်သည် ကျွန်တော့်စစ်ကြောင်းမှ ဘုံချောင်းတံတားကိုဖောက်ခွဲဖျက်ဆီးရန်အတွက် တာဝန်ပေးထားသူများကို မည်သို့မည်ပုံ ဖောက်ခွဲရမည့်အစီအစဉ်ကို သေသေချာချာ ပြောပြထားပြီး ဖြစ်၏။ တံတားကြီး၏ ကြီးမားသော သံယက်မကြီးကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖြိုချရုံသာမက ထိုရထားလမ်းဘေးတွင် ထီးတည်းကြီးရှိသော ကျောက်ကမ်းပါးကြီးကိုပါ ဖောက်ခွဲဖျက်ဆီးရမည်ဟု စီစဉ်ထား၏။ သို့သော် မည်သည့်အချိန်တွင် ထိုဖောက်ခွဲရေးတာဝန်ကို ဆောင်ရွက်ရမည်ကိုမူ တိတိကျကျ အချိန်မသတ်မှတ်နိုင်ဘဲ ဖြစ်နေသည်။ ညဘက်တွင် ဖောက်ခွဲရခြင်းထက် နေ့ဘက် မြင်မြင်ထင်ထင်တွင် ဖောက်ခွဲရခြင်းသည် လုပ်ငန်းတွင်ကျယ်သည်ဟု မှန်းသော်လည်း ဘုံချောင်းဘေး ဒေသတစ်ဝိုက်တွင် ဂျပန်တပ်များလှုပ်ရှားနေသည်ဟူသော သတင်းရရှိထားပြီး ဘုံချောင်းဘူတာတွင် ဂျပန်တပ်စိတ်တစ်စိတ်ရှိသည်ဟု အတည်မပြုရသေးသော သတင်းများလည်း ကြားရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရ၏။

ဘုံချောင်းတံတားနှင့် ဘုံချောင်းကျောက်နံရံ ကမ်းပါးကြီးအား ဖြိုချဖောက်ခွဲဖျက်ဆီးပြီး ထိုနေရာမှ ဘေးကင်းစွာ ဖောက်ထွက်ရမည့်အရေးနှင့် ဧရာဝတီမြစ်ကို လုံခြုံချောမွေ့စွာ ကူးဖြတ်နိုင်ရေးသည် အဓိကပြဿနာဖြစ်နေသည်။ ဘုံချောင်းတံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ပြီဟုသိသော ဖက်ဆစ်ဂျပန်တပ်များသည် ကျွန်တော်တို့စစ်ကြောင်းနောက်သို့ အင်နှင့်အားနှင့် ဖိ၍လိုက်မည်က သေချာနေသည်။ နောက်တစ်နေ့ညနေ ၅ နာရီခန့်တွင် ကျွန်တော်တို့စစ်ကြောင်းသည် ဘုံချောင်းတံတားအနီးသို့ ရောက်လာခဲ့၏။ တပ်သားတိုင်း မီးရထားလမ်းဘေး တစ်ဖက်တစ်ချက်တွင် ကျင်းများတူး၍ နေရာယူထားကြရသည်။



ယင်းတံတားကိုဖောက်ခွဲရန် တာဝန်ပေးထားသူမှာ ဗိုလ်ဒေးဗစ်ဝိုက်နှင့်အဖွဲ့ဖြစ်သည်။ သူတို့အစီအစဉ်မှာ ထိုတံတားနှင့်ကျောက်နံရံကြီးကို ဖို



www.burmeseclassic.com

www.burmeseclassic.com

နေ့ည ၈ နာရီခွဲ၊ သို့မဟုတ် ၉ နာရီတွင် ဖောက်ခွဲရန် သတ်မှတ်ထားသည်။ ထိုနေ့ည ၉ နာရီထိုးသည်နှင့် ပေါက်ကွဲသံကြီးသည် ကျောချမ်းစဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေခြင်းကို ဖြိုခွင်း၍ ထွက်လာသည်။ ထိုအသံကြီးသည် လျှင်ကြီးမလှုပ်မီ တော်လဲသကဲ့သို့ မြိုင်ခွင်ကို ပဲ့တင်ထပ်သွားတော့၏။ ထိုအသံကြီးနှင့်အတူ ကျောက်ကမ်းပါးကြီးအား ဖောက်ခွဲလိုက်သော အသံကြီးသည်လည်း တောအထပ်ထပ်၊ လျှိုအသွယ်သွယ်ကို လွှမ်းခြုံသွားတော့၏။

အထက်ဖော်ပြပါ စာပိုဒ်သည် ဗိုလ်မှူးချုပ် ဖာဂတ်ဆင်း ရေးသားထုတ်ဝေသော "Beyond The Chindwin" (ချင်းတွင်းအလွန်)စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ကျွန်တော်တို့ စာဖတ်ပရိသတ်သည် ဗိုလ်မှူးချုပ် ဖာဂတ်ဆင်း(နောင်အခါ ဗြိတိသျှအစိုးရက ဆာဘွဲ့ ချီးမြှင့်ခြင်းခံရသူ)နှင့် မိတ်ဖွဲ့ပေးရန် မလိုဟု ဆိုရမည် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် အထက်ဖော်ပြပါ စာအုပ်အား ကွယ်လွန်သူ စာရေးဆရာကြီး တက္ကသိုလ်နန္ဒမိတ်က "ချင်းတွင်းကျော်လျှင်"အမည်ဖြင့် လုံးစေ့ပတ်စေ့ တိုက်ရိုက် မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီးဖြစ်၍ အကြိမ်ကြိမ်ပြန်လည်ပုံနှိပ်ထုတ်ဝေပြီးဖြစ်၏။ ဗိုလ်မှူးချုပ် ဖာဂတ်ဆင်းမှာ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော စစ်သားတစ်ယောက် ဖြစ်သည်။ ကဗျာဆရာတစ်ဦးလည်းဖြစ်၏။ သူရေးသော "The Wild Green Earth" စာအုပ်ကိုလည်း ကွယ်လွန်သူစာရေးဆရာကြီး တက္ကသိုလ်နန္ဒမိတ်ကပင် အကျဉ်းချုံး၍ "အသက်ကို ဖက်ရွက်ပမာ" အမည်ဖြင့် ဘာသာပြန်ဆို ထုတ်ဝေပြီးဖြစ်သည်။

စာရေးဆရာ ဗိုလ်မှူးချုပ်ဖာဂတ်ဆင်းသည် ဒုဗိုလ်မှူးကြီးအဖြစ် ဗိုလ်မှူးချုပ် ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်းတပ်ဖွဲ့ဖြစ်သော "ခြင်းဒစ်"တပ်ဖွဲ့ (ခြသေ့်တပ်ဖွဲ့)တွင် အမှတ်-၅ စစ်ကြောင်းကို တာဝန်ယူအုပ်ချုပ်၍ ဖက်ဆစ်ဂျပန်တို့ သိမ်းပိုက်ထားသော အထက်မြန်မာနိုင်ငံရှိ ဂျပန်ဘုရင့်တပ်မတော် စစ်ကြောင်းများနောက်ရှိ လမ်းတံတား၊ ရိက္ခာသိုလှောင်ရုံ၊ ဆက်သွယ်ရေးစခန်းများကို ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့သည်သာမက ဂျပန်ဘုရင့်တပ်မတော် ရိက္ခာပို့မော်တော်ယာဉ်များအား ပစ်ခတ်တိုက်ခိုက် ဖျက်ဆီးနိုင်ခဲ့သည်။ ဒုဗိုလ်မှူးကြီး ဖာဂတ်ဆင်းသည် ဗိုလ်မှူးချုပ်ဝင်းဂိတ်၏ ညာလက်ရုံးဖြစ်သည်။

မြန်မာပြည်တိုက်ပွဲစဉ်များတွင် ဗြိတိသျှတပ်များသည် အထိအနာကြီး နာခဲ့ပြီး ကမ္ဘာ့စစ်ရေးအကဲခတ်များ၊ သုတေသီအများကမူ ဂျပန်ဘုရင့်တပ်မတော်သားများသည် တောတွင်းတိုက်ပွဲများ မည်သူမျှမယှဉ်နိုင်အောင် စွမ်းစွမ်းတမံ တိုက်ပွဲဝင်နိုင်သည်ဟု သတ်မှတ်ထားခဲ့ကြသည်။ ဗြိတိသျှနှင့် မဟာမိတ်တပ်သားအများကလည်း ဂျပန်ဘုရင့်တပ်မတော်သားများအား ယှဉ်ရန် စိတ်ကျဆင်းခဲ့ရသည်။ သူတို့အား စိတ်ဓာတ်တက်ကြွစေရန် မဟာမိတ်တို့အဖို့ ဖန်တီးရမည်ဖြစ်သည်။ ဗြိတိသျှစစ်သားအများသည် ဂျပန်ဘုရင့်တပ်မတော်သားများကို ပခုံးချင်းယှဉ်နိုင်သည်သာမက ရင်မြေကတုတ်လုပ်၍ အသက်ကို ဖက်ရွက်ပမာထားသူများဖြစ်သည်ကို ပြသနိုင်ရမည်ဖြစ်သည်။

ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ပေးခဲ့သူမှာ ဗြိတိသျှတပ်မတော်မှ ဗိုလ်မှူးချုပ်ဝင်းဂိတ်ဖြစ်သည်။ ဝင်းဂိတ်ကမူ ဂျပန်ဘုရင့်တပ်မတော်သားများအား တိုက်ခိုက်ရာတွင် သမားရိုးကျနည်းဖြင့် တိုက်ခိုက်ရန် မလွယ်။ သူတို့၏ နောက်ပိုင်းသို့ ခရီးရှည် ထိုးဖောက်ဝင်ရောက်၍ တံတားများ၊ မီးရထားလမ်းများ၊ ရိက္ခာသိုလှောင်ရုံများ၊ လမ်းပန်းဆက်သွယ်ရေးများ ဖျက်ဆီးရမည်ဖြစ်၏။ ဤသို့ ဖျက်ဆီးနိုင်မှသာ ဂျပန်တို့၏ စစ်ဘက်နယ်ဘက် အမှုထမ်းများ၊ တပ်မတော်သားများ ချောက်ချားသွားစေနိုင်သည်သာမက ဂျပန်တို့၏ အသိမ်းပိုက်ခံထားသော နယ်မြေများမှ လူထုအား စိတ်ဓာတ်တက်ကြွစေခဲ့သည်သာမက ဂျပန်ဖက်ဆစ်တော်လှန်ရေး အင်အားစုများကိုပါ တစ်ဖက်တစ်လမ်းမှ အားတက်စေခဲ့သည်။

အမှန်အားဖြင့် ဝင်းဂိတ်အကြောင်းကို ကျွန်တော်တို့ မြန်မာနိုင်ငံမှ လူထုသည် ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသို့ကူးစက်မလာမီကပင် အကျွမ်းတဝင် သိပြီးဖြစ်ခဲ့ကြသည်။ ထိုစဉ်ကာလက ဗြိတိသျှအစိုးရ ဝါဒဖြန့်ချိရေးဌာန(ပြန်ကြားရေးဌာန)မှ ထုတ်ဝေသော ကမ္ဘာ့ရုပ်စုံဂျာနယ်နှင့် "ရွှေပြည်ကြီး"(ဟုထင်ပါသည်)သတင်းစာတို့တွင် ဝင်းဂိတ်၏ ဓာတ်ပုံနှင့်တကွ သူ့ပြောက်ကျားတပ်ဖွဲ့များအကြောင်း သတင်းများ၊ သတင်းဆောင်းပါးများကို ဖော်ပြခဲ့ပါသည်။

ထိုကာလက ဗိုလ်မှူးကြီးဝင်းဂိတ်၏ ပြောက်ကျားတပ်များသည် အဘီဆီးနီးယားနိုင်ငံ (ယခု အီသီယိုပီးယားနိုင်ငံ)တွင်းသို့ ကျူးကျော်ဝင်ရောက် တပ်စွဲနေသည်။ ဖက်ဆစ်အီတလီတပ်များကို မောင်းထုတ်နိုင်ခဲ့၏။ ဝင်းဂိတ်၏ ပြောက်ကျားတပ်ဖွဲ့သည် သူ့ထက် အင်အားနှစ်ဆကြီး၍ လေတပ်၊ သံချပ်ကာတပ်၊ တောင်ပေါ်ပစ်အမြောက်တပ် ရှိခဲ့သည်သာမက ခေတ်မီဆက်သွယ်ရေးပစ္စည်းများ အပြည့်အစုံ ရှိခဲ့သည်။ ထိုတပ်များ လှုပ်ရှားမှုများကို ရပ်တန့်အောင် ပြုလုပ်နိုင်ခဲ့၏။

မှန်ပါသည်။ ကမ္ဘာစစ်သမိုင်းတွင် အထင်ကရ ဗိုလ်ချုပ်များအနက် ဝင်းဂိတ်မှာ တစ်မူထူးသူဖြစ်သည်။ သူ့အား လူထူးလူဆန်းတစ်ယောက်၊ လူဂွစာတစ်ယောက်ဟု အများက မြင်ကြ၏။ ပင်ကိုဉာဏ် ထက်မြက်၏။ သူ့စစ်ရေးအမြင်ကလည်း ဆန်းသည်။ သို့ဖြစ်၍ ဗြိတိသျှနှင့် မဟာမိတ်တပ်များမှ တာဝန်ရှိသူအများက နှိမ်ကြသည်၊ ခပ်ခွာခွာနေသည်။ သို့သော် သူကမူ။ ပစ်တိုင်းထောင်တစ်ယောက်ဖြစ်သည်။ သူ၏ ရန်သူနယ်မြေအတွင်း ခရီးရှည် ချီတက်ထိုးဖောက် တိုက်ခိုက်နည်းများသည် ထိုကာလက အများကျင့်သုံးနေသော နည်းများမဟုတ်ကြ။ ခေတ်တစ်ခေတ်ကျော်နေသဖြင့် သူ၏ စစ်နည်းဗျူဟာကို စစ်ပညာသုတေသီများ၊ စစ်သမိုင်းပညာရှင်များက နားမလည်နိုင်။ သူ့စစ်နည်းဗျူဟာကို စိတ်ကူးယဉ်ဆန်သည်ဟု မှတ်ယူခဲ့ကြ၏။ တကယ့်သူ့အနိုင် ကိုယ့်အနိုင် ကြဲနေသော စစ်ပွဲတွင် အသုံးမဝင်ဟု ယူဆကြ၏။ သို့သော် ဗြိတိသျှဘုရင့်အစိုးရ ဝန်ကြီးချုပ်ဖြစ်သူ ချာချီကမူ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတစ်ခွင်တွင် ဂျပန်ဘုရင့်တပ်မတော်၏ လှိုင်းတံပိုးအောက် မရှုမလှခံနေရသော မဟာမိတ်တပ်သားများအား စိတ်ဓာတ်ရေးရာ မြှင့်တင်ရာတွင် ဝင်းဂိတ်၏ ပြောက်ကျားနည်းဗျူဟာသည် လိုအပ်သည်ဟု ထင်သည်။

ဂျပန်ဘုရင့်တပ်မတော်မှ အရာရှိအရာခံ အကြပ်တပ်သားတို့၏ စွမ်းရည်သတ္တိ၊ လာမည့်ဘေးပြေးတွေ့ရန် အသင့်ရှိမှု၊ ရဲရင့်မှု၊ ရက်စက်မှု၊ တောတွင်းနည်းဗျူဟာ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်မှုများကို လက်တွေ့ တွေ့ခဲ့ကြရသည်။ ဗြိတိသျှဘုရင့်တပ်မတော်နှင့် မဟာမိတ်တပ်သားများအဖို့ စိတ်ဓာတ်ကျဆင်းနေကြ၏။ ဤစိတ်ဓာတ်ကျမှုကိုမြှင့်တင်ရန် အားဆေးလိုအပ်သည်ဟု မဟာမိတ်စစ်သေနာပတိ ဗိုလ်ချုပ်ကြီးဗစ်(လ်)က ယုံကြည်ထား၏။ တစ်နည်းအားဖြင့်ဆိုရသော် သင့်တော်သောတစ်နေ့တွင် မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်ရေးတွင် မဟာမိတ်တပ်သားများသည် ဂျပန်ဘုရင့်တပ်မတော်သားများနည်းတူ စွမ်းရည်ရှိသည်ကို လက်တွေ့ပြရန် လိုအပ်သည်ဟု ဆိုသဖြင့် ဗိုလ်မှူးချုပ်ဝင်းဂိတ်(နောင်အခါ ဗိုလ်ချုပ်ဖြစ်လာသည်)၏ ခရီးဝေး ထိုးဖောက်စစ်ဆင်ရေးကို စမ်းသပ်ရန် စီစဉ်ခဲ့သည်။

ဝင်းဂိတ်ကလည်း သူ၏ နည်းဗျူဟာကိုလက်တွေ့ပြရန် ဗြိတိသျှဘုရင့်တပ်မတော်ကြီးအတွင်းမှ အရာရှိအရာခံ အကြပ်တပ်သားအများကို စိတ်တိုင်းကျရွေးထုတ်ခဲ့သည်။ (အများအားဖြင့် မြန်မာလူမျိုးများနှင့် မြန်မာတိုင်းရင်းသားများ ပါဝင်ခဲ့၏။) သူ့တပ်မတော်အား ခြင်းဒစ်တပ်မတော် (ခြသေ့်)ဟု အမည်ပေးခဲ့ပြီး တပ်သားအများအား ပြင်းပြင်းထန်ထန် လေ့ကျင့်စေခဲ့သည်။ ဤကဲ့သို့ လေ့ကျင့်စေခဲ့ပြီး စစ်ကြောင်းတစ်ကြောင်းတွင် စစ်သည်တော် ၄၀၀ နှင့် လက်နက်များ၊ စစ်အသုံးအဆောင်ပစ္စည်းများ သယ်ယူရန် လားတပ်ဖွဲ့လည်း ပါဝင်ခဲ့သည်။ ထိုတပ်ဖွဲ့များသည် အစီအစဉ်အတိုင်း ဗြိတိသျှနှင့် မဟာမိတ်တိုက်စစ်ကြောင်းများကိုကျော်၍ မြန်မာနိုင်ငံအတွင်းရှိ ဂျပန်တို့၏ ခံစစ်ကြောင်းများနောက် မိုင် ၂၀၀ ခန့် ထိုးဖောက်၍ လမ်းတံတားများ၊ ရိက္ခာသိုလှောင်ရုံများ ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့၏။ ရိက္ခာပို့ဆောင်သည့် မော်တော်



www.burmeseclassic.com

www.burmeseclassic.com

များကိုလည်း ခြုံခိုတိုက်ခိုက်၍ ဂျပန်စစ်သား အမြောက်အမြား သုတ်သင်နိုင်ခဲ့သည်။ ထိုကာလက ခြင်းဒစ်တို့၏ ပြောက်ကျားတိုက်ခိုက်မှုသည် ဟိုးဟိုးကျော်ခဲ့ရပြီး ဂျပန်ဘုရင့်တပ်မတော် စစ်အာဏာပိုင်များအား တုန်လှုပ်ချောက်ချားစေခဲ့သည်။ ထိုကာလက နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများတွင် ဝင်းဂိတ်၏ ခရီးဝေး ထိုးဖောက်ချီတက်ခဲ့သည့် ပြောက်ကျားစစ်ဆင်ရေး၏ အောင်မြင်မှုများကို မျက်နှာဖုံးသတင်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြသည်။ အသံလွှင့်အစီအစဉ်များကလည်း ထုတ်လွှင့်ခဲ့ကြသည်။ ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သော စစ်ကြောင်း အမှတ်(၅)ကို ဦးစီး၍ မဲဇာနှင့် ဘုံချောင်းအကြားရှိ မီးရထားလမ်းနှင့် တံတားကိုလည်းကောင်း၊ ကျောက်ကမ်းပါးကြီးကိုလည်းကောင်း ဖြိုဖျက်ဖောက်ခွဲနိုင်ခြင်းသည် ဂျပန်ဘုရင့်တပ်မတော်မှ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တာဝန်ယူထားသော ဗိုလ်ချုပ်ကြီးမူတာဂုချိ ကိုယ်တိုင် အံ့အားသင့်ခဲ့ရသည်။ ဘုံချောင်းတံတား ခြင်းဒစ်စစ်ကြောင်း အမှတ်(၅)မှ ဖောက်ခွဲရေးသမားများသည် စိစိညက်ညက်ကြေအောင်ဖောက်ခွဲနိုင်ခဲ့သည်။ တံတားတွင်ရှိသော သံရက်မကြီးသုံးခုအနက် တစ်ခုကို တံတားအောက် ပေ ၆၀ အထိ ဘုံးဘုံးကျအောင် ဖြိုဖျက်နိုင်ခဲ့ပြီး ပေ ၁၆၀ ခန့်ရှည်သော ယက်မတစ်ခုကို တစ်ဖက်တိုင်ထိပ်ပေါ်တွင်တင်၍ အခြားတစ်ဖက်မှာမူ ချောင်းထဲသို့ ထိုးကျသည်အထိ ပျက်စီးသွား၏။ တံတားအောက်မှ တူးထားသော တိုင်အများ ကျိုးပဲ့၍ အချို့တိုင်များမှာ အစဖျောက်ပစ်၏နိုင်သည်ဟု ဆိုသည်။ ထိုစဉ်က ဂျပန်ဘုရင့်အသံလွှင့်ဌာနမှ အသံလွှင့်သူ တိုကျိုမနင်းဆီကမူ ဒုဗိုလ်မှူးကြီး ဖာဂတ်ဆင်း ထိုတံတားဖျက်ဆီးစေမှုအတွက် မကြာမီ အသက်ပေးဆပ်ရမည်ဟု အသံလွှင့်ခဲ့သည်အထိ အောင်မြင်ခဲ့သည်ဟု ဆိုရမည်။ ဝင်းဂိတ်၏ ၁၉၄၃ ခုနှစ် စစ်ဆင်ရေးနှင့် ၁၉၄၄ ခုနှစ် ဒုတိယကမ္ဘာစစ်ရေးများသည် မျှော်မှန်းထားသည်ထက် အောင်မြင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် တစ်ဆယ့်ခြောက်နှစ်ခန့် အကြာတွင် ခြင်းဒစ်စစ်ကြောင်းခေါင်းဆောင်ဖြစ်ခဲ့သော ဗိုလ်မှူးချုပ်ဖာဂတ်ဆင်းနှင့် ဇနီး လောရာဖာဂတ်ဆင်းတို့သည် မြန်မာနိုင်ငံသို့ တစ်ခေါက်ပြန်လာခဲ့၏။ ထိုစဉ်ကာလ မုန်တိုင်းစဲခဲ့ပြီဖြစ်ရကား ကချင်ပြည်နယ်မှာ အေးချမ်းသာယာလျက်ရှိခဲ့သည်။ ထိုကာလက မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရ တာဝန်ယူနေသည့်အချိန်ဖြစ်၏။ (ဦးနု၏ အစိုးရက ဗိုလ်ချုပ်ကြီး နေဝင်းအား နိုင်ငံတော်အာဏာလွှဲပြောင်းပေးခဲ့သည်။)

ကချင်ပြည်နယ် တပ်မင်းမှာ ဗိုလ်မှူးကြီးစောမြင့်ဖြစ်သည်။ အငြိမ်းစား ဗိုလ်မှူးချုပ် ဖာဂတ်ဆင်းနှင့်ဇနီးတို့အား မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက တာဝန်ယူ၍ ကချင်ပြည်နယ်အတွင်း သူသွားလိုသော နေရာများ၊ သူတွေ့လိုသော ခြင်းဒစ်ရဲဘော်ဟောင်းများ၊ သူတို့စစ်ဆင်ရေးကာလက သူ့စစ်ကြောင်းမှ အရာရှိအရာခံ၊ အကြပ်တပ်သားများအား အဘက်ဘက်မှ အကူအညီပေးခဲ့ကြသော ပြည်သူများကိုလည်း တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ သူ့စစ်ကြောင်း စခန်းချခဲ့သည့် ရွာများ၊ စစ်ဆင်ရေးကာလက သူ့တပ်ဖွဲ့ဝင်များ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ရွှေလီမြစ်တို့အား ဖြတ်ကူးခဲ့သော နေရာများ၊ ထိုစဉ်က လေယာဉ်ဖြင့် ရိက္ခာချပေးခဲ့သော နေရာများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

အထူးသဖြင့် ဗိုလ်မှူးချုပ် အငြိမ်းစား ဖာဂတ်ဆင်းသည် သူ့စစ်ကြောင်းမှ ဖောက်ခွဲဖျက်ဆီးခဲ့သော ဘုံချောင်းတံတားအား သွားရောက်ကြည့်ရှုခဲ့၏။ တံတားအသစ် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း သူတို့အဖွဲ့ ဖောက်ခွဲဖျက်ဆီးခဲ့သော သံရက်မကြီးအချို့မှာ ချောင်းအတွင်း ထိုးထိုးထောင်ရှိဆဲ ဖြစ်နေသည်ကို တွေ့ရသည်ဟု ဆိုခဲ့ပါကြောင်း။

**လှမိုး(ပညာရေး)**

ကျမ်းကိုး

**Return to Burma By B. Fergesson**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်ရအောင်
# အာလူးပေါ်အောင်လံစိုက်

■ နှင်းအာဠူလီ

ခုနစ်ရက်သားသမီးများသည် ဟိုပြေးအလုပ်လျှောက်လွှာတင်၊ ဒီပြေးအလုပ်လျှောက်လွှာတင်၊ တင်သည့်လျှောက်လွှာ ဓာတ်ပုံနှင့် လမ်းစရိတ်သာ ကုန်ခဲ့ပါသည်။ အလုပ်မရသည့်အခါတွင် စိတ်ညစ်ရပါသည်။ မည်သည့်အလုပ်မျိုးမဆို လုပ်ငန်းလုပ်ကိုင်သူများနှင့် အလုပ်လျှောက်သူများအားလုံး "အလုပ်ရအောင် အာလူးပေါ်တွင် အောင်လံစိုက်"ပြီး ဘုရားတွင် လှူထားပါ။

အင်္ဂါနေ့ မနက် ၆ နာရီမှ ၇ နာရီအတွင်း ကျိုက္ကဆံဘုရား၏ တနင်္ဂနွေထောင့်တွင် အာလူးပေါ်တွင် အောင်လံစိုက်ပြီး လှူထားပါ။

"နေသား/သမီး နာမည် ---- အလုပ်ရပါစေ"ဟု ဆုတောင်းပါ။

နေသား/သမီးအလိုက် ဖော်ပြထားသော နှစ်များတွင်သာ ပြုလုပ်ပါ။

**တနင်္ဂနွေ** ။ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်။

**တနင်္လာ** ။ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်။

**အင်္ဂါ** ။ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်။

**ဗုဒ္ဓဟူး** ။ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်။

**ကြာသပတေး** ။ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်။

**သောကြာ** ။ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ် နှစ်။

**စနေ** ။ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်။

**ရာဟု** ။ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်။

နှင်းအာဠူလီ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ••• ကျွန်တော့်ထံ သို့ ရပ်ဝေးမှ လာရဟန်တူသော အသက် ၄၀ ခန့် လူတစ်ယောက် သည် လွယ်အိတ်တစ်လုံးလွယ်လျက် ရောက်လာသည်။ ကျွန်တော်၏အမည် ကိုမေးပြီး သူ့ကိုယ်သူ မိတ်ဖွဲ့ပါ သည်။

လာရသည့် အကြောင်းအရင်း မှာ သူ၏ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ် လမ်းအား ပြောပြချင်၍ လာခြင်းဖြစ် ကြောင်း၊ သူသည် သီလဝဘာသာ ရေးမဂ္ဂဇင်းကို လစဉ်မပြတ် ဖတ်နေသူ ဖြစ်ပြီး ကျွန်တော့်ကို လွန်စွာတွေ့မြင် နေလိုကြောင်း၊ ဆက်သွယ်ရမည့် လိပ် စာလည်းမသိသဖြင့် အခက်တွေ့နေ ကြောင်း၊ တစ်နေ့သောအခါ သူ၏တူ လေးအတွက် အကျင့်စာရိတ္တ ကောင်း မွန်ကြောင်း ထောက်ခံချက် ရယူရန် ရဲစခန်းသို့သွားကြောင်း၊ လက်မှတ်ရေး ထိုးပေးမည့် စခန်းမှူး မအားလပ်သေး ၍ ခေတ္တခဏစောင့်နေစဉ် တာဝန်ကျ ရဲအရာရှိ၏ စားပွဲပေါ်မှ လုံးချင်းဝတ္ထု စာအုပ်တစ်အုပ်ကို အမှတ်မထင် ကောက်ယူဖတ်လိုက်မိကြောင်း၊ ထို ဝတ္ထုစာအုပ်သည် ကျွန်တော် သီလဝ ဘာသာရေးမဂ္ဂဇင်းတွင် လစဉ်ရေး သားဖော်ပြခဲ့ပြီးဖြစ်သော ဝတ္ထုဆောင်း ပါးများကို စုပေါင်း၍ ပုံနှိပ်ထုတ်ဝေ ထားသည့် ဘဝသံသရာနှင့် ဘဝကံ ကြမ္မာ ဝတ္ထုတိုများ စာအုပ်ဖြစ်နေပြီး ထိုစာအုပ်တွင် စာရေးသူ ကျွန်တော် ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းနှင့် နေရပ်လိပ်စာကို ဝမ်းသာအားရ တွေ့ ရသဖြင့် ကျွန်တော့်ထံ ရောက်လာနိုင် ခဲ့ကြောင်း ပြောပြပါသည်။

ထိုသူပြောပြသည့် သူ၏ ကိုယ် တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းသည် လွန်


www.burmeseclassic.com

www.burmeseclassic.com

ရေနံ့သာ

# အောင်ချမ်းဇော်

# သံသရာရယ် ကံကြမ္မာရယ် မေတ္တာရယ်



www.burmeseclassic.com

www.burmeseclassic.com

စွာ စိတ်ဝင်စားစရာကောင်းပြီး အများသူငါ သိထိုက်သိအပ်၊ သတိတရားနှင့် မှတ်သားဖွယ်ရာ သံဝေဂရစရာကောင်းသဖြင့် ထိုသူပြောပြသည့် ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းကို အကျဉ်းချုံး၍ သီကုံးရေးသား တင်ပြလိုက်ပါသည်။ ထိုသူက ပြောပြသည်မှာ ...

ကျွန်တော့် မိဘများဟာ ကျွန်တော်တို့ မြို့ကဈေးကြီးနဲ့ မျက်နှာချင်းဆိုင်လမ်းမကြီးပေါ်မှာ သင်္ကန်းပရိက္ခရာဆိုင်ကြီး ဖွင့်ပါတယ်။ တစ်မြို့လုံး တစ်နယ်လုံး ကျေးလက်တောရွာတွေကပါ ယုံကြည်အားပေးကြလို့ အတော်လေး စီးပွားရေးကောင်းမွန်ပါတယ်။

ကျွန်တော့် မိဘများဟာ အိမ်ထောင်ဦးထဲကရှိခဲ့တဲ့ လက်ငုတ်လက်ရင်း နှစ်ထပ်တိုက်ကြီးကနေ စီးပွားတက်လာလို့ ကပ်လျက် နောက်ထပ်နှစ်ထပ်တိုက်သစ်ကြီးပါ ဆောက်နိုင်ခဲ့ပါတယ်။ ပထမတိုက် အောက်ထပ်မှာ သင်္ကန်းပရိက္ခရာဆိုင်ကြီး ဖွင့်ထားပြီး အပေါ်ထပ်ကိုတော့ ဧည့်သည်တွေ အာဂန္တုရဟန်းတွေ တည်းခိုနိုင်ဖို့ သီးသန့်ထားပါတယ်။ နောက်ဆောက်တဲ့ တိုက်သစ်ကြီးအပေါ်ထပ်မှာက သင်္ကန်းပရိက္ခရာ ကုန်ပစ္စည်းများကို သိုလှောင်ပြီး အောက်ထပ်မှာ မိသားစုနေကြပါတယ်။ ကျွန်တော်တို့မြို့ဟာ လမ်းပန်းဆက်သွယ်ရေးကလည်းကောင်း၊ ဒေသထွက်ကုန်တွေကလည်းပေါ၊ ကုန်ကူးသန်းရောင်းဝယ်လို့ကလည်း ကောင်းကြတော့ အတော်ကို စည်ကားပါတယ်။ စီးပွားရေးလည်း ကောင်းကြတယ်။ ခေတ်မီအဆောက်အဦတွေ အပြိုင်အဆိုင်ဆောက်ကြပါတယ်။

ကျွန်တော်တို့မိဘများပိုင် တိုက်ကြီး နှစ်တိုက်ရဲ့ နောက်ဖက်မှာတော့ အမွေကိစ္စ မညီညွတ်ကြတာနဲ့ နေထိုင်သူမရှိတဲ့ တိုက်အိုတိုက်ဟောင်းကြီး တစ်ခု ရှိပါတယ်။ ရှေးကတည်းက ရှိခဲ့တဲ့ တိုက်အိုတိုက်ဟောင်းကြီးမို့ ပြိုကျပျက်စီးနေတာ ကြာပါပြီ။ ကျွန်တော်တို့မှာ မောင်နှမလေးယောက် ရှိပါတယ်။ ကျွန်တော်က အကြီးဆုံးပါ။ သမိုင်းဘာသာနဲ့ ဘွဲ့ရပြီး မိဘများရဲ့ သင်္ကန်းပရိက္ခရာဆိုင်ကြီးမှာပဲ အတူရောင်းဝယ် လုပ်ကိုင်ပါတယ်။ ကျွန်တော့်မှာ ညီမလေးနှစ်ယောက်နဲ့ ညီလေးတစ်ယောက် ရှိပါတယ်။

ကျွန်တော့်အဖေဟာ မြို့ရဲ့မျက်နှာဖုံး လူသိများလှတဲ့ လူကြီးလူကောင်း တစ်ယောက်ပါ။ သာသနာရေး ဘာသာရေး ကိစ္စတွေမှာလည်း ထိပ်ဆုံးက ပါဝင်လှုပ်ရှားခဲ့ပြီး ရပ်ရေးရွာရေး၊ သာရေးနာရေး ကိစ္စတွေမှာလည်း တစ်မြို့နယ်လုံးက လေးစားကြည်ညိုခံရတဲ့ လူကြီးဖြစ်ပြီး ကျွန်တော်တို့မြို့က ဘုရားကြီးမှာလည်း ဂေါပကလူကြီးဖြစ်ပါတယ်။ အဖေဟာ ဒါနနဲ့ သီလကို နေ့ညမပြတ် စောင့်ထိန်းလှူဒါန်းသူပါ။ အမေကလည်း အိမ်မှာနေပေမယ့် ယောဂီဝတ်နဲ့ အမြဲသီလဆောက်တည်ပြီး ဒါနနဲ့ ပတ်သက်လို့လည်း အမြဲလက်မနှေးခဲ့သူပါ။ ဒါကြောင့် အဖေနဲ့အမေကို တစ်မြို့နယ်လုံးက ချစ်ခင်ကြပါတယ်။ ကျွန်တော်တို့ မောင်နှမတစ်တွေလည်း ငယ်စဉ်ထဲက ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝ နေခဲ့ရပါတယ်။ အမေက အင်မတန် စည်းကမ်းကောင်းပြီး ဘာသာတရားနဲ့ပတ်သက်လို့ ကျွန်တော်တို့ မောင်နှမတစ်တွေကို ငယ်စဉ်ထဲက ဆုံးမသွန်သင်ခဲ့ပါတယ်။ တစ်နေ့မှာတော့ ကျွန်တော်တို့အမေ ရုတ်တရက် ကွယ်လွန်ခဲ့ပါတယ်။ ကျွန်တော်တို့မောင်နှမတစ်တွေ တုန်လှုပ်ချောက်ချားပြီး အားကိုးရာမဲ့ ရပ်တည်ရာမရ ဖြစ်ကြရပါတယ် ...။

အဖေဟာ အရင်ကလို မဟုတ်တော့ဘဲ ငေးငေးငိုင်ငိုင် ဆွေးဆွေးမြေ့မြေ့ တရားလက်လွတ် ခံစားနေရပါတယ်။ ဒါကြောင့် အဖေ့အစ်မ အပျိုကြီး ကျွန်တော်တို့အဒေါ်က ကျွန်တော်တို့ဆီလာနေပြီး စောင့်ရှောက်ပြုစုပေးပါတယ်။ ဒါပေမယ့် ဆရာရယ် အမေဆုံးလို့မှ တစ်နှစ်မပြည့်ခင် ကျွန်တော်တို့အိမ်ပေါ်ကို လူသတ်သမား ရောက်လာတော့တာပါပဲ။ ဘဝသံသရာကြီးမှာ ဘဝကံကြမ္မာတွေ အင်မတန် ထူးဆန်းပါတယ်။ လူသတ်သမားဆိုတာက ကျွန်တော်နဲ့ သက်တူရွယ်တူလောက်ရှိတဲ့ ယောကျ်ားတွေ မက်လောက်တဲ့ ကိုယ်လုံးကိုယ်ထည်ရှိပြီး အပြောချို မိန်းမငယ်၊ မိန်းမလည် တစ်ယောက်ပါ။ အဖေနဲ့ ကုန်ကူးသန်းရင်းနှီးရာက အဖေရဲ့ ဒုတိယဇနီး ကျွန်တော်တို့မောင်နှမရဲ့ မိထွေးအဖြစ် အိမ်ပေါ်ရောက်လာတာပါပဲ ...။

ကျွန်တော်တို့အဖေဟာ တစ်ချိန်က မြို့ရဲ့ ဘာသာရေး၊ သာသနာရေး ရပ်ရေးရွာရေး၊ သာရေးနာရေးမှာ မြို့မျက်နှာဖုံး လူကြီးလူကောင်း၊ ဘုရားကြီးရဲ့ ဂေါပကလူကြီးဘဝကနေ မယားလေးနဲ့အတူ ဘီယာသောက်



www.burmeseclassic.com

www.burmeseclassic.com

အရက်သောက်ရာက အသက်ကြီးမှ ရောဂါစွဲလာပါတော့တယ်။ လုပ်ကိုင်စားသောက်တာက သင်္ကန်းပရိက္ခရာဆိုင်၊ ကိုယ်တိုင်က အရက်သမားကြီးဖြစ်လာတယ်။ အဖေဟာ မယားငယ်လေး ကြိုးကိုင်ထားတဲ့ အသက်မဲ့စက်ရုပ်ကြီးဘဝ ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့မိသားစုကို လာပြီးစောင့်ရှောက်နေတဲ့ အဒေါ်ဖြစ်သူဟာလည်း သူ့ရဲ့မောင်အဖြစ်ဆိုးကို မကြည့်ရက်တာရယ်၊ မိထွေးနဲ့ အဆင်မပြေတာကြောင့် ကျွန်တော်တို့ဆီမှာ မနေတော့ဘဲ ပြန်သွားပါတယ်။

မိထွေးဖြစ်သူဟာ ကျွန်တော့်ကိုတော့ မေးထူးခေါ်ပြော ခပ်မှန်မှန် ခပ်တန်းတန်း ဆက်ဆံပေမယ့် ညီလေး၊ ညီမလေးတွေအပေါ်မှာ တရင်းတနှီး လိုက်လိုက်လျောလျော ဆက်ဆံပါတယ်။ မိထွေးဆိုပြီး ဒုက္ခပေးတာ၊ ညှဉ်းဆဲနှိပ်စက်တာ ငြူစူရန်လုပ်တာတွေမရှိဘဲ ရက်ရက်ရောရော အကျွမ်းတဝင် အလိုလိုက်ပါတယ်။ အမေရှိစဉ်က စားတာဝတ်တာ၊ သုံးတာစွဲတာ စည်းကမ်းနဲ့နေခဲ့ရတဲ့ ညီလေးနဲ့ ညီမလေးတွေဟာ မိထွေးအလိုလိုက်လွန်းတာကြောင့် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာဖြစ်လာပါတယ်။ အစ်ကိုကြီးဖြစ်တဲ့ ကျွန်တော်က ညီလေး၊ ညီမလေးတွေကို ပြောဆိုဆုံးမလို့ မရတော့ပါဘူး။ ကလေးတွေဟာ မိထွေးရဲ့ ဆွဲဆောင်စည်းရုံးမှုနောက် ပါနေကြတယ်။

ပထမဆုံး မိထွေးက သတ်လိုက်တာကတော့ တက္ကသိုလ်ကျောင်းသူ ညီမအကြီးဆုံးကိုပါပဲ။ မိထွေးက သွန်သင်စည်းရုံးနားချတာက ပညာတတ်တစ်ယောက်ဖြစ်ပြီး ဒီနိုင်ငံမှာ မနေဖို့၊ ပြည်ပနိုင်ငံခြားမှာ ဝင်ငွေက ဘယ်လောက်ရမယ်၊ ဘယ်လိုနေရထိုင်ရတယ်ဆိုတာ နတ်ဘုံနတ်နန်းပမာ မြှောက်ပြီး နိုင်ငံခြားသွားအလုပ်လုပ်ဖို့ တိုက်တွန်းစီစဉ်ပါတယ်။ အသိမကြွယ်သေးတဲ့ လူငယ်ညီမလေးဟာ မိထွေးရဲ့ သွေးဆောင်ဖြားယောင်းမှု၊ စည်းရုံးတိုက်တွန်း စီမံမှုနဲ့ နိုင်ငံခြားရောက်သွားပါတယ်။ ၄-၅-၆ လ လောက်တော့ ညီမကြီးထံက စာ၊ ဓာတ်ပုံတွေနဲ့ ငွေပို့တာ ရပါသေးတယ်။ နောက်တော့ အဆက်အသွယ်ပြတ်သွားတာ ခုထိပါပဲ။

နောက်ဆုံး ကျွန်တော်တို့မြို့က နိုင်ငံခြားသင်္ဘောလိုက်နေတဲ့ သင်္ဘောအင်ဂျင်နီယာအရာရှိလေး ပြောပြတာက ညီမကြီးကို နိုင်ငံခြားမှာ မမျှော်လင့်ဘဲ တွေ့ခဲ့ရကြောင်း၊ ညီမကြီးဟာ တကယ်တော့ ခေတ်ပညာတတ်မိန်းကလေး ဖြစ်ပါလျက် လူကုန်ကူးခံရတာဖြစ်ကြောင်း၊ ပြည်ပမှာ ရောင်းစားခံရတာဖြစ်ပြီး ဘဝပျက် ဘဝဆိုးလို့ မျက်ရည်တွေနဲ့ ဒုက္ခပင်လယ်ဝေနေကြောင်း ရင်နင့်အောင် သိရပါတော့တယ်။ တကယ်တော့ မိထွေးဟာ အလိမ္မာသုံးပြီး ညီမကြီးကို ပြည်ပထုတ်လို့ သတ်လိုက်တာပဲ။ ကျွန်တော်တို့ မိသားစု မောင်နှမထဲက ပထမဆုံးတစ်ယောက် ကြွေကျသွားခဲ့ရတယ်။

မိထွေးက နောက်တစ်ယောက် သတ်ပြန်ပါတယ်။ အရွယ်မရောက်၊ အသိဉာဏ်ဗဟုသုတနည်းသေးတဲ့ အလယ်တန်းကျောင်းသား ညီလေးကို ကလေးနဲ့ မတန်တဆ မုန့်ဖိုးငွေကြေးပေး၊ သရုပ်ပျက် ဝတ်စားဆင်ယင်နိုင်အောင် အဝတ်အစားတွေ ဝယ်ပေး၊ အပေါင်းအသင်းများအောင်၊ အသောက်အစားတတ်အောင် စည်းမဲ့ကမ်းမဲ့နေအောင် အလိုလိုက်လိုက်တာ ဆိုးတော့တာပါပဲ။ ညီလေးဟာ အစ်ကိုကြီးဖြစ်တဲ့ ကျွန်တော်ပြောဆိုဆုံးမ တားဆီးလို့မရ။ အဖေကလည်း ဘာမှမဆုံးမတော့ ကြောက်ရမယ့်သူ မရှိ။ သရုပ်ပျက် ဝတ်စားဆင်ယင်မှုတွေနဲ့ မူးယစ်ဆေးစွဲပြီး နောက်ဆုံးတော့ ကျွန်တော်တို့အိမ်နောက်ဘက်က တိုက်ပျက်ကြီးထဲမှာ ဆေးထိုးအပ်တန်းလန်းနဲ့ အသက်ပျောက် သေဆုံးခဲ့ရတယ်။ ဒါဟာ မိထွေးရဲ့ ဒုတိယမြောက် လူသတ်လိုက်တာပါပဲ။

သိပ်မကြာလှပါဘူး။ အထက်တန်းကျောင်းသူ ညီမလေးဟာ မိထွေးသွေးဆောင်ဖြားယောင်း ဖျက်ဆီးသိမ်းသွင်းထားလို့ ခေတ်ပေါ်အဝတ်အစားတွေ တအားဝတ်။ အပေါင်းအသင်းတွေကများ။ ကျွန်တော်တို့မြို့မှာ အလှဆုံး မော်ဒယ်ဂဲလ်လို့ မိထွေးက သွေးထိုးမြှောက်ပင့်တာတွေကြောင့် ဟိုပွဲဒီပွဲဝင်ပြီး သီချင်းဆိုတာတို့၊ ကိုယ်ဟန်ပြအလှမယ်လုပ်တာတို့ ဖြစ်လာပြီး နောက်တော့ စားသောက်ဆိုင် နိုက်ကလပ်မှာ ကိုယ်ဟန်ပြ အဆိုဘဝရောက်လာတယ်။ ဘယ်လိုမှ ကျွန်တော် ပြောဆိုဆုံးမလို့ မရတော့ဘူး။ အလှမာန်ဝင့်ပြီး မရဖူးတဲ့ စည်းမဲ့ကမ်းမဲ့ လွတ်လပ်ခြင်း၊ မသုံးဖူးတဲ့ ငွေကြေးတွေရ၊ အရွယ်နဲ့မမျှ သုံးစွဲဝတ်စား အပျော်အပါးများရာက AIDS ရောဂါရ၊ ဝေဒနာပြင်းပြင်းထန်ထန် ခံစားရပြီး ရုပ်ပျက်ဆင်းပျက် အသေဆိုးနဲ့ ညီမလေး သေသွားရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ မိထွေး တတိယမြောက် လူသတ်လိုက်တာပါပဲ။

ကျွန်တော်တို့ မိသားစုထဲမှာ အသက်အရွယ်အိုမင်းပြီး အရက်စွဲနေတဲ့ အဖေအိုကြီးရယ်၊ ကျွန်တော်ရယ်ပဲ ကျန်တော့တယ်။ အဖေဟာ အသက်ရှစ်ဆယ်အရွယ် ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါသည်ဖြစ်နေပြီး အရက်ကလည်းစွဲနေတော့ အချိန်မရွေး သေနိုင်တယ်။ ညီမလေး၊ ညီလေးတွေ ဘဝပျက် သေဆုံးခဲ့ရတာ မိထွေးလက်ချက်ဆိုတာ ကျွန်တော်ကိုယ်တွေ့ မျက်မြင် သိနေတယ်။ ကျွန်တော့်ရင်ထဲ၊ အသည်းထဲမှာ စူးစူးနစ်နစ် မိထွေးကို မုန်းတယ်။ သူ့ကို ကျွန်တော်က သတ်ချင်တယ်။

အဖေနဲ့ ကျွန်တော့်ကို မိထွေးက အနုနည်းနဲ့ သတ်မယ်ဆိုတာ သေချာတယ်။ ကျွန်တော်သိနေတယ်။ မိထွေးကို ကျွန်တော်က လက်ဦးအောင် သတ်ချင်တယ်။ အမေ ရုတ်တရက် ကွယ်လွန်တော့ ကျွန်တော်တို့ မောင်နှမတစ်တွေကို အတွင်းပစ္စည်းတွေ အမွေခွဲပေး မသွားနိုင်ခဲ့ဘူး။ ကျွန်တော့်မိဘတွေမှာ ရွှေအတွင်းပစ္စည်း ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော်သိတယ်၊ အဖေအသက်ထင်ရှားရှိနေသေးတော့ အမွေဆိုတာ မတောင်းကောင်းဘူးဆိုပြီး နေခဲ့တယ်။ အဖေက ကျွန်တော်တို့မောင်နှမတစ်တွေကို အမွေခွဲမပေးခင် မိထွေးဆိုတာ ရှိလာခဲ့ပြီး အဖေ့ဆီက အတွင်းပစ္စည်းတွေ မိထွေးလက်ထဲ ရောက်ခဲ့တယ်။ ဒါကြောင့် မိထွေးဟာ သူ့ရဲ့ လူသတ်၊ လက်ဝါးကြီးအုပ် အပိုင်သိမ်းရေး၊ စီမံကိန်းမှာ လိမ္မာပါးနပ်စွာနဲ့ ရွှေတွေ၊ ငွေတွေကို ပဲ့တားခင်း သုံးခဲ့တာပဲ။

ညီလေး၊ ညီမလေးတွေ မရှိတော့ အဖေနဲ့ကျွန်တော် ဘယ်သူ အရင်သေမလဲ၊ မိထွေးလက်ချက် ဘယ်သူ အရင် ထိမလဲ တထိတ်ထိတ် စိုးရိမ်နေရတယ်။ ကျွန်တော် မိထွေးကို သတ်ဖို့ အမျိုးမျိုး ကြံစည်စိတ်ကူးမိတယ်။ ကျွန်တော်က လက်ဦးအောင် မိထွေးကိုသတ်နိုင်မှ အဖေ့အသက်ကိုလည်း ကယ်နိုင်မယ်။ ကျွန်တော့် အသက်ကိုလည်း ကာကွယ်နိုင်မယ်။ မိထွေးရဲ့ဆက်ဆံရေးက သိသိသာသာကို ပြောင်းလဲလာတယ်။ ကျွန်တော့်အပေါ် အမြဲပြုံးပြီး ကြင်ကြင်နာနာ ချိုချိုသာသာ ဆက်ဆံလာတယ်။ သူကိုယ်တိုင်ကျွေးမွေးပြုစု ယုယမှုတွေ လုပ်လာတယ်။ အဖေအသက်ထင်ရှား ရှိနေသေးတယ်ဆိုပေမယ့် အဖေဟာ သေသူဘဝမျိုး ရောက်နေပါပြီ။ လမ်းအနည်းငယ် လျှောက်နိုင်ရုံ၊ စကားပြောနိုင်ရုံကလွဲပြီး အဖေဟာ သေသူဘဝမျိုး ဖြစ်နေပါပြီ။

တစ်နေ့မှာတော့ အဖေနဲ့ မိထွေးတို့နေတဲ့ တိုက်ဘက်သွားပြီး အဖေ့ကျန်းမာရေးအခြေအနေ သွားကြည့်တယ်။ အဲဒီမှာ အဖေ့ရေချိုးခန်းထဲ မရောက်ခင် ရေချိုးခန်းထဲက ရေချိုးပြီး ထဘီရင်လျားနဲ့ထွက်လာတဲ့ မိထွေးနဲ့ ကျွန်တော် တွေ့ပါတော့တယ်။ မိထွေးဟာ ကျွန်တော့်ကို ရုတ်တရက်ကြီးပြေးဖက်ပြီး ကျွန်တော့် ရင်ခွင်ထဲမှာ ငိုပါတယ်။ ပြီးတော့ သူ့အပြောက သူဟာ အဖေအရွယ်မကတဲ့ သက်ကြီးရွယ်အိုကြီးကို ဘဝပေး အခြေအနေအရ ပေါင်းရလို့ စည်းစိမ်ချမ်းသာ ပြည့်စုံပေမယ့် သူ့မှာ အိမ်ထောင်ရေးသုခ၊ အိမ်ထောင်ရေး သာယာမှု မရှိဘဲ အထီးကျန်ဆန်လှကြောင်း၊ ကျွန်တော့်အပေါ် မေတ္တာရှိခဲ့တာ ကြာပြီဖြစ်ကြောင်း ပြောရင်းက သူ့ခန္ဓာကိုယ်မှာ အဝတ်မရှိအောင် လှုပ်ရှားလိုက်တယ်။ ကျွန်တော် တုန်လှုပ်ချောက်ချားသွားမိတယ်...။

မိထွေးဟာ ကျွန်တော့်ထက် အသက်ငယ်တယ်။ သူ့ခန္ဓာကိုယ် အလှဟာလည်း လူတကာ ငေးကြည့်ရတဲ့ ရင်ဖိုစရာအလှပါ။ ကျွန်တော် မိထွေးရဲ့ မာယာပိုက်ကွန် အအုပ်ခံလိုက်ရပြီဆိုတဲ့ အသိဝင်လာပါတယ်။ မကျန်းမမာဖြစ်နေတဲ့ သက်ကြီးရွယ်အို အဖေ့ကို သူအချိန်မရွေး သတ်လို့ရပါတယ်။ လွယ်လည်း လွယ်နေတယ်။ အဖေ့အသက်က သူ့လက်ထဲမှာ ရှိနေတယ်။ ကျွန်တော့်ကို သုတ်သင်ဖယ်ရှားဖို့ သတ်ဖို့က အကြမ်းနည်းနဲ့ မရနိုင်ဘူး။ ဒါကြောင့် မာယာသုံးပြီး အနုနည်းနဲ့ သတ်ကွင်းသွင်းလိုက်တာပဲလို့ သတိထားလိုက်မိတယ်။

မိထွေးဆိုသူဟာ လင်ရှိမယား အိမ်ထောင်သည် မိန်းမသားပါ။ မပြစ်မှားကောင်းတဲ့၊ မကျူးလွန်ကောင်းတဲ့ သူပါ။ မိထွေးရဲ့ခင်ပွန်းဆိုတာက ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဖခင်။ ကျေးဇူးရှင်ကိုလည်း မစော်ကားကောင်းပါ။ မိထွေးနှင့် ဖောက်ပြန်ကျူးလွန်မိပါက တစ်နေ့မဟုတ် တစ်နေ့ အသေဆိုးနဲ့ သေရနိုင်တယ်။ ဒါမှမဟုတ် ကျူးလွန်ပြီးပြီးချင်း အလိုမတူပြုကျင့်ပါတယ်ဆိုပြီး မုဒိမ်းမှုနဲ့လည်း ထောင်ကျနိုင်တယ်။ ဒီဘဝမှာ အသေဆိုး သေနိုင်သလို ဒီတဏှာရာဂကြောင့် ဘဝပေါင်းများစွာ အထပ်ထပ်အခါခါ သေ



www.burmeseclassic.com

www.burmeseclassic.com

ရဦးမယ်။ ငရဲမှာလည်း ခံရမယ်။ ငါ့ကိုကော ဆုံးမခဲ့ဖူးတယ်။

"သားရယ် ... တစ်သက်လုံး ငါးပါးသီလကို ခိုင်ခိုင်မြဲမြဲ စောင့်ထိန်းပါ။ သီလစောင့်ထိန်းတဲ့အတွက် သားဘယ်တော့မှ မဆင်းရဲပါဘူး။ ဘယ်တော့မှ ဒုက္ခမရောက်ဘူး"

အမေ့ပြောစကား ကြားမိလိုက်တဲ့အချိန် မိထွေးကို ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလို့ တောင်းပန်ပြီး တိုက်ထဲက အပြေးပြန်ထွက်ခဲ့တယ်။ ဒီကိစ္စကို ငယ်စဉ်ထဲက ခင်မင်ရင်းနှီးပြီး ကျွန်တော့်မိဘများနှင့်ပါ သံယောဇဉ်ကြီး ခင်မင်လေးစားတဲ့ ရပ်ကွက်ဥက္ကဋ္ဌ လူကြီးကို ဖွင့်ပြောပြခဲ့တယ်။ သူက အထိတ်တလန့်နဲ့ –

"ဒီကိစ္စဟာ မင်းမှာ အန္တရာယ်သိပ်ကြီးသွားပြီ။ မိန်းမများ ဟာသူတို့အလိုကိုမလိုက်ရောရင် အဆိပ်ပြင်းတဲ့ မြွေလို ပါးပျဉ်းထောင်ပြီး မာန်ဖီတော့မယ်။ ဒီတော့ ကြုံကြုံတင်တင် တိုးတိုးတိတ်တိတ် ဗိုလ်ကြီးနန္ဒကို သွားပြောပါ"

ဗိုလ်ကြီးနန္ဒဆိုတာက ကျွန်တော်တို့မြို့က ရဲစခန်းမှာ တာဝန်ကျနေတဲ့ စခန်းမှူး ဒုရဲအုပ် ကိုနန္ဒပါ။ သူ့ကို တစ်မြို့လုံးက ချစ်ခင်လေးစားကြပြီး ဗိုလ်ကြီးနန္ဒလို့ ခေါ်ကြတယ်။ ကိုနန္ဒဟာ ငယ်စဉ်က ကျွန်တော်တို့မြို့မှာ သူ့အဒေါ်က ကျောင်းထားပေးလို့ ကျောင်းလာနေဖူးသေးတယ်။ ကျွန်[illegible] ကျွန်တော်နဲ့ပါ သွေးမျိုး[illegible]ကိုလို ခင်မင်တဲ့သူပါ။

ရဲတပ်ဖွဲ့ စခန်းမှူးကိုနန္ဒဟာ ကျွန်တော်တို့မိသားစုအကြောင်း အကုန်[illegible] သိထားသူပါ။ ရဲအုပ်ကိုနန္ဒဟာ ရဲအရာရှိတစ်ဦးဖြစ်ပြီး ဘာသာရေးသမားပါ။ ကိုယ်ချင်းစာတရား ကြီးမားသူ၊ မေတ္တာစေတနာထားတတ်၊ သနားတတ်ပြီး ဘာသာတရား ရှိသေ ကိုင်းရှိုင်းတဲ့ ငါးပါးသီလမြဲတဲ့ ရဲအရာရှိတစ်ယောက်ပါ။ သူ့ကို ကျွန်တော် ဖွင့်ပြောတိုင်ကြားလိုက်တယ်။ သူလည်း သိပ်ကို စိုးရိမ်ပူပန်သွားတယ်။ ကျွန်တော့်မှာ အန္တရာယ်ရှိနိုင်ကြောင်း သူကလည်း ပြောပြတယ်။ မှတ်စုစာအုပ်ထဲမှာလည်း သူရေးမှတ်ထားတယ်။ ကျွန်တော့်ရင်ထဲမှာလည်း အတော့်ကို သောကစိုးရိမ်ပူပန်မှုတွေ ကြီးလာတယ်။ မိထွေးအပေါ် နာကျင်မှုတွေက ပေါက်ကွဲပြီး ကျွန်တော် မိထွေးကို လက်ဦးမှုရအောင် သတ်မယ့်အ ကြောင်း၊ ကျွန်တော်မသတ်ပါက မိထွေးက အဖေနဲ့ ကျွန်တော့်ကို သတ်မှာဖြစ်တဲ့အကြောင်း ဖွင့်ပြောမိတယ်။

ဒီတော့ စခန်းမှူး ရဲအုပ်ကိုနန္ဒက –

"သူ့အမှားက ကိုယ့်အမှား၊ သူ့အပြစ်က ကိုယ့်အပြစ် မဖြစ်ပါစေနဲ့ကွာ။ မင်းက မိထွေးကို ဘယ်လိုနည်းနဲ့သတ်သတ် ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး။ မသတ်ပါနဲ့၊ ကိုယ့်ကိုယ်ကို ဒုက္ခရောက်အောင် ငရဲရောက်အောင်မလုပ်ပါနဲ့ကွာ။ လောကမှာ တရားဥပဒေဆိုတာ ရှိပါတယ်။ ဓမ္မရဲ့အဆုံးအမဆိုတာလည်း ရှိပါတယ်။ ငါလည်း အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးမယ်။ မင်းကလည်း စိတ်ကိုထိန်းပြီး သီလကို လုံခြုံအောင် စောင့်ရှောက်ပါ။

သူမသတ်လည်း တို့တစ်တွေ တစ်နေ့မဟုတ်တစ်နေ့ မုချမသွေ သေကြရမှာပါ။ သူသတ်မှ သေရမှာ မဟုတ်ပါဘူး။ မိထွေးက မင်းတို့သားအဖကို သတ်ချင်လည်းသတ်မယ်။ အားကြီးတဲ့ လိုချင်လောဘတစ်ခု စွဲကပ်လာရင် အကျိုးအကြောင်း အဆိုးအကောင်းကို ခွဲခြားဝေဖန်နိုင်စွမ်း မရှိတော့ဘူး။ အခုတော့ သူက အပေါ်စီးနဲ့ အနိုင်ရနေတော့လုပ်သမျှ တင့်တယ်နေတာပေါ့ကွာ။ သည်းခံပါ။ ခွင့်လွှတ်နိုင်သမျှ ခွင့်လွှတ်ပြီး မေတ္တာထားကြည့်ပါ။ အကုသိုလ်စိတ်တွေ မမွေးပါနဲ့။ ငါလည်း မျက်ခြည်မပြတ် စောင့်ကြည့်ပေးနေပါတယ်။ မင်းဘက်က မမှားစေနဲ့။ အမှန်တရားဘက်က ကူညီဖို့ အမြဲအဆင်သင့်ပါကွာ။ အခု မင်းမိထွေး ဖြစ်နေတာက ...

မကောင်းမှုကို ပြုလုပ်တဲ့သူဟာ မကောင်းမှုအကုသိုလ် အကျိုးမပေးသေးသမျှ ကာလပတ်လုံး ကောင်းကျိုးကို ခံစားနေရသေးတယ်။ မကောင်းမှု အကုသိုလ်က အကျိုးပေးချိန် တန်လာတဲ့အခါမှာ မကောင်းမှုပြုတဲ့သူဟာ မကောင်းကျိုး မကောင်းပြစ်ကို မုချခံစားရမည် ... လို့ ဆိုထားတယ်ကွ။ ဒီတော့ မကောင်းမှုတွေ မတွေးနဲ့ မကြံနဲ့။ ဘုရားတရား အမြဲအာရုံပြု။ မိဘဆရာသမား၊ သံဃာတော်များ ဆုံးမတာကို နားထောင်။ စိတ်ကိုတည်ငြိမ်အောင်ထား။ သတိဝီရိယတော့ ရှိပေါ့ကွာ။ ဘယ်သူမဆို ဝဋ်ကြွေး ကံကြွေးရှိသလောက်တော့ ခံကြရတယ်။ အသက်တဖန် မဖြစ်စေနဲ့။ ငါလည်း မကြာခဏလာမယ်။ ဒုရဲအုပ် ညီလေးတွေလည်း အမြဲလွှတ်ပေးမယ် စိတ်မပူနဲ့"



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးရဲ့အုပ် ကိုနန္ဒက စိတ်မပူနဲ့လို့ ပြောဆိုဆုံးမလွှတ်ခဲ့ပေမယ့် စိတ်ပူစရာတွေက ဆင့်ကာဆင့်ကာ ကြုံလာရတယ်။ အဖေ့မှာ သွေးတိုးရောဂါ၊ ဆီးချို၊ သွေးချိုရောဂါတို့ ရှိနေမှန်းသိပါလျက် မိထွေးက နေ့စဉ် လက်ဖက်ရည်ကို နို့ဆီပျစ်ပျစ် သကြားချိုချိုတိုက်တယ်။ သပျစ်သီးမှည့်၊ သရက်သီးမှည့်အချိုတွေနဲ့ ဝက်သားဆီပြန်၊ တညင်းသီးတွေကို မပြတ်ကျွေးနေတယ်။ မိထွေး ကျွန်တော့်ကို မသတ်သေးဘဲ အဖေ့ကို သတ်နေမှန်းသိတယ်။ တားဆီးချိန် မရလိုက်ခင်မှာဘဲ အဖေ မိထွေးလက်ချက်နဲ့ အသက်ပျောက်ရပါတော့တယ်။ အဖေသေပြီး ကျွန်တော်တို့မိသားစုမှာ မိထွေးသတ်လို့ ညီမလေးတွေ သေရပြီ။ ညီလေးသေခဲ့ပြီ။ အဖေလည်း သေခဲ့ရပြီ။ ကျွန်တော့်အလှည့်သာ ကျန်တော့တယ်။ အဖေနဲ့ အမေတို့ရဲ့ အတွင်းပစ္စည်း ရွှေငွေရတနာတွေလည်း မိထွေးလက်ထဲရောက်ပြီ။

မိထွေးဟာ ပစ္စည်းတွေယူ၊ လူတွေ သတ်ခဲ့တယ်။ သူပစ္စည်းယူ လူသတ်ပုံက ပညာသားပါလွန်းလှတယ်။ ရာဇဝတ်ဘေး ပြေးလို့လွတ်နေတယ်။ ကျွန်တော် သူ့ကို အရှင်မထားချင်တော့ဘူး။ သူလက်မဦးခင် ကိုယ်ကလက်ဦးအောင် ပညာသားပါပါ သတ်မှဖြစ်တော့မယ်။ ကိုယ်ကမသတ်ရင် သူကသတ်တော့မှာ သေချာတယ်။ ဒီတော့ ကျွန်တော်လည်း ရာဇဝတ်ဘေး ပြေးလွတ်နိုင်မယ့် ပညာသားပါပါ လူသတ်နည်းအမျိုးမျိုးကို နေ့ရောညပါ စဉ်းစားကြံစည်ရပါတော့တယ်။ တကယ်လည်း အထမြောက်အောင် သတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ဒီလို ကြံစည်ဆုံးဖြတ်လိုက်ချိန်မှာ ထူးထူးဆန်းဆန်း အဖြစ်တစ်ခု ကျွန်တော့်မှာ ကြုံနေရတယ်။ အိပ်မက်လည်း မဟုတ်တာသေချာတယ်။ အိပ်မက်ဆိုတာက အိပ်တဲ့အချိန်မှ မြင်ရ၊ တွေ့ရ၊ ကြားရတဲ့ကိစ္စ။ အခုဟာက အိပ်မက်မဟုတ် နေ့ဖြစ်စေ၊ ညဖြစ်စေ မအိပ်ဘဲ မိထွေးကို သတ်မယ်လို့ . . .

စိတ်ကူးလိုက်ချိန်တိုင်းမှာ မင်းသမီးလိုလို၊ နတ်သမီးလိုလို နန်းဝတ်နန်းစားနဲ့ ဝတ်ထားသူက ခေါင်းလေးခါပြ၊ လက်ဝါးလေး ကာကာပြနေတာကို မကြာခဏ မြင်နေရတယ်။ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ မိထွေးကိုသတ်မယ်လို့ စိတ်ကူးကြံစည်လိုက်တိုင်း နတ်သမီးလိုလို နန်းဝတ်နန်းစားဝတ်ထားသူက ခေါင်းလေးတယမ်းယမ်းခါပြ၊ လက်ဝါးလေး ကာပြနေတာကို မြင်ရပါများတော့ အိပ်မက်မဟုတ်တာတော့ သေချာနေပါတယ်။

ကျွန်တော့်ကို မလုပ်ဖို့ တားနေသလို နားလည်ခံစား တွေးမိလာတယ်။ နန်းဝတ်နန်းစားနဲ့ တားနေတာ ဘယ်သူလဲလို့ စဉ်းစားမိတယ်။ အသေအချာ မြင်ရတွေ့ရလို့ အသေအချာကြည့်ပေမယ့် ဘယ်သူမှန်း ကျွန်တော်မသိဘူး။

အဖေကွယ်လွန်ပြီးလို့ ရက်ပေါင်းတစ်ရာ မပြည့်ခင်မှာဘဲ မိထွေးဖြစ်သူဟာ ဘယ်ကမှန်း မသိတဲ့သူနဲ့ သက်တူရွယ်တူလူတစ်ယောက်ကို တိုက်ပေါ် ခေါ်လာပါတော့တယ်။ ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲက လူတွေက ကဲ့ရဲ့ဝေဖန်ကြပေမယ့် မိထွေးက ဂရုမစိုက်ပါဘူး။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ပြောချင်တာတွေလည်း ပြောကြပါစေ ကွယ်ဆိုတဲ့ သီချင်းကို ကာရာအိုကေ သီချင်းတွေ သံပြိုင်ဆိုကြပါတယ်။ မကြာခင်မှာပဲ တိုက်ထဲမှာ တရားဝင် မင်္ဂလာဆွမ်းကျွေးပွဲ ကျင်းပပါတယ်။ မိထွေး နောက်အိမ်ထောင် တရားဝင်ပြုလိုက်ပါပြီ။

နှစ်မကူးခင်မှာပဲ မိထွေးရဲ့ နောက်ယောကျ်ားဟာ ကျွန်တော့်အပေါ် ပိုင်စိုးပိုင်နင်း မောက်မောက်မာမာ ဆက်ဆံလာပါတယ်။ တိုက်နှစ်လုံးကို အတွင်းက ကူးလူးဆက်ဆံဝင်ထွက်လို့ရတဲ့ အခန်းကိုလည်း အုတ်စီအင်္ဂတေကိုင်လို့ အသေပိတ်လာပါတယ်။ မိထွေးတို့လင်မယား ပျော်တပြုံးပြုံး စားကြသောက်ကြ၊ သီဆိုကြနဲ့ ကြည်နူးသာယာနေပေမယ့် မိထွေးရဲ့နောက်ယောကျ်ားဟာ ကျွန်တော့်ကို အကြောင်းမရှိ အကြောင်းရှာရန်သူလို ဆက်ဆံလာပါတယ်။ အဆိုးဆုံးကတော့ တိုက်သစ်ဆောက်ထားတဲ့ သူတို့နေတဲ့ တိုက်ရဲ့ဂရန်နဲ့ စာချုပ်စာတမ်းတွေကို လာတောင်းပါတယ်။ အခုအခါမှာ မိထွေးဟာ ကျွန်တော့်ကို သူကိုယ်တိုင် ဘာမှမဆက်ဆံတော့ဘဲ အပြုံးလေးနဲ့ နောက်ဆုတ်ပြီး သူ့ခင်ပွန်းကို ရှေ့တန်းထုတ်လို့ တိုက်ပွဲပုံစံ ပြောင်းလာပါတယ်။

ကျွန်တော့်မိဘများ ပိုင်ဆိုင်တဲ့ ရွှေငွေရတနာ အတွင်းပစ္စည်းတွေကို မိဘများ ရှိစဉ်ဘဲက အဖေနဲ့အမေက သိမ်းဆည်းထားကြပြီး စီးပွားရေးကိစ္စ၊ အိမ်ကိစ္စ၊ မြေကိစ္စ၊ စာရွက်စာတမ်း၊ စာချုပ်တွေက သားအကြီးဆုံးကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်က သိမ်းထားပါတယ်။ တိုက်အသစ်ရဲ့ ဂရန်မြေ စာချုပ်စာတမ်းတွေကို မိထွေးရဲ့ နောက်ယောက်ျားက မဆီမဆိုင် ပိုင်စိုးပိုင်နင်း မောက်မောက်မာမာ လာတောင်းတော့ ကျွန်တော် ဒေါသတွေပေါက်ကွဲမိပါတော့တယ်။ လူသတ်သမား မိထွေးကိုတော့ မိန်းမသားမို့ ပညာသားပါပါ ပိပိရိရိ သတ်ဖို့ ကြံစည်ခဲ့ပေမယ့် သူ့ရဲ့နောက်ယောက်ျားကိုတော့ ယောက်ျားချင်းမို့ ဖြစ်ချင်ရာဖြစ် တုတ်တုတ်ချင်း ဓားဓားချင်း ပေါ်ပေါ်ထင်ထင် ရင်ဆိုင်သတ်လိုက်ချင်ပါတယ်။ နောက်ထပ်တစ်ကြိမ် တိုက်ထဲကျူးကျော်မှု ဝင်ရောက်လာပြီး ဂရန်နဲ့ စာချုပ်စာတမ်းတွေ ကြိမ်းမောင်းပြီး လာတောင်းရင်တော့ နေရာမှာတင် သတ်လိုက်တော့မယ်။ မထူးတော့ပြီမို့ မိထွေးကိုလည်း တစ်ခါတည်း ဓားနဲ့ ပိုင်းသတ်လိုက်တော့မယ်လို့ စိတ်ကူးဆုံးဖြတ်လိုက်ပါတယ်။

အဲဒီအခါ ပိုပြီးထူးထူးဆန်းဆန်း မြင်တွေ့လာရတာက မကြာခဏ မြင်တွေ့ရတဲ့ အိမ်မက်မဟုတ်တဲ့ နန်းဝတ်နန်းစားနဲ့ သူအပြင် သူ့အနီးမှာ အခွေလိုက် ပါးပျဉ်းကြီးထောင်နေတဲ့ လက်ကောက်ဝတ်လောက်တုတ်တဲ့ မြွေကြီးတစ်ကောင်ကိုပါ ကျွန်တော် မျက်ဝါးထင်ထင် မြင်ရပါတယ်။ သူ့ထုံးစံအတိုင်း ခေါင်းလေးတယမ်းယမ်းနှင့် လက်ဝါးလေးကာပြနေသလို သူ့အနီး ခြေရင်းမှာရှိတဲ့ ပါးပျဉ်းထောင်နေတဲ့ မြွေကြီးကလည်း နှာမှုတ်သံ တရှီးရှီးနဲ့ ပါးပျဉ်းကြီးကို ဘယ်ယမ်းညာယမ်းနဲ့လှုပ်ယမ်းပြနေပါတယ်။ ထူးဆန်းလွန်းတဲ့ မြင်ကွင်းမို့ ကျွန်တော်လည်း တအံ့တသြ ငေးငိုင်ကြည့်နေမိပါတယ်။ မိထွေးတို့လင်မယားကို သတ်မယ်လို့ စိတ်ကူးလိုက်တိုင်း မျက်စိထဲ မြင်မြင်နေရပါတယ်။ ဒီအကြောင်းကို ခင်မင်ရင်းနှီး အားကိုးရတဲ့ စခန်းမှူး ရဲအုပ် ကိုနန္ဒကို အပြေးပြောပြချင်ပေမယ့် ရဲအုပ်ကိုနန္ဒက မန္တလေးမှာ ရက်ရှည်သင်တန်းသွားတက်နေလို့ ရင်ဖွင့်ပြောပြစရာ မရှိပါဘူး။ ခင်မင်ရင်းနှီးတဲ့ ရပ်ကွက်ဥက္ကဋ္ဌလူကြီးကလည်း အစာအိမ်ရောဂါနဲ့ တိုင်းဆေးရုံ တက်နေပါတယ်။

တစ်နေ့မှာတော့ ဖြစ်ချင်ရာဖြစ် ဒုက္ခပေးတဲ့မိထွေးလင်မယားကို သတ်ဖြစ်အောင်သတ်မယ်ဆိုပြီး ကျွန်တော့် အလုပ်စားပွဲအောက်မှာ ဟိုးရှေးကတည်းက အဖေအမြတ်တနိုးထားတဲ့ ငှက်ကြီးတောင်ဓားရှည်ကြီးနဲ့ လုံကြီးတစ်ချောင်းကို အလွယ်တကူဖြစ်အောင် ထားလိုက်ပါတယ်။ ကျွန်တော်လည်း ပရိက္ခရာပစ္စည်း ကုန်ဝင်ကုန်ထွက်တွေ စာရင်းလုပ်နေပါတယ်။ နေ့လည် ထမင်းစားပြီးချိန်လောက်မှာ တစ်ဖက်တိုက်သစ်က မိထွေးတို့ လင်မယားနေတဲ့ဆီက ဆူဆူညံညံ အော်ဟစ်သံတွေနဲ့ လူတွေအပြေးအလွှား တိုက်ထဲ ဝင်သွားကြတာ တွေ့ရတယ်။

တော်တော်လေးကို အထိတ်တလန့် အော်ဟစ်ဆူညံသံတွေနဲ့ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်။ ကျွန်တော်ကတော့ ဟိုဘက်တိုက်ထဲ သွားလည်း မသွားချင်ဘူး။ သွားလို့လည်း အန္တရာယ်ရှိတာကြောင့် ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေပါတယ်။ အချိန်အတော်လေး ကြာပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေ၊ ရပ်ကွက်လူကြီးတွေ ဝင်ကြထွက်ကြနဲ့ ဆေးရုံကားတစ်စီးရယ်၊ နာရေးကူညီမှုအသင်းက အသုဘတင် မော်တော်ကားတစ်စီးရယ် သူ့တို့တိုက်ရှေ့ ထိုးဆိုက်လာတော့ ကျွန်တော်လည်း မနေနိုင်တော့ ထွက်ကြည့်မိတယ်။ မြင်ရတဲ့မြင်ကွင်းကတော့ အံ့သြစရာ၊ ထိတ်လန့်စရာ၊ မယုံကြည်နိုင်စရာပါပဲ။ မိထွေးဖြစ်သူကို အမျိုးသမီး နှစ်ဦးသုံးဦးက ပိုင်းပတ်ပွေ့ဖက် ထိန်းထားကြတဲ့အထဲက မိထွေးဖြစ်သူက ဆံပင်ဖားလျားချ၊ အင်္ကျီဘော်လီတွေ ဆုတ်ဖြဲပြီး အော်ဟစ်နေတယ်။ မိထွေးရဲ့ မျက်လုံးအစုံဟာလည်း ပြူးကြောင်ပြီး ထိတ်လန့်တုန်လှုပ်နေဟန် ရှိတယ်။ ပုံမှန်စိတ်အနေအထား ကင်းလွတ်ပြီး သူဝတ်ထားတဲ့ သူ့ထဘီကိုတောင် တခြားမိန်းမနှစ်ဦးက ဆုပ်ကိုင်မတင်ပေးထားရတယ်။ သတိလစ်မေ့မျောသွားလို့ သူနာပြုဆရာမက တွဲကူပြီး ဆေးရုံကားပေါ်တင်ခါနီးမှာ မိထွေး သတိရလာပြီး ဆံပင်တွေဆွဲကုတ်၊ အင်္ကျီတွေဆွဲဖြဲ၊ ပြူးတပြူးကြောင်နဲ့ အော်ဟစ်နေတယ်။ အဲဒီအချိန်မှာဘဲ ဆရာဝန်လို့ထင်ရသူ တစ်ဦးနဲ့ လူလေးငါးယောက်၊ ရဲတပ်ဖွဲ့ဝင် သုံးလေးဦးတို့က မိထွေးရဲ့ယောက်ျား ရုပ်အလောင်းကို နာရေးကူညီမှု အသုဘယာဉ်ပေါ်တင်နေပါတယ်။ ကျွန်တော်တိုက်ပေါ်က လှမ်းကြည့်လိုက်တော့ မိထွေးရဲ့ ယောက်ျားမျက်နှာ၊ လည်ပင်းတို့မှာ သွေးတွေပေနေပြီး မျက်နှာနဲ့ ခန္ဓာကိုယ်ဟာ မည်းပြာနေပါတယ်။ အသုဘကားနဲ့ လူနာတင်ကားတို့ ထွက်သွားကြတော့ ဘာမှန်းမသိ ကျွန်တော် သက်ပြင်းချလိုက်တယ်။

ရုတ်ရုတ်သဲသဲ လူအုပ်ထဲမှာ ရဲတပ်ဖွဲ့ဝင် နှစ်ဦး၊ သုံးဦးနဲ့ စကားပြော



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ စခန်းမှူးရဲအုပ်ကိုနန္ဒကို အမှတ်မထင်တွေ့လိုက်ရပြီး မော်တော်ဆိုင်ကယ်နဲ့ ထွက်သွားတာကို မြင်လိုက်ရတယ်။ ဩော် . . . ကိုနန္ဒ သင်တန်းက ပြန်ရောက်ပြီကိုလို့ သိလိုက်ပါတယ်။ ညဘက် အကြောင်းစုံသိရအောင် ရဲအုပ်ကိုနန္ဒရှိရာ ရဲစခန်းသွားပေမယ့် မတွေ့ခဲ့ရပါဘူး။ နောက်နေ့ညနေမှာတော့ မိထွေးရဲ့နောက်ယောက်ျား အလောင်းကို အသုဘချ သုသာန်ပို့လိုက်ပြီလို့ သိရတယ်။ တစ်ချိန်တည်းမှာဘဲ ဆေးရုံတင်ထားရတဲ့ မိထွေးဟာ စိတ်ဖောက်ပြန်ပြီး ကယောင်ချောက်ချား အော်ဟစ်နေရာက ဆေးရုံထဲက ထွက်ပြေးသွားတဲ့အကြောင်း၊ အဝတ်အစားမကပ်နိုင်အောင် သွက်သွက်ခါ ရူးသွားပြီဖြစ်ကြောင်း ကြားရပါတယ်။

နောက်တစ်နေ့ညနေ စခန်းမှူးရဲအုပ်ကိုနန္ဒနဲ့ သိပ်တွေ့ချင်လို့ ရဲစခန်းကို ထပ်သွားခဲ့တယ်။ အမှုကိစ္စတစ်ခု အရေးတကြီးပေါ်လို့ သွားတယ်ဆိုတာနဲ့ ခဏထိုင်စောင့်နေရတယ်။ ရဲစခန်းတစ်ခုလုံးလည်း အလုပ်တွေ ရှုပ်နေကြတယ်။ ခဏကြာတော့ စခန်းမှူးရဲအုပ်ကိုနန္ဒ ပြန်ရောက်လာတယ်။ သိချင်လှတဲ့ မိထွေးတို့ ဇနီးမောင်နှံအကြောင်း ကျွန်တော် မေးမိတယ်။

ရဲအုပ်ကိုနန္ဒလည်း သက်ပြင်းရှည်ကြီးချပြီး . . .

"အတော်ကို ထူးဆန်းအံ့ဩဖို့ကောင်းတဲ့ အဖြစ်အပျက်ပဲဗျာ။ စိတ်ဝင်စားဖို့လည်းကောင်းတယ်။ ဇာတ်လမ်းကတော့ ဇာတ်သိမ်းပိုင်း ရောက်သွားပါပြီ။ ပြီးပါပြီပေါ့ဗျာ။ ဗုဒ္ဓဘာသာဝင်မှန်ရင် ကံ–ကံ၏အကျိုးပေးကို ယုံရမယ်၊ မကောင်းတာပြုရင် မကောင်းတာဖြစ်မှာပဲ။ ရာဇဝတ်ဘေးဆိုတာလည်း ပြေးမလွတ်ပါဘူး။ တရားရဖို့လည်းကောင်းတယ်။ ကျွန်တော်လည်း သင်တန်းက ပြန်ရောက်ရောက်ချင်း အမှုကြီးနဲ့ တန်းတိုးတာပဲ။

ဟိုနေ့က နေ့လယ် ခင်ဗျားရဲ့မိထွေးတို့ တိုက်ထဲ ဖြစ်ပျက်ခဲ့တဲ့အမှုမှာ မျက်မြင်သက်သေနဲ့ စစ်ဆေးချက်တွေအရ အတော်အံ့ဩဖို့ ကောင်းတယ်ဗျာ။ ခင်ဗျားမိထွေးတိုက်ထဲက ရုတ်ရုတ်သဲသဲ အော်ဟစ်သံကြားလို့ အရင်ဆုံး ပြေးဝင်သွားတဲ့ နှစ်ဦးဟာ ကျွန်တော်တို့စခန်းက အရပ်ဝတ်နဲ့ တပ်ဖွဲ့ဝင်နှစ်ဦး ဖြစ်နေတယ်။ သူတို့ဟာ တာဝန်ကအပြန်လမ်းမှာ ရုတ်တရက် ဆူဆူညံညံအော်သံကြားလို့ တိုက်ထဲဝင်သွားတော့ ခင်ဗျားမိထွေးဟာ အရူးတစ်ယောက်လို ကြောက်လန့်တကြီး အခန်းထဲက ပြေးထွက်လာသတဲ့။ အခန်းထဲ လက်ညှိုးထိုးထိုးနေလို့ တပ်ဖွဲ့ဝင်နှစ်ဦး အခန်းထဲဝင်လိုက်တော့ မိထွေးရဲ့ယောက်ျားဟာ ခုတင်ပေါ်မှာ ပက်လက်အနေအထား အော်ဟစ်ရုန်းကန်နေတယ်။ သူ့လည်ပင်းမှာ မြွေကြီးတစ်ကောင်က ရစ်ပတ်ထားပြီး မြွေကြီးက မျက်နှာတစ်ပြင်လုံး သဲကြီးမဲကြီး ပေါက်နေတာကို အဲဒီလူက ဆွဲဖယ်ရုန်းကန်ရင်းက ငြိမ်ကျသွားတယ်။ မြွေကြီးလည်း ခုတင်ပေါ်ကလျှောဆင်းပြီး တပ်ဖွဲ့ဝင်နှစ်ယောက် ခြောက်လှန့်နေတဲ့ကြားက မိထွေးကို လိုက်ပေါက်နေလို့ မိထွေးလည်း တိုက်ထဲပတ်ပြေးနေတာပေါ့။

သူ့ယောက်ျားရဲ့လည်ပင်း မြွေပတ်ပြီး မျက်နှာကို မြွေပေါက်တာမြင်ရကတည်းက လန့်ပြီး စိတ်ချောက်ချားသွားတာ မြွေက သူ့ကို လိုက်ပေါက်တော့ အကြောက်လွန်ပြီး ရူးသွားပုံရတယ်။ လူတွေ တိုက်ထဲ စုပြုံပြေးဝင်လာတော့ မြွေကြီးက တိုက်နောက်ဘက်က တိုက်ပျက်ကြီးဘက် ထွက်သွားတယ်။ ဟိုလူက အဲဒီမှာထဲက ပွဲချင်းပြီး မြွေကိုက်လို့ သေသွားတယ်။

ထိတ်လန့်ပြီး ရူးသွားတဲ့ ခင်ဗျားတို့မိထွေးကို ဆေးရုံတင်ထားတာ မြွေမြွေလို့အော်ပြီး ဆေးရုံထဲက ထွက်ပြေးတယ်ဗျ။ ရှာမတွေ့တော့ဘူး။ အဝတ်မကပ်နိုင်အောင် သွက်သွက်ခါ ရူးသွားတာပေါ့ဗျာ။ အခု ညနေ့လေးတွင်ပဲ ကမ်းနားက အလုပ်သမားတစ်ယောက်က စခန်းကို သတင်းလာပေးလို့ ကျုပ်တို့ ကမ်းနားသွားကြရတယ်၊ မျက်မြင်သက်သေ သတင်းလာပို့ ပြောပြချက်အရ မြစ်ဆိပ်က သစ်ပင်အောက်မှာ အရူးမတစ်ယောက် လာထိုင်နေတယ်။ အော်သံကြားလို့ ကြည့်လိုက်တော့ မြွေကြီးတစ်ကောင် အရူးမလည်ပင်းကိုပတ်ပြီး မျက်နှာကို ပေါက်နေလို့ ဝိုင်းပြီးချောက်လှန့်ကြတော့ မြွေကြီး ထွက်သွားတယ်။ အရူးမဟာ အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေသွားတယ်။ ကျုပ်တို့ ဆရာဝန်နဲ့အတူ ရောက်သွားတော့ အရူးမအလောင်း တစ်ကိုယ်လုံး မည်းပြာနေတာပဲ။ အဆိပ်တွေ ပျံ့နေမှာပေါ့။ မျက်နှာမှာလည်း မြွေပေါက်ထားတဲ့ဒဏ်ရာ မနည်းပါဘူး။ အဲဒီအရူးမဟာ ဘယ်သူလဲသိလား။ ခင်ဗျားရဲ့မိထွေးပဲ။ မြွေကိုက်လို့ သေသွားခဲ့တဲ့ သူ့ယောက်ျားဆိုတာကလည်း အခြားမြို့နယ်တွေမှာ လိမ်လည်မှုနဲ့ ရဲက အလိုရှိနေတဲ့သူတစ်ဦးပါပဲ။ သူတို့ဇာတ် သူတို့သိမ်းသွားကြပါပြီ . . ."

www.burmeseclassic.com

ကျွန်တော်လည်း ရဲအုပ်ကိုနန္ဒ ပြောပြတဲ့ မိထွေးတို့ ဇာတ်သိမ်းခန်း နားထောင်ပြီး သက်ပြင်းရှည်ကြီး ချမိပါတယ်။ ရဲစခန်းထဲက မပြန်ခင် ရဲအုပ်ကိုနန္ဒကို မပြောပြရသေးတဲ့ အိပ်မက်မဟုတ်တဲ့မြင်ကွင်း ပြောပြမိပါတယ်။ မိထွေးကို သတ်မယ်ကြံစည်စဉ်က နန်းဝတ်နန်းစားနဲ့ မိဖုရားလိုလို၊ နတ်သမီးလိုလိုသူက ခေါင်းကလေးခါယမ်းပြီး လက်ဝါးလေး ကာကာပြတာကို မြင်ရတဲ့အကြောင်း၊ အဲဒီနောက် မိထွေးနဲ့ သူ့ယောက်ျားကို ကျွန်တော် သတ်မယ်လို့ တွေးလိုက်တဲ့အခါတိုင်းမှာ နန်းဝတ်နန်းစားနဲ့ မိဖုရားလိုလို နတ်သမီးလိုလို မြင်ရတဲ့အပြင် သူ့နားမှာ မြွေကြီးတစ်ကောင် ပါးပျဉ်းထောင်ပြီး ဘယ်ညာယိမ်းနွဲ့ လှုပ်ပြနေတာ မြင်ရကြောင်းတွေ ပြောပြလိုက်တယ်။

ရဲအုပ်ကိုနန္ဒဟာ ကျွန်တော် ပြောပြတာတွေ အသေအချာ စိတ်ဝင်တစားနားထောင်ပြီးတော့ ကျွန်တော့် စကား အဆုံးမှာ ဘာမှမပြောဘဲ ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေပါတယ်။ နောက်နှစ်ရက်အကြာ ကျွန်တော်လည်း အဖေနေခဲ့တဲ့ မိထွေးတို့နေခဲ့တဲ့ တိုက်ကြီးကို အလုပ်သမားတွေနဲ့ သန့်ရှင်းရေးလုပ် ရှင်းလင်းခဲ့တယ်။ အဖေ ကွယ်လွန်ခဲ့တဲ့ အခန်းထဲဝင်ပြီး သန့်ရှင်းရေးလုပ်ဖို့ ဝင်လိုက်တော့ ခုတင်အောက်မှာ မြွေကြီးတစ်ကောင် အခွေလိုက် ပါးပျဉ်းကြီးထောင်ကြည့်နေတာ မြင်ကြရတော့ အလုပ်သမားတွေ ထွက်ပြေးကြတယ်။ ကျွန်တော်က တော့ မကြာခဏ မြင်တွေ့ရဖူးတဲ့ မြွေကြီးကို တကယ်မြင်ရတော့ အံ့သြပြီး ကြည့်နေမိတယ်။ မြွေကြီးက ပါးပျဉ်းထောင်ရင်း ကြမ်းပြင်ကို ၄-၅ ချက် ပေါက်ပေါက်ပြတယ်။ အဲဒီနောက် အခန်းထဲကထွက်ပြီး ကျွန်တော်တို့ တိုက်ရဲ့ နောက်မှာရှိတဲ့ ရှေးက တိုက်အိုပျက် အုတ်ပုံတွေကြား မြွေကြီးဝင်သွားတယ်။

အဲဒီညမှာ ကျွန်တော်တစ်ယောက်တည်း မြွေကြီးပေါက်ပေါက်ပြတဲ့ ကြမ်းပြင်ကပါးတော့ ကျွန်းသား နှစ်ချပ်၊ သုံးချပ် ခွာကြည့်လိုက်တော့ ဟိုးရှေးထဲက အဖေတို့၊ အမေတို့ စုဆောင်းထားခဲ့တဲ့ ကျွန်တော်တို့ မောင်နှမတွေအတွက် အမွေမပေးရသေးတဲ့ စိန်ရွှေရတနာတွေကို မမျှော်လင့်ဘဲ ရခဲ့တယ်။ နည်းနည်းပါးပါးပဲ လျော့မယ်ထင်ပါတယ်။ ကျွန်တော်လည်း ဒီအမွေ ရတနာတွေကို စနစ်တကျ စာရင်းလုပ်သိမ်းပြီးတော့ ကွယ်လွန်သွားကြတဲ့ အဖေနဲ့အမေရယ်၊ ညီလေး၊ ညီမလေးတွေရယ်အတွက် ရည်စူးပြီး

ဆရာတော် သံဃာတော်တွေ ပင့်ဖိတ်လို့ ဆွမ်းကပ်လှူ အမျှအတန်း ပေးဝေခဲ့တယ်။ အဲဒီညမှာပဲ ညစဉ်ညတိုင်း ဝတ်မပျက် ကျွန်တော်အိပ်ရာ မဝင်မီ အဖေနဲ့အမေ ဓာတ်ပုံကို ကန်တော့တယ်။ အခါတိုင်း ညတွေထက် ပိုပြီး အဖေနဲ့အမေ ဓာတ်ပုံကြီးတွေကို အာရုံစိုက်ကြည့်မိတယ်။ အမေက ရင်ဖုံးအင်္ကျီနဲ့၊ ဘီးဆံပတ်ကြီးနဲ့ ပြုံးကြည့်နေတဲ့ပုံ။ အဖေက မျက်မှန်တပ်ပြီး တိုက်ပုံနဲ့၊ ခေါင်းပေါင်းနဲ့ ပြုံးနေတဲ့ပုံကို စိုက်ကြည့်ရင်းက ကျွန်တော့်ရင်မှာ စို့စို့နစ်နစ် ကြေကွဲဝမ်းနည်းလာလို့ မျက်ရည်တွေ ဝဲကျလာတယ်။ ကျွန်တော့်နှုတ်ကလည်း ကတုန်ကယင်နဲ့ ကြေကြေကွဲကွဲ၊ တမ်းတမ်းတတ အ . . ဖေ . . . အ . . မေ . . . လို့ ခေါ်လိုက်မိတယ်။ အဲဒီအချိန်မှာ

အမေ့ဓာတ်ပုံနဲ့ အဖေ့ဓာတ်ပုံဟာ ဝိုးတဝါးဖြစ်လာပြီး အမေ့ဓာတ်ပုံမှာ နန်းဝတ်နန်းစားနဲ့ မိဖုရားလိုလို နတ်သမီးတစ်ပါးလိုလို ပုံပေါ်လာပြီး အရင်ကတွေ့ဖူးသလို ခေါင်းလေးယမ်း လက်ဝါးလေးကာပြနေတာ မဟုတ်ဘဲ ပြုံးကြည့်နေတယ်။ အဖေ့ဓာတ်ပုံက ခေါင်းပေါင်းကလေးဟာ တဖြည်းဖြည်းလှုပ်လာပြီး ပါးပျဉ်းထောင်ထားတဲ့ မြွေကြီးတစ်ကောင်ပုံ ပေါ်လာတယ်။ အရင်က မြွေကြီးဟာ ပါးပျဉ်းထောင်ထားပြီး ဘယ်ယိမ်းညာနွဲ့ လှုပ်ယမ်းတာမြင်ခဲ့ရပေမယ့် အခု အဖေ့ဓာတ်ပုံနေရာမှာ မြွေကြီးက ပါးပျဉ်းထောင်ပြီး အသာအယာ ခေါင်းညိတ်သလို ညိတ်ညိတ်ပြတယ်။ ကျွန်တော် တအံ့တသြကြည့်ရင်းက အမျှ . . . အမျှ . . အမျှလို့ ဟစ်ကြွေးလိုက်မိချိန်မှာ အဖေနဲ့ အမေရဲ့ ပြုံးနေတဲ့ ရိုးရိုးဓာတ်ပုံကြီးတွေကိုပဲ ပြန်တွေ့ရတော့တယ်။ ကျွန်တော် အဖေနဲ့အမေ ဓာတ်ပုံတွေကို ဦးချကန်တော့ရင်း ကျွန်တော်နားလည်သဘောပေါက်လိုက်မိတာကတော့ မိဘမေတ္တာဆိုတာ တုနှိုင်းမရလောက်အောင် ကျေးဇူးကြီးမားလေးနက်လှပါလား။ ဘဝသံသရာကြီးမှာ ဘဝကံကြမ္မာတွေ ဆန်းကြယ်လှပါလားလို့ တွေးမဆုံးအောင် ဖြစ်နေပါတော့တယ် . . .။

**ရေနံ့သာအောင်ချမ်းဖော်**

www.burmeseclassic.com

www.burmeseclassic.com

■ သုတေသီဆရာငြိမ်း

# အာဟာရပြည့် ဆေးဖက်ဝင် သီးနှံအစားအစာများ

## ရဲယိုသီး၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ရဲယိုသီးကို မြန်မာတိုင်း သိကြသည်။ မြန်မာနိုင်ငံ အနှံ့အပြား၌ ရဲယိုပင်အား ရာသီဥတုမရွေးဘဲ စိုက်ပျိုးနိုင်သည်။

ရဲယိုကို ဟာဝိုင်ကျွန်းတွင် နိုနီဟူ၍လည်းကောင်း၊ အိန္ဒိယတွင် အင်ဒီးယန်းမယ် ဘာရီသီးဟူ၍လည်းကောင်း ခေါ်ကြသည်။ ဩစတြေးလျ၊ မလေးရှား၊ အရှေ့တောင်အာရှဒေသများ၊ ပစိဖိတ်ကျွန်းစုများမှ စတင်၍ ကာရစ်ဘီယံဒေသ၊ အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့နေရာ အနှံ့အပြားတွင် ပေါက်ရောက်နေပြီး ရောဂါအမျိုးမျိုး သက်သာပျောက်ကင်းစေရန်အတွက် ဆေးဝါးဖော်စပ်ရာတွင် ရဲယိုအသီးသာမက၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်စသည်တို့ကို ရှေးယခင်ကတည်းကပင် သုံးစွဲခဲ့ကြကြောင်း သိရသည်။

ရဲယိုပင်၏ အစိတ်အပိုင်းများတွင် အင်သရာကွီနန်းဓာတ်အမျိုးမျိုး ရောနှောပါဝင်ခြင်း၊ အော်ဂဲနစ် အက်စစ်အမျိုးမျိုး၊ ဗီတာမင်အမျိုးမျိုး၊ ဂလူးကို့စ်ဓာတ်ပေါင်း၊ အက်စပရူလိုစီ ဒစ်အက်စစ်၊ ပိုတက်စီယမ်၊ ထုံးဓာတ်၊ မီးစုန်းဓာတ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်ဆိုဒီယမ်၊ ဆဲလ်လီနီယမ်၊ ကာမိုဟိုက်ဒရိတ်၊ ကစီ၊ သကြားဓာတ်အမျိုးမျိုး၊ အဆီဓာတ်၊ အသားဓာတ်၊ အမျှင်ဓာတ် စသည်တို့ ပါဝင်သည်။

ရဲယိုကို ဆီးချို၊ သွေးချိုကုသရန်နှင့် အရိုးကျိုးလျှင် အမြန်ဆက်စေရန် ဆေးရည်အဖြစ် အသုံးပြုနိုင်သည်။ မူးဝေခြင်း၊ အော့အန်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ သွေးတိုး ရောဂါ၊ ချောင်းဆိုးရောဂါ၊ လည်ချောင်းပြွန် ရောင်ရမ်းနာ၊ ပွေးရောဂါ၊ လိပ်ခေါင်းရောဂါ၊ ခန္ဓာကိုယ် အပြင်ဘက်ဆိုင်ရာ ရောဂါများ၊ အရိုး၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများ သည်းခြေ၊ အစာအိမ်လမ်းကြောင်းဆိုင်ရာ ရောဂါများ၊ စိတ်ကျရောဂါ၊ အရက်၊ မူးယစ်ဆေးဝါး ဖြတ်မရသောသူများ၊ ကူးစက်ရောဂါများ၊ ကင်ဆာရောဂါများနှင့် အဖုအကျိတ်ရောဂါအမျိုးမျိုးအတွက် ကုသရာတွင် အထောက်အကူအဖြစ် သုံးစွဲကြကြောင်း သိရသည်။ ရောဂါလက္ခဏာအပေါ်မူတည်၍ ရဲယိုပင်၏ ပဉ္စငါးပါးကို ဆေးဝါးအဖြစ် သုံးစွဲနိုင်ပေသည်။

### (၁) ရဲယိုပင်အမြစ်

ရဲယိုပင်၏အမြစ်ကို အနာဂျက် သက်သာစေရန်နှင့် ကင်ဆာရောဂါဆဲလ်များ ပွားများခြင်းကို ဟန့်တားစေရန် သုံးစွဲနိုင်ကြောင်း သိရသည်။

### (၂) ရဲယိုအခေါက်

ရဲယို၏ အခေါက်ကို အသည်းရောင် အသားဝါရောဂါနှင့် သွေးတိုးရောဂါများအတွက် ကုသရာတွင် အသုံးပြုကြသည်။

### (၃) ရဲယိုရွက်

ရဲယိုရွက်ကို ရေနွေးဖျော၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ တို့မြုပ်စားကြသည်။ သုပ်၍လည်း စားကြသည်။ ရဲယိုရွက်ဖြင့် ငါးပေါင်းထုပ်လုပ်၍လည်း စားကြသည်။ ထို့ပြင် ရဲယိုရွက်ကိုပါးပါးလှီး၍ ငါးနှင့်ချက်၍သော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



တွဲဖက်စားသုံးနိုင်သည့်အတွက် အိမ်ရှင်မများအဖို့ အိမ်သူအိမ်သားများ လျှာရင်းမြက်အောင် ဖန်တီးပေးနိုင်သည်။ ငွေကုန်ကြေးကျ သက်သာစေသည်။

ရဲယိုရွက်သည် လွန်စွာမှ ဆေးဖက်ဝင်လှသည်။ ရဲယိုရွက်ကို တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် သုံးသည့်အပြင် ချောင်းဆိုးရောဂါ၊ တီဘီအဆုတ်ရောင်ရောဂါ၊ အစာအိမ်နာ၊ ခံတွင်းပျက်၊ ခံတွင်းနာခြင်း၊ ဝမ်းဗိုက်ရောင်ရမ်းခြင်း၊ အမျိုးသမီးများ ဓမ္မတာလာစဉ် ဝမ်းဗိုက်နာကျင်ခြင်း၊ အူကျုံ့ခြင်း၊ ဗီတာမင်အေဓာတ်ချို့တဲ့ခြင်း၊ သွေးတိုးခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ အတွင်းကြေအဏ်ရာများရခြင်းတို့အတွက် အသုံးပြုကြသည်။

ရဲယိုရွက်ကို အိုမင်းရင့်ရော်မှုကို ကာကွယ်ရာ၌ အသုံးပြုကြပြန်သေးသည်။ အရွက်ကိုပြုတ်၍ တို့စားခြင်း၊ သုပ်စားခြင်းဖြင့် လေချုပ်ရောဂါ၊ ဝမ်းဗိုက်နာရောဂါ၊ နှီကြောင်းပိတ်ရောဂါ၊ နှီရည်ခမ်းခြောက်ခြင်းရောဂါ၊ သကျည်းကိုက်ရောဂါ၊ ဝမ်းရစ်နာကျင်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သည်းခြေဖောက်ပြန်သော ရောဂါနှင့် သွေးတိုးရောဂါများ ကုသရာတွင် အထောက်အကူ ဖြစ်စေသည်။

## (၄) ရဲယိုပွင့်

ရဲယိုပွင့်ကို မျက်စိစွန်ခြင်း၊ အရေပြားနာ၊ ပြည်တည်နာတို့တွင် သုံးစွဲနိုင်ပြီး ဝမ်းပျော့ဆေးအဖြစ်လည်း သုံးစွဲနိုင်ပါသည်။

## (၅) ရဲယိုသီး

ရဲယိုတစ်ပင်လုံးကို ခြုံငုံကြည့်ပါက ဆေးဖက်ဝင်မှု အများဆုံးမှာ ရဲယိုသီး ဖြစ်၏။ ရဲယိုသီးအမှည့်များကို ပျားရည်၊ ထန်းလျက်တို့နှင့် ရောစပ်၍သော်လည်းကောင်း၊ ရဲယိုဓာတ်ဗေးရည်၊ ရဲယိုပေါင်းရည် စသဖြင့် သုံးစွဲနိုင်သည်။

ရဲယိုသီးကို သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကြောင့်ဖြစ်သော ပူလောင်ခြင်း၊ အစာမကြေခြင်း၊ လေတက်ခြင်း၊ သည်းခြေလှုပ်ရှားခြင်းတို့အတွက် ကုသရာ၌ သုံးစွဲနိုင်ပြီး သွေးတိုးကိုလျှော့ချပေးပြီး ရောဂါပိုးများကို ခုခံပေးခြင်း၊ နှလုံးပျက်စီးမှု အန္တရာယ်ကိုကာကွယ်ရာတွင် အထောက်အကူပြု သုံးစွဲနိုင်သည်။

ရဲယိုပင်တွင် အာနိသင်ဓာတ်အများဆုံးသည် အသီးတွင်ပါဝင်၏။ အစိမ်းရင့်ရောင် ရဲယိုသီးတွင် အစွမ်းထက်သော ဓာတ်ပစ္စည်းများ ပိုမိုပါဝင်ကြောင်း ဆေးသုတေသနပြုချက်များအရ သိရသည်။ ရဲယိုသီး မမှည့်တမှည့်ကို မီးဖုတ်၍ ဆားသင့်ရုံထည့်ကာ သွားတိုက်ပေးခြင်းအားဖြင့် သွားနှင့် သွားဖုံးတို့ကို ခိုင်မာစေသည်။

ရဲယိုတွင် ပါဝင်သောဓာတ်များ မပျက်စီးစေရန် ကော်ဖီ၊ လက်ဖက်ရည်၊ နွားနို့နှင့် အရက်များဖြင့် တွဲဖက်မစားသုံးသင့်ပါ။ အစာစားပြီးမှ ရဲယိုကို စားသုံးပါက အာနိသင်အနည်းငယ်သာ ရရှိနိုင်ပါသည်။ ဆေးပညာ သုတေသနများအရ ရဲယိုမှ ခုခံအားကျဆင်းသော ရောဂါများအတွက် ကာကွယ်ကုသဆေးရရန် စမ်းသပ်သုတေသနပြု ထုတ်လုပ်နေကြောင်း သိရသည်။

ရဲယိုသည် ကင်ဆာရောဂါကိုလည်းကောင်း၊ ခုခံအားကျဆင်းမှု ရောဂါကိုလည်းကောင်း ပျောက်ကင်းစေနိုင်သော အာနိသင်များ ပါဝင်နေသည်ကို သုတေသနပြုလေ့လာတွေ့ရှိနေရပြီဖြစ်၍ လူသားအားလုံး၏ ကျန်းမာရေးအတွက် ဝမ်းမြောက်ဖွယ် ကောင်းလှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာတစ်ဝှမ်းလုံးကလည်း ရဲယိုရဲ့ အစွမ်းထက်မြက်မှုကို သိစွမ်းနေကြပြီဖြစ်၍ ရဲယိုစိုက်ခင်းများ ထူထောင်ကာ ဖျော်ရည်မှအစ ထက်မြက်သော ဆေးဝါးများကို ထုတ်လုပ်နေကြပြီဖြစ်သည်။

## မင်းကွတ်သီး၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

မင်းကွတ်ပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကို နှစ်သက်ပြီး ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့တွင် ရှင်သန်ပေါက်ရောက်လေ့ရှိပါသည်။ မင်းကွတ်ပင်၏ မူလအစသည် မာလာယုကျွန်းဆွယ်မှဖြစ်ပြီး နေရာအနှံ့ နှံ့ကာ ရှေးယခင်ကပင် အရှေ့တောင်အာရှ နိုင်ငံများ၌ မင်းကွတ်သီးကို စားသုံးကြသည်။ ထိုမျှမက တိုင်းရင်းဆေးဝါးအဖြစ်လည်း အသုံးပြုကြပေသည်။


မင်းကွတ်သီးကို အာရှတွင် 'သစ်သီးတို့၏ မိဖုရား' ဟူ၍လည်းကောင်း၊ ပြင်သစ်တွင် 'ဘုရားသခင်၏ အာဟာရ'ဟူ၍လည်းကောင်း တင်စားခေါ်ဝေါ်ကြသည်။

မင်းကွတ်သီးတွင် ကစီဓာတ်၊ အမျှင်ဓာတ်၊ ဗိုက်တာမင်၊ သတ္တုဓာတ်၊ စစ်ထရစ်အက်ဆစ်၊ ပေါ်လီဖီနော၊ အက်စစ်တစ်အက်စစ်၊ ဟိုက်ဒရိုစစ်ထရစ် အက်စစ်များ ကြွယ်ဝစွာ ပါသည့် အတွက်ကြောင့် ဖက်တီးအက်ဆစ်ကို နှိမ်နှင်းနိုင်ပြီး ကိုလက်စထရောပမာဏကို လျှော့ကျစေကြောင်း သိရသည်။

မင်းကွတ်သီးကို ရင်ပူခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ ခန္ဓာကိုယ်အနှံ့ အပူဖုများ ထွက်ပေါ်ခြင်း၊ အပူနာများ ပေါက်ခြင်း၊ မီးယပ်အဖြူဆင်းခြင်း၊ မီးယပ်သွေးဆင်း လွန်ခြင်း စသည့် အပူဓာတ်လွန်ကဲမှုကြောင့် ဖြစ်တတ်သော ဝေဒနာများအတွက် အပူငြိမ်းသည်းခြေဆေးအဖြစ် မှီဝဲစားသုံးနိုင်ကြောင်း သိရသည်။

ထို့ပြင် မူးဝေခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့ကို ပြေပျောက်စေကာ ခန္ဓာကိုယ်အတွင်း ရေဓာတ်ဆုံးရှုံးခြင်းကိုလည်း အကာအကွယ်ပေးပေသည်။ ထိုမျှသာမက ရောင်ရမ်းမှုအမျိုးမျိုးကို တွန်းလှန်နိုင်၏။ အယ်လ်ဇိုင်းမားရောဂါ၊ စိတ်ကစဉ့်ကလျားရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ခြင်းတို့ကို ကာကွယ်ပေး၏။

မင်းကွတ်သီးသည် အဝလွန်သူများနှင့် ကိုယ်အလေးချိန်လျှော့ချလိုသူများ စားသုံးရန် သင့်လျော်ပါသည်။ မင်းကွတ်သီးတွင် အစာချေစနစ်ကို ကောင်းမွန်စေခြင်း၊ ဝမ်းချုပ်ခြင်းတို့ကို ကာကွယ်နိုင်၏။ အိုမင်းမှုကို တားဆီးနိုင်၏။ ကင်ဆာရောဂါကိုလည်း သက်သာစေ၏။ ထို့ပြင် ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေပြီး မှိုရောဂါများကူးစက်ခြင်းမှ ကာကွယ်ပေးပြီး အလားသဖြင့် အဆုတ်နာ၊ တီဘီရောဂါများမှ ဘက်တီးရီးယားပိုးမွှားများပြန့်ပွားလာမှုကို တားဆီး ကာကွယ်ပေးကြောင်းသိရှိရပါသည်။



မင်းကွတ်သီးသည် ဓာတ်မတည့်မှုများကို မဖြစ်စေဘဲ ကိုယ်အင်္ဂါအဖွဲ့အစည်းများအတွက် ကောင်းမွန်သည့် ကာနိသင်ရှိသောကြောင့် နေ့စဉ်ဖြည့်စွက်စာအဖြစ် စားသုံးသင့်ကြောင်း၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် အနှစ် ၂၀ ကျော်ကြာ ဆေးပညာအတွေ့အကြုံရှိသော သမားတော်တစ်ဦးက အတည်ပြုထားပေးသည်။ ဆီးချိုရောဂါ၊ သွေး



www.burmeseclassic.com

www.burmeseclassic.com

အားနည်းခြင်းရောဂါ၊ သွေးတိုးခြင်း၊ သွားနှင့် သွားဖုံးရောဂါတို့အတွက်လည်း ကောင်းကျိုးကို ဖြစ်စေပါသည်။

မင်းကွတ်သီး၏အရည်သည် သွေးလွှတ်ကြောပိတ်ဆို့ခြင်း၊ သွေးတိုးခြင်းနှင့် သွေးခဲပိတ်ခြင်း အပါအဝင် နှလုံးသွေးကြောများ မာကျောကျစ်လျစ်ခြင်း စသော နှလုံးသွေးကြောဆိုင်ရာ ရောဂါဝေဒနာ အမျိုးမျိုးတို့အတွက် အသုံးဝင်ပါသည်။ မင်းကွတ်သီးအခွံ၌ တန်နင်း (Tannis)နှင့် ဇန်သုန်း(Xanthones)ခေါ် ဓာတုဓာတ်ပေါင်းများ ပါရှိကြောင်းသိရသည်။ မင်းကွတ်သီး အခွံသည် အရေပြားနှင့်ဆိုင်သော ရောဂါများဖြစ်သည့် မှက္ခရုနာ၊ နှင်းခူ စသည့် အနာများ၊ အနီအစက်အပြောက်ကလေးများ၊ မိတ်ထွက်ခြင်းနှင့် အင်ပျဉ်ရောဂါတို့အတွက် လိမ်းဆေးအဖြစ်လည်းကောင်း၊ အနာမယဉ်းစေရန် ပိုးသတ်ဆေးအဖြစ်လည်းကောင်း၊ သဘာဝအလျောက် သွေးကြောပိတ်ဆို့မှုများအား ဟန့်တားနိုင်စွမ်း ရှိကြောင်းနှင့် အသက်ကြီးသူများတွင် အဖြစ်များသော အရိုးအဆစ် ယိုယွင်းရောင်ရမ်းခြင်းများအတွက်လည်း အသုံးဝင်ပေသည်။

မင်းကွတ်သီးအခွံ ပြုတ်ရည်ကို သောက်သုံးပေးခြင်းအားဖြင့် အမျိုးသမီးများတွင် အဖြစ်များသော ဆီးမကြာခဏသွားခြင်း၊ ဆီးပူညောင်းကျခြင်း၊ ဆီးကျောက်တည်ခြင်းနှင့် ကာလသားရောဂါများကို အစွမ်းထက် သက်သာပျောက်ကင်းစေပါသည်။ ထို့အပြင် ကွဲရှနာများအတွက် သွေးတိတ်စေရန်လည်းကောင်း၊ မျက်စိအတွင်း တိမ်နှင့် ရေတိမ်ဖြစ်ခြင်းတို့အတွက်လည်းကောင်း အသုံးဝင်ပေသည်။

သတိပြုရန်မှာ မင်းကွတ်သီးကို နို့ရည်၊ သကြားတို့နှင့် တွဲဖက်၍ မစားကောင်းပါ။ ဒူးရင်းသီးကို စားပြီးနောက် မင်းကွတ်သီးကိုစားပေးပါက အပူအအေးကို မျှတစေပါသည်။

မင်းကွတ်သီး၏ အစွမ်းအာနိသင်ကား ထက်မြက်လှပါသည်။ မှက္ခရု၊ နှင်းခူ စသည့်အနာများ၊ မိတ်ထွက်ခြင်းနှင့် အင်ပျဉ်ဝေဒနာများအတွက် လိမ်းဆေးအဖြစ် ဖော်စပ် အသုံးပြုနိုင်ပါသည်။

**(၁) အသားအရေ ပျက်စီးနေလျှင်၊ ခြေဖနောင့်များ ကွဲနေလျှင်၊ ခြေသလုံးသားတို့ ပပ်ကြားအက်နေလျှင်**

မင်းကွတ်သီးကို အဆီထုတ်၍ လိမ်းကျံပေးပါက အသားအရေပျက်စီးခြင်း၊ ခြေဖနောင့်များကွဲခြင်း၊ ခြေသလုံးသားတို့ ပပ်ကြားအက်ခြင်းများ သက်သာပျောက်ကင်း သွားပါလိမ့်မည်။

**(၂) မိတ်၊ အင်ပျဉ်ကဲ့သို့ အရေပြားပေါ်၌ အဖုအပိမ့် အနီကွက်များထလျှင်၊ အပူလောင်လျှင်၊ အရေပြားထိခိုက်ဒဏ်ရာရလျှင်**

မင်းကွတ်သီး၏ အနှစ်သားဖြင့် လိမ်းကျံပေးပါက မိတ်၊ အင်ပျဉ်ကဲ့သို့ အရေပြားပေါ်၌ အဖုအပိမ့်၊ အနီကွက်များထခြင်း၊ အပူလောင်ခြင်း၊ အရေပြားထိခိုက်ဒဏ်ရာရခြင်းတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၃) ဝမ်းလျှော၊ ဝမ်းကိုက်ဖြစ်နေလျှင်**

မင်းကွတ်သီးအခွံကို အခြောက်လှန်း၍ အမှုန့်ကြိတ်ပါ။ ထို့နောက် တစ်ညသိပ်ရေစိမ်၍ သောက်သုံးပေးခြင်းအားဖြင့် ဝမ်းလျှောဝမ်းကိုက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၄) ဆီးရောဂါ ဖြစ်နေသလား**


မင်းကွတ်သီးအခွံကို ပါးပါးလှီး၍ နေအခြောက်လှန်းကာ လက်ဖက်ခြောက်ကဲ့သို့ ရေနွေး၌ ခပ်သောက်ခြင်းအားဖြင့် ဆီးရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**သုတေသီဆရာငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



# ခွက်မှဲ့ရေခံသူ

ဖိုးတင့်(ကမြူ)

စစ်ကိုင်းတိုင်း ဒေသကြီး၊ ယင်းမာပင်မြို့နယ်၏ အစွန်းတွင် မြောက်မှ တောင်သို့ သွယ်တန်းလျက်ရှိသော မဟူရီးမ၊ ပင်တောင်ကြီး၊ ပင်တောင်လေးဟု ငါးမိုင်ခန့်ကွာလှမ်း၍ အဆင့်ဆင့်သွယ်တန်းလျက်ရှိပြီး အနိမ့်ဆုံး ပင်တောင်လေးတောင်တန်း၏ တောင်ခြေတွင် ကမြူ ပေါင်းဝပှူသော တောင်ခြေရွာကလေး နှစ်ရွာရှိ၏။ ၁၉၇၅ ခုဝန်းကျင်ကာလက သစ်တော်ဌာနမှ မဟူရီးမနှင့် ပင်တောင်ကြီးကြားရှိ ယမားချောင်းနှင့် ချိုးစာကောက်ချောင်းကြားရှိ သစ်ကွက်အား ကျွန်းသစ် ပင်ထောင်လုံးရေ ငါးသောင်းခန့် ထုတ်ယူနိုင်ရန်အတွက် ယမားချောင်းဖျားနှင့် ချိုးစာကောက်ချောင်းဖျားတွင် ဆင်ဝိုင်းနှစ်ဝိုင်း စခန်းချလျက်ရှိ၏။ ရှေးဦးစွာ ထိုသစ်ကွက်ရှိ ကျွန်းပင် ပင်ထောင်များကို သင်းသတ်ရေးအဖွဲ့မှ ပေကြိုးတိုင်း၍ သင်းသတ်ပြီး ပင်ထောင်ခြောက်လျှင် သစ်လှဲသစ်ဖြတ်ခြင်း၊ တံဆိပ်ရိုက်ခြင်း၊ သစ်နုဖွားဖောက်ခြင်းတို့ ပြုလုပ်ပြီးမှသာလျှင် ဆင်သမားများက ထိုသစ်များကို ယမားချောင်းနှင့် ချိုးစာကောက်ချောင်း ပေါင်းဆုံရာ ချောင်းမကြီး(ဆင်တုံးချောင်း)တွင်းသို့ ဆွဲချပေးရ၏။ ထိုအချိန်က လမ်းပန်းခက်ခဲလှသဖြင့် ချောင်းတွင်းသို့ သစ်များကို နွေနှင့်ဆောင်းလများတွင် အပြီးဆွဲ၍ စုပုံ

www.burmeseclassic.com

၏။ မိုးရာသီရေကြီးချိန်တွင် တောတွင်းချောင်းများမှတစ်ဆင့် ထိုချောင်းများ ပေါင်းဆုံစီးဆင်းရာ ယမားချောင်းတွင်းရောက်မှ ရေကျချိန်တွင် ကားလမ်းကောင်းမွန်သော ကျေးရွာများတွင် ဗိုလ်တဲများဆောက်၍ ကားစခန်းများထားရှိပြီး ချောင်းခေါင်း၊ ချောင်းအုပ်များ ကွပ်ကဲ၍ ရေကြီးချိန်က မျောပါလာသော သစ်များအား ချောင်းသဲခုံများမှ ဆယ်ယူ၍ သက်ဆိုင်ရာသို့ ပို့ရ၏။

ယမားချောင်းဖျားနှင့် ချိုးစာကောက်ချောင်းဖျားရှိ ဆင်နှစ်ဝိုင်းတွင် တစ်ဝိုင်းလျှင် ဆင်ကောင်ရေ ၂၅ ကောင်ရှိ၏။ ထိုဆင်နှစ်ဝိုင်းလုံးကို ဆင်အုပ်ကြီးက အုပ်ချုပ်ပြီး ဆင်တစ်ဝိုင်းစီတွင် ဆင်ခေါင်း၊ ဒုဆင်အုပ် တစ်ယောက်၊ ထိုဆင်ခေါင်း လက်အောက်တွင် ခေါင်းခွဲ၊ လက်ထောက်ဆင်ခေါင်း၊ ဆင်တစ်ကောင်လျှင် ဦးစီး (ဆင်ဦးစီး) တစ်ယောက်စီနှင့် ပဲ့ချိတ်ကြီး(ဆင်ဦးစီးလက်ထောက်) တစ်ယောက်အပြင် လိုရာသုံး ဘုံပဲ့ချိတ် (ပဲ့ချိတ်လေး)၊ ထမင်းချက် စသည်ဖြင့် ဆင်တစ်ဝိုင်းတွင် ဆင်ဝန်ထမ်း ၆၀ ခန့်ရှိလေ၏။ ဆင်ဝိုင်းတစ်ဝိုင်း ဆင်စခန်းချရာတွင် သစ်လုံးရေထုတ်ယူမှု အနည်းအများပေါ်မူတည်၍ နှစ်ကြာလေ၏။ အကြောင်းအမျိုးမျိုးကြောင့် ဆင်သမားတစ်ယောက် ဆင်ဝိုင်းမှ ထွက်ခွာခဲ့သော် ဆင်အုပ်ကြီးမှတစ်ဆင့် ဆင်ဝန်ထောက်ထံ အကြောင်းကြားပြီး ထမင်းချက်မှစ၍ ပဲ့ချိတ်၊ ဆင်ဦးစီး၊ ဆင်ခေါင်း စသည်ဖြင့် အဆင့်ဆင့်ခန့်ထားရ၏။ ပင်ထောင်သင်းသတ်ခြင်းမှ ဆင်များဆွဲနိုင်ရန် အဆင့်ထိ တောင်ခြေက ဗြူပေါင်းဝမှ အလုပ်သမားများအား ပင်ပြတ်သစ်ကွက်များပေး၍ လုပ်စေ၏။ ဆင်ဝန်ထမ်းလိုပါကလည်း နီးရာကျေးရွာမှ ဝါသနာပါသူအား ခေါ်ယူ၍ အစိုးရဝန်ထမ်းအဖြစ် ခန့်လေရာ ချိုးစာကောက်ဆင်ဝိုင်းမှ ဆင်ဦးစီးတစ်ယောက်ထွက်သွားသဖြင့် ပဲ့ချိတ်ကြီးမှာ ဆင်ဦးစီးဖြစ်သွားပြီး ဘုံပဲ့ချိတ်မှာ ထိုသူ့နေရာတွင် အစားထိုးပြီး ထမင်းချက်မှာ ဘုံပဲ့ချိတ်ရာထူး တက်သွားသဖြင့် လစ်လပ်လျက်ရှိသော ထမင်းချက်ရာထူးအတွက် ကဗြူကျေးရွာမှ ကိုမြထွန်းအား ခေါ်ယူခန့်ထားလေ၏။ ကိုမြထွန်းမှာ အသက်နှစ်ဆယ့်ငါးဝန်းကျင်ရှိပြီး ပုပြတ်ပြတ်ဖြစ်၏။ သူ၏ အားနည်းချက်မှာ လေနာရောဂါရှိသဖြင့် ဆော်တာဘူးအား ခါးကြားတွင် အမြဲလိပ်ထားရ၏။ တစ်ခုသော တပို့တွဲလရာသီတွင် တောတွင်းတွင် သစ်ရွက်တို့ရော်လျက်ရှိပြီး မြောက်လေအကျန်နှင့်ရော၍ ဝါသောသစ်ရွက်အချို့ ကြွေကျလျက် မှိုင်းညို့လျက်ရှိသော၊ မြူများဆိုင်းလျက် ခြောက်စပြုနေသော တောအတွင်းမှ တောသတ္တဝါပေါင်းစုံတို့ အော်မြည်သံများကိုအမှုမထားမိဘဲ ဆင်တစ်ဝိုင်းစာလုံးအတွက် ချွေးတလုံးလုံးဖြင့် ထမင်းချက်နေသော ကိုမြထွန်းတစ်ယောက် မိမိတို့ဆင်ဝိုင်းစခန်း၏ အနောက်ဘက်တောနက်အတွင်းမှ ...

*"တောင်တောရယ်သာ*
*မာလာကင်ပွန်း*
*တစ်ပင်ကို နှစ်ပင်ယှက်တယ်*
*ကျေးငှက်ကမြူး"*

တောသံတောင်သံတို့ကို ကျော်လွန်လျက် စပီကာဖွင့်လိုက်သည့် အလား တောဘွဲ့တစ်ခုအား အသံနေအသံထားမှန်ကန်စွာဖြင့် သီဆိုလိုက်သံတစ်သံကို ကြားရသဖြင့် ထိုအသံမှာ နားတွင်းမှတစ်ဆင့် နှလုံးသားထိအောင် အထူးတုန်လှုပ်သွားလျက် ကြက်သီးများပင် ဖြန်းကနဲထသွား၏။ ဆင်ဝိုင်းတစ်ဝိုင်းလုံးတွင် မိမိတစ်ယောက်သာ ကျန်ခဲ့၏။ ဆင် ၁၀ စီးနှင့် ဆင်အုပ်ကြီးမှာ ရိက္ခာနှင့်လစာထုတ်ရန် မြို့သို့ဝင်းသွား၏။ ကျန်ဆင်များနှင့် ဆင်အုပ်သားများမှာ သစ်ကွင်းသို့ ထွက်သွားကြသဖြင့် ထိုဆင်လုပ်သားများ အားလုံးအတွက် ထမင်းချက်နေချိန် တောတောင်တွင်းမှ တစ်ချိန်တစ်ခါမျှ မကြားဖူးသော အသံကို ကြားလိုက်ရခြင်းဖြစ်၏။

"အမယ်မယ် ...
တော်တော်
စော်ကားပါလားကွ။
ငါ့ကို ဘာမျှ
မကျွေးရသေးဘဲနဲ့များ
အရှုးလေးဘာလေးနဲ့။
ငါတောင်ဗွေးနဲ့ထိုးလိုက်ရ။
လူစင်စစ်က
ကျောက်ရုပ်ဖြစ်သွား
တော့မယ်"

www.burmeseclassic.com

ထို့ကြောင့် အသံလာရာဆီသို့ ငေး၍ ကြည့်နေစဉ် ထိုတောနက်အတွင်းမှ ကြေးနီရောင် ဆံမုတ်ဆိတ်များ ရှုပ်ပွလျက် မြေအတွင်း လများစွာနစ်မြုပ်နေသည့် အဝတ်အထည်အလား စုတ်ပြတ်ရှိနွမ်းနေသော ပင်နီတိုက်ပုံရင်ကွဲ၊ ပုဆိုးကွက်ထောက်ကို ဝတ်လျက် လက်တွင်း၌ ခန္ဓာကိုယ်အဆင်ဖြင့် အလွန်တရာဆန့်ကျင်ပြီး တောက်ပြောင်လျက်ရှိသော တောင်ဝှေးတစ်ချောင်းကို ကိုင်ပြီး မိမိရှိရာသို့ တလှုပ်လှုပ်လျှောက်လာသော လူကြီးတစ်ယောက်အား တွေ့ရသဖြင့် စိတ်ထဲမှ တောတောင်တွင်း မျက်စိလည်လမ်းမှား၍ ရောက်လာသော အရူးကြီးတစ်ယောက် ဖြစ်ရမည်ဟု မှတ်ချက်ချလိုက်ကာ အလွန်ဆိုးသွမ်းလှသော ဆင်ဝိုင်းမှ တောလိုက်ခွေးများ ဝိုင်း၍ကိုက်ခဲမည်စိုးလှသဖြင့် ခွေးများကိုမောင်းရန် တုတ်တစ်ချောင်းကိုဆွဲ၍ ဆင်းလိုက်စဉ် ထူးဆန်းသော လူကြီးမှာ အနီးသို့ရောက်ရှိလာပြီး "မသိသူကျော်သွား၊ သိသူတွေ ဖော်ကာစား၊ ဖိုလ်အထွက်မှာဖြင့် လိုတသူရစေဖို့ ကေဇောသုဒ္ဓိမို့၊ ဇမ္ဗူမှာထိပ်၊ ထိတ်ထိတ်ကြဲအောင် မြင်ရမယ်ဟဲ့ ရောဂါသည်လေး၊ ဒီအဖေ ဘာလုပ်လို့ပေးရပါ့ ဟီး .. ဟီး .. ဟားဟား"

ထိုကဲ့သို့ တောင်စဉ်ရေကျ ပေါက်ကရစကားများကို ပြောနေပြီး တဟီးဟီးတဟားဟား ရယ်နေသော အဘိုးကြီးကို သတိမထားအား။ ထိုလူကြီးအား ခွေးများထွက်ဆွဲမည်ကို စိုးရိမ်လျက် ခွေးများကိုသာ သတိထားနေသော်လည်း အလွန်ဆိုးသွမ်းပါသည်ဆိုသော ဆင်ဝိုင်းမှ အမဲလိုက်ခွေးများမှာ ထိုလူကြီး၏စကားအား မကြားမမြင်သည့်အလား နေရာမှပင် မထချေ။ သို့သော် စိတ်မချသဖြင့် ...

"ဟော့ဒီမှာ လူကြီး ... ကပြင်(အိမ်နှင့်တစ်ဆက်တည်းဆောက်ထားသည့်စင်)ပေါ် မြန်မြန်တက်လေဗျာ။ တော်ကြာ ခွေးတွေဝိုင်းဆွဲလို့ တစ်စစီဖြစ်ကုန်မယ်"

*"အမလေးလေး ... ဘယ်ဘဝက ငတ်လာတယ် မသိဘူး။ လူ ၂၀ စာကို တစ်ယောက်တည်းစားလို့ ကုန်တယ်လို့ ဒီတစ်ခါပဲ ကြုံဖူးတော့တယ်။ ငါတော့ ချက်ချင်းပြန်ပြီး ချက်ရဦးမှာပါလား"*

ထိုအခါ လူကြီးမှာ ကိုမြထွန်းအား သနားစရာ သတ္တဝါတစ်ကောင်အလား မချိမချဉ်ဖြင့်ကြည့်ရင်း ဆင်တစ်ရပ်စာပြုလုပ်ထားသော ကပြင်ပေါ်သို့ ပေါ့ပါးစွာတက်လိုက်ပြီး တင်ပျဉ်ခွေ ထိုင်ချလိုက်၏။ ကိုမြထွန်းမှာ ထိုအခါမှ စိတ်ချသွားဟန်ဖြင့် တုတ်ကိုလွှတ်ချလိုက်ကာ အိမ်ကပြင်ပေါ် တက်ရင်း ...

"ဒီမှာဗျ။ ခင်ဗျားက ဘယ်လိုလုပ်ပြီး တောထဲလျှောက်သွားနေရတာလဲ။ တောကောင်တွေက ပေါပါဘိနဲ့၊ အန္တရာယ်များလှတယ်။ လူသူနဲ့ မတွေ့ရင် အစာငတ်ရေငတ် သေသွားနိုင်တယ်"

"အမယ်မယ်၊ အရူးက တစ်မူးသာလို့။ ကိုယ့်အတွက် မပူ၊ သူများအတွက်ပူ၊ ထူးပါပေ့ မောင်လူသား၊ ပြူးကြောင်ကြောင် မျက်နှာထားနဲ့ သနားစရာသတ္တဝါမို့ ကယ်မဖို့ ငါလာတာဟေ့"

"ဟဲ .. ဟဲ ... ကိုယ့်ကိုယ်ကိုတောင် စုတ်ပြတ်နေတဲ့သူကများ လေလုံးကကြီးနေသေး၊ ဘယ်လိုတွေများ ကယ်မမှာပါလိမ့်"

"အင်း ... တစ်လုတ်စားဖူးတော့ သူ့ကျေးဇူးတဲ့။ ငါ့ဝမ်းတစ်ထွာအတွက် အသင့်မှာရှိတာ ကျွေးပေရော့။ ကြွေးတင်မှ ငါက ဆပ်လို့ရမှာပေါ့။ ကြွေးကင်းရင် တစ်နိဗ္ဗာန်မို့ လောကမှာ ဘာမှမရှိတော့ဘူးကွ"

"အင်း ... ကြီးကျယ်တဲ့အရူးကြီး။ ထမင်းဆာတယ် မပြောဘူး"

ဟု စိတ်ထဲမှပြောရင်း ထမင်းခူးကျွေးရန် နောက်လှည့်လိုက်စဉ် ...

"ဖျန်း"

တောင်ဝှေးဖြင့် ကြမ်းပြင်ကို ရိုက်လိုက်ပြီး ...

"အမယ်မယ် ... တော်တော်စော်ကားပါလားကွ။ ငါ့ကို ဘာမျှ မကျွေးရသေးဘဲနဲ့များ အရူးလေးဘာလေးနဲ့။ ငါ တောင်ဝှေးနဲ့ထိုးလိုက်ရ၊ လူစင်စစ်က ကျောက်ရုပ်ဖြစ်သွားတော့မယ်"

ထိုအခါမှ ကိုမြထွန်းလည်း အနည်းငယ်ဖြုန်းသွားပြီး ထမင်းခူးကျွေးလိုက်လျှင် သူ့လမ်းသူ ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com

မှာပဲဟုသော အတွေးဖြင့် ထမင်းဇလုံကြီးကြီး တစ်ချပ်ထဲတွင် ထမင်းရော၊ ဟင်းပါ ပုံ၍ပေးလေလျှင် ...

"တယ် ... ဒီဒုက္ခသည် ထမင်းကို မဖွယ်မရာပေးရသလား။ ကျွေးရတာချင်းအတူတူ ကိုယ့်ဥစ္စာနဲ့ကိုယ် ငဲ့ရှာတဲ့ကောင်၊ ရှိရှိသေသေကပ်စမ်း"

ကိုမြထွန်းလည်း တော်တော်လာတဲ့ အရှုးပဲဟုတွေးရင်း ...

"မသိတော်မူလို့ပါဘုရား။ ခွင့်လွှတ်တော်မူပါ၊ သုံးဆောင်ပါဘုရား"

ဟု ရွဲ့၍ပြောရင်း ဒူးတုပ်၍ ပေးလေ၏။

"အိမ်း .. အဲဒီလိုလုပ်စမ်းပါ"

ပြောရင်း ထမင်းဇလုံကိုယူ၍ အားရပါးရ စားလေ၏။ ကိုမြထွန်းက လေနာသည်မားဖြစ်၍ အပူအစပ်ရှောင်ရ၊ မာသောအစာရှောင်ရ၊ ဗိုက်တင်းအောင်စားပါက တမြွှမြွှနာသဖြင့် သတိထားစားရ စသည်ဖြင့် အမျိုးမျိုးတွေးတောနေရသဖြင့် အစာစားတိုင်း ဒုက္ခဆင်းရဲကြုံရသူဖြစ်ရာ ယခုထူးဆန်းသော အရူးကြီးမှာ ထမင်းရောဟင်းပါ အားရပါးရ စားနေသည်ကို ကြည့်၍ အားကျသလိုဖြစ်ပြီး ထမင်းကုန်လိုက်၊ ထည့်ပေးလိုက်၊ ဟင်းကုန်လိုက် ထည့်ပေးလိုက်ဖြင့် မရပ်မနားပြုလုပ်ပေးနေမိသည်မှာ လူ ၂၀ စာမျှချက်ပြုတ်ထားသော ထမင်းရောဟင်းပါ အားလုံးပြောင်သွားမှ သတိဝင်လာပြီး ...

"အမလေးလေး ... ဘယ်ဘဝက ငတ်လာတယ် မသိဘူး။ လူ ၂၀ စာကို တစ်ယောက်တည်းစားလို့ ကုန်တယ်လို့ ဒီတစ်ခါပဲ ကြုံဖူးတော့တယ်။ ငါတော့ ချက်ချင်းပြန်ပြီး ချက်ရဦးမှာပါလား"

ဟုပြောရင်း ညည်းညူလိုက်လျှင် ထိုထူးဆန်းသော လူကြီးက ..

"ဟား ... ဟား ... ဟား"

သူ၏ဝမ်းဗိုက်ကြီးကို ပွတ်ရင်း တဟားဟားအော်ရယ်လိုက်ပြီး

"တော်တော် သနားဖို့ကောင်းတဲ့အကောင်ပဲကွ။ ကုန်ပြီးသားပစ္စည်းကို ကုသိုလ်ယူရကောင်းမှန်း မသိဘဲ အကုသိုလ်ဖြစ်အောင် တွေးနေတာကိုးကွ။ အင်း ... လူတွေ၊ လူတွေ။ ဒါကြောင့်လည်း သံသရာမှာ တဝဲလည်လည် ဖြစ်နေကြတာကိုး။ ကဲ .. ကဲ ... လက်စနဲ့ ရေကလေး ဘာလေး ကပ်စမ်းပါဦး"

ကိုမြထွန်းလည်း ကပြင်ပေါ်တွင် အသင့်ဆွဲထားသော ရေတကောင်း တစ်ဝက်စာရှိသော ရေကို ပေးလိုက်လျှင် ထိုရေတကောင်းအတိုင်း တဂွပ်ဂွပ်မော့၍သောက်နေသည်ကို အံ့အားသင့်ပြီးကြည့်နေစဉ် နောက်ဆုံးရေလုတ်ကို မျို၍မချဘဲ "ထွီး"ခနဲ ကိုမြထွန်းအား ထွေးထုတ်လိုက်လျှင် ..

"ဟာ ... ဘယ်လိုလုပ်လိုက်တာလဲဗျ။ ဒီမှာ ရွှဲကုန်ပြီ"

ကိုမြထွန်းလည်း ရေများကို လက်ဖြင့်ခါရင်း နောက်ဆုတ်လိုက်၏။

"ဟား .. ဟား .. အဲဒါ မေတ္တာရေကွ။ ဒီနေ့ကစပြီး ရောဂါဆိုတာ ဘာလဲလို့မေးရတဲ့ ဘဝကို ပိုင်ဆိုင်သွားပြီ။ အာရောဂျ ပရမံ လာဘံတဲ့။ မင်းအတွက် အကောင်းဆုံး ထမင်းကျွေးရတဲ့ ဆုပဲ။ ကဲ .. နောက်ထပ် ဘာကလေးများလိုသလဲ။ လိုတာတောင်းပေရော့။ ငါကိုယ်တော် အစာဝပြီမို့ ဌာနပြန်တော့မယ်"

ကိုမြထွန်းလည်း အောင့်သက်သက်ဖြင့် ထမင်းလည်းကျွေးရသေး၊ ရေဖြင့်လည်း ငုံပြီးထွေးသဖြင့် စိတ်ချဉ်ချဉ်ရှိသဖြင့် ...

"ဟင်း သူ့ကိုယ်သူတောင် စုတ်ပြတ်ပေရေနေတဲ့သူက ဘာလိုသလဲ မေးရအောင် ရယ်စရာကောင်းလိုက်တာ။ ပြန်မှာဆို ပြန်ပေရော့ ကျုပ်လည်း ထမင်းပြန်ချက်လိုက်ဦးမယ်"

ပြောပြောဆိုဆို အိမ်တွင်းသို့ဝင်၍ ထမင်းချက်ရန် ဆန်လေးပြည်ကိုယူ၍ အိမ်ကပြင်သို့ ထွက်လာစဉ် ထိုစုတ်ပြတ်ပေရေနေသော လူကြီးမှာ မရှိတော့ချေ။ ဘယ်အချိန်က ဆင်းသွားသည်ကို မသိရ၊ အလွန်ဆိုးသွမ်းလှပါသည်ဆိုသော ဆင်သမားများ၏ အမဲလိုက်ခွေးများလည်း "ညောင့်ညောင့်"ပင် ထ၍မမြည်ကြ။ မည်သည့်အရပ်သို့ ထွက်ခွာသွားသည်ကို လှည့်လည်ကြည့်သော်လည်း မမြင်ရတော့။ လူ ၂၀ စာကို တစ်ယောက်တည်း ထမင်းရော၊ ဟင်းပါ ကုန်အောင်စားသွားသည်မှာလည်း ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းလေစွ။ ထို့ထက်ထူးဆန်းသည်ကား ကိုမြထွန်းတစ်ယောက် ထိုနေ့မှစ၍ မည်သည့်အစားအစာကိုပဲစားစား လေနာမထသည့်ပြင် ထမင်းချက်ဘဝမှ ပဲ့ချိတ်ဦးစီး၊ ဆင်ခေါင်းဆင်အုပ် အဆင့်ဆင့်ရာထူးတိုး၍ ပင်စင်ယူသွားသည့်တိုင် မည်သည့်ရောဂါ တစ်စုံတစ်ရာမျှမဖြစ်တော့ဘဲ အလွန်ကျန်းမာသန်စွမ်းသော လူဖြစ်နေခြင်းပေတည်း။

ဖိုးဘင့်(ကဖြူ)



www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှင်လျက် သေနေသူများအား ကမ္မဋ္ဌာန်းပေးခြင်း

## အရှင်ဈာရိတ္တ

၁၈၈၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော ပုသိမ်အကျဉ်းထောင်တွင် တရားစခန်းဖြစ်ခဲ့သည်မှာ ၅၄ ကြိမ်ပင် ရှိခဲ့ပြီ။ ဘကြီးဘုန်းတော်ကြီး အရှင်စန္ဒာသီရိ၊ ဝါတော် ၁၅ ဝါ၊ သက်တော် ၇၅ နှစ်က ၁၈ ကြိမ်မှ စတင်ပြီး တရားပြပေးခဲ့ပါသည်။ စာရေးသူနှင့် ယခု ၅၄ ကြိမ်မြောက်မှ ကြုံဆုံပြီး အတူတွဲတရားပြပေးခဲ့ရပါ၏။ ဘကြီးက နံနက်ပိုင်း တရားပြလျှင် ကျွန်ုပ်က ညနေပိုင်း တစ်လှည့်စီ ကမ္မဋ္ဌာန်းပေးကာ ဉာဏ်စဉ်တရားများ ဟောကြားပေးခဲ့ပါ၏။

မတ်လ ၂၇ ရက်၊ ၂၀၁၄ ခု (တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၁၃၇၅ ခုနှစ်) ကြာသပတေးနေ့မှ တရားစခန်း စတင်ခဲ့ပါ၏။ နံနက်ပိုင်းတွင်ပင် ထောင်ပိုင်ကလေး ရုံးခန်းဝင်၍ သာသနာဝင်မှတ်တမ်းမိတ္တူ၊ ထောက်ခံချက်နှင့် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံနှစ်ပုံ ပေးရသေး၏။ ရုံးလုပ်ထုံးလုပ်နည်းများလည်း ရှိသေးသည်ကိုး။

ညနေ ၄ နာရီခန့်တွင် တရားစခန်းဖွင့်ထားရာ အဆောင်(၂)သို့ ကြွသွားရ၏။ အကျဉ်းဦးစီးအရာရှိများ စုံညီသော် အခမ်းအနားအစီအစဉ်အတိုင်း ကိုးပါးသီလပေး၊ တရားစခန်းအဖွင့်ဂါထာများကို ဘကြီးဘုန်းတော်ကြီးမှပင် ဦးဆောင်ဟောပြောဖွင့်လှစ်ပေးခဲ့၏။ အကျဉ်းသားအမျိုးသားယောဂီ ၄၀ ဦးခန့်ရှိပါသည်။ အပြာရောင် တူညီဝတ်စုံနွမ်းများပေါ်တွင် ယောဂီတဘက်လေးကို သိုင်းပတ်ထားကြပုံမှာ အမြင်ဆန်းနေ၏။

အချို့ယောဂီအမျိုးသား မျက်နှာများကား လန်းဆန်းသော်လည်း အချို့

www.burmeseclassic.com

က နွမ်းလျှနေကြ၏။ သက်ကြီးပိုင်းများ ငြိး သက်ငယ်ပိုင်းနည်းပါး၏။ ၂၀၅ ပေရှိ စကျင်ဆင်းတုတော်အခြေတွင် မင်းကွန်းဆရာတော်ကြီးကို အမှူးထား၍ မောင်ဝိတ်မိသားစုကောင်းမှုဟု ရွှေတိဂုံတွင် တွေ့ရသော ကမ္ပည်းစာတန်းကို ဤနေရာတွင်ပါ တွေ့နေရ၏။

ထိပ်တန်းသူဌေးကြီး အကျဉ်းကျစဉ်က လှူဒါန်းခဲ့သတဲ့။ ၎င်းသူဌေးကြီးသည် ရွှေတိဂုံတွင် သိန်းပေါင်းနှစ်သောင်းခွဲကျော် လှူဒါန်းခဲ့ပြီးမှ ထောင်ကျခဲ့ပါသတဲ့။ ထောင်ဒဏ် ၁၈ နှစ် ဖြစ်သော်လည်း ငါးနှစ်သာကျပြီး သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လည်လွတ်မြောက်သွားပါပြီ။ မြတ်မော်တင်စွန်းဆံတော်စေတီ ထီးတင်ပွဲတွင်လည်း ၁၁ သိန်းကျော်ကြဲပြီး ၁၂ သိန်းလှူဒါန်းခဲ့ပါ၏။ ထောင်တွင်း တရားစခန်းပွဲများအတွက်လည်း လစဉ် တစ်သိန်းမတည်လှူဒါန်းပါသည်။

လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်မြောက်သူများပြား၍ ထောင်တွင်း တရားစခန်းမလုပ်နိုင်ခဲ့ဘဲ နှစ်လကြာပြီး ယခု သုံးလမြောက်မှ ငါးရက်တရားစခန်း ပြန်စနိုင်ခြင်းပါ။ ယခင်က ၁၀ ရက်တရားစခန်း လုပ်နိုင်ခြင်းမှာ မောင်ဝိတ်ကောင်းမှုပင်။

မောင်ဝိတ်မှာ ကုသိုလ်ကောင်းမှုများ လုပ်နေပါလျက် ရာဇဝတ်ဒဏ်သင့်ရခြင်းမှာ "အပရာ ပရိယ ဝေဒနီယကံ" ကြောင့် ဖြစ်ပါသည်။ ၎င်းကံများအကြောင်း နောင်အလျဉ်းသင့်လျှင် အသေးစိတ်ရေးပြပါမည်။

အကျဉ်းဆောင်(၂) တရားစခန်းတွင်းရှိ တရားဟော၊ တရားပြပလ္လင်တော်အလှူရှင်တွင်လည်း မောင်ဝိတ်ကောင်းမှု၊ ရေသန့်စက်ကြီးတွင်လည်း မောင်ဝိတ်ကောင်းမှု၊ နေရာအတော်များများတွင် မောင်ဝိတ်ကောင်းမှုများကို မြင်မြင်နေရပါ၏။ မောင်ဝိတ်ကြီး "ဒိဋ္ဌဓမ္မဝေဒနီယကံ" ဖြင့် ကောင်းကျိုးများရပါစေ။

အင်္ဂလိပ်မင်းတို့၏ ထောင်ဆောက်လုပ်ပုံကား အလွန်စနစ်ကျလှ၏။ ၎င်းစနစ်ဖြင့်ပင် မြန်မာနိုင်ငံကို နှစ်ပေါင်းရာကျော် အုပ်ချုပ်သွားနိုင်ခြင်းမှာ မဆန်းပါ။

အင်းစိန်ထောင်ကြီး၏ ပုံစံကို ဂူးဂယ်မက်(ကမ္ဘာ့မြေပုံ) အင်တာနက်တွင် ကြည့်ဖူးသော်လည်း ပုသိမ်ထောင်ပုံစံကို ယခုမှတွေ့ဖူးပါ၏။ အဝင်ထောင်ဗူးဝကြီးကို ခံတပ်ကြီးပုံစံဆောက်လုပ်ထား၏။ တံခါးမကြီးနှစ်ချပ်စလုံးကို မဖွင့်ရန် စာရေးထား၏။ တစ်ခြမ်းဖွင့်ပေး၍ ဝင်ရပြီးနောက် ရပ်စောင့်ကာ နောက်တံခါးမကြီးတစ်ထပ်ကို သော့ကိုင်က တစ်ခြမ်းသာဖွင့်ပေး၏။ အဝင်အထွက်စာရင်းကို အချိန်မှတ်ဝန်ထမ်းကလည်း ဆက်တိုက်ရေးမှတ်နေ၏။

အရာရှိရုံးခန်းများကား ဘယ်ဘက်တွင်ရှိ၏။ ညာဘက်တွင် ဘုရားခန်းဆောင်ဖြစ်၏။ အရာရှိ(အလှည့်ကျ) တစ်ဦးက စားပွဲတစ်လုံး၊ မျက်နှာချင်းဆိုင်တွင် အချိန်စာရင်းမှတ်တစ်လုံးရှိ၏။ နံရံကပ်မှန်ခုံအတွင်း၌ သောက်လေးခွနှင့် သောက်စာလုံးအိတ်များ တန်းစီထည့်ထားသည်။

"အရာရာကို မသင်္ကာသောမျက်လုံးဖြင့် ကြည့်ရှုစစ်ဆေးခြင်းသည် လုံခြုံမှုအရှိဆုံးဖြစ်သည်" ဟူသော စာတန်း နဖူးစည်းကြီးလည်း တွေ့ရ၏။

၎င်းတံခါး(ခံတပ်)နှစ်ချပ်ကြီးလွန်ပြီးသော် သံတံခါးမကြီးတစ်ထပ်ကို ထပ်ဖြတ်ရပြန်၏။ အကျဉ်းသား(ရဲဘက်)နှစ်ဦး စောင့်ပြီးတံခါးဖွင့်ပေး၏။ "မလွတ်သေးဘူးလား" ဟု ဘကြီးက မေးသော်. . .တံခါးစောင့်ရဲဘက်က "ခြောက်နှစ်ကျန်သေးတယ်ဘုရား" တဲ့။ မှုးယစ်ဆေးဝါးမှုဟူ၏။

ဘယ်ဘက်ခြမ်း၌ ဖိုကြီးဆောင်ဟုရေးထားသော ချက်ပြုတ်ရေးခန်းမကြီး။ ညာဘက်တွင် လက်သမားဆောင်၊ သံဖြူဆောင်၊ ပန်းရန်ဆောင်များ တစ်ကန့်စီ တန်းနေ၏။ ၎င်းနောက်မှာ နံရံခြားပြီး စပါးကျီများ ရှိနေ၏။

စေတီသေး သုံးဆူတင်ထားသော တံခါးမကြီးသို့ မဝင်ရဘဲ ဘယ်ဘက်ခြမ်းအပေါက်မှ ဝင်သော် ရေသန့်စက်ကို ဘယ်ဘက်တွင် မြင်ရ၏။ အလယ်မြက်ခင်းတန်းနှင့် နှစ်လမ်းသွားဖြင့် ထောင်ဂိတ်(မိန်းဂျေး)ကိုရောက်၏။ "ဘယ်အဆောင်သွားသွား မိန်းဂျေးမှသွား" ဟုလည်း ရေးထား၏။ ဆုံးမစာနှင့် ညွှန်ကြားစာများသောနေရာကို ညွှန်ပြပါဆိုလျှင် ထောင်များကို ပြရပါမည်။

အဆောင်(၁)နံရံတွင် ဒေသစာရီ ကွခ်ျီတော်မှုပုံ နံရံဆေးရေး ပန်းချီများရှိ၏။ အဆောင်(၂)နံရံတွင် တရားဦး(ဓမ္မစကြာ)ဟောပုံဖြစ်၏။ မျက်နှာကြက် သစ်သားပြားကြီးများအောက်တွင်လည်း သံဆူးကြိုးများ တန်းထား



www.burmeseclassic.com

www.burmeseclassic.com

၏။ ဝင်ပေါက်တစ်ခုမှာလည်း သော့အမြဲချိတ်ထား၏။ တရားစခန်းချိန်အတွင်းပင် သော့ကား တန်းလန်းရှိ၏။ နံနက် ၈ နာရီခန့် သီလပေး၊ တရားဟောပြီး ၉ နာရီခန့် နား၏။ ၉ နာရီခွဲမှ ၁၀ နာရီခွဲထိ တရားထိုင်ရင်း၊ တရားနာကြ၏။ သံဝေဂလင်္ကာ၊ ဆုံးမစာများ နှစ်ရွက်ပေးထားပြီး တစ်နေ့စီရွတ်စေ၏။

"နေဝင်ခါနီး ခရီးသည်တွေ"နှင့် "တရားနာလာကြ များလုလေနေ" ဟူ၍ စတင်ထားသော လင်္ကာများပင်။ ကျွန်ုပ်အလှည့်တွင် "အာဒိတ္တ၊ ပရိယာယသုတ္တန်"နှင့် "အာနာပါနကျင့်စဉ်မှ ဝိပဿနာသို့"(အလုပ်ပေး)တရားများကို ဟောကြားပေးခဲ့၏။

နေ့လယ် ၃ နာရီခန့်တွင် ပြန်ဝင်ပြီး ညနေ ၅ နာရီ(မိန်းဂျေး)ပိတ်ချိန် ပြန်ထွက်ခဲ့၏။ ညေ့ရိပ်သာဆောင်တွင် ကျွန်ုပ်တို့အား သီတင်းသုံးစေ၏။ ကပ္ပိယအဖြစ် ဝန်ထမ်း(လူပျိုခေါင်း) ရဲထွန်းကို ထားပေး၏။ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စများ အကုန်စီစဉ်ပေး၏။ ဓမ္မကထိက ရဟန်းတစ်ပါးက ထောင်တွင်းတရားပြ၍ "လာဘ်လာဘ မည်သို့ရှိသနည်း"ဟု မမေးသင့်သော မေးခွန်းမျိုး မေးလာသေး၍ "မရပါ"ဟုပင် ဖြေခဲ့ရ၏။ မိမိကပင် လှူနိုင်လျှင် ပြန်လှူသင့်သောနေရာ ဖြစ်ပါ၏။

တရားစခန်းဝင် ယောဂီငါးဦးလောက်ကိုလည်း တရားစစ်ပေးခဲ့ပါ၏။ အကျဉ်းသားယောဂီအများစု၏ စိတ်တွင် မတရားသော ဥပဒေပုဒ်မများကြောင့် ထောင်နန်းစံရခြင်းဟု "ဒေါမနဿဝေဒနာ"များ ရှိနေကြောင်း တွေ့ရ၏။ ထို့ကြောင့် အကြောင်းရှိ၍ အကျိုးဖြစ်ရကြောင်း၊ "ပကတူပနိဿယ"ကြောင့် "ဥပနိဿယ"ဖြစ်ကြောင်း ကြုံသလို ရှင်းပြရ၏။ အကောင်းမြင်စိတ်(ယောနိသောမနသိကာရ)ဖြစ်အောင်လည်း တိုက်တွန်းရ၏။ ထောင်ကျသင့်သောကံ ပြုခဲ့ဖူး၍ ထောင်ကျရကြောင်း။ ယခုထောင်မှာ ရဇထောင်ဖြစ်ပြီး ရဇထောင်မှလွတ်လျှင်လည်း သံသရာထောင်ကြီးမှ မလွတ်နိုင်သေးကြောင်း။ ကာမဝစရကုသိုလ်ပြုလျှင် နတ်ဘုံထောင်ကျမည်၊ မဟဂ္ဂုတ်ကုသိုလ် (ဈာန်စိတ်ရအောင်)ပြုလျှင် ဗြဟ္မာဘုံထောင်ကျမည်၊ ဒုစရိုက်(မကောင်းမှု)များပြုလျှင် အပါယ်လေးဘုံထောင်ကျမည်၊ ၃၁ ဘုံကြီးသည် ထောင်အိမ်ကြီးပင်ဖြစ်ကြောင်း ရှင်းပြနေရ၏။

တရားစစ်ပေးသော ယောဂီတစ်ဦးမှာ ၅၅ နှစ်တိုင် ဘုရားရှိခိုး၊ သီလယူ၊ ဥပုသ်စောင့်ခြင်းမျိုး မပြုခဲ့ဖူးကြောင်း။ ယခု မုဒိမ်းမှုနှင့် ထောင်အနှစ် ၂၀ ကျမှ တရားထိုင်ဖူးကြောင်း ပြောပြ၏။ ထောင်ကျ၍ တရားထိုင်ဖြစ်ကြောင်း၊ ကောင်းချက်များကိုသာ တွေးတောတတ်လာကြောင်း သိရ၍ ပင်ပန်းရကျိုးနပ်မိပါ၏။

နေ့လယ်တစ်နပ်စာ (ဆွမ်း)ကျွေးနေစဉ် သတိထားမိသည်မှာ ဘောမဲ့(သက်သတ်လွတ်)စားသော ယောဂီ(အကျဉ်းသား) လေးဦးလည်း ရှိသေး၏။ တရားစခန်းဝင်စဉ်သာ အသားဟင်းစားရမည်မှန်း သိသောလည်း သီလလုံအောင်(လောဘလျှော့)အနာခံသူများ ရှိပါတကား။

ပုသိမ်အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အရာရှိများသည် ထောင်သား ငြိမ်ဝပ်နည်းများထဲတွင် တရားဖြင့် ငြိမ်ဝပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်စေကြောင်း သဘောပေါက်ကြ၍သာ ယခုလို ၅၄ ကြိမ်တိုင် တရားစခန်းလုပ်ပေးခြင်းပါ။ အခြားထောင်များလည်း နမူနာယူ လိုက်လုပ်ကြလျှင် အလွန်အကျိုးများပါမည်။

အသက်ရှင်လျက် သေနေသူများ စာရင်းတွင် ထောင်ကျအကျဉ်းသားများလည်း ပါဝင်သောကြောင့် ယခုခေါင်းစဉ်ကို ပေးလိုက်ပါ၏။

အသက်ရှင်လျက် ရှင်နေသူသာ ဖြစ်အောင် ကြိုးစားစေလိုပါသည်။ အသက်ရှင်လျက် သေနေသူ မဖြစ်အောင်လည်း ဂရုစိုက်စေလိုပါသည်။ သေလျက်သေနေသူ မဖြစ်ကြဘဲ အသက်သေရာမှ ရှင်လာသူများလည်း ဖြစ်စေလိုပါသည်။

ကုသိုလ်(ကောင်းမှု) သုစရိုက်များ ပြုခြင်းဖြင့် အသက်သေရာမှ ရှင်လာသူ၊ အသက်ရှင်လျက် ရှင်နေသူများ ဖြစ်ကြပါစေ။

အကုသိုလ်(မကောင်းမှု) ဒုစရိုက်များပြုပြီး အသက်ရှင်လျက် သေနေသူ၊ အသက်သေလျက် သေနေသူများ မဖြစ်ကြစေရန် နောက်နောင်တွင် ကုသိုလ်ဆက်ဖြစ်အောင် ဆက်တိုက်အားထုတ်ရန်ပြသပေးခြင်းကို ကမ္မဋ္ဌာန်းပေးခြင်းဟူ၏။

အသိသွင်း၊ သတိထားမိသူ

**အရှင်စာရိတ္တ**



www.burmeseclassic.com

# အသက်ရှည်ကြောင်းဂါထာ

## ကျော်သန်း[ဟိုင်းရင်းဆေး]

အသက်ရှည်ရှည် နေလိုပါသလား ဟုမေးလျှင် လူတိုင်းကပင် နေလိုကြောင်း အဖြေပေးကြပေလိမ့်မည်။ အသက်ရှည်ခြင်းသည် အကျိုးတရားဖြစ်၍ အကြောင်းတရားနှင့် မကင်းနိုင်ပါ။ အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်ဆိုသော စကားနှင့်အညီ အသက်ရှည်အောင် မိမိ၏အသိဉာဏ်ကို အသုံးချ၍ အထိုက်အလျောက် ပြုလုပ်ပါက ရရှိနိုင်ပါသည်။

ဆရာဝန် ညွှန်ကြားသည့်အတိုင်း ဆေးဝါးဓာတ်စာ မှန်မှန်စားပေးလျှင် ကျန်းမာနိုင်၏။ ကျန်းမာသည့်အတွက် အသက်ရှည်ခြင်း အကျိုးတရားကို ခံစားနိုင်၏။ ကစားခုန်စား မှန်မှန်ပြုလုပ်ပေးလျှင်လည်း ကျန်းမာနိုင်၏။ ကျန်းမာသည့်အတွက် အသက်ရှည်ခြင်းအကျိုးကို ခံစားနိုင်ပါသည်။ ဤနည်းများသည် လောကဓာတ်နည်းဖြစ်၍ လူတိုင်းသိပြီးဖြစ်ပါသည်။

ဘာသာရေးနည်း၌ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)နိုင်ငံကို ဝသဘအမည်ရှိသော ဘုရင်အုပ်စိုးလျက်ရှိ၏။ ထိုဝသဘဘုရင်သည် ထီးနန်းရစအချိန်တွင် ကြို တင်တိုင်ပင်သည့် သဘောဖြင့် ဗေဒင်တတ်ကျွမ်းသော ပညာရှင်များကို ဆိတ်ကွယ်ရာသို့ခေါ်၍ သူ၏ထီးနန်းသက်ကို တွက်ချက်ခိုင်းလေသည်။ ဗေဒင်ဆရာများက ထီးသက် နန်းသက် ၁၂ နှစ်သာ စံရပြီး အာယုကိန်းပြတ်၍ သေပွဲဝင်ရလိမ့်မည်ဟု တညီတညွတ်တည်း အဟောထွက်ကြသည်။

ဝသဘဘုရင်သည် ဗေဒင်ဆရာများကို မည်သူ့မျှမပြောရန် စကားစောင့်စိမ့်သောငှာ နှုတ်ပိတ်ခအဖြစ် ငွေတစ်ထောင်စီပေး၍ လွှတ်လိုက်လေ၏။

ဝသဘဘုရင်သည် ဗေဒင်ဆရာများလွှတ်လိုက်ပြီးနောက် ကျောင်းတော်သို့ သွားရောက်ကာ ရဟန္တာအရှင်မြတ်ကြီးများထံချဉ်းကပ်၍ အောက်ပါအတိုင်း လျှောက်ထားလေ၏။

"အရှင်ဘုရား . . . တပည့်တော်ကို ဗေဒင်ဆရာများက ၁၂ နှစ်သာ ထီးစံရပြီး အာယုကိန်းပြတ်၍ သေပွဲဝင်ရမယ်ဟု အဟောထွက်ထားပါတယ်။ ဗေဒင်အဟောထက် သာသနာတော်ရဲ့ အဆိုအမိန့်ကိုသာ အလေးအနက်ထားသူဖြစ်ပါတယ်။ သာသနာမှာ အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ ရှိပါက မိန့်ကြားတော်မူပါဘုရား"

ဝသဘဘုရင်၏ လျှောက်ထားချက်အရ ရဟန္တာအရှင်မြတ်ကြီးများက အောက်ပါအသက်ရှည်ကြောင်း ဂါထာကို မိန့်ကြားတော်မူသည်။

အသက်ရှည် ဂါထာ

"ပရိဿဝန ဒါနဉ္စ၊ အာဝါသဒါနမေ စ ဂိလာန ဝတ္တပါနဉ္စ၊ ဒါတဗ္ဗံ မန္ဒုဇာဓိပ၊ ကာဓာဗ္ဗံ ဇိဏ္ဏကာဝါသ၊ ပဉ္စ သိက္ခါရဏံ တထာ၊ ပဉ္စသီလ သမာဒါနံ ကတ္တာတံ သာဓုရက္ခတံ၊ ဥပေါသထူ မဓာသောစ၊ ကာတဗ္ဗော ပေါသဓေ ဣတံ"

"ဝသဘမင်းကြီး အသက်ရှည်လိုပါက အထက်ပါဂါထာပါအတိုင်း ပြုလုပ်ပေးရမည်။

ဂါထာ အဓိပ္ပာယ်


(၁) ရေစစ်ကို ပေးလှူခြင်း၊ (၂) ကျောင်းဆောက်လှူဒါန်းခြင်း၊ (၃) ဆေးပစ္စည်းလှူဒါန်းခြင်း (၄) ဘုရားအိုစသော အဟောင်းအနွမ်းတို့ကို ပြုပြင်မွမ်းမံခြင်း၊ (၅) ငါးပါးသီလမြဲခြင်း၊ (၆) ဥပုသ်နေ့များ၌ ရှစ်ပါးသီလစောင့်ထိန်းခြင်း စသည်ဖြင့် ဤကျင့်ဝတ် ခြောက်ပါးကို လိုက်နာပြုကျင့်ပါ။ ဤသို့ ပြုကျင့်ပါလျှင် အသက်ရှည်ရှည် နေရလိမ့်မည်ဟု မိန့်ကြားတော်မူလေသည်။

ဝသဘမင်းကြီးသည် ရဟန္တာအရှင်မြတ်ကြီး မိန့်ကြားတော်မူသည့်အတိုင်း လိုက်နာပြုကျင့်သောကြောင့် ထီးနန်းသက် ၁၂ နှစ် စံရမည်ဟူသော လောကီဗေဒင်အဟောကို ကျော်လွန်ပြီး ၄၄ နှစ်တိုင်တိုင် ထီးနန်းစံသွားရကြောင်း မဟာဝင်ကျမ်းဂန်၌ အထင်အရှား ပြဆိုထားပါသည်။

ထို့ကြောင့် ဝသဘဘုရင်သည် လောကီဗေဒင်နည်းထက် သာသနာတော်၏ အဆိုအမိန့်ဖြစ်သော ဘုရားနည်းကို ပို၍အလေးဂရုပြုသည်ဆိုသော အချက်ကို သတိပြုကြရန် ဖြစ်ပါသည်။ သို့ဖြစ်၍ အသက်ရှည်ရှည်နေလိုပါက အထက်ပါဂါထာ၌ ပါရှိသော ကျင့်ဝတ်ခြောက်ပါးကို ကျင့်သုံးလိုက်နာကြပါဟု တိုက်တွန်းလိုက်ရပါသတည်း။

ကျော်သန်း(ဟိုင်းရင်းဆေး)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**ယခင်လမှအဆက်**

မန်နေဂျာလုဖေ၏ ကျွန်ုပ်ကို ကြိမ်းဝါးလိုက်၏။ သူ၏စကားမှာ ခြိမ်းခြောက်သံများပါ၏။ သူ၏အကျိုးစီးပွား ထိခိုက်လာလျှင် တကယ်လုပ်မည့်ပုံလည်းပေါ်၏။

"မင်းတို့ မိုးကောင်းလို့ ရွာသမျှ မကြာခင် မရှာနိုင်တော့ပါဘူး"ဟု ကျွန်ုပ်၏ စိတ်ထဲမှ ပြောလိုက်လေ၏။

သစ်လုံးများကို ချပြီးလေပြီ။ သစ်ကို လိုသောအရွယ်အစား ဆိုဒ်မျိုးစုံ ခွဲစိတ်ကြသည်။ အားလုံး အလုပ်လုပ်ကြသည်မှာ သွက်လက်မြန်ဆန်လှသည်။ ကျွန်ုပ်မှာ ဦးကျော်မောင်ကို စောင့်မျှော်လျက်ရှိသည်။ ကျွန်ုပ်တို့ သစ်လုံးများ ကားတစ်စီးစာမျှ ခွဲစိတ်ပြီးချိန်လောက်၌ ကားငယ်တစ်စီး သစ်စက်ထဲဝင်ရောက်လာလေ၏။ မန်နေဂျာလုဖေကမူ သစ်များအမြန်ခွဲစိတ်ပြီးစီးရန်အတွက် အနောက်သစ်စက်မှာ သွားရောက်လောဆော်နေလေ၏။ ထိုကားဝင်လာသည်ကို မသိလိုက်ပေ။ ကျွန်ုပ်မှာမူ သတိထားနေသူပီပီ သိလေ၏။ ကျွန်ုပ် စာရေးမှာထားသူများ ရောက်လာကြလေပြီ။ အားလုံး ဘန်ဂလိုထဲသို့ ဝင်သွားကြ၏။

ဆိုက်ဆိုက်မြိုက်မြိုက် ဖြစ်ချင်တော့ ကျော်ကျော်သည်လည်း သစ်ခွဲစိတ်နေသည်ကို ကြည့်ရန်အတွက် ဆိုင်ကယ်တစ်စီးဖြင့် စက်ရုံတွင်းရောက်ရှိလာလေ၏။ ဤပွဲမှာ ကြည့်ကောင်းမည့်ပွဲတစ်ပွဲ ဖြစ်လေ၏။

"ဟော ကျော်ကျော်ပါလား။ သူဘက်ကြီးဘာလာလုပ်တာလဲ"

"ရှေ့နေဦးကျော်မောင်က ဆီး၍ မေး၏။

ရုတ်တရက်"ဘာပြန်ဖြေရမှန်းမသိပေ။ အမူးများပင် လွင့်ပျောက်သွား၏။ အဘယ်ကြောင့်ဆိုသော် ရှေ့နေ ဦးကျော်မောင်အပြင် ဦးထွန်းလှိုင်နှင့် ပုလိပ်ဖက်မှ အိုင်ပီမြတ်ကောင်းကိုပါ တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။

"ဘာမှမဟုတ်ပါဘူး။ မြို့ထဲက အပြန် ကိုလုဖေဆီ တစ်ချက်ဝင်လည်တာပါ။ ကျွန်တော်တို့က သောက်ဖော်



www.burmeseclassic.com

www.burmeseclassic.com

သောက်ဖက်တွေ မဟုတ်လား။ ကျွန်တော်ကိုလှဖေကို သွားတွေ့လိုက်ဦးမယ်။ ပြောစရာကိစ္စလေးရှိနေလို့"

ပြောပြောဆိုဆို မသူတော်ကျော်ကျော်က မန်နေဂျာလှဖေဆီသို့ ထွက်သွား၏။ ထို့နောက် မန်နေဂျာလှဖေကို တီးတိုး၊ တီးတိုးဖြင့် သဖန်းပိုးထိုးနေလေ၏။ ကျွန်ုပ်မှာ ကျော်ဇင်လတ်က ကျွန်ုပ်အားမြင်တွေ့ထားဖူးလေရာ ကျော်ဇင်လတ်မမြင်မမှတ်မိအောင် ခပ်လှမ်းလှမ်းမှနေ၍ကြည့်၏။

ထို့နောက် နှစ်ယောက်သား ဘန်ဂလိုဆီသို့ သွားကြ၏။ ဤအချိန်၌ ကျွန်ုပ်၏ ဇာတိသရုပ်အမှန်ကို ပြသင့်ပြီဟု ယူဆကာ အနောက်မှလိုက်သွား၏။ ဘန်ဂလိုသို့ရောက်ရှိသောအခါ ကျွန်ုပ်ကို မသူတော်ကျော်ကျော်က တွေ့ရှိသွားပြီး မျက်နှာပျက်သွားလေ၏။

"ကိုဗညားပါလား"

မသူတော်ကျော်ကျော် နှုတ်မှထွက်သွား၏။ မန်နေဂျာလှဖေကမူ ကျွန်ုပ်ကို နားမလည်သောအကြည့်ဖြင့် ကြည့်၏။

"ကိုဗညားက ဒီကိုဘယ်လိုလုပ်ရောက်နေတာလဲ"

မသူတော်ကျော်ကျော်က မေး၏။

"ကျွန်တော်က ဒီသစ်စက်ရဲ့အလုပ်သမားပါ။ ဒီသစ်စက်လုပ်ငန်း ဘာဖြစ်လို့ရှုံးရတယ်ဆိုတာ သိချင်လို့ အလုပ်သမားအဖြစ်နဲ့ ဒီမှာညရော၊ နေ့ရော နေတာပါ"

"သစ်စက်လုပ်ငန်းဆိုတာ ရှုံးတဲ့အခါရှုံး၊ မြတ်တဲ့အခါမြတ်ပါပဲ ကိုဗညားရ။ အခုဆိုရင် ကိုဗညားတို့ စက်ကဒီည သစ်လုံးတွေရောက်လာတယ်လေ။ သစ်လုံးလည်းရောက်။ သစ်ယူမယ့်အော်ဒါလည်းရောက်ဆိုတော့ အဆင်ပြေသွားတာပေါ့"

မန်နေဂျာလှဖေမှာ ကြားကဘာမှ ဝင်မပြောသာဘဲ ငေးကြောင်ကြည့်နေ၏။

"ဒီသစ်လုံးတွေက ကျွန်တော်တို့ရဲ့ သစ်လုံးတွေမှ ဟုတ်ရဲ့လားဗျာ"

ကျွန်ုပ်က မည်သို့ဖြေမည်ကို သိလို၍ မေးစမ်းကြည့်၏။ အကယ်၍ သူ၏ သစ်လုံးများဖြစ်ပြီး ဒီမှာ ညဘက်ခိုး၍ လာကြိတ်ခွဲသည်ဟုဆိုလျှင် ကျွန်ုပ်က ရှေ့နေဦးကျော်မောင်နှင့် တရားစွဲနိုင်မည်ဖြစ်၏။ လူကြီးလူကောင်းတစ်ယောက်၊ လုပ်ငန်းရှင်အဖြစ် ခံယူထားသူအဖို့ ဤလိုခိုးကြောင်ခိုးဝှက်အလုပ်ကို လုပ်ခြင်းဖြင့် ဂုဏ်သိက္ခာကျဆင်းစေမည်ဖြစ်၏။ ဂုဏ်သိက္ခာနှင့် သူ၏ပစ္စည်းမည်သို့အလဲအလှယ် လုပ်မည်ကို သိလို၍ မေးလိုက်ခြင်းဖြစ်၏။

"ဒါ ကိုဗညားတို့သစ်လုံးတွေပါပဲ"

"ကိုကျော်ကျော်ပြောတာ ရှေ့နေကြီးတို့ ကြားတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့အားလုံးကြားကြပါတယ်"

"ကျွန်တော်လည်း အိမ်ပြန်လုပ်စရာလေးတွေရှိတယ်။ ညဥ့်လည်းနက်လှပြီမို့ ပြန်ခွင့်ပြုပါခင်ဗျာ"

မသူတော်ကျော်ကျော်က ပြန်ခွင့်တောင်း၏။

"ဟုတ်တာပေါ့၊ ပြန်ပါဗျာ ရပါတယ်"

ကျွန်ုပ်က ပြောလိုက်သည်နှင့် မသူတော်ကျော်ကျော်သည် ဆိုင်ကယ်ကို စက်နှိုးကာ တန်းကနဲ ထွက်သွားလေ၏။

"မန်နေဂျာကြီး သစ်စက်အလုပ်ကို ခဏနားနိုင်းပြီး အလုပ်သမားတွေအားလုံး ကျုပ်ဆီခေါ်ခဲ့ပါ"

ယခင်က ကျွန်ုပ်ကို မတူမတန်ဆက်ဆံကာ ရက်စက်ထားသလောက် အခုမှာမူ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဆိုသလို မန်နေဂျာလှဖေမှာ ခေါင်းညိတ်လေ၏။

"ဟုတ်ကဲ့ ကျွန်တော် သွားခေါ်ပါ့မယ်"

မန်နေဂျာ လှဖေက ကျွန်ုပ်ပြောသည့်အတိုင်း အလုပ်သမားအားလုံးကို ဘန်ဂလိုသို့ ခေါ်လာလေ၏။ ဘန်ဂလိုအတွင်းမှာ လူစုံသွားလေ၏။ ဦးထွန်းလှိုင်က စတင်၍ စကားပြောသည်။

"အားလုံး ထိုင်ပြီးနားထောင်ကြပါ။ ဒီကလူငယ်က ဗညားဦးလို့ခေါ်ပါတယ်။ ကျွန်တော့်ရဲ့ သမီးမေမြမိုးရဲ့ ခင်ပွန်းဖြစ်ပါတယ်။ ဦးထွန်းလှိုင်၏ စကားကိုကြားရသောအခါ အဝတ်အစားနွမ်းနွမ်းဝတ်



www.burmeseclassic.com

www.burmeseclassic.com

ဆင်ထားသော ကျွန်ုပ်ကို အားလုံးကြည့်လိုက်ကြသည်။ ဆက်လက်ပြီး ဒီသစ်စက်လုပ်ငန်းအဝဝကို ဦးစီးလုပ်ကိုင်သွားမယ့်သူ တစ်ယောက်လည်း ဖြစ်ပါတယ်"

ဦးထွန်းလှိုင်က ထိုသို့ပြောပြီး ထိုင်ချလိုက်၏။ ဦးကျော်စွာမှာ စဉ်းစားရခက်သွား၏။ သူသိသူမှာ မိဘမဲ့ မောင်ကျောက်ခဲဟုသာ သိထား၏။ ယခုမှ ဦးထွန်းလှိုင်၏ သမက်ဖြစ်ကြောင်း သိရသောအခါ နားမလည်နိုင်အောင် ဖြစ်ရလေ၏။

"ဟုတ်ပါတယ်။ ကျွန်တော်ဟာ ဗညားဦးပါ။ ဒီသစ်စက်ကို ကျွန်တော် ဦးစီးပြီး ဆက်လုပ်သွားမှာပါ။ ကျွန်တော် မောင်ကျောက်ခဲအသွင်နဲ့ ဒီသစ်စက်ကို ဦးစွာရောက်လာရတာကတော့ ကျွန်တော်ဦးဆောင်မယ့် သစ်စက်ရဲ့ အဆိုးအကောင်းတွေကို သိချင်လို့ စူးစမ်းချင်လို့ဖြစ်ပါတယ်။

"ကျွန်တော်ရောက်တဲ့ ညမှာတင် ဒီက မန်နေဂျာကိုလှဖေနဲ့ ကိုကျော်ကျော်တို့ ပြောခဲ့တဲ့ စကားတွေအကုန်လုံးကြားပါတယ်။ ဘာတွေပြောတယ်ဆိုတာကိုတော့ သူတို့ရဲ့ ဂုဏ်သိက္ခာကိုငဲ့ပြီး ကျွန်တော် မပြောတော့ပါဘူး။ သူတို့ရဲ့ အကြံအစည်က အတော်ပက်စက်လွန်းပါတယ်။ အဘထွန်းလှိုင်တို့ရဲ့ ဘဝတစ်ခုလုံး မှုန့်မှုန့်ညက်ညက်ခြေပစ်မယ့် အစီအစဉ်တွေ ဖြစ်နေပါတယ်။ ကျွန်တော်ပြောတာတွေ ဟုတ်တယ်ရဲ့လား ကိုလှဖေ"

မန်နေဂျာလှဖေမှာ စကားတစ်ခွန်းမျှမပြောနိုင်ဘဲ ခေါင်းငိုက်စိုက်ချထားလေ၏။

"မကောင်းမှုဆိုတာ ဘယ်လောက်ပဲပိပိရိရိ လုံခြုံအောင်ဖုံးဖိထားပေမယ့် အချိန်ကာလတစ်ရပ်အထိပဲ ဖုံးထားနိုင်မယ်ကိုလှဖေ။ တစ်ချိန်ချိန်မှာ အမှန်တရားဆိုတာ ပေါ်လာရစမြဲပါကိုလှဖေ"

အားလုံးငြိမ်သက် တိတ်ဆိတ် နေကြ၏။

"အခု ဆက်လက်ပြီး ဒီသစ်စက်ရဲ့ တစ်နှစ်ပတ်လုံး လုပ်ဆောင်မှု ငွေဝင်ငွေထွက်စာရင်းဇယားကို ကိုလှဖေထံက ယူပြီးကြည့်ရင် မမှန်မကန်လုပ်ကြံထားတဲ့စာရင်းဇယားတွေပဲဖြစ်ဖို့ များပါတယ်။ အဲဒီစာရင်းကို တတ်ကျွမ်းနားလည်သူနဲ့ စစ်ဆေးလိုက်မယ်ဆိုရင် အကုန်လုံးပေါ်လာမှာပဲ။ ပေါ်လာတဲ့အခါကျရင် စာရင်းဇယားကဖော်ပြထားတဲ့ အတိုင်း ကိုလှဖေအပျောက်ရိုက်ထားတဲ့ ငွေကြေးတွေအားလုံး ပြန်လျော်ပေးရပါလိမ့်မယ်။"

မန်နေဂျာလှဖေမှာ စကားလုံးဝပြန်မပြောနိုင်ဘဲ အံကိုသာ တင်းတင်းကြိတ်ထားလေ၏။

အားလုံးသော အလုပ်သမားများ ခင်ဗျား -.

လောကမှာ ဖြောင့်ရင် စားလို့လောက်တယ်။ ကောက်ရင် စားလို့မလောက်ပါဘူး။ အရင်ကတော့ ခင်ဗျားတို့ကို မန်နေဂျာကိုလှဖေက အလုပ်ဖြုတ်ပစ်မှာတွေ၊ လုပ်အားခ တန်ရာတန်ဖိုးမပေးဘဲ ညှဉ်းပန်းထားတာတွေ လုပ်မှာစိုးလို့ အဘထွန်းလှိုင်ကို ဘာမှ မပြောဘဲနေကြတယ်။ အဲ့ဒါဟာ မှားတာပဲ။ တကယ်တမ်း ခင်ဗျားတို့ကို ထမင်းကျွေးတာက အဘထွန်းလှိုင်၊ ခင်ဗျားတို့ရဲ့ အလုပ်ရှင်အစစ်က အဘထွန်းလှိုင်၊ ကိုလှဖေမဟုတ်ဘူး။ ကိုလှဖေအပေါ် သစ္စာရှိဖို့ မလိုဘူး။ အဘထွန်းလှိုင်ကို သစ္စာရှိကြရမှာ။

လောကမှာ သစ္စာတရားဟာ အရေးကြီးတယ်။ ကတိသစ္စာတည်မှ လူရောနတ်ရော ကြည်ညိုတယ်။ ကတိသစ္စာမတည်ရင် တစ်သက်စားရမယ့်နေရာမှာ တစ်နပ်ဘဲ စားကြရလိမ့်မယ်။ အခုအားလုံးကို ကျွန်တော်လမ်းကြောင်းနှစ်ကြောင်းပေးပြီး ကြိုက်ရာလမ်းကြောင်းတစ်ခုကို ရွေးခိုင်းပါ့မယ်။

"ဦးစွာ ကျွန်တော်ပြောလိုတာကတော့ ကတိသစ္စာမတည်တဲ့ မန်နေဂျာကိုလှဖေကို ကျွန်တော်အခု အချိန်ကစလို့ အလုပ်ဖြုတ်လိုက်ပါပြီ။ ကိုလှဖေရဲ့ စာရင်းဇယားတွေကိုလည်း မစစ်ဆေးတော့ဘူး။ ဖြစ်ပျက်ခဲ့သမျှအားလုံးကိုလည်း သင်ပုန်းချေပြီးပါပြီ။ ကိုလှဖေရှေ့ဆက်မယ့်ဘဝမှာ မှန်မှန်ကန်ကန်လျှောက်လှမ်းနိုင်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ကိုလှဖေမှာ အရင်က



www.burmeseclassic.com

www.burmeseclassic.com

ဘာအခြေအနေမှ မရှိဘူး။ အခုတော့ ဘထွန်းလှိုင်ပေါ် အကောက်ကြံ အမြတ်ထုတ်လို့ရထားတဲ့ သစ်စက်ငယ် ရှိနေပြီမဟုတ်လား။ ကိုယ့်သစ်စက်နဲ့ ကိုယ် ရှေ့ကိုဆက်လျှောက်နိုင်နေပါပြီ။ ဒါပေမယ့် စိတ်ကောင်းလေးမွေးပြီး လုပ်ဆောင်မှသာ ရှေ့ခရီးလမ်း ဖြောင့်မှာဖြစ်တယ်ဆိုတာ ကျွန်တော်ပြောကြားလိုပါတယ်။ ကိုလှဖေ အခုအချိန်ကစပြီး ဒီသစ်စက်ဝင်းထဲကနေ ထွက်ခွာနိုင်ပါပြီ။

မန်နေဂျာလှဖေမှာ မည်သို့မျှ စောဒကမတက်နိုင်ပေ။ နှစ်နာကြေးဟူ၍လည်း တောင်းရန်ခက်နေသည်။ ကျွန်ုပ်ပြောသောစကားများမှာ ထောင့်စေ့နေ၍ သူက တစ်ခွန်းပြောသည်နှင့် ကျွန်ုပ်ကဆယ်ခွန်းမက ပြန်ပြောနိုင်သည်ကို ရိပ်စားမိသောကြောင့်ဖြစ်၏။

မန်နေဂျာလှဖေသည် တောက်ခေါက်၊ ဖနောင့်ဆောင့်ကာ ခြေသံပြင်းပြင်းဖြင့် ထွက်သွား၏။ ကျွန်ုပ်သည် ကိုလှဖေမှာ မာန်စွယ်မကျိုးသေးဘဲ ဆက်လက်အန္တရာယ်ပြုနိုင်သောသူဟု စိတ်တွင်းမှ တေးမှတ်ထားလိုက်၏။

"အားလုံးကျွန်တော်နဲ့ သစ္စာရှိရှိ လက်တွဲလုပ်မယ့်သူဆိုရင် နေခဲ့ပါ။ ကိုလှဖေနဲ့ အလုပ်ဆက်လုပ်ချင်တယ်ဆိုတဲ့သူတွေက ကိုလှဖေရဲ့နောက်ကို လိုက်သွားကြပါ"

သုံးယောက်ခန့် ကိုလှဖေ၏နောက်သို့လိုက်သွားကြလေ၏။

"ကျန်တဲ့သူတွေဟာ ကျွန်တော်နဲ့ အတူအလုပ်လုပ်ကြမယ့် သူတွေဆိုတော့ အလုပ်ကို ကြိုးစားကြပါ။ ကြိုးစားရင် ကြိုးစားသလို ကျွန်တော်ချီးမြှင့်မြှောက်စားမှာပါ။ ညဘက်အလုပ်လုပ်ရတာ အိပ်ရေးပျက်ပါတယ်။ ကျွန်တော်တို့ နေ့ဘက်မှာပဲ အလုပ်လုပ်ကြမယ်။ မနက်ဖြန်ကျရင် လူသစ်စိတ်သစ်နဲ့ အလုပ်ဆင်းကြပါ။ ပြန်မယ့်သူတွေ ပြန်နိုင်ကြပါပြီ။ မပြန်ဘဲ ဒီမှာအိပ်မယ်ဆိုရင်လည်း အိပ်လို့ရပါတယ်။ ကျွန်တော်ပြောချင်တာကတော့ ဒါပါပဲ"

ကျွန်တော်၏ စကားဆုံးသောအခါ ရှေ့နေ ဦးကျော်မောင်နှင့် အိုင်ပီမြတ်ကောင်းတို့က ဦးစွာ လက်ခုပ်စတီးလိုက်သည်။ ကျန်တဲ့သူတွေကလည်း အားလုံး လက်ခုပ်လိုက်တီးကြလေ၏။

"ကျွန်တော်အားလုံးကို အလုပ်သမားအနေနဲ့မဟုတ်ဘဲ ကျွန်တော်ဒီညကစပြီး ဒီစက်ရုံကို ဦးစီးလုပ်ကိုင်တဲ့အနေနဲ့ တစ်ဦးကို ငွေ ၅၀ဝိ/-စီမေတ္တာနဲ့ပေးပါတယ်။ လာယူကြပါ"

ဦးထွန်းလှိုင်က ၅၀ဝိ/-တန် ငွေစက္ကူတစ်ထပ်ကို လာပေးရာ တစ်ဦးကို တစ်ရွက်စီ ဝေလိုက်လေ၏။

"အားလုံး ခင်ဗျာ၊ ငွေ ၅၀ဝိ/-ဟာ တစ်လအလုပ်မလုပ်ဘဲ ထိုင်စားနိုင်တဲ့ငွေပါ။ အထက်တန်းစာရေးတစ်ယောက်တောင် လခ ၃၀ဝိ/-ကျော်ကျော်ပဲရရှိတဲ့အချိန်မှာ ကျွန်တော်ပေးတာပါ။ ငွေရပြီးရင် မနက်ဖြန်တစ်ရက် အလုပ်နားမယ်။ နောက်တစ်နေ့မှ အလုပ်ဆင်းကြမယ်။ ကျွန်တော့်ရဲ့ အလုပ်သမားအားလုံးဟာ တစ်ညကို နှစ်ယောက်အလှည့်ကျ သစ်စက်ကို ညအိပ်စောင့်ပေးကြရမယ်။ သဘောတူကြရဲ့လား"

"သဘောတူပါတယ်"

အားလုံး အသံတစ်ပြိုင်တည်း ထွက်လာကြ၏။

"ပြန်နိုင်ကြပါပြီ"

အလုပ်သမားများ ဝမ်းသာအားရ ပြန်သွားကြသည်။

"မောင်ဗညားက အတော်ဉာဏ်များသားပဲ။ ကျုပ်တို့ပုလိပ်ဖက်က တွေးသလိုမျိုး အတွေးတွေ မောင်ဗညားမှာ ရှိနေတယ်။ ဒီလိုမျိုး အတွေးတွေဘယ့်လိုရသလဲ"

အိုင်ပီမြတ်ကောင်းက ကျွန်ုပ်ကို မေးလေ၏။

"ဒီအတွေးတွေက ကျွန်တော့်ရဲ့ ဆရာသခင်က လမ်းညွှန်တာ။ ဆရာသခင်လမ်းညွှန်တဲ့အတိုင်း ဆောင်ရွက်လိုက်တာပါပဲ။ ဆရာသခင်က ဘာခုနစ်လုံးနဲ့ ကျွန်တော့်ကို လမ်းညွှန်ပေးခဲ့ပါတယ်"

"မောင်ရင်လုပ်လိုက်တာ တစ်ချက်ခုတ်လေးချက်လောက် ပြတ်တယ်။ မကြာခင် ဦးပညာဗလရဲ့ ပတ္တမြားကြီးကို မောင်ရင်ပြန်ရွေးယူနိုင်လိမ့်မယ်လို့ ဦး



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်တယ်။ ပတ္တမြားကို ပြန်ရွေးနိုင်အောင်ကြိုးစားပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်ခေါင်းထဲမှာ ပတ္တမြားကြီးကို ပြန်ရွေးဖို့ အမြဲတမ်းစိတ်ရှိနေပါတယ်"

"ဦးတို့ကိုလည်း ဗညားရဲမိတ်ဆွေလို သဘောထားပါ။ လိုအပ်တဲ့ အကူအညီရှိရင် အချိန်မရွေးပြောပါ"

အိုင်ပီမြတ်ကောင်းက ပြောလိုက်လေ၏။

"သား အဖေတို့နဲ့ အခုပြန်လိုက်မလား"

ဦးထွန်းလှိုင်က မေး၏။ ဦးကျော်စွာက ကျွန်ပ်မည်သို့ အဖြေပေးမည်ကို စေ့ကြည့်နေ၏။

"ကျွန်တော်ပြန်မလိုက်သေးဘူး ဖေဖေ၊ မိုးကိုသာ ကျွန်တော်ကျန်းမာတယ်လို့ ပြောလိုက်ပါ။ ကျွန်တော်တစ်ပတ်နှစ်ပတ်ကြာမှ ပြန်လာမယ်။ ဒီမှာ စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမှာမို့ပါ"

"ဒါဆိုရင် အဖေတို့ပြန်တော့မယ်"

ဦးထွန်းလှိုင်၊ အိုင်ပီမြတ်ကောင်းနှင့် ရှေ့နေ ဦးကျော်မောင်တို့ ပြန်သွားကြလေ၏။

(၄)

"အစ်ကိုကျောက်ခဲ"

မြနှင်းနွယ်က အဝတ်များကို မီးပူတိုက်ရင်းမှ ခေါ်လေ၏။

"ဘာတုန်း ညီမလေး"

"မြနှင်းနွယ် တစ်ခါတစ်ခါ စဉ်းစားနေတယ်သိလား"

"ဘာတွေ စဉ်းစားတာလဲ"

"အစ်ကိုကျောက်ခဲ မြနှင်းနွယ်တို့နဲ့ တစ်သက်လုံး နေသွားရင်ကောင်းမယ်လို့"

"ညီမလေးက အိမ်ထောင်မပြုတော့ဘူးလား"

"အစ်ကိုကျောက်ခဲလို ရိုးသားတဲ့ သူမျိုးဆိုရင်တော့ ပြုမှာပေါ့။ အစ်ကိုကျောက်ခဲကရော ဘယ်လိုမျိုးကို ရွေးမလို့လဲ"

"ပြောမတတ်ပါဘူး ညီမလေးရာ"

ဦးကျော်စွာက သူတို့ပြောသော စကားများကို ကြားနေရ၏။ သမီးသည် မောင်ကျောက်ခဲအပေါ် အတော်လေး တွယ်တာ၍နေပြီ။ မောင်ကျောက်ခဲသည် လူပျိုမဟုတ်၊ သူဌေးသမက်ဟု များသိသွားလျှင် သမီးမြနှင်းနွယ် အတော်ခံစားရလိမ့်မည်ဟုထင်၏။ ဤသည်ကို မောင်ကျောက်ခဲကလည်း ထုတ်မပြောရက်။ သူကလည်း ထုတ်မပြောရက်ဖြင့် မြနှင်းနွယ်အတွက် စိတ်မကောင်းဖြစ်မိရလေ၏။

"မနက်ဖြန်ကျရင် အစ်ကိုကျောက်ခဲနဲ့ ကျိုက်သလွန်ဘုရား သွားဖူးချင်တယ်။ လိုက်ပို့နော်၊ ညီမတို့ ဈေးပိတ်တယ်"

"ဘာသွားလုပ်မှာလဲ ညီမလေးရာ ကိုယ့်အိမ်မှာလည်း ဘုရားရှိသားနဲ့"

"ဟင်အင်း...သွားမှာပဲ၊ ညီမလေးက အစ်ကိုကျောက်ခဲကို ဘုရားမှာ သစ္စာဆိုခိုင်းမလို့"

"ဘာတွေ သစ္စာဆိုခိုင်းမလို့လဲ"

"ညီမလေးတို့နဲ့ တစ်သက်လုံးမခွဲမခွာနေပါ့မယ်လို့"

"သစ္စာဆိုစရာလိုသေးလို့လား၊ အခုလည်းအစ်ကိုကျောက်ခဲ ညီမလေးတို့နဲ့ အတူ နေတာပဲဟာ"

"ညီမလေးတစ်ခါတစ်ခါ တွေးနေမိတယ်သိလား။ အစ်ကိုကျောက်ခဲ ညီမလေးတို့ကို ခွဲခွာသွားရင် ညီမလေး အတော်နေရခက်မှာပဲလို့၊ ဘာပဲဖြစ်ဖြစ် မနက်ဖြန်တော့ ညီမလေးကို ကျိုက်သလွန်ပို့ပေးရမယ်နော်"

"အင်းပါ ညီမလေးသွားမယ်ဆိုရင်လည်း ပို့ပေးရတာပေါ့"

"ဒါမှ အစ်ကိုကျောက်ခဲ"

မြနှင်းနွယ်မှာ ပျော်သွားလေ၏။ မြနှင်းနွယ်က ပျော်သွားပေမယ့် ကျွန်ပ်မှာ ရင်မောရပါလေ၏။ ဤနှောင်ကြိုးလေးတစ်မျှင်ကို သူမည်သို့ ဖြတ်ရမည်မသိတော့ပါချေ။ နောက်တော့လည်း အဖြစ်မှန်ကို သိသွားပါလိမ့်မည်။ အဖြစ်မှန်ကို သိသွားသောအခါ . . .

ကျွန်ပ် ဆက်မတွေးဝံ့တော့ပါချေ။

လောလောဆယ်တွင် မတော့ မြနှင်းနွယ်မှာ ပျော်ရွှင်နေလေ၏။

စာစု (၁၃)

## ဖြိုးဖြိုးပြည့်ဖြည့်

(၁)

မြနှင်းနွယ်သည် မိုးမလင်းခင်ကတည်းက ချက်ပြုတ်၏။ ပြီးလျှင် ချိုင့်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ထည့်၏။ ဖီးလိမ်းပြင်ဆင်၏။ ကျွန်ုပ်ဝတ်ဆင်ရန် အဝတ်အစားများကိုလည်း ရွေးချယ်ပေး၏။ မြနင်းနွယ်မှာ နဂိုက လှပြီးသားဖြစ်၏။ ဖီးလိမ်းပြင်ဆင်လိုက်သောအခါ ပို၍လှလာလေ၏။

"အစ်ကိုကျောက်ခဲတို့ နှစ်ဦးတည်း သွားကြမှာလား၊ အဘရောမပါဘူးလား"

"အဘက အိမ်စောင့်ရမယ်လေ"

"နှစ်ယောက်တည်းသွားလို့ သင့်ပါ့မလား၊ ညီမလေးရ၊ သူများတွေမြင်ရင် တစ်မျိုးထင်နေပါဦးမယ်"

"ထင်တော့ရော ဂရုစိုက်စရာလား။ ဒီက မိန်းကလေးပါနော်၊ ဆန်ကြမ်းက လာမစေးနေနဲ့၊ ကဲ...ဆင်ခြေတွေပေး မနေနဲ့ သွားကြမယ်"

ကျွန်ုပ်မှာ မည်သို့မျှ ပြော၍ အကြောင်းထူးလာမည်မဟုတ်၍ မြနင်းနွယ်နှင့်အတူ ကျိုက်သလွန်သို့ လိုက်ပါသွားရလေ၏။ ဘုရားပေါ်တက်သော လှေကားထစ်များကို တက်သောအခါ မြနင်းနွယ်က ကျွန်ုပ်၏ လက်များကို တွဲ၍တက်လေ၏။ လွန်စွာ ပျော်ရွှင်ကြည်နူးနေပုံရလေ၏။ မြနင်းနွယ်၏ ပျော်ရွှင်ကြည်နူးမှုမှာ ဘုရားရင်ပြင်သို့ ရောက်သောအခါ ပျောက်ဆုံးသွားရလေ၏။

"ဗညား..."

မိုး၏ခေါ်သံကို ကြားလိုက်ရ၏။ သူကြည့်လိုက်သောအခါ မိုးရော၊ ဒေါ်သူဇာမိုးကိုပါ တွေ့လိုက်၏။ မေမြမိုးက သူတို့ဆီသို့ အလျင်အမြန်လာလေ၏။ မြနင်းနွယ်မှာ ဘာမှမသိရှာဘဲ ကျွန်ုပ်၏ လက်ကိုတွဲထားဆဲဖြစ်၏။

"ဗညား ဘာတွေလျှောက်လုပ်နေတာလဲ၊ ကိုယ့်မိန်းမဆီတောင် ပြန်မလာနိုင်အောင် အသစ်တွေ့နေတာကိုး။ မိုးကတော့ ဗညားတစ်နေ့ပြန်လာနိုးနဲ့ မျှော်လိုက်ရတာ၊ ဗညားပြန်လိုက်ခဲ့ပါ"

မေမြမိုးက ကျွန်ုပ်ကိုပြောလေ၏။

"အစ်မ လူမှားတာဖြစ်မယ်၊ ဒါ အစ်မပြောတဲ့ ဗညားဆိုတာမဟုတ်ဘူး။ အစ်ကို့နာမည်က ကျောက်ခဲ၊ အစ်ကိုကျောက်ခဲသိရဲ့လား၊ လာ အစ်ကိုကျောက်ခဲ သွားမယ်"

မြနင်းနွယ်က အတင်းဆွဲခေါ်၏။ မြနင်းနွယ်ခေါ်ရာသို့ ကျွန်ုပ်မှာ ဒရွတ်ဆွဲသလိုပါသွား၏။ မေမြမိုးက ထက်ကြပ်မကွာလိုက်လာ၏။

"ညီမ ဒါဟာ အစ်မရဲ့ခင်ပွန်းပါ။ အစ်မဟာ ဦးထွန်းလှိုင်၊ ဒေါ်သူဇာမိုးတို့ရဲ့ တစ်ဦးတည်းသော သမီးပါ။ ကျောက်ခဲ ဆိုတာလည်း မှန်ပါတယ်။ အစ်မတို့ရဲ့ သစ်စက်က အရှုံးပေါ်နေလို့ ဗညားက ကျောက်ခဲအမည်နဲ့ လုပ်ရှားတာပါ။ ညီမလေး မေးကြည့်ပါ။

"ဟင့်အင်း မဖြစ်နိုင်ဘူး။ အစ်ကိုကျောက်ခဲ ဒီကအစ်မပြောတာ မဟုတ်ဘူးမို့လား။ မဟုတ်ဘူးလို့ပြောလိုက်လေ"

ကျွန်ုပ်မှာ မိုးနှင့် နွယ်အကြား၌ မည်သို့ဖြေရှင်းရမည်မသိဖြစ်နေ၏။

"သုမန"

ထိုသို့ အကြပ်တွေ့နေစဉ် သုမနဟုခေါ်သံကို ကြားလိုက်ရ၏။ ကျွန်ုပ်ကို သုမနဟုခေါ်သူမှာ တစ်ဦးတည်းသာ ဖြစ်လေ၏။ ထိုသူမှာ ဆရာသခင်မှအပ မည်သူမျှ မဖြစ်နိုင်ပေ။ မေမြမိုးကလည်း အသံလာရာသို့ ကြည့်လိုက်၏။ သုမနှင့်အတူ ကိုဗညားကို လူ့လောကထဲသို့ လွှတ်ပေးလိုက်သော ဖူးစာရှင် ဘုရသေ့ ဖြစ်နေသည်ကို တွေ့ရလေ၏။

"သုမရော၊ သမီးမိုးပါ လာကြ။ သမီးငယ်လေးလည်း အဘရဲ့ဆီကို လာကြ"

အားလုံးက သစ်ခေါက်ဆိုးဝတ်ရုံ ဝတ်ထားသော ဘုရသေ့ထံသို့ မိမိတို့ကိစ္စအား ခေတ္တရပ်ထားကာ သွားပြီး ထိုင်၍ ဦးချလိုက်ကြလေ၏။

"အဘရယ် ပြန်မတွေ့ပါဦးမလားလို့"

"အရေးအကြောင်း ကြုံတော့လည်း အဘရောက်လာရတာပေါ့ကွယ်" ကဲ ပြောစရာရှိတာတွေ အဘပြောမယ် နားထောင်ကြ။

အစရှိရင် အဆုံးဆိုတာရှိတယ်ကွဲ့၊ အစကောင်းမှ အဆုံးလည်းကောင်းမှာ၊ စနဲ့ဆုံးဟာ အဂ္ဂါနဲ့ အက္ခရာတွေ၊ အဂ္ဂါနဲ့ဂြိုဟ်ဟာ အဝိုက်အခိုက်ဂြိုဟ်ကွဲ့၊ ဘဝဆိုတာ စတာနဲ့ တိုက်ပွဲတွေနဲ့ စတာပါပဲ။ အဲ့ဒါကို မှန်မှန်ကန်ကန်နဲ့ နိုင်အောင်တိုက်ကြရမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟစ်ယောက်နဲ့တစ်ယောက် ဒီဘဝမှာ လာဆုံကြတယ်ဆိုတာဟာလည်း ရေးရေစက်ကြောင့် လာဆုံကြရတာ၊ လာတွေ့ဆုံကြတဲ့ အခိုက်မှာတစ်ယောက်နဲ့တစ်ယောက် အမုန်းမပွားကြစေချင်ဘူး။

တစ်ယောက်နဲ့တစ်ယောက် ဖြိုအောင်ပျက်အောင် မဖြိုရဘူး၊ မဖျက်ရဘူး။ တစ်ယောက်နဲ့တစ်ယောက် ပြည့်အောင်ဖြည့်ပေးကြရမယ်။ အဘက ဒီကလူလေးကို ပြည့်အောင်ဖြည့်ပေးနေတာ၊ အဲ့ဒီလို ပြည့်အောင် ဖြည့်ပေးခြင်းအတွက် အဘမှာ ဆုံးရှုံးနစ်နာမှုတွေ အများကြီးရရှိတယ်။ အဘရဲ့လမ်းစဉ်ကို ဖြောင့်အောင်သွားလို့မရဘူး။

လူလေးက ဟောဒီသမီးကြီးကို ဖြည့်ပေးနေတာ၊ သမီးကြီးတို့ရဲ့ဘဝကို ဖြိုအောင်ဖြိုတဲ့သူကြောင့် ပျက်ရမယ့်ဆဲဆဲမှာ ပြန်ပြည့်အောင် ဖြည့်ဖို့ကယ်တင်ဖို့ သမီးကြီးဆီကို လူလေးကိုလွှတ်လိုက်တာ၊ သမီးငယ်ကျပြန်တော့ လူလေးကို ပြည့်အောင်ဖြည့်ပေးပြန်တယ်။ နောက်လည်း သမီးငယ်က လူလေးကို အများကြီးဖြည့်ပေးရဦးမှာ။ ဒီအတွက် သမီးငယ် ဆုံးရှုံးနစ်နာမှုကြုံရပေမယ့် သည်းခံပါသမီးငယ်။

နောက်ပိုင်းကျရင် သမီးငယ်ဇာတ်ရည်လည်သွားပါလိမ့်မယ်။ လူလေးကို ငင်းကျိုက်တောင်က မထွက်ခွာခင်မှာ အဘပေးလိုက်တဲ့စာအုပ်ရှိတယ်မဟုတ်လား။ အဲ့ဒီစာအုပ်ဟာ လူလေးကိုလမ်းညွှတ်ချက်တွေ ပြီးသွားပြီ။ သမီးငယ်ကို လမ်းညွှန်ချက်တွေရှိတယ်။ စာအုပ်ကို သမီးငယ်ဆီ ပေးလိုက်လူလေး။ လူလေးပေးတဲ့စာအုပ်ကို သမီးငယ်ဖတ်ပြီးတဲ့အခါ သမီးငယ်ဟာ လူလေးကိုပြည့်အောင် ဘယ်လိုပါရမီဖြည့်ပေးရမလဲဆိုတာသိလာလိမ့်မယ်။ ဒါပါပဲ၊ အဘနောက်နှစ် ဒီအချိန်မှာ လာခဲ့ပါဦးမယ်"

"ပြောပြောဆိုဆို ဆရာသခင်က ထ၍လျှောက်သွားလေ၏။ ကျေးဇူးကြီးလှပါတယ် အဘရယ်။ မိုးနဲ့နွယ်ရဲ့ကြားမှာ မဖြေရှင်းပေးနိုင်တဲ့ ပြဿနာကို လာပြီးဖြေရှင်းသွားပေးတယ်"ဟု စိတ်ထဲမှပြောကာ မျက်ရည်တဝဲဝဲဖြင့် အဘကိုကန်တော့ရင်း အဘမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

မြနှင်းနွယ် သိပါပြီ အစ်ကိုကျော်ခဲ့ရယ်။ မမမိုးက ညီမလေးထက်ဦးတဲ့သူပါ အနိုင်ရတဲ့သူပါ။ မြနှင်းနွယ်ရင်ကွဲရစေတော့၊ မြနှင်းနွယ်ရဲ့စိတ်ကို မြနှင်းနွယ် ဖြေယူပါတော့မယ်။ မမမိုးအပေါ် ပြောမှားဆိုမှားတွေအတွက် ခွင့်လွှတ်ပါ။ အစ်ကိုကျော်ခဲ့ မမမိုးနဲ့ ပဲပြန်လိုက်သွားပါတော့၊ မြနှင်းနွယ်ကသိုလ်ဆိုးပါတယ်။ အစ်ကိုကျော်ခဲ့ကို မမမိုးရဲ့နောက်မှ တွေ့ရတယ်။ အစ်ကိုကျော်ခဲ့တို့ ညီမလေးနောက်က မလိုက်လာကြနဲ့နော်၊ လိုက်လာကြရင် ညီမလေး ဒီဘုရားရင်ပြင်ကနေ ခုန်ချပြီးသေလိုက်မှာ။ ညီမလေး သိပ်ခံစားနေရလို့ပါ"

"မြနှင်းနွယ်မှာ မျက်ရည်လည်ဝဲဖြင့် ပြေးထွက်သွား၏"

"ညီမလေး၊ အစ်ကိုကျော်ခဲစကားနည်းနည်းပြောချင်လို့"

မြနှင်းနွယ်ကား လှည့်မကြည့်ပါလေတော့။

မိုးရေ၊ သွားပြီ နောက်မှ မိုးကို အေးအေးဆေးဆေး ကိုဗညားရှင်းပြမလို့ မြနှင်းနွယ်ဟာ သိပ်သနားစရာကောင်းဖို့ဖြစ်နေပြီ မိုးရယ်။ ငယ်ငွယ်သေးတော့ ပိုခံစားရလိမ့်မယ်။ သစ်စက်မှာ ဗညားက ကျော်ခဲ့အမည်နဲ့ နေတဲ့အချိန်မှာ သစ်ထမ်းရင်း သစ်ပြုတ်ကျလို့ ခြေထောက်မှာ ဒဏ်ရာရခဲ့တယ်။ ညီမလေးက ပြုစုစောင့်ရှောက်ကျွေးမွေးထားတာ၊ အကယ်၍ ခြေထောက်နာတာကို မိုးဆီပြန်လာကရင် ကိုဗညားကို သူတို့က မိုးရဲ့ယောက်ျားမှန်း သိသွားနိုင်တယ်။ အဲ့ဒီလိုသိသွားရင် ကိုဗညားသိချင်တာ သိခွင့်ရတော့မှာ မဟုတ်ဘူး။ အဲ့ဒီလိုမသိရင် မိုးတို့ကို ကိုဗညားကယ်နိုင်မှာ မဟုတ်တော့ဘူး။

မန်နေဂျာလုဖေနဲ့ ကျော်ကျော်တို့က အပေါင်းအဖော်တွေ၊ မိုးတို့မိသားစုရဲ့ဘဝကို အကောက်ကြံပြီး ဖျက်ဆီးတာ၊ မိုးတို့မိသားစုဘဝ ပျက်ရင် မိုးကို အပိုင်သိမ်းမှာ။ သိမ်းပြီးရင်လည်း ကျော်ကျော်ကမိန်းမပွေတော့ မိုးကို သစ္စာရှိမှာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ မိန်းမရုပ်ဦးမှာပဲ။ ဒါတွေ အကုန်လုံး မာလီကြီးပြောပြသွားတယ်။ အဲ့ဒီလို မဖြစ်ရအောင် မာလီကြီးက ပတ္တမြားနဲ့ စီစဉ်ခဲ့သေးတာပဲ။

"ဗညားက ကျောက်ခဲအသွင်နဲ့ နေတဲ့ကာလမှာ ပတ္တမြားကိုလည်းပိုင်၊ ဗညားလည်း မိုးတို့ဆီက စွန့်ခွာထွက်ပြေး မိုးကိုလည်း သိမ်းပိုက်လို့ရအောင် ထပ်ပြီး အမျိုးမျိုးကောက်ကျစ် စီးပွားပျက်အောင်လုပ်ကြဦးမယ့် အစီအစဉ်တွေကို သိလာရတယ်။ ညီမလေးရဲ့ ဖေဖေ ဦးကျော်စွာနဲ့ ညီမလေးတို့ရဲ့ အကူအညီနဲ့ ယူတို့ရဲ့ အကြံအစည်ပျက်အောင်လုပ်နိုင်ခဲ့တာပါ။ ညီမလေးရဲ့ ကျေးဇူး မိုးတို့အပေါ်မှာ ကြီးမားလှပါတယ်။

ဗညားကို ညီမလေးက သံယောဇဉ်တွယ်နေတော့ ရတ်တရက် မိုးနဲ့ ဗညား အိမ်ထောင်ကျနေတာကို ပြောမထွက်ဘူး။ ဖြည်းဖြည်းချင်း အသိပေးပြီး ညီမလေးရဲ့ စိတ်တွေ တည်ငြိမ်ရင့်ကျက်မှ မိုးဆီပြန်လာမလို့ စီစဉ်ထားတာ"

ကျွန်ုပ်က ရှည်လျားစွာ ရှင်းပြလိုက်မှ မိုးသဘောပေါက်သွား၏။

"ဒါဆိုရင် ညီမလေးဟာ သနားစရာပေါ့နော်"

"ဟုတ်တယ်မိုး"

"အစ်ကိုကျောက်ခဲ ညီမလေးဆီ လိုက်သွားလေ"

"မရဘူး။ ညီမလေးဟာ စိတ်ထက်တယ်။ အခုနေခါမှာ ဗညားသွားရင် ပိုဆိုးသွားမယ်။ ဗညားရဲ့ဆရာသခင် ပေးထားတဲ့ စာအုပ် ညီမလေးကို ပေးဖတ်လိုက်ရင် အဆင်ပြေသွားမှာပါ။ ပြန်ကြစို့"

ကျွန်ုပ်တို့မှာ မြနှင်းနွယ်အတွက် စိတ်မကောင်းစွာဖြင့် ပြန်ခဲ့ကြလေ၏။

(၂)

"မုန်းတယ်။ အစ်ကိုကျောက်ခဲကို မုန်းတယ်"

အစ်ကိုကျောက်ခဲ မြနှင်းနွယ်ကို ညာတယ်"

မြနှင်းနွယ်မှာ ဘုရားမှပြန်လာပြီး အိမ်ခန်းထဲဝင်မှောက်အိပ်ကာ ငိုယိုရင်း ခေါင်းအုံးကို ထုရိုက်လျက်ပြောနေ၏။

"ဘာဖြစ်လာပြန်တာလဲ သမီးရယ်"

"အစ်ကိုကျောက်ခဲမှာ မိန်းမရှိတယ်အဘရဲ့ အခု သူ့မိန်းမဆီ ပြန်သွားပြီလေ။ မြနှင်းနွယ်မှာတော့ အစ်ကိုကျောက်ခဲအပေါ် စေတနာတွေထားလိုက်ရတာ၊ အခု အဲ့ဒီစေတနာတွေက မြနှင်းနွယ် ရင်ကွဲရပြီအဘရဲ့ အစ်ကိုကျောက်ခဲကို အဘခေါ်လာလို့ မြနှင်းနွယ် ဒီလိုခံစားရတာ သိလား အဘ"

"ကံအကြောင်းပေါ့ သမီးရယ်"

"သမီး ဒီမှာ မနေတော့ဘူး အဘ၊ သမီး ဒီမှာနေရင် အစ်ကိုကျောက်ခဲနဲ့ အတူ နေခဲ့တာတွေ ပြန်စဉ်းစားမိနေမှာ။ အစ်ကိုကျောက်ခဲကို မေ့နိုင်အောင် အဘရဲ့ ညီမတွေနေတဲ့ဆီ ပြောင်းမယ်"

"အလျင်စလို မလုပ်ပါနဲ့ ကိုယ့်စိတ်ကိုယ်ဖြေမှပေါ့"

"ပြောင်းမှဖြစ်မယ် အဘရေ။ မနက်ဖြန် ဆိုင်ထွက်ရင်း စပယ်ဖြူတို့ကို ခေါ်လာပြီး ပစ္စည်းသိမ်းမယ်။ သဘက်ခါ ဒီကထွက်မယ်"

ဦးကျော်စွာမှ သမီးအတွက် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ဘာမှမပြောတော့ဘဲ သမီးငိုယိုနေသည်ကိုသာ ငေးကြည့်နေမိတော့၏။

(၃)

နံနက် ဝေလီဝေလင်းမှာ ဦးကျော်စွာ ရောက်ရှိလာ၏။

ဦးကျော်စွာ၏ မျက်နှာက ရွှင်ရွှင်လန်းလန်းမရှိလှပေ။

"အဘ အစောကြီးရောက်လာပါလား။ ညီမလေး ဘာဖြစ်လို့လဲ"

"မင်း ညီမ ဒီနေ့ ဒီမြို့ကနေပြောင်းတော့မလို့တဲ့၊ အထည်ဆိုင်ကိုလည်း ပိတ်ပစ်ခဲ့တယ်။ စပယ်ဖြူဆိုလား အဲ့ဒါကိုရောင်းခိုင်းထားတယ်"

"ညီမလေးတစ်ယောက်တော့ ခက်တာပဲ၊ ဘာတွေလျှောက်လုပ်နေလဲ မသိဘူး"

"ဒီမှာနေရင် မင်းနဲ့အတူ နေခဲ့တာတွေ သတိရမှာစိုးလို့တဲ့"

"မိုးရေ၊ ဒီမှာ အဘရောက်နေတယ်"

မေမြမိုးက အိမ်နောက်ခန်းမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ညီမလေးက အဝေးတစ်နေရာကို ပြောင်းတော့မလို့တဲ့၊ အစ်ကို့လွယ်အိတ်ထဲက အဘာပေးလိုက်တဲ့ စာအုပ်လေး ယူပေးစမ်းပါ အမြန်"

မေမြမိုးက စာအုပ်ကို သွားယူလာပေး၏။

"အဘာ၊ ဒီစာအုပ်ကို ညီမလေးပေးလိုက်၊ နောက်တော့ ကျွန်တော် လိုက်လာခဲ့မယ်"

ဦးကျော်စွာ ထွက်သွားလေ၏။

"အစ်ကို လိုက်သွားမှဖြစ်မယ်။ မိုးကြားတဲ့အတိုင်းပဲ၊ ညီမလေးတော့ ထင်တာတွေ စွတ်လုပ်နေပြီ"

"သွားလေအစ်ကို၊ မိုးနားလည်ပေးနိုင်ပါတယ်။ ညီမလေးနဲ့ ပတ်သက်လို့ အစ်ကို အကုန်လုံး မိုးကို ပြောပြထားတာပဲ။ ညီမလေးအပေါ် နားလည်ပေးနိုင်အောင် ကြိုးစားပါ့မယ်။ တစ်ခုခု စားသွားလိုက်ဦး"

မိုးက ကျွန်ုပ်ကို အိုဗာတင်းတစ်ခွက် ဖျော်လာပေး၏။ ကျွန်ုပ်သည်လက်ဖက်ရည်ဆိုင် ထိုင်တတ်သောအကျင့်မရှိပေ။ လက်ဖက်ရည်သောက်တတ်သောအကျင့်လည်း မရှိပေ။ မိုးတို့က အကျင့်ဖြစ်နေလေပြီ။ မိုးတို့၏ အကျင့်အတိုင်း ကျွန်ုပ်သည်လည်း နံနက်ဖက် လက်ဖက်ရည်နှင့် ကိတ်မုန့်ဖြင့် အစာဖြည့်ကာ သစ်စက်သို့ သွားလေ့ရှိ၏။ ကျွန်ုပ်စားသောက်ပြီးနောက် မိန်းကလေးယူလာပေးသော အဝတ်ကိုဝတ်ကာ ဦးစွာ သစ်စက်ဆီသို့ သွားပြီး ထိုမှတစ်ဆင့် မြနှင်းနွယ်ထံသွားရန် ထွက်လာခဲ့လေ၏။

(၄)

ဦးကျော်စွာအိမ်သို့ ပြန်ရောက်သောအခါ ပစ္စည်းအားလုံး သိမ်းဆည်းပြီးနေပြီ။

"သမီးရေ၊ မောင်ကျော်ခဲက သမီးကို စာအုပ်လေးတစ်အုပ်ပေးလိုက်တယ်။ ဘာတွေရေးထားလဲဆိုတာ ဖတ်ကြည့်ပါဦး"

"အဘာ အစ်ကိုကျော်ခဲဆီ သွားခဲ့တာကိုး။ မသွားနဲ့လို့ နွယ်ပြောထားတာ၊ အစ်ကိုကျော်ခဲမသိအောင် ဒီကသွားမလို့၊ အဲဒီ့စာအုပ်လည်း သမီး မဖတ်ဘူး ပြန်ပေးလိုက်၊ အစ်ကိုကျော်ခဲနဲ့ ဘာမှမပတ်သက်ချင်ဘူး"

"စိတ်လိုက်မာန်ပါ လုပ်တာ ဘာမှ မကောင်းဘူး။ စာအုပ်လေးကို ဖတ်ကြည့်လိုက်ပါဦး။ ပြီးမှ သမီးလုပ်ချင်တာလုပ်၊ အဘာနဲ့သမီးရှိတာမှ ဒီနှစ်ယောက်တည်း။ အဘာပြောတာကို နားထောင်စမ်းပါသမီးရယ်"

"နွယ် ဘာပဲဖြစ်ဖြစ် ကိုကျော်ခဲရဲ့စာအုပ်ကို မင်းဖတ်ကြည့်သင့်တယ်။ နောက်မှ မဖြစ်သင့်တာတွေ ဖြစ်ပြီး ထပ်ပူဆွေးသောက ရောက်ရတာ၊ နောင်တရတာတွေ မဖြစ်စေချင်ဘူး။ မင်းမသွားခင်လေး ဖတ်လိုက်ပါ။ မင်းကို စပယ်မေတ္တာရပ်ခံပါတယ်"

"ပေးကွာ မင်းတို့ဖတ်စေချင်ရင်လည်းဖတ်ပါ့မယ်"

မြနှင်းနွယ်က စာအုပ်ကိုယူပြီး ဖတ်လိုက်၏။ ဖတ်ရင်း မြနှင်းနွယ်၏ တင်းမာနေသောစိတ်များ ပြောင်းလဲလာလေ၏။ မြနှင်းနွယ်သည် စာဖတ်ပြီးသောအခါ အနည်းငယ်ပြန်၍ ရွှင်လန်းလာလေ၏။

"စာဖတ်ပြီးပြီမဟုတ်လား၊ ဟိုမှာ ငှားထားတဲ့ကားလည်း ရောက်နေပြီ။ အချိန်မရှိတော့ဘူး။ အထုပ်အပိုးတွေ သယ်ရအောင်"

စပယ်ဖြူက လော့ဆော်လိုက်၏။

"ကားကို ပြန်လွှတ်လိုက်တော့ စပယ်၊ နွယ်မသွားတော့ဘူး"

"အမျိုးမျိုးပဲ၊ ကျုပ်ကတော့ ညည်းတို့အိမ်တစ်အိမ်လုံး လိုက်သိမ်းဆည်းရတာ ဖတ်ဖတ်မောလို့"

ကျွန်ုပ်မှာ စိတ်ပူစွာဖြင့် အမြန်လာခဲ့၏။ မြနှင်းနွယ်တို့၏ အိမ်သို့ရောက်ရှိ၏။ အိမ်ရှေ့မှာ ကားရပ်ထားသည်ကိုလည်းတွေ့ရ၏။ အိမ်ပေါ်သို့လှမ်းကြည့်သောအခါ အိုးခွက်ပန်းကန်ကအစ အားလုံး ထုပ်ပိုးပြင်ဆင်ထားသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် အိမ်ပေါ်သို့ ကမန်းကတန်းပြေးတက်လေ၏။


ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်မသိခွင့်ရသော ပုဂ္ဂိုလ်ထူး

ဒေါက်တာဉမ္မာ

၂၃၊ ၅၊ ၂၀၁၂ နေ့တွင် ကျွန်မထံသို့ မိတ်ဆွေတစ်ဦး ရောက်လာပါသည်။ ထိုသူသည် နက္ခတ်ပညာအလွန်ဝါသနာပါသူ ဖြစ်သည်။ ကျွန်မနှင့် ပညာပိုင်းဆိုင်ရာများ မကြာခဏ လာရောက်ဆွေးနွေးသူဖြစ်သည်။ သူ၏အမည်သည် မောင်မြ ဖြစ်သည်။ ကျွန်မထံရောက်သည်မှာကြာပြီ၊ ရောက်တုန်းရောက်ခိုက် သူ့အကြောင်းမေးမြန်းမိသည်။

"မင်းနဲ့ငါ မတွေ့တာကြာပြီ။ အခု ဘာတွေလုပ်နေလဲ ပြောပါဦး"

"ဆရာမနဲ့ နောက်ဆုံးတွေ့ပြီး ကျွန်တော်လည်း မြောက်ဥက္ကလာပကို အိမ်ပြောင်းဖြစ်တယ်။ ယောက္ခမတွေနဲ့ အခု အတူတူနေပါတယ်။ သက်နီးပင်က္ခရာဆိုင် ဖွင့်ထားတယ်။ အမျိုးသမီးလည်း ယောက်ျားလေးမွေးတယ်။ သူမမွေးခင် ရွှေတိဂုံဘုရားသွားဖူးရင်း ဘုရားမှာ ဘုန်းကြီးတစ်ပါးနဲ့ တွေ့တယ်။ ကျွန်တော့်ကိုခေါ်ပြီး မင်းငါနဲ့ လိုက်မလားလို့ မေးတယ်။ တပည့်တော် မလိုက်နိုင်သေးပါဘူး။ ဝဋ်ကြွေးတွေ ဆပ်ရဦးမယ် ဦးဇင်းပျို့လို့ ဖြေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးက ကျွန်တော့်ထက်တောင် ငယ်ပုံရလို့ ကျွန်တော်က ဦးဇင်းပျို့လို့ ခေါ်တာ။ ဘုန်းကြီးက ရယ်ပြီး ကျွန်တော့်ကို ကြည့်ပြီး ဆက်တိုက်ပြောတယ်။ မင်းမိန်းမ ယောကျ်ားလေး မွေးမယ်။ လက်မှာ အမှတ်ပါမယ်။ ၄ ဟူးသားဖြစ်မယ်။ ၄ ကြွင်းသမားဖြစ်မယ်။ သားကို မင်း ပထမဆုံး သွားကြည့်တဲ့ အချိန်မှာ သူ့နာမည်ကို ကြားရလိမ့်မယ်။ သားလေးကို ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ လာကြည့်လိမ့်မယ်။

ငါ အခုပြောတာတွေမှန်ရင် မင်းငါ့ဆီ တပည့်ခံမလားလို့မေးတယ်။ ကျွန်တော်လည်း ခဏလောက်တွေဝေသွားပြီး ဘုန်းကြီးပျို့ပြောတဲ့အတိုင်း မှန်ရင် တပည့်တော် တပည့်အဖြစ် ခံပါ့မယ်လို့ ကတိပေးလိုက်တယ်။ အဲဒီတော့ ကောင်းပြီ ... မင်းလာရင် ရထားနဲ့လာ။ မင်းကို တစ်ယောက်လာကြိုလိမ့်မယ်။ မကြောက်နဲ့။ လိုက်သာလာခဲ့။ ငါ့ဆီရောက်လာလိမ့်မယ်လို့ ပြောတယ်။ ပြီးတော့ မင်းဝဋ်ကြွေးတွေအတွက် မင်းကိုငါ ဆေးသုံးလုံးတိုက်မယ်။ မင်းသောက်လိုက်လို့ ဆိုပြီးတော့ လက်ဖြောက်တစ်ချက်တီးလိုက်တာ လက်ဖဝါးထဲ ဆေးလုံးတစ်လုံး ရောက်လာတယ်။ ဆေးလုံးက အတော်လေး ကြီးတယ်။ ဒါကြောင့် ကျွန်တော်က တပည့်တော် မျိုမချနိုင်ဘူးဘုရား။ ဆေးလုံးက ကြီးနေတယ်လို့ ပြောတော့ မင်းပါးစပ်ထဲ ထည့်လိုက်။ ဆေးလုံးငယ်သွားလိမ့်မယ်။ သူပြောသလိုပဲ ကျွန်တော့်ပါးစပ်ထဲ ဆေးလုံးလည်းရောက်ရော ငယ်သွားတော့ မျိုချလို့ရသွားတယ်။

မင်း နှပ်ချေးစားမလားလို့မေးတော့
ကျွန်တော်က မစားဘူးလို့ ဖြေလိုက်တယ်။
အေး ... မင်းမစားလည်း ငါကတော့
ကျွေးရမှာပဲဆိုပြီးတော့ သူ့နှာခေါင်းထဲ
လက်နှိုက်လိုက်ပြီး ပြန်ထုတ်တော့
နောက်ဆေးတစ်လုံး ပါလာတယ်။

နောက်တစ်လုံးက ကျွန်တော့်နဖူးစပ်နားက ဆံပင်ကိုဆွဲလိုက်တာ ဆေးလုံးတစ်လုံး ပါလာတယ်။ သောက်ရပြန်ရော။ မင်း နှပ်ချေးစားမလားလို့ မေးတော့ ကျွန်တော်က မစားဘူးလို့ ဖြေလိုက်တယ်။ အေး ... မင်းမစားလည်း ငါကတော့ ကျွေးရမှာပဲဆိုပြီးတော့ သူ့နှာခေါင်းထဲ လက်နှိုက်လိုက်ပြီး ပြန်ထုတ်တော့ နောက်ဆေးတစ်လုံး ပါလာတယ်။

ကျွန်တော်လည်း ဆေးတွေသောက်ပြီး စိတ်ထဲက နေ ပြောမိတာပေါ့။ အင်း ... ဘုန်းကြီးကတော့ စွမ်းသား။ ငါ့ဆရာအဖြစ် တင်ထိုက်သူပဲလို့ တွေးမိတယ်။ ကဲ ... မင်းပြန်တော့။ မင်းကို ငါပြောတာ မမေ့နဲ့လို့ မှာလိုက်တယ်။ နောက် ... ပြောလိုက်သေးတယ်။ မင်းမိန်းမက ရိုးရိုးပဲမွေးမှာ။ ဆေးရုံတော့ တက်ရမှာပေါ့ကွာ။ မင်းမှာ ပိုက်ဆံရှိရဲ့လားလို့ မေးတယ်။ ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးလို့ ဖြေလိုက်တယ်။ ဒါများကွာ မင်းကို ငါ ပိုက်ဆံပေးလိုက်မယ်။ ဒီမှာကြည့်ဆိုပြီး သင်္ကန်းကိုလှပ်လိုက်ပြီး ရင်ဘတ်ပေါ်မှာ လက်ညှိုးနဲ့ ရေးပြတယ်။ ၂၃ ဂဏန်းကို ရွှေရောင်တောက်နေတာကို တွေ့တယ်။ ဒါနဲ့ ကျွန်တော် အိမ်ပြန်ရောက်တော့ နှစ်လုံးထီထိုးတာ လေးသောင်းဖိုး ပေါက်တယ်။ မိန်းမဆေးရုံတက်ပြီး ကလေးမွေးတော့ ယောကျ်ားလေးမွေးတယ်။ တကယ်ပဲ ၄ ဟူးနေ့ မွေးတယ်။ ၄ ကြွင်းသမားပေါ့။ ကျွန်တော့်သားလေးကို ပထမဆုံး သွားတွေ့ပြီးချိတော့ နားထဲမှာ 'လူမင်းမြတ်'လို့ ခေါ်သံတွေ ကြားလိုက်တယ်။ ဆူညံနေတာဘဲ။ ဘုန်းကြီးပြောတာတွေ မှန်နေပြီပေါ့။ ကျွန်တော်လည်း သားကို အဲဒီနာမည်ပဲ မှည့်ထားလိုက်တယ်။ သားကိုတွေ့တာနဲ့ လက်ကိုကြည့်တော့ တကယ်ပဲ လက်မှာ အမှတ်ပါတာကို တွေ့တယ်။ သားမွေးတဲ့နေ့မှာဘဲ မင်းသား၊ မင်းသမီးတွေက ဇာတ်လမ်းမှာ မင်းသမီး ကလေးမွေးခန်း ရိုက်ဖို့ဆိုပြီး ဆေးရုံလာကြတာ။ သားကိုတွေ့တော့ သားကို ရုပ်ရှင်ရိုက်ချင်တယ်လို့ ခွင့်တောင်းလို့ သားက မွေးခန်းထဲကထွက်တာနဲ့ ရုပ်ရှင်ရိုက်ရတော့တာပဲ။ ဘုန်းကြီးပြောတာတွေ အားလုံး တိုက်ဆိုင်နေတာကို တွေ့ရတော့တာဘဲ ဆရာမရေ။ ဒါနဲ့ မိန်းမကို ကျွန်တော်က ပြောရတော့တာပေါ့။ ငါတော့ ကတိအတိုင်း ဘုန်းကြီးဆီမှာ တပည့်သွားခံတော့မယ်။ သိပ်မကြာပါဘူး။ မြန်မြန်ပြန်လာမှာပါ။ မစိုးရိမ်ပါနဲ့လို့ ပြောတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကျွန်တော် ဘုန်းကြီးပြောတဲ့အတိုင်း ရထား စီးလာတယ်။ ဘူတာရောက်တော့ မိန်းကလေးတစ်ယောက် လာကြိုတယ်။ ဘူတာကထွက်ပြီး ကားနားလည်းရောက် ရော မိန်းကလေးကို ရှာမတွေ့တော့ဘူး။ ကျွန်တော် ဘုန်းကြီးဆီရောက်တော့ မင်းဘယ်နှရက်နေမလဲလို့မေး တော့ ကျွန်တော် တစ်ရက်–နှစ်ရက်ပဲနေမယ်လို့ ဖြေတော့ ဘုန်းကြီးက ရယ်တယ်။ တကယ်ကြာသွားတာ ၂၄ ရက် တောင်။ ဘုန်းကြီးဆီမှာ စမနဲ့ အင်းပညာ သင်ခွင့်ရခဲ့တယ်။ မင်းကံကောင်းရင် စုတ်တံရမယ်လို့ ပြောတယ်။ အဲဒီမှာ ကျွန်တော့်အရင်ရောက်နေတဲ့ လူကြီးတစ်ယောက်ရှိတယ်။ ငါ အဲဒီစုတ်တံကို လိုချင်လို့ စောင့်နေတာ။ ခုတော့ မင်းရ သွားပြီလို့ ပြောတယ်။

ဘုန်းကြီးက သူ့အသက်သိအောင် သူ့မှတ်ပုံတင် ကို ပြတယ်။ ၁၃၀၁ ခုနှစ်မွေးတာ။ အခုဆို နှစ် ၇၀ ကျော်ပြီ။ ကျွန်တော်က ကျွန်တော့်ထက်တောင် ငယ်တယ် ထင်တာ။ ခုမှ အသက်ကြီးမှန်းသိတာ။ ရာကျော် ဆရာ တော်စာရားကြီး တပည့်ပဲ။ ကျွန်တော်လည်း ခုတော့ ဦးဇင်း ပျိုလို့ မခေါ်တော့ဘူး။ ဆရာတော်လို့ပဲ ခေါ်တော့တယ်။ ဆရာတော်ဟာ အသက်အရွယ်နဲ့မလိုက်အောင် ပေါ့ပါး ဖျတ်လတ်တယ်။

သစ်ပင်ပေါ်များတက်သွားတာ မျောက်ကျနေတာပဲ။ ကိုင်းဖျားထိတက်ပြီး သစ်ပင်ပေါ်မှာ ဝါးလုံးတန်းထိုးပြီး ထိုင်နေတာ။ ဝါးလုံးက လှုပ်တုတ်လှုပ်တုတ် ဖြစ်နေတာ။ ကျွန်တော်က အောက်ကကြည့်ပြီး အသည်းယားနေတာ။ သူ့ဆီမရောက်ဖူးတဲ့ လူတွေလာရင် သူက သစ်ပင်ပေါ် တက်ပြီး ကွမ်းစားတော့တာပဲ။ ပါးစပ်မှာ ကွမ်းတံတွေး တွေ ပေပွနေတာ။ သင်္ကန်းကိုလည်း ခါးတောင်းကျိုက်ထား သေးတယ်။ ကျွန်တော်က ဘုန်းကြီးဘုရား လူတွေ အကြည်ညိုပျက်ပါ့မယ်၊ ဒီလိုမနေသင့်ပါဘူးလို့ပြောတော့ မင်းဘာသိလို့လဲ။ သူတို့က ငါ့ဆီမှာ လိုချင်တာရှိလို့လာတာ။ သူတို့လာရင် ငါအလုပ်ပျက်တယ်။ မလာလေ ကောင်းလေ ပဲ။ သူတို့ မကြည်ညိုလို့ ငါ့ကို ဘာမှမပေးလည်း ကိစ္စမရှိ ဘူး။ ငါ ဘာမှ မလိုချင်ဘူး။

ကျွန်တော် ရောက်ခဲ့တဲ့ ရက် ၂၀ ကျော်အတွင်း ဆွမ်းစားတာ နှစ်ကြိမ်ပဲ တွေ့တယ်။ လက်ဖက်ရည်ကတော့ တကယ်သောက်တယ်။ တစ်နေ့ကို ခွက် ၃၀ လောက်ကို သောက်တာ။ အိပ်တာလည်း မတွေ့ဘူး။ သူ့အခန်းထဲမှာ မွေ့ရာ၊ ခေါင်းအုံးတွေ အကောင်းစားတွေ ရှိတယ်။ သူက ဘာလို့ ဖိမ်ခံနေမှာလဲတဲ့။ ငါ့အတွက် ဒါတွေ လိုမှမလို တာတဲ့။ သူက သစ်ပင်ပေါ်မှာ ညဆို တက်အိပ်တယ်။ သစ်ပင်ခွဆုံမှာ ထိုင်နေတာ များတယ်။

ကျွန်တော်က သစ်ပင်ပေါ်တက်တာ မကြောက်ဘူး လား။ မတော်တဆပြုတ်ကျရင် ဒုက္ခရောက်တော့မယ်လို့ ပြောတော့ မင်းတို့ကမှ မမြင်တာ။ ငါ့ကို ရုက္ခစိုးတွေက ခေါ်ထားတာ။ ငါက ဘာမှ လုပ်စရာမလိုဘူး။ သူတို့က ဖေးမထားတာ။ တကယ်က ငါက ဘာမှစွမ်းတာ မဟုတ် ဘူး။ သူတို့ကူညီနေလို့ စွမ်းတယ်ထင်တာလို့ ပြောပြတယ်။

ညဆိုလည်း မအိပ်ဘူး။ ည ၁၀ နာရီကျော်၊ သန်းခေါင်ကျော်၊ အရုဏ်တို့မှာ အခန်းထဲမှာ တစ်ယောက် တည်း စကားတွေ ပြောနေတယ်။ ဘာပြောနေမှန်း မသိ ဘူး။ ဘာစကားပြောမှန်းလည်း မသိဘူး။ တစ်ခါတလေ ငေါက်ငမ်းနေတာ ကြားရတယ်။

သူနောက်ဆုံး မှာတာရှိတယ်။ မောင်မြရေ စိတ် ထားဖြူစင်ဖို့ အရေးကြီးတယ်။ စိတ်ထားမဖြူရင် ဘာမှ လုပ်လို့မရဘူး မှတ်ထား။ အမိကတော့ အာနာပါနပါပဲ ကွာလို့ ပြောလိုက်တယ် ဆရာမရေ။ ကဲ ... ကျွန်တော် လည်း နောက်ကျနေပြီ၊ ပြန်တော့မယ်''

ဟုဆိုကာ နှုတ်ဆက်သွားပါသည်။ ကျွန်မလည်း သူပြောခဲ့သော စကားများကို စာဖတ်ပရိသတ်ထံ ပြန်ပြီး ဖောက်သည်ချဖို့ စီစဥ်ရပါတော့သည်။

## ဒေါက်တာဥမ္မာ



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းမှုမြတ်နိုး တိုးပွားစေဖို့

ညွန့်ဟံ (ကျုံတော)

ထိလွယ်ရှလွယ်၊ သိလွယ်သည့်ကာလ မီဒီယာမျိုးစုံကြောင့်လား မသိ။ သတင်းအချက်အလက်တွေက များလှ၏။ နေ့ချင်းညချင်း တစ်မုဟုတ်ချင်း ကြားရ၊ မြင်ရ၊ တွေ့ရသည်က နှစ်သက်ဖွယ်လည်း ရှိ၏၊ မလိုလားအပ်သည့် အနိဋ္ဌာရုံ သတင်းလွှာတွေကလည်း ဒုနှင့်ဒေး ဖြစ်လေသည်။ ကျော်လွှားနိုင်သည့်ကိစ္စတွေလည်းရှိ၏၊ မလွှဲမရှောင်သာ ရင်ဆိုင်ရသည်ကလည်း ပါဝင်ပေသည်။

နေ့စဉ်လို ကြားရကြုံရ ဖြစ်ရပ်များစွာတွင် သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် ဒုက္ခစုံ ကြုံရသူများ၊ လူတို့ ပယောဂကြောင့် သေကျေဒဏ်ရာရ ပျက်စီးမှုများလည်း ပါဝင်ပေ၏။ မဆင်မခြင် ပြုမူမှုတွေကြောင့် ဖြစ်ရသော ခံစားမှုအစုစုသည် ရင်နင့်ဖွယ် ဖြစ်ရပေ၏။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ၏ အမြင်၌ ကပ်ကြီးသုံးပါး ကျော်လွှားနိုင်ဖို့ ဆုမွန်ပြုကြသည်။ အစားအစာ ရှားပါးမှုဒဏ်၊ ရောဂါဘယဒဏ်၊ လူသူသတ္တဝါတို့၏ ပယောဂကြောင့် ကြုံရသည့်ဒဏ်များ မခံစားရအောင် နေထိုင်ကျင့်ကြံအားထုတ်မှုပြုဖို့ ဩဝါဒစကား ဆိုကြသည်။ လောကီ၊ လောကုတ္တရာအမြင် ဖြစ်၏။ ဗုဒ္ဓစကား၊ ဓမ္မ၏အရိပ်၊ သံဃာတော်တို့၏ နည်းပေးလမ်းပြ သွန်သင်ပြသမှုတို့၌ ကောင်းမြတ်သော တရားမွန်၌ တည်စေဖို့သာ ဖြစ်၏။

.စာပေစကားဖြင့် ဆိုရပါက လောကသာရပျို့ထဲက "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဆိုသည့် စကားသည် အစဉ်အလာမပျက် မရိုးနိုင်သော စွဲမြဲအပ်သည့် စကားရပ်ဖြစ်ပါ၏။ ရိုးရိုးရှင်းရှင်း သိလွယ်စေ၏။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး၌ စောင့်စည်းရန်ဖြစ်ပြီး တစ်ဦးချင်းသာ တည်ဆောက်ပါက လောကတစ်ခွင် အလှဆင်ရုံသာမက ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး သယ်ပိုးပြီး ဖြစ်ပါမည်။

နေ့စဉ် ပြုကျင့်ရမည့် လုပ်ငန်း၌ ကုသိုလ်စိတ်ပွားအကုသိုလ်ကင်းခြင်းက ပဓာနကျ၏။ ကျွမ်းဝင်သော ပဉ္စသီလ ငါးပါးမျှသော အကျင့်သည် ကောင်းကျိုးဆောင်၊ ချမ်းမြေ့မှု ရစေသည်။ သတိကင်း၍ မဖြစ်။ ကြက်ကောင်း ကြိုးနှင့်မကွာစေရ ဆိုသော စကားကဲ့သို့ ကျင့်သုံးရ၏။ မိဘ၊ ဆရာ၊ သံဃာတော်တို့က အမြဲတမ်းသတိပေး လမ်းပြနိုင်သည် မဟုတ်။ ကိုယ်တိုင်အသိနှင့် သတိစွဲကပ်ပါမှ ကောင်းကျိုး အမှု ကိုယ်၌မကွာ တည်ပါစေမည် ဖြစ်၏။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည် မြန်မာရော၊ ကမ္ဘာအတွက် လက်ခံနိုင်စရာချည်း ဖြစ်၏။ ဆိုင်ရာကျင့်ဝတ် အချက်များက လျော်ကန်သည်ချည်း ဖြစ်၏။ စာရေးသူ တင်ပြချင်သော အချက်များစွာထဲက တစ်ပါးသော မင်္ဂလာ ရှိပေသည်။ "အနဝဇ္ဇာနိကမ္မာနိ" ဖြစ်၏။ အပြစ်ကင်းသော၊ အပြစ်မရှိသော အလုပ်ကို လုပ်ရမည်ဖြစ်၏၊ ရိုးစင်းပါ၏။ လက်တွေ့ကျပါ၏။ သို့သော် အလုပ်က လက်တွေ့မကျနိုင်ဟု ထင်ပ၏။ လူတိုင်းသာ အပြစ်ကင်းနေပါက ဘေးရန်မရှိ၊ အနိဋ္ဌာရုံကင်းစေမည်။ ရှုပ်ထွေးပွေလီ ညာဏ်နီညာဏ်နက်များမှုကပင် အပြစ်ဖြစ်စေ၏။ စာရေးသူ၏ ဖခင်က အမြဲသွန်သင်သည့် စကားရပ်မှာ "မရှုပ်ပွေ၊ လုပ်လေကွယ့် အလုပ်" ဟူသော ဆောင်ပုဒ်ဖြစ်၏။ ရှုပ်ထွေးသော အလုပ်ကို မလုပ်ရန် တားမြစ်ခြင်းဖြစ်၏။ စာရေးသူတို့ ဖခင်နှင့်အတူ နေထိုင်စဉ် အိမ်မှုအလုပ်၊ လယ်ယာအလုပ် ဆောင်ရွက်ရာ၌ သန့်ရှင်းသပ်ရပ်မှု မရှိ၊ ရှုပ်ထွေးလေတိုင်း ထိုစကားကြားရသဖြင့် ယခုတိုင်ပင် ယဉ်ပါးခြင်းဖြစ်ရ၏။ တကယ်တော့ လောကုတ္တရာအတွက်ပါ သက်ဆိုင်ကြောင်း နောင်မှ သိရပေသည်။

အပြစ်ကင်းစင်သော အလုပ်က စိတ်ချမ်းသာပါ၏။ မှတ်မိပါသေးသည်။ တစ်ခုသော စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များကို ကန်တော့ပွဲ ကျင်းပရာ စာရေးဆရာကြီး ရွှေဒုံးဘီအောင်၏ ဩဝါဒစကားက စွဲမှတ်စရာ ဖြစ်ရပေသည်။

www.burmeseclassic.com

ဆရာကြီးက အသက်မွေးဝမ်းကျောင်းနှင့် လူမှုကိစ္စ အထွေထွေ ဆောင်ရွက်ရာ၌ စိတ်ကြောင့်ကြခြင်း မရှိ ပကတိ အပြစ်ကင်းစင်သည့် အလုပ်၌ မွေ့လျော်ကြရင်း လောကီ၊ လောကုတ် အကျိုးပြတ်စေရန် ဆောင်ကြဉ်းကြပါဟု မှာကြား ခဲ့၏။ လေးနက်လှ၏။ သိမ်မွေ့၏။ အပြစ်မကင်းသော အသက် မွေးဝမ်းကျောင်း၊ အမြတ်အစွန်းဝင်ငွေ ရှာဖွေမှုကြောင့် ရအပ် သည့် စည်းစိမ်ထက် သောကတွေပွေလီ၊ နေမထိထိုင်မသာ ဖြစ်ရသည့် အနေအထား ကြုံကြရမည်ထင်၏။ အနည်းနှင့် အများ ဖြစ်ပါသည်။ စင်ကြယ်သော အသက်မွေးဝမ်းကျောင်း နှင့် စိတ်ထားက ပဓာနကျကြောင်း ခံစားနိုင်ကြမည် ဖြစ်ပါ၏။

အကောင်းမြင် စင်ကြယ်စိတ်ထွန်းကားစေရန် မိမိ၏ ဝန်းကျင်၏ သွန်သင်မှုသည် လိုက်နာဖွယ်ဖြစ်၏။ ကိုယ်နှုတ် နှလုံး စောင့်စည်းစေဖို့ အကျိုးအကြောင်းပြ ပြောဆိုခြင်းက အရာရောက်ခဲ့၏။ ငယ်စဉ်က မိဘအရိပ် ခိုလှုံခဲ့ရပေရာ ယဉ်းသင်ကြားမှုက ထုံမွှမ်းခဲ့သည်။

ယခု ကြီးနှင့်ကင်းသောကြက် ဖြစ်နေချိန်၌ ကံ ကောင်းထောက်မစွာ ကုသိုလ်၊ အကုသိုလ် ခွဲခြားပြီး တရား မြွှ၌ မွေ့လျော်စေရန် အမြဲ သွန်သင်တန်သည့် ဦးလေးတစ်ဦး ရှိ၏။ အိမ်မနီးမဝေးဖြစ်ရာ ကြုံလေတိုင်း ဝိပဿနာကမ္မဋ္ဌာန်း တရား စီးဖြန်းဖို့ တိုက်တွန်း၏။ သူကိုယ်တိုင်လည်း ပသုံးလုံး ဝိပဿနာ၏ နည်းပြဆရာကြီးဖြစ်ပြီး တပည့်တပန်းပေါ် ဦးအောင်ခင်က ရဟန်းလူထွက်ဖြစ်ပြီး လွန်ခဲ့သည့် နှစ်ငါးဆယ ကျော်ကပင် သကျသီဟမွှာစရိယ အောင်မြင်၏။ ပြီးတော့ ဆဋ္ဌသင်္ဂါယနာပွဲ၌ ဆင်နွှဲ၏။ သို့သော် အကြောင်းများကြောင့် သာမန်လူသားဘဝ၌ နေထိုင်သော်လည်း သီလစင်ကြယ် သည်၊ ဝိပဿနာအကျင့် ကောင်းစွာကျင့်၏။ ကြည်ညိုသူ ပေါ်ပြီး ချမ်းမြေ့အောင် နေထိုင်၏။

ဘာသာရေးအလေ့အလာကောင်းသည်နှင့် အမျှ စာပေပညာ၊ ဘာသာသာသနာ မျှဝေ၏။ တစ်ခါတစ်ရံ စာတမ်းငယ်ကလေးများ ထုတ်ဝေ၏။ လက်တွေ့အားထုတ်ရ မည့် ကောင်းကျိုးဖြစ်ကြောင်း တရားမွန်များကို မျှဝေဖြန့်ချိ သည်။ စာရေးသူကိုလည်း မကြာခဏ ပေးဝေလေ့ရှိ၏။ လက်တွေ့ကျပါ၏။

မကြာမီကပင် နေ့စဉ်စောင့်ထိန်းရမည့် မွေ့လက် ဆောင် စာရွက်ငယ်လေး ဖြန့်ဝေသည်။ တိုးတက်ရာ ကြီးပွား ကြောင်း ကာယကံ၊ ဝစီကံ၊ မနောကံ အမှုနှင့် ဘာသာ၊ သာသနာ တည်ချိန်တွင် ပြုမှုသင့်သည်တို့ကို ပုဗ္ဗဏှသုတ်နှင့် ပရိတ်ကြီး နိဿယသစ်တို့ကို ညွှန်းဆိုထား၏။ တိုတိုနှင့် လိုရင်း ရှင်းလင်းပေသည်။

အာဘော်မပျက်မယွင်း သိမြင်စေချင်သဖြင့် မူရင်း အတိုင်း ဖော်ပြပါသည်။

## သင့်အတွက် ကောင်းမြတ်သော နေ့တစ်နေ့

**ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ၊**
**ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိတေ ပဒက္ခိဏာ၊**
**ပဒက္ခိဏာ နိကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ၊**
**တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ၊**
**အရောဂါ သုခိတာ ဟောထ၊**
**သဟသဗ္ဗေဟိ ဉာတိဘိ။**

*(ပုဗ္ဗဏှသုတ်)*

⇨ သုစရိုက်ကျင့်ရာ နေ့အခါ၌ ထိုသူ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု မှန်သမျှသည် တိုးတက်ကြီးပွား ကြောင်း၊ အကောင်းအမြတ်သာတည်း။ ထိုသုစရိုက် ကျင့်သူ၏ ကံသုံးပါးတို့ကား တိုးတက်ကြီးပွားကြောင်း ကောင်းမှု၌ ထားခြင်းမည်၏။

⇨ တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော ကံသုံး ပါးတို့ကို ပြုကြကုန်၍ ကောင်းမြတ်သော အကျိုးတို့ ကို ရရှိကြကုန်၏။

⇨ သင်တို့သည် ကောင်းကျိုးကို ရရှိကြကုန်၏။

⇨ ချမ်းသာခြင်း ရှိကြကုန်သည်။

⇨ ဘုရားရှင်သာသနာတော်၌ တိုးတက်စည်ကား ကြီး ပွားကြကုန်သည်ဖြစ်၍ ဆွေမျိုးအပေါင်းနှင့်တကွ အနာရောဂါကင်း၍ ချမ်းသာခြင်းသို့ ရောက်ကြ ကုန်သည် ဖြစ်ကြစေကုန်သတည်း။

*ပရိတ်ကြီးနိဿယသစ်*

**ညွှန့်ဟံ(ကြူတော)**



www.burmeseclassic.com

www.burmeseclassic.com



# လူတိုင်း၏ကျန်းမာရေး
# သီးနှံသားငါး စားသုံးပေး

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)(မဂ်လဗမ္မဇောတိကဓဇ,
Ph.D.(AYURVEDIC MEDICINE.) (KOL-INDIA.)

အစွမ်းထက်သော တိုင်းရင်းမြန်မာဆေးနည်းတိုများအနေဖြင့်လည်းကောင်း၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ကဏ္ဍအနေဖြင့် လည်းကောင်း၊ သားငါးကျေးငှက်များမှရသော ကျန်းမာရေးအထောက်အကူပြုသော ဆေးနည်းကောင်းများကို ရေးသားဖော်ပြသွားမည် ဖြစ်ပါသည်။

ပထမဦးစွာ "ဆီးဖြူဖန်ခါး ရဟန်းစား"ဆိုသော စာဆိုနှင့်အညီ မြတ်စွာဘုရားလက်ထက်တော်အခါက ဆီးဖြူသီးနှင့် ဖန်ခါးသီးများကို ဆေးဝါးအဖြစ် စားသုံးဘုဉ်းပေးနိုင်ကြောင်းခွင့်ပြုတော်မူခဲ့သည်ဟု သိရှိရပါသည်။ ရှေးခေတ်သမားတော်ကြီးများသည် ဆီးဖြူသီး၊ ဖန်ခါးသီးများကို နွားနက်ကျင်ငယ်ရည်ဖြင့် စိမ်ပြီး ဂေါမုတ္တဆေးအဖြစ်ဖော်၍ အသုံးပြုခဲ့ကြောင်း၊ ဂေါမုတ္တဆေးဟုခေါ်ဆိုကြောင်း၊ ၎င်းဆေးကို မှီဝဲခြင်းဖြင့် ဆီး,ဝမ်း,သွေး,လေ မှန်ကန်စေပြီး ကျန်းမာစေသည်ဟု သိရှိရကြောင်း၊ အထူးသဖြင့် ကလေးသူငယ်နာဆေးအဖြစ် သုံးစွဲခဲ့ကြောင်း သိရှိရပါသည်။ ယခုအခါ ညောင်တုန်းမြို့မှ တိုင်းရင်းသမားတော်ကြီးဦးအံ့ ဖော်ခဲ့သော ဂေါမုတ္တကလေးသူငယ်နာပေါင်းချုပ်ဆေးကို သားစဉ်မြေးဆက် သုံးစွဲလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

### ဖန်ခါးသီး

ဖန်ခါးသီးနှင့် ပတ်သက်၍ ဆေးဖက်ဝင်ပုံများကို ဖော်ပြသွားပါမည်။ မြန်မာ့တိုင်းရင်းဆေး အလိုအားဖြင့်

www.burmeseclassic.com

ဖန်ခါးသီးသည် သလိပ်ကို စိစေ၏။ လေကိုကြေကျက်စေ၏။ ဒေါသသုံးပါးကို ငြိမ်းစေ၏။ ဝမ်းမီးကိုတောက်စေ၏။ မျက်စိကို ကြည်လင်စေ၏။ ကိုယ်ရေပြားရောဂါ၊ လေထိုးလေနာ၊ လေအောင့်ရောဂါ၊ အူနှင့် စပ်ဆိုင်သော ရောဂါ၊ ကြို့ထိုးရောဂါ၊ သွေးဝမ်းကျ မြင်းသရိုက်ရောဂါနှင့် ဒူလာလိပ်ခေါင်းရောဂါ၊ အစာမကြေလေဆန်လေနာ၊ လေကျုပ်ခြင်း၊ လေချုပ်ခြင်း၊ ပျို့အန်သောရောဂါများကို ပျောက်ကင်းစေနိုင်၏။ အနောက်တိုင်းဆေးပညာရှင်များအနေဖြင့် ဝမ်းဖောဝမ်းရောင်၊ ဝမ်းကိုက်ပျောက်ဆေးများ၊ ရသာယနဆေးများတွင် ထည့်သွင်းဖော်စပ်ကြ၏။

ရသာဂုဏ်အားဖြင့် ဖော်ပြရမည်ဆိုပါက ဖန်ခါးသီးသည် ပဓာနဠ် ဖန်၏၊ ချဉ်၏၊ စပ်၏၊ ခါး၏၊ ပူ၏၊ ဝိပါကဠ် ချို၏။ အာဟာရစွမ်းရည်အနေဖြင့် ဖန်ခါးသီးသည် ခွန်အားဖြစ်မှု၊ ကိုယ်ခန္ဓာပွားစည်းမှု၊ အကြော၊အရိုး၊ကြွက်သားများ ကောင်းမွန်စေ၏။ အရိုးကို ခိုင်မာစေသည်။ သွားပိုးစားခြင်း၊ သွားဖုံးပြည်ယိုခြင်း၊ သွေးထွက်ခြင်း၊ ရေစီးကမ်းပြိုဖြစ်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ဖောရောင်ခြင်းများကိုလည်း ပျောက်ကင်းစေ၏။ အစားအသောက်ပျက်ခြင်း၊ အားအင်နည်းခြင်းများကိုလည်း ကာကွယ်ပေး၏။

အထက်အညာဒေသတွင် ဖန်ခါးသီးကို ဆားရည်စိမ်ထားပြီး ငါးပိရည်၊ ငံပြာရည်၊ ငါးပိကြော်များဖြင့် တို့စရာအဖြစ် စားသုံးကြ၏။ အစိမ်းလိုက်လည်း တို့မြုပ်၍ စားသုံးကြ၏။ ထိုသို့စားသုံးခြင်းဖြင့် လေကိုကြေစေ၍ လေထိုး၊ လေအောင့်၊ လေနာများ ပျောက်ကင်းစေ၏။ ခွန်အားကို ဖြစ်စေ၏။ ဆီးဝမ်းကို မှန်ကန်စေ၏။ နှုတ်ကို မြိန်စေ၏။ အချို့အမျိုးသမီးများ ဖန်ခါးသီးစားလျှင် မီးယပ်ထိန်သည်ဟု ယူဆသဖြင့် မစားဝံ့ကြပါ။ အမှန်မှာ ၎င်းဖန်ခါးသီးတစ်မျိုးတည်းစားလျှင် ထိန်တတ်ပါသည်။ သွေးချုပ်၊ လေချုပ်လည်း ဖြစ်တတ်ပါသည်။ စောစောက အထက်တွင်ဖော်ပြထားသည့် စားရည်စိမ်သော်လည်းကောင်း၊ ငါးပိ၊ ငံပြာရည်ဖြင့်လည်းကောင်း စားပါက အစာလည်းဆေး၊ ဆေးလည်းအစာဆိုသော စာဆိုနှင့်အညီ ဆေးဝါးအဖြစ် ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပါမည်။

လေထိုး၊ လေအောင့်၊ လေနာရောဂါများ၊ ဆီးချုပ်၊ဝမ်းချုပ်ရောဂါများဖြစ်ပွားပါက ဖန်ခါးသီးသတ္တုရည်ကို ကြွေဇွန်းကြီး (သို့) ဟင်းစားဇွန်းဖြင့် တစ်နေ့နှစ်ကြိမ် ပုံမှန်သောက်ပေးပါက ဝေဒနာများ ချက်ချင်းပျောက်ကင်းချမ်းသာစေပါသည်။

ဆီးပူ၊ ဆီးနည်း၊ ဆီးချုပ်ပါက ဖန်ခါးသီး ၅ သား၊ ရေ ၁၅ သားဖြင့် ရေ ၅ သားအတင် ကျို၍ နိဘာလာသကြား ၁ သား(တစ်ကျပ်သား)ထည့်၍ ၈ သား (ရှစ်ပဲသား)ခန့် တစ်နေ့နှစ်ကြိမ်သောက်ပါ။ ဖန်ခါးသီးအစေ့ကို သွေးပြီး ဆီးခုံပေါ်လိမ်းပေးပါက ပျောက်ကင်းစေ၏။

ဖန်ခါးသီးနှင့် ပတ်သက်၍ ဆေးနည်းပေါင်းများစွာ ရှိသော်လည်း လိုအပ်သလို ဖော်စပ်သုံးစွဲနိုင်ရန် ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**ဖန်ခါးသီးဖြင့် ဖော်စပ်ရသော ကာယသုခဆေးတော်ကြီး**

| | | |
|---|---|---|
| ၁။ | ဖန်ခါးသီး | ၅ ကျပ်သား |
| ၂။ | ဆီးဖြူသီး | ၅ ကျပ်သား |
| ၃။ | သစ်ဆိမ့်သီးခွံ | ၅ ကျပ်သား |
| ၄။ | ကျောက်ချဉ် | ၅ ကျပ်သား |
| ၅။ | သိန္ဓော | ၅ ကျပ်သား |
| ၆။ | သပြေခေါက် | ၁၀ ကျပ်သား |
| ၇။ | မြေနီမှုန့် | ၁၀ ကျပ်သား |
| ၈။ | ပမွှ | ၁၀ ကျပ်သား |
| ၉။ | သစ်ကြမ်းပိုး | ၁၀ ကျပ်သား |

စသည်တို့ ဖြစ်ပါသည်။

**ဖော်စပ်ပုံ**

အထက်ပါ ဆေးစုကို ထုဆောင်းပြီးနောက် ရေတစ်ပိဿာဖြင့် ကျို၍ ပေါင်းတိုက်ပြီး ပေါင်းခွေးရည်ကိုယူပြီးလျှင် အကြမ်းပန်းကန်တစ်လုံးစာ တစ်နေ့နှစ်ကြိမ်သောက်ပါ။

**ဆေး၏အကျိုးသွား**

ချောင်းဆိုးသွေးပါရောဂါ၊ တီဘီအဆုတ်နာ၊ ယောက်ျားများ ဒူလာရောဂါ၊ အမျိုးသမီးများ မီးယပ်ရောဂါနှင့် ဝမ်းရောဂါအမျိုးမျိုး ပျောက်ကင်းစေပါသည်။

သမားတော်ကြီးဒေါက်တာသက်ဆွေ
(ရွှေဆောင်တင်ဆွေ)(မဟာလမ္မဘောဓိကာဓေ)

**ကျမ်းကိုး**

သမားတော်ကြီး ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)၏ မြန်မာဆေးနည်းတို့နှင့် ဆေးဖက်ဝင်အပင်များဆေးကျမ်း။

www.burmeseclassic.com

www.burmeseclassic.com

# ဝိုးဝါးစိတ်တွင် အထင်အရှား

■ ခိုင်ခင်အောင်ကြင်း

စာမူခေါင်းစဉ် ရွေးချယ်ထားသည်က တစ်မျိုးပင် ဖြစ်နေပါလိမ့်မည်။ ခိုင်ခင်အင်ကြင်းကိုယ်တွေ့ကြုံဖူးသည့်အကြောင်း တစ်ခုမှာ အထင်အရှား ဖြစ်ခဲ့ပါလျက် ဆယ်စုနှစ်မကာ နားမလည်နိုင်ဘဲ စိတ်ထဲတွင် ဝေဝါးနေခဲ့သောကြောင့် ဖြစ်ပါ၏။

ထူးထူးဆန်းဆန်း တွေ့ကြုံရပုံအစအား ဗုဒ္ဓဂယာ သံဝေဇနိယလေးဌာနနှင့် အခြားမြင့်မြတ်သော နေရာများကို သွားရောက်ရန် ကြိုးစားခဲ့သည်မှ စတင်ရေးသား ဖော်ပြမှသာ ပြည့်စုံပါမည်။

ဘိုးဘွားများလက်ထက်ကပင် ဗုဒ္ဓဂယာ သံဝေဇနိယလေးဌာနသို့ သွားရောက်ဖူးမြော်လိုလှပါဘိဆိုသော စကားများကို ကလေးဘဝတွင် ကြားနေခဲ့ရုံမှအပ မသွားရောက်နိုင်ခဲ့ကြရှာသည့်အတွက် ခိုင်ခင်အင်ကြင်းလည်း မျှော်လင့်ချက်မထားဘဲ နေခဲ့ဖူးပါသည်။

ကံအားလျော်စွာ ထိုခရီးစဉ်ကို မျှော်မှန်းနိုင်ပြီ ဖြစ်သည့်အခါ ရည်မှန်းချက်ထားရင်း ခွျေတာစုဆောင်းထားနေလျက် နည်းလမ်းမသိသောကြောင့် မြန်မာနိုင်ငံမှတစ်ဆင့် ဗုဒ္ဓဂယာဘုရားဖူးသွားဖို့ ကြိုးစားမည်ဟု ဆုံးဖြတ်ကာ မြန်မာပြည်သို့ ပြန်ပါသည်။

တစ်ဆင့်ပြီးတစ်ဆင့် သွားရမည့် ခရီးစရိတ်များက ချွေတာမှပဲ ဖြစ်မည့်အတွက် လောက်ငမည့်နည်းလမ်းရှာသည်က မလွယ်လှပေမဲ့ ဆွေမျိုးများ ဝိုင်းဝန်းကူညီဆက်သွယ်ပေးသော မိတ်ဆွေများမှတစ်ဆင့် ကုသိနာရုံမြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဒေါက်တာအရှင်ဉာဏိဿရနှင့် ဗုဒ္ဓဂယာကျောင်းမှ ဆရာတော်အစရှိသည်တို့အား အကူအညီတောင်းပြီး အားလုံး၏ကျေးဇူးကြောင့် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသူ ကာလကတ္တားရှိ ဒေါ်လေးတို့နှင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာနိုင်ခဲ့ပါသည်။

ကာလကတ္တားအိမ်တွင် တည်းခိုကာ မြိုင်မြို့မှ ရောက်ရှိလာမည့် ဘုရားဖူးအဖွဲ့နှင့် ပူးပေါင်းလိုက်ပါရမည်ဖြစ်၍ နှစ်ရက်တိတိ ညှိသည့်အဖြစ် စောင့်နေရပါသေးသည်။

မြိုင်မြို့မှ ဘုရားဖူးအဖွဲ့ ရောက်ရှိလာသည်နှင့် တည်းအိမ်မှ အဒေါ်တို့အလုပ်ကိစ္စဖြစ်၍ ကာလကတ္တားလေဆိပ်သို့ သွားရောက်ကြိုဆိုရာတွင် အစီအစဉ်အရ အတူလိုက်ကြိုဆိုလျှင် အသက် ၆၅ နှစ်မှ ၇၀ နီးပါးခန့် ဦးကြီး၊ ဒေါ်ကြီးတို့ကို တွေ့ရပါသည်။

ဦးကြီး၊ ဒေါ်ကြီးတို့အဖွဲ့အား ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင် ခိုင်ခင်အင်ကြင်းတစ်ယောက်စာ လိုက်ပါခွင့်တောင်းရပါသည်။

သဘောတူညီချက်ရပြီးနောက် ဘုရားဖူးအဖွဲ့အား အလုပ်တာဝန်အရ ပို့ဆောင်စရာနေရာတချို့သို့ ပို့ဆောင်ကြရာ၌ လိုက်ပါရလျက် အေဒင်လမ်း၊ မြန်မာဘုန်းတော်ကြီးကျောင်းအထိ ပို့ဆောင်ချိန်မှာ ည ၇ နာရီခန့်ရှိပြီ ဖြစ်ပါသည်။

ဘုရားဖူးအဖွဲ့သည် နံနက် ၄ နာရီတွင် ခရီးစတင်ထွက်ခွာမည် ဖြစ်ကြောင်း မေးမြန်းသိရှိရပြီးနောက် တည်းအိမ်သို့ ပြန်၍ ခရီးဆောင်အိတ်နှစ်လုံးအတွင်း လိုအပ်သည်များ သိမ်းဆည်းရပါသည်။ နေ့လယ်စာလည်း မစားရသေးဘဲ ညစာအတွက်လည်း မစဉ်းစားနိုင်အောင် ဇောနှင့် အေဒင်လမ်း မြန်မာဘုန်းတော်ကြီးကျောင်းကို လိုက်ပို့သည်အား အဆောတလျင် လိုက်ပါသွားပါသည်။

မြန်မာဘုန်းတော်ကြီးကျောင်းရောက်သောအခါ ည ၉ နာရီရှိနေပါပြီ။ ဘုန်းကြီးကျောင်းဖြစ်သဖြင့် ညစာစားဖို့ မျှော်လင့်ချက်မရှိသလို သတိပင်မရနိုင်အောင်ပါဘဲ။

ကျောင်း၌ ဂျပန်ပြည်မှ မြန်မာပြည်ကတစ်ဆင့် ဗုဒ္ဓဂယာဘုရားဖူးရန် လာခဲ့သူ ခိုင်ခင်အင်ကြင်းကို သံဃာတော်များက ဂျပန်ပြည် ဗဟုသုတများ မေးမြန်းလိုကြသဖြင့် ခေါ်တော်မူကြသောကြောင့် ဘုရားခန်းကျယ်တစ်ခန်းတွင် ဖြေကြားလျှောက်ထားနေခဲ့ရာ ည ၁၁ နာရီအထိ ဖြစ်သွားပါသည်။

တစ်မနက်လုံး တောက်လျှောက်တစ်ချက်မှ မနားရသေးသည့်အတွက် အလွန်အိပ်ချင်နေပြီ ဖြစ်သော်လည်း ကျောင်းရှေ့ပိုင်းအခန်းနှင့် နေရာများအားလုံး ပြည့်နေပြီဖြစ်သဖြင့် သံဃာတော်တစ်ပါးက ကျောင်းနောက်ပိုင်းအခန်းကျယ်တစ်ခန်းဘက်ခေါ်ကာ အခန်းကျယ်အတွင်း အိပ်နေသူ အမျိုးသားတစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာရာမှာ ဖြစ်သလိုရှာအိပ်ရန် မိန့် ကြားရင်း အခန်းကျယ်တံခါးဝအနီး ခုတင် တစ်လုံးတွင် နေရာချထားပေးကာ ချက် ချင်းပြန်ကြွသွားပါသည်။

အိပ်တော့မည်ဟု စိတ်ဒုန်းဒုန်းချ လျက် ခုတင်ပေါ် ထိုးအိပ်ချလိုက်၍ အိပ် မောကျသွားပြီးလို့မှ မကြာခင်လို့ ထင်ရ ချိ မိမိခြေထောက်ဖျားများကို တစ်စုံတစ် ယောက် လှုပ်နှိုးနေသည့်အတွက် နိုးသွား ပြီး ခေါင်းကြွကြည့်ပေမဲ့ ဘာမှမတွေ့ရ လျှင် စိတ်ထင်ဖြစ်လိမ့်မည်လို့ တစ်ချက် ကလေးသာ စဉ်းစားနိုင်ပြီး မနိုးဘဲ ချက် ချင်းပြန်အိပ်ပျော်သွားပါသည်။

ချက်ချင်းလို ခြေထောက်ဖျားများ ကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်နှိုးနေခြင်းခံ ရသဖြင့် လန့်နိုးသွားတော့၍ ဆတ်ခနဲ ထထိုင်ကြည့်ရာ ခုတင်ခြေရင်း၌ မည်သူ့ ကိုမျှ မတွေ့ရသည့်အပြင် အခန်းတွင်း မျက်စိဖြင့် ရှာကြည့်သမျှ တစ်စုံတစ် ယောက်မှမတွေ့ရသောအခါ အကြောက် ကြီးကြောက်သွားရင်း လန့်ဖျပ်ပြီး အခန်း ဘေးစကြံအတိုင်း ကျောင်းရှေ့ပိုင်းအထိ အမြန်ဆုံးပြေးထွက်ခဲ့ပါတော့သည်။

ထိုအခါ ကျောင်းရှေ့ပိုင်း၌ ဘုရား ဖူးအဖွဲ့ဝင်အားလုံး ခရီးထွက်ရန် အဆင် သင့် ဖြီးလိမ်းပြင်ဆင် အဝတ်အစားလဲပြီး စောင့်ဆိုင်းနေကြကြောင်း တွေ့ရရာ လန့်ဖျပ်နေသည့်ကြားမှ အံ့သြသွားရပါ သည်။

ဘုရားဖူးအဖွဲ့မှ ဦးကြီးနှစ်ယောက် ကိုရှာရင်း ဖြစ်ပျက်ပုံအကျိုးအကြောင်း အထစ်ထစ်အငေါ့ငေါ့ ပြောပြကာ အခန်း ကို လိုက်ကြည့်ပေးပါမည့်အကြောင်း အကူ အညီတောင်းစဉ် မယုံဘဲ စဉ်းစားသလို နှင့် လိုက်ကြည့်ပေးကြရာ မည်သူမှ မမြင် သည့်အတွက် စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်၊ ဘာမှမရှိပါဘူးလို့ ဆိုနေ၍ တကယ်ဖြစ် ကြောင်း ထပ်မံပြောပြရာမှ အိတ်များယူ ဖို့ ခဏလေးစောင့်ပေးပါဟု အလောသုံး ဆယ် စော ်းပန်ရပါသည်။

လက်တွေ့ကြုံရသူဖြစ်၍ ခရီး ဆောင်အိတ်နှစ်လုံးကို ခပ်မြန်မြန်ဆွဲယူ ထွက်လာကြစဉ် လက်မှနာရီအား ကြည့် လိုက်ရာ ည ၂ နာရီခွဲသာ ရှိပါသေး သည်။

ဘုရားဖူးအဖွဲ့ အခြေအနေအရ မနက် ၄ နာရီမှ ခရီးထွက်မည်ဖြစ် ကြောင်း သိထား၍ မေးမြန်းလျှင် ခရီး စတင်ထွက်ခွာချိန် မနက် ၃ နာရီသို့ ပြောင်းလဲစီစဉ်ခဲ့ကြောင်း သိလိုက်ရပါ တော့သည်။

ကပျာကယာ သွားတိုက်၊ မျက်နှာ သစ်၊ အကျီလဲ၍ ပုလင်းထဲမှ သနပ်ခါး ရည်ကျဲကို ကျောင်းရှေ့ပိုင်းအကွယ်တစ် နေရာရှာလိမ်းပြီးသည့်အချိန်နှင့် တစ်ပြိုင် နက် ဘုရားဖူးအဖွဲ့သည် ဟီးနိုးကားကြီး ပေါ်တက်နေကြပါပြီ။

ပျာပျာသလဲ နောက်မှတက်လိုက် သည့်အခါ ချက်ချင်းကားစက်နှိုးပြီး ဘုရား ဖူးခရီးစဉ် စတင်ထွက်ခွာပါတော့သည်။

ခရီးစဉ်ကို သီသီလေး မီလျက် ယခုကဲ့သို့ မိမိအား ကျောင်းနောက်ပိုင်း သို့ တစ်ဦးတလေမှ လာရောက်အကြောင်း မကြားဘဲ မေ့လျော့နေခဲ့ကြပါက ဆက် လက်အိပ်မောကျ ကျန်နေခဲ့မည်မှာ သေ ချာနေကြောင်း တွေးမိလိုက်သည့်အခါ စိတ်မကောင်းဖြစ်မိပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဘုရားဖူးခရီးစဉ် ကို လိုက်ပါလာနိုင်ခဲ့ပြီဖြစ်သည်ကို အဆန်းတကြယ် ကြုံခဲ့သောအကြောင်း အား သတိမရနိုင်တော့ဘဲ ဝမ်းသာလုံး ဆို့ရင်း ထွတ်မြတ်သဒ္ဒါ ကြည်ညိုစွာ သံဝေဇနီယလေးဌာနနှင့် အခြားမြင့်မြတ် သော နေရာများကို ဖူးမြော်မဝ၊ ကြည်နူး မဆုံးဖြစ်နေခဲ့ပါသည်။

နောင်တွင် ထူးဆန်းသည့်အဖြစ် အား သတိရမိတိုင်း ဘုရားဖူးခရီးစဉ်မှ ကျန်နေခဲ့မည်ကို စိုးရိမ်သဖြင့် ကျောင်း စောင့်နတ်၊ သို့မဟုတ် ကိုယ်စောင့်နတ် တစ်ပါးပါးက မရမက နှိုးဆော်ခဲ့ခြင်း ဖြစ် မည်ဟု ခန့်မှန်းကြည့်နေသော်လည်း နတ် ဖြစ်ပါက ခြေထောက်ကို ကိုင်လှုပ်မည် ဟုတ်နိုင်ပါမည်လားဟုလည်း သို့လော၊ သို့လော အတွေးများနှင့် ဝိုးဝါးထွေပြား ရှိနေခဲ့ရင်း မယုံကြမည်စိုးသဖြင့် တစ်ဦး တလေမှအပ ပြန်လည်ပြောပြမိခြင်းမရှိ သလို၊ စာမူအဖြစ် မရေးဖြစ်ခဲ့သည်မှာ နှစ်ကြာသွားပါသည်။

ထိုသို့ဖြင့် ယခု ၂၀၁၁၊ ဇန်နဝါရီ လထုတ် မဂ္ဂဇင်းတစ်စောင်အား ဖတ်ရှုပြီး သုတရလိုက်သည်ကား ကုန်းဘောင် ခေတ်ဦး နောင်တော်ကြီးမင်းလက်ထက် ဇင်းမယ်သို့ စစ်ချီရာ၌ လမ်းခရီးတွင် ဥဒိန် ကျော်ခေါင်ဘွဲ့ခံ(ဘတ်ချောင်းပိုလ်)သေဆုံး ၍ နတ်ဖြစ်သွားပြီး နောင်တော်ကြီးမင်း စက်တော်ခေါ်နေရာသို့ ခြေထောက်ကို လှုပ်နှိုးကာ မိမိသေဆုံးသော်လည်း အပါး တော်မှာ စောင့်နေတာဝန်ထမ်းဆောင် မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသား ဖော်ပြထားသော စာတစ်ပိုဒ်အရ ခိုင်ခင် အင်ကြင်း၏ အတွေ့အကြုံမှာ လူတို့အနီး ရှိ နတ်တစ်ပါးပါး ဖြစ်ချင်ဖြစ်နိုင်လိမ့်မည် ဟု ခန့်မှန်းယူဆနိုင်လိမ့်မည်လား မသိနိုင် ဖြစ်ရပါသည်။

အကြောင်းခြင်းရာကိုသာ ခန့်မှန်း တွက်ဆမှုပဲ ဖြစ်၍ နောင်တော်ကြီးဘုရင် ကဲ့သို့ မင်းယောက်ျားနှင့် ရာရာစစ နှိုင်း ယှဉ်ကြည့်ခြင်းမဟုတ်ကြောင်းနှင့် အဖြစ် အပျက်မှန်ကို ချဲ့ထွင်ရေးသားခြင်း လုံးဝ မပြုကြောင်း၊ အချိန်မရွေး သစ္စာဆိုဝံ့ပါ ကြောင်း လေးစားရသော စာဖတ်ပရိသတ် အား ကတိပြုရေးသားဖော်ပြအပ်ပါသည်။

*အစဉ်မှန်မြတ်သော မေတ္တာရည်လျက်*

**ခိုင်ခင်အင်ကြင်း**



www.burmeseclassic.com

www.burmeseclassic.com

# တောင့်တပြည့်စုံ တန်ခိုးကြွယ်ဂါထာ

**လူအောင်ကြည်ဖြိုး**

သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးချိန် သာဝတ္ထိပြည့်၌ ဝိသာခါနှင့် ပုဏ္ဏဝမှ လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်း၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် ညနေဆည်းဆာအလုတွင် နေမင်းက ဝင်လုဆဲဆဲ၊ အရှေ့လောကဓာတ်ဆီမှ တလုပ်လုပ်တဝင်းဝင်း ပြူထွက်စ လမင်း၊ မင်းမြောက်တန်ဆာဝတ်ဆင်ထားသော ကောသလမင်းကြီးသည် မြတ်စွာဘုရားအား မင်းခမ်းမင်းနားဖြင့် ပူဇော်ရန် ကြွအလာ မင်းပရိသတ်အလယ်တွင် ဘုရားအာရုံပြုလျက် ဈာန်သမာပတ်ဝင်စားလျက်ရှိသော ကာဠုဒါယီမထေရ်မြတ်၏ ကိုယ်ထည်သည်ရွှေအဆင်းကဲ့သို့ တင့်တယ်တောက်ပနေ၏။

ထိုအချိန်၌ ရှင်အာနန္ဒာမထေရ်မြတ်သည် ဝင်နေသော နေမင်း၏အရောင်၊ ထွက်ပေါ်လာသော လမင်း၏အရောင်၊ မင်းမြောက်တန်ဆာဖြင့် တင့်တယ်လျက်ရှိသော ကောသလမင်းကြီး၏ ကိုယ်ရောင်၊ ကာဠုဒါယီမထေရ်မြတ်တို့၏ ကိုယ်ရောင်သည်လည်းကောင်း၊ မြတ်စွာဘုရား၏ ကိုယ်တော်မှ ထွက်ပေါ်လာသော ကိုယ်ရောင်ကိုလည်းကောင်း ကြည့်ရှုနေသည်။ ထိုအရောင်အားလုံးတို့တွင် မြတ်စွာဘုရား၏ကိုယ်ရောင်တော်သည် အလုံးစုံသောအရောင်တို့ကို လွှမ်းခြုံစေသည်၊ အထူးပင်တင့်တယ်လျက်ရှိသည်ဟု သုံးသပ်မိသည်။

ထို့ကြောင့် ရှင်အာနန္ဒာမြတ်သည် မြတ်စွာဘုရားကို ဤကဲ့သို့ ဦးတင်လျှောက်တော်မူလေသည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ယနေ့ယခု တပည့်တော်သည် ကိုယ်အရောင်တို့ကို ကြည့်ရှုသုံးသပ်သောအခါ ရှင်တော်မြတ်ဘုရား၏ ကိုယ်ရောင်တော်သည်သာ အလုံးစုံသော အရောင်တို့ထက် အထူးသာလွန်တင့်တယ်တော်မူပါပေသည်ဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက -

"ချစ်သား အာနန္ဒာ၊ နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏၊ လမင်းသည် ညဉ့်အခါ၌သာ တင့်တယ်၏၊ ပြည့်ရှင်မင်းသည် မင်းမြောက်တန်ဆာ ဆင်မြန်းသောအခါ၌သာ တင့်တယ်၏၊ အာသဝေါကင်းစင်သော ရဟန္တာသည် အာရုံအပေါင်း၌ ကျရောက်သောစိတ်အပေါင်းကို ပယ်စွန့်၍ ဈာန်သမာပတ် ဝင်စားသောအခါ၌သာ တင့်တယ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည်ကား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသဖြင့် ကိလေသာကင်းစင်ပြီး ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှု ပြုတော်မမူသောကြောင့် နေ့ညဉ့်ကာလပတ်လုံး တန်ခိုးတော်ပါရမီကြောင့် ဗုဒ္ဓကျက်သရေ ထွန်းလင်းတောက်ပတော်မူပေသည်ဟူ၍ အောက်ပါ သံယုတ္တနိကာယ် အဋ္ဌပထာ နိဒါနဝဂ္ဂဘိက္ခုသံယုတ်အဖွင့်၌လာသော သဗ္ဗဇယမင်္ဂလာသီရိသမ္ဗန္ဓဂါထာတော်ကြီး ဟောတော်မူလေသည်။

တောင့်တပြည့်စုံ တန်ခိုးကြွယ် ဂါထာတော်ကြီးမှာ

### သဗ္ဗဇယမင်္ဂလာဂါထာတော်

"ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိစန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိ ယောဘာတိ၊ ဈာယီတပတိ ဗြာမ္မဏော။
အထသဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံတေဇ သမ္ဗန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ"
နမက္ကာရာ၊ နုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

www.burmeseclassic.com

ဟူ၍ ဖြစ်ပါသည်။

*မှတ်ချက်* ။ ။ မျက်တောင်အဖွင့်အပိတ်မှာ မြတ်စွာဘုရားဟောကြားတော်မူသော ဂါထာဖြစ်ပါသည်။

ရှေးအခါက သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုသော ဘာတိကမင်းကြီးသည် ပိဋကတ်သုံးပုံကို နှံ့စပ်သော အမတ်ကြီးကို ရတနာသုံးပါးနှင့်စပ်သော၊ မင်္ဂလာပေါင်းနှင့် ပြည့်စုံသော ဂါထာတစ်ပုဒ်ကို ရေးသားပေးရန် တောင်းပန်သောကြောင့် အမတ်ကြီးက—"ဒိဝါသဗ္ဗတိ အာဒိစ္စော" အစချီ ဂါထာတော်မြတ်ကြီးကို ရွတ်ဆိုပြနေစဉ် ခဏာ၌ပင် မင်းကြီးသည် နှစ်သက်တော်မူလွန်းလှသဖြင့် ပညာရှိအမတ်ကို အသပြာတစ်ထောင် ဆုချီးမြှင့်တော်မူလေသည်။

ယခုခေတ်၌ ဤဂါထာကို ရွတ်ဆိုခြင်းဖြင့် အကျိုးများသော လူပုဂ္ဂိုလ်များကို ဖော်ပြရသော် နိုင်ငံကျော် လက္ခဏာဗေဒင်ပညာရှင် ဆရာကြီးစန္ဒြသည် မိမိကိုယ်တိုင် ယုံကြည်မြတ်နိုးစွာဖြင့် ရွတ်ဆိုရုံသာမက မိမိ၏ လက္ခဏာဗေဒင်ပရိသတ်တို့၏ အကျိုးစီးပွားအလို့ငှာ ၃၇ ခေါက် ရွတ်ဆိုရန် တိုက်တွန်းလေ့ရှိသည်။ ဆရာကြီးစန္ဒြသည် ၁၉၈၂ ခုနှစ် ရဟန်းဘဝသို့မကူးမီ လှူဒါန်းခဲ့သော ငွေတန်ဖိုးမှာ ကိုးသိန်းထက်မနည်းပါ။ ထိုအချိန်က ကိုးသိန်း ယခုခေတ် သိန်း ၉၀၀ ခန့်ရှိမည်ဟုဆိုလျှင် မှားအံ့မထင်ပါ။

စာရေးဆရာကြီး မကွေးဝင်းမြင့်၏ ကိုယ်တွေ့မှာ ကျွန်ုပ်ငယ်စဉ်က ငွေစက္ကူတွင် "မောင်ကောင်း"၊ "စံလင်း" အာမခံလက်မှတ်ထိုးထားသည်။ ပုဂ္ဂိုလ်နှစ်ဦးအနက် ဦးစံလင်းမှာ ဆရာကြီးမကွေးဝင်းမြင့်၏ လူနာရှင် ဒေါ်မမကြီး၏ မောင်အရင်းဖြစ်သည်။ ဒေါ်မမကြီး၊ ဒေါ်မမလေး၊ ဦးစံလင်းတို့ မောင်နှမသုံးယောက်သည် စစ်ကိုင်းမှ ရန်ကုန်သို့ စွန့်ပြီးလာခဲ့သည်။ ဂါထာအားကိုးနှင့် ပညာသင်တယ်၊ အလုပ်လျှောက်တယ်၊ မောင်နှမသုံးယောက်စလုံး အလုပ်ကိုယ်စီရကြသည်။ ထိုက်ထိုက်တန်တန် ပြည့်စုံစွာနေရသည်။ ဒေါ်မမကြီးသည် မွေးနေ့တိုင်း သစ်သီးဆွမ်းကပ်လှူပြီး ဂါထာလည်း ရွတ်ပါက ဒိဋ္ဌငွေဝင်မည်ဟု ဦးဝင်းမြင့်အား နည်းပေးခဲ့သည်။ ဒေါ်မမကြီး ပေးသည့် နည်းအတိုင်း ဆောင်ရွက်ခဲ့သဖြင့် ဆရာကြီး မကွေးဦးဝင်းမြင့်သည် အကျိုးကျေးဇူး ခံစားရသည်။

နောက်တစ်ဦးမှာ ဒုဗိုလ်မှူးကြီး(အငြိမ်းစား)၏ ကိုယ်တွေ့ဖြစ်သည်။ ဗိုလ်မှူးကြီးကို ဆရာတော်အရှင်နာရဒက မည်သို့စိတ်ထားပြီး၊ မည်သို့ရွတ်ဆိုရမည်၊ မည်သို့ဆုတောင်းရမည် စသည်ဖြင့် သွန်သင်နည်းပြသည့်အတိုင်း ရွတ်ဆိုရာ အင်္ဂလန်သို့ ၁၉၈၇၊ ဩဂုတ်လဆန်း၌ လွယ်ကူချောမောစွာ အလည်သွားရောက်နိုင်ခဲ့သည်။ ဗိုလ်မှူးကြီး လမ်းညွှန်ပြသည့်အတိုင်း အက်ရှိတန်ဆေးရုံမှ အာရ်စီပီဘွဲ့ရ ဆရာဝန်တစ်ဦးသည် နေ့စဉ်မှန်မှန် အဓိဋ္ဌာန်တင်ပြီး ဂါထာကို ရွတ်သဖြင့် အရည်အချင်းတူ ငါးဦးအနက် လစ်လပ်နေသော အထက်ရာထူးကို ရရှိသွားခဲ့သည်။

အလှူအတန်းရက်ရောပြီး ရတနာသုံးပါးကို ကြည်ညိုသော ပြည်သူ့အချစ်တော် အနုပညာရှင် သုံးထပ်ကွမ်း အကယ်ဒမီ ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေကို ဗိုလ်မှူးက သင်ပေးသည့်အတိုင်း အဓိဋ္ဌာန်တင်ရွတ်သောကြောင့် သူကိုယ်တိုင် အောင်မြင်မှုအကျိုးကျေးဇူးကို ခံစားရသည်။ (ဒေါ်ဝါဝါဝင်းရွှေ ဒီဂါထာရွတ်ဆိုအောင်မြင်မှုရတာကို အထောက်အထား ခိုင်လုံစွာဖြင့်တင်ပြလျှင် စာရေးသူအပါအဝင် ရောင်ပြန်ပရိသတ်အားလုံး အထူးပင်ဝမ်းမြောက်ကျေးဇူးတင်ကြမည်။)

ဗိုလ်မှူးကိုယ်တိုင်လည်း အင်္ဂလန်ကို အလည်အပတ်ရောက်ရသည်။ သားဖြစ်သူက သူ၏လစာ နှစ်နှစ်စာတန်သော ကားတစ်စီးဖြင့် ကန်တော့ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရသည်။ ဗိုလ်မှူးကြီးသားကဲ့သို့ သားလိမ္မာများ မွေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။ စာဖတ်ပရိသတ်အား ကျွန်တော်ရေးသားတင်ပြအပ်သော "တောင့်တပြည့်စုံ တန်ခိုးကြွယ်ဂါထာတော်ကြီးကို ယုံကြည်စွာ ရွတ်ဖတ်ကျင့်ကြံအားထုတ်ခြင်းဖြင့် ကြီးပွားချမ်းသာကြပါစေလို့ ဆုမွန်ဖြင့် နိဂုံးချုပ်လိုက်ပါသည်ခင်ဗျာ။

*စိတ်ဖြူ၊ နှုတ်ဖြူ၊ အလုပ်ဖြူခြင်းဖြင့် အများချစ်၍ ချမ်းသာကြစေသော်ဝ်။*

လှအောင်ကြည်ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



# အခါပေးသော်လည်း ရွေးတတ်ဖို့လိုသည်

■ သုတေသီဆရာငြိမ်း

အခွင့်သာဖို့ရာအတွက် 'အခါ'ဆိုသည် ပေးရစမြဲ။ သည့်အတွက် ဗေဒင်ပညာရပ်ဖြင့် ပညာရှင်တို့က 'အခါ'ကို ရွေးချယ်ပေးတတ်ကြသည်။ ထိုသို့ပေးရာဝယ် လုပ်ကိုင်ရမည့် လုပ်ငန်းဆောင်တာနှင့် လုပ်ကိုင်ရမည့်အခါ (တစ်နည်းအားဖြင့်) လုပ်ကိုင်ရမည့်အချိန်တို့သည် အပ်စပ်မှုရှိမှုလိုသည်။ အံဝင်ခွင်ကျဖြစ်ဖို့ လိုသည်။ ဆိုရလျှင် အခါကောင်းကို ရွေးတတ်ဖို့ လိုပါသည်။ အခါကို ခွဲခြားလျှင် ရှစ်မျိုးရှိပါ၏။ ၎င်းတို့မှာ ...

www.burmeseclassic.com

www.burmeseclassic.com

၁။ အချာအခါ
၂။ ဆပွတ်အခါ
၃။ မွေးနံ နဝင်းပေါ်ချိန်အခါ
၄။ စတုရန်းအခါ
၅။ အညွန့်အခါ
၆။ အမြစ်အခါ
၇။ ပဋ္ဌပွတ်အခါ
၈။ တြိုရန်းအခါတို့ ဖြစ်ကြပါသည်။

## ၁။ အချာအခါ

နံနက် ၆း၀၀ နာရီမှ ၇း၃၀ နာရီအတွင်း အကျုံးဝင်၏။ အကျိုးရှိမည့် အကြံအစည်၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ ပေါ်လာနေသည့် အခွင့်အရေးအတွက် အဆိုပါ အချာအခါကို ရှောင်ကြဉ်ဖို့ လိုပါသည်။ လုပ်သမျှ အရာမထင်ရုံမျှမက ပျက်စီးမည်၊ ဆုံးရှုံးမည်သာ ဖြစ်၏။ ဒုက္ခပေးမည့်အခါဟူ၍ သတ်မှတ်ရပါမည်။ ရှောင်ကြဉ်ပါ။

## ၂။ ဆပွတ်အခါ

နံနက် ၇း၃၀ နာရီမှ ၉း၀၀ နာရီအတွင်း အကျုံးဝင်၏။ ကျန်းမာရေးချူချာချို့တဲ့သဖြင့် ဆေးကုခြင်း၊ ခွဲစိတ်ခြင်း၊ ဆေးထိုးခြင်း၊ ဆေးစားခြင်း၊ သက်ဆိုင်ရာ ဆရာဝန်၊ မြန်မာဆရာတို့နှင့် ပြသရန် စီရင်ထားပါက ထိုအခါကို ရှောင်ရပါလိမ့်မည်။ မရှောင်ပါက လုပ်ကိုင်သမျှ အောင်မြင်လိမ့်မည်မဟုတ်ဘဲ ဆေးအတွက် လေးရမည့်၊ ဘေးဖြစ်ရမည့်ကိစ္စက ပိုပါလိမ့်မည်။ ရောဂါဝေဒနာ ကြီးထွားတတ်ပါသည်။ ရှောင်ကြဉ်ပါ။

## ၃။ မွေးနံနဝင်းပေါ်ချိန်အခါ

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း အကျုံးဝင်၏။ ဘုန်းတန်ခိုးအရှိန်အဝါကြီးစေမည့် လုပ်ငန်းရပ်များ၊ ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊ အခွင့်အရေးတောင်းဆိုလိုမှုများ၊ စကားအချေအတင် ပြောဆိုခြင်းများကို ပြုလုပ်ပါက အဆိုပါ မွေးနံနဝင်း ပေါ်ချိန်အခါသည် အကောင်းဆုံး၊ အသင့်ဆုံး၊ အောင်မြင်မှုအရတတ်ဆုံးဖြစ်ပါသည်။

## ၄။ စတုရန်းအခါ

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း အကျုံးဝင်၏။ စင်ပေါ်၌ စကားပြောခြင်း၊ အလုပ်ပညာလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အပြိုင်အဆိုင် စကား ပြောဆိုခြင်းများအတွက် 'စတုရန်းအခါ'ကို ရွေးချယ်လုပ်ကိုင်ပါက ထူးကဲသော အောင်မြင်မှုများ ရရှိတတ် ပါသည်။

## ၅။ အညွန့်အခါ

နံနက် ၁၀း၃၀ နာရီမှ ၁၂း၀၀ နာရီအတွင်း အကျုံးဝင်၏။ ငွေကြေးကိစ္စ စကားပြောဆိုခြင်း၊ အခွင့်အရေးရရန် ပြောဆိုခြင်းတို့အတွက် အဆိုပါ 'အညွန့်အခါ'ကို မရွေးချယ်သင့်။ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရတတ်၏။ ရှောင်ကြဉ်ပါ။

## ၆။ အမြစ်အခါ

နေ့လယ် ၁၂း၃၀ နာရီမှ ၁း၃၀ နာရီအတွင်း အကျုံးဝင်၏။ အရောင်းအဝယ်ကိစ္စရပ်များ၊ ပစ္စည်းသိုလှောင်ခြင်းများ၊ ပစ္စည်းထုတ်ပြခြင်းများ၌ အရောင်းအဝယ်စွံတတ်ပြီး လုပ်ကိုင်သမျှ အောင်မြင်တတ်သောအခါ ဖြစ်ပါသည်။ ဥစ္စာတိုးပွားစေသည့်အခါဟု မှတ်ယူပါ။

## ၇။ ပဋ္ဌပွတ်အခါ

ညနေ ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း အကျုံးဝင်၏။ ကြားက ပွဲစားလုပ်ရမည့်ကိစ္စ၊ တစ်ပါးသူအားပစ္စည်းပြသရမည့်ကိစ္စ၊ စေ့စပ်ပေးရမည့်ကိစ္စ၊ လူကြီးနှင့် စကားပြောဆိုရန်ကိစ္စ၊ တွေ့ကြုံရမည့်ကိစ္စတို့အတွက် ပဋ္ဌပွတ်အခါကို ရှောင်ကြဉ်ပါ။ မရှောင်က အရာမထင်ပါ။ အစွပ်စွဲခံရခြင်း၊ အထင်အမြင်လွဲခံရခြင်း၊ ဓားခုတ်ရာ လက်ဝင်လျှိုမိသည့်ကိန်း ဆိုက်တတ်ပါသည်။ ရှောင်ကြဉ်ပါ။

## ၈။ တြိုရန်းအခါ

ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီအတွင်း အကျုံးဝင်၏။ လျှို့ဝှက်လုပ်ဆောင်ရမည့် ကိစ္စများ၊ ဘေးလူမသိစေချင်သော ကိစ္စများ၊ ချစ်ရေးချစ်ရာကိစ္စများ စီရင်ဆောင်ရွက်ရမည်ဆိုပါက တြိုရန်းအခါသည် အောင်မြင်မှုများစွာ ပေးစွမ်းမည့်အခါ ဖြစ်ပါသည်။


သို့ဖြင့် လောကီရေးရာ ကြီးပွားကြောင်း လေ့လာလိုက်စားလိုသူများ အကျိုးရှိစိမ့်သောငှါ အခါနှင့်ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်တို့ကို ညွှန်ပြလိုက်ပါ၏။ အကျိုးရှိစွာ အသုံးချတော်မူကြပါကုန်။

သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



# ခေးဖက်ဝင်

# ကြက်ခါး

● အောင်မြင့်မော်–စကု

ဒါးမနိုင်ကျေးရွာသို့ မကြာခဏ အလည်သွား၏။ လုပ်ဖော်ကိုင်ဘက် အပေါင်းအသင်း၊ ရောင်းရင်းများ ရှိသည်။ စိုက်ခင်းစိုက်ကွက်၊ လယ်ကွင်းသွားလမ်းပင် ဖြစ်၏။ ရံဖန်ရံခါ ထွန်ယက်ရာမှ အပြန်လမ်း ဝင်ရောက်အနားယူ အပန်းဖြေလေ့ရှိသည်။

ကျေးလက်တောရွာ မိုတင်းနေထိုင်ကြပေမယ့် ပွင့်လင်းဖော်ရွေမှု ရှိကြ၏။ စေတနာသဒ္ဓါတရား ထက်သန်တာ အမှန်ပင်။ မန်းချောင်းနံဘေးမို့ ကိုင်းခြံမြေ ပိုင်းရံလျက်ရှိသည်။ ရာသီပေါ်အသီးအနှံမျိုးစုံ ဖြစ်ထွန်း၏။ မြေသား မြေနု၊ ရေကောင်းရေသန့် ရှိသဖြင့် ပန်းပင်မျိုးစုံ စိုက်လေ့ရှိသည်။

ဘုရားပန်း တစ်နှစ်ပတ်လုံး ရောင်းပန်းလှ၏။ ခေတ်မီနည်းစနစ်ဖြင့် တီထွင်ဆန်းသစ်သည်။ လှေကြီးဘိုးရိုးရိုးမစိုက်ပျိုးကြတော့ပေ။ မျိုးကောင်းမျိုးသန့် ရှာဖွေစုဆောင်း၏။ မြေကြီးက အလိုအလျောက် ရွှေသီးနေသလို ဝင်ငွေကောင်းသည်။ နေအိမ်၊ တိုက်တာ အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com

များ တွေ့မြင်မိ၏။

နွေစပါး၊ မိုးစရား၊ နှမ်း၊ ကုလားပဲ၊ ပဲတီးစိမ်း၊ နေကြာ အဓိကထွက်သည်။ ဟင်းသီးဟင်းရွက် အလျှံပယ် ခူးဆွတ်နိုင်၏။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လုပ်အားတန်ဖိုး ချစ်မြတ်နိုးသည်။ ရိက္ခာမှန်သမျှ ဈေးကွက်ဝင် အရောင်း တွင်ကျယ်သော ကာလဖြစ်၏။ လူဦးရေ တိုးပွားသဖြင့် ကွက်သစ်ပိုင်း ချဲ့ရသည်။

ရှေးဟောင်းစေတီတော်များ ပျက်စီးယိုယွင်းမှု အသစ်မွမ်းမံပြင်ဆင်ကြ၏။ သီးနှံပေါ်ချိန် အလှူမင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲ ဒါနပန်း ရယူဆင်မြန်းသည်။ ကျေးရွာအရှေ့ဘက် ရွာဦးတိုက်ကျောင်း ခံ့ညားထည်ဝါလှ၏။ ရွာလယ် ဓမ္မာရုံ၊ စာသင်ကျောင်း စနစ်ကျနစွာ တည်ဆောက်ထားသည်။

အိမ်ရှင်ပီသစွာ ရေနွေး၊ လက်ဖက်၊ ပဲကြော်၊ ငှက်ပျောသီး၊ ပိန္နဲစေ့၊ သရက်သီး၊ ထန်းစေ့ဆန်နှင့် ဧည့်ဝတ်ပြု၏။ ခြံထွက်ပစ္စည်းမို့ အရသာရှိလှပေသည်။ စကုမြို့ မြောက်ဘက်၊ မန်းချောင်းမြောက်ဘက် ကျေးရွာဖြစ်၏။ ထန်းတော ဝိုင်းရံလျက်ရှိသည်။ ဒါးမနိုင်ထန်းရည် နှစ်သက်စွဲလမ်း၏။

နံနက်စာ စားသုံးသွားရန် ပြောနေသည်။ သိကြတဲ့အတိုင်း ကျေးလက်ဟူသည် နေ့စဉ်ရက်ဆက် မြို့သို့ ဈေးမဝယ်ကြပေ။ တစ်ပတ်စာ စုဆောင်းလေ့ရှိ၏။ ငါးခြောက်၊ ငါးပိရှိလျှင် အဆင်ပြေသည်။ ရွာရိပ်ဝန်းကျင် ကိုင်းခြံအတွင်း သီးနှံ၊ ရုံဖန်ရံခါ နွားသေလို့ အမဲသားရောင်း၊ ဝက်ပေါ်လျှင် ဝယ်လို့ရသည်။

သိကြတဲ့အတိုင်း မိတ်ဆွေအပေါင်းအသင်းအား ဖြစ်သလိုနှင့် မကျွေးမွေးလိုကြပေ။ အိမ်မှာမွေးထားသော ကြက် လိုတရစေ ကြိုးသို့ခွေ စုဆောင်းထား၏။ လောက်လေးခွနှင့် သားဖြစ်သူ ပစ်ခတ်မှန်း သတိပြုမိသည်။ တော ကြက်မှန်သမျှ ရိုင်းပျစွာ ပြေးလွှား၏။ မကြာမီ ကြက်အော်သံ အတိုင်းသားကြားရ၏။

ဧည့်သည်ပီပီ မသိဟန်ဆောင် ဥပေက္ခာပြုနေသည်။ ကြက်ကာလသားဟင်း မစားရတာ ကြာပေပြီ။ ဒီကြားထဲ ရွာလူကြီး ဧည့်သည်ဝန်ထမ်းအတွက် ကြက်တစ်ကောင်ပေးရ၏။ ကြက်ဖို၊ ကြက်မ ချက်ပြုတ်ပြီး နယ်ပိုင်၊ လယ်အရှင်သခင် တင်မြှောက်ဆက်သလေ့ရှိသည်။

အချိန်မီ ချက်ပြုတ်နိုင်ရေး စီမံဖန်တီး၏။ ခန္ဓာကိုယ်ပေါ်ရှိ အမွေးအမှင် ကုန်စင်အောင် နုတ်ရသည်။ တဖြည်းဖြည်း သားဖြစ်သူ အလန့်တကြား ကျယ်လောင်စွာ စကားသံ ထွက်ပေါ်လာ၏။

"လုပ်ရင်းကိုင်ရင်းနဲ့ လက်နှစ်ဖက်လုံး ခါးလာမှန်း တွေ့မိတယ်။ ချက်စားလို့မဖြစ်ဘူး။ ပါးစပ်ထဲစွဲအောင် ခါးနေပါလား"

အသီးတွင် အချို၊ အခါးဟူ၍ ရှိ၏။ ကင်းပုံ အချို၊ အခါး၊ ဘူးသီး၊ သခွား၊ ငရုတ်၊ သပွတ်ခါး၊ အချို ဒွန်တွဲလျက်ရှိ၏။ အများအားဖြင့် ကြက်သားသည် အချိုအရသာပင် ရှိတတ်၏။ မပြီးပြတ်သေးသော ကြက်အခြေအနေ လေ့လာရန် စိတ်ဝင်စားသည်။ ခဲလေသမျှ သဲရေကျ ဖြစ်သွား၏။

မသိသူကျော်သွား၊ သိရှိနားလည်လျှင် အသုံးဝင်သည်။ ကျား/မ မခွဲခြား အဖောအရောင် ဖြစ်ပွားလေ့ရှိကြ၏။ ကြက်ခါးအား အရည်သောက်၊ အဖတ်စားလျှင် စွဲကပ်သည့်ဝေဒနာ သက်သာပျောက်ကင်းကြောင်း တိုင်းရင်းဆေးဆရာတစ်ဦး ပြောခဲ့ဖူးသည်။

အခါးဓာတ်ပါသော အရာအားလုံး ဆေးဖက်ဝင်၏။ စပါးကြီးသည်းခြေ၊ သပွတ်ခါး၊ ကင်းပုံ၊ လက်ခြားသီး၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါး၊ ဘူးခါး၊ သခွားသီးအခါး ဝေဒနာအဖုံဖုံ ကာကွယ်တားဆီးပေးသည်။ ဆေးဖိုးဝါးခ မကုန်ကျဘဲ ချုပ်ငြိမ်းသော ပရဆေးနည်းများ မနည်းလှပေ။

စေတနာသဒ္ဓါတရားနှင့် ဧည့်ဝတ်ကျေ ကျွေးမွေးလိုပေမယ့် အခြေအနေ မပေးခဲ့။ အသင့်စီမံချက်ထားသော ဟင်းဖြစ်လင့်ကစား နတ်သုဓာသဖွယ် အရသာရှိ မြိန်ရှက်လှပေ၏။ ကြက်သားအခါးဆိုပြီး အထင်မသေးပါနှင့်။ နီးစပ်ရာ၊ လက်လှမ်းမီရာ အဖောအရောင့်ဝေဒနာသည် အတွက် တန်ဖိုးမဖြတ်နိုင်သော ဆေးစွမ်းကောင်းပင် ဖြစ်ပါ၏။

မှတ်ဖွယ်မှတ်ရာ သုတ၊ ရသ စုံလင်စွာ ဖော်ပြသော ဆရာမောင်မောင်မြင့်အေး ဘုန်းရောင်ဂမ္ဘီရဂျာနယ် လက်မလွှတ်တမ်း ဖတ်ရှုသင့်သည်။ မိသားစုအတွက် ဗဟုသုတ၊ နည်းလမ်းကောင်းများ ရသွားမှာ သေချာပေ၏။

**အောင်မြင့်မော်-စကု**



www.burmeseclassic.com

www.burmeseclassic.com

# သားဆိုး သမီးဆိုး ၁၆၉

## မြတ်ဦး

စာရေးသူတို့မှာ ခန္ဓာငါးပါး(အကျဉ်းနည်းနဲ့) ရုပ်နာမ်နှစ်ဖြာ အမှန်ရှိနေတာမို့ နေ့စဉ်ထာဝရ ဒုက္ခတွေ တစ်ပြုံတစ်မ ခံစားနေကြရပါတယ်။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ "ခန္ဓာရှိရင် ဒုက္ခရှိမှာပဲ" လို့ လိုရင်းတိုရှင်း ထောက်ပြဆုံးမပါတယ်။

ခန္ဓာငါးပါးဆိုတာက···

(၁) ရူပက္ခန္ဓာ - ဖောက်ပြန်မှုသဘောတရား အစု (ရုပ် ၂၈ ပါး)၊

(၂) ဝေဒနက္ခန္ဓာ - ကောင်း၊ မကောင်းခံစားမှု သဘောတရားအစု (ဝေဒနာ)

(၃) သညာက္ခန္ဓာ - မှတ်သားမှုသဘောတရား အစု (သညာ)

(၄) သင်္ခါရက္ခန္ဓာ - ပြုပြင်မှုသဘောတရားအစု (စေတသိက်)

(၅) ဝိညာဏက္ခန္ဓာ - သိမှုသဘောတရားအစု (စိတ် ၈၉)ပါး

ဖောက်ပြန်၊ ခံစား၊ မှတ်သား၊ ပြုပြင်၊ သိဝိညာဏ်၊ ငါးအင်ခန္ဓာမှတ်။

မနက်မိုးလင်းလာတာနဲ့ ကိုယ်ခန္ဓာသန့်စင်ပေးရ၊ မျက်နှာသစ်ရ၊ အပုပ်ကောင်ကြီးကို ရေချိုးပေးရ၊ ခေါင်းဖြီးရ၊ အမွှေးနံ့သာလိမ်းကျံပေးရ၊ စားရ-သောက်ရ၊ စားဝတ်နေရေးအတွက် ကြက်လိုယက်ပြီး ရှာရဖွေရတဲ့အပြင် စိုးရိမ်သောကရင်မှာပိုက်၊ ပူဆွေးရတဲ့ဒုက္ခမျိုးစုံတို့ဟာ ဒီခန္ဓာရှိလို့ ရနေတဲ့ဒုက္ခဖြစ်ပါတယ်။ ဒါတွေအပြင် ခန္ဓာပွားဒုက္ခကလည်း လာသေးတယ်လေ။

ဥပမာ - သားဆိုး၊ ဒါမှမဟုတ် သမီးဆိုးတစ်ယောက် ဖွားမြောက်ထိန်းကျောင်းနေရတဲ့ အိမ်တစ်အိမ်က မိခင်တစ်ဦးကိုပဲ ကြည့်လိုက်စမ်းပါ။ ဘယ်လောက် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခံနေရပါသလဲ။ သားဆိုးက မူးယစ်ဆေး အရက်စွဲဖြန်းတီးရမ်းကားနေတာမျိုး။ သမီးဆိုးက ဒေါက်ခြေလွတ်ပြီး ထိန်းမနိုင် သိမ်းမရ၊ ဟီရိဩတ္တပ္ပကင်းနေတာမျိုး တွေ့မြင်ကြုံတွေ့ဖူးကြမှာပါ။

"သားဆိုးအမေ တပေပေ"တို့၊ "သမီးတစ်ကောင် နွားတစ်ထောင်"တို့ဆိုတဲ့ စကားပုံတွေက သက်သေခံနေလေရဲ့။ လောကမှာ သားဆိုး၊ သမီးဆိုး မွေးထားတဲ့ မိဘတို့ဟာ နေ့တိုင်းလိုလို ဆင်းရဲဒုက္ခကြုံတွေ့နေရသလို၊ ခန္ဓာဆိုတဲ့ သား၊ သမီးဆိုးရှိနေတဲ့ "ခန္ဓာ့ဝန်ထမ်း"ပုဂ္ဂိုလ်တွေဟာလည်း အမြဲထာဝရ ဆင်းရဲနေကြရပါတယ်။

တင်စားပြောရရင် သားဆိုး၊ သမီးဆိုးတွေကလည်း နည်းနည်းနောနောမဟုတ်။ ၁၆၉ ယောက်တောင် ရှိတယ်။ စိတ်က ၈၉၊ စေတသိက်က ၅၂၊ ရုပ်က ၂၈ ပေါင်းလိုက်ရင် ၁၆၉ ယောက်တောင်ရှိတယ်လို့ ယေဘုယျအနေနဲ့ ပြောလို့ရပါတယ်။

### အကောင်းတရားနဲ့ အဆိုးတရား

လောကုတ္တရာ မဂ်စိတ်ဖိုလ်စိတ်တွေဟာလည်း သင်္ခါရ အနိစ္စဆိုတဲ့ ဖြစ်ပျက်ဒုက္ခနဲ့ မကင်းနိုင်ကြဘူး။ အဲဒီ မဂ်ဖိုလ်စိတ် ဆိုတာက ဖြစ်ပြီးရင် ချက်ချင်း ချုပ်ပျက်ကြတာမဟုတ်လား။

ဒါပေမဲ့ မဂ်ဖိုလ်စိတ်တွေဟာ အကောင်းတရားတွေဖြစ်ပြီး ငြီးငွေ့မှုမဖြစ်နိုင်တဲ့အတွက် ဝိပဿနာရှုရမယ့် တရားတွေတော့ မဟုတ်လို့ ဥပါဒါနက္ခန္ဓာမှာ မပါနိုင်ကြဘူး။

လောကီစိတ်၊ စေတသိက်များ၊ ရုပ်တရားများကိုတော့ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခစတဲ့ ဒုက္ခဓာတ်ချက်မကင်းတဲ့အတွက် အဆိုးတရားတွေလို့ ဆိုရပါမယ်။ အဲဒီတရားတွေဟာ ဖြစ်ပျက်နယ်ထဲမှာသာရှိနေလို့ ဒီတရားများကို ဝိပဿနာဉာဏ်နဲ့ ရှုလိုက်တဲ့အခါ နိဗ္ဗိန္ဒာဉာဏ် ဖြစ်နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လောကုတ္တရာ မဂ်စိတ်ဖိုလ်စိတ်ကို တစ်နည်းအားဖြင့် အကောင်းတရားတွေမို့ "သားကောင်း၊ သမီးကောင်း" လောကီဥပါဒါနက္ခန္ဓာမှာပါတဲ့ စေတသိက်များ၊ ရုပ်တရားများကို တစ်နည်းအားဖြင့် အဆိုးတရားတွေမို့ "သားဆိုး၊ သမီးဆိုး"ဆိုပြီး ဥပမာတင်စားပြောကြားရတာပေါ့။

တစ်ဘဝတည်းဖြစ်တဲ့ တရားတွေဟာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သာမကပါ။ "တထာသေက္ခ ပုထုဇ္ဇနာနံ ကိရိယ ဇဝနာနိ (ပ) လောကုတ္တရ ဇဝနာနိ၊ စရထာရဟံ အရိယာနမောဝ သမုပ္ပဇ္ဇန္တီတိ"ဆိုတဲ့ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၊ ဝီထိပိုင်းပါဠိနဲ့အညီ ရဟန္တာတွေရဲ့ သန္တာန်မှာသာဖြစ်တဲ့ ကိရိယာဇောတွေနဲ့ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ တစ်ကြိမ်သာဖြစ်တဲ့ မဂ်ဇောတွေဟာလည်း တစ်ဘဝမှာသာဖြစ်တဲ့ တရားတွေပါပဲ။

ဒီနေရာမှာ အထူးဆိုစရာက မဂ်စိတ်တွေနဲ့ အရဟတ္တဖိုလ်စိတ်၊ ကြိယာဇောစိတ်များဟာ တစ်ဘဝတည်းမှသာဖြစ်ကြတဲ့ တရားတွေဖြစ်ပေမဲ့ ကြွင်းတဲ့စိတ်တွေကတော့ ဘုံဘဝအများအပြား ဖြစ်ခဲ့ကြရတဲ့အတွက် "သဗ္ဗေတသန္တိဒဏ္ဍဿ၊ သဗ္ဗေဘာယန္တိ မစ္စုနော"ဆိုတဲ့ ပါဠိတော်အရ၊ အခုလို ယေဘုယျသဘောနဲ့ တစ်နည်းအားဖြင့် များရာသို့လိုက်ပြီး ဘုံဘဝတိုင်း ဘုံဘဝတိုင်းမှာ ထိန်းကျောင်းနေရတယ်လို့ ဆိုနိုင်ပါတယ်။

**တကယ်ဆိုရင် အကုသိုလ်တရားတို့ကသာ အပါယ်ပို့တာပါ။**

"ဒုက္ခသသ ပိဋ္ဌနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိနာမဋ္ဌော၊ ဣမေစတ္တာရော ဒုက္ခဿ၊ ဒုက္ခဋ္ဌာကထာ အဝိတထာ အနညထာ၊ ဇေဝံဒုက္ခံ တထဋ္ဌေနသစ္စံ"ဆိုတဲ့ ပဋိသန္ဓိဒါမက်ကို ထောက်ချင့်ပြီး ဒုက္ခသစ္စာဖြစ်တဲ့ လောကီခန္ဓာငါးပါးဟာ နှိပ်စက်တဲ့သဘောသာပြပြီး မဂ်ဖိုလ်တို့ကို နှိပ်စက်တဲ့ သဘောတော့ မပြပါဘူး။

အချုပ်ဆိုရရင် ၁၆၉ ယောက်က "ခန္ဓာ"ဆိုတော့ သားသမီးတွေပေါ့လေ။

လောကုတ္တရာ အကောင်းကိုလိုချင်လို့ လောကီခန္ဓာအဆိုးကို အပြစ်ရှာရတာဆိုတော့ မဂ်ဖိုလ်က သားကောင်း၊ သမီးကောင်း၊ လောကီခန္ဓာက သားဆိုး၊ သမီးဆိုး၊ အဲဒါကို လူ့လောကီဘုံဘဝမှာ မိဘက ထိန်းကျောင်းနေရတာဖြစ်တယ်။

**အဲဒီ ၁၆၉ ယောက်ထဲမှာမှ လောကီရုပ်ခန္ဓာတွေက နှိပ်စက်ချလိုက်တာ ပုထုဇဉ် အမေတစ်ယောက် ကျွမ်းထိုးမှောက်ခုံနဲ့ ဆင်းရဲလိုက်တာ လွန်ရော။ အကုသိုလ်သားဆိုး၊ သမီးဆိုးနဲ့ တွေ့ရလို့ အမေမှာတော့ အပါယ်ကို ရောက်သွားရှာတော့တယ်။**

ကမ္မဝါဒီ ဗုဒ္ဓဘာသာဝင် အများစုတို့ဟာ ကံ၊ ကံ၏အကျိုးကို သက်ဝင်ယုံကြည်ကြတယ်လို့ စကားအဖြစ် ပြောနေကြပေမဲ့ တကယ့်တကယ်ကျတော့ ပေါ့ပေါ့ဆဆ နေနေကြပါတယ်။

မြန်မာလို ကံဆိုတာ ပါဠိလို ကမ္မ စေတနာ စေတသိက်ဖြစ်တယ်။ ပြုလုပ်သမျှက ကာယကံ၊ ပြောဆိုသမျှက ဝစီကံ၊ မနောကံဆိုတာက စိတ်အကြံပဲဖြစ်ပြီး ကံသုံးပါးလို့ခေါ်တယ်။

အများအားဖြင့် မတတ်သာလို့ လက်လျှော့ရတော့မှ ကံကိုသာ ရိုးမယ်ဖွဲ့လိုက်ကြရော။ အမှန်အတိုင်းဆိုရင် ကံဇာတ်ဆရာတစ်ဦးတည်းနဲ့ကော ဘာများတတ်နိုင်မှာတဲ့လဲ။ ကံတစ်ခုတည်းကို အားကိုးရုံနဲ့ မရနိုင်ပါ။ ကံ-ဉာဏ်-ဝီရိယ စုံရပါမယ်။

မြတ်စွာဘုရားရှင်က ဥပါဒါန်ကင်းတဲ့ ပုဂ္ဂိုလ်များသေရင် ဘုံဘဝတွေမှာ မဖြစ်တော့ဘဲ ဆင်းရဲဒုက္ခငြိမ်းသွားကြောင်း ဟောထားပြီး ဖြစ်ပါတယ်။ သို့မို့ကြောင့် ဝိပဿနာတရားကို လက်ကိုင်ထားကြရန် တိုက်တွန်းလိုက်ပါတယ်။

**မြတ်ဦး**

**ကျမ်းကိုး**

- မိုးကုတ်ဆရာတော်ကြီးဟောကြားသော တရားတော်။
- မိုးကုတ်ဝိနိစ္ဆယ၊ သာသနာရေးဝန်ကြီးဌာန။
- သင်္ဂြိုဟ် ဝီထိပိုင်း။



www.burmeseclassic.com

www.burmeseclassic.com



## သဘာဝကိုပုံတင်

# ရေချိုးနည်းဆန်းခြင်း

■ ဒိုင်ခင်အောင်ကြွယ်

လေးစားရပါသော စာဖတ်ပရိသတ်များအတွက် ရေချိုးနည်းဆိုပြီး ရေးမယ့် စာမှုကို ကလေးကလား မလေးမစား ရေးရာကျတယ်လို့ မထင်ဘဲ အပြစ်တင် မစောကြဖို့ ပဏာမ တောင်းပန်ထားပါ့မယ်။

ရေချိုးတယ်ဆိုတာ ရေလောင်း၊ ဆပ်ပြာတိုက်ပြီး ရေချိုးတာသာ ဖြစ်ပေမယ့် အခန့်မသင့်ရင် ဖျားနာတတ်ရုံမက လေငန်းရောဂါ ဖြစ်တတ်သေးတဲ့ အပြင် ရေချိုးမှားလို့ အသက်ရှုံးတတ်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

သာမန်ရေချိုးနည်းလေးထက် နည်းနည်းသာတဲ့ ရေချိုးနည်းဟာ နိုင်ခင်အင်ကြင်းတို့ကလေးဘဝက နေပူပူထဲ ပူတယ်မထင်ဘဲ ကျောင်းမှာ ပြေးလွှားဆော့ကစားပြီး အိမ်ရောက်တော့လည်း မျှောက်ရှုံးအောင် ဆော့ကစားသေးလို့ ချွေးတလုံးလုံးနဲ့ ထမင်းဆာရင် အိမ်ပြန်လာတဲ့အခါ မိခင်ဖြစ်သူက ရေအဝသောက်၊ ရေချိုးကြ၊ ပြီးရင် ထမင်းစားမယ်လို့ အမြဲတမ်း ရေမချိုးခင် ရေအဝသောက်ခိုင်းပါတယ်။ ဘာမှ နားမလည်ပေမယ့် အမေ့ပြောစကားနားထောင်လို့ ရေအဝသောက်ပြီးမှ ရေချိုးလေ့ရှိတော့ အဖျားအနာကင်းခဲ့တာ အမှန်ပါပဲ။

ဒီနည်းလေးကို သိတဲ့လူတွေ ရှိမယ်ထင်ပေမယ့် မသိသေးတဲ့လူတွေလည်း ရှိနိုင်တဲ့အတွက် ဒီရေချိုးနည်းလေး ကောင်းပါတယ်။

အခုအခါ အဲဒီလို ရေအဝသောက်ပြီးမှ ရေချိုးနည်းကို အပူမရှုပ်ဘူးဆိုတာ သိသွားတာကြောင့် နေ့အခါ နေပူပူထဲ သွားလာရရင် ချွေးတွေနဲ့ ရေချိုးချင်တော့ ရေအဝသောက် ရေချိုးခဲ့တာ မဖျားမနာပါဘူး။

ဒါပေမယ့် ဆောင်းတွင်းမှာလည်း မနက်စောစော အပူကင်းအောင်ဆိုပြီး ရေချိုးခိုင်းခဲ့လေ့ရှိတဲ့အတွက် ချမ်းပေမယ့် လူကြီးမိဘစကားနားထောင် ရေချိုးရတော့ တစ်ခါတလေ နိုင်ခင်အင်ကြင်းမှာ နှုတ်ခမ်းဖုတွေပေါက်၊ နှုတ်ခမ်းသားတွေလည်း ဖြူဖြူအနာတွေပေါက်လို့ စိတ်ညစ်ရတာပေါ့။

ဂျပန်ပြည်ရောက်လို့ အေးလွန်းတဲ့ရာသီ ရှည်လျားတဲ့အခါမှာ ရေနွေးစိမ်ချိုးရင်း အအေးဒဏ်ကို ခံနိုင်တဲ့ကြားထဲမှာ တစ်ခါတစ်ရံ နှုတ်ခမ်းမှာ ဖုတွေပေါက်၊ ပါးစပ်မဟနိုင်ဘဲ စားရသောက်ရ မလွယ်ဖြစ်ပြန်ပါသေးတယ်။ အထူးသဖြင့် အအေးမိချင်သလိုလို ခံစားရရင် မဖျားမနာအောင် ရေပူပူ စိမ်ချိုးမိလို့ဖြစ်ကြောင်း သတိပြုမိပါတယ်။

ကိုယ့်ဘာသာ တစ်ယောက်တည်းဖြစ်သလား ထင်တာ၊ မဟုတ်ဘဲ တခြားလူတွေလည်း ဖြစ်ပါတယ်ဆိုကြလို့ ဘာဆေးလိမ်းရမလဲ မေးတာကို တစ်ဦးတလေက ပျားရည်လိမ်းဆိုပြီး အကြံပေးသလို လိမ်းပေမယ့် မသက်သာပါဘူး။

ဘယ်သူမှလည်း ဘယ်လိုကာကွယ်ရမှန်း မသိကြသူတွေချည်းပေါ့လေ။

နှုတ်ခမ်းကွဲ၊ အဖုပေါက်၊ အတွင်းသားနုနုလေးမှာ ဖြူဖြူအနာတွေ ဖြစ်သူ ဂျပန်လူမျိုးတွေက အစာအိမ်ကြောင့်လို့ ပြောနေကြတာကို နိုင်ခင်အင်ကြင်း လက်မခံပေမယ့် အကျယ်အပြန့် ပြန်ငြင်းမနေဘဲ ရှိသမျှဉာဏ်နဲ့ ခြစ်ချုပ်ပြီး ကာကွယ်နည်း စဉ်းစားနေလိုက်တာ နှစ်တော့ အတော်ကြာသွားခဲ့ပါတယ်။

အဓိက ရေချိုးနည်းပဲလို့ ခက်စပ်တွေးတောရာက အပြင်မှာ ရာသီဥတုပူပြင်းရင် ရေအေးအေး အဝသောက် ရေချိုးလို့ အပူမရှုပ်ရင်၊ အပြင်မှာ အေးတဲ့ရာသီဥတုဆိုပါက ရေနွေးပူပူ အဝသောက်ပြီး ရေနွေးချိုးရင် သဘာဝကျလို့ အပြန်အလှန်အဖြစ် စမ်းသပ်ကြည့်ခဲ့တာ နှုတ်ခမ်းမှာ အဖု၊ အနာများ လုံးဝမပေါက်တော့လို့ အဲဒီနည်းနဲ့ အဆင်ပြေသွားပါပြီ။

မြန်မာပြည်မှာ မနက်စောစော ရေတွင်းရေဟာ အလွန်နွေးပါတယ်။ ဆောင်းအခါ ရေတွင်းရေနွေးနွေးလေး မချိုးခင် ရေနွေးအဝသောက်ချိုး စမ်းသပ်ကြည့်စေချင်ပါတယ်။ မြို့ကြီးတွေက ရေတွင်းရေမရရင် ရေနွေးလေးစပ်ချိုးတာ ပိုကောင်းပြီး ရေနွေးလေးမချိုးခင် ရေနွေးအဝသောက် ရေချိုးနည်းကို စမ်းသပ်ပြုလုပ်နိုင်ပါလိမ့်မယ်။

ရာသီဥတုအေးလွန်းတဲ့ တိုင်းပြည်မှာ ရောက်ရှိနေသူများအတွက်လည်း စမ်းသပ်ကြည့်နိုင်အောင် ယခုစာမူကို စေတနာဖြင့် ရေးသားရခြင်းဖြစ်တဲ့အတွက် စမ်းသပ်ကြည့်လိုပါက စမ်းသပ်ကြည့်ပြီးမှ အကျိုးရှိကြောင်း ကျေနပ်နှစ်သက် လက်ခံကြမယ်ဆိုတာ မျှော်လင့်ယုံကြည် ရေးသားလိုက်ရပါတယ်။

အစဉ်မွန်မြတ်သော မေတ္တာရှည်လျက်…

နိုင်ခင်အင်ကြင်း



www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းအောင်

# ဒါလေးဆောင်

ချစ်မမသက်

နိစ္စဓူဝဆိုသလို မနက်ပိုင်းဆိုလျှင် ဒလမှ ပန်းဆိုးတန်း၊ ညနေပိုင်းဆိုလျှင် ပန်းဆိုးတန်းမှ ဒလ စသဖြင့် ကူးသန်း သွားလာလေ့ရှိစမြဲပင်။

သည်တော့လည်း ကူးတို့ကူးခရီးသည် တော်တော်များများနှင့် မျက်မှန်းတန်းမိနေသလို ကူးတို့သင်္ဘောဝန်ထမ်းများ၊ ဈေးသည်များနှင့်လည်း ခင်မင်ရင်းနှီးနေခဲ့ပါပြီ။ အထူးသဖြင့် စာရေးသူ ခင်မင်မိသည်မှာ ရာသီပေါ်သီးနှံစုံ ရောင်းချနေသော အောင်အောင်ဆိုသည့် ကရင်ကလေးဖိုးခွားနှင့် မိုးမိုးဆိုသော ဗမာမချောချော လင်မယားဖြစ်ပါသည်။ သူတို့မှာ ချစ်စရာကောင်းသော လူမမည်သမီးချောကလေးနှစ်ဦး ထွန်းကားသည်။ ရံဖန်ရံခါ ဈေးရောင်းရာတွင် အတူတကွ ခေါ်လာတတ်သည်။ ထိုအခါ ကလေးချစ်တတ်သော စာရေးသူအဖို့ ကလေးသူငယ်တို့ကို အခြေပြု၍ ၎င်းတို့လင်မယားအပေါ်တွင်လည်း ခင်မင်သံယောဇဉ် ဖြစ်ခဲ့ရသည်။ သူတို့လင်မယားသည် "မောင်တစ်ထမ်း မယ်တစ်ရွက်"ဆိုသော စကားနှင့်အညီ တက်ညီလက်ညီဆိုသလို စီးပွားရှာကြသည်။ သရက်သီးချိန် သရက်သီး၊ နာနတ်သီးချိန် နာနတ်သီး၊ မာလကာသီးချိန် မာလကာသီး၊ ဆီးသီးချိန် ဆီးသီး။

တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသကဲ့သို့ ခင်မင်သံယောဇဉ် ဖြစ်မိတော့လည်း ၎င်းတို့ထံမှ သစ်သီးတွေကို ဆွမ်းတော်ကပ်ဖို့၊ စားသောက်ဖို့ ဝယ်လေ့ရှိခဲ့သည်။ ဝယ်လေတိုင်း ပိုက်ဆံယူလေ့မရှိ။ သည်တော့လည်း မျက်နှာထားဖြင့် အတင်းပေးမှ ယူတော့သည်။ ဤသို့ ခပ်တိုင်းလည်း ရေမပါ ဆိုသကဲ့သို့ ၎င်းတို့အနေဖြင့် နေ့တိုင်း ဈေးက ရောင်းကောင်းလှသည်မဟုတ်။ သူလို ကိုယ်လိုပစ္စည်း အမျိုးအစားတူ ဈေးသည်တွေကလည်း များမှများ။ သူ့မေတ္တာ၊ ကိုယ့်မေတ္တာသာ အခြေခံရမည့် ကိန်း။

သင်္ဘောကူးတို့ ခရီးသည်တွေ ဆိုတာက အဖုံဖုံ။

တစ်ချို့က အသန့်အပြန့်ကြိုက်လွန်းလှ၍ ဘယ်သောအခါမှ ကူးတို့သင်္ဘောပေါ်မှ အစားအသောက်တွေကို ဝယ်မစားကြ။ ဟိုတယ်လို အစားမျိုးမှသာ သန့်ရှင်းပြီး အရသာရှိလှသည်ဟု မှတ်ယူကြသည်။

ကူးတို့သင်္ဘောပေါ်၌ ဥဒဟိုသွားလာကူးသန်းကြ


သည့် ခရီးသည်တွေက စုံလင်များပြားသလို ခရီးသည်တို့အပေါ် အမှီပြုလျက် ဝမ်းမီးငြိမ်းစေဖို့ ဈေးရောင်းကြသူတွေလည်းများသည်။ ဂျာနယ်ရောင်းသူ၊ ထီပေါက်စဉ်ရောင်းသူ၊ ပြက္ခဒိန်၊ မှတ်စုစာအုပ်၊ ဘောပင်တို့ကို ရောင်းချသူ၊ ၂၇ လုံးပုတီး ရောင်းချသူ၊ ထီပေါက်ဂဏန်းများအား နေ့အလိုက် ရွေးချယ်ရောင်းချသူ၊ ဆုံးမစာများရောင်းချသူ၊ ကလေးကစားစရာများ ရောင်းချသူ၊ အိမ်သုံးဆေးဝါးအမျိုးမျိုး၊ အစွန်းချွတ်ဆေးတို့အပြင် အလှကုန်ပစ္စည်း ပေါချောင်ကောင်းတို့ကိုလည်း အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ရောင်းချသူ၊ ဓာတ်မီး၊ မီးခြစ်ရောင်းချသူ၊ ကွမ်းယာသည်၊ စီးကရက်သည်၊ သကြားလုံးသည်၊ ရေခဲရေသည်၊ ပဲပြုတ်၊ ထန်းမြစ်၊ ကန်စွန်းဥပြုတ်၊ ပေါင်မုန့်ကြော်၊ အသုတ်အမျိုးမျိုး အစရှိသည်တို့ ရောင်းချသူ၊ အလှူခံ၊ ဖုန်းတောင်း ယာစကာများ စသည်ဖြင့် စုံလှသည်။

သည်တော့လည်း ရံဖန်ရံခါ၌ ပရိယေသန ဝမ်းစာရှာဖွေကြရင်း တစ်ဦးနှင့်တစ်ဦး မတော်တဆ ထိမှုခိုက်မှုကလေးများကို အခြေပြုလျက် အချင်းများတာတွေရှိသည်။ သည်တော့လည်း "ကူးတို့သင်္ဘောပေါ်တွင် ဈေးမရောင်းရ"ဆိုသော သတိပေးတားမြစ်ချက်အရ ဈေးရောင်းခွင့်တော့ ရုပ်သိမ်းလေတော့ သည်လမ်း၊ သည်ခရီးအပေါ် တည်မှီနေကြရသော ဈေးသည်တို့မှာ သောကရောက်ရချေသည်။ ဘယ်သူမပြုမိမိပြုသော အမှုသာတည်း။

ခုတစ်လော အောင်အောင်နှင့် မိုးမိုးတို့ လင်မယားထံမှ ဈေးအရောင်း မကောင်းသည့်အကြောင်း ညည်းညူသံလေးတွေ ထွက်လာသည်။ စာရေးသူ စိတ်မကောင်းပါ။ သည်တော့လည်း ဝါသနာအရ လေ့လာဆည်းပူးထားသော လောကီပညာရပ်အပေါ် အခြေပြု၍ ၎င်းတို့အတွက် အထူးအသုံးတည့်စေမည့် ဈေးရောင်းကောင်းသည့် အဆောင်ကလေးတစ်ခုကို စီမံပေးလိုက်ပါသည်။ ကံအကျိုးပေး သင့်ချိန်ကျ၍ပဲလား မဆိုသာ။ အဆိုပါအဆောင်ကလေးကို စီရင်ပြီး ရက်ပိုင်းအတွင်းမှာပင် ၎င်းတို့လင်မယား ဈေးရောင်းကောင်းလာပါသည်။ မှိုင်တွေနေကြကုန်သော မျက်နှာတို့ လန်းရွှင်လာကြပါသည်။ မိမိအားလည်း ကျေးဇူးတင်မဆုံးတော့။

စာရှုသူတို့အထဲမှ ဈေးရောင်းမကောင်း၍ စိတ်ညစ်ညူးနေပါမူ အောက်ဖော်ပြပါ အစီအရင်ကလေးကို ယုံကြည်စိတ်ချစွာဖြင့် လုပ်ဆောင်ကြည့်စေချင်ပါသည်။

ရက်ကောင်းရက်မြတ် တစ်ရက်ရက်ဖြစ်သော ရက်ရာဇာ(အထူးသဖြင့် 'အမြိတ္တစုတ်'ကျရောက်သော ရက်)တွင် ရွှေပြားတစ်ပြား (ရွှေစက္ကူပြားလည်း ရပါသည်)ပေါ်၌ အောက်ပါ 'စမ'ကို ကညစ်တံ(မင်ကုန်သွားသည့် ဘောပင်မင်ချောင်း)ဖြင့် ရေးပါ။ (နံဆိုသည့်နေရာ၌ မိမိ၏မွေးနံကို ရေးပါ။ တနင်္ဂနွေသား သမီးဖြစ်ပါက တနင်္ဂနွေဟု ရေးပါ။)




ထိုသို့ ရေးပြီးပါက –

"သီဝလိ နာမ ထေရဿ၊
ဣမ္မ ပုပ္ဖ မဟံဒေမိ။
ထေရဿ အနုဘာဝေန၊
မဟာလာဘံ ကရောတုမေ"

ဟူ၍ ရှင်သီဝလိ ရဟန္တာမထေရ်မြတ်ကြီးကို ရည်စူးပြီး ခုနစ်ခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ဘုရား၌ ပန်းလှူပါ။ နတ်ဒေဝါတွေအားလုံးကို ပင့်ဖိတ်ပြီး မေတ္တာပို့ပါ။ သတ္တဝါဝေနေယျတို့အား အမျှအတန်း ပေးဝေပါ။ ဈေးရောင်းချပြီးပါက အဆိုပါ စမအဆောင်ကို ရေစိမ်ပြီး ရောင်းချမည့် ကုန်ပစ္စည်းတို့အား ပက်ဖြန်းပေးပါ။ အဆိုပါ စမအား မိမိကိုယ်နှင့်မကွာ ဆောင်ထားပါက လာဘ်လာဘများ ရွှင်လန်းလာမည်ဖြစ်ပြီး မိမိရောင်းချမည့် ကုန်ပစ္စည်းတို့ သွက်လက်စွာ ထွက်သွားပါလိမ့်မည်။

ချစ်မမသက်

www.burmeseclassic.com

# ရွှေဆိုင်၊ ဈေးဆိုင်၊ ထမင်းဆိုင်၊ စားသောက်ဆိုင် အစီအမံ

● (တက္ကသိုလ်) အောင်နိုင် ●

ဝန်ထမ်းဘဝ အဆင်မပြေသူ၊ အသက်မွေးဝမ်းကျောင်း လမ်းပြောင်းလိုသူ မိမိဆန္ဒအလိုပြည့်ဝဖို့ ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာခရေ ဝေဒပညာအရ တစ်သက်တာ လောကီအစီအမံ ဖြစ်မြောက်စေဖို့ ဘဝအတွေ့အကြုံတစ်ခု တင်ပြလိုပါ၏။

တစ်နေ့···

မိတ်ဆွေကြီး လုပ်ဖော်ကိုင်ဘက်ဟောင်း ဦးထွန်းမောင်သည် ကျွန်ုပ်ထံ ရောက်လာ၏။ ကျွန်ုပ်လည်း လက်ရှိအိမ်ကို ရောင်း၊ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသလို ကျွန်ုပ်တို့မိသားစုနှင့် သင့်မြတ်မည့် ရပ်ကွက်တစ်ကွက်တွင် အိမ်ဝယ်ပြီး အိမ်ဆိုင်တည်၍ ဝန်ထမ်းဘဝမှ နုတ်ထွက်၊ အိမ်ဈေးဆိုင်ဖွင့် စီးပွားရှာနေ၏။

သားကြီး၊ သမီးကြီး၊ ဇနီးမိသားစုတို့က တက်ညီလက်ညီ ရှက်စုံဖွင့် လောကခံလှိုင်းဂယက်ကြားတွင် တာဝန်ကိုယ်စီ ဝေငှစုံညီလုပ်၏။

ချိန်ခွင်ကိုင်၊ ပစ္စည်းသိမ်းဆည်း၊ ငွေကိုင် စာရင်းဖွင့်နေစဉ် အရှုံးအမြတ်စာရင်းလုပ်သူ၊ ကုန်အားဖြည့်သူနှင့် သူ့အလုပ် ကိုယ့်အလုပ်နှင့် မြိုင်ဆိုင်ချိန်မှာ ကျွန်ုပ်ကတော့ အငြိမ်းစားပီပီ စာရေးစာဖတ်၊ တရားထိုင်ရင်း အိမ်အပေါ်ထပ်မှာ တစ်ဦးတည်း အလုပ်ရှုပ်နေ၏။

ခပ်မဆိတ်ပင် မိတ်ဆွေကြီးဦးထွန်းမောင်တစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ကျွန်ုပ်ထံ ရောက်လာသည်။ ကျွန်ုပ် စည်းစိမ်နဲ့ စီမံပုံကို အားကျစွာဖြင့် -

“ကိုခင်မောင်အေးတို့ အိမ်ကတော့ အားကျစရာပဲဗျာ။ ကျုပ်သမီးကြီး ရွှေဆိုင်က အရောင်းကတာနဲ့၊ ကျုန်သမီးများနဲ့ ဇနီးတို့ရဲ့ စားသောက်ဆိုင်က အရောင်းမတွက်၊ တစ်ခါတလေ စားဖို့လေးတောင် အခက်ဖြစ်ရတယ်ဗျာ”

သူ့အညည်း ကျွန်ုပ်မျက်ဝန်းကြီးထဲမှာ ပုံရိပ်ထင်ဟပ်လာတော့ သူ့အား အပြုံးလေးတစ်ခွက်နှင့် ပက်ပစ်လိုက်သည်။ အပြုံးဆိုတာ မင်္ဂလာအောင်မြင်ရေး နိဒါန်းမဟုတ်လား။

“အင်း···ဒီလိုလုပ်လေ”

“ဆိုစမ်းပါဦးဗျ”

“ဈေးရောင်းကောင်းချင်ရင်တော့ မိမိညာဘက် လက်ခလယ်နဲ့ တိုင်းဖြတ်၊ ထမင်းအိုးမွှေတဲ့ ယောက်မ ခုတ်ဆစ်ပေါ့။ ထမင်းကော်ခပ်တဲ့ဘက်ကို အပေါ်ထောင်၊ ကြိုးကလေးတစ်ချောင်းနဲ့ ချည်ခွဲ။ ကိုယ်ရောင်းမယ့်ကုန်ပစ္စည်းနေရာမှာ ချိတ်ဆွဲထားပေးပါ”

“ထမင်းဆိုင်၊ စားသောက်ဆိုင်တွေမှာ ငွေဝင်ဖို့ဆိုတာ ငွေသိမ်းစားပွဲအနီးမှာ လက်ဆေးရန် လက်ဆေးခွက်နှင့်

www.burmeseclassic.com

ရေဘုံဘိုင်ထားပေးပါ။ ရေဘုံဘိုင်က ရေဖွင့်၊ ရေပိတ် ယုပ်တိုင်း ရေသေမဟုတ်တော့၊ ရေရှင်ပေါ့။ ခေတ်စကားအရ ရေဆိုတာ ငွေအမည်ပေါက်နေတယ် မဟုတ်လား"

ကိုထွန်းမောင်ကြီးမှာ နှုတ်သန့်ရှာမှ မပြောကြားဘဲ ခေါင်းတညိတ်ညိတ်နဲ့ နားဆင်နေ၏။

"နောက်ပြီး မိတ်ဆွေကြီးရဲ့ သမီးကြီးက ရွှေဆိုင်ဖွင့်ထားတယ်ဆိုတော့ ယောက်မငယ်လေးတစ်ချောင်း ရွှေချူကြီးနီလေးနဲ့ ချည်၊ ရွှေဆိုင်မှာ လူမြင်သာအောင် ဆွဲထားပါ။ ဒါမှမဟုတ်ရင်လည်း သပျစ်နွယ်လေးကို ဆိုင်မှာ ချိတ်ဆွဲထား။ သပျစ်နွယ်အစစ်မလုပ်ချင်ရင် ပလတ်စတစ် သပျစ်နွယ် ချည်ဆွဲထားလည်း ရပါတယ်"

ကျွန်ုပ်ပြောနေသမျှ ကိုထွန်းမောင်မှာ မှတ်စုနှင့် ရေးမှတ်သွား၏။ ရွှေဆိုင်ကို သမီးကြီးအမည်က ရွှေမြင်းဟု အမည်ပေါက်သည်။ ရွှေဆိုင်အမည်ကို ငွေလမင်းဟု အမည်ရွေးပေးလိုက်ပါသည်။

ရွှေမြင်း = ငွေလမင်း

၅ + ၄ = ၄ + ၅

ကိုးနဝင်း ကက်ကင်း ချိန်ရွယ်စေပါသည်။

(ရွှေ + ငွေ = ငွေ + ရွှေ)

၄ + ၂ = ၂ + ၄

မိတ်ကက်ကင်းပါ ချိန်ခြင်း ဖြစ်ပါသည်။

ဈေးဆိုင်အမည်ကို ငွေဖြိုးအမည်ပေးပြီး ဦးထွန်းမောင်ဇနီးက မမြခင် အမည်ပေါက်တော့ ကက်ကင်းဓာတ်နာမ်ကောက်ပြီး -

ငွေဖြိုး = မြခင်

ဂမ္ဘောဓာတ်မိတ် ဖြစ်ပါသည်။ ကက်ကင်း

၂ + ၅ = ၅ + ၂

ထမင်းဆိုင်ကို သားအကြီးအမည်က စိန်မိုးဆိုတော့ ပိုင်စိုးစားသောက်ဆိုင်ဟု မိတ်ဓာတ်စိန်ပန်း ကက်ကင်းဓာတ်ဆင်ပေးလိုက်ပါသည်။

* * *

ကိုထွန်းမောင်တို့ မိသားစုသည် မှိုရသော မျက်နှာများဖြင့် တစ်စုတစ်ဝေးကြီး ကျွန်ုပ်အိမ်သို့ ရောက်ရှိလာ၏။

"ကဲ…ကဲ မမြခင်က ဖြစ်ရပ်မှန်လေး ပြောပြလိုက်ပါဦး"

ကိုထွန်းမောင်က သူ့ဇနီးကို တိုက်တွန်းပြောပြလိုက်တော့မှ ကျွန်ုပ်မျက်နှာကို ကြည့်လျက်မှ…

"ဟုတ်ပါတယ် ဆရာရယ်။ ညွှန်ကြားလိုက်တဲ့အတိုင်း ကျွန်မတို့အိမ်ဆိုင်က ရောင်းကောင်းလွန်းလို့ ဂျပန်သူဌေးမကြီး အိုးရှင်းကို အားကျလို့ မြန်မာအိုးရှင်းမြခင်ဆိုပြီး ကျွန်မတို့ ရပ်ကွက်ထဲမှာ အမည်ပေါက်နေတယ် ဆရာရယ်။ ဆိုင်မှာလည်း သားငါးသီးရွက်ပါမက သွားကြားထိုးတံကအစ မြေဆွတူရွင်းငန်းပြားအထိ စုံတယ်လေ။ ဆရာ့ကျေးဇူး မမေ့ပါဘူး"

"ကဲ…သားကြီး စိန်မိုးကရော"

"ဟုတ်ပါတယ် ဆရာ။ ရန်ကုန်-မန္တလေး အမြန်လမ်းဆုံမှာ ပိုင်စိုးစားသောက်ဆိုင်ဆို စွဲမက်တမ်းတကြအောင် ဆရာစီစဉ်ပေးတာ ကျေးဇူးမမေ့ပါဘူး"

"သမီးကြီး မြမြင်း"

"ဟုတ်ကဲ့ရှင့်။ ကျွန်မတို့ရွှေဆိုင်လုပ်ငန်း တစ်သက်၊ ကျွန်မခင်ပွန်း ကိုကျော်သူရတို့ မိသားစုရွှေဆိုင်လုပ်ငန်းတစ်လျှောက်မှာ အော်ဒါဒီဇိုင်းလောကမှာ စက်ဆွဲ၊ လက်ဆွဲမက ကွန်ပျူတာနည်းနဲ့ပါ လုပ်ကူမပေးနိုင်လောက်အောင် ရောင်းပန်း ဝယ်ပန်း အလုဆင်နိုင်ခဲ့ပါတယ်"

"ဆရာတို့ရဲ့ လောကီပညာ၊ ဝေဒပညာ၊ ဂမ္ဘီရ၊ ဝိဇ္ဇာရေပညာဟာ ဆန်းကြယ်တယ်ဆိုတာ သမီးတို့ ယုံကြည်အားကိုးအားထားရတယ်ဆိုတာ ကျွန်မ ဝန်ခံလိုက်ပါပြီ"

မြမြင်းသည် ကျွန်ုပ်နှင့်တကွ ရှေးဂမ္ဘီရဝေဒပညာရှင်ကြီးများအား လက်ကြာငုံဖူး စုံညီစွာ နဖူးထိပ်တင် ကန်တော့ဦးတိုက်လိုက်ချိန်၊ ကိုထွန်းမောင်တို့ မိသားစုက ကောင်းချီးဩဘာပြုလိုက်ချိန်တွင် ကျွန်ုပ်ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

ရှေးရှေး လောကီပညာရှင်ကြီးများ၏ ကျေးဇူးတော်မြတ်ကို ကျွန်ုပ်ကိုယ်တိုင်ပင်…။

*လိုရာဆန္ဒပြည့်ဝကြပါစေ…၊*

*သုခိတာ ဟောထ ဒုက္ခမုစ္စထ။*

(တက္ကသိုလ်) အောင်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လူထဲကဘဝ ဘဝထဲကလူ

လင်းရောင်တင်

## လက်ဖက်ရည်ဆိုင်ထိုင်သောဓလေ့

ကျွန်ုပ် လက်ဖက်ရည်ဆိုင် စတင်ထိုင်တတ်သည့် အချိန်မှာ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် စတင်ရောက်ချိန် ၁၉၇၃ ဝန်းကျင်တွင် ဖြစ်ပါ၏။ ခပ်ငယ်ငယ်အရွယ်ကမူ ထုံ့ပိုင်းထုံ့ပိုင်းမျှသာ လက်ဖက်ရည်ဆိုင် ရောက်ဖြစ်ပြီး များသောအားဖြင့် ကိစ္စရှိမှသာ ထိုင်ဖြစ်ခြင်းဖြစ်၏။ (ဥပမာ ရုပ်ရှင်ကြည့်ရန် အချိန်စောသေးသောကြောင့် အချိန်စောင့် ဆိုင်းရင်း ထိုင်ခြင်းမျိုး)

ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာအဓိကဘာသာ ယူလျက် ပညာသင်ကြားနေသည့်အချိန်၌ နေ့စဉ် ကြာကြာ ထိုင်ဖြစ်သည့် လက်ဖက်ရည်ဆိုင်ကား ဟိုစဉ်က ကျောင်းသားအများစုထိုင်ကြသည့် ဦးချစ်လက်ဖက်ရည်ဆိုင် ဖြစ်ပါ၏။ ကျောင်းသားဘဝ ကဗျာသမား၊ စာသမားတွေ စုဝေးမှုအပြုဆုံး လက်ဖက်ရည်ဆိုင်မှာ ဦးချစ်ဆိုင်သာ ဖြစ်ပါ၏။ ဦးချစ်ဆိုင်အကြောင်း စပ်မိလျှင် တောင်လွမ်းသလို၊ မြောက်လွမ်းသလို ရှိမိ၏။

ထိုစဉ်က ဦးချစ်လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြသည်မှာ လက်ဖက်ရည်သောက်ရန်မဟုတ်။ ဝါသနာတူချင်း စုဝေးရာအရပ်လည်းဖြစ်၏။ ထိုစဉ်က ဦးချစ်လက်ဖက်ရည်ဆိုင်သည် တောင်ငူဆောင်၏ အနောက်မြောက်ထောင့် ကျကျတွင် ဗာဒံပင်အုပ်ဆိုင်းဆိုင်းနှင့် ငှက်ပျောတောများဖြင့် နေပြောက်မထိုးသော ဧရိပ်သာလေး ဖြစ်၏။

ဦးချစ်ဆိုင်နှင့်ပတ်သက်၍ လူထဲကဘဝ၊ ဘဝထဲကလူ ဝတ္ထုဆောင်းပါးထဲတွင် အနည်းငယ်ရေးထည့်ပြီးဖြစ်သည်ကို ကျွန်ုပ်မှတ်မိနေပါ၏။ သို့သော် ယခုရေးချင်သည်ကား ဦးချစ်လက်ဖက်ရည်ဆိုင်တစ်ခုတည်းသာ မဟုတ်ဘဲ လက်ဖက်ရည်ဆိုင်ထိုင်ရင်း အရွယ်တဖြည်းဖြည်း ကြီးရင့်အိုမင်းလာလျက် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း ရည်ရွယ်ချက်နှင့် ခံစားမှုများ ပြောင်းလဲလာခြင်းကို ရေးလိုရင်းဖြစ်၏။

ဦးချစ်လက်ဖက်ရည်ဆိုင် ထိုင်ချိန်၌ ဘဝအစ တက္ကသိုလ်ကျောင်းသားအရွယ်ဖြစ်၍ အချစ်ဝတ္ထု၊ အချစ်ကဗျာတွေ စတင်ရေးချိန် (စိတ်ဆာသောအခါ ဘဝဒဿန ခံစားမှုကဗျာတွေရေးချိန်) ဖြစ်ပါ၏။ ထိုစဉ်က လက်ဖက်ရည်ဆိုင်ထိုင်ရသည့် ရည်ရွယ်ချက်မှာ စာသမား၊ ပေသမား၊ အနုပညာသမားတွေနှင့် စကားဖောင်ဖွဲ့ခြင်းသည် အဓိက ဖြစ်၏။ ဦးချစ်ဆိုင်မှာပင် အချစ်ရေး၊ နိုင်ငံရေးအကြောင်းတွေ ပြောဖြစ်ကြ၏။ မပြောပလောက်သော လှုပ်ရှားမှုတွေ လုပ်ဖြစ်၏။ ထိုစဉ်က စိတ်အလျဉ်သည် တက်ကြွလှုပ်ရှားနေ၏။

တဖွတ်ထိုးလုပ်ချင်ရာလုပ်တတ်သည့် စိတ်တွေရှိနေသည့်ကာလ (ဆယ့်ရှစ်နှစ်၊ နှစ်ဆယ်အချိန်) လက်ဖက်ရည်ဆိုင်မှာပင် ချစ်သူနှင့် ချိန်းတွေ့တတ်လာသည်။ ထိုမှ အတောင်မစုံခင်မှာပင် ကြင်ရာစုံဖြစ်ခဲ့သည်။ အိမ်ထောင်ကျသွားပြီးသောအခါ အခြေတကျထိုင်ဖြစ်သည့် လက်ဖက်ရည်ဆိုင်မှာ ခြောက်မိုင်ခွဲ၊ မာလကာခြံ (စွပ်ကျယ်စက်လမ်း (ယခု) ဓမ္မာရုံလမ်း)ရှိ "ရွှေကြယ်"လက်ဖက်ရည်ဆိုင် ဖြစ်ပါ၏။

ရွှေကြယ်လက်ဖက်ရည်ဆိုင် ရောက်သောအခါ အိမ်ထောင်သည် ဖြစ်နေပြီ။ သားတွေ၊ သမီးတွေ ရနေပြီ။ ဘဝနှင့်ပတ်သက်သော ကိစ္စတွေ ဆွေးနွေးညှိနှိုင်းရာ နေရာ ဖြစ်လာ၏။ စကားဝိုင်းမှသည် အလုပ်ဝိုင်းလည်း ဖြစ်လာ၏။ အလုပ်အကြောင်း ဆွေးနွေးပြောဆို၊ လက်ခံပြောဆိုရာ နေရာလည်း ဖြစ်လာ၏။ ရွှေကြယ်လက်ဖက်ရည်ဆိုင်တွင် ဂီတစာဆို မောင်ကြေးမုံနှင့် ထိုင်ကာ ကက်ဆက်ဇာတ်လမ်းခွေကိစ္စတွေ တိုင်ပင်ကြ၏။ တနင်္လာနေ့တိုင်း အင်းလျားလမ်းထဲရှိ ရန်ကုန်စတူဒီယိုတွင် အသံသွင်းလေ့ရှိသဖြင့် ထိုနေ့တွင်သွင်းကြမည့် အသံသွင်းဇာတ်လမ်းတွေအကြောင်း ဆွေးနွေးဖြစ်ကြ၏။ (ထိုကာလသည် အသက်သုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com

ကျော်၊ လေးဆယ်ကာလ ဖြစ်ပါ၏။)

ထိုလက်ဖက်ရည်ဆိုင်လေးမှာပင် ဒါရိုက်တာမီးပွား၊ ဇာတ်ညွှန်းမြင့်ဦးဦးမြင့်တို့နှင့် ဇာတ်လမ်းကိစ္စ၊ ဇာတ်ညွှန်းကိစ္စတွေ ဆွေးနွေးခဲ့ကြဖူး၏။ ရွှေကြယ်လက်ဖက်ရည်ဆိုင်လေးမှာပင် ကာတွန်းဆရာကြီး ဦးဖေသိန်းနှင့်လည်း စကားတွေ ဖောင်ဖွဲ့ဖူး၏။ ဆရာကြီးဦးဖေသိန်း ပြောပြသဖြင့် ကျွန်ုပ်တို့ သိမီခြင်းမရှိခဲ့ရသော လူသိနည်းနေသည့် ဖြစ်စဉ်များကိုလည်း ကြားသိခဲ့ရ၏။ ရွှေကြယ်လက်ဖက်ရည်ဆိုင်မှာပင် အရက်သမား၊ ဖဲသမားများကို စည်းရုံး၍ တစ်ပတ်တစ်ခါ ရွှေတိဂုံစေတီသို့ တက်ဖြစ်ရန် ဆွေးနွေးခဲ့ဖူး၏။

သို့ဖြစ်၍ ကျွန်ုပ်အဖို့ လက်ဖက်ရည်ဆိုင်သည် အလုပ်စားပွဲ၊ ကုသိုလ်စားပွဲ ဖြစ်လာခဲ့ရပြန်၏။ အမှန်တကယ်လည်း ရွှေတိဂုံစေတီတော်သို့ အပတ်စဉ်တက်ရင်းပုတီးစိပ်ဖြစ်ကြ၏။ တရားထိုင်ဖြစ်ကြ၏။ ကုသိုလ်တွေ နှစ်ပေါက်အောင်ရခဲ့ကြ၏။ (ယခုဆိုလျှင် ကျွန်ုပ်နှင့် ရွှေကြယ်လက်ဖက်ရည်ဆိုင်ထိုင်၊ လူစုပြီး ရွှေတိဂုံတက်ခဲ့ကြဖူးသည့် သူများအားလုံး ရဟန်းဘောင်သို့ ဝင်ပြီးကြပြီ ဖြစ်၏။)

ကျွန်ုပ်တစ်ယောက်တည်း ထီးတည်း လူဘောင်လောကကြီးထဲတွင် မငြိးငွေ့နိုင်၊ မစက်ဆုပ်နိုင်ဘဲလျက် ကျန်ရစ်ခဲ့ခြင်း ဖြစ်၏။ ထိုကိစ္စကိုသိသော သမီးငယ်ကြာဖြူလင်းဝေက . . .

"ဖေဖေ . . . ဖေဖေ့သူငယ်ချင်းတွေအားလုံး ဘုန်းကြီးဝတ်ကုန်ကြပြီ။ ဖေဖေရော မဝတ်သေးဘူးလား"

ဟု မေးဖူး၏။ ကျွန်ုပ်က ခေါင်းကိုခါယမ်းပြမိခဲ့၏။

"ဘာဖြစ်လို့လဲ ဖေဖေရဲ့။ ဖေဖေအသက်ခြောက်ဆယ်ကျော်ပြီပဲ။ ဖေဖေ့မှာ ပူစရာပင်စရာလည်းမရှိ၊ လုပ်ကျွေးကိုင်ကျွေးဖို့ တာဝန်လည်းမရှိ၊ အေးအေးဆေးဆေး သာသနာ့ဘောင်ဝင်မယ်ဆိုရင် ဘယ်လောက်အေးချမ်းသွားမလဲ။ တကယ်လို့သာ ဖေဖေဘုန်းကြီးဝတ်ရင် သမီး ရဟန်းတကာလုပ်မယ်။ ကိုယ့်ကျောင်းနဲ့ကိုယ် သီတင်းသုံးမယ်ဆိုရင်လည်း သမီးကျောင်းတစ်ကျောင်း ဆောက်ပြီးလှူမယ်။ ဖေဖေ့သူငယ်ချင်းတွေရှိတဲ့ မော်ဘီက ဘုန်းကြီးကျောင်းဆောက်မယ်ဆိုရင် နေရာပါပေးမယ်လို့ ဦးဇင်း ဦးပညာတို့က ပြောတယ်"

ကျွန်ုပ် ခေါင်းခါယမ်းပြမှုကို မကျေနပ်သော သမီးငယ်က သူ့ဆန္ဒကို ရှည်ရှည်လျားလျား ရှင်းပြခဲ့၏။

"ဖေဖေ သမီးရဲ့စေတနာကို နားလည်ပါတယ်။ ဒါပေမယ့် ဖေဖေ သက်န်းနိုင်မှာ မဟုတ်ဘူး"

"ဘာကိုပြောတာလဲ ဖေဖေ"

"ဩော် . . . ရဟန်းဘောင်ကို ဝင်တယ်ဆိုတာ မလွယ်ဘူးကွယ့်။ သိက္ခာပုဒ် ၂၂၇ သွယ်ကို ထိန်းနိုင်ရတယ်။ အဲဒါတွေထိန်းဖို့ မလွယ်ကူး။ ပြီးတော့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ရပါလို၏လို့လည်း ဖေဖေက ဆုတောင်းတာမဟုတ်ဘူး။ ဖေဖေ့ဆုတောင်းက တစ်မျိုး၊ သမီးသိပါတယ်"

ဤသို့ဖြင့် လက်ဖက်ရည်ဆိုင် အတူထိုင်ရင်း ခင်မင်စကားဝိုင်းဖွဲ့ဖြစ်ခဲ့သည့် သူငယ်ချင်းများလည်း လက်ဖက်ရည်ဆိုင်မှသည် ကျောင်းသခ်မ်းသို့ ရောက်သွားကြ၏။ အသက်ခြောက်ဆယ်ကျော်လျှင် ရဟန်းဘောင်ဝင်ကြသည်မှာ လုပ်ရိုးထုံးစံလို ဖြစ်နေ၏။ ကျွန်ုပ်သည်ကား ပုံသေကားချ အယူဝါဒရှိသူမဟုတ်။ မပယ်သင့်၊ မပယ်ထိုက်သောရေးထုံးကိုသာ မပယ်သူဖြစ်ပြီး တွေးဆချင့်ချိန်ပြီး ပယ်သင့်သည်ကိုပယ်၊ ပြင်သင့်သည်ကိုပြင်တတ်သည့် လူစားမျိုး ဖြစ်ပါ၏။ အသက်ခြောက်ဆယ်ကျော် ဘဝနေဝင်ချိန်နီးလျှင် ဘုန်းကြီးဝတ်ကြသည်ဆိုသော အစဉ်အလာကိုမူ အတန်တန်စဉ်းစားခဲ့ပါ၏။

အမှန်တကယ် သာသနာကို ကြည်ညိုသဖြင့် ဝတ်ပါသလော၊ အမှန်တကယ် လူ့လောကကြီးကို စိတ်နာငြီးငွေ့ နိဗ္ဗာန်တွေ့လို၍ ဝတ်ပါသလော၊ ထိုအချက်များကို စဉ်းစား၏။ လူမှုတာဝန်ကို ထမ်းဆောင်ရမည်ကို မထမ်းဆောင်လိုတော့သဖြင့် သာမန်ရှောင်ပြေးရုံ အလုပ်မျိုးကိုတော့ မလုပ်လိုပေ။ သို့တည်းမဟုတ် လူရိုသေ၊ ရှင်ရိုသေခံလို၍ ခေါင်းရင်းခန်းတွင် မိန့်မိန့်ထိုင်လို၍ ဘုရားထူးခံလို၍ ဘုန်းကြီးဝတ်ခြင်းမျိုးကိုလည်း ဝါသနာမပါပေ။ (ကံငါးပါးလုံ၊ ဘုရားယုံလျှင် လူရိုသေခံရပြီးသား ဖြစ်ပါ၏။) ဘုန်းကြီးဝတ်မှ မဟုတ်ချေ။

သံဃာ့ဂုဏ်ကို ကြည်ညိုလွန်းသဖြင့် ၂၂၇ သွယ်သော သိက္ခာပုဒ်များကို လိုက်နာရန်မလွယ်သဖြင့် ရဟန်းမဝတ်လိုခြင်းသာ ဖြစ်ပါ၏။ ကိုယ်တိုင်က ရဟန်းမဝတ်ဖြစ်သေးသော်လည်း ရဟန်းသံဃာများကိုမူ လွန်စွာကြည်ညိုပါ၏။ ငယ်စဉ်ကတည်းက ဆွမ်းခံကိုယ်တော်များ ပင့်လှူ



www.burmeseclassic.com

www.burmeseclassic.com

လက်ခံပြီး နေ့စဉ် နိစ္စဘတ် ဝတ်ပြုခဲ့သူဖြစ်ပါ၏။ ဆွမ်းခံကိုယ်တော်များ(စာသင်သားများ) လိုအပ်ပါက ပရိယတ်စာပေကျမ်းစာအုပ်များကိုလည်း ဝယ်ယူကပ်လှူခဲ့ပါ၏။

ယခု အသက်ကြီးပိုင်း(ခြောက်ဆယ်ကျော်)ကာလသို့ ရောက်သောအခါ ရန်ကုန်မြို့ တိုက်ခန်း (၄)လွှာမှာ နေသူဖြစ်၍ သံဃာတစ်ပါးချင်း ထိုင်ဆွမ်းကို လောင်းလှူရန် အခြေအနေမပေးတော့ချေ။ နေ့စဉ် စီတန်းကြွရောက်လာသေ တန်းဆွမ်းကိုသာ လှူဒါန်းနိုင်သည့်အခြေအနေသို့ ရောက်လာခဲ့၏။ သံဃာတော်များ မိမိတို့တိုက်ခန်းသို့ မတက်ရောက်နိုင်သော အခြေအနေမှာ မိမိက အောက်သို့ ဆင်း၍ ဆွမ်းအုပ်တစ်အုပ်ဖြင့် လှူရ၏။ ဤကိစ္စသည် နိစ္စဓူဝ ကိစ္စဖြစ်၏။ မနက် ၈ နာရီခွဲတွင် တိုက်အောက်သို့ ဆင်း၍ "အမေ့အိမ်"လက်ဖက်ရည်ဆိုင်တွင် တန်းဆွမ်းကို ဆင်းစောင့်ရ၏။ သံဃာတော်များ ကြွလာမည့်အချိန်ကို စောင့်ရင်း ဘရိတ်ဖတ်စ်ဟုခေါ်သော မနက်စာကို စားသုံးရ၏။ သို့ဖြစ်၍ သက်ကြီးပိုင်းရောက်၍ လက်ဖက်ရည်ဆိုင်ထိုင်ရခြင်းအကြောင်းရင်းမှာ ဘာသာရေးကိစ္စ ပါဝင်လာ၏။ ဒါနကုသိုလ်ရေး ပါဝင်လာ၏။

ကုသိုလ်ယူရင်း သီတင်းသုံးဖော်မိတ်ဆွေများသည်လည်း ငါးဆယ်ကျော်၊ ခြောက်ဆယ် လူကြီးပိုင်းတွေများလာတော့၏။ ငယ်စဉ်က လက်ဖက်ရည်ဆိုင်ထိုင်ခြင်းသည် စာကိစ္စ၊ ကဗျာကိစ္စများ ဆွေးနွေးသည့်နေရာ ဖြစ်ခဲ့၏။ လူလတ်ပိုင်းတွင် လူမှုရေး၊ စီးပွားရေး ကိစ္စများအဓိကဖြစ်လာခဲ့ကာ သက်ကြီးပိုင်းသို့ ရောက်လာသောအခါ ကုသိုလ်အရင်းခံသည့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းကိစ္စများ ရွေ့လျားပြောင်းလဲလာခဲ့ရ၏။

သက်ကြီးပိုင်းရောက်မှ ရံဖန်ရံခါတွင် အစ်ကိုကြီးဦးအေးမြင့်၊ ဦးမြင့်သန်းတို့ကဲ့သို့ မိမိထက် အသက်ပိုကြီးသူများက လှမ်းချိန်းပြီး လက်ဖက်ရည်ဆိုင်ထိုင်ကြသည့်ရက်တချို့လည်း ရှိပါ၏။ ထိုဝိုင်းကား ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး လိုင်းစုံလာ၏။ အသိချင်းဖလှယ်သည့် လက်ဖက်ရည်စကားဝိုင်းလေးလည်း ဖြစ်ပါ၏။

လက်ဖက်ရည်ဝိုင်းဆိုသည်မှာ ယခုကာလမှမဟုတ်၊ ရှေးခေတ် ဘုရင်များ၊ နန်းတော်သူ၊ နန်းတော်သားတို့၏ လက်ဖက်ရည်ဝိုင်းများလည်း ရှိခဲ့ပါ၏။ သို့သော် ကျွန်ုပ်တို့ခေတ်ကဲ့သို့ ဆိုင်ကြီး၊ ကနားကြီးများတွင် ဝိုင်းကြသည့် လက်ဖက်ရည်ဝိုင်းမျိုးမဟုတ်။ ရှင်ဘုရင်က နန်းတွင်းမှာ လက်ဖက်ရည်ဆောင်မှာ ထိုင်သည်။ နန်းတွင်းသားများက သူ့အဆောင်နှင့်သူ ထိုင်ကြ၏။ ရှင်ဘုရင်၏ လက်ဖက်ရည်ဝိုင်းတွင် ကူညီပံ့ပိုးရသူများကို "လက်ဖက်ရည်တော်သား" ဟူ၍ပင် ခေါ်ကြ၏။

ရှင်ဘုရင်၏ လက်ဖက်ရည်ဝိုင်းတွင် သူနှင့်အရင်းနှီးဆုံး ပုဂ္ဂိုလ်များ၊ ယုံကြည်သူများနှင့်သာ ထိုင်ရင်း တိုင်းရေးပြည်ရေး၊ နန်းတွင်းရေးများကို ဆွေးနွေးလေ့ရှိသည့်နေရာဖြစ်၏။ လက်ဖက်ရည်ဝိုင်းသည် သက်သက်အချိန်ဖြုန်းသည့်နေရာတစ်ခုမျှသာ မဟုတ်။ လက်ဖက်ရည်ဝိုင်းမှ ကောင်းသောအကြံဉာဏ်များ ရတတ်၏။ ကောင်းသောအတွေးအခေါ်များလည်း ထွက်လာတတ်၏။ ကျွန်ုပ်အသက်နှစ်ဆယ်အရွယ်က ထိုင်ခဲ့ရသည့် ဆရာဦးနန္ဒစိုးတို့ သုဝဏ္ဏရှိ လက်ဖက်ရည်ဆိုင်အချို့သည် လွန်စွာအကျိုးရှိခဲ့သည့် ဆိုင်များဖြစ်ခဲ့ပါ၏။

ဆရာဦးနန္ဒစိုးသည် ကျွန်ုပ်အား ဘောဂဗေဒပညာရပ် သင်ကြားပေးသည့် ကျောင်းဆရာဖြစ်သည့်အပြင် အားရက်တိုင်း လက်ဖက်ရည်ဆိုင်သို့ ခေါ်၍ ဆုံးမစကားများ၊ သိသင့်သိထိုက်သည့် စာပေအကြောင်းအရာများကို ပြောဆိုပို့ချပေးသည့်အတွက် ကျွန်ုပ်အဖို့ လက်ဖက်ရည်ဆိုင်သည် ကျောင်းသခ်မ်းတစ်ခုလို ဖြစ်ခဲ့ရ၏။ သို့ဖြစ်ရာ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဓလေ့သည် အချိန်ဖြုန်းသည့်နေရာ၊ လူညံ့လူဖျင်းများ ထိုင်သည့်နေရာဓလေ့ဟူ၍ချည်းပြော၍ မရချေ။

လက်ဖက်ရည်ဆိုင် ပုံမှန်ထိုင်ပြီး ပညာရှင်ဖြစ်လာသူတွေ၊ ကဗျာဆရာဖြစ်လာသူတွေ၊ ရုပ်ရှင်သရုပ်ဆောင်ဖြစ်လာသူတွေ အများကြီးရှိပါ၏။ ပြောရမည်ဆိုလျှင် ကျွန်ုပ်၏ဖခင်ဘက်မှ လက်ဖက်ရည်တော်သား မျိုးရိုးမှ ဆင်းသက်လာခြင်း ဖြစ်ပါ၏။

## လက်ဖက်ဂမ္ဘီရ

လက်ဖက်နှင့် ပတ်သက်လျှင် လူတိုင်း အနည်းနှင့်အများ စားသုံးဖူးကြသည်လည်း ဖြစ်၏။ လက်ဖက်အစိုကိုမစားသည့်တိုင် လက်ဖက်ရည်ချိုကို လူအများစု သိကြ၊



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်ကြ၏။ အရှေ့တိုင်းသားရော၊ အနောက်တိုင်းသားများပါ လက်ဖက်ရည်သောက်ရမှန်း သိကြ၏။ အထူးသဖြင့် လက်ဖက်ကို အရှေ့တိုင်းသားအများစုက ပို၍နှစ်သက်ကြ၏။

အရှေ့တိုင်းသားများအတွက် လက်ဖက်သည် နေရာတကာ မပါမဖြစ် သုံးစွဲကြ၏။ သာရေးကော၊ နာရေးမှာပါ သုံးစွဲကြ၏။ အလှူမင်္ဂလာဆောင်တွင် လက်ဖက်သည် မပါမပြီး။ ကျွန်ုပ်ငယ်ငယ်က လူကြီးသူမတစ်ယောက်ကို မေးခွန်းထုတ်ဖူးခဲ့၏။

"အဘ···အလှူတွေမှာ ဟင်းတွေကလည်း အများကြီး။ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ငါး စသည်ဖြင့်ပေါ့ဗျာ။ ဟင်းတွေစုံတဲ့ကအပြင် ဘုန်းကြီးတွေအတွက် အချိုပွဲကပ်ကြတော့ သရက်သီး၊ နာနတ်သီး၊ ဒူးရင်းသီး၊ ကိတ်မုန့်၊ ထိုးမုန့် စသည်ဖြင့် စားပွဲဝိုင်းအပြည့် စုံတကာစေ့နေပေမယ့် လက်ဖက်တစ်ပွဲကတော့ မပါရင်မပြီးဘူး။ တခြားဟာမပါရင်နေ၊ လက်ဖက်တော့ပါအောင် စီမံကြတယ်ဗျ။ စားစရာတွေအများကြီးမှာ ခါးတားတား လက်ဖက်ကြီးကို လူတွေဘာလို့ စုံစုံမက်မက် စားနေကြတာလဲဗျ"

ထိုစဉ်က ငယ်ရွယ်သဖြင့် လက်ဖက်ကို ကြိုက်နှစ်သက်ရကောင်းမှန်း မသိသေးသဖြင့် မေးခဲ့ဖူးသော မေးခွန်းဖြစ်ပါ၏။ ထိုအခါ အသ[illegible]ှစ်ဆယ်ခန့်ရှိသော ထိုအဘက

"ဒါက ဒီလိုရှိ[illegible] သင်းရောင်တင်ရ။ အချိုပွဲတွေမှာ ဘယ်လောက်ပဲစုံစုံ၊ လက်ဖက်တစ်ပွဲ မထည့်လို့ကို မရဘူး။ ဘာလို့လဲဆိုတော့ လက်ဖက်ဟာ အစပတစ်လို ခေါ်တဲ့ အဆိပ်ဖြစ်တတ်၊ တောက်တတ်တဲ့အရာတွေကို ဖြေလျှော့ပေးတတ်လို့ပဲ။ ထမင်းစားတုန်းက ဟင်းမျိုးစုံအောင် စားထားတယ်၊ ပြီးတော့ အချိုပွဲမှာလည်း ချိုချို၊ ချဉ်ချဉ်၊ ဆိမ့်ဆိမ့်တွေ အမည်စုံအောင် စားထားတယ်။ မတည့်တာတွေလည်း ပါချင်ပါမယ်ပေါ့။ ဒီတော့ အားလုံး ဝအောင်လင်အောင် စားပြီးတဲ့ကအခါ လက်ဖက်ကို တစ်ဇွန်း နှစ်ဇွန်းလောက်တော့ စားပေးရမယ်။ ဒါမှ အဆိပ်အတောက်တွေ ပြေပြီး မအီမလည် မဖြစ်တော့ဘူးပေါ့"

"သြော်···ဒီလိုကိုး"

ကျွန်ုပ်သည်း ထိုနေ့မှစ၍ လက်ဖက်ကို စားရမှန်း သိလာ၏။ အသက်ကြီးလာလေလေ လက်ဖက်ကို ပို၍ စားသုံးမိလေလေ ဖြစ်လာခဲ့၏။ ယခုဆိုလျှင် အမြဲလိုလို လက်ဖက်လေး တစ်ဇွန်း-နှစ်ဇွန်းလောက် စားချင်စိတ်တွေ ပေါ်လာတတ်၏။ စားလည်းစားလေ့ရှိလာ၏။ နောင်သောအခါ တရုတ်ဆောင်းပါးရှင်တစ်ယောက်ရေးသော လက်ဖက်နှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရသောအခါ လက်ဖက်ကို ပို၍နားလည်လာ၏။

တရုတ်ဆောင်းပါးရှင်ရေးသည့် ဆောင်းပါးမှာ လက်ဖက်စိုမဟုတ်ဘဲ လက်ဖက်ခြောက်ဆောင်းပါးဖြစ်ပါ၏။ လက်ဖက်အချိုခြောက်၏ အာနိသင်ကို ညွှန်းဆိုသည့် ဆောင်းပါးဖြစ်ပါ၏။ သူ့ဆောင်းပါးထဲ၌···

**"လက်ဖက်ရည်တစ်ခွက်ကို နှပ်ပြီးချင်းချင်း လတ်လတ်ဆတ်ဆတ်သောက်ရတဲ့ အကျိုးအာနိသင်ဟာ ဘယ်အရာနဲ့မှ မတူပါဘူး။ ကမ္ဘာပေါ်မှာရှိရှိသမျှ ဗီတာမင်မျိုးစုံကို သောက်ချလိုက်ရသလိုပဲ အာဟာရ သိပ်ပြီးဖြစ်ပါတယ်။ ဒါပေမယ့် တစ်ညသိပ်ထားတဲ့ လက်ဖက်ရည်ကိုတော့ လုံးဝမသောက်ရဘူးဗျ။ ဘာလို့လဲဆိုတော့ အပြင်းဆုံးမြွေအဆိပ်ကို သောက်ချလိုက်သလိုပဲ ဘေးထွက်ဆိုးကျိုးတွေ အများကြီးဖြစ်လာတတ်တယ်။"**

ထိုစာပိုဒ်ကလေးအား ကျွန်ုပ်တစ်သက်လုံး မမေ့တော့ချေ။ သတိရတိုင်း မိတ်ဆွေသင်္ဂဟများအား ပြောဖြစ်၏။ သည့်အတွက် ယနေ့ခေတ် လူကြိုက်များနေသော နှပ်ဖျော်ဟုခေါ်ကြသည့် တစ်နေ့လုံး မီးဖိုပေါ်တင်၍ နှပ်ထားသည့် လက်ဖက်ရည်ချိုကို သောက်ရန်မသင့်ချေ။ နှပ်ဖျော်လက်ဖက်ရည်ကိုသောက်ပြီး သတိထားကြည့်သောအခါ ဆယ့်ငါးမိနစ်ခန့်အကြာတွင် နှလုံးများ တဒိတ်ဒိတ် လှုပ်ခုန်လာသည်ကို ခံစားရ၏။ အသက်အရွယ်ငယ်သူများအတွက် မသိသာလှသော်လည်း အသက်ခြောက်ဆယ်ကျော် လူအိုလူမင်းများအတွက်မူ သိသာလှ၏။

လက်ဖက်အစိုသည် ဖန်သော၊ ခါးသော အရသာများ၌ ချိုသော၊ ဆိမ့်သော အရသာ အနည်းငယ်ပါဝင်၏။ အေး၏ ချုပ်၏ တက်၏။ သွေးသလိပ်နှင့် သည်းခြေကို နိုင်၏။ လေကို ပျက်စေ၏။ လေသွားရာလမ်းတို့ကို ဖျက်ဆီး၏။ ကြေကျက်လွယ်၏။ နှုတ်ကို မြိန်စေ၏။ ဦးနှောက်ကို အားပေး၏။ ချွေးနှင့် ဆီးကို များစွာအားပေး၏။ ခေါင်းကိုက်ခြင်းကို ပျောက်ကင်းစေ၏။ အဆီဓာတ်ပွလောင်ခြင်းကို ငြိမ်းစေ၏။ လေကြောင့် ဝမ်းဗိုက်နာသောရောဂါ၊ အအေးမိ၍ နာစေးသောရောဂါ၊ အအေး



www.burmeseclassic.com

www.burmeseclassic.com

မကြေရောဂါ၊ အမျိုးသမီးများ သားဖွားရခက်ခဲသောရောဂါများကို ပျောက်စေ၏ဟူ၍ ဆေးကျမ်းများမှာ ဖတ်ဖူး၏။

အအေးမိပြီး နှာစေးသောရောဂါကို လက်ဖက်မြစ်နှင့် နွယ်ချို ဆတူရော၍ သောက်ရ၏။ အမျိုးသမီးများ မွေးဖွားရခက်လျှင် လက်ဖက်အမြစ်နှင့် အရွက်ကို ကုက္ကိုမ်နှင့် သင့်ရုံထည့် သောက်ရ၏။ လက်ဖက်ကို ဆားအနည်းငယ်ထည့်ပြီး စားကာ အိပ်ပျော်၏။ ကြက်သွန်ဖြူနှင့် တွဲစားက အစာကြေ၏။ သဘော်ရွက်နှင့်စားလျှင် လေကြေ၏။

အသက်ကြီးလာကြသောအခါ ကိုယ်သားကိုယ်ရေများ ယုတ်လျော့လာတတ်ကြ၏။ ဦးနှောက်လည်း အားနည်းလာ၏။ အဆီဓာတ်လည်း အားနည်းလာ၏။ လက်ဖက်သည် ထိုအန္တရာယ်များကို ကာကွယ်ပေးသည့်အတွက် လူကြီးများအဖို့ အသက်ရှည်ဆေးပင် ဖြစ်ပါ၏။ တန်ဖိုးမဖြတ်နိုင်သော ဆေးတစ်လက်ဟူ၍လည်း ဆိုနိုင်၏။ အသက်ကြီးသူများအဖို့ လက်ဖက်ကို နှမ်းဆီစစ်စစ်နှင့် စိမ်ထားကာ ထမင်းစားပြီးတိုင်း မန်ကျည်းစေ့နှစ်စေ့ခန့်စာကို လျှာပေါ်တင်ထားပြီး တဖြည်းဖြည်းမြုံပြီးမှ မျိုချရ၏။ အမြဲတမ်းစားပေးသင့်၏။

အစာမကြေခြင်း၊ ဝမ်းမီးပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပန်းနာမောဟိုက်နာ၊ အကြောသေ၊ သွေကျဲ့ဒရောဂါ၊ လေငန်းရောဂါ၊ အဆီခန်း၊ အသွေးခန်း၊ အသားခန်း၊ အရိုးခြောက်သောအနာများ၊ ခြေတုန်၊ လက်တုန်၊ အသံတုန်ခြင်းများအတွက် လက်ဖက်သည် ဆေးဖြစ်၏။ လွန်စွာ ဝသောသူများ မြေပဲဆန်ကဲ့သို့ ဆိမ့်သောအရာများနှင့် တွဲ၍မစားသင့်။ အဝလွန်သူများနှင့် လက်ဖက်မသင့်ချေ။

လက်ဖက်သည် လူစားရုံမျှသာမက နတ်ဒေဝတာများ၊ ဝိဇ္ဇာပုဂ္ဂိုလ်များကို ပူဇော်ပသရာတွင်လည်း အသုံးတည့်၏။ စီးပွားရေး၊ ကျန်းမာရေး ယတြာများတွင်လည်း လက်ဖက်ကို အသုံးပြုကြ၏။ လက်ဖက်သည် မြန်မာတို့ မရှိမဖြစ် အသုံးတည့်သည့် အရွက်ဆန်းတစ်မျိုးဖြစ်၏။ တစ်နည်းအားဖြင့် ဂမ္ဘီရသစ်ရွက်ဟူ၍ပင် တင်စားခေါ်ဆိုနိုင်၏။ အိမ်၌ စီးပွားရေးအဆင်မပြေသောအခါ လက်ဖက်ဖြင့် ယတြာချေ၍ရ၏။ စီးပွားတိုးရန် လက်ဖက်ကိုသုံးရ၏။

လင်ပန်းလေးတစ်ချပ်ပေါ်တွင် လက်ဖက်ကလေးကိုးပုံကို ပတ်ဝိုင်းပြီး ပုံပါ။ ထိုလက်ဖက်ပုံကလေးနားတွင် လိမ္မော်သီးကိုးစိတ်ကို လက်ဖက်ပုံနည်းအတိုင်း ပတ်ဝိုင်း၍ ပုံပါ။ ဖယောင်းကိုးတိုင် ပတ်ဝိုင်းပြီးထွန်းပါ။ အလယ်တွင် လိမ္မော်ရည်တစ်ပုလင်း၊ သို့မဟုတ် (လစ်ပို)တစ်ပုလင်းထည့်၍ ဘုရားရှင်အား မနက် ၉ နာရီမှာ ကပ်လှူပါ။ မိမိမွေးနေ့ ၉ နာရီဆိုပါက ပို၍ကောင်းပါ၏။

ဘုရားမှာ တစ်နာရီခန့်ထားပြီး စွန့်နိုင်ပါသည်။ စားသုံးနိုင်ပါသည်။ စီးပွားရေးတိုးတက်ရန် ,လေးလေးနက်နက် ဆုတောင်းပါ။ လင်ပန်း၊ လက်ဖက်၊ လိမ္မော်၊ လစ်ပို၊ ဖယောင်း စသည်တို့မှာ (၄+၅) (၅+၄) စသည့် နဝင်းကိုက်ပစ္စည်းများသာ ဖြစ်ပါ၏။ နဝင်းကိုဆောင် အောင်ဟူသည့် စကားအရ နဝင်းကိုက်သော လက်ဖက်ကို မပစ်ပယ်ကောင်းသည်က အမှန်ဖြစ်ပါ၏။

*ဗေဒါဝါဟုသဗ္ဗမင်္ဂလာ*

**လင်းရောင်တင်**


## ဆရာကြီးလင်းရောင်တင်

**နေ့လက္ခဏာဆယ လိုတရပေဟာသန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၃)လွှာ၊ လမ်းသစ်လမ်း၊**

**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**




www.burmeseclassic.com

www.burmeseclassic.com



## သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

**ဒေါက်တာစောယုနွယ်**



ယ်ဆိုဝေါ့…

သိဘဝမှ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို

ဘ၁၊ ၈ိမ်ိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင်

ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို

ာင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။

ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ

ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊

ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း

ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို

စ်ခန့်သာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာ

မှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း

ရှုတာလေးသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံ

မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ

ပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်

အမှတ်(၂၀၅/က)၊

ပိတောက်(၅)လမ်း၊

မြို့သစ်(ဂ)၊

ဘုရင့်နောင်ရိပ်သာ၊

အင်းစိန်မြို့နယ်၊ ရန်ကုန်၊

ဖုန်း-၀၁-၆၄၃၀၃၀



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ ကိုယ့်ကို မလေးစားတဲ့သူတွေတောင် ကြည်ညိုလေးစားလာမယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေ ဝင်လာမယ်။ ဆုံးပြီလို့ထင်တဲ့လူတွေဆီက ငွေပြန်ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိ၏ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ အလှူအတန်းကိစ္စများ မုချလုပ်ရမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်မယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ အထက်လူကြီးများ၊ မိသားစု အကြီးအကဲများကြောင့် စိတ်ညစ်ရမယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ၊ အဘိုးအဘွားများ ကျန်းမာရေး ညံ့တတ်တယ်။ တခြားနေရာ ပို့ထားပါ။ စာရွက်စာတမ်း၊ စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ သားသမီးနှင့် ပတ်သက်ပြီး အနည်းငယ် ပူပန်ရတတ်တယ်။ ရွှေထည်ပစ္စည်း ထွက်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစာမှား၊ ဆေးမှား ဖြစ်တတ်တယ်။ အကျိတ်အခဲနှင့် ပတ်သက်သော ဝေဒနာကို ခွဲစိတ်ကုသခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီး(၃)ညွန့် (ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကန္နက်ကဒါန်ထီးဖြူ(၅)လက်တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၅၊ ၂၃၊ ၃၂၊ ၃၄

### အထူးသတိပြုရန်

ယခုကာလအတွင်း အရက်ပုလင်း(သို့မဟုတ်)လွယ်အိတ်တစ်လုံး လက်ဆောင်ရပါက လက်မခံပါနှင့်။ ချက်ချင်းပြန်ထုတ်လိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နန်းကထိုင်မုန့်နှင့် ဆွမ်းတော်ကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားကကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ အာမခံ မလုပ်ပါနှင့်။ ရေတွင်း၊ ရေကန်ကိစ္စများ အောင်မြင်မယ်။ လုပ်ငန်းများအောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်၊ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အောက်လက်ငယ်သား ထွက်သွားခြင်း၊ ကျန်းမာရေးညံ့ခြင်း ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေဖြစ်နေမယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်လာမယ်။ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းပေးရတတ်တယ်။ မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက်မြင့်သူ၊ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန် ဖြစ်ပါတယ်။ ကျန်းမာရေးအနေဖြင့် သွားနှင့်ပတ်သက်သောဝေဒနာ၊ အကြောနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ကျောဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်း(၁၂)ညွှန့်၊ ကြက်လျှာအလံ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်၊ အိမ်ဆောက်၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ တနင်္ဂနွေသားသမီးရှိလျှင် အိမ်မှ ထွက်သွားတတ်သည်။

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်တဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ် (၅)ထုပ် လှူဒါန်းပေးပါ။

### ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၃၅၊ ၃၆

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ ဝေးရည်ရှည်လျားသောခရီးများ သွားရတတ်တယ်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပညာသစ်တစ်ခု သင်ရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက်မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန် ဖြစ်ပါတယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျို့ရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်၊ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအတွက် အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် စိတ်တိုင်းမကျခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျောက်ရောဂါရတတ်တယ်။ ကျောက်ကပ်ဝေဒနာ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၄၊ ၁၂၊ ၇၅၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘိုးတော်တစ်ပါး ကြွလာသောနိမိတ်တွေ့လျှင်လည်းကောင်း၊ စွယ်တော်ဓာတ်ပုံ ဖူးရလျှင်သော်လည်းကောင်း ထိပေါက်တတ်တယ်။ ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကောင်းတယ်ဆိုပေမယ့် အနည်းငယ် အတိုက်အခံများတတ်တယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများပြုလုပ်ရတတ်တယ်။ လုပ်သမျှ အဆင်မပြေတတ်ဘူး ဖြစ်နေမယ်။ ယခုကာလတွင် ဝါခေါင်လ၊ ကဆုန်လများ ပါဝင်နေရင်တော့ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရခြင်း၊ မိန်းမနှင့်ပတ်သက်၍ အမှုအခင်းဖြစ်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတဲ့ကာလဖြစ်တယ်။ လူတွေ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်း တွေ့ကြုံရတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ ငွေဒလဟောထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ တနင်္ဂနွေ၊ သောကြာအမည်ပါသော ဆွေမျိုးသားချင်းက မထင်မှတ်ဘဲ အကူအညီကောင်း ပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

ငါးကျည်းစူး စူးမိလျှင်လည်းကောင်း၊ ရေမြွေတွေ့လျှင်လည်းကောင်း သင်သည် စွပ်စွဲပြောဆိုခံရတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို ကြေးလင်ဗန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ညှိုးပေမယ့်လည်း လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ယခုကာလတွင် ငွေစုလို့ဆောင်းလို့ မရနိုင်သေးပါ။ ထွက်နေတဲ့ လက်ဝဲဘက်နာ ရွှေထည်ပစ္စည်းတွေ ပြန်ဝင်မယ်။ ကွဲကွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံရတတ်တယ်။ အိမ်မှာ သားပျို၊ သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေလည်း ဖြစ်ပေါ်လာတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့် အစာအိမ်နှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညှံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူ ကြွလာသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။

ယခုကာလတွင် မြောက်အရပ်သို့ ရေလမ်းခရီး မသွားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ကြည်နူးမှုများနဲ့ ခရီးသွားရမယ့် ကာလဖြစ်ပါတယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားလျှင် ယခုလအတွင်း သွားလိုက်ပါ။ အလုပ်နှင့် ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်းမျိုး ကြုံရတတ်တယ်။ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ ခရီးဝေးလည်း သွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဤကာလတွင် ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်တယ်။ အိမ်ထောင်ရှင်တွေအဖို့ အိမ်ထောင်ဘက်ရဲ့ ကောင်းသတင်းကြားရလို့ ဂုဏ်ယူရမယ့်အချိန် ဖြစ်ပါတယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ထိုငွေများ ရကာနီးတွင် ငွေကြေးအထစ်အငေါ့ ကြီးစွာဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်တွင် အဖုအပိန့်များ ထွက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြုပ်ရုပ်စုံ(၆)ခု တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၃၊ ၄၆၊ ၆၇၊ ၄၅

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် လက်မခံပါနှင့်။

မိမိအိမ်ကို ပေါင်နှံ၍ အလုပ်လုပ်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် သရက်သီး ဆွမ်းတော်ကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်နေရာထိုင်ခင်း ပြုပြင်မွမ်းမံရခြင်း၊ အဆောက်အဦအသစ် ဆောက်လုပ်ပြင်ဆင်ရခြင်း ကြုံရတတ်သည်။ လုပ်ငန်း(၂)ခု၊ နေရာဌာန(၂)ခု ပူးတွဲလုပ်ကိုင်ရတတ်သည်။ စက်ပစ္စည်းဟောင်း ဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက် ကြမ်းတတ်တယ်။ ဝင်လာသလောက် ပြန်ကုန်သွားတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားပြောရတတ်တယ်။ ခရီးကိစ္စ စီစဉ်ထားပါက အောင်မြင်စွာ သွားလာရတတ်တယ်။ သားသမီးရှိရင် သားသမီးအတွက် စိတ်ပူရတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား၊ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနဲ့ ဆက်သွယ်ရတဲ့ လုပ်ငန်းတွေ အဆင်မပြေ ဖြစ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စနှင့် ပတ်သက်ပြီး စကားများရတတ်ပါတယ်။ အိမ်မှာရှိနေတဲ့၊ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ လျှပ်စစ်ကြိုးတွေနှင့် ပတ်သက်တာတွေကိုလည်း ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူတွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ ကိုယ့်ကို အထင်လွဲခြင်းမျိုး ကြုံရတတ်တယ်။ ငွေနှင့်ပတ်သက်ပြီး ပူပန်ရမယ့်ကာလဖြစ်တယ်။ ရပ်ဝေးမြေခြားက အမျိုးသမီးတစ်ယောက်နှင့် ငွေကြေးကိစ္စ၊ ငွေလိမ်တာမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတဲ့ကာလဖြစ်တယ်။ စိတ်တွေက ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ပျောက်နေပြီဖြစ်တဲ့ ရောဂါဝေဒနာဟောင်း ပြန်ပေါ်တတ်တယ်။ ခွဲစိတ်ကုသတာမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်အဖြူ (၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၂၊ ၁၃၊ ၃၁၊ ၁၇

### အထူးသတိပြုရန်

အမျိုးသမီးများ ဝမ်းဗိုက်ခွဲစိတ်ခံရတတ်သည်။ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါင်း၌ ဆီဆမ်း၊ ဆားဖြူး၊ အုန်းသီးတစ်စိတ်ထည့်ပြီး သပ္ပါယ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အညံ့ထဲက စိတ်ပျော်စရာလေးတွေ တွေ့ရမယ့် ကာလ ဖြစ်ပါတယ်။ အလုပ်သစ်တစ်ခုကို စတင်လုပ်ရတတ်တယ်။ စပ်တူ လုပ်ငန်းတွေလည်း ပေါ်လာတတ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှု ရမယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေအဆင့်အတန်း မြင့်တက် ခြင်းများကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ငယ်ရွယ်သူများအဖို့ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာကောင်းရခြင်းများ ကြုံမယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ ရင်းနှီးသူများနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံမယ်၊ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ အမှုအခင်း ရုံးကိစ္စများနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ စနေသားသမီး၊ ဗုဒ္ဓဟူးသားသမီးများကြောင့် စိတ်အနှောင့်အယှက် ဖြစ်စရာမျိုး ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူး၊ နား ဒုက္ခပေးတတ်တယ်။ နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေး ညံ့တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ (၅)ညွှန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ စနေ

**ကံကောင်းသောနံပါတ်**

၁၂၊ ၁၃၊ ၃၁၊ ၃၃

**အထူးသတိပြုရန်**

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း စံပယ်ပန်းများကို ပန်းမွှေ့ယာခင်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၄-ခုနှစ်၊ အောက်တိုဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၁၀

## တနင်္ဂနွေသားသမီးများအတွက်

လက်ရှိနေရာမှ သည့်ထက်ကောင်းသည့်နေရာသို့ ပြောင်းရမည်။ ငွေရေးကြေးရေး အဆင်ပြေမည်။ အနုပညာလုပ်ငန်းတစ်ခု မမျှော်လင့်ဘဲ ဆောင်ရွက်ရတတ်သည်။ ပရဟိတဆန်သော အလုပ်များမှ ကိုယ့်အတွက် အကျိုးရှိမည်။ ဇနီးသားသမီးရှိပါက ၎င်းတို့နှင့် ပတ်သက်သော သတင်းကောင်းကြားရမည်။ တိုက်ခန်းတစ်ခန်းဝယ်ရန် ဈေးဆိုင်ထားပါက မိမိအလိုရှိသော ဈေးအတိုင်းရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းယိုပါသော ပေါင်မုန့် ဝယ်ကျွေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

စက်မှုလက်မှုနှင့် ပတ်သက်သော အလုပ်လုပ်သူဖြစ်ပါက ရေခြားမြေခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ရမည်။ ရေယာဉ် သို့မဟုတ် ရေကြောင်းနှင့် ပတ်သက်သည့် မျှော်လင့်ထားသော လစာခံစားရမည်။ ရွှေထည်ပစ္စည်းများ စုဆောင်းဖြစ်မည်။ မော်တော်ဆိုင်ကယ် ဝင်မည်။

**ယတြာ**

ရင်းနှီးသော မိတ်ဆွေတစ်ဦးကို စတိတ်ရှိုးလက်မှတ်တစ်စောင် လက်ဆောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ငွေတွေရနေပေမယ့် မမြဲတဲ့အချိန် ဖြစ်နေမယ်။ အလုပ်ကလည်း ရာထူးတိုးမလိုလိုနဲ့ တန့်နေတတ်တယ်။ မလိုသူတွေရှိတယ်။ ဒါပေမဲ့ မကြာခင် အောင်လံထူနိုင်တော့မှာပါ။ ကလေးပညာရေး အောင်မြင်မှုရမယ်။ ဇနီးသည်နှင့် ပတ်သက်ပြီး ငွေတွေဝင်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကြော်ဝယ်ကျွေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မော်တော်ကားနှင့် ပတ်သက်ပြီး ပြဿနာ ဖြေရှင်းရလိမ့်မယ်။ ခရီးသွားမည် ကြံထားသော်လည်း လေယာဉ်လက်မှတ် ဆုံးရှုံးမယ်။ ဆိုင်ခန်းတစ်ခန်း ပိုင်ဆိုင်မယ်၊ ထီပေါက်ကိန်းရှိတယ်။ ၃၊ ၂၊ ၄ ပါသော ထီထိုးပါ။

**ယတြာ**

မိတ်ဆွေများကို ပျော်ရည်များဝယ်ပြီး လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

အရောင်းအဝယ်တစ်ခုကို ဝင်ရောက်အာမခံမှုအတွက် ထိုက်သင့်တဲ့ ငွေကြေးရမယ်၊ တိုက်ခန်း ဝယ်ထားက မြတ်မယ်။ အိမ်ကို ငွေအများကြီး ပို့ဖြစ်မယ်။ မိဘရှိက ကျန်းမာရေး စိုးရိမ်ရတယ်။ သားသမီး ပညာရေးကောင်းတယ်။ စက်မှုနှင့် ပတ်သက်သော အလုပ်ဖြစ်ပါက ခြေလက်ထိခိုက်မှု ဖြစ်တတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘောပင်တစ်ချောင်း လက်ဆောင်ပေးလိုက်ပါ။

## သောကြာသားသမီးများအတွက်

ရှိရင်းစွဲအလုပ်ထက် အဆင့်မြင့်သော အလုပ်အကိုင် ရှာဖွေနေသူ ဖြစ်က မကြာမီ အဆင်ပြေတော့မယ်။ ငွေကြေးအဆင်ပြေနေပေမယ့် ဆွေမျိုးသားချင်းများအတွက် ငွေကြေးကုန်ကျမှု များနေလိမ့်မယ်။ ရင်းနှီးမြှုပ်နှံထားခြင်းများအတွက် တိုက်ခန်းများ ရှိပါက ဈေးအမြင့်ဆုံး ရနေချိန်ဖြစ်မယ်၊ သတင်းကောင်း ကြားရမယ်။

**ယတြာ**

ပဲပေါက်စိ(၃)လုံး မိတ်ဆွေတစ်ဦးကို လက်ဆောင်ပေးလိုက်ပါ။

## စနေသားသမီးများအတွက်

အလုပ်များ တိုးချဲ့ခြင်း မပြုလုပ်သင့်သောကာလဖြစ်တယ်။ ငွေရေးကြေးရေး အခက်အခဲ ဖြစ်နေလိမ့်မယ်။ စိတ်မပူပါနှင့်၊ မကြာခင် ပြေလည်တော့မယ်။ သားသမီးများကြောင့် ဂုဏ်သတင်းကျော်စောမယ်၊ နေအိမ်အသစ်ရှိပေမယ့် မပြောင်းနိုင် ဖြစ်နေမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဝက်သားပေါက်စိ(၃)လုံး လက်ဆောင်ပေးပါ။

## ရာဟုသားသမီးများအတွက်

နေအိမ်အသစ်၊ အလုပ်အသစ်များ မကြာခင်ရမည်၊ ဝင်ငွေကောင်းသော အလုပ်တစ်ခု တွဲဖက်လုပ်ရမည်။ အိမ်ခြံမြေလုပ်ငန်းဖြစ်မည်၊ လက်ရှိအလုပ်တွင် နာမည်ဂုဏ်သတင်း ကျော်စောမည်၊ ဇနီး၊ သားသမီးများအတွက် စိုးရိမ်ပူပန်မှု ဖြစ်ပေါ်မည်၊ မမျှော်လင့်ဘဲ ပြဿနာတစ်ခု ရင်ဆိုင်ရမည်။

**ယတြာ**

ထမင်းအကျန်ကို နို့ဆီနဲ့နယ်ပြီး လမ်းပေါ်ကခွေးကို ကျွေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၁၃၇၆ ခုနှစ် ဝါဆိုသင်္ကန်းကပ် အလှူပွဲများ

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့(သောကြာနေ့)တွင် ဇာတ်မင်းသား ဖိုးချစ်မှ မင်္ဂလာဒုံမြို့နယ်ရှိ သဘင်ခြံတွင် သံဃာတော်များကို ဝါဆိုသင်္ကန်း ကပ်လှူခဲ့ကြောင်း သတင်းရရှိသည်။

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့(သောကြာနေ့)တွင် ရုပ်ရှင်သရုပ်ဆောင် မိုးဟောကိုနှင့် သရုပ်ဆောင်များမှလည်း မှော်ဘီမြို့နယ်ရှိ အောင်ဇမ္ဗူတောရကျောင်းတွင် ဝါဆိုသင်္ကန်း ကပ်လှူခဲ့ကြောင်း သတင်းရရှိသည်။

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၂)ရက်၊ ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ကျွန်စစ်သားလမ်း၊ အမှတ်(၂)လမ်းမကြီးအနီးရှိ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၌ သံဃာတော်(၁၆၅)ပါး တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ဆရာမ ဒေါက်တာစောယုနွယ်နှင့် ခုနှစ်ရက်သားသမီးများ၏ စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲကို အမှတ်(၂၀၅-က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်ရှိ ဆရာမ ဒေါက်တာ စောယုနွယ်၏ နေအိမ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၁၉-၇-၂၀၁၄(စနေနေ့)တွင် ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ စုပေါင်းဝါဆို သင်္ကန်း ကပ်လှူပွဲကို စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကျောက်ဆည်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ကျောက်ဆည်အသင်း ဓမ္မာရုံဗိမာန်တော်ကြီး၌ စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ရန်ကုန်မြို့ အမှတ်(၄၁)၊ (၃)လွှာ၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ ကြောင်း သတင်းရရှိသည်။

၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အမှတ် (၆၂၈/၆၃၂) ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ အသင်းတိုက်ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းရှိ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် ရေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို သာကေတမြို့နယ်၊ (၇)ရပ်ကွက်ရှိ နေလကမ္ဘာသာသနာ့ဗိမာန်ကျောင်း၊ အာဒိကာရုံအနောက်တိုက်၊ ကျောင်း အမှတ်(၃၀)တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဗိုလ်တထောင်ဘုရားအနီးရှိ မွန်ပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၇-၇-၂၀၁၄(တနင်္ဂနွေနေ့)တွင် ဦးရာဇ်မြေ ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဦးဘကျော်လမ်းရှိ စတုဘုံမိတ္တ စာသင်တိုက်၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အင်ကြင်း



www.burmeseclassic.com

www.burmeseclassic.com

# ရဟန်းခံနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ





ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်ရှိ ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ကြီးတွင် ပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂိယ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးအား ဦးထိပ်ထား၍ ရဟန်းဒါယိကာမကြီး ဒေါ်ခင်သန်းမြင့်(သီရိသုဓမ္မသိင်္ဂီ)မှ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ခင်ပွန်းဖြစ်သူအား ရည်စူး၍ ဦးဖေဇော်ဝင်း (ရာပြည့်စာအုပ်တိုက်)နှင့် ဦးသန့်(လာဘ်မိုးရွာစာပေတိုက်)တို့အား ရဟန်းခံပေးခြင်း၊ သံဃာတော်(၁၁)ပါးအား သိမ်ဆင်းလောင်းလှူခြင်း၊ ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ကျောင်းရှိ သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် ကျွေးမွေးခြင်း အလှူတော်မင်္ဂလာကို ပါဠိကာရီကျောင်းတိုက်တွင် ၁၃၇၆ ခု၊ ဝါဆိုလဆန်း(၁၀)ရက် (၆-၇-၂၀၁၄)တနင်္ဂနွေနေ့ နံနက်တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဂမ္ဘီရဆရာမျိုး

www.burmeseclassic.com

www.burmeseclassic.com

## အသောက ပဓာနဆရာတော်ကြီး ဝတ်ထွက်ပွဲနှင့် ပညာဒါန



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗိုလ်ကုန်း (၁၈) ရပ်ကွက်ရှိ ဇေယျာသီရိ အသောကဓမ္မရိပ်သာနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ဦးစီးပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒ(အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)၏ နှစ်စဉ် ဝတ်ထွက်ပွဲကို ၁၃၇၆ ခု၊ နယုန်လကွယ်နေ့(၂၆-၆-၂၀၁၄)ကြာသပတေးနေ့တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အလှူတော်မင်္ဂလာကို သာသနာ့မိခင်ကြီး ဒေါ်ကျုတ်မိသားစု(ခရမ်းမြို့)မှ သူမ၏ မွေးနေ့အလှူတော်မင်္ဂလာအဖြစ် သိမ်ဆင်းလောင်းလှူ၊ ဆွမ်းကပ်ခြင်းများ ပြုလုပ်ပြီး ဆရာတော်နှင့် အလှူရှင်များ စုပေါင်းကာ တက္ကသိုလ် ဝင်တန်းအောင် ဂုဏ်ထူးရှင် ကလေးများအား ဆုချီးမြှင့်ခြင်းနှင့် ကျောင်းသူကျောင်းသားများအတွက် စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခြင်း(ပညာဒါန)များလည်း ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဆရာမျိုး

## ငွေလှုရတနာ အဘိဓမ္မာသင်တန်းသူ၊ သင်တန်းသားများ၏ (၁၁)ကြိမ်မြောက် ခန္ဓာကိုယ်လှူဒါန်းပွဲ၊ မျက်ကြည်လွှာ လှူဒါန်းပွဲ နှင့် စုပေါင်းသွေးလှူဒါန်းပွဲ

ငွေလှုရတနာ အဘိဓမ္မာသင်တန်းသူ၊ သင်တန်းသားများ၏ (၁၁)ကြိမ်မြောက် ခန္ဓာကိုယ်၊ မျက်ကြည်လွှာ၊ စုပေါင်းသွေးလှူဒါန်းပွဲကို (၆-၇-၂၀၁၄)စနေနေ့ နံနက်(၇)နာရီမှ (၁၂)နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ ရန်ကုန်-အင်းစိန် လမ်းမကြီးပေါ်ရှိ အင်းလျားရွာသစ်ကျောင်းတိုက်တွင် ဦးစီးပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တတိလောက၏ ဩဝါဒကို ခံယူပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးရှူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်(၁၁၀)ပြည့် မွေးနေ့ အထိမ်းအမှတ် ပူဇော်ပွဲ

ဆရာတော်ဘုရားကြီး၏ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၃)ရက်နေ့တွင် ကျရောက်သော သက်တော်(၁၁၀)ပြည့်နှစ် မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲကို ၁၄-၇-၂၀၁၄ ရက်နေ့ ညနေ(၅)နာရီအချိန်က ရွှေတိဂုံဘုရားကြီး ရင်ပြင်တော်ရှိ ရခိုင်တန်ဆောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မဟာစည်သြဝါဒါစရိယ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလနှင့် နာယကဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ မဟာဂန္ဓာရုံသင်တန်းကျောင်းမှ သံဃာတော်များ၊ မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့တို့မှ အမှုဆောင်ကော်မတီဝင်များ၊ ယောဂီများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ဂေဇက္ကသိုလ်စိုးသဉ္ဇ

## တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်းမိသားစု ပထမအကြိမ် ဝါတွင်းဆွမ်းလောင်းလှူပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်းမိသားစုမှ ဝါတွင်း(၃)လ ဆွမ်းလောင်းလှူပွဲကို ပထမအကြိမ်အဖြစ် ဝါဆိုလပြည့်(၁၁-၇-၂၀၁၄)မှ စတင်၍ အပတ်စဉ် သောကြာနေ့တိုင်း တာမွေမြို့နယ်နှင့် တာမွေမြို့နယ်အနီးရှိ ကျောင်းတိုက်(၂၂)ကျောင်းမှ သံဃာတော် အပါး(၅၀၀)ကျော်ကို နံနက်အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူဒါန်းကြကြောင်း သတင်းရရှိသည်။

စိုးဝင်းသွဲကျော်း(တာမွေ)

## စာရေးဆရာမ ရှင်နှောင်း ဇနီးမောင်နှံ၏ မင်္ဂလာနှစ်(၅၀)ပြည့် ရွှေရတုပွဲ ကျင်းပ

ဦးမောင်မောင်လှ(ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်ဦးစီးဌာန) နှင့် ဒေါ်ခင်ကြည်(စာရေးဆရာမ ရှင်နှောင်း)တို့၏ မင်္ဂလာနှစ်(၅၀)ပြည့် ရွှေရတုပွဲကို (၂၀-၇-၂၀၁၄)တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ အိမ်အမှတ်(၁၁၄)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်ရှိ နေအိမ်တွင် ကျင်းပပြုလုပ်ခဲ့ရာ မိတ်ဆွေစာရေးဆရာများ၊ အယ်ဒီတာများနှင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရှိရသည်။

သားငယ်

www.burmeseclassic.com

www.burmeseclassic.com

# ပခေါ်ဖီး



မိမိ၏ စည်းစိမ်ဥစ္စာ၊ နာမည်ဂုဏ်သတင်း ထိခိုက်မည့် ကိစ္စများနှင့် တွေ့ကြုံလာသည့်အခါ အမှန်အတိုင်း ပြောဆိုပံ့သူ ရှားပါးလှ၏။ လိမ်ညာ၍လည်း ပြောလိုသဖြင့် အမှန်အတိုင်း သက်သေမခံဘဲ ရှောင်လွှဲ ရှောင်တိမ်းနေမှုများကို ကြည့်ရှု၍ အမှန်ကို အမှန်အတိုင်း ထုတ်ဖော်ပြောကြားရန် မည်မျှခက်ခဲသည်ကို သိနိုင်ပေသည်။

ထိုထက်ပို၍ အသက်ဘေးနှင့် ရင်ဆိုင်ရသည့်အခါ အမှန်အတိုင်း ပြောဆိုပံ့သူ မရှိသလောက် ရှားပါးလှပေသည်။ ဘုရားအလောင်းတော်များသည် စည်းစိမ် အင်္ဂါ ခြေလက်၊ အသက်ဘေးရန်တို့နှင့် ကြုံနေရသော်လည်း အမှန်အတိုင်းသာလျှင် ပြောဆိုပြုမူခြင်းဖြင့် သစ္စာပါရမီကို ဖြည့်ကျင့်ကြသည်။

ထို့ကြောင့် ရှောင်ပြန်ပရိသတ်အပေါင်းလည်း ဘေးတစ်စုံတစ်ရာကြုံခြင်း။ လုပ်ကိုင်ရာတွင် ခက်ခဲခြင်းများ ကြုံခဲ့သော် မိမိကျင့်ကြံခဲ့သော၊ ဆောင်ရွက်ခဲ့သော ကိစ္စအဝဝကို အမှန်အတိုင်း ပြောဆိုသစ္စာဆိုပံ့ခဲ့သည်ရှိသော်...

ချစ်ဦးညို